# LIFT
# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၇



Livelihoods and Food Security Trust Fund

# LIFT

## နှစ်ပတ်လည် အစီရင်ခံစာ

၂၀၁၇

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေနွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊အီတလီ၊လူဇင်ဘတ်၊နယ်သာလန်၊နယူးဇီလန်၊ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ(LIFT)ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT ၏ ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်း ကိုလည်း ကျေးဇူးတင်ပါသည်။

## အသိပေးကြေညာချက်

ဤအစီရင်ခံစာကို ၂၀၁၇ ခုနှစ်အတွင်း LIFTက ရန်ပုံငွေ ပံ့ပိုးခဲ့သော စီမံချက်များမှ ရရှိသည့် အချက်အလက်များ အပေါ် အခြေခံပြီး ဩစတြေးလျ၊ဒိန်းမတ်၊ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စုနှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်း တို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသား ပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသား ဖော်ပြထားသော အမြင်များသည် LIFTတွင် ထည့်ဝင်လှူဒါန်းထားကြသည့် အလှူရှင်များ၏ တရားဝင် အမြင်များဟု မယူဆနိုင်ပါ။

ဤအစီရင်ခံစာတွင် ၂၀၁၇ခုနှစ်အတွင်း ပျမ်းမျှငွေလဲနှုန်းဖြစ်သည့် 1 USD ကို ၁၃၅၅ ကျပ်နှုန်းဖြင့် ဖော်ပြထားပါသည်။

ဓါတ်ပုံများကို LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ရိုက်ကူးထားပါသည်။

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
12(O) Pyi Thu Lane, 7 Mile, Mayangone Township, Yangon, Myanmar
Phone: +95 1 65 7280~87
Fax: +95 1 65 72 79
lift@unops.org | lift-fund.org | facebook.com/liftfund

ထုတ်ဝေပြီးသည့် နှစ်ပတ်လည်အစီရင်ခံစာများကို www.lift-fund.org/publications တွင် ရယူနိုင်ပါသည်။

# မာတိကာ

## အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း ၅

၁

## အနှစ်ချုပ် တင်ပြချက် ၈

၈ အနှစ်ချုပ် တင်ပြချက်
၁၃ လေ့လာဖော်ထုတ်ခဲ့သော သင်ခန်းစာများ

၂

## အကျိုးရလဒ်များ ၁၇

၁၇ အကျိုးရလဒ်များ
၁၇ LIFT ၏ ယုတ္တိဗေဒမူဘောင်
၁၇ LIFT ၏ အညွှန်း ရလဒ်နှင့် ပြီးစီးမှုများ
၃၅ LIFT ၏ ၂၀၁၇ ခုနှစ် ရလဒ်များ အကျဉ်းချုပ်
၃၇ လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု

၃

## နယ်မြေဒေသများ ၄၁

၄၂ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ
၅၂ အပူပိုင်းဇုန်
၆၀ ရခိုင်ဒေသ
၆၈ တောင်တန်းဒေသ

၄

## အကြောင်းအရာအလိုက် စီမံကိန်းများ ၈၁

၈၁ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍမိတ်ဖက်ပြုမှုများ
၈၉ လုံခြုံဘေးကင်းပြီး အကျိုးအမြတ်ရရှိနိုင်သော ရွှေ့ပြောင်းသွားလာရေး
၉၆ အရပ်ဘက်လူမှုအဖွဲ့အစည်း

၅

## အားလုံးနှင့် အကျုံးဝင်သော နယ်ပယ်များ ၁၀၃

၁၀၃ အာဟာရဆိုင်ရာ
၁၀၅ ကြံ့ကြံ့ခံနိုင်မှု
၁၀၇ လူမှုကာကွယ်စောင့်ရှောက်ရေး
၁၀၈ ကျား၊ မ ရေးရာ

၆

## မူဝါဒရေးရာနှင့် အစိုးရသို့ အထောက်အပံ့ ၁၁၅

၁၁၅ အာဟာရ
၁၁၇ စိုက်ပျိုးရေး
၁၂၀ မြေယာလုပ်ပိုင်ခွင့်
၁၂၂ စက်မှုအသွင်ပြောင်းမှု အစိုးရ ပုဂ္ဂလိက မိတ်ဖက်ပြုခြင်း
၁၂၂ ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဦးစီးဌာနသို့ နည်းပညာပံ့ပိုးမှု

၇

## ငွေကုန်ရကျိုးနပ်မှု ၁၂၅

၁၂၅ LIFT စီမံကိန်းများ နှင့် စီမံချက်များ သက်တမ်းတလျှောက်လုံး ငွေကုန်ရကျိုးနပ်မှု (VFM)
၁၂၇ VfM စံနှုန်း နှင့် မေထရစ်များ
၁၃၁ ၂၀၁၇ခုနှစ် အတွင်း VfM ရလဒ်များကို စီမံကိန်းများက အသုံးပြုမှု
၁၃၂ LIFT၏ VfM ကို ၂၀၁၈နှင့် နောက်ပိုင်းတွင် ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်း

၈

## ရန်ပုံငွေ စီမံခန့်ခွဲခြင်း ၁၃၅

၁၃၇ LIFT၏ ရန်ပုံငွေခွဲဝေမှု
၁၃၇ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ လုပ်ဆောင်မှု
၁၃၉ တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (MEAL)
၁၄၁ အသိပညာ စီမံခန့်ခွဲခြင်းနှင့် သင်ယူခြင်း
၁၄၃ ဆက်သွယ်ရေး

၉

## နောက်ဆက်တွဲများ ၁၄၆

၁၄၆ LIFT ဆောင်ရွက်ဆောင်ရွက်သော စီမံချက်များနှင့် နေရာဒေသများ
၁၄၈ LIFT၏ ယုတ္တိဗေဒမူဘောင်
၁၅၂ ၂၀၁၇ခုနှစ်အတွင်း ဆောင်ရွက်ဆဲ စီမံချက်များ
၁၅၆ စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ

၁၅၆ မြစ်ဝကျွန်းပေါ်ဒေသ
၁၆၀ အပူပိုင်းဇုန်
၁၆၃ ရခိုင်ဒေသ
၁၆၅ တောင်တန်းဒေသ
၁၆၉ ရွှေ့ပြောင်းသွားလာရေး
၁၇၁ မြေယာ
၁၇၂ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု
၁၇၅ ပုဂ္ဂလိကကဏ္ဍ

၁၇၇ LIFT၏ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု မိတ်ဖက်များ၏ ဆောင်ရွက်ပြီးစီးမှု
၁၇၉ ၂၀၁၇ ခုနှစ် မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများ
၁၈၈ ၂၀၁၇ ခုနှစ်တွင် တင်ပြခဲ့သော LIFT၏ လေ့လာမှုများ
၁၉၉ LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ

# အတိုကောက် အသုံးအနှုန်းများ

ADB
Asian Development Bank

ASEAN
Association of Southeast Asian Nations

CBO
Community-based Organisation

CSO
Civil Society Organisation

DAR
Department of Agricultural Research

DC
Donor Consortium

DoA
Department of Agriculture

DoF
Department of Fisheries

DRD
Department for Rural Development

DSW
Department of Social Welfare

FMO
Fund Management Office

FB
Fund Board

FDI
Foreign Direct Investment

FRD
Financial Regulatory Department

FSWG
Food Security Working Group

GRET
Group de Recherches et d’Echanges Technologiques

IDP
Internally Displaced Person

IFC
International Finance Corporation

HH
Households

INGO
International Non-Governmental Organisation

IP
Implementing Partner

LBVD
Livestock Breeding and Veterinary Department

LEARN
Leveraging Essential Nutrition Actions To Reduce Malnutrition project

MADB
Myanmar Agriculture Development Bank

MCCT
Maternal and Child Cash Transfer

MEAL
Monitoring and Evaluation for Accountability and Learning

MFI
Microfinance Institution

MMK
Myanmar Kyat

MoAI
Ministry of Agriculture and Irrigation

PGMF
Pact Global Microfinance

PoVAW
Prevention of Violence Against Women Law

QSEM
Qualitative Social and Economic Monitoring (report)

SPPRG
Social Policy & Poverty Research Group

SRI
System of Rice Intensification

UNOPS
United Nations Office for Project Services

VDC
Village Development Committee

VSLA
Village Savings and Loan Association

WASH
Water, Sanitation, and Hygiene

WHH
Welthungerhilfe

# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း

အလှူရှင်အများ စုပေါင်းထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Trust Fund – LIFT) က ၂၀၁၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် စီမံကိန်းများ ဆောင်ရွက်လျက်ရှိပါသည်။မြန်မာ နိုင်ငံရှိ နွမ်းပါးသူများနှင့် ကျေးလက်နေ ပြည်သူ တို့အား စီးပွားရေး အလားအလာ အပြည့်အဝ ရရှိလာစေရန်နှင့် ကြံ့ကြံ့ခံနိုင်မှု စွမ်းရည်များ ပိုမို အားကောင်းလာစေရန်အတွက် အာဟာရပြည့်ဝမှု တိုးတက်လာစေခြင်း၊ ဝင်ငွေရလမ်းအမျိုးမျိုး ဖန်တီး ပေးခြင်း နှင့် လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာ စေခြင်းတို့ဖြင့် ပံ့ပိုး ကူညီလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင်ကူးပြောင်းမှု တွင် အားလုံးပါဝင်စေရန်/ တစ်ဦးတစ်ယောက်မျှ ကျန်မနေခဲ့စေရန် LIFT က ဆောင်ရွက်ပါသည်။ ထို့သို့ဆောင်ရွက်ခြင်းဖြင့် စနစ်တကျ အသွင်ကူး ပြောင်းနေသည့် မြန်မာ့စီးပွားရေး ကြီးထွားလာမှု၊ ပြောင်းလဲမှု နှင့် အခွင့်အလမ်းများကို အနွမ်းပါးဆုံး ၊ အထိခိုက်လွယ်ဆုံးသူများ ကလည်း အကျိုးခံစားခွင့် ရရှိမည် ဖြစ်သည်။ ၎င်းအကျိုးခံစားခွင့်များ ဖြစ်ထွန်း စေရန်အတွက် LIFT သည် နိုင်ငံတွင်းရှိ အရောက်အပေါက် ခက်ခဲသည့် ဒေသများနှင့် ထိခိုက်လွယ်ဆုံးသောသူများကို ဦးတည်သည့် စီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်းဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနစ်များတွင် ဆောင်ရွက်ခဲ့သော LIFT၏ပံ့ပိုးမှုဖြင့်ဆောင်ရွက်ခဲ့သောသုတေသနများက မြန်မာ့စီးပွားရေးအသွင် ကူးပြောင်းနေကြောင်း ရှင်းလင်းသော အထောက်အထားများကိုဖော်ထုတ် ခဲ့သည်။[၁]ကျေးလက်ဒေသတွင် လုပ်အားခများ ကြီးမြင့်နေရာ တောင်သူများသည် စက်မှုလယ်ယာ အသွင်ပြောင်းကာ စပါးထက် ပိုမိုအမြတ်ရသော သီးနှံများကို စိုက်ပျိုးလာ ကြသည်။ ငါးမွေးမြူရေးသည် စပါးစိုက်ပျိုးသည်ထက် အမြတ်ပိုမို ရရှိသဖြင့် လျှင်မြန်စွာ တိုးပွားလာလျက်ရှိရာ အထူးသဖြင့် ပဲခူး နှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်သည်။ ငါးမွေးမြူရေး သည် စပါးစိုက်ပျိုးသည်ထက် တစ်ဧကချင်း တွင် အလုပ်သမားအင်အား လေးဆမျှ ပိုမို လိုအပ် သည့်အတွက် လုပ်အားခများ ပိုမို ကြီးမြင့် လာကာ ငါးစာနှင့် ငါးထုတ်လုပ်ရေး လုပ်ငန်းများ အတွက်လည်း ဝယ်လိုအား များလာသည်။ ပဲခူး နှင့် ဧရာဝတီတိုင်းတို့တွင် ပြုလုပ်ခဲ့သည့် သုတေသနအရ ၂၀၁၂ ခုနှစ် မှစ၍ ကျေးလက်ဒေသတွင် လယ်ယာပြင်ပ အလုပ်အကိုင်များ အလျင်အမြန် တိုးတက်လာကြောင်း တွေ့ရသည်။[၂] [၃]၂၀၁၇ ခုနစ်က အပူပိုင်းဇုန်တွင် ဆောင်ရွက်ခဲ့သော သုတေသနကလည်း ၂၀၁၁ ခုနစ်မှ စတင်ကာ လယ်ယာပြင်ပ လုပ်ငန်းများ လျှင်မြန်စွာ ကြီးထွားလာကြောင်း၊ လက်လီအရောင်း လုပ်ငန်းများသည်လည်း နစ်ဆကျော်မျှ ရှိလာ ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု နှင့် ထုတ်လုပ်မှုမှာလည်း သုံးဆတက်လာကြောင်း၊ အငှားဝန်ဆောင်မှု လုပ်ငန်းများမှာလည်း လေးဆ ကျော်ရှိလာကြောင်း ပြသနေသည်။ ပြန်လွှဲပို့ငွေ အပါအဝင် ဖြစ်သော လယ်ယာပြင်ပ ဝင်ငွေများသည် ထိုစီးပွားရေးလုပ်ငန်းများ အစပြုရန်အတွက် အရေးပါဆုံးသော အရင်းအနှီး များ ဖြစ်သည်။[၄]

LIFT သည် ဤသို့ပြောင်းလဲနေသော ပတ်ဝန်းကျင်တွင် အသိပညာသစ်များ၊ နည်းပညာသစ်များ၊ ငွေကြေး နှင့် ဈေးကွက် လက်လှမ်းမီမှုများကို ပေးအပ်လျက်ရှိသည်။ ထို့ပြင် ကျေးလက်နေ နွမ်းပါးသူများ၏ ဘဝကို တိုးတက်စေမည့် မူဝါဒများ ချမှတ်ရေးတွင် ကျောထောက် နောက်ခံပြုမည့် အထောက်အထားများ ကိုလည်း ဖော်ထုတ်ပေးလျက် ရှိသည်။

နိုင်ငံရှိ ကျေးလက်နေလူထု၏ ၂၆%ခန့် ဖြစ်သော လူဦးရေ ၉.၄သန်း ထံသို့ အမေရိကန်ဒေါ်လာ ၄၅၁ သန်း ရှိသော LIFT၏ အထောက်အပံ့များ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

LIFT သည် ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ စသည်တို့မှ လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့များဖြင့် စီမံချက်များကို အကောင် အထည်ဖော်လျက် ရှိသည်။ LIFTသည် မြန်မာနိုင်ငံ အစိုးရသို့လည်း နည်းပညာ အထောက်အပံ့နှင့် မူဝါဒဖော်ဆောင်မှု အပိုင်းများတွင် ပံ့ပိုးမှုများ ပေးအပ် လျက်ရှိသည်။

၂၀၁၇ခုနှစ်တွင် LIFTသည် ချင်းပြည်နယ်တွင် အာဟာရဆိုင်ရာ စီမံချက်လုပ်ငန်း အသစ်များကို စတင်ခဲ့ပါသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာသူများ ပိုမို ဘေးကင်းစေရန် ထောက်ပံ့ခဲ့ကာ ပိုမို လုပ်ကိုင်နိုင်စွမ်း ရှိစေခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်ဒေသ၊ ရခိုင်ဒေသ၊ တောင်တန်းဒေသတို့တွင် စီမံကိန်းများကို ဆောင်ရွက်နေပြီး ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း နှင့် သက်ဆိုင်သော အစီအစဉ်များလည်း တိုးပွားလာပြီး လူဦးရေ ၂.၁ သန်း ထံသို့ ငွေကြေးဝန်ဆောင်မှုများ ရောက်ရှိနေပြီ ဖြစ်သည်။ ဤစီမံကိန်းများနှင့်အတူ လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ ဆောင်ရွက်မှု များဖြင့် LIFT၏ ၂၀၁၄-၂၀၁၈ ခုနှစ် မဟာဗျူဟာကို လူပ်ရှားသက်ဝင်စေကာ ဦးတည်အကျိုးခံစားခွင့် ရှိသူအုပ်စုများက စီးပွားရေး တန်ဖိုးကွင်းဆက် များသို့"တက်လှမ်း"နိုင်စေရန်၊ ဝမ်းစာမဖူလုံသော လယ်ယာလုပ်ငန်းမှ ပို၍ ဝင်ငွေကောင်းသော စိုက်ပျိုးရေး နှင့် စိုက်ပျိုးရေးပြင်ပ လုပ်ငန်းများ ဆီသို့ "ထွက်ခွာ" နိုင်စေရန်၊ နောင်အခါတွင် "တက်လှမ်း" သို့မဟုတ် "ထွက်ခွာ" နိုင်ရေးအတွက် ကျွမ်းကျင်မှုများ ရရှိလာစေရန်၊ အာဟာရ ပြည့်ဝလာစေရန် "တောင့်ထား" နိုင်စေရန်အတွက် ပံ့ပိုး ကူညီနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင် ကျေးလက် နေ ပြည်သူများအတွက် အပြောင်းအလဲများ ကို ဖြစ်စေမည့် အချက်အလက်များ ရှိနေပါသည်။ ၂၀၁၇ ခုနှစ် တွင် LIFT၏ စီမံချက်နယ်မြေ လေးခုလုံးရှိ မြန်မာ့ ကျေးလက်နေ ပြည်သူများကို စက်မှုလယ်ယာ၊ အသေးစား ငွေရေးကြေးရေး၊ ရွှေ့ပြောင်းသွားလာရေး ကဏ္ဍများက သက်ရောက်မှု များစွာရှိခဲ့သည်။

၁။ မီချီဂန် ပြည်နယ်တက္ကသိုလ်၊ 'မြန်မာနိုင်ငံ၊ ဧရာဝတီမြစ်ဝဒေသ စက်မှုလယ်ယာဖြစ်စေရေး နှင့် အဆောက်အအုံ အသွင်ပြောင်းရေး'၊ ၂၀၁၆ စက်တင်ဘာ။

၂။ မီချီဂန် ပြည်နယ်တက္ကသိုလ်၊ ရိက္ခာဖူလုံရေး မူဝါဒ စီမံချက်၊ ၂၀၁၆။

၃။ ကမ္ဘာ့ဘဏ် နှင့် အင်လိုက်တင့် မြန်မာ သုတေသန ဖောင်ဒေးရှင်း၊ 'မြန်မာ့ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲ'၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ၊ ဆဋ္ဌမအကြိမ် အစီရင်ခံစာ'၊ ၂၀၁၇ ဧပြီ။

၄။ မီချီဂန် ပြည်နယ်တက္ကသိုလ်၊ 'မြန်မာနိုင်ငံ အပူပိုင်းဇုန်ကျေးလက် လယ်ယာပြင်ပ ဝင်ငွေ'၊ ၂၀၁၇ ဒီဇင်ဘာ။


LIFT ၏ ရွှေ့ပြောင်းသွားလာရေး စီမံကိန်းသည် မြန်မာနိုင်ငံရှိ ရွှေပြောင်းသွားလာရေးအတွက် ရန်ပုံငွေ ပံ့ပိုးမှုများတွင် အကြီးမားဆုံးသော ရန်ပုံငွေ ထောက်ပံ့မှု ဖြစ်သည်။မြို့ပြအလုပ်အကိုင်များက စိုက်ပျိုးရေးမှ 'ထွက်ခွာ'လိုသော ကျေးလက်နေ ပြည်သူများကို ဆွဲဆောင်လျက်ရှိနေသဖြင့်ကျေးလက် ဒေသများမှ ရွှေ့ပြောင်းလာမှုသည် ဆက်လက် တိုးပွားလာလျက်ရှိသည်။ LIFT၏ မိတ်ဖက်အဖွဲ့ များသည် ရွှေ့ပြောင်းသွားလာသူများ၊ ရွှေ့ပြောင်း သွားလာလိုသူများကို ကျွမ်းကျင်မှုများ၊ ငွေကြေး ဆိုင်ရာ အသိပညာများ ရရှိစေပြီး ယင်းတို့ အပါအဝင် မိသားစုများအတွက် အလုပ်အကိုင် နှင့် ငွေကြေး ရရှိမည့် အခွင့်အလမ်းများသို့ ဘေးကင်းစွာ 'ထွက်ခွာ' နိုင်အောင် ထောက်ပံ့ပါသည်။

ရွှေ့ပြောင်းသွားလာမှုသည် လူတိုင်းအတွက် 'ထွက်ခွာ'ရေး ဆိုင်ရာ အဖြေတစ်ခုတော့ မဟုတ်ပေ။ မိမိတို့ရွာတွင်ပင် နေထိုင်ကာ စိုက်ပျိုးရေး နှင့် လယ်ယာပြင်ပ စီးပွားရေး အခွင့်အလမ်းသစ်များကို ရယူရန် ဆုံးဖြတ်ထားသူများလည်း ရှိနေပေသည်။ ၂၀၁၇ ခုနှစ် တွင် LIFTသည် ကန်ဒေါ်လာ ၈၇ သန်းကို စိုက်ပျိုး-စီးပွား ငွေကြေး အစီအစဉ်တွင် ပံ့ပိုးအသုံးပြုခဲ့ရာ၊ ကန်ဒေါ်လာ ၁၀၆ သန်း တန်ဖိုး ရှိသော လယ်ယာသုံး စက်ကိရိယာများကို ကျေးလက် စီးပွားရေးသမားများက ဝယ်ယူကာ စက်ကိရိယာငှားရမ်းသည့် လုပ်ငန်းကို ထူထောင် လာနိုင်ကြသည်။ ၂၀၁၇ခုနှစ် နှစ်ကုန်တွင် LIFTသည် မြို့နယ်ပေါင်း ၂၁၆ မြို့နယ်တွင် စီမံကိန်းလုပ်ငန်း ဆောင်ရွက် နေသော ငွေကြေး အဖွဲ့အစည်း ၆၄ ခုကို ရန်ပုံငွေ ထောက်ပံ့ခဲ့ရာ ငွေကြေးဝန်ဆောင်မှု အသုံးပြုသူ ၂၃% တိုးတက်ခဲ့သည်။ ငွေကြေး ဝန်ဆောင်မှု အသုံးပြုသူ/ငွေချေးသူ အများစုက ယင်းချေးငွေများကို မွေးမြူရေး၊ သီးနှံစိုက်ပျိုးရေး၊ ငါးမွေးမြူရေး တို့တွင် အသုံးပြုခဲ့ကြသည်။ စိုက်ပျိုး ရေး ချေးငွေပေါင်း ကန်ဒေါ်လာ ၆၄၈သန်း ကို ထုတ်ချေးခဲ့ရာ ၂၀၁၆ခုနှစ်ထက် ၅၀% တိုးလာခဲ့သည်။ လုပ်ကွက်ငယ် တောင်သူများ အထွက်တိုးကာ 'တက်လှမ်း' နိုင်ရန်၊ အခြားသူများ ကိုလည်း လယ်ယာပြင်ပ အလုပ်များဖြင့် ဝင်ငွေရရှိကာ 'ထွက်ခွာ'နိုင်စေရန် စက်မှုလယ်ယာ နှင့် ချေးငွေတို့က အထောက်အကူပေးပါသည်။

၂၀၁၇ ခုနှစ်တွင် LIFTသည် စီမံချက်နယ်မြေ လေးခုလုံးရှိ မြန်မာ့စီးပွားရေး အသွင်ပြောင်းလဲမှုတွင် ပါဝင်နေသော ကျေးလက်နေ ပြည်သူများကို ထောက်ပံ့ပေးသည့် အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျား/မ ရေးရာ နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ကလေး ဘဝ၏ ဘဝအစ ပထမရက် ၁၀၀၀ အတွင်း မိခင်ရော ကလေးပါ အာဟာရပြည့်ဝရေးအတွက် အာဟာရဆိုင်ရာ အသိပညာများပေးကာ ငွေကြေး ထောက်ပံ့သော အာဟာရဆိုင်ရာ စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် တိုးချဲ့ခဲ့ရာ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသတို့မှ ရပ်ရွာလူထုများထံသို့ ပံ့ပိုးမှုရောက်ရှိခဲ့သည်။ ချင်းပြည်နယ်တွင်လည်း တစ်ပြည်နယ် လုံးကို လွှမ်းခြုံသည့် အာဟာရ စီမံချက်ကို LIFT၏ အထောက်အပံ့ဖြင့် အစိုးရက အကောင်အထည်ဖော်လျက်ရှိသည်။ မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးမှု စီမံချက်များမှ ပံ့ပိုးမှု ရရှိသူ အမျိုးသမီးဦးရေမှာ ၂၀၁၇ ခုနှစ်တွင် ၂၀၁၆ခုနှစ်ထက် ၇၁% တိုးတက်လာသည်။ အာဟာရဆိုင်ရာ အစီအစဉ်များ သည် လူထုကို 'တောင့်ထား' (ကြံ့ကြံ့ခံနိုင်ရန်)၊ မျိုးဆက်သစ်များအား (အခွင့်အလမ်းပိုများသည့် အခြေအနေသို့) 'ထွက်ခွာ' နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ရာတွင် အထောက်အပံ့ ဖြစ်စေပါသည်။

LIFT ကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ဆွီဒင်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စု တို့ မှ ပံ့ပိုးထားပြီး မစ်ဆူဘီရှိ ကော်ပိုရေးရှင်းသည် ပုဂ္ဂလိကကဏ္ဍမှ အလှူရှင် အဖြစ် ပါဝင်ပါသည်။ အကူအညီ ထိရောက်မှု ရှိစေရေးအတွက် ရန်ပုံငွေ များကို စုပေါင်းကာ အသုံးပြုခဲ့သည်။ UNOPS ၏ စီမံခန့်ခွဲမှုအောက်တွင် ရန်ပုံငွေ၏ လုပ်ပိုင်ခွင့် သက်တမ်းအား တိုးချဲ့ခဲ့ပြီး လုပ်ငန်းများကိုလည်း အနည်းဆုံးအနေဖြင့် ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ ဆက်လက် ဆောင်ရွက်ရန် မျှော်မှန်းထားသည်။

## ၂၀၁၀-၂၀၁၇ အတွင်း LIFT ၏ ပံ့ပိုးမှုများရရှိခဲ့သော မိသားစုများ



၁

# အနှစ်ချုပ်တင်ပြချက်

၁။ ၂၀၁၇ ခုနှစ်သည် LIFTက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် ၈ နှစ်မြောက်ဖြစ်သည့် အပြင် LIFT ၏ စီမံကိန်း ပံ့ပိုးမှုများ ရောက်ရှိခဲ့သည့် လူဦးရေလည်း ပိုမိုများပြားလာသည်။

၂၀၁၇ခုနှစ်တွင်LIFTသည် နိုင်ငံအဝန်းရှိ မြို့နယ် အားလုံး၏ ၇၄%ဖြစ်သော ၂၄၆မြို့နယ်တွင် စီမံချက် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်ကုန်တွင် မြန်မာ့ကျေးလက်နေ လူဦးရေ၏ ၂၆ရာခိုင်နှုန်းခန့် ဖြစ်သော လူပေါင်း ၉.၄ သန်းသို့ LIFT၏ ပံ့ပိုးမှုများ ရောက်ရှိခဲ့ရာ ယခင်နှစ်ကထက် ၂၂ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ဤတိုးတက်မှု၏ အဓိက မောင်းနှင်အားမှာ မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ဈေးကွက် အရှိန်အဟုန်ဖြင့် စတင် နိုင်ရန် LIFT ၏ ပံ့ပိုးမှုများ ဖော်ဆောင်လိုက်သဖြင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများနှင့် ပိုမို လက်လှမ်းမီလာခြင်းပင် ဖြစ်သည်။

၂။ LIFTသည် ရလဒ်ကောင်းများကို ဆက်လက် ပေးနေဆဲ ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ရရှိထားသည့် ကိန်းဂဏန်းများအရ အကျိုးအညွှန်း ၃၄ခုတို့အနက် ၃၀ခု သို့ ၈၈ ရာခိုင်နှုန်း မှာ ရည်မှန်းချက်များကို ပြည့်မီရုံ မက ကျော်လွန် ခဲ့သည်။ ယင်းတို့တွင် အိမ်ထောင်စု ဝင်ငွေကောင်းမှု၊ ဝင်ငွေရလမ်း များပြားမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အစာအာဟာရ စုံလင်မှု၊ ရိက္ခာရရှိမှု၊ ပုညှက်မှုတို့ ပါဝင်သည်။ LIFT၏ ပံ့ပိုးမှု သက်တမ်းတလျှောက်တွင် လူပေါင်း ၃.၅ သန်းခန့် ရှိသည့် အိမ်ထောင်စုများတွင် ဝင်ငွေ တိုးလာပြီး၊ လူဦးရေ ၃.၃ သန်းခန့်ရှိကြသည့် အိမ်ထောင်စုများတွင် ပိုင်ဆိုင်မှု အသုံးအဆောင်များ တိုးလာသည်။ လူဦးရေ ၃.၇ သန်း သည် ကြံ့ကြံ့ခံနိုင်မှု ပိုမို အားကောင်းလာကြသည်။ အိမ်ထောင်စုပေါင်း ၄၃၂,၀၀၀ ခန့်သည် အာဟာရပိုမိုပြည့်ဝသည့် အစားအစာများကို စားသုံးနိုင်လာသည်။ တစ်ခု မှတ်သားရန်ရှိသည်မှာ ဝင်ငွေရလမ်းများပြားမှု နှင့် ပုညှက်မှုနှုန်းများမှာ လတ်တလော တွေ့ရှိချက်များသာ ဖြစ်ပြီး အချက်အလက်အရင်းမြစ်များဖြင့် ဆက်လက် အတည်ပြုလျက်ရှိသည်။

၃။ ၂၀၁၇ ခုနှစ်တွင် LIFTက စီမံခန့်ခွဲသည့် စီမံချက်များမှာ ပိုမိုများပြားလာသည်။

၂၀၁၇ ခုနှစ်ကုန်တွင် LIFT ၌ ဆောင်ရွက်ဆဲ စီမံချက် ၇၅ ခု ရှိသည်။ LIFT ရန်ပုံငွေ စတင်ချိန် ကတည်းက ဆိုလျှင် ၎င်းအရေအတွက်မှာ အများဆုံး ဖြစ်သည်။ ၂၀၁၇ခုနှစ်အတွင်းတွင် ရန်ပုံငွေ ထောက်ပံ့မှု အသစ် ၁၄ခုကိုလည်း လက်မှတ် ရေးထိုးခဲ့သည်။ အစိုးရသည်လည်းLIFT၏စီမံချက် အကောင်ထည်ဖော်သည့် လုပ်ဖော်ကိုင်ဖက် ဖြစ်လာရာ LIFTမှ ပံ့ပိုးသည့် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွား လာသော ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ ပေးရေး အစီအစဉ်/ မိခင်နှင့်ကလေးများအား ငွေကြေး ပံ့ပိုးခြင်း (maternal and child cash transfer - MCCT) အစီအစဉ်တွင် ဖြစ်သည်။ ယင်းအစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လူမှုဝန်ထမ်း ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

၄။ LIFT ၏ ဒေသအလိုက် အစီအစဉ်များသည် သက်ဆိုင်ရာ အခြေအနေ နှင့် လိုက်လျောညီထွေ ဖြစ်အောင် စီမံထားသော်လည်း၊ နွမ်းပါးသော ကျေးလက်အိမ်ထောင်စုများ "တက်လှမ်း"ရန် အတွက် စီးပွားရေး စွမ်းရည်များဖြင့် ကူညီရန်၊ အခြားသူများကိုလည်း လယ်ယာလုပ်ငန်းမှပို၍ ဝင်ငွေကောင်းသော အသက်မွေးမှုများသို့"ထွက်ခွာ" နိုင်စေရန်၊ အာဟာရ ပြည့်ဝမှု ရိက္ခာ ဖူလုံမှုဖြင့် "တောင့်ထား" နိုင်စေရန် ကူညီမည့် LIFT ၏ ရည်မှန်းချက် ပန်းတိုင်၊ LIFT၏ မဟာဗျူဟာ နှင့်ပါ ခိုင်မြဲစွာ ချိတ်ဆက်ထားသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံတွင် ဆန်စပါးကို အဓိကထုတ်လုပ်သည့်ဒေသ ဖြစ်ကာ လယ်မြေ အရွယ်အစား များမှာ သေးငယ်သည်။ လုပ်ကွက်ငယ် တောင်သူများအား ဆန်စပါးတန်ဖိုးမြှင့် ကွင်းဆက်တွင် နေရာခိုင်မြဲစေရန်၊ ပုဂ္ဂလိက ဆန်စက်ပိုင်ရှင်များ၊ သွင်းအားစု ရောင်းချသူများ၊ ကုန်သည်များ နှင့် ချိတ်ဆက်မိစေရန်၊ မျိုးကောင်း မျိုးသန့် မျိုးစပါးများ ပိုမိုရရှိရန် တို့ကို LIFTက ဆောင်ရွက်လျက်ရှိသည်။ ယင်းဆောင်ရွက်မှုများသည် ကုန်ထွက်တိုးစေပြီး၊ မြစ်ဝကျွန်းပေါ်ဒေသမှ လုပ်ကွက်ငယ် တောင်သူများကို စီးပွားဖြစ်နိုင်စွမ်း များဖြင့် 'တက်လှမ်း' နိုင်စေရန် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ အပူပိုင်းဇုန်သည်လည်း စိုက်ပျိုးရေးတွင် အရေးပါသည်။ မြန်မာနိုင်ငံ၏ အဓိကပဲသီးနှံ နှစ်မျိုး၏ ၉၈%ကို ထုတ်လုပ်သည်။ အပူပိုင်းဇုန်မှ တောင်သူများအား လယ်ယာအထွက်တိုးခြင်း ဖြင့်'တက်လှမ်း' နိုင်ရန် အတွက် မြေဆီလွှာ စီမံ ခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်နှင့် သီးနှံအမည်စုံ စိုက်ပျိုးရန် LIFTက ပံပိုးပေးလျက်ရှိသည်။ တောင်သူများ နှင့် ပိုမိုထိတွေ့ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကဏ္ဍကို လှုံ့ဆော်ပေးခဲ့သည်။ သွင်းအားစု များနှင့် ဝန်ဆောင်မှုများကို တောင်သူများ ပိုမို လက်လှမ်းမီစေရန်လည်း ဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေး အသွင်ကူးပြောင်းမှုတွင် အတတ်နိုင်ဆုံး အနေဖြင့် အားလုံးပါဝင်စေရန် အပြင်၊ ထိခိုက် လွယ်ဆုံးသော အိမ်ထောင်စုများ 'တောင့်ထား' နိုင်စေရန် နှင့် နောက်ကျ မကျန်ခဲ့စေရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။ LIFTက ပံ့ပိုးသည့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ရွေ့ပြေး စီမံချက်နှင့် လူမှု ကာကွယ် စောင့်ရှောက်ရေး ကော်မတီ များ၊ အစိုးရ ဝန်ထမ်းများနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် ၂၀၁၇ ခုနှစ်တွင် သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့မှု အစီအစဉ်ကို နိုင်ငံတော်အဆင့် စတင် နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် LIFT သည် မသန်စွမ်းသူများကို နှစ်လတစ်ကြိမ် စတင် ထောက်ပံ့ခဲ့သည်။ မြန်မာ နိုင်ငံတွင် ဖွံ့ဖြိုးမှု အနည်းဆုံး ဒေသများတွင် ပါဝင်သည့် ရခိုင်ဒေသ တွင် အာဟာရ ကောင်းမွန်မှု၊ ရိက္ခာဖူလုံမှု၊ ရာသီဥတုကို ကြံ့ကြံ့ခံနိုင်သည့် စိုက်ပျိုးရေး လုပ်ငန်း များသည် LIFT ၏ ဦးစားပေးကဏ္ဍအဖြစ် ရှိနေဆဲ ဖြစ်သည်။ ဤလုပ်ငန်းများကို ၂၀၁၇ခုနှစ်တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ် အတွင်း LIFT ၏ စီမံချက်လုပ်ငန်း အသစ်မှာ မြန်မာနိုင်ငံ နှင့် ရခိုင်ဒေသအတွင်းရှိ စီးပွားရေး ပိုမိုကောင်းမွန်သည့် နေရာများသို့ 'ထွက်ခွာ' နိုင်စေမည့် နည်းပညာနှင့် အသက်မွေးမှု သင်တန်းများကို ဦးစားပေး ဆောင်ရွက်ခြင်းပင် ဖြစ်သည်။တောင်တန်း ဒေသ၏ နောက်ခံအခြေအနေသည် များပြားသည့် အပြင် ပဋိပက္ခ ဖြစ်ပွားခဲ့သော ဖြစ်ပွားဆဲဖြစ်သော နယ်မြေများလည်း ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင်

နိုင်ငံ၏ အရှေ့တောင်ဘက်တွင် လုပ်ငန်းတိုးချဲ့ကာ မဟာဗျူဟာများ ရေးဆွဲရန်နှင့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာနေထိုင်သူများအတွက် အသက်မွေးမှု အခွင့်အလမ်းများ ဖန်တီး ဖော်ဆောင်ရန် အတွက် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ အပါအဝင် ပတ်သက်ဆက်နွှယ်သူများ နှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့သည်။ အခြား တောင်တန်းဒေသ နယ်မြေ များတွင် အာဟာရ၊ အာဟာရဖောင်းပေးသည့် စိုက်ပျိုးရေး နှင့် ၂၀၁၆ခုနှစ် တွင် စတင်ခဲ့သော တန်ဖိုးမြှင့် ကွင်းဆက်လုပ်ဆောင်မှုများသည် ကောင်းစွာ တိုးတက် ဖြစ်ထွန်းလျက်ရှိသည်။

၅။လူပေါင်း ၇၀၀,၀၀၀ ပြောင်းရွှေ့မှုကို ဖြစ်စေခဲ့သော ပဋိပက္ခ နောက်ပိုင်းတွင် LIFT သည် မိမိ၏ ရခိုင်ဒေသ အစီအစဉ် ရေးဆွဲရေးနည်းကို ပြန်လည်ချိန်ဆခဲ့သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်အစိုးရက လုပ်ပိုင်ခွင့်ပေးထားသည့် ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ် အကြံပေးအဖွဲ့ ကော်မရှင်၏ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုစီရင်ခံစာတွင် ပဋိပက္ခ တားဆီးရေး၊ လူသားချင်း စာနာမှု အထောက်အကူပေးရေး၊ ရင်ကြားစေ့ရေး၊ အဖွဲ့အစည်း တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေး ဆိုင်ရာ အကြံပြုချက်များ ပါရှိသည်။ ဤအစီရင်ခံစာကို အစိုးရက လက်ခံခဲ့သည်။ သို့သော် ရခိုင်ဒေသ မှ မွတ်စလင်မ် ၇၀၀,၀၀၀၊ ဗုဒ္ဓဘာသာဝင် နှင့် အခြားလူမျိုးစုဝင် ၂၇,၀၀၀တို့ ပြောင်းရွှေ့ခဲ့ရသော ပဋိပက္ခများ ထပ်မံဖြစ်ပွားလာမှုနှင့် တိုက်ဆိုင်ခဲ့သည်။ ရခိုင်ပြည်နယ် အလယ်ပိုင်း နှင့် တောင်ပိုင်းမှ မိတ်ဖက်အဖွဲ့များက စီမံချက်လုပ်ငန်း များကို ခေတ္တမျှသာ ရပ်တန့်ခဲ့ရပြီး ပြန်လည် လုပ်ဆောင်နိုင်ခဲ့သော်လည်း မြောက်ပိုင်းမှ LIFT စီမံချက်များမှာ ရပ်ဆိုင်းသွားခဲ့သည်။ LIFTနှင့် ရန်ပုံငွေ ဘုတ်အဖွဲ့ တို့နှင့်အတူ မိတ်ဖက်အဖွဲ့များသည် ရခိုင်ပြည်နယ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို လမ်းညွှန်မည့် မူဝါဒများကို ပြုစုရန် အခြေအနေကို နီးကပ်စွာ စောင့်ကြည့် လေ့လာခဲ့ကြသည်။ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ် အကြံပေးအဖွဲ့ ကော်မရှင်၏ အစီရင်ခံစာနှင့် အညီ စိတ်ချရသော အသက်မွေးမှု နှင့် အာဟာရကို ဦးတည်သည့် 'ရခိုင်ပြည်နယ်ရှိ လူအားလုံး၏ လူသားချင်း စာနာမှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအင်များကို မှျှ ဖြစ်ပေါ်စေမည့်၊ ရေရှည်တည်ငြိမ်ရေး၊ အပြန်အလှန် မှီခိုရေး၊ သာယာဝပြောရေး၊ ကြီးပွားရေးကို ဖြစ်စေမည့် ပေါင်းစပ်ညှိနှိုင်းသည့် နည်းဖြင့် ဆောင်ရွက်မည့် စီမံချက်များ' အတွက် ဒေါ်လာ ၁၀သန်း ချမှတ်ပေးအပ်မည့် အဆိုပြုလွှာများကို ဖိတ်ခေါ်ခဲ့သည်။ ပဋိပက္ခများကြောင့် ထိခိုက်မှုနည်းခဲ့သည့် နေရာများမှ စီမံချက်များမှာမူ ရလဒ်ကောင်းများ ဆက်လက်ပေးနေဆဲဖြစ်သည်။ ၂၀၁၇ခုနှစ်အတွင်း ရပ်ရွာလူထုကို အလုပ်နှင့်ငွေ ဖလှယ်သော အစီအစဉ်ဖြင့် ပံ့ပိုးပေးခဲ့ကာ တည်ဆောက်ခဲ့သော ကီလိုမီတာ ၂၆၀ ရှည်လျားသည့် တာတမံများမှ တဝက်ကျော်သည် စပါးစိုက်ဧက ၃၃,၀၀၀ ကို ဆားငန်ရေမဝင်အောင် ကာကွယ်ပေးနိုင်ခဲ့သည်။ ၂၀၁၇ခုနှစ် နှစ်ကုန်တွင် ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်မ် လူငယ် ၁၆၀၀ ကျော်သည် လူမှုဘဝ နေထိုင်မှုနှင့်ဆိုင်သော သင်တန်းများကို တက်ရောက် အောင်မြင်ခဲ့ကြသည်။ ၂၀၁၇ခုနှစ်တွင် ကျေးလက် ငွေစုငွေချေးအသင်း ၇၈ဖွဲ့သည် ငွေကြေးစီမံခန့်ခွဲမှု နှင့် အသေးစားချေးငွေများကို ပေးအပ်နိုင်ခဲ့ကြသည်။ ကန်ဒေါ်လာ ၁၀.၄ သန်းပမာဏရှိသည့် ချေးငွေများကို ပေးအပ်နိုင်ခဲ့သည်ဖြစ်ရာ ရခိုင်ပြည်နယ် ရပ်ရွာလူထု သို့ အသေးစားငွေရေးကြေးရေး လုပ်ငန်းများရောက်ရှိမှု မှာ သိသိသာသာ တိုးပွားလာခဲ့သည်။ အဆိုပါချေးငွေ များ ရရှိသူများ၏ ၉၈ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။

၆။မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေး ဈေးကွက်တွင် အလွန်လိုအပ်နေသော ရင်းနှီး မြှုပ်နှံမှုများကို ဆောင်ရွက်ခဲ့သည်။

ငွေရေးကြေးရေး ဝန်ဆောင်မှုများ၏ ဝန်ဆောင်လိုအား နှင့် လက်လှမ်းမီမှုတို့၏ အဆမတန် ကွာဟချက် မှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးတွင် အကြီးမားဆုံး အခက်အခဲပင် ဖြစ်သည်။ မြန်မာငွေကြေး၏ မတည်ငြိမ်မှု သည် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးဈေးကွက်သို့ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု ဝင်လာရေးတွင် အဟန့်အတားဖြစ်နေသည်။ ၂၀၁၇ခုနှစ်တွင် LIFTသည် The Currency Exchange Fund(TCX)နှင့် အစုစပ်ပြုခဲ့သည်။ TCX သည် ပုံသေငွေလဲနှုန်းတစ်ခုကို ထူထောင်ပေးကာ မြန်မာကျပ်ငွေ၏ ဖောင်းပွမှုကြောင့် ရင်းနှီးမြှုပ်နှံသူများ ဆုံးရှုံးမည့်ဘေးကို ဖယ်ရှားပေးမည့်/တစိတ်တပိုင်း အထောက်အကူ ပေးသည့် အရန်ရန်ပုံငွေ ကုမ္ပဏီ ဖြစ်သည်။ တစိတ်တပိုင်း အထောက်အကူပေးမည့် စရိတ်နှင့် စီမံချက် ဆောင်ရွက်မှုအတွက် အဖြစ် LIFTက ရင်းနှီးမြှုပ်နှံခဲ့သော ကန်ဒေါ်လာ ၁၀ သန်းကြောင့် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ဈေးကွက်သို့ ထုတ်ချေးငွေ ကန်ဒေါ်လာသန်း ၈၀ ဝင်ရောက်လာခဲ့သည်။ ငွေချေးသူ ၁၁ဦး က အသေးစား ငွေရေးကြေးရေးလုပ်ငန်း ၁၂ ခုသို့ ချေးငွေ ၄၀ ခုကို ထုတ်ပေးခဲ့သည်။

၇။နယ်မြေလေးခုလုံးတွင် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီမှုသည် LIFT၏ စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုပုံစံတွင် အဓိကကဏ္ဍမှ ပါဝင်သည်။

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုသည် LIFT၏ အကြီးမားဆုံးအစီအစဉ် ဖြစ်သည်။ တောင့်တင်း ခိုင်မာသည့် အားလုံး ပါဝင် စေသော ကျေးလက်ဒေသ ငွေရေးကြေးရေးဈေးကွက်သည် လူထုက စီးပွားရေး အခွင့်ကောင်းများကို ရယူနိုင်ရန်၊ ပိုင်ဆိုင်မှုကို တည်ဆောက်နိုင်ရန်၊ အလုပ်အကိုင် ဖန်တီးနိုင်ရန်၊ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲနိုင်ရန်နှင့် ဆင်းရဲနွမ်းပါးသူများ ကြံ့ကြံ့ခံနိုင်စေရန် ကူညီပါသည်။ ၂၀၁၇ခုနှစ်တွင် LIFTသည် ငွေကြေး ဆိုင်ရာ မိတ်ဖက်အဖွဲ့သစ် ၈-ဖွဲ့နှင့် ထပ်မံလက်တွဲဆောင်ရွက်နိုင်ခဲ့ရာ နိုင်ငံတဝှမ်းရှိ ကျေးရွာပေါင်း ၁၆,၂၁၁ မှ ငွေကြေးဝန်ဆောင်မှု အသုံးပြုသူ ပေါင်း ၂.၁ သန်းခန့်သို့ ဝန်ဆောင်မှုများ ပေးနေသည့် မိတ်ဖက်အဖွဲ့ပေါင်း ၆၅ဖွဲ့ ရှိလာပြီ ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် ဝန်ဆောင်မှုအသုံးပြုသူ ဦးရေမှာ ၂၅%ခန့် တိုးတက်လာသည်။ နွမ်းပါးသူများ၊ အမျိုးသမီးများ၊ မြေမဲ့ယာမဲ့များ၊ နိုင်ငံတွင်းရွှေ့ပြောင်း ရသူများ၊ တောင်သူများ၊ စီးပွားရေးသမား အငယ်စား များ အပါအဝင် ကျေးလက် အိမ်ထောင်စုများ၏ လိုအပ်မှု၊ လိုလားမှုတို့ နှင့် ကိုက်ညီသော အားလုံး ပါဝင်စေသည့် ကျေးလက်ဒေသ ငွေရေး ကြေးရေး ဈေးကွက်တစ်ခုကို ဖြစ်ထွန်းစေရန် LIFTက အလေးထားပါသည်။ ၂၀၁၇ခုနှစ်တွင် ယခင်က ငွေရေးကြေးရေး ဝန်ဆောင်မှုကို လက်လှမ်းမမီခဲ့သော တောင်တန်းဒေသများ နှင့် ကချင် နှင့် ရခိုင်ဒေသတို့ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် ငွေရေး ကြေးရေးဝန်ဆောင်မှုများကို စတင်ဆောင်ရွက် ခဲ့သည်။

၈။ LIFT၏ ကျေးလက်ဒေသ ငွေရေးကြေးရေး ပံ့ပိုးမှု အစီအစဉ်သည် လယ်ယာပြင်ပ စီးပွားရေးနှင့် တန်ဖိုးမြှင့်ကွင်းဆက်ကို ဖွံ့ဖြိုးမှုကို လှုံ့ဆော်သည့် ကျေးလက်ဒေသ ငွေကြေးဝန်ဆောင်မှုအဖြစ် တိုးချဲ့နေသည်။

၂၀၁၆ ခုနှစ်တွင် LIFTသည် အသေးစား စီးပွားရေး

လုပ်ငန်းများမှ စက်မှုလယ်ယာ ဝန်ဆောင်မှုများကို လုပ်ကွက်ငယ်တောင်သူများ လက်လှမ်းမီစေမည့် စိုက်ပျိုးရေးဆိုင်ရာ ငှား/ဝယ် အစီအစဉ်တစ်ရပ်ကို ရိုးမဘဏ်နှင့် အစုစပ်ပြုလုပ်ကာ စတင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ကုန်တွင် စုစုပေါင်းတန်ဖိုး ကန်ဒေါ်လာ ၁၀၆ သန်း ရှိသည့် လယ်ယာသုံးစက်ပစ္စည်းများအတွက် ရိုးမဘဏ်က ငွေကြေးထုတ်ချေးခဲ့ သဖြင့် LIFTက ရင်းနှီးမြှုပ်နှံသည့် ကန်ဒေါ်လာ ၉သန်းသည် ကန်ဒေါ်လာ ၈၇ သန်းအဖြစ် ဆပွားနိုင်ခဲ့သည်။ ငွေကြေး ထုတ်ချေးပေး ခဲ့သော စက်ကိရိယာများတွင် လယ်ထွန်စက် ၃,၀၀၀ခန့်၊ ရိတ်သိမ်းခြွေလှေ့စက် ၇၀၀ ကျော်၊ သယ်ပို့ယာဉ် ၁,၅၀၀နှင့် အခြား စက်ကိရိယာများ ပါဝင်သည်။ တောင်သူပေါင်း ၁၀၀,၀၀၀ ခန့်သည် ထွန်ယက်ရန် နှင့် ရိတ်သိမ်းရန် အတွက် စက်ကိရိယာများကို ငှားရမ်း အသုံးပြု နေကြသည်၊ ငှားရမ်းသူများသည် ငှား/ဝယ်အစီအစဉ် ကို လက်လှမ်းမီလာကြသဖြင့် လုပ်ငန်းများထူထောင် နိုင်ကြပြီး ကျေးလက်စီးပွားရေးတွင် အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ကြသည်။ တောင်သူများ၏ ကုန်ထုတ်စရိတ်ကို လျှော့ချပေးနိုင်ပြီး မြေပြင်ချိန်၊ ရိတ်သိမ်းချိန်များကို ပိုမိုကောင်းမွန်စွာအချိန်ကိုက် ဆောင်ရွက်လာနိုင်လာကြသည်။ ၂၀၁၇ခုနှစ်တွင် တိုးချဲ့ခဲ့သော စိုက်ပျိုး-စီးပွားရေး လုပ်ငန်းငွေကြေး အစီအစဉ်အရ စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် တွင် လုပ်ကိုင်နေ သူများသည် ငွေကြေး ပံ့ပိုးမှု/ ချေးငွေများကို ပိုမို လက်လှမ်းမီလာကြသည်။ ချေးငွေပုံစံ အသစ် သုံးခုကို စတင်ခဲ့သည်။ပထမ တစ်ခု မှာ ရရန်အကြွေးစာရင်းလျှော့ငွေ ဖြစ်ပြီး ၎င်းအားဖြင့် တန်ဖိုးမြှင့် ကွင်းဆက်တွင် ငွေကြေး ပံ့ပိုးနိုင်လိုက်သဖြင့် တောင်သူများထံသို့ သွင်းအားစု များ ပိုမို ထောက်ပံ့လာနိုင်ရာ ၂၀၁၇ခုနှစ်တွင် ကန်ဒေါ်လာ ၇၁၀,၀၀၀ ကို တောင်သူ ၁,၁၃၀ ထံ သို့ ထုတ်ပေးနိုင်ခဲ့သည်။ ဒုတိယပုံစံမှာ ကုန်အမှာ ငွေစိုက်ချေးငွေဖြစ်ပြီး ၎င်းချေးငွေဖြင့် ချေးငွေ ရရှိသဖြင့် သွင်းအားစု ပြန်လည်ရောင်းချသည့် အရောင်းသမားများသည်လည်း ထုတ်လုပ်သူ ကုန်သည်များထံမှ ဝယ်ယူလာနိုင်သည်။ထို့ကြောင့် ၂၀၁၇ခုနှစ်တွင် ကန်ဒေါ်လာ ၆၈,၀၀၀ ကို ထုတ်ပေး နိုင်ရာ တောင်သူ၂၀၀ခန့် အကျိုးရှိ ခဲ့သည်။ တတိယ ချေးငွေပုံစံမှာ တစ်ရာသီစာ ကြိုထုတ်ယူခွင့် ရရှိသဖြင့် အငယ်စား နှင့် အလတ်စား ပြောင်းကုန်သည်များမှာ ကုန်သွယ်နိုင်စွမ်း တိုးတက်လာပြီး စျေးကွက်တိုးချဲ့ရန် လှုံ့ဆော်ဆောင်ရွက် နိုင်ခဲ့သည်။ ဤသို့ဖြင့် ကန်ဒေါ်လာ ၃.၂သန်းကို ပြောင်းကုန်သည်များသို့ ထုတ်ပေးနိုင်ခဲ့ကာ တောင်သူ ၆,၈၀၀ခန့် ထံသို့ ရောက်ရှိ ခဲ့သည်။

၉။ LIFT၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော ရန်ပုံငွေ ဖြစ်ကာ လုံခြုံဘေးကင်း၍ အကျိုးရှိသော ရွှေ့ပြောင်း သွားလာရေးကို ထောက်ပံ့လျက်ရှိသည်။

ရန်ပုံငွေ ကန်ဒေါ်လာ၁၆သန်းပံ့ပိုးမည့် ဤအစီ အစဉ်သည် အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ၊ အလုပ်အကိုင် ရှာဖွေရေးဌာနများ၊ တတ်သိပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာ များ၊ INGO များ ပါဝင်သည့် မိတ်ဖက် ၁၅ဖွဲ့ တို့နှင့် အတူ ရွှေ့ပြောင်းသွားလာသည့် အမျိုးသား၊ အမျိုးသမီးများအား ဘေးကင်း လုံခြုံရန် နှင့် လုပ်ကိုင်နိုင်စွမ်း ရှိစေရန် ဆောင်ရွက်လျက် ရှိပါသည်။ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းပေးရန်၊ အလုပ်နေရာ ချထားရန် နှင့် အမြတ်ထုတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို တိုက်ဖျက်နိုင်မည့် စနစ်များ ဖြစ်မြောက်စေရန် ရန်ကုန်ရှိ အထည်ချုပ် လုပ်ငန်းများနှင့်အတူ ဆောင်ရွက်နေသော စီမံချက် တစ်ခုမှာ ၂၀၁၇ ခုနှစ်အတွင်း သိသိသာသာ တိုးတက် ခဲ့သည်။ သင်တန်းဌာနတစ်ခုကို အလျင်အမြန် ထူထောင်ခဲ့ပြီးနောက် အလုပ်သမား၊ လူဝင်မှု နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MoLIP) နှင့် ပုဂ္ဂလိကစက်ရုံနှစ်ခုတို့၏ အထောက်အပံ့ဖြင့်စက်ရုံ များက အသိအမှတ်ပြုသော လုပ်ငန်းခွင် သင်တန်း များ အဖြစ် တိုးချဲ့နိုင်ခဲ့သည်။ အစိုးရနှင့် စက်ရုံ များက အထည်ချုပ် လုပ်သားသင်တန်းကို မျှော်မှန်း ထားသည်ထက် တောင်းဆိုခဲ့သဖြင့် တိုးချဲ့ရန် ရန်ပုံငွေ များ ထပ်မံအတည်ပြုခဲ့ပြီး လူ ၂၀,၀၀၀ ခန့်ကို သင်တန်းပေးမည် ဖြစ်သည်။ နောက်စီမံချက်တစ်ခုမှာ လိင်လုပ်ငန်းအတွက် လူကုန်ကူးခံရသည့် အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများ နှင့် လက်တွဲ ဆောင်ရွက် နေသည်။ ရန်ကုန်မြို့တစ်ဝှမ်းရှိ ညဥ့်ငှက်များ ရှိတတ်သည့် နေရာများမှ အမျိုးသမီး ၄၀ ခန့် နှင့် ဆွေးနွေးပညာပေးနိုင်အောင် အပတ်စဉ် ဆောင်ရွက် ခဲ့သည်။၂၀၁၇ ခုနှစ်တွင် ရန်ကုန်၌ လုံခြုံစိတ်ချစွာ နားခိုနိုင်မည့် နေရာလေးတစ်ခုကို ဖွင့်လှစ်ကာ ဆွေးနွေးခြင်း၊ ကျွမ်းကျင်မှု သင်တန်းပေးခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။

၁၀။ LIFTသည် ၁၀၀၀ရက်တစ်ထောင်အတွင်းရှိ မိခင်များနှင့်ကလေးများသို့အာဟာရထောက်ပံ့မှုကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

LIFT သည် ၁၀၀၀ရက်တစ်ထောင်အတွင်းရှိ မိခင်များနှင့် ကလေးများသို့ ဦးတည်ကာ အာဟာရ ဆိုင်ရာတွင် ပို၍ ရင်းနှီးမြှုပ်နှံရန် မဟာဗျူဟာ ချမှတ်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ဒေသတိုင်းတွင်ပင် အာဟာရဆိုင်ရာ လုပ်ဆောင်ချက်များ သိသာစွာ တိုးတက် ခဲ့သည်။ အထူးသဖြင့် ချင်းပြည်နယ်တွင် ဖြစ်သည်။ ပြည်နယ်တစ်ခုလုံးတွင် အစိုးရက LIFT၏ ရန်ပုံငွေ အထောက်အပံ့နှင့် ပံ့ပိုးမှုများ ဖြင့် MCCTထောက်ပံ့မှုကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် MCCT အစီအစဉ် ၄-ခုဖြင့် မိခင်ပေါင်း ၃၂,၀၀၀ ခန့်ကို ထောက်ပံ့ခဲ့ရာ ၂၀၁၆ခုနှစ်ကထက် ၇၁% တိုးတက်လာခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ငွေပေးချေရာတွင်ကုန်ကျ စရိတ် ထိရောက်သက်သာသည့် မိုဘိုင်းလ် ငွေပေးချေ စနစ်ဖြင့် မိခင်ပေါင်း ၈၀၀ ကို ထောက်ပံ့ငွေ ပေးအပ်ကာ ကနဦး စမ်းသပ် ဆောင်ရွက်ခဲ့သည်။ ဤကနဦး ဆောင်ရွက်မှုမှ ရလဒ် ကောင်းများ ရရှိကြောင်းကို ပြသလျက်ရှိပြီး မိခင်များအနေဖြင့် အာဟာရ ပြည့်ဝမှု နှင့် ပတ်သက်၍ အလေးထားမှု ရှိမရှိကို အာဟာရ နှင့် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ သတင်းစကားများ ပြောကြား သည့် ဆွေးနွေးပွဲများ တက်ရောက်မှုများဖြင့် ကနဦးဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုကို ၂၀၁၈ ခုနှစ်တွင် လေ့လာသုံးသပ်မည် ဖြစ်သည်။ LIFTသည် ကမ္ဘာ့ဘဏ်၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနတို့နှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက် ခဲ့ကာ နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အာဟာရ ကဏ္ဍအတွက် ချေးငွေ ကန်ဒေါ်လာသန်း ၁၀၀ကို သဘောတူညီချက် ရယူခဲ့သည်။ LIFTသည် ရခိုင်၊ အပူပိုင်းဇုန် နှင့် ချင်းပြည်နယ်တို့တွင် MCCT ဆိုင်ရာ လာရောက် လေ့လာမှုများကို လက်ခံတွေ့ဆုံခဲ့ကာ အတွေ့အကြုံများကို မျှဝေခဲ့သည်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန သည် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် MCCT ကို ဆောင်ရွက် ရန် အခြားဝန်ကြီးဌာန များ၊ ကမ္ဘာ့ဘဏ် တို့နှင့်အတူ စီမံကိန်းရေးဆွဲလျက်ရှိသည်။

၁၁။LIFT သည် မသန်စွမ်းသူများအား ထောက်ပံ့ ပေးမှုကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။ LIFT၏ ရှေ့ပြေး စီမံချက်၏ ရလဒ်ကောင်းများကြောင့် အစိုးရသည် သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်ကို စတင်ခဲ့သည်။

LIFT သည် အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး

ရည်ရွယ်ချက်ကို ထောက်ခံအားပေးပါသည်။ LIFT ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သော ရေ့ပြေးစီမံချက်၏ ရလဒ်ကောင်းများမှ ညွှန်းဆိုနေမှုကြောင့် အစိုးရသည် သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်စနစ်တစ်ခုကို ရန်ပုံငွေချပေးရန် ၂၀၁၇ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ အသက်၉၀နှစ်နှင့် အထက်ရှိ သက်ကြီးများကို အမျိုးသား လူမှုရေး ပင်စင်အဖြစ် တစ်လလျှင် ကျပ် ၁၀,၀၀၀ (ကန်ဒေါ်လာ ၇) ကို ယခုအခါ ပေးအပ်လျက် ရှိသည်။ နောင်တွင် အသက် သတ်မှတ်ချက်ကို အသက် ၈၅နှစ်သို့ လျှော့ချကာ ထောက်ပံ့မည့်ဦးရေကို တိုးမည်ဖြစ်သည်။LIFTသည် မသန်စွမ်းသူများအတွက် မသန်စွမ်း ထောက်ပံ့ငွေကို စတင် ထောက်ပံ့လျက်ရှိသည်။ ၂၀၁၇ခုနှစ်တွင် အပူပိုင်းဇုန်မှ မသန်စွမ်းသူ ၂,၀၀၀ကျော်သည် အဆိုပါ ထောက်ပံ့ငွေကို ရရှိခဲ့သည်။ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု အစီအစဉ်ကလည်း မသန်စွမ်းသူများကို အသေးစား ချေးငွေများအား လက်လှမ်းမီစေခဲ့သည်။

၁၂။ နယ်မြေလေးခုလုံးတွင် LIFT၏ ရန်ပုံငွေများကို ပြည်တွင်း အဖွဲ့အစည်းများက ပိုမို စီမံခန့်ခွဲလာသည်။

LIFT ၏ အသက်မွေးမှု နှင့် ရိက္ခာဖူလုံရေး စီမံချက်များတွင် အရပ်ဘက် လူမှုရေး အဖွဲ့အစည်းများသို့ ရန်ပုံငွေ ချထားပေးမှုမှာ တဖြည်းဖြည်း များလာရာ ၂၀၁၇ ခုနှစ် တွင် စုစုပေါင်းအသုံးစရိတ် ကန်ဒေါ်လာ ၆၈.၃၈ သန်း၏ ၂၂%သို့ ရောက်ရှိလာသည်။ ဤသို့ ဖြစ်ရခြင်းမှာ ၂၀၁၆ခုနှစ်က သဘောတူခဲ့သော လုပ်ငန်းစဉ် အသစ်များအရ အရပ်ဘက် အဖွဲ့အစည်းများက အဆိုပြုလွှာတင်ပြရာတွင် လိုအပ်ချက်များ ရှိခဲ့သည့် အပေါ် ကောင်းစွာပြန်လည်ပြင်ဆင်နိုင်ရန် အထောက်အကူများ ပေးခဲ့ခြင်း၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် LIFTက မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန် ၊တောင်တန်းဒေသတို့တွင် အသေးစားရန်ပုံငွေများ ချမှတ်ပေးခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ LIFT၏ အလှူရှင်များက LIFT၏ နောက်ပိုင်း ဆောင်ရွက်မှုများတွင် လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ဗဟိုချက်အဖြစ် ဆက်လက် ထားရှိမည် ဖြစ်သည်။

၁၃။ LIFTသည် ကျား/မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေးကို ဆောင်ရွက်မည့် ကတိပြုထားမှုကို ပိုမိုခိုင်မာစေခဲ့သည်။

၂၀၁၇ ခုနှစ် အတွင်းတွင် LIFT သည် ကျား/မ ရေးရာ မဟာဗျူဟာကို စတင်ကာ၊ လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပြီး၊ ရန်ပုံငွေစီမံခန့်ခွဲမှု ရုံးတွင် ကျား/မ ရေးရာဌာနခွဲကို ထူထောင်ခဲ့သည်။ ကျား/မ ရေးရာကို အလေးထားသော စီမံချက်ရေးဆွဲခြင်း စီမံခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ပြုစုခဲ့ပြီး၊ LIFT၏ မိတ်ဖက် များကလည်း စီမံချက်များတွင် ကျား/မ ရေးရာကို ထိရောက်စွာ ထည့်သွင်းနိုင်စေရန် LIFTက ဖွင့်လှစ်သော သင်တန်းများကို တက်ရောက်ခဲ့ကြသည်။ ၂၀၁၇ခုနှစ်တွင် အစီအစဉ် အားလုံး၌ ကျား/မ ရေးရာ ကဏ္ဍဆိုင်ရာ အောင်မြင်မှုများရရှိခဲ့သည်။ ဥပမာအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ငါးမွေးမြူရေး ကဏ္ဍတွင် အမျိုးသမီးများ ပါဝင်နိုင်မည့် အခွင့်အလမ်းများ၊ အရင်းအမြစ်များကို ပွဲကိုင်လုပ်ပိုင်ခွင့်များကို ဖော်ထုတ်နိုင်ခဲ့သည်။

၁၄။ LIFT သည် အစီအစဉ်နယ်ပယ် တဝန်းလုံး နှင့် စီမံချက် အများအပြားတွင် အစိုးရ၏ မူဝါဒများနှင့် ထိတွေ့ ဆောင်ရွက်လျက်ရှိသည်။

LIFTသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနကို စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက်၂၀၁၈-၂၀၂၂ ခုနှစ် အတွက် နည်းပညာ အထောက်အကူ ပေးခဲ့သည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန အတွင်း၊ အခြားဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများ၊ပုဂ္ဂလိက ကဏ္ဍတို့နှင့် ကျယ်ပြန့်စွာ ထိတွေ့ ဆောင်ရွက်နိုင်စေရန် ပံ့ပိုးခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် LIFT၏ မဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့များဖြစ်သော မြေယာမဏ္ဍိုင်အဖွဲ့ (LCG)၊ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(FSWG)တို့၏ ပူးပေါင်း ပါဝင်မှုဖြင့်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၇ခုတို့တွင် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ပြုလုပ်ခဲ့သည့် ပထမ ဆုံးသော အမျိုးသား အဆင့် တိုင်ပင် ဆွေးနွေးမှု ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့်ရိက္ခာဖူလုံရေး အစီအစဉ် (Global Agriculture and Food Security Program - GAFSP)ထံမှ ရန်ပုံငွေ ရရှိရေးအတွက် အဆိုပြုလွှာ တင်သွင်းနိုင်ရန်အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေး အဖွဲ့ တို့နှင့်အတူ LIFTက ထောက်ပံ့ခဲ့သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရန်ပုံငွေ ထောက်ပံ့မှု ကန်ဒေါ်လာ၂၇ သန်းကို ၂၀၁၇ ခုနှစ်တွင် ရရှိခဲ့သည်။ ထိုသို့ရရှိခဲ့သဖြင့် ADBထံမှ နှစ်ရှည် အတိုးသက်သာသောချေးငွေ ကန်ဒေါ်လာ ၃၅သန်းကိုပါ ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် LIFT နှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့များသည် အာဟာရ ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများစွာတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းတွင် အခုအခါ အပြီးသတ် ရေးဆွဲခဲ့ပြီ ဖြစ်သောအာဟာရ ဆိုင်ရာ ဘက်စုံ အမျိုးသား အဆင့်လုပ်ငန်း စီမံချက် (Multi-Sector National Plan of Action on Nutrition , MS–NPAN) လည်း ပါဝင်သည်။ အလွန် လိုအပ်လျက်ရှိသော နိုင်ငံတော် အဆင့် ဆန်တွင်အားဖြည့်ခြင်းဆိုင်ရာ မူဝါဒကို LIFT၏ မိတ်ဖက်အဖွဲ့ PATH က ဦးတည် ဆောင်ရွက်လျက် ရှိသည်။ ယင်းတွင် မိတ်ဖက်အဖွဲ့များက ဆောင်ရွက်ခဲ့သော မူဝါဒ သက်ရောက်မှု သုံးသပ်ချက်လည်း ပါဝင်သည်။ PATH သည် မြန်မာနိုင်ငံတွင် ဆန်အားဖြည့်ရေးကို မြှင့်တင်ဆောင်ရွက်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (Food and Drug Administration - FDA) နှင့် အောင်မြင်စွာ ဆွေးနွေးနှီးဆော် ဆောင်ရွက်ခဲ့သည်။ LIFTသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)ကို ပြည်ထောင်စုအဆင့်နှင့် မြို့နယ် အဆင့်တို့တွင် နည်းပညာ အထောက်အကူ ဆက်လက် ပေးအပ်လျက် ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အကြံပေး၂၄ ဦးကို ခန့်အပ်ထားပြီး ၎င်းတို့မှာ နေပြည်တော်တွင် အခြေစိုက်ကာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ရေးဆွဲခြင်း၊ ရပ်ရွာများက ဦးဆောင်ရေးဆွဲသော ကျေးရွာ အခြေခံ အဆောက်အုံ အသေးစား စီမံချက်များ၊ အသက်မွေးမှုလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း တို့တွင် ပံ့ပိုးလျက်ရှိသည်။ ကျေးလက်ဒေသ မြို့နယ်ပေါင်း၂၉၈မြို့နယ် အနက် ၄၉မြို့နယ်ရှိ ကျေးရွာပေါင်း ၇,၂၀၀ ကျော်ကို ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ယင်းသည် ကျေးရွာအားလုံး၏ ၁၁% ဖြစ်သည်။ အစိုးရက ကန်ဒေါ်လာ၂၁.၇သန်းကို လေးနှစ်တာ ကာလအတွင်း ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်အတွက် ခွဲဝေပေးခြင်းဖြင့် ဒေသတွင်း လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် ကတိကဝတ်ကို ပြသနေပေသည်။

၁၅။ LIFT နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI)တို့သည် မြေယာ ပြန်လည်နေရာချထားရေးတွင် ပူးပေါင်းဆောင်ရွက်မှု အသစ်တရပ်ကို ဆောင်ရွက်ပါသည်။

၂၀၁၇ ခုနှစ်မေလတွင် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသည် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း ဥပဒေအရ အသုံးမပြုသည့် ချထားမြေများကို ပြန်လည်ဖော်ထုတ်ကာ လုပ်ကွက်ငယ် တောင်သူများကို ပြန်လည်ခွဲဝေပေးရာတွင် LIFT မှ ထောက်ပံ့ပေးရန် တင်ပြလာခဲ့သည်။ LIFT သည် မကွေး နှင့် စစ်ကိုင်းတိုင်း ဒေသကြီး တို့မှ ပြန်လည်ဖော်ထုတ်ရန် ဖြစ်နိုင်မည့် နေရာများကို စူးစမ်းဆန်းစစ်ကာ အကြောင်းပြန်ကြားခဲ့သည်။ ဝန်ကြီးဌာန သည် အကြံပေးအဖွဲ့အတူ မကွေးတိုင်းဒေသကြီးတွင် မြေပြန်လည် ဖော်ထုတ်ရေး ရှေ့ပြေးစီမံကိန်း အတွက် အခြေခံ လိုအပ်ချက်များကို စီမံချက်ရေးဆွဲခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် LIFTသည် ထိုစီမံကိန်းကို ဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရတို့က အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပေးနိုင်မည့် ကုမ္ပဏီတစ်ခုကို ကန်ထရိုက် ပေးမည် ဖြစ်သည်။

## ၁၆။ ငွေကြေးကုန်ကျရကျိုးနပ်မှု

LIFT သည် ငွေကြေးကုန်ကျရကျိုးနပ်မှု (value for money - VfM) ဆိုင်ရာ မူဘောင် နှင့် လမ်းညွှန်ချက်တစ်စုံကို ၂၀၁၆ခုနှစ်တွင် ပြုစုခဲ့သည်။ ယင်းတွင် LIFT၊ LIFT၏ အလှူရှင်များ နှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့များက စီမံကိန်းများ၊ စီမံချက်များ၏ အသုံးအစွဲ ကျစ်လျစ်မှု၊ မှန်ကန်စွာ ဆောင်ရွက်မှု၊ ထိရောက်မှု၊ သာတူညီမျှမှုတို့ကို ဆန်းစစ်ရာတွင် အသုံးပြုမည့် စံနှုန်းများ၊ အတိုင်းအတာများ၊ မက်ထရစ်များကို ဖော်ပြထားသည်။ စီမံကိန်းများ၊ စီမံချက်များ၏ သက်တမ်း -စီမံချက်ပုံစံ ရေးဆွဲခြင်း၊ စည်းရုံးစုစည်းခြင်း၊ ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း - ကာလ တစ်လျှောက်လုံးတွင် VfMကို သုံးသပ်အကဲဖြတ်သည်။ LIFTသည် မိမိ၏ နယ်မြေအလိုက် အစီအစဉ်များမှ စီမံချက်၃၇ခု၏ မက်ထရစ်များကို ဆန်းစစ်ကာ ပထမဆုံးအကြိမ် အဖြစ် VfMကို ၂၀၁၆ခုနှစ် တွင် အစီရင်ခံခဲ့သည်။ ၂၀၁၇ခုနှစ်တွင် နယ်မြေဒေသအလိုက် စီမံကိန်း၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ရွှေ့ပြောင်း သွားလာရေး စီမံကိန်းများမှ စီမံချက် ၆၆-ခု ၏ VfM မက်ထရစ်များကို ဆန်းစစ်ခဲ့သည်။ ထို့ပြင် ၂၀၁၇ခုနှစ်တွင်ပင် စီမံကိန်းများမှ အချို့၏ အသုံးအစွဲကျစ်လျစ်မှု၊ မှန်ကန်စွာ ဆောင်ရွက်မှု၊ ထိရောက်မှု၊ သာတူညီမျှမှုတို့ကိုလည်း ဆန်းစစ်ခဲ့သည်။ ၂၀၁၈ခုနှစ်တွင် LIFT သည် ဆက်လက်ကာ VfMကို မည်သို့ အကဲဖြတ်ရမည်ကို ပိုမို အားကောင်းအောင် ဆောင်ရွက်ပါမည်။ VfM နှင့် ပတ်သက်၍ ကျွမ်းကျင်သူ တစ်ဦးကို စာချုပ်ဖြင့်ငှားရမ်းခေါ်ယူကာ မိမိနှင့် မိတ်ဖက်အဖွဲ့များက အကဲဖြတ်ရာတွင် အထောက်အကူ ပြုစေမည် ဖြစ်သည်။

## ၁၇။ ၂၀၁၈ လွန် ကာလအတွက် ရန်ပုံငွေ အသစ်ပုံစံကို ရေးဆွဲခြင်း

၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော LIFT၏ ကြားဖြတ်ကာလ သုံးသပ်ချက်တွင် အဓိကကျသော အကြံပြုချက်တစ်ခု ပါရှိသည်။ ယင်းမှာ- LIFTသည် နောင်ပိုင်းကာလတွင် ဆက်ခံမည့် အစီအစဉ် သို့မဟုတ် ရန်ပုံငွေတစ်ရပ်ကို ၂၀၁၇ခုနှစ်အတွင်း ရေးဆွဲသင့်ကြောင်းပင် ဖြစ်သည်။ ဆက်ခံမည့် ရန်ပုံငွေ တစ်ရပ် အတွက် LIFT၏ ပင်မ အလှူရှင်ငါးဖွဲ့က ကတိကဝတ်ပြုကြောင်း ဇွန်လတွင် အတည်ပြုခဲ့ကြသည်။ ၂၀၁၇ခုနှစ် နှစ်ဝက်တွင် ရန်ပုံငွေဘုတ်အဖွဲ့ နှင့် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး တို့သည် ရန်ပုံငွေ၏ နောက်တစ်ဆင့်ကို ဒီဇိုင်းရေးဆွဲခဲ့ကြသည်။ LIFT၏ ၂၀၁၉-၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် အဆင့်တွင် ထည့်ဝင်မည့် ရန်ပုံငွေများ၊ ဦးစားပေးကဏ္ဍများ သတ်မှတ်ကာ သဘောတူညီမှု ရရှိပြီး ဖြစ်သည်။ အသေးစိတ်ကို ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ကာ အပြီးသတ် မဟာဗျူဟာကို ၂၀၁၈ ခုနှစ်အတွင်း အတည်ပြုနိုင်မည်ဟု မျှော်လင့်ထားသည်။

# လေ့လာဖော်ထုတ်ခဲ့သော သင်ခန်းစာများ

### LIFTသည် ဆက်လက် သင်ယူလျက် ရှိပါသည်။

LIFT၏ တာဝန်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများ ကြံ့ကြံ့ခံနိုင်မှုရှိရန် နှင့် ရေရှည်တည်တံ့သော အသက်မွေးမှုကို အားဖြည့်ပေးရန် ဖြစ်ပါသည်။ ထို့အတွက်ကြောင့် LIFTသည် တီထွင်ဆန်းသစ်သော အစီအစဉ်များ၊ ခိုင်မာသော ရလဒ်များကိုပေးအပ်နိုင်ရန်အတွက် အစီအစဉ် ဒီဇိုင်းများကိုတိုးတက်ကောင်းမွန်အောင် အဆက်မပြတ် ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ ပြောင်းလဲနေသည့် လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ ထို့သို့ ဖြစ်နိုင်ရန်အတွက် ပံ့ပိုးထားသည့်ပုံစံများ၊ နည်းလမ်းများအနက် စီမံချက် အကဲဖြတ်ခြင်း၊ ကဏ္ဍအလိုက် နည်းနာရပ်ဝန်း၊ ပြင်ပ ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ အစီအစဉ် သက်တမ်းတလျှောက်မှ သုတေသနနှင့်အထောက်အထားများကို ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့၊ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး၊ လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့များသည် မည်သည်က အလုပ်ဖြစ် မဖြစ်ကို အကဲဖြတ်ရန် ကတိကဝတ်ပြုထားသည်။ LIFT၏ လုပ်ဆောင်မှုသည် တီထွင်ဆန်းသစ်မှု၊ ထက်မြက်မှုတို့ကို တည်ငြိမ်မှု နှင့် တွဲဖက်ထားပြီး ၂၀၁၇ ခုနှစ်တွင်လည်း ဆက်လက်သင်ယူလျက် ရှိသည်။

### ရန်ပုံငွေတရပ်အနေဖြင့် LIFTသည် အလိုက်သင့်လည်း လုပ်ဆောင်သကဲ့သို့ သက်ဆိုင်မှုလည်း ရှိသည်။

ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် စီမံချက်များ နှင့်ပြီးမြောက်ဆောင်ရွက်မှုများကို နှိုင်းယှဉ် ဆန်းစစ်ကာ ရန်ပုံငွေစီးဆင်းမှုကို ထိန်းညှိပေးခြင်းဖြင့် ငွေကြေးကိစ္စဖြစ်စေ စီမံချက် စီမံခန့်ခွဲမှုကိစ္စဖြစ်စေ အလိုက်သင့် လုပ်ဆောင်နိုင်စွမ်းကို ဖော်ဆောင်ပါသည်။ LIFT သည် ရန်ပုံငွေစီးဆင်းမှုကို ပုံမှန်မွမ်းမံကာ အစီအစဉ်အတွက် ရန်ပုံငွေကို ဖော်ထုတ်ပါသည်။ ထို့ကြောင့် LIFTသည် လျော်ကန်သက်ဆိုင်မှုရှိနေပြီး ရှေ့ကို မျှော်တွေးနိုင်ပါသည်။ အခွင့်အလမ်း ပေါ်လာပါက တုံ့ပြန် ဆောင်ရွက်နိုင်ပါသည်။

### LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့တွင် အစိုးရ ပါဝင်လာသဖြင့် ချောမွေ့ ထိရောက်လာသည်။

မြန်မာ့နိုင်ငံရေး အခြေအနေသည် ပြောင်းလဲဖြစ်ထွန်းလာနေရာ LIFT သည်လည်း လိုက်လျော ညီထွေဖြစ်အောင် ကြိုးပမ်းအားထုတ်ကာ အစိုးရနှင့်လက်တွဲဆောင်ရွက်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် LIFT ရန်ပုံငွေဘုတ်အဖွဲ့တွင် အစိုးရမှ ကိုယ်စားပြုပါဝင် လာခဲ့သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည်LIFT၏ပင်မအလှူရှင် ငါးဦး နှင့်အတူ ရန်ပုံငွေ ဘုတ်အဖွဲ့တွင် ပါဝင်လာသည်မှာ ၂၀၁၇ တွင် တနှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။ LIFT နှင့် ထိတွေ့ဆောင်ရွက်သည့် MoALIကိုယ်စားလှယ်များသည် အထောက်အကူပြုသည့်ပြင် ဦးစားပေးကဏ္ဍများကို LIFTနှင့်အတူ ဆွေးနွေးပါသည်။ လိုအပ်သည့် အကြောင်းပြန်ကြားချက်များကို အချိန်မီပေးနိုင်သည့်အတွက် ရန်ပုံငွေဘုတ်အဖွဲ့သည် ဆုံးဖြတ်ချက်များကို အများသဘောတူ ဆက်လက်ချမှတ်နိုင်လာသည်။

### LIFTသည် ပုဂ္ဂလိက ကဏ္ဍနှင့် မိတ်ဖက် ပြုကာ ငွေသန်းပေါင်းများစွာကို ဆပွား လာစေခဲ့သည်။

၂၀၁၆တွင် LIFTသည် ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စူးစမ်းခဲ့သည်။အမြင့်ဆုံး အတိုးနှုန်း ကန့်သတ်ချက်နှင့် ငွေကြေး မတည်ငြိမ်မှုတို့ကနိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဟန့်တားနေရာ မြန်မာ့ အသေးစားငွေကြေးဈေးကွက်သည် လိုလား တောင်းခံနေသည့် ငွေကြေး အရင်းအနှီးကို ထုတ်မပေးနိုင်ကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် LIFT သည် ငွေကြေး မတည်ငြိမ်မှုကို ကိုင်တွယ် ဖြေရှင်းရန် The Currency Exchange(TCX) နှင့် မိတ်ဖက်ပြု လက်တွဲခဲ့သည်။ TCX သည် မြန်မာနိုင်ငံတွင် လုပ်ကိုင်မည့် အနေထားတစ်ခုကို ဖွင့်လှစ်လိုက်သောအခါ ပါဝင်လိုသူ အမြောက်အမြား ရှိသဖြင့် မြန်မာ့အသေးစား ငွေကြေးဈေးကွက်တွင် ပါဝင်လိုသည့် နိုင်ငံတကာမှ ရင်းနှီးသူ အများပင်ရှိကြောင်း တွေ့ရသည်။ ဤနည်းဖြင့် LIFTသည် မြန်မာ့အသေးစား ငွေကြေးဈေးကွက်က အလွန် လိုအပ်နေသည့် ငွေကြေးအရင်းအနှီးကို ထည့်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် TCXကို ဒုတိယအကျော့ ရန်ပုံငွေ ထောက်ပံ့ရန် စဉ်းစားလျက် ရှိသည်။

### စက်မှု လယ်ယာ အသွင်ပြောင်းခြင်းတွင်LIFT၏ ရင်းနှီးမြှုပ်နှံမှုသည် မျှော်လင့်သည်ထက် ကျော်လွန်ခဲ့သည်။

စက်ကိရိယာ ငှား/ဝယ် စီမံချက်ဖြစ်သည့် စိုက်ပျိုး-ငွေကြေး အစီအစဉ်(AFP)ကို ရိုးမဘဏ်နှင့်အတူ ၂၀၁၆နှစ်လယ်တွင် စတင်ခဲ့သည်။ LIFT၏ တပိုင်းတစအာမခံ ကန်ဒေါ်လာ ၉ သန်းကြောင့် ရိုးမဘဏ်သည် ၎င်းတဦးတည်းသာဆိုပါက ထုတ်ချေးမည်မဟုတ်သည့် ချေးငွေများကို ထုတ်ချေးနိုင်ခဲ့သည်။ LIFT၏ ရင်းနှီးမြှုပ်နှံမှုသည် ရိုးမဘဏ်ကို ကန်ဒေါ်လာ ၈၇သန်း ထုတ်ချေးစေခဲ့သည်။ မျှော်လင့်ထားသည်ထက် လိုလားတောင်းခံမှု ပိုများလာသဖြင့် မပြည့်မီပဲ ဖြစ်နေသည်။ ဤမိတ်ဖက်ပြုမှုကြောင့် ရိုးမဘဏ်သည် ယခုအခါ ကျေးလက်ဒေသများသို့ ဒစ်ဂျစ်တယ် ငွေကြေးစနစ်များ စမ်းသပ်ဆောင်ရွက်နေသည်။ ပုဂ္ဂလိက ကဏ္ဍနှင့် မိတ်ဖက်ပြုခြင်းဖြင့် ကျေးလက်ဒေသကိုကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရေရှည်ရောက်ရှိအောင် မည်သို့ ဆောင်ရွက်နိုင်မည်ကို ထိုအဖွဲ့အစည်းများက သင်ယူနိုင်ခဲ့ကြောင်းကို LIFT က တွေ့ရှိခဲ့သည်။

### ပဋိပက္ခမှ လွတ်မြောက်ခါစ နယ်မြေများတွင် အလုပ်လုပ်ရန်မှာ သိမ်မွေ့သော ချဉ်းကပ်နည်း လိုအပ်သည်။

၂၀၁၇ တွင် LIFTသည် ပဋိပက္ခမှ လွတ်မြောက်ခါစ နယ်မြေများတွင် စီမံချက်လုပ်ငန်းများ တိုးချဲ့ခဲ့သည်။ ထိုသို့ ထိရောက်စွာ လုပ်ကိုင်နိုင်ရန်မှာ ထိုနယ်မြေများမှ နောက်ခံ အကြောင်းအရာကို အကြံပေးနိုင်မည့် ဒေသခံ မိတ်ဖက်များကို ဖော်ထုတ်ခြင်း၊ စီမံချက် အစပျိုးကာလကို အချိန်ကြာကြာ ခွင့်ပြုခြင်း၊ ၎င်းနယ်မြေ ဒေသများအတွက် လိုအပ်သော ကျွမ်းကျင်မှုရှိသည့် စီမံချက်ဝန်ထမ်းများကို စုဆောင်းရန်မှာ စိန်ခေါ်မှုများရှိခြင်း၊ စိုက်ပျိုးရေး စီမံချက်များ အတွက် စိုက်ပျိုးချိန်ကို လုံလောက်စွာ ပေးရန် လိုအပ်ကြောင်းတို့ကို သဘောပေါက်ရန် လိုအပ်သည်။

## ရခိုင်ဒေသတွင် LIFT သည် မိတ်ဖက်များ အကြံပြုသည်များကိုနားထောင်သည်၊စုပေါင်းလုပ်ဆောင်သည်၊ထိရောက်စွာတုံ့ပြန် ဆောင်ရွက်ခဲ့သည်။

LIFTသည် ရခိုင်ပြည်နယ်တွင် ရပ်ရွာအားလုံးမှ ပတ်သက် ဆက်နွယ်သူများနှင့် လက်တွဲ ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသည် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ LIFT၏ မိတ်ဖက်များ၏ စီမံချက်များကို ထိခိုက်စေခဲ့သည်။ ရန်ပုံငွေဘုတ်အဖွဲ့သည် အခြေအနေ အကြောင်းအရာကို ပိုမိုနားလည်ရန်၊ တိုးတက်မှုကို စူးစမ်းလေ့လာရန်၊ အခွင့်အလမ်းများကို ပြန်လည်ဆန်းစစ်ရန်၊ ပြောင်းလွယ် ပြင်လွယ်သော စီမံချက်ကို ထောက်ပံ့ရန်အတွက် မိတ်ဖက်များနှင့် ပုံမှန်တွေ့ဆုံခဲ့သည်။ သို့မှသာ စီမံချက်များသည် လုပ်ငန်းနှင့်၊ ပဋိပက္ခနယ်မြေမှ အကျိုး ခံစားခွင့်ရှိသူများအတွက် ရလဒ်များကို ထိန်းသိမ်းနိုင်မည်။ LIFT သည် မြန်မာနိုင်ငံရှိ နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ လူသားချင်း စာနာထောက်ကူသူများနှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်ကာ ဘုံမူဝါဒများ နှင့် ချဉ်းကပ်နည်းများကို ပံ့ပိုးပေးလျက် ရှိသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် LIFTသည် ရခိုင်ဒေသကို ထောက်ပံ့မည့် ကန်ဒေါ်လာ ၁၀ သန်း ပမာဏရှိသည့် အဆိုပြုလွှာများကို ခေါ်ယူခဲ့သည်။အထိခိုက်လွယ်ဆုံးသူများကို အလေးထားကာ စီမံချက်အသစ်များနှင့် တိုးချဲ့စီမံချက်များကို ရွေးချယ်ခဲ့သည်။LIFT၏ပံ့ပိုးမှုများသည် ရပ်ရွာလူထု အားလုံးကို ပါဝင်စေကြောင်း နှင့် အကျိုးရှိစေကြောင်း အသိအမြင်များ တိုးပွားလာစေရန်အတွက် ရခိုင်ပြည်နယ် အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုများ နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

## LIFT၏ ရန်ပုံငွေနှင့် အစီအစဉ်များကို ဆင်းရဲနွမ်းပါးသူများရှိရာသို့ လိုက်ပါ ရွှေ့ပြောင်းခဲ့သည်။

မြန်မာနိုင်ငံတွင် ကျေးလက်မှလူများ မြို့ပြသို့ ရွှေ့ပြောင်းမှုသည် မကြာသေးမီနှစ်များ အတွင်း အလျင်အမြန် တိုးလာသည်။ ဤရွှေ့လျားမှုကို LIFT၏ ကျေးလက် ဒေသအစီအစဉ်များတွင် တွေ့မြင်ရပြီး LIFT ရန်ပုံငွေပံ့ပိုးသည့် မီချီဂန်တက္ကသိုလ်၏ ကျေးလက် လုပ်အားနှင့် ကျေးလက် အသွင်ပြောင်းလဲမှု သုတေသန ၏ အထောက်အထားများအရလည်း လေ့လာတွေ့ရှိရသည်။ ကန်ဒေါ်လာ ၁၆သန်း ရှိသည့် ရွှေ့ပြောင်း သွားလာရေးအစီအစဉ်ဖြင့် LIFTသည် မြို့ပြဒေသသို့ ပထမဆုံး အကြိမ် ရောက်ရှိလာသည်။

## LIFT သည် MCCTအတွေ့အကြုံကို အသုံးပြုကာ ချင်းပြည်နယ် အာဟာရစီမံချက်တွင် အစိုးရ၏ မိတ်ဖက်အဖြစ် ဆောင်ရွက်နေသည်။

LIFT၏ ပထမဆုံး မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT) စီမံချက်ကို ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်၌ စတင်ခဲ့သည်။ မူလက ထိုစီမံချက်ကို နောက်စီမံချက်များအတွက် သင်ယူရန် ရှေ့ပြေး စီမံချက် အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် LIFTသည် MCCT စီမံချက်များကို မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန် ဒေသများတွင် တဆောင်ရွက်ခဲ့သည်။ အပူပိုင်းဇုန် MCCTတွင် ထောက်ပံ့ပေးသည့် ပုံစံအမျိုးမျိုးကို စမ်းသပ်ရန် ထူထောင်ခဲ့ရာ randomised control trial (ပိုမိုကောင်းမွန်သည့်ပုံစံကို စမ်းသပ်လေ့လာ ဖော်ထုတ်ခြင်း ပုံစံ) ပါဝင်သည်။ ကနဦးရရှိသည့် ဒေတာများအရ အာဟာရဆိုင်ရာSBCC မပါသော ငွေထောက်ပံ့မှုများသည် SBCCပါသော ငွေကြေး ထောက်ပံ့မှုများလောက် ထိရောက်မှုမရှိကြောင်းကို ပြသနေသည်။ အစိုးရက ချင်းပြည်နယ်တွင် မိခင်နှင့်ကလေးများအား ထောက်ပံ့ငွေပေးရန် အဆိုပြုသောအခါ LIFTသည် လူမှုဝန်ထမ်းဦးစီးဌာနကို ချင်းပြည်နယ်MCCTအတွက်မိတ်ဖက်ပြုခဲ့သည်။ အစီအစဉ်ကိုလည်း LIFT၏ ရခိုင်ပြည်နယ်၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန် MCCT အစီအစဉ်များမှ ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံကာ တည်ဆောက်ခဲ့သည်။ ချင်းပြည်နယ်၏ ဝေးလံခေါင်ဖျားသော တောင်ပေါ်ဒေသ အနေထားကြောင့် ငွေကြေးထောက်ပံ့ရေးအတွက် စိန်ခေါ်မှု အခက်အခဲများ ရှိနေသည်။ သို့သော် ၂၀၁၇ နှစ်ကုန်တွင် ကနဦး စစ်တမ်း ကောက်ယူပြီးစီးကာ အမျိုးသမီးများကို မှတ်ပုံတင်ထားပြီး ပထမအကြိမ် ထောက်ပံ့ငွေကို ရရှိခဲ့ကြသည်။

## LIFT သည် အရှုံးမှ သင်ယူသည်။

စီမံချက်များ ကောင်းစွာ အလုပ်မဖြစ်သောအခါ LIFT သည် ပံ့ပိုးကူညီရန် ကြိုးစားအားထုတ်သည်။ သို့သော် စောစော ပိတ်သိမ်းခြင်းစသော ခက်ခဲသည့် ဆုံးဖြတ်ချက်များကိုမူ မရှောင်ရှားပေ။ ဥပမာအားဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ဆောင်ရွက်သည့် စီမံချက်တစ်ခုသည် စီမံချက်ကာလ အစောပိုင်းတွင် အရေးပါသည့် ဝန်ထမ်းများ ဆုံးရှုံးသောကြောင့် အခက်အခဲနှင့် ကြုံခဲ့ရသည်။ စီမံချက်အောင်မြင်ရေးတွင် ဝန်ထမ်းများ၏ကျွမ်းကျင်မှု သည် အချက်အချာကျလှပါသည်။ LIFTသည် ဝန်ထမ်းများကို ထပ်ခန့်ကာ ဆက်လက် အကောင်အထည်ဖော်ရန် စီမံချက် နှင့် အတူ ဆောင်ရွက်ခဲ့သည်။ သို့သော် ရည်မှန်းထားသည့် ကျွမ်းကျင်မှုများ၊ လူများ မရသောကြောင့် စီမံချက်သည် များစွာ အထိနာခဲ့သည်။ နောင်ကာလတွင် LIFTသည် အလားတူ အခက်အခဲများနှင့် ကြုံပါက စီမံချက်များကို ရပ်တန့်မည် ဖြစ်သည်။အဆိုပါ စီမံချက်သည် ၂၀၁၇တွင် အချိန်မတန်ဘဲ ပိတ်သိမ်းခဲ့ရသည်။







# တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း မူဘောင်(MEAL)




LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ(ToC)
LIFT ၏ ယုတ္တိဗေဒ မူဘောင်
LIFT ၏ အကဲဖြတ်သင်ယူသည့် မေးခွန်းများ (ELQ)
IP ၏ လေ့လာစောင့်ကြည့်မှု အစီရင်ခံစာများ
HHS၊ အကဲဖြတ်ချက်၊ အထူးလေ့လာချက်

ဒေသအလိုက် ToC
ဒေသအလိုက် ELQ မေးခွန်းများ
အကဲဖြတ်ချက်၊ အထူးလေ့လာချက်

စီမံချက် ToC
စီမံချက်တိုင်းတာမှု မူဘောင်များ
စီမံချက် ELQ
လေ့လာစောင့်ကြည့်မှု အစီရင်ခံစာများ ၊
ကွင်းဆင်းခြင်း၊ အကဲဖြတ်ချက်
အထူးလေ့လာမှုများ

ပုံတွင် အဆင့်များ အချင်းချင်း ဆက်သွယ်ပုံ နှင့် အဆင့်တိုင်းရှိ MEAL၏ အစိတ်အပိုင်းများကို ဖော်ပြထားသည်။
LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီကို နောက်ဆက်တွဲ ၉.၈ တွင် ကြည့်ရှုနိုင်ပါသည်

*MEAL (Monitoring and Evaluation for Accountability and Learning)

*ToC (Theory of Change)

*ELQ (Evaluation & Learning Questions)

◀ ပုံ ၂.၁
MEAL မူဘောင်၏ ခြုံငုံ ဖော်ပြချက်

၂

# အကျိုးရလဒ်များ

၂.၁

## နိဒါန်း

၂၀၁၄-၂၀၁၈ ၏ အစိတ်အပိုင်းအဖြစ်ဖြင့် LIFT သည် တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့် စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်း မူဘောင် (MEAL) ကို အောက်ပါ တာဝန်များဖြင့် ရေးဆွဲထားသည်-

တာဝန်ခံယူမှုရှိခြင်း (သက်သေပြခြင်း)

မည်သည့် လုပ်ဆောင်ချက်များသည် မည်သည့် အကျိုးရလဒ် နှင့် ပန်းတိုင်များကို ဦးတည်နေပြီး မည်သို့ ငွေကြေးကုန်ကျရကျိုးနပ်စွာ ထိထိရောက်ရောက် ရှိလှကြောင်းကို ပြသသည်။

အထောက်အထား အခြေပြုသင်ယူခြင်း (တိုးတက် ကောင်းမွန်စေခြင်း)

မည်သည့် မဟာဗျူဟာများ၊ လုပ်ဆောင်ချက်များ၊ ချဉ်းကပ်ပုံများ၊ လုပ်ငန်းများသည် သက်ဆိုင်ရာ အခြေအနေတွင် ထိရောက်မှု ရှိမရှိ၊ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ဟူသော အသိအမြင်၊ အထောက် အထားတို့ကို တည်ဆောက်ပြီး ယင်းတို့ကို အစီအစဉ်၏ ဒီဇိုင်း နှင့် အကောင်အထည်ဖော်မှုတို့ကို တိုးတက် ကောင်းမွန်စေရန်အတွက် အသုံးပြုသည်။

မူဝါဒရေးဆွဲ အကောင်အထည်ဖော်မှုများတွင် ထောက်ပံ့ခြင်း (ပံ့ပိုးဆောင်ရွက်ခြင်း)

အစိုးရ၏မူဝါဒများရေးဆွဲခြင်း၊ အစိုးရ၏ အစီအစဉ်များ ကို ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်း တို့တွင် အထောက်အပံ့ ဖြစ်ရန် မူဝါဒကို လည်းကောင်း၊ ကျင့်သုံးမှု နှင့် စပ်လျဉ်းသော အထောက်အထားတို့ကို လည်းကောင်း ပြုစုသည်၊ အသုံးပြုသည်။

အထက်ပါတာဝန်များကို ဖြည့်ဆည်းရန်အတွက် LIFT၏ MEAL မူဘောင်တွင် အောက်ပါ အဆင့် သုံးဆင့် ပါရှိသည်-

LIFT ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး

ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် သက်ဆိုင်ရာ ယုတ္တိဗေဒ မူဘောင်အရ သတ်မှတ်ထားသော အညွှန်းများကို အခြေခံကာ LIFTအဆင့် အကဲဖြတ်ခြင်း သင်ယူခြင်း မေးခွန်း (Evaluation and Learning Questions -ELQ)များကို ဖြေကြားခြင်းဖြင့် LIFT ၏ လက်ရှိ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ (Theory of Change-ToC) အတိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

ဒေသအလိုက် အစီအစဉ်များ

ဒေသအလိုက် အစီအစဉ်များတွင် LIFT၏အစီအစဉ် အဆင့် နှင့် တာဝန်အဆင့်အကျိုးများ ရရှိအောင် မည်သည့် အစီအစဉ်အစိတ်အပိုင်းများကို မည်သို့ ပေါင်းစည်း ဆောင်ရွက်ရမည်ဟု အသေးစိတ် ဖော်ပြထားသောToCများ ရှိသည်။ ထို့ပြင် ဒေသ အလိုက် အစီအစဉ်များတွင် ယင်းတို့၏ စီမံချက်များ အထူးလေ့လာချက်များဖြင့် ဖြေကြားရမည့် အဓိက မေးခွန်းများပါဝင်သော အသေးစိတ် ELQ မေးခွန်းများ ရှိပါသည်။

စီမံချက်/မိတ်ဖက်အဖွဲ့များ

စီမံချက်များတွင် ဒေသအလိုက် အစီအစဉ်များမှ သက်ဆိုင်ရာ အခန်းကဏ္ဍကို မည်သို့ ဆောင်ရွက်ရမည်ဟု အသေးစိတ် ဖော်ပြထားသော ToC များ ရှိသည်။ ယင်းတို့တွင် ELQ မေးခွန်းများ ရှိသည့်ပြင် မည်သည့် အချက်အလက်ကို မည်သို့ ကောက်ယူရမည် ဟု အသေးစိတ် ဖော်ပြထားသော တိုင်းတာရေး စီမံချက်လည်း ရှိသည်။

၂.၂

## LIFT ၏ ယုတ္တိဗေဒမူဘောင်

ရန်ပုံငွေဘုတ်အဖွဲ့ အဖွဲ့ဝင်များ၊ LIFT နှင့် မိတ်ဖက်အဖွဲ့ ဝန်ထမ်းများ၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ နှင့်တိုင်ပင်ကာ LIFT သည် ၂၀၁၄-၂၀၁၈ မဟာ ဗျူဟာနှင့် ကိုက်ညီစေရန် ယုတ္တိဗေဒ မူဘောင် ကို ပြန်လည် မွမ်းမံခဲ့သည်။ မဟာဗျူဟာနှင့် ယင်းနှင့် လိုက်လျော ညီထွေရှိသော ပြောင်းလဲမှုဆိုင်ရာ သီအိုရီ တို့ကို အခြေခံသည့် ယုတ္တိဗေဒမူဘောင်တွင် တာဝန်အဆင့်အကျိုး ဖော်ပြချက် လေးခုပါရှိသည်။ ယင်းတို့ကို အညွှန်း နှစ်ခု မှ လေးခုအထိဖြင့် သတ်မှတ်ကာ တိုင်းတာမှုများ ပြုလုပ်သည်။ ဤ တာဝန်အဆင့် အညွှန်းတို့သည် ဝင်ငွေအဆင့်၊ ဝင်ငွေ အမျိုးအမည်၊ ပစ္စည်းပိုင်ဆိုင်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ရိက္ခာဖူလုံမှု၊ အစားအသောက်အမျိုးအမည် စုံလင်မှု၊ ကလေးသူငယ် ပုညက်မှု၊ ပြည်သူ့ရေးရာ မူဝါဒ နှင့် ဘတ်ဂျက် ခွဲဝေမှု / သုံးစွဲမှု အပြောင်းအလဲ တို့ကို ဖော်ပြသည်။

ယုတ္တိဗေဒမူဘောင် အသစ်တွင် စီမံကိန်းအဆင့် ရလဒ် ဖော်ပြချက် ရှစ်ခု ပါရှိပြီး ယင်းတို့ကို လွှမ်းခြုံနိုင်မှု နှင့် ရလဒ်အဆင့် အညွှန်းတို့ ပါဝင်သည့် အညွှန်း နှစ်ခုမှ ခြောက်ခုအထိဖြင့် သတ်မှတ် တိုင်းတာသည်။ စီမံကိန်းအဆင့် အညွှန်းတို့သည်- တိုးတက်သော စိုက်ပျိုးရေးနည်းလမ်းများကို သုံးစွဲခြင်း၊ သီးနှံအထွက်တိုးခြင်း၊ လုပ်ငန်းထူထောင်ခြင်း၊ ငွေကြေးဝန်ဆောင်မှုများကို သုံးစွဲခြင်း၊ အမျိုးသမီးနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်ကို သိရှိခြင်း၊ ကလေးများအတွက် အစားအစာအမျိုးအမည် စုံလင်စွာ ရရှိမှု၊ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် ရေအရင်းအမြစ် ကောင်းမွန်မှု၊ မူဝါဒ ရေးဆွဲရေး အထောက်အကူပြု ဆွေးနွေးပွဲ အခမ်းအနားများ နှင့် စာအုပ်စာတမ်းများ ထုတ်ဝေခြင်းတို့ကို ဖော်ပြသည်။

၂.၃

## LIFT ၏ အညွှန်း ရလဒ် နှင့် ပြီးစီးမှုများ

၂၀၁၅-၂၀၁၈ ယုတ္တိဗေဒ မူဘောင်တွင် ပြုစုထားသည့် အညွှန်းကိန်းများ၊ ဦးတည်ချက်များ အတိုင်း LIFT ၏ အောင်မြင်ပြီးစီးမှုများကို ခြုံငုံတင်ပြထားသည်။ လွှမ်းခြုံနိုင်မှု အညွှန်းဆိုင်ရာ ကိန်းဂဏန်း အများစုကို မိတ်ဖက်အဖွဲ့များက ခြောက်လလျှင် တစ်ကြိမ်ကျ ပေးအပ်ကြသည်။ အောက်ပါအချက်အလက်များမှာ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ စုပေါင်း ဖော်ပြထားခြင်း ဖြစ်သည်။

ရလဒ်အညွှန်းဆိုင်ရာ ကိန်းဂဏန်းအများစုကို LIFT၏ ၂၀၁၇ ခုနှစ် အိမ်ထောင်စုစစ်တမ်းမှ ရယူ ထားပြီး ယင်းစစ်တမ်းကို အိမ်ထောင်စု ၆,၈၆၀ စုမှ ကောက်ယူထားသည်။ ၎င်းအိမ်ထောင်စုတို့၏ ၁၆%ကို

## အမျိုးသမီးများက ဦးစီးနေသည်။

သက်ဆိုင်သော ရလဒ်အညွှန်းအတွက် အိမ်ထောင်စု အရေအတွက်ကိုရရှိရန် အိမ်ထောင်စု စစ်တမ်း ရလဒ်ကိုအခြေခံကာ ၂၀၁၇ ခုနှစ်အတွင်း LIFT ၏ ပံ့ပိုးမှုများ ရောက်ရှိခဲ့သော အိမ်ထောင်စု အရေအတွက်ဖြင့် ခန့်မှန်းတွက်ချက်ခဲ့သည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်မှာ လျင်မြန်စွာ တိုးချဲ့လာရာ ၂၀၁၇ ခုနှစ် အိမ်ထောင်စု စစ်တမ်း ကောက်ယူ ရာတွင် နမူနာအရွယ်အစား နှင့် နမူနာရွေးချယ်ချက်တို့ကို နှစ်ဆတိုးခဲ့သည်။ ထို့ကြောင့် စစ်တမ်းရလဒ်ကို ဒေသအလိုက် ပင်မ စီမံကိန်းနယ်မြေ (အလွှာ၁)နှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုလုပ်ငန်း သက်သက်ကိုသာ ဆောင်ရွက်သော နိုင်ငံတဝန်းရှိ စီမံကိန်းနယ်မြေ(အလွှာ၂)ဟု နှစ်မျိုး သတ်မှတ်ပြီး ၎င်းအလွှာတစ်ခုစီ အလိုက် ပံ့ပိုးမှုရောက်ရှိသည့် အိမ်ထောင်စု အရေအတွက် ဖြင့် တိုင်းတာသည်။ အလွှာ၁ နှင့် အလွှာ၂မှ အောင်မြင်ပြီးစီးမှုတို့ကို ပေါင်းကာ ၂၀၁၇ ခုနှစ်အတွက် ပြီးစီးမှုအဖြစ် သတ်မှတ်သည်။ တဖန် ယင်းကို ၂၀၁၀-၂၀၁၆ခုနှစ် အတွက် ပြီးစီးမှု နှင့် ပေါင်းသည်။ ၂၀၁၇ခုနှစ်အတွက် အလွှာ၁ အိမ်ထောင်စုအရေအတွက်မှာ ၁၇၆,၉၉၈ ရှိပြီး[5] အလွှာ၂မှ အိမ်ထောင်စု အရေအတွက်မှာ ၁,၄၁၄,၂၀၆ရှိသည်။[6]အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စု အရေအတွက်ကို အညွှန်းတစ်ခုအဖြစ် ရရှိရန် ကျား/မ ခွဲခြားသော စစ်တမ်း ကိန်းဂဏန်း အဖြစ်၂၀၁၇ခုနှစ်အတွက် စုစုပေါင်း အိမ်ထောင်စု အရေအတွက်၏ ၁၆ ရာခိုင်နှုန်းကို ခန့်မှန်း တွက်ချက် ခဲ့သည်။[7] အိမ်ထောင်စုဦးရေကို လူဦးရေအဖြစ် ပြောင်းလဲရန် ၄.၄ ဖြင့်မြှောက်သည်။ ယင်းသည် ၂၀၁၄ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းအရ အိမ်ထောင်စု တစ်စုရှိ ပျမ်းမျှလူဦးရေဖြစ်ကာ LIFT ကလည်း အလားတူ လက်ခံထားသည်။

LIFT၏ အစီအစဉ်/စီမံကိန်းများ အလိုက် ကွာခြားချက်ကို သိရှိနိုင်ရန်နှင့် အမှတ် သို့မဟုတ် အဆင့် တစ်ခုပါရှိသော အညွှန်းများ အတွက် ၂၀၁၅ ခုနှစ်(အခြေခံမျဉ်း/ကနဦးစစ်တမ်း) နှင့် ၂၀၁၇ ခုနှစ်တို့ အတွက် ပျမ်းမျှ ရာခိုင်နှုန်းကို အချင်းချင်း နှုတ်ကာ ရလာသော ခြားနားချက်ကို ၂၀၁၇ခုနှစ်တွင် လွှမ်းခြုံခဲ့သော အိမ်ထောင်စု အရေအတွက်ဖြင့် ခန့်မှန်းတွက်ချက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရန် ၂၀၁၅ ခုနှစ် ကနဦးစစ်တမ်းရလဒ်သည် ၂၀၁၇ခုနှစ် အိမ်ထောင်စု စစ်တမ်းတွင် အသစ်ကောက်ယူခဲ့သော နယ်မြေဒေသများကိုလည်း အကျုံးဝင်သည်ဟု ယူဆသည်။

၅။ အလွှာ ၁ ရောက်ရှိမှုတွင် LIFT၏ နယ်မြေအလိုက် အစီအစဉ်များက ရောက်ရှိသည့် အိမ်ထောင်စုများအပြင်၊ ငွေကြေးအရာတွင် အားလုံးပါဝင်စေမှု နှင့် ယခင် သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း အစီအစဉ်များ၏ ဆောင်ရွက်ဆဲ စီမံချက်တို့က ရောက်ရှိသည့် အိမ်ထောင်စုများ ပါဝင်သည်။ အလွှာ ၁ LIFT ရန်ပုံငွေ ပံ့ပိုးထားသော အားဖြည့်ဆန် ရရှိသည့် အိမ်ထောင်စုများ မပါဝင်ပါ။ LIFT၏ ရွှေ့ပြောင်းသွားလာရေး စီမံချက်ဂုစတွင် အလွှာ ၁ ရောက်ရှိမှုတွင် LIFTပံ့ပိုးသည့် အသက်မွေးမှုသင်တန်း တက်ရောက်သူများသာ ပါဝင်သည်။ ဤပါဝင်မှု စံနှုန်းမှာ LIFT၏ TOC ကို အခြေခံထားကာ၊ မည်သည့် အစီအစဉ်မှ အကျိုးခံစားရသူများ ပါဝင်သည်ကို ဆုံးဖြတ်ကာ ထပ်မထပ်ကို ခန့်မှန်းထားသည်။

၆။ နှစ်ထပ်ပြန် မရေတွက်မိရန် အလွှာ၂တွင်၂၀၁၇လက်ရှိ အသေးစားငွေကြေးလုပ်ငန်း ငွေစု/ချေးသူများမှ အလွှာ ၁ အကျိုးခံစားရသူများကို နှုတ်ထားသည့် အရေအတွက်ကိုသာ ထည့်သွင်းထားသည်။

၇။ တွက်ချက်ရာတွင် သင့်လျော်သည့် အလေးကဲမှုကို အသုံးပြုထားသည်။

# တာဝန်အဆင့် အညွှန်းများ

တာဝန်။ မြန်မာ့ကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာအဆင့်အတန်းကို မြှင့်တင်ရန်အတွက် ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ရိက္ခာဖူလုံမှုတို့ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန်

## အကျိုးရလဒ် ၁

### ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၁.၁။ ဝင်ငွေတိုးလာသော LIFT အိမ်ထောင်စု အရေအတွက် | ၄၉၁,၁၆၄<br>မ ၆၇,၅၇၅<br>ကျား ၄၂၃,၅၈၉ | ၃၁၅,၀၇၇<br>မ ၄၁,၅၁၉<br>ကျား ၂၇၃,၅၅၈ | ၈၀၆,၂၄၁<br>မ ၁၀၉,၀၉၄<br>ကျား ၆၉၇,၁၄၇ | ၅၀၀,၀၀၀ | ၁၆၁ | HHS |
| ၁.၂။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင် ရောက်နေသော LIFT အိမ်ထောင်စု အရေအတွက် | မရှိ | ၁၃.၇%*<br>မ ၂၈.၃၅%<br>ကျား ၁၀.၈% | မရှိ | ၂၀% | ၁၃၅ | HHS |

▲ ဇယား ၂.၁
တာဝန်အဆင့်အညွှန်းများ
အကျိုးရလဒ် ၁

*ယာယီသာဖြစ်သည်၊ အခြားဒေတာရင်းမြစ်များဖြင့် အတည်ပြုနေဆဲ ဖြစ်သည်။

HHS
LIFT Household Survey

| ကန်ဒေါ်လာ ၁.၉ အောက်ရှိ အိမ်ထောင်စု % | |
|---|---|
| ၂၀၁၅ | ၁၇.၉<br>မ ၃၁.၅<br>ကျား ၁၅.၂ |
| ၂၀၁၇ | ၁၃.၇<br>မ ၂၈.၃၅<br>ကျား ၁၀.၈ |

### ၁.၁ ။ ဝင်ငွေတိုးလာသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၇ ခုနှစ်တွင် LIFT၏ စီမံကိန်း နယ်မြေဒေသ အသစ်များတွင် ယခင်နှစ်အတွင်း အိမ်ထောင်စု ၁၇ ရာခိုင်နှုန်းခန့်က ဝင်ငွေ တိုးလာသည်ဟု စစ်တမ်းတွင် တင်ပြကြသည်။ အလှ္ဟာ ၁နှင့် အလှ္ဟာ ၂တို့ကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၃၁၅,၁၀၀ ဟု ခန့်မှန်းသည်။ အမျိုးသားဦးစီးသည့် အိမ်ထောင်စုများ၏ ၁၈ ရာခိုင်နှုန်းက ဝင်ငွေ တိုးတက်လာသော်လည်း အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုတို့၏ ဝင်ငွေ တိုးတက်မှုမှာ ၁၄ ရာခိုင်နှုန်းသာရှိသဖြင့် အိမ်ထောင်ဦးစီး ကွာခြားသည့်အတိုင်း အတန်အသင့် ကွာခြားမှု ရှိကြောင်း တွေ့ရသည်။

LIFT ၏ အစီအစဉ်နယ်မြေ အဟောင်းများမှ ၂၀၁၇ ခုနှစ် အတွင်း ဝင်ငွေတိုးတက်ကြောင်း တင်ပြကြသော အိမ်ထောင်စု အရေအတွက်တို့ကိုပါ ပေါင်းစပ်ပါက LIFT သည် စုစုပေါင်း အိမ်ထောင်စု ၈၀၆,၀၀၀ ကို ဝင်ငွေတိုးစေခဲ့သည်၊ သို့မဟုတ် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၆၁ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

### ၁.၂ ။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင် ရောက်နေသောLIFTအိမ်ထောင်စု အရေအတွက်

ယခင်က LIFT၏ ယုတ္တိမူဘောင်တွင် မပါဝင်ခဲ့သော်လည်း LIFT သည် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် တနေ့လျှင် ကန်ဒေါ်လာ ၁.၂၅ ဒေါ်လာနှုန်းကို အခြေခံကာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း ခန့်မှန်းချက်ကို တိုင်းတာခဲ့သည်။ ယခုအခါ ကမ္ဘာ့ဘဏ်၏ သတ်မှတ်ချက်အသစ်ဖြစ်သော တနေ့လျှင် ကန်ဒေါ်လာ ၁.၉၀ ဖြင့် တိုင်းတာသည်။ ထို့ပြင် ကမ္ဘာ့ဘဏ် နှင့် အစိုးရ က အသုံးပြုသောနည်းကို အတတ်နိုင်ဆုံးနီးစပ်အောင် ပြင်ဆင်ကာ တွက်ချက်ထားသည်။ ငွေဖောင်းပွနှုန်းနှင့် ချိန်ညှိကာ ၂၀၁၅ နှင့် ၂၀၁၇ ခုနှစ်များအတွက် အတွက် ပြန်လည်တွက်ချက်ခဲ့သည်-

ဇယားတွင် ဖော်ပြထားသည့်အတိုင်း ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင်ရှိနေသော အိမ်ထောင်စုမှာ ၂၀၁၅ ခုနှစ်တွင် ၁၇.၉ မှ၊ ၂၀၁၇ ခုနှစ်တွင် ၁၃.၇ သို့ ၄.၂ ရာခိုင်နှုန်း ကျဆင်းလာသည်။ဤနှစ်နှစ်လုံးတွင် ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်ရှိ အိမ်ထောင်စု ရာခိုင်နှုန်း ကျဆင်းသွားသည့်တိုင် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုသည် အမျိုးသားဦးစီးသည့် အိမ်ထောင်စုထက် သိသာစွာ အချိုးအဆများနေသည်ကို တွေ့ရသည်။ ထိုသို့ ယေဘုယျကျဆင်းမှုကြောင့် LIFT သည် ဤအညွှန်းတွင် ၂၀၁၇ ရည်မှန်းချက်၏ ၁၃၅% ကို ရရှိခဲ့သည်။ ဤတွေ့ရှိချက်များကို ၂၀၁၇ ခုနှစ် LIFT၏ အိမ်ထောင်စု စစ်တမ်းနှင့် ဝင်ငွေနှင့် ပိုင်ဆိုင်မှု စစ်တမ်းတို့တွင် အပြည့်အဝ ထပ်မံကောက်ယူမည် ဖြစ်သည်။

## အကျိုးရလဒ် ၂

### ဆင်းရဲသော ကျေးလက် အိမ်ထောင်စုများ ချောက်ချားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါကကြံ့ကြံ့ခံနိုင်ခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၂.၁။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFTအိမ်ထောင်စု အရေအတွက် | ၅၂၂,၃၃၃<br>မ ၇၂,၀၀၄<br>ကျား ၄၅၀,၂၂၉ | ၂၃၆,၀၇၂<br>မ ၃၅,၈၁၂<br>ကျား ၂၀၀,၂၆၀ | ၇၅၈,၃၀၅<br>မ ၁၀၇,၈၁၆<br>ကျား ၆၅၀,၄၈၉ | ၅၄၀,၀၀၀ | ၁၄၀ | HHS |
| ၂.၂။ ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စုအရေအတွက် | မရှိ | ၃၄၂,၁၀၉ | ၃၄၂,၁၀၉ | ၁၀၀,၀၀၀ | ၃၄၂ | HHS |
| ၂.၃။ ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်း နိုင်သည့် လူဦးရေ | ၁,၉၆၆,၀၁၂<br>မ ၂၂၆,၉၂၁<br>ကျား ၁,၇၃၉,၀၉၁ | ၁,၇၇၈,၁၂၇<br>မ ၂၄၇,၆၇၆<br>ကျား ၁,၅၃၀,၄၅၁ | ၃,၇၄၄,၁၃၉<br>မ ၄၇၄,၅၉၇<br>ကျား ၃,၂၆၉,၅၄၂ | ၂,၂၀၀,၀၀၀ | ၁၇၀ | HHS |

### ၂.၁ ။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၇ ခုနှစ်တွင် အလွှာ ၁ မှရလဒ် နှင့် အလွှာ၂မှ ရလဒ်ကို ပေါင်းလိုက်ပါက ၁၃ ရာခိုင်နှုန်း ရှိသော စစ်တမ်း ကောက်ယူရာတွင် ပါဝင်ခဲ့ကြသည့် အိမ်ထောင်စုများက လွန်ခဲ့သော ၁၂ လအတွင်းတွင် ယင်းတို့၏ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသည်ဟု တင်ပြကြသည်။ အလွှာ ၁ နှင့် အလွှာ ၂တို့ကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၂၃၆,၀၀၀ ဟု ခန့်မှန်းရသည်။ ယင်းတွင် အမျိုးသားဦးစီး အိမ်ထောင်စုတို့၏ ၁၄ရာခိုင်နှုန်းက ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော်လည်း အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုတို့၏ ၁၁ ရာခိုင်နှုန်းကသာ ပစ္စည်း ပိုင်ဆိုင်မှု တိုးတက်လာကြောင်း တွေ့ရသည်။

LIFT ၏ ယခင် စီမံကိန်းနယ်မြေဒေသများမှ ပြီးစီးမှုကိုပါ ပေါင်းစပ်ပါက LIFT သည် စုစုပေါင်း အိမ်ထောင်စု ၇၆၀,၀၀၀ ကို ပစ္စည်းပိုင်ဆိုင်မှု တိုးစေခဲ့သည်၊ ယင်းသည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၄၀ ရာခိုင်နှုန်း ဖြစ်သည်။

### တာဝန်အဆင့်အညွှန်း၂.၂။ဝင်ငွေရလမ်း များပြားလာသော LIFTအိမ်ထောင်စု အရေအတွက်

ဝင်ငွေရ လမ်းများပြားမှုသည် အိမ်ထောင်စုများ ကြံ့ကြံ့ခံနိုင်ရေး နှင့် ဝင်ငွေတိုးလာရေးအတွက် အရေးပါသည့် အချက်တစ်ချက် ဖြစ်သည်။ ဝင်ငွေရလမ်းများပြားမှုတိုင်းသည် တိုးတက်မှုကို ထင်ဟပ်နေသည် မဟုတ်ပေ။ သို့သော် ယေဘုယျ အားဖြင့် ဝင်ငွေရလမ်း များပြားလာမှု နှင့် ထိခိုက်လွယ်ခြင်း နှင့် ကြံ့ကြံ့ခံနိုင်လာခြင်းတို့ အပေါ် အပြုသဘောဆောင်သည့် အပြောင်းအလဲ များ ဖြစ်မှုတို့သည် အခိုင်အမာ ဆက်စပ်နေသည်။ LIFT၏ အိမ်ထောင်စု စစ်တမ်းတွင် ဝင်ငွေရလမ်းများပြားမှုကို Simpson၏ များပြားမှုအညွှန်းကို မွမ်းမံပြင်ဆင်ကာ တိုင်းတာသည်။ တိုင်းတာရာတွင် ဝင်ငွေရလမ်း အရေအတွက် ကိုသာမက မည်သည့် ငွေဝင်လမ်းမှ မည်မျှလောက် ငွေဝင်လာသည်ကိုပါ တိုင်းတာသည်။ ထိုကြောင့် ဝင်ငွေ၏ ၆၀%ကို စိုက်ပျိုးရေးမှ၊ ၂၀%ကို အိမ်ဆိုင်မှ၊ ၂၀%ကို ပြန်လွှဲပို့ငွေမှ ရရှိသော အိမ်ထောင်စုသည် ဝင်ငွေ၏ ၉၀%ကို စိုက်ပျိုးရေးမှ၊ ၁၀%ကို ပြန်လွှဲပို့ငွေမှ ရရှိသော အိမ်ထောင်စုထက် ပို၍ လိုလားဖွယ် အညွှန်းဖြစ်သည်။ အညွှန်းကို ဝမှ ၁၀အထိ ပြထားသည်၊ ကိန်းဂဏန်း ကြီးလေလေ၊ ဝင်ငွေလမ်း များလေလေဖြစ်သည်။

၂၀၁၅ နှင့် ၂၀၁၇ တို့တွင် ကနဦး တိုင်းတာခဲ့သော ဝင်ငွေရလမ်း များပြားမှုကို နှိုင်းယှဉ်ကြည့်ပါက ၀.၃၄ မှ ၀.၄၂ သို့ တိုးတက်လာသည်။ အိမ်ထောင်စု ထက်ဝက်ကျော်သည် အသက်မွေးမှုလုပ်ငန်း အမျိုးအမည် များပြားလာသည်ကို မြင်ကြရသည် (၅၁%)၊ သုံးပုံတစ်ပုံအောက်သည် အသက်မွေးမှု လုပ်ငန်းအမျိုးအမည် လျော့သွားသည်ကို မြင်ကြ ရသည် (၂၉%)၊ ထိုကြောင့် ယေဘုယျအားဖြင့် အသားတင် ၂၁.၅% တိုးတက်လာသည်။ အလွှာ၁ ကိုရော အလွှာ၂ကိုပါ ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၃၄၂,၁၀၀ သည် ၂၀၁၅ခုနှစ်ကထက် အသက်မွေးမှု အမျိုးအမည် များပြားလာသည်။ ထိုကြောင့် LIFT သည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၃၄၂ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ပဏာမ ဆန်းစစ်ချက်အရ LIFT၏ လုပ်ငန်းများနှင့် ထိတွေ့ခဲ့သော အိမ်ထောင်စု များသည် ကောင်းမွန်သည့် ဝင်ငွေရလမ်းများပြားမှုကို တွေ့ကြုံရဖွယ်ရှိကြောင်း ပြသနေသည်။ ယင်းဆန်းစစ် ချက်ကို ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် ထိခိုက်လွယ်မှုကို အသေးစိတ်လေ့လာသည့် စစ်တမ်းအဖြစ် ထပ်မံ လေ့လာသုံးသပ်မည် ဖြစ်သည်။

### ၂.၃။ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင် ဖြေရှင်း နိုင်သည့် လူဦးရေ

LIFT ၏ လက်ရှိ ယုတ္တိဗေဒ မူဘောင်အရ အပြင် DFID ၏ အပြည်ပြည်ဆိုင်ရာ ရာသီဥတုရန်ပုံငွေ (International Climate Fund -ICF)မှ ငွေကြေး လက်ခံရရှိခြင်းကို အသိအမှတ်ပြုလျက် LIFTသည် 'ကြံ့ကြံ့ခံနိုင်မှု စွမ်းရည် ပိုမိုမြင့်မားလာပြီး ရင်ဆိုင် ဖြေရှင်းနိုင်မှု တိုးတက်လာသည့် လူဦးရေ' ဟူသော အညွှန်းတစ်ခုကို ထည့်သွင်းခဲ့သည်။ LIFT သည် ဤအညွှန်းကိုတိုင်းတာရာတွင်- လွန်ခဲ့သော ၁၂လ အတွင်း ဝင်ငွေ တိုးခြင်း/လျော့ခြင်း၊ စားနပ်ရိက္ခာ/ ပစ္စည်း ရရှိခြင်း/မရရှိခြင်းတို့ကို ပေါင်းစပ်ထားသော အညွှန်းကိန်းဖြင့် တိုင်းတာသည်။ ၂၀၁၇ ခုနှစ်တွင် စစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သည့် အိမ်ထောင်စု ၂၃ ရာခိုင်နှုန်းက လွန်ခဲ့သော၁၂လအတွင်း ကြံ့ကြံ့ ခံနိုင်မှု တိုးတက် လာသည်။ ယင်းကို ၂၀၁၇ ခုနှစ်တွင် လွှမ်းခြုံနိုင်ခဲ့မှုကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၄၀၄,၀၀၀ သို့မဟုတ် လူဦးရေ ၁.၈ သန်းခန့် ဖြစ်သည်။ LIFT၏ ယခင်ပြီးစီးမှုများကိုပါ ပေါင်းလိုက်ပါက လူ၃.၇ သန်း သည် လွန်ခဲ့သော ၁၂လ အတွင်း ကြံ့ကြံ့ခံနိုင်မှု တိုးတက်ခဲ့သည်၊ ဆက်လက် တိုးတက်လျက်ရှိသည်။ ထိုကြောင့် LIFTသည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၁၇၀ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ သို့သော် ၂၀၁၆ကထက် နည်းသည့်တိုင် အမျိုးသားဦးစီးသည့် အိမ်ထောင်စုတို့၏ ၂၄ ရာခိုင်နှုန်း တိုးတက်လာသော်လည်း အမျိုးသမီးဦးစီး အိမ်ထောင်စုတို့၏ တိုးတက်မှုမှာ ၁၉ ရာခိုင်နှုန်းသာ ရှိသဖြင့် သိသာစွာ ကွာခြားနေဆဲဖြစ်သည်။

▲ ဇယား ၂.၂
တာဝန်အဆင့်အညွှန်းများ
အကျိုးရလဒ် ၂

HHS
LIFT Household Survey

## အကျိုးရလဒ် ၃

### အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၃.၁။ လက်ခံနိုင်ဖွယ်ရှိသောရိက္ခာ အမျိုးအမည်စုံလင်စွာ ရရှိသော LIFT အိမ်ထောင်စု အရေအတွက် | ၃၂၅,၇၂၃<br>မ ၆၅,၃၁၆<br>ကျား ၂၆၀,၄၀၇ | ၁၀၆,၂၄၂<br>မ ၁၁,၀၀၈<br>ကျား ၉၅,၂၃၄ | ၄၃၁,၉၆၅<br>မ ၇၆,၃၂၄<br>ကျား ၃၅၅,၆၄၁ | ၃၆၀,၀၀၀ | ၁၂၀ | HHS |
| ၃.၂။ ၁၂လတာ အစားအစာ လုံလောက်မှု LIFT အိမ်ထောင်စု အရေအတွက် | ၄၉၂,၄၃၅<br>မ ၁၀၅,၀၂၃<br>ကျား ၃၈၇,၄၁၂ | ၀ | ၄၉၂,၄၃၅<br>မ ၁၀၅,၀၂၃<br>ကျား ၃၈၇,၄၁၂ | ၅၂၀,၀၀၀ | ၉၅ | HHS |
| ၃.၃။ LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှုရာခိုင်နှုန်း | မရှိ | ၂၂%* | မရှိ | ၂၇% | ၁၂၀ | HHS |
| ၃.၄။ လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ်အောက် ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား | မရှိ | ၁၇.၄% | မရှိ | ၁၇% | ၉၈ | HHS |

▲ ဇယား ၂.၃
တာဝန်အဆင့်အညွှန်းများ
အကျိုးရလဒ် ၃

*ယာယီသာဖြစ်သည်၊ အခြားဒေတာရင်းမြစ်များဖြင့် အတည်ပြုနေဆဲ ဖြစ်သည်။

HHS
LIFT Household Survey

### ၃.၁။ လက်ခံနိုင်ဖွယ် ရှိသော ရိက္ခာ အမျိုးအမည် စုံလင်စွာရရှိသည့် LIFTအိမ်ထောင်စု အရေအတွက်

၂၀၁၅ခုနှစ်မှ စတင်ကာ LIFTသည် ပျမ်းမျှရိက္ခာ အမည်စုံမှု ရမှတ်အစား ရိက္ခာနှင့် အာဟာရ နည်းပညာ အထောက်အကူ စီမံချက် (Food and Nutrition Technical Assistance - FANTA)က သတ်မှတ်ထားသည့် ထိပ်ပိုင်းတတိယ ဝင်ငွေအုပ်စု၏ ပျမ်းမျှရမှတ် ဖြစ်သော လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမည်စုံမှု ရမှတ်အဖြစ် ပြောင်းလဲကာ တိုင်းတာလာခဲ့သည်။ ၂၀၁၅ ခုနှစ် LIFT အိမ်ထောင်စု စစ်တမ်းအရ ယင်းရမှတ်မှာ ၆ နှင့်အထက် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် စစ်တမ်းကောက်ခံ အိမ်ထောင်စု ၇၀ရာခိုင်နှုန်း၏ ရမှတ်မှာ ၆နှင့်အထက် ဖြစ်၍ ၂၀၁၅ ခုနှစ်က ၆၄ ရာခိုင်နှုန်း နှင့် နှိုင်းယှဉ်ပါက လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမည်စုံမှုပင် ဖြစ်သည်။ ယင်းကို ၂၀၁၇ ခုနှစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက တိုးတက်မှုမှာ အိမ်ထောင်စု ၁၀၆,၀၀၀ခန့် ဖြစ်သည်။ ၂၀၁၆ ခုနှစ် အတွင်း ရရှိမှုတို့ကိုပါ ပေါင်းစပ်ပါက စုစုပေါင်း ၄၃၂,၀၀၀ ခန့် ဖြစ်သည်။ သို့မဟုတ် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၂၀ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

### ၃.၂။ ၁၂လတာ အစားအစာလုံလောက်မှု LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း LIFT၏ စီမံကိန်းနယ်မြေဒေသများအတွင်း၌ စစ်တမ်းကောက်ခံ အိမ်ထောင်စုများ ၏ ၁၂လလုံး ရိက္ခာဖူလုံမှုမှာ ၉၆မှ ၈၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ သို့သော် LIFT၏ စီမံကိန်း ဆောင်ရွက်မှု သက်တမ်းအတွင်း အိမ်ထောင်စု ၅၀၀,၀၀၀ ခန့်သည် ရိက္ခာဖူလုံမှု တိုးတက်ခဲ့သည်။ ယင်းသည် LIFT၏ ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၉၅ ရာခိုင်နှုန်း ဖြစ်သည်။ သို့သော် ဤလျော့နည်းမှုကို LIFT ၏ အာဟာရဆိုင်ရာ အသေးစိတ် လေ့လာမည့် စစ်တမ်းဖြင့် လေ့လာသုံးသပ်မည် ဖြစ်ပြီး အထူးသဖြင့် နယ်မြေအလိုက်၊ ရာသီအလိုက် ကွာခြားမှုကို အလေးထား ကြည့်ရှုမည်။

### ၃.၃။ LIFT ကျေးရွာများရှိ ၅ နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှု ရာခိုင်နှုန်း

၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှု ရာခိုင်နှုန်းသည် ထင်ရှားစွာ ကျဆင်းသွားခဲ့သည်။ LIFT စီမံကိန်း ဒေသများ အတွင်း ၂၀၁၃ ခုနှစ်တွင် ၃၂% ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင်၂၉%သို့ ကျခဲ့သည်။ သို့သော် LIFT စီမံကိန်း ဒေသသစ် များအတွင်းတွင်မူ ၂၀၁၅ ခုနှစ်တွင် ၂၇.၆% ရှိခဲ့ရာမှ ၂၀၁၇ခုနှစ်တွင်၂၂%သို့ ကျခဲ့သည်။ ဤနှုန်းဖြင့်ဆိုပါက LIFTသည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၂၀ရာခိုင်နှုန်းကို ရရှိခြင်းပင် ဖြစ်သည်။ သို့သော် ၂၀၁၇ခုနှစ် ရလဒ်မှာ ယာယီသာ ဖြစ်ပြီး အခြား အချက်အလက်များနှင့် ပြန်လည် အတည်ပြုရမည် ဖြစ်သည်။

### ၃.၄။ လွန်ခဲ့သော နှစ်ပတ်အတွင်း ၅ နှစ်အောက် ကလေးများဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား

LIFT၏ အိမ်ထောင်စုစစ်တမ်းအရ ဝမ်းပျက် ဝမ်းလျှောဖြစ်မှု အနည်းငယ် လျော့သွားသည်။ LIFT စီမံကိန်း ဒေသများအတွင်း ၂၀၁၅ ခုနှစ်တွင် ၂၀% ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၁၇.၄%သို့ ကျခဲ့သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၉၈ရာခိုင်နှုန်းကို ရရှိခြင်းပင် ဖြစ်သည်။ သို့သော် ဤလျော့နည်းမှုမှာ ၂၀၁၆ခုနှစ် Demographic Health Survey အရ ၁၀% ထက် များနေသေးရာ LIFT၏ အာဟာရဆိုင်ရာ အသေးစိတ် လေ့လာမည့် စစ်တမ်းဖြင့် လေ့လာ သုံးသပ်မည် ဖြစ်သည်။

## အကျိုးရလဒ် ၄

### ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထု အသုံးစရိတ်များ

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၄.၁။ LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား | ၂၀ | ၁၅ | ၃၅ | ၂၂ | ၁၅၉ | FMO, IPs |
| ၄.၂။ LIFTက ထောက်ပံ့သော လူထုကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှု အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား | ၅ | ၁၃ | ၁၈ | ၆ | ၃၀၀ | FMO, IPs |

▲ ဇယား ၂.၄ တာဝန်အဆင့်အညွှန်းများ အကျိုးရလဒ် ၄

FMO
Fund Management Office
IP
Implementing Partners

#### ၄.၁။ LIFT က ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒနှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား

၂၀၁၅ခုနှစ်မှစတင်ကာ LIFTသည် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး (Fund Management Office – FMO) အဆင့်နှင့် စီမံချက်များ အကောင်ထည်ဖော်သည့် မိတ်ဖက်အဖွဲ့ အဆင့်တွင်ပါ မိမိက ပံ့ပိုးနေသော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို ပြန်လည်လေ့လာသုံးသပ်ခဲ့သည်။ ၂၀၁၅ခုနှစ်ကတည်းက LIFTက ထောက်ပံ့ခဲ့သော အပြောင်းအလဲပေါင်း ၃၅ခု ရှိခဲ့သည်။ ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၁၅၉ရာခိုင်နှုန်းကို ရရှိခြင်းပင် ဖြစ်သည်။ ၂၀၁၇ခုနှစ် တစ်နှစ်တည်းတွင်ပင် FMOသည် ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ သုံးခုကိုလည်းကောင်း၊ မိတ်ဖက်အဖွဲ့များက ၁၂ခု ကိုလည်းကောင်း၈ ထောက်ပံ့ခဲ့သည်။ ဥပမာအားဖြင့် အောက်ပါတို့ ပါဝင်သည်-

<u>အာဟာရဆိုင်ရာ ကဏ္ဍစုံဖြင့် ချဉ်းကပ်နည်း။</u> အချက်အချာကျသော ဘဝအစ ပထမ ရက် ၁,၀၀၀ အတွင်း မိခင်နှင့် နို့စို့ကလေးတို့၏ အာဟာရတိုးတက်ရေးအတွက် ပြည်သူ့ဘဏ္ဍာမှ ပိုမိုရင်းနှီးမြှုပ်နှံပေးရန် LIFT က လှုံ့ဆော် ဆွေးနွေးေနသည်မှာကြာပြီဖြစ်သည်။ထို့ပြင် အာဟာရသည် ကျန်းမာရေးဆိုင်ရာ ကိစ္စသက်သက်သာမကဘဲ စိုက်ပျိုးရေး၊ ပညာရေး၊ လူမှုဖူလုံရေးတို့သည်လည်း အာဟာရကိုသက်ရောက်မှုရှိကြောင်း အသိအမှတ်ပြုထားသည့်အတွက် အာဟာရ ဆိုင်ရာ ရလဒ်ကောင်းများ ရရှိစေရန် ကဏ္ဍစုံမှ ချဉ်းကပ်ဖြေရှင်းရန်လည်း LIFT က လှုံ့ဆော် ဆွေးနွေးလျက်ရှိသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဘဝအစ ရက် ၁၀၀၀၏ အရေးပါမှုကို အသိအမှတ်ပြု လက်ခံပေးရာတွင် LIFT က အဓိက ထောက်ခံပါဝင်ခဲ့ပါသည်။ ထို့ပြင် ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် ဝန်ကြီးဌာနပေါင်းစုံ၏ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရန် ဆုံးဖြတ်ချက် ကိုလည်း ထောက်ခံအားပေးသည်။ LIFT သည် အာဟာရဆိုင်ရာ ဘက်စုံ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(MS–NPAN)ကို ပြုစုရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။

<u>ချင်းပြည်နယ်MCCT။</u> LIFT သည် လူမှုဝန်ထမ်း ဦးစီးဌာန (DSW) နှင့် ချင်းပြည်နယ် အစိုးရတို့နှင့် အတူ ဆက်လက်ပူးပေါင်းကာ ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း (MCCT) အစီအစဉ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည်။ ယင်းသည် DSW က ပြည်နယ်တစ်ခုလုံးအတွက် အကောင်အထည်ဖော်သည့် ပထမဆုံး MCCT အစီအစဉ် ဖြစ်သည်။ LIFT သည် ယူနီဆက်ဖ်၊ Save the Children တို့နှင့်အတူ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ (SBCC) လုပ်ငန်းအဖွဲ့ ထူထောင်ရန် DSW ကို ပံ့ပိုးကူညီလျက်ရှိသည်။ ယင်းတွင် အမျိုးသား အာဟာရဖွံ့ဖြိုးရေး သုတေသန ဦးစီးဌာန(NNC) နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာန (HLPU) တို့ပါဝင်ကြမည် ဖြစ်သည်။ LIFTသည် ယူနီဆက်ဖ်၊ Save the Children အဖွဲ့တို့နှင့်အတူ MCCT အစီအစဉ်အတွက် စောင့်ကြည့်လေ့လာ အကဲဖြတ်သုံးသပ်ရေး ကော်မတီကို ထူထောင်မည် ဖြစ်သည်။

<u>စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ(ADS)။</u> ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ကာ အာရှဖွံ့ဖြိုးရေး ဘဏ်(ADB)၊ ကုလသမဂ္ဂ စိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာ အဖွဲ့ (FAO)နှင့် LIFT တို့က စုစည်းပေးသော ပြည်တွင်း၊ ပြည်ပမှ အကြံပေးသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI)၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ(ADS) ရေးဆွဲရန် ပံ့ပိုး ကူညီခဲ့သည်။ အကြံပေးအဖွဲ့သည် MoALI၊ အခြား ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်ADS နှင့် ပတ်သက်သော အမြင်များကို ရရှိစေရန်၊ ဒေသအလိုက် စိုက်ပျိုးရေး စီမံချက်များနှင့် လိုက်လျောညီထွေ ရှိစေရန် ပြည်နယ် တိုင်းဒေသကြီးများအနှံ့ ဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရာတွင် LIFT က ပံ့ပိုး ကူညီခဲ့ကြသည်။ ယင်းသည် MoALI မှ ဆောင်ရွက်သည့် ပထမဆုံး အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်မှု ဖြစ်စဉ်ပင် ဖြစ်ပါသည်။

<u>ရပ်ရွာ တိရစ္ဆာန်ကျန်းမာရေးလုပ်သားမူဝါဒ။</u> LIFTက ပံ့ပိုးထားသော FAO မွေးမြူရေးစီမံချက်သည် ရပ်ရွာ တိရစ္ဆာန် ကျန်းမာရေး လုပ်သား (Community animal health worker - CAHW) မူဝါဒကို ရေးဆွဲရန် ကူညီခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့သည်။ မွေးမြူရေး နှင့် ကုသရေး ဦးစီးဌာနသည် CAHW တို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန် အမျိုးသားအဆင့် မူဝါဒလမ်းညွှန်ချက်ကို ရရှိခဲ့သည်။ ဤမူဝါဒကို အဓိကပတ်သက်ဆက်နွှယ်သူ အားလုံးက လက်ခံခဲ့ကြသည်။ ယခုအခါတွင် စီမံချက်သည် ဤမူဝါဒကို အကောင်အထည်ဖော်ရန် လမ်းညွှန်ချက်များ ပြုစုလျက်ရှိသည်။ FAOသည် ဤမူဝါဒကို ပြည်နယ် နှင့် တိုင်းဒေသကြီး ခုနစ်ခုရှိ ၂၈မြို့နယ်တို့သို့ တိုးချဲ့ခဲ့ရာ နိုင်ငံတဝှမ်းရှိ မူဝါဒ၏ သက်ရောက်မှုကို တိုင်းတာနိုင်မည် ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် မိတ်ဖက်အဖွဲ့ဦးစီးသည့် အခြား ပုဂ္ဂလိကကဏ္ဍ နှင့် အစီအစဉ် အပြောင်းအလဲများ

၈။ နှစ်ထပ်ပြန် မရေတွက်မိရန် FMO ရော IPများပါ အစိုးရကဏ္ဍမူဝါဒများ နှင့် အစီအစဉ်အပြောင်းအလဲတွင် အတူတူ ဆောင်ရွက်နေပါက အပြောင်းအလဲတိုင်းအတွက် တဦးတည်းကိုသာ ဖော်ညွှန်းသည်။

တွင် HelpAge အဖွဲ့၏ ဆောင်ရွက်မှုတစ်ခု ဖြစ်သော အမျိုးသားအဆင့် သက်ကြီးရွယ်အိုကော်မတီ (National Committee on Ageing - COA) လည်း ပါဝင်သည်။ အောက်တိုဘာလအတွင်း ကော်မတီ ပထမဆုံးအကြိမ် အစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ PATH က အမျိုးသား အဆင့် ဆန်အားဖြည့်ရေးမူဝါဒ ပထမအဆင့် မူကြမ်းကို ပြုစုနိုင်ခဲ့သည်၊ မြေယာမဏ္ဍိုင်အဖွဲ့ကလည်း အမျိုးသား မြေယာအသုံးချမှု ကောင်စီ တည်ထောင်ရာတွင် ပံ့ပိုးနိုင်ခဲ့ပြီး မြေသိမ်းဆည်းမှု အက်ဥပဒေကိုလည်း ပြန်လည် ပြင်ဆင်စေနိုင်ခဲ့သည်။

၄.၂။ LIFTက ထောက်ပံ့သော လူထုကဏ္ဍ/ ကျေးလက် ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက်ခွဲဝေမှု/သုံးစွဲမှု အပြောင်းအလဲ အရေအတွက်နှင့် အမျိုး အစား

မွမ်းမံထားသည့် ယုတ္တိဗေဒ မူဘောင်အရ ၂၀၁၅ခုနှစ်မှ စတင်ကာ LIFTသည် မိမိက ပံ့ပိုးထောက်ပံ့ခဲ့သော လူထုကဏ္ဍ/ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှု အပြောင်းအလဲ အရေအတွက်နှင့် အမျိုးအစားကို စာရင်းပြုစုကာ လေ့လာသုံးသပ်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှ စ၍ ထိုသို့သော အပြောင်းအလဲပေါင်း ၁၈ ခုကို ထောက်ပံ့နိုင်ခဲ့ပြီ ဖြစ်ရာ ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၃၀၀ရာခိုင်နှုန်းကို ရရှိခြင်းပင် ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် LIFT သည် စိုက်ပျိုးရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး နှင့် အာဟာရ ကဏ္ဍများတွင် လူထုကဏ္ဍ/ ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှုကို ဆက်လက် ဩဇာသက်ရောက်ခဲ့သည်။ ၂၀၁၇ ခုနှစ် တစ်နှစ်တည်း တွင်ပင် FMO သည် ဘတ်ဂျက်ဆိုင်ရာ အပြောင်းအလဲ ၄ခုနှင့် IP များက အပြောင်းအလဲ ၉ခုတို့ကို ပံ့ပိုးပေးခဲ့သည်။[၉] ဥပမာများတွင် အောက်ပါတို့ ပါဝင်သည်-

<u>အစိုးရ MCCT ငွေကြေးထောက်ပံ့ခြင်း။</u> ၂၀၁၇ ဧပြီလတွင် DSW သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် အတွက် စုစုပေါင်း ကျပ် ၇၇၄၅ သန်း (ကန်ဒေါ်လာ၅.၈သန်း)ကို ရခိုင်ပြည်နယ်တွင် MCCT အစီအစဉ် စတင်ရန် ရရှိခဲ့သည်။ ထို့ပြင် DSWသည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် စစ်ကိုင်းတိုင်း နာဂကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေတွင် MCCTအစီအစဉ် စတင်ရန် စုစုပေါင်း ကျပ်၅၃၆သန်း (ကန်ဒေါ်လာ၄၀၀,၀၀၀)ကို ရရှိခဲ့သည်။ DSWသည် LIFT ၏ ပံ့ပိုးမှုဖြင့် ချင်းပြည်နယ်တွင် ပြုစုခဲ့သော ပုံစံကို အခြေခံကာ MCCTအစီအစဉ် ကို ဒီဇိုင်းရေးဆွဲနေသည်။ အစိုးရသည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ချင်းပြည်နယ် MCCT အစီအစဉ်ကို မိမိဘဏ္ဍာငွေဖြင့် ထောက်ပံ့မည်။

<u>အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့်ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP)။</u> ၂၀၁၇ မတ်လတွင် GAFSP သို့ တင်သွင်းမည့် အစီအစဉ်ရန်ပုံငွေ အဆိုပြုလွှာပြုစုရာတွင်LIFTသည် နည်းပညာ အထောက်အကူ အမြောက်အမြား ပေးသည့် အပြင် ADB၊ FAO တို့နှင့်အတူ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ကာ MoALI ကို ပံ့ပိုးကူညီခဲ့သည်။မြန်မာ အစိုးရသည် GAFSP ထံမှ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၂၇သန်းကို ရရှိခဲ့သည်။ GAFSP စီမံချက်သည် အပူပိုင်းဇုန်မှ အမျိုးသမီးများ၊ မြေယာပိုင်ဆိုင်မှု မရှိသူများ သို့မဟုတ် မြေ ၂ ဟက်တာအောက် စိုက်ပျိုးရေး လုပ်ကိုင်နေသော အိမ်ထောင်စုများကို ထောက်ပံ့ရန် ရည်ရွယ်သည်။ ဤစီမံချက်သည် ရှစ်မြို့နယ်ကို လွှမ်းခြုံ ဆောင်ရွက်မည်ဖြစ်သည် ။ မြို့နယ်များကို ရွေးချယ်ရာတွင် ပူးပေါင်း ပါဝင်သော၊ ဆင်းရဲနွမ်းပါးသူများကို ဦးတည်သော၊ ကျား/မ ရေးရာကို ထည့်သွင်းစဉ်းစားသော နည်းလမ်းများကို အသုံးပြုမည် ဖြစ်သည်။

<u>ADS ရင်းနှီးမြှုပ်နှံမှု စီမံချက်။</u> ဒုတိယ နှစ်ဝက်တွင် LIFT ၏ ADS အကြံပေးအဖွဲ့သည် ADSနှင့်အတူ ပါရှိရမည့် ငါးနှစ်တာ ရင်းနှီးမြှုပ်နှံမှု စီမံချက် ရေးဆွဲရာတွင်အဓိက ပါဝင်ခဲ့ကြသည်။အကြံပေးဖွဲ့သည် အားလုံးကျယ်ပြန့်စွာ ပါဝင်စေရန်နှင့် ပြည်သူ့ဘဏ္ဍာများကို ခွဲဝေရာတွင် ADSပါ ဦးစားပေးများအတိုင်း အတိအကျ ဖြစ်စေ ရန်အတွက် ဝန်ကြီးဌာနမှ ဦးစီးဌာနတိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

<u>သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်။</u> LIFT၏ မိတ်ဖက်အဖွဲ့ HelpAge International (HAI) သည် လူမှုဝန်ထမ်းဦးစီးဌာန နှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်ခဲ့ပြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ဥပဒေကို ရေးဆွဲပြဌာန်းရာတွင် ကူညီခဲ့သည်။ သက်ကြီးရွယ်အို များအတွက်လူမှုရေးပင်စင် ကို စတင်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MSWRR) သည် အသက် ၉၀နှစ် နှင့်အထက် သက်ကြီးရွယ်အိုများကို လူမှုရေး ပင်စင်ထောက်ပံ့ရန်အတွက် ဘတ်ဂျက် ကျပ် ၄,၉၄၂သန်း (ကန်ဒေါ်လာ ၃.၆သန်း)ကို ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် ရရှိခဲ့သည်။ ဤလူမှုရေးပင်စင်မှာ သက်ကြီးရွယ်များကို အစိုးရက ထောက်ပံ့သော ပထမဆုံး ငွေကြေးအထောက်အပံ့ ဖြစ်သည်။

<u>အားဖြည့်ဆန်ကို အစိုးရက ဝယ်ယူခြင်း။</u> LIFT၏ မိတ်ဖက်အဖွဲ့ PATH သည် အားဖြည့်ဆန် စျေးကွက် ရေရှည်တည်တံ့ရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် PATH ၏ ဆောင်ရွက်မှုဖြင့် DSW သည် ဒေသ ၉ခုရှိ နေ့ကလေးထိန်းကျောင်း ၅၀ ကျော်၏ နေ့လယ်စာအတွက် ရိုးရိုးဆန်များအစား အားဖြည့်ဆန်ကို ဝယ်ယူရန် အစိုးရရန်ပုံငွေများကို သုံးစွဲခဲ့သည်။ ကျောင်းဝန်ထမ်းများက ကလေးများကို လစဉ် တိုင်းတာကြမည်ဖြစ်ပြီး ရလဒ်များကို ၂၀၁၈ စက်တင်ဘာလတွင် စတင်ရရှိမည် ဖြစ်သည်။

<u>အမျိုးသားအဆင့် မွေးမြူရေးဆိုင်ရာ စစ်တမ်း။</u> LIFT၏ ပံ့ပိုးမှုဖြင့် FAO ၏ အပူပိုင်းဇုန် မွေးမြူရေး ကျန်းမာရေး၊ အထွက်တိုးရေး၊ စျေးကွက်တင်ရေး တိုးတက်မှု စီမံချက်သည် ပစ်မှတ်မြို့နယ် ခြောက်ခုတွင် မွေးမြူရေးစစ်တမ်းကို ကောက်နိုင်ခဲ့သည်။ ဤစီမံချက်သည် မန္တလေးတိုင်းဒေသကြီး ရှစ်မြို့နယ် တွင်လည်း မွေးမြူရေးစစ်တမ်းကို ကောက်နိုင်ရန် နည်းပညာထောက်ပံ့ခဲ့သည်။ ၂၀၁၈ ခုနှစ် နှစ်ဦးတွင် အမျိုးသားအဆင့် မွေးမြူရေး စစ်တမ်းကောက်ရန် ကန်ဒေါ်လာ ၁ သန်းကို ၂၀၁၇ ခုနှစ် ဧပြီလတွင် ခွဲဝေ ပေးခဲ့သည်။

<u>ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း (Village Development Planning - VDP)။</u> ၂၀၁၄ ခုနှစ်မှစတင်ကာ LIFT FMOရုံးသည် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(DRD)က ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း (VDP) နှင့် အစိုးရ၏ 'အောက်မှ အထက်သို့' စီမံကိန်း ရေးဆွဲခြင်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်း မဟာဗျူဟာကို ဖြည့်ဆည်းမည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို အမျိုးသားအဆင့် စံပြုပုံစံ ရေးဆွဲရာတွင်ကူညီခဲ့သည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် မြို့နယ်ဦးစီးအရာရှိ ၁၃၀ ကို VDP နည်းလမ်းများကို သင်တန်းပေးခဲ့သည်။ မြို့နယ်ဦးစီးများမှတဆင့် ရွာခံစီမံချက်ရေးဆွဲသူများကို သင်တန်းပြန်ပေးကာ အချက်အလက်များကို ကောက်ယူစေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကို ရေးဆွဲရာတွင် ပံ့ပိုးကူညီခဲ့သည်။ ၂၀၁၇ ခုနှစ် တွင် ကျေးရွာများမှ ၎င်းတို့ဖော်ထုတ်ခဲ့သည့်

[၉]။ နှစ်ထပ်ပြန် မရေတွက်မိရန် FMO ရော IPများပါ အစိုးရကဏ္ဍ ဘတ်ဂျက်အပြောင်းအလဲတွင် အတူတူ ဆောင်ရွက်နေပါက အပြောင်းအလဲတိုင်းအတွက် တဦးတည်းကိုသာ ဖော်ညွှန်းသည်။

ဦးစားပေးများအတိုင်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို အကောင်အထည်ဖော်ရာတွင် DRDက အထောက်အကူပြုခဲ့သည်။ ဤစီမံချက်များကို VDP အွန်လိုင်း ဒေတာဘေ့စ်မှတဆင့် ၂၀၁၇-၁၈မြို့နယ်ဖွံ့ဖြိုးရေးစီမံချက်နှင့် တပြေးညီဖြစ်စေမည်ဖြစ်သည်။ DRDက ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကိုမြို့နယ်ဖွံ့ဖြိုးရေး စီမံချက်နှင့် ပေါင်းစည်းနိုင်ရန် LIFT၏ အဖွဲ့က အထောက်အကူပြုခဲ့သည်။ ကျေးရွာတိုင်း ကျပ်၁၀သန်း (ကန်ဒေါ်လာ ၇,၃၈၀)ကို ခွဲဝေရရှိကြသည်။ ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ရာတွင် ရပ်ရွာများက ၎င်းတို့တွင် ရှိသည့် အရင်းအမြစ်များကိုလည်း ထည့်ဝင်ကြသည်။

ယခုအခါ VDPကို အပြီးသတ် အကဲဖြတ် သုံးသပ်လျက်ရှိသည်။ DRD သည် 'အောက်မှ အထက်သို့' စီမံချက်ရေးဆွဲရာတွင် အဖွဲ့အစည်းဆိုင်ရာ၌ အတော်အတန် အားဖြည့်နေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ရန်ပုံငွေပေးအပ်မည့် ကျေးရွာစီမံချက်များ ရွေးချယ်မှု၊ အချက်အလက်များကို ကျယ်ပြန့်စွာ ကောက်ယူမှု၊ သိမ်းဆည်းမှု၊ အသုံးပြုမှု တို့တွင် စိုးရိမ်ဖွယ်များ ရှိနေကြောင်း တွေ့ရှိရသည်။ ထို့ပြင် ရပ်ရွာ စီမံချက်ရေးဆွဲမှု နှင့် စပ်လျဉ်း၍ အလှူရှင်အဖွဲ့အစည်းများ နှင့် DRD တို့အကြား ပေါင်းစပ်ညှိနှိုင်းမှု လိုသေးကြောင်းကိုလည်း တွေ့ရှိရသည်။

▼ဇယား ၂.၅
စီမံကိန်းရလဒ်အဆင့်
အကျိုးရလဒ် ၁

HHS
LIFT Household Survey
IP
Implementing Partner

## စီမံကိန်းအဆင့် ရလဒ်

### အကျိုးရလဒ် ၁

လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေးနှင့် လယ်ယာအခြေပြု ထုတ်လုပ်မှု တိုးတက်ကာ ရေရှည်တည်တံ့ခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၁.၁။ အကြံပေးဝန်ဆောင်မှု ရောက်ရှိသည့် LIFT အိမ်ထောင်စု အရေအတွက် | ၁၆၃,၈၉၈<br>မ ၅၂,၃၉၂<br>ကျား ၁၁၁,၅၀၆ | ၃၉,၃၈၆<br>မ ၁၄,၉၁၉<br>ကျား ၂၄,၄၆၇ | ၂၀၃,၂၈၄<br>မ ၆၇,၃၁၁<br>ကျား ၁၃၅,၉၇၃ | ၁၇၇,၀၀၀ | ၁၁၅ | IPs |
| ၁.၂။ နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ကျင့်သုံးသောLIFTအိမ်ထောင်စု အရေအတွက် | ၂၆၅,၂၂၈<br>မ ၃၇,၉၇၅<br>ကျား ၂၂၇,၂၅၃ | ၆၀,၁၆၂<br>မ ၉,၄၃၂<br>ကျား ၅၀,၇၃၀ | ၃၂၅,၃၉၀<br>မ ၄၇,၄၀၇<br>ကျား ၂၇၇,၉၈၃ | ၂၈၅,၀၀၀ | ၁၁၄ | HHS |
| ၁.၃။ သီးနှံထုတ်လုပ်မှု တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက် | ၂၀၂,၁၉၃<br>မ ၂၇,၆၀၉<br>ကျား ၁၇၄,၅၈၄ | ၉၀,၂၀၈<br>မ ၁၂,၅၇၉<br>ကျား ၇၇,၆၂၉ | ၂၉၂,၄၀၁<br>မ ၄၀,၁၈၈<br>ကျား ၂၅၂,၂၁၃ | ၂၁၇,၀၀၀ | ၁၃၅ | HHS |

၁.၁ ။ အကြံပေးဝန်ဆောင်မှုရောက်ရှိသည့် LIFTအိမ်ထောင်စုအရေအတွက်

၂၀၁၀ ပြည့်နှစ် LIFT စီမံချက်များ စတင်ချိန် မှစ၍ မိတ်ဖက်အဖွဲ့ ၄၀ဖွဲ့ တို့က အမျိုးသမီး အိမ်ထောင်ဦးစီး ၃၃ရာခိုင်နှုန်း ပါဝင်သော အိမ်ထောင်စု ၂၀၃,၀၀၀စုခန့် ထံသို့ အကြံပေးဝန်ဆောင်မှု/လုပ်ငန်း ပေးအပ်ခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ဤအညွှန်း နှင့် ပတ်သက်၍ LIFTသည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၁၁၅ ရာခိုင်နှုန်း ကို ရရှိခဲ့သည်။

၂၀၁၇ခုနှစ်တွင် အကြံပေး ဝန်ဆောင်မှုကို ဆောင်ရွက်ခဲ့သော လုပ်ဖော်ကိုင်ဖက် ၁၈ဖွဲ့တို့သည် အိမ်ထောင်စု ၃၉,၅၀၀ထံသို့ ရောက်ရှိကြသည်။

ဥပမာအားဖြင့်-

- အပူပိုင်းဇုန်တွင် IWMI စီမံချက်သည် စိုက်ပျိုးရေး အကြံပေးဝန်လုပ်ငန်းအဖြစ် လုပ်ကွက်ငယ် တောင်သူများကို မျိုးရွေးချယ်မှု၊ သီးနှံ၊ အခြား နည်းလမ်းဖြင့် သီးနှံစိုက်ပျိုးမှုပုံစံများ၊ မြေသြဇာနှင့် ပိုးသတ်ဆေး သုံးစွဲပုံ စသည့် သတင်းအချက်အလက်များကို ပေးအပ်လျက်ရှိသည်။
- အပူပိုင်းဇုန်တွင်ပင် Golden Plain (ရွှေလွင်ပြင်) သည် မြေဆီလွှာတွင် ဩဂဲနစ်ဒြပ်တိုးစေရန်၊ အာဟာရပြည့်စေရန်နှင့် အစိုဓာတ်ထိန်းရန်အတွက် သစ်စိမ်းမြေသြဇာ အသုံးပြုရန် လုပ်ကွက်ငယ် တောင်သူများနှင့် ဆောင်ရွက်ခဲ့သည်။
- တောင်တန်းဒေသအစီအစဉ်တွင် CRSသည် သီးနှံအတန်းခြားပင်ခြား၊ ပြောင်းနှင့်ပဲ သီးညှပ်စိုက်ခြင်း၊ မြေသြဇာအသုံးပြုပုံ စသည့် စိုက်ပျိုးစီးပွားလုပ်နည်းလုပ်ဟန်များကို တောင်သူများအား သင်တန်းပေးခဲ့သည်။
- တောင်တန်းဒေသအစီအစဉ်တွင်ပင် CORADသည် ပေါင်းစည်းပိုးမွှားနှိမ်နင်းမှု၊ စပါးအထူးပြု စိုက်ပျိုးနည်းစနစ်၊ မြေဆွေး၊ မြေဆီလွှာ နှင့် ရေ ထိန်းသိမ်းရေး၊ မျိုးစေ့ထုတ်လုပ်မှု၊ မြေသြဇာရည်နှင့် မြေဖုံး အပင်ပစ္စည်းများ စမ်းသပ်မှု စသည်တို့အတွက် တောင်သူများအား နည်းပညာ အထောက်အပံ့ ပေးခဲ့သည်။
- မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်တွင် WHH/GRET၏ စိုက်ပျိုးရေး အကြံပေးဝန်ဆောင်မှုအဖြစ် ဒေသမျိုးစပါး ထုတ်လုပ်ရေး၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး၊ သဘာဝမြေသြဇာ သုံးစွဲရေး စသည့် ဘာသာရပ်များတွင် စာတွေ့ပို့ချမှုများ၊ တောင်သူအချင်းအချင်း နီးနှောဖလှယ်သည့် ဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့သည်။
- မြစ်ဝကျွန်းပေါ်ဒေသ အစီအစဉ်(၃)တွင် Mercy Corps သည် သင့်လျော်သော မြေသြဇာ သုံးစွဲမှုကို စံပြစိုက်ကွက်များဖြင့် စိုက်ပျိုးရေး အကြံပေးဝန်ဆောင်မှုပေးရန် ပုဂ္ဂလိက ကုမ္ပဏီ တစ်ခုကို ဆောင်ရွက်စေခဲ့သည်။
- ရခိုင်ဒေသတွင် တက်လမ်း၊ IRC နှင့် Save the Children တို့သည် မျိုးစေ့ ထုတ်လုပ်ရေး နှင့် မျိုးပွားရေး၊ သဘာဝမြေသြဇာ သုံးစွဲရေးတို့ကို စံပြစိုက်ကွက်များ၊တောင်သူများက လိုအပ်၍ ခေါ်ယူသည့်အခါတိုင်း သွားရောက် အကြံပေးမှုများဖြင့် အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၇ခုနှစ်တွင်
အကြံပေး ဝန်ဆောင်မှုကို
ဆောင်ရွက်ခဲ့သော
မိတ်ဖက်အဖွဲ့များ

CARE
Catholic Relief Services (CRS)
Consortium of Dutch NGOs (CDN)
Choklei Organization for Rural and Agriculture (CORAD)
Food Security Working Group (FSWG)
Gender Working Group (GEN)
Golden Plain
Group de Recheres et d'Echanges Technologiques (GRET)
International Fertilizer Development Center (IFDC)
International Rescue Committee (IRC)
International Water Management Institute (IWMI)
Mercy Corps
Myanmar Institute for Integrated Development (MIID)
Radanar Ayar
WeltHungerhilfe (WHH)
World Vision
Terre des Hommes (TDH)
The Border Consoritum (TBC)

### ၁.၂ ။ နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသော LIFTအိမ်ထောင်စုအရေအတွက်

၂၀၁၇ ခုနှစ်တွင် အလွှာ၁ နှင့် ၂ နယ်မြေတို့တွင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ၏ ၈%သည် နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ် ( တစ်နှစ်အောက်)၊ ကျင့်သုံး (တနှစ်ကျော်)ခဲ့ကြရာ အမျိုးသားဦးစီး အိမ်ထောင်စု ရှစ်ရာခိုင်နှုန်း နှင့် အမျိုးသမီးဦးစီး အိမ်ထောင်စု ခုနစ်ရာခိုင်နှုန်း ပါဝင်သည်။ ယင်းကို ၂၀၁၇ ခုနှစ်တွင် လက်လှမ်းမီခဲ့သည့် အိမ်ထောင်စုများအတွက် ခန့်မှန်းတွက်ချက်ပါက စမ်းသပ်/ကျင့်သုံးခဲ့သူ အိမ်ထောင်စုမှာ ၆၀,၂၀၀ ခန့် ဖြစ်သည်။ ယခင် အကောင်အထည်ဖော်မှုတို့ကိုပါ ပေါင်းစပ်ပါက LIFTသည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၁၄ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ဤနှုန်းသည် စစ်တမ်းကောက်ရာတွင် ပါဝင်ခဲ့သူ အားလုံးအတွက် ဖြစ်ပြီး သင်တန်းတက်သူ၊ အကြံပေးဝန်ဆောင်မှုရရှိသူများ သက်သက်အတွက် မဟုတ်ကြောင်း မှတ်သားဖွယ်ဖြစ်သည်။

### ၁.၃ ။ သီးနှံထုတ်လုပ်မှု တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၇ ခုနှစ် အညွှန်းပြစစ်တမ်းတွင် အလွှာ ၁ နှင့် ၂တို့မှ အိမ်ထောင်စုများ၏ ၅၃ ရာခိုင်နှုန်းသည် လွန်ခဲ့သော ၁၂ လအတွင်း အဓိကသီးနှံများကိုသာ စိုက်ပျိုးခဲ့ကြောင်း တင်ပြကြသည်။ ယင်းတို့အနက် ပျမ်းမျှ၁၁ရာခိုင်နှုန်းသည် မည်သည့်စိုက်ပျိုးရာသီတွင်မဆို အထွက်တိုးခဲ့ကြောင်း တင်ပြကြသည်။ ယင်းတို့ တွင် အမျိုးသမီးဦးစီး အိမ်ထောင်စုများ၏ ၁၀ ရာခိုင်နှုန်းက အထွက်တိုးပြီး အမျိုးသားဦးစီး အိမ်ထောင်စုများ၏ ၁၁ရာခိုင်နှုန်းက အထွက်တိုးခဲ့သည်။

သီးနှံစိုက်ပျိုးသည်ဟု တင်ပြသူဦးရေနှင့် ယင်းတို့ကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၉၀,၂၀၀စုသည် ၂၀၁၇ခုနှစ်တွင် အထွက်တိုးခဲ့သည်။ LIFT၏ ယခင်အကောင်အထည်ဖော်မှု နှင့် ပေါင်းစပ်ပါက LIFT သည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၁၃၅ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

အကျိုးရလဒ် ၂

## လုပ်ကွက်ငယ်တောင်သူများ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေ တိုးတက်လာခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက် | ၅၃,၃၈၂<br>မ ၁၅,၃၁၅<br>ကျား ၃၈,၀၆၇ | ၁၁,၁၅၀<br>မ ၄,၃၈၅<br>ကျား ၆,၇၆၅ | ၆၄,၅၃၂<br>မ ၁၉,၇၀၀<br>ကျား ၄၄,၈၃၂ | ၇၂,၀၀၀ | ၉၀ | IPs |
| ၂.၂။ ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက် | ၁၀,၈၆၈<br>မ ၈၈၅<br>ကျား ၉,၉၈၃ | ၄,၆၂၇<br>မ ၄၃၇<br>ကျား ၄,၁၉၀ | ၁၅,၄၉၅<br>မ ၁,၃၂၂<br>M ၁၄,၁၇၃ | ၁၃,၀၀၀ | ၁၁၉ | HHS |
| ၂.၃။ စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက် | ၁၈၅,၆၇၄<br>မ ၁၆,၁၂၇<br>ကျား ၁၆၉,၅၄၇ | ၂၉၉,၁၇၀<br>မ ၃၂,၅၁၄<br>ကျား ၂၆၆,၆၅၆ | ၄၈၄,၈၄၄<br>မ ၄၈,၆၄၁<br>M ၄၃၆,၂၀၃ | ၂၀၀,၀၀၀ | ၂၄၂ | HHS |

▲ ဇယား ၂.၆
စီမံကိန်းရလဒ်အဆင့် အကျိုးရလဒ် ၂

HHS
LIFT Household Survey
IP
Implementing Partner

### ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၀ပြည့်နှစ်မှစတင်ကာ အိမ်ထောင်စု ၆၅,၀၀၀ ကျော်သည် ထုတ်လုပ်သူအုပ်စုဝင်များ ဖြစ်နေကြောင်း မိတ်ဖက်အဖွဲ့များက တင်ပြခဲ့ကြသည်။ ယင်းတို့အနက် ၁၉,၇၀၀ သို့မဟုတ် ၃၁ရာခိုင်နှုန်းခန့်သည် အမျိုးသမီး ဦးစီးအိမ်ထောင်စုများ ဖြစ်ကြသည်။ အများဆုံးတင်ပြသော မိတ်ဖက်အဖွဲ့များမှာ- Mercy Corps (အိမ်ထောင်စု ၁၆,၁၂၅)၊ Oxfam (အိမ်ထောင်စု ၈,၀၀၀)၊ ActionAid (အိမ်ထောင်စု ၆,၀၀၀)၊ CESVI (အိမ်ထောင်စု ၃,၅၀၀)၊ Proximity Designs (အိမ်ထောင်စု ၃,၂၀၀)တို့ဖြစ်ကြသည်။ အိမ်ထောင်စု ၁၁,၂၀၀ နီးပါး သည် ၂၀၁၇ခုနှစ်အတွင်းတွင် ထုတ်လုပ်သူ အုပ်စု အဖွဲ့ဝင်ဖြစ်လာသည်။ အများစုကို တောင်တန်းဒေသ အစီအစဉ်ရှိ CORADက စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ ဤအညွှန်းနှင့် ပတ်သက်၍ LIFTသည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၉၀ရာခိုင်နှုန်းကို ရရှိခဲ့သည်။

အများစုမှာ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး ထုတ်လုပ်သူ အုပ်စုများ ဖြစ်ကြသည်။ ယင်းတို့၏ ၂၀၁၇ ခုနှစ်အတွင်း လှုပ်ရှားမှုများ၏ သာဓကကို အောက်တွင် တွေ့နိုင်သည်-

¦ WHH/GRETသည် မြစ်ဝကျွန်းပေါ်ဒေသတွင် စပါးတန်ဖိုးမြှင့်ကွင်းဆက်တွင် ဝန်ဆောင်မှုပေးမည့် ထုတ်လုပ်သူ အဖွဲ့အစည်းများ ဖွဲ့စည်းရန် ကူညီခဲ့သည်။
¦ World Vision Myanmarသည် မြစ်ဝကျွန်းပေါ် ဒေသတွင်ပင် ဝက်ပေါက်များ၊ ဘဲပေါက်များ မွေးမြူသည့် လုပ်ငန်း အဖွဲ့များကို ကူညီခဲ့သည်။ အဖွဲ့ဝင်များကို ဝက်နှင့်ဘဲ မွေးမြူနည်း၊ ရောဂါများ၊ ကာကွယ်ဆေးများ သုံးစွဲနည်း သင်တန်းများကို ပို့ချခဲ့သည်။
¦ Mercy Corps သည် စိုက်ပျိုး-ထုတ်လုပ်ရေး လုပ်ငန်းများကိုဖွဲ့စည်းပေးခဲ့သည်။လုပ်ငန်း အဖွဲ့များသည် ၎င်းတို့တွင်ရှိသော အရင်းအမြစ်များဖြင့် စပါး သိုလှောင် ရုံများ အလုံအလောက် ဆောက်လုပ်ကာ မျိုးစပါး ထုတ်လုပ်ရေး လုပ်ငန်းတခုကို ထူထောင်ခဲ့သည်။
¦ ရတနာရောစီမံချက်သည် မျိုးစပါး ထုတ်လုပ်သူများ နှင့် စိုက်ကွင်းနေရာများ ဖော်ထုတ်ရန်၊ ကျေးရွာ လည်ပတ်ရန်ပုံငွေ ထူထောင်ရန် အများနှင့် မတူသည့် 'တောင်သူ အစု' ပုံစံတစ်ခု ကို ဖွဲ့စည်းရန် ပံ့ပိုးကူညီခဲ့သည်။
¦ CORAD သည် စပျစ်သီး နှင့် ဝိုင်၊ ကြက်သွန်နီ၊ အာလူး ထုတ်လုပ်မည့် အဖွဲ့များကို ကူညီ ထူထောင်ပေးခဲ့သည်၊ ဈေးကွက်နှင့် တန်ဖိုးမြှင့် ကွင်းဆက်တို့ကို မိတ်ဆက်ပေးခဲ့သည်။

### ၂.၂။ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက်

LIFT၏ လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁ နှင့်သာ သက်ဆိုင်သည်။ ၂၀၁၇ တွင် အလွှာ၁တွင် စစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သူ ၁၁ ရာခိုင်နှုန်းသည် LIFTက ပံ့ပိုးသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ငါးမွေးမြူရေး သင်တန်းတက်ခဲ့သည် ဟု တင်ပြကြသည်။ ယင်းတို့အနက် ၂၄ ရာခိုင်နှုန်းသည် ဈေးကွက်နည်းနာအသစ်များကို လွန်ခဲ့သော ၁၂လအတွင်း ကျင့်သုံးကြောင်း တင်ပြသည်။ ယင်းတို့တွင် အမျိုးသမီး ဦးစီး အိမ်ထောင်စုက ၂၂ ရာခိုင်နှုန်းပါဝင်ပြီး အမျိုးသားဦးစီး အိမ်ထောင်စုက ၂၄ရာခိုင်နှုန်း ပါဝင်သည်။ အလွှာ၁ အတွင်း ၂၀၁၇ ခုနှစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၄,၆၀၀ ခန့် ဖြစ်သည်။ ယခင်ပြီးစီးမှုများနှင့် ပေါင်းစပ်လိုက်လျှင် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၁၉ ရာခိုင်နှုန်း ဖြစ်သည်။

၂၀၁၇တွင် ဖော်ပြကြသော ဈေးကွက်နည်းနာအသစ်များမှာ အများအနည်းအလိုက်စဉ်ကြည့်လျှင် -ဈေးကောင်းရရန် ညှိနှိုင်းခြင်း၊ အရည်အသွေး အနိမ့်အမြင့်အလိုက် ရောင်းချခြင်း၊ အချိန်ခြားပြီးမှ ရောင်းချခြင်း၊ ဈေးကွက်သစ် သို့ မတူညီသော ဈေးကွက်ရှာကာ ရောင်းချခြင်းတို့ ဖြစ်သည်။

### ၂.၃။စိုက်ပျိုးရေး/မွေးမြူရေး/ရေလုပ်ငန်းတို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

လွန်ခဲ့သော ၁၂ လအတွင်း စိုက်ပျိုးရေး/မွေးမြူရေး/ရေလုပ်ငန်းတို့မှ အမြတ်အစွန်းရရှိ/မရှိကို မေးသောအခါ ပင်မ စီမံကိန်း နယ်မြေသာမက ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းနယ်မြေများတွင်ပါ အိမ်ထောင်စု အားလုံးနီးပါး က တိုးတက်လာကြောင်း တင်ပြကြသည်။ ▶

| အမြတ်ရကြောင်းတင်ပြသည့် အိမ်ထောင်စု % | |
|---|---|
| စိုက်ပျိုးရေး | ၁၀.၂၅ |
| မွေးမြူရေး | ၆.၈၅ |
| ငါးလုပ်ငန်း | ၂.၂၆ |

အိမ်ထောင်စု စုစုပေါင်း၏ ၁၇ ရာခိုင်နှုန်းသည် လွန်ခဲ့သော ၁၂ လအတွင်း အဆိုပါ အသက်မွေးမှု လုပ်ငန်း တစ်ခုခုမှ အမြတ်ရ ကြောင်း တင်ပြကြသည်။ ယင်းတို့တွင် အမျိုးသမီးဦးစီးအိမ်ထောင်စုက ၁၂ ရာခိုင်နှုန်း ပါဝင်ပြီး အမျိုးသားဦးစီးအိမ်ထောင်စုက ၁၈ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်း တွက်ချက်ပါက အိမ်ထောင်စု ၃၀၀,၀၀၀ခန့် က ပိုမိုအမြတ်အစွန်း ရရှိခဲ့ကြကြောင်း တွေ့ရသည်။ ယခင်ပြီးစီးမှုများနှင့် ပေါင်းစပ်လိုက်လျှင် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၂၄၂ ရာခိုင်နှုန်း ကို ရရှိခဲ့သည်။

## အကျိုးရလဒ် ၃

### လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၃.၁။ စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေး အတွက် အထောက်အပံ့ရရှိသော LIFTအိမ်ထောင်စုအရေအတွက် | ၃၃,၀၆၅<br>မ ၂၀,၅၀၇<br>ကျား ၁၂,၅၅၈ | ၁၇,၁၅၃<br>မ ၁၀,၁၂၀<br>ကျား ၇,၀၃၃ | ၅၀,၂၁၈<br>မ ၃၀,၆၂၇<br>ကျား ၁၉,၅၉၁ | ၅၃,၀၀၀ | ၉၅ | IPs |
| ၃.၂။လုပ်ငန်းထူထောင်နိုင်သော/ အလုပ်ရသော သင်တန်းဆင်းဦးရေ | ၇၈,၉၉၉<br>မ ၃၃,၁၇၈<br>ကျား ၄၅,၈၂၁ | ၈၈၉<br>မ ၅၄၁<br>ကျား ၃၄၈ | ၇၉,၈၈၈<br>မ ၃၃,၇၁၉<br>ကျား ၄၆,၁၆၉ | ၈၈,၀၀၀ | ၉၁ | IPs |
| ၃.၃။ စိုက်ပျိုးရေး မဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက် | ၂၇၇,၂၃၃<br>မ ၃၅,၅၀၃<br>ကျား ၂၄၁,၇၃၀ | ၂၁၁,၃၅၅<br>မ ၂၃,၇၇၂<br>ကျား ၁၈၈,၅၈၃ | ၄၈၉,၅၈၈<br>မ ၅၉,၂၇၅<br>ကျား ၄၃၀,၃၁၃ | ၂၉၀,၀၀၀ | ၁၆၉ | HHS |

### ၃.၁။ စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ရရှိသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၀ပြည့်နှစ်မှ ၂၀၁၇ ခုနှစ် နှစ်ကုန်အထိ လူပေါင်း ၅၀,၂၁၈ ဦးသည် စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှုရရှိရန်အတွက် သင်တန်း သို့မဟုတ် အထောက်အပံ့ကို မိတ်ဖက်အဖွဲ့ ၃၀ ဖွဲ့ထံမှ ရရှိခဲ့ကြသည်။ ယင်းတွင် လူတစ်ယောက်လျှင် အိမ်ထောင်စုတစ်စုကို ကိုယ်စားပြုသည်။ ၎င်းတို့အနက် ၆၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ LIFT သည် ၂၀၁၇ ခုနှစ်ရည်မှန်းချက်၏ ၉၅ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် တစ်နှစ်အတွင်းတွင်ပင် အိမ်ထောင်စု ၁၇,၀၀၀ကို စိုက်ပျိုးရေးမဟုတ်သော ကျွမ်းကျင်မှု ရရှိရန် အတွက် ထောက်ပံ့ ခဲ့သည်။ ဥပမာများမှာ -

- မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ် (၃)တွင် Mercy Corps သည် စက်ပြင်၊ လက်သမား၊ ပန်းရံစသည့် အသက်မွေးမှုပညာ သင်တန်းများကိုဖွင့်လှစ်ပေးခဲ့သည်။မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (Myanmar Garment Manufacture Association - MGMA) သင်တန်းဌာန နှင့် Business Kind Myanmarတို့နှင့် ပူးပေါင်းကာ အထည်ချုပ်သင်တန်းကိုလည်း ဖွင့်ပေးခဲ့သည်။
- Mercy Corps နှင့် Swisscontact တို့သည် ဟိုတယ် နှင့်ခရီးသွားလာရေးသင်တန်း စီမံချက်တွင် ဧည့်ဝန်ဆောင်မှု သင်တန်း ဖွင့်လှစ်ခဲ့သည်။
- မြေယာမဏ္ဍိုင်အုပ်စုသည် CSOများ၊ လွှတ်တော် ကိုယ်စားလှယ်များကို မြေယာမှတ်ပုံတင်ခြင်းနှင့်

▲ ဇယား ၂.၇ စီမံကိန်းရလဒ်အဆင့် အကျိုးရလဒ် ၃

HHS LIFT Household Survey

IP Implementing Partner

ဆိုင်သည့် သင်တန်းကို ဖွင့်လှစ်ပေးခဲ့ကာ ဆက်လက်၍လည်း တောင်သူများကို သင်တန်းများ ပေးခဲ့သည်။

¦ CARE သည် ပျိုးပင်၊ Business Kind Myanmar တို့နှင့်အတူ အမျိုးသားအဆင့် အလုပ်အကိုင် ကျွမ်းကျင်မှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ အထည်ချုပ် သင်တန်းကို ဖွင့်ခဲ့သည်။

၃.၂။ လုပ်ငန်း ထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ် နှစ်ကုန်အထိ လူပေါင်း ၈၀,၀၀၀ ခန့်သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ရန် သို့မဟုတ် အလုပ်ရရန်အတွက် မိတ်ဖက်အဖွဲ့ ၂၁ ဖွဲ့မှ အကူအညီအထောက်အပံ့ကို ရရှိခဲ့ကြသည်။ ယင်းတို့အနက် ၄၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ LIFTသည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၉၁ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရန် သို့မဟုတ် အလုပ်ရရန် အဓိကပံ့ပိုးသူများမှာ- ActionAid၊ Eden၊ IERG၊ ILO၊ LEAD၊ TAG၊ World Vision နှင့် LEAD တို့ ပါဝင်သည်။ LEAD သည် အသေးစား စီးပွားရေးအုပ်စုများသို့ ငွေကြေးထောက်ပံ့ကာ ဈေးဆိုင်များ၊ ငါးခြောက် ပုဇွန်ခြောက် ပွဲရုံငယ်များ၊ ဆိုင်ကယ်ဝပ်ရှော့များ၊ အထည်ဆိုင်များ၊လက်ဖက်ရည်ဆိုင်များ၊ မြန်မာ မုန့်ဆိုင်များ ဖွင့်နိုင်ရန် ကူညီခဲ့သည်။ World Vision သည် အမျိုးသမီးများကို ကြက်မွေးမြူရေး၊ ဆန်စပါးနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ အထည်ဆိုင်၊ ကုန်စုံဆိုင်၊ မုန့်ဆိုင်များ ထူထောင်နိုင်ရန် ကူညီခဲ့သည်။ EDENသည် ယင်း၏ လူမှုစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့် လက်ဝတ်ရတနာ လုပ်ငန်းတွင် လူကုန်ကူးခံရသူများကို သင်တန်းပေးကာ အလုပ်ခန့် ခဲ့သည်။

၃.၃။စိုက်ပျိုးရေးမဟုတ်သော အလုပ်ဖြင့် ဝင်ငွေ တိုးတက်လာသောLIFTအိမ်ထောင်စုအရေအတွက်

၂၀၁၇ ခုနှစ်အတွင်း အလွှာ ၁နှင့် ၂ မှ အိမ်ထောင်စု ၁၂ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းများမှဝင်ငွေ တိုးတက်လာကြောင်း စစ်တမ်း တွင် တင်ပြကြသည်။ ယင်းတို့တွင် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုက ၁၀ ရာခိုင်နှုန်း ပါဝင်ပြီး အမျိုးသားဦးစီးသည့် အိမ်ထောင်စုက ၁၂ ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၇ လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်း တွက်ချက်ပါက အိမ်ထောင်စု ၂၁၂,၃၅၅ ဖြစ်သည်။ ၂၀၁၀-၂၀၁၆ အတွင်း အောင်မြင်မှုများနှင့် ပေါင်းလိုက်ပါက ယင်းသည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၆၉ ရာခိုင်နှုန်း ဖြစ်သည်။

အကျိုးရလဒ် ၄

## အတိုးနှုန်းသက်သာပြီး လိုအပ်ချက်နှင့် ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၄.၁။ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက် | ၁၂ | ၈ | ၂၀ | ၁၄ | ၁၄၃ | IPs |
| ၄.၂။ ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် (လက်ရှိ ဝန်ဆောင်မှု အသုံးပြုသူများ) | ၁,၆၃၅,၉၃၂<br>မ ၁,၅၃၂,၉၆၀<br>ကျား ၁၀၂,၉၇၁ | ၄၉၆,၅၁၅<br>မ ၃၇၇,၅၆၄<br>ကျား ၁၁၈,၉၅၁ | ၂,၁၃၂,၄၄၇<br>မ ၁,၉၁၀,၅၂၅<br>ကျား ၂၂၁,၉၂၂ | ၁,၇၅၀,၀၀၀ | ၁၂၂ | IPs |

▲ ဇယား ၂.၈
စီမံကိန်းရလဒ်အဆင့် အကျိုးရလဒ် ၄

IP
Implementing Partner

၄.၁။ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေး လုပ်ငန်းများ အရေအတွက်

၂၀၁၇ ခုနှစ်တွင် LIFTသည် အသေးစား ငွေကြေးလုပ်ငန်း မိတ်ဖက်အဖွဲ့ ၆၅ ဖွဲ့ကို ဆက်လက် ထောက်ပံ့လျက်ရှိသည်။ ယင်းတို့တွင် ပြည်တွင်း အသေးစား ငွေကြေးလုပ်ငန်း ၁၀ဖွဲ့၊ ငွေစုငွေချေးသမဝါယမ ၄၀ဖွဲ့၊ နိုင်ငံတကာ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဆောင်ရွက်သည့် NGO ၁၄ဖွဲ့ နှင့် ပုဂ္ဂလိကဘဏ်တစ်ခုတို့ ပါဝင်သည်။ ၎င်းတို့တွင် အဖွဲ့ ၂၀ သည် ငွေကြေးအရ မိမိဘာသာ ရပ်တည် နေနိုင်ပြီဖြစ်သည်။ဆိုလိုသည်မှာ ငွေကြေးဆိုင်ရာ စရိတ်များ ငွေဖောင်းပွနှုန်း စသည်တို့ကို ညှိပြီးသောအခါ လုပ်ငန်းစရိတ်ကို အကုန်ကျခံနိုင်နေပြီ ဖြစ်သည်။ အသေးစိတ်ကို အခန်း၄.၁တွင်ကြည့်ပါ။ ဤအညွှန်းနှင့် ပတ်သက်၍ LIFT သည် ၂၀၁၇ ခုနှစ်ရည်မှန်းချက်၏ ၁၄၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

၄.၂။ ငွေကြေး ဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၁ခုနှစ်တွင် စတင်ကာ အသေးစား ငွေကြေး လုပ်ငန်းမိတ်ဖက်အဖွဲ့များကို ငွေကြေးအရသာမက အဖွဲ့အစည်းဆိုင်ရာအရပါ အထောက်အကူ ပေးခဲ့ရာ အလျင်အမြန် ကြီးထွားလာခဲ့သည်။၂၀၁၇ ခုနှစ် နှစ်ကုန်တွင် ဤမိတ်ဖက်အဖွဲ့များသည် ဝန်ဆောင်မှု အသုံးပြုသူ၊ချေးငွေ ရယူသူပေါင်း ၂.၁သန်းကို ငွေထုတ် ချေးပေးနေသည်။ ယင်းတို့၏ ၈၉.၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ ၂၀၁၆ ခုနှစ်ကထက် ၅၀၀,၀၀၀ဦး တိုးလာခြင်းဖြစ်သည်။ ထို့ကြောင့် LIFT သည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၂၂ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

## အကျိုးရလဒ် ၅

## အာဟာရ၊ ရေနှင့် ပတ်ဝန်းကျင် တစ်ကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၅.၁။ အာဟာရဆိုင်ရာသတင်းအချက်အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် | ၁၂၇,၈၄၄<br>မ ၉၄,၆၂၁<br>ကျား ၃၃,၂၂၃ | ၈၅,၄၃၄<br>မ ၇၇,၄၈၃<br>ကျား ၇,၉၅၁ | ၂၁၃,၂၇၈<br>မ ၁၇၂,၁၀၄<br>ကျား ၄၁,၁၇၄ | ၂၀၀,၀၀၀ | ၁၀၇ | IPs |
| ၅.၂။ အမျိုးသမီးများနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ | မရှိ | ၁၇၂,၉၅၃<br>မ ၁၁၃,၆၄၀<br>ကျား ၅၉,၃၁၃ | ၁၇၂,၉၅၃<br>မ ၁၁၃,၆၄၀<br>ကျား ၅၉,၃၁၃ | ၁၄၀,၀၀၀ | ၁၂၄ | HHS |
| ၅.၃။ လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည်စုံလင်စွာ ရရှိသည့် ၆လမှ၂၃လအရွယ် ကလေးဦးရေ | မရှိ | ၉,၃၁၃<br>မ ၄,၈၂၆<br>ကျား ၄,၄၈၇ | ၉,၃၁၃<br>မ ၄,၈၂၆<br>ကျား ၄,၄၈၇ | ၁၀,၇၆၄[၁၀] | ၈၇ | HHS |
| ၅.၄။ လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့ သက်သက်ကိုသာ သောက်သုံးရသော နို့စို့ ကလေး (မွေးစ မှ ၅လ) ဦးရေ | မရှိ | ၅,၀၈၀<br>မ ၂,၅၅၁<br>ကျား ၂,၅၂၉ | ၅,၀၈၀<br>မ ၂,၅၅၁<br>ကျား ၂,၅၂၉ | ၆,၆၉၆[၁၁] | ၇၆ | HHS |
| ၅.၅။ စိတ်ချရသော သန့်ရှင်းရေး အဆောက်ဦ/ အသုံးအဆောင်များ သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက် | ၂၁၉,၈၅၀<br>မ ၄၅,၆၂၇<br>ကျား ၁၇၄,၂၂၃ | ၃,၆၀၃<br>မ 0<br>ကျား ၃,၆၀၃ | ၂၂၃,၄၅၃<br>မ ၄၅,၆၂၇<br>ကျား ၁၇၇,၈၂၆ | ၂၅၀,၀၀၀ | ၈၉ | HHS |
| ၅.၆။စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက် | ၁၆၅,၈၄၄<br>မ ၅၄,၂၉၆<br>ကျား ၁၁၁,၅၄၈ | ၀ | ၁၆၅,၈၄၄<br>မ ၅၄,၂၉၆<br>ကျား ၁၁၁,၅၄၈ | ၂၁၀,၀၀၀ | ၇၉ | HHS |

▲ ဇယား ၂.၉
စီမံကိန်းရလဒ်အဆင့် အကျိုးရလဒ် ၅

HHS
LIFT Household Survey
IP
Implementing Partner

### ၅.၁။ အာဟာရဆိုင်ရာ သတင်း အချက်အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၀ပြည့်နှစ်တွင် LIFT လုပ်ငန်းစတင်ချိန်မှ ယနေ့ထိ မိတ်ဖက်အဖွဲ့၂၅ဖွဲ့ တို့သည် အိမ်ထောင်စု ၂၁၃,၀၀၀ ကို အာဟာရဆိုင်ရာ သတင်း အချက်အလက် အသိပညာပေးသင်တန်းများ ပို့ချခဲ့သည်ဟု တင်ပြထားသည်။ယေဘုယျ ကျန်းမာရေးထက် အာဟာရကို ပိုမိုဦးစားပေးခဲ့သည်။ ဤအရေအတွက်တွင် သင်တန်းသားတစ်ဦးလျှင် အိမ်ထောင်စုတစ်ခုကို ကိုယ်စားပြုသည်ဟု ယူဆထားသည်။ ယင်း၏ ၈၀ ရာခိုင်နှုန်းကျော်ခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။

၂၀၁၇ ခုနှစ် တစ်နှစ်တည်းတွင်ပင် အိမ်ထောင်စုပေါင်း ၃၆,၅၀၀ ခန့်သည် MCCTထောက်ပံ့ငွေ ကို ရရှိခဲ့ကြရာ ၂၀၁၆ခုနှစ်ကထက် အိမ်ထောင်စု ၂၉,၀၀၀ခန့် တိုးတက်လာသည်။ထို့ပြင် ၂၀၁၀ မှ စတင်ကာ အိမ်ထောင်စု ၁၆၅,၀၀၀သည် ကျန်းမာရေးနှင့် အာဟာရသင်တန်းများကို တက်ခဲ့ကြသည်။ ထို့ကြောင့် LIFT သည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၀၇ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၂၀၁၇ တွင်လည်း MCCT စီမံချက်များကို LIFT၏ မဟာဗျူဟာတွင် ဆက်လက်ဦးတည်ထားသည်။ Save the Children သည် မြစ်ဝကျွန်းပေါ် (၃) တွင် နှင့် အပူပိုင်းဇုန်တို့တွင် MCCT များ၊ အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ(SBCC)များကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မိတ်ဖက် အဖွဲ့များသည် ရပ်ရွာလူထုအဖွဲ့များ၊ ကျန်းမာရေး လုပ်သားများ နှင့် MCCT ကော်မတီများကို အသက် ၂နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း (infant and young child feeding - IYCF) လုပ်နည်းလုပ်ဟန်များ၊ အိမ်ထောင်စု အဆင့် ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကိုယ်ဝန်ဆောင် နှင့် မွေးဖွားပြီး စောင့်ရှောက်မှု တို့ကို အထူးပြုသော SBCC တို့ကို သင်တန်းပေးသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အကြား ကောင်းမွန်သော အာဟာရ၊ကျန်းမာရေး လိုက်စားသော အမူအကျင့်များ ဖြစ်ပေါ်စေရန် မိခင်အချင်းချင်း အထောက်ကူပြု အုပ်စုအဖွဲ့များက အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

LIFT၏ ဆောင်ရွက်ဆဲ အာဟာရစီမံချက်များအပြင် လူမှုဝန်ထမ်းဦးစီးဌာန(DSW)သည် ချင်းပြည်နယ်တွင် LIFT ၏ ရန်ပုံငွေ နှင့် နည်းပညာ အထောက်အပံ့ဖြင့် MCCTထောက်ပံ့မှုကို စတင်ဆောင်ရွက်နေသည်။ လုပ်ငန်း ပထမနှစ်တွင် DSW သည် အိမ်ထောင်စု ပေါင်း ၁၃,၆၀၀သို့ ငွေကြေးပံ့ပိုးမှုနှင့်အတူ အာဟာရဆိုင်ရာ သတင်းစကားများကို ပေးအပ်ခဲ့သည်။ကျန်းမာရေးဝန်ထမ်း ၁,၁၄၀ ကိုလည်း သင်တန်းပေးခဲ့ရာ အရန်သားဖွားများ၊ လူထု ကျန်းမာရေး လုပ်သားများလည်း ပါဝင်သည်။ ဤအညွှန်းတွင် မထည့်သွင်းသော်လည်း LIFT သည် အိမ်ထောင်စုပေါင်း ၉၆,၅၁၄ သို့ အားဖြည့်ဆန်များကို ထုတ်ပေးရန် ထောက်ပံ့ခဲ့သည်။

### ၅.၂။ အမျိုးသမီးများနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ

၂၀၁၅ ခုနှစ်မှ စတင်ကာ အိမ်ထောင်စုစစ်တမ်းတွင် နှစ်နှစ်အောက်ကလေးများ၏ မိခင်၊ဖခင်တို့အား အသက် ၂ နှစ်အောက် ကလေးသူငယ်များအား အစာကျွေးခြင်း (IYCF) လုပ်နည်းလုပ်ဟန်များနှင့် ဆက်စပ်သည့် အခြေခံ မေးခွန်း ၄ ခုကို မေးခဲ့သည်။ မေးခွန်းအားလုံးကို ဖြေနိုင်ပါက ယင်းတို့သည် မိခင်နှင့် ကလေးများ၏ အာဟာရလိုအပ်ချက်ကို

၁၀။ မူရင်းရည်ရွယ်ချက်တွင် ငါးနှစ်အောက်ကလေးများအတွက် မှားယွင်း တွက်ချက်ထားသည်။ ၆-၂၃လ ကလေးများအတွက် ပြန်တွက်ရာတွင် ရည်မှန်းသည့် ကလေးအရေအတွက်မှာ ၁၀,၇၆၄ဦး ဖြစ်သည်။

၁၁။ မူရင်းရည်ရွယ်ချက်တွင် ငါးနှစ်အောက်ကလေးများအတွက် မှားယွင်း တွက်ချက်ထားသည်။ ၅လ အောက် ကလေးများအတွက် ပြန်တွက်ရာတွင် ရည်မှန်းသည့် ကလေး အရေအတွက်မှာ ၆,၆၉၆ဦး ဖြစ်သည်။

သိရှိကြသည်ဟု မှတ်ယူသည်။ ၂၀၁၅ နှင့် ၂၀၁၇ ခုနှစ် တို့မှ ရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| | ၂၀၁၅ % | ၂၀၁၇ % | အပြောင်းအလဲ % |
|---|---|---|---|
| ဖခင် | ၃.၉ | ၂၄.၃ | ၂၀.၄ |
| မိခင် | ၂၂.၈ | ၄၂.၅ | ၁၉.၇ |

ယေဘုယျအားဖြင့် အဆင့်နိမ့်သော်လည်း မိခင်ရော ဖခင်ပါ ၂၀ရာခိုင်နှုန်းရှိသဖြင့် IYCF လုပ်နည်းလုပ်ဟန်များနှင့် ပတ်သက်၍ မှန်ကန်သော အသိအမြင် တိုးတက်လာသည်ဟု မှတ်ယူရမည်။ အလွှာ(၁) အိမ်ထောင်စုများမှ လူကြီးများအတွက် တွက်ချက်ပါက ၂၀၁၇ခုနှစ်တွင် လူဦးရေပေါင်း ၁၇၃,၀၀၀ခန့်သည် မိခင်နှင့် ကလေးများ၏ အာဟာရလိုအပ်ချက်ကို သိရှိသည်ဟု မှတ်ယူသည်။ ယင်းသည် LIFT၏ ၂၀၁၇ ခုနှစ်ရည်မှန်းချက်၏ ၁၂၄ ရာခိုင်နှုန်းပင် ဖြစ်သည်။

## ၅.၃။လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည် စုံလင်စွာ ရရှိသည့် ၆လ မှ ၂၃လ အရွယ် ကလေး ဦးရေ

LIFT၏ ၂၀၁၅ ခုနှစ် ကနဦးစစ်တမ်းတွင် လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည် စုံလင်မှုရမှတ် ၄မှတ် နှင့် အထက်ရရှိသည့် ၆လမှ ၂၃လအထိ ကလေး၂၆ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၇ခုနှစ် စစ်တမ်းတွင် ၄၄ ရာခိုင်နှုန်းထိ တက်လာသည်။ မိန်းကလေး နှင့် ယောက်ျားလေး တန်းတူနီးပါးပင် ရှိကြသည်။ ၎င်းကို အလွှာ(၁) နှင့် တွက်ချက်ပါက ကလေးပေါင်း ၁၉,၃၁၃ သည် လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမည်စုံမှုကို ရရှိသည်ဟု ခန့်မှန်းသည်။ ထို့ကြောင့် LIFT၏ ၂၀၁၇ခုနှစ်ရည်မှန်းချက်၏ ၈၇ရာခိုင်နှုန်းကို ရရှိခဲ့သည်။

## ၅.၄။လွန်ခဲ့သော ၂၄နာရီအတွင်းမိခင်နို့ သက်သက်ကိုသာ သောက်သုံးရသောနို့စို့ ကလေး (မွေးစ မှ ၅လ) ဦးရေ

LIFT ၏ ၂၀၁၅ ခုနှစ် ကနဦးစစ်တမ်းတွင် လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့သက်သက်ကိုသာ သောက်သုံးရသော နို့စို့ကလေး (မွေးစမှ ၅လထိ)မှာ ၄၇ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်စစ်တမ်းတွင် ၆၈ရာခိုင်နှုန်းထိ တက်လာသည်။ ၎င်းကို အလွှာ (၁)နှင့် တွက်ချက်ပါက ကလေး ၅,၁၀၀ ယောက်သည် လွန်ခဲ့သော ၂၄ နာရီအတွင်း မိခင်နို့သက်သက်ကိုသာ သောက်သုံးရသည်ဟု ခန့်မှန်းသည်။ ယင်းမှာ LIFT၏ ၂၀၁၇ ခုနှစ်ရည်မှန်းချက်၏ ၇၆ ရာခိုင်နှုန်းပင်ဖြစ်သည်။

## ၅.၅။ စိတ်ချရသော သန့်ရှင်းရေး အဆောက်အဦ/ အသုံးအဆောင်များသုံးစွဲနေသောLIFT အိမ်ထောင်စု အရေအတွက်

LIFT၏ စီမံချက် လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁နှင့်သာသက်ဆိုင်သည်။ ၂၀၁၇ ခုနှစ်တွင် စိတ်ချရသောသန့်ရှင်းရေး အဆောက်အဦ/ အသုံးအဆောင်များ သုံးစွဲနေကြောင်း တင်ပြသည့် အိမ်ထောင်စု ၈၀ ရာခိုင်နှုန်း ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ရှိခဲ့သော ၇၉ ရာခိုင်နှုန်းမှ တိုးတက်လာခြင်းဖြစ်သည်။ ၁ ရာခိုင်နှုန်း တိုးတက်ခြင်းမှာ အလွှာ ၁ အတွင်း စိတ်ချရသော သန့်ရှင်းရေး အဆောက်အဦ/ အသုံးအဆောင်များ သုံးစွဲနေသည့် အိမ်ထောင်စု ၃,၆၀၀ တိုးလာခြင်းပင် ဖြစ်သည်။ ၂၀၁၇ ခုနှစ် အကောင် အထည်ဖော်မှုနှင့် ပေါင်းပါက အိမ်ထောင်စု ၂၂၃,၅၀၀ခန့်အထိ တိုးလာသည်။ ယင်းသည် ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၈၉ရာခိုင်နှုန်း ဖြစ်သည်။

## ၅.၆။ စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက်

LIFT၏ လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁ နှင့်သာ သက်ဆိုင်သည်။ ၂၀၁၅ ခုနှစ်တွင် စိတ်ချရသော ရေအရင်းအမြစ်ကို သောက်သုံး နေကြောင်းတင်ပြသည့် အိမ်ထောင်စု ၇၇ ရာခိုင်နှုန်း ရှိခဲ့သည်။ အမျိုးသမီးဦးစီး အိမ်ထောင်စု နှင့် အမျိုးသားဦးစီး အိမ်ထောင်စုက ရာခိုင်နှုန်း အတူတူပင် ဖြစ်သည်။ ပါဝင်သည်။ ယင်းအချိုးသည် ၂၀၁၇ တွင် ၇၂ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ အမျိုးသမီးဦးစီး အိမ်ထောင်စု နှင့် အမျိုးသားဦးစီး အိမ်ထောင်စုက ရာခိုင်နှုန်း အတူတူနီးပါးပင် ဖြစ်သည်။ ၎င်းကျဆင်းမှု နှင့် ယေဘုယျ ခြုံငုံတွက်ချက်ပါက ၂၀၁၇ ခုနှစ်တွင် စိတ်ချရသော ရေအရင်းအမြစ်ကို သုံးနေသည့် အိမ်ထောင်စု ထပ်မံတိုးခြင်း မရှိသဖြင့် LIFT သည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၇၉ ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ပန်းတိုင်များကဲ့သို့ ဤအညွှန်းတွင်လည်း “ကောင်းမွန်တိုးတက်လာသည့် ရေအရင်းအမြစ်” ပါဝင်သည်။ ထို့ပြင် LIFT ၏ အပူပိုင်းဇုန်အစီအစဉ်ဖြင့် အဓိက ဆောင်ရွက်ခဲ့သော အကာအရံများရှိသည့် ရေကန်များလည်း ပါဝင်သည်။

စစ်တမ်းဒေတာများကို သေချာစွာ ကြည့်ရှုသောအခါ ၂၀၁၅ ခုနှစ်တွင် အိမ်ထောင်စု ၃၀၀ သည် အကာအရံရှိသော ရေကန်များကို သုံးစွဲနေရာမှ ၂၀၁၇ခုနှစ်တွင် အကာအရံမရှိသော ရေကန်များကို ပြောင်းလဲ အသုံးပြုကြောင်း တွေ့ရသည်။ ယင်းရေကန်များ၏ တဝက်ခန့်မှာ ကျေးရွာ၉ ရွာတွင် ရှိသည်။ ထိုသို့ အကာအရံရှိသည့် ရေကန်များကို သုံးစွဲမှုလျော့နည်းသွားရသည်မှာ မိုးခေါင်ခြင်း ရေကြီးခြင်းစသော ထူးခြားသည့် အကြောင်းတခုခု ရှိနိုင်သည်။ ဤအကြောင်းများ နှင့် အခြားဖြစ်နိုင်သော အကြောင်းများကို ၂၀၁၉ ခုနှစ်တွင် ပြုလုပ်မည့် LIFT၏ အာဟာရစစ်တမ်းတွင် အသေးစိတ် လေ့လာမည်ဖြစ်သည်။

၂၀၁၅ နှင့် ၂၀၁၆တွင် ဆောင်ရွက်ခဲ့သော LIFT၏ အာဟာရနှင့် သက်ဆိုင်သည့် အစီအစဉ်များ သည် အစနေးနေသဖြင့် ယင်းတို့၏ နှစ်စဉ် ရည်မှန်းထားရှိသည့် အာဟာရဆိုင်ရာ သတင်း အချက်အလက်များကို မျှဝေခြင်းနှင့်ဆိုင်သည့် ရည်မှန်းချက်များကို မပြည့်မီနိုင်ခြင်း ဖြစ်ပါသည်။ သို့သော် ၂၀၁၇ ခုနှစ် စီမံကိန်းအဆင့် ရလဒ် ၅.၁ နှင့် ၅.၂တို့တွင် မြင်ခဲ့သည့်အတိုင်း LIFT၏ အာဟာရစီမံချက်များသည် ပံ့ပိုးမှုရောက်ရှိသော အိမ်ထောင်စုများကို အာဟာရဆိုင်ရာ သတင်းအချက် အလက်များ ပညာပေးမှုများနှင့် ထိတွေ့စေခဲ့ပြီး လူထုအား အမျိုးသမီးများနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်ဆိုင်ရာ အသိအမြင်ကို တိုးပွားစေခဲ့သည်။ မည်သို့ပင်ဖြစ်စေ သတင်းအချက်အလက်များ၊ ပညာပေးမှုများ ရရှိပြီးနောက် အသိအမြင်တိုးရန် အမူအကျင့် အမှန်တကယ် ပြောင်းလဲရန် အချိန်ယူနေရသဖြင့် LIFTသည် စီမံကိန်းအဆင့် ရလဒ်များဖြစ်သည့် ၅.၃၊ ၅.၄၊ ၅.၅ နှင့် ၅.၆တို့ကို မရရှိခြင်းလည်း ဖြစ်နိုင်ပါသည်။

## အကျိုးရလဒ် ၆

### လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များ သယံဇာတများကို လက်လှမ်းမီလာရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၆.၁။ အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော LIFT ကျေးရွာ အရေအတွက် | ၁၇၁* | ၄၈၉+ | ၆၆၀ | ၆၂၀ | ၁၀၆ | HHS |
| ၆.၂။ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတမှ အကျိုးရှိသည့် LIFT အိမ်ထောင်စု အရေအတွက် | ၃၈,၈၄၆<br>မ ၇,၉၆၂<br>ကျား ၃၀,၈၈၄ | ၄၁,၅၈၉<br>မ ၄,၅၂၂<br>ကျား ၃၇,၀၆၇ | ၈၀,၄၃၅<br>မ ၁၂,၄၈၄<br>ကျား ၆၇,၉၅၁ | ၄၅,၀၀၀ | ၁၇၉ | HHS |

### ၆.၁။ အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော LIFT ကျေးရွာ အရေအတွက်

LIFT ၏စီမံချက်လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁နှင့်သာ သက်ဆိုင်သည်။ ၂၀၁၇ခုနှစ်တွင် ကောက်ယူခဲ့သည့် ၄၂၉ ရွာအနက် ၁၁ရာခိုင်နှုန်းက LIFT က ပံ့ပိုးသည့် သယံဇာတစီမံခန့်ခွဲမှု တမျိုးမျိုးရှိကြောင်း တင်ပြကြသည်။ အလွှာ၁ အတွင်း ၂၀၁၇ခုနှစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက ကျေးရွာ ၄၈၉ ရွာက ထိုသို့ ဆောင်ရွက်နေသည်။ ယခင်နယ်မြေများမှ ၁၇၁ ရွာ နှင့် ပေါင်းပါက ၂၀၁၇ ခုနှစ် ရည်မှန်းချက်၏ ၁၀၆ ရာခိုင်နှုန်း ကို ရရှိခဲ့သည်။

LIFT၏ သယံဇာတစီမံခန့်ခွဲမှုများတွင် ရခိုင်ဒေသတွင် အများစုဖြစ်သော တာဘောင်များ၊ တောင်တန်းဒေသတွင် အများစုဖြစ်သော အများပိုင်သစ်တော၊ ဒေသနှစ်ခုလုံးမှ ရေဝေရေလဲဒေသများ ပါဝင်သည်။

### ၆.၂။ ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတမှ အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက်

LIFT၏ လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁ နှင့်သာ သက်ဆိုင်သည်။ ၂၀၁၅ မှ ၂၀၁၇အတွင်း ကာကွယ်/စီမံခန့်ခွဲ ထားသော သယံဇာတမှ အကျိုးရှိကြောင်းတင်ပြသည့် အိမ်ထောင်စု ၂၃ ရာခိုင်နှုန်း တိုးလာသည်။ ယင်းတွင် အမျိုးသမီးဦးစီး အိမ်ထောင်စု ၁၇ ရာခိုင်နှုန်းနှင့် အမျိုးသားဦးစီး အိမ်ထောင်စု ၂၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အလွှာ၁အတွင်း ၂၀၁၇ခုနှစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၄၁,၆၀၀ ဖြစ်သည်။ ယခင်အကောင်အထည်ဖော်မှု နှင့် ပေါင်းပါက LIFTသည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၁၇၉ ရာခိုင်နှုန်းကို ရရှိခဲ့သည်။
အများဆုံး အကျိုးခံစားရမှုမှာ အကာအကွယ်ရှိသော ရေထု၊ အများပိုင် သစ်တောများ၊ အများပိုင် စားကျက်ခင်းများ ဖြစ်ကြောင်း တင်ပြကြသည်။

▲ ဇယား ၂.၁၀
စီမံကိန်းရလဒ်အဆင့်
အကျိုးရလဒ် ၆

* ယခင် ၂၀၁၅ စီမံကိန်း နယ်မြေ
\+ ၂၀၁၆-၁၇ အစီအစဉ်သစ် နယ်မြေ
HHS
LIFT Household Survey

## အကျိုးရလဒ် ၇

### ရိက္ခာနှင့် အသက်မွေးမှုဖူလုံရေးအတွက် ကူညီထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၇.၁။ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေ သော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း | ၃၉+ | ၃၈ | မရှိ | ၂၅ | ၁၅၂ | FMO |
| ၇.၂။ ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများ ရရှိသော ဒေသခံအဖွဲ့ အရေအတွက် နှင့် အမျိုးအစား | ၁,၉၇၂ | ၈၁၈ | ၂,၇၉၀ | ၂,၃၀၀ | ၁၂၁ | IPs |

▲ ဇယား ၂.၁၁
စီမံကိန်းရလဒ်အဆင့်
အကျိုးရလဒ် ၇
+ ၂၀၁၆ အတွက်သာ

FMO
Fund Management Office
IP
Implementing Partners

### ၇.၁။ ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း

LIFT ၏ လက်ရှိမဟာဗျူဟာ၏ အဓိက ရည်မှန်းချက်တစ်ခုမှာ အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ အပါအဝင်ဖြစ်သော ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန်ဖြစ်သည်။အဖွဲ့အစည်းများသို့ ခွဲဝေပေးသော ဘတ်ဂျက်ပမာဏသည် LIFT ၏ ဤရည်မှန်းချက်အပေါ်အလေးထား ဆောင်ရွက်မှုကို ပြသနေသည်။ ၂၀၁၇ခုနှစ်ဘက်ဂျက်တွင် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲသော ပမာဏမှာ ကန်ဒေါ်လာ ၂၅.၃သန်းရှိပြီး၊ ယင်းသည် LIFT ၏ ဘတ်ဂျက်သုံးစွဲမှု စုစုပေါင်းကန်ဒေါ်လာ ၆၇.၃သန်း၏ ၃၈ရာခိုင်နှုန်း ဖြစ်သည်။ LIFT သည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၁၅၂ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ရန်ပုံငွေ ထောက်ပံ့မှုအသစ် ၁၅ခုကို လက်မှတ်ထိုး ချထားပေးခဲ့ရာ ၆ခုမှာ ပြည်တွင်းအဖွဲ့အစည်းများနှင့် ဖြစ်သည်။ ယင်းတွင် ၂ခုမှာ လူမှုဝန်ထမ်းဦးစီး နှင့်ဖြစ်ပြီး ပြည်တွင်းအဖွဲ့အစည်း ၄ဖွဲ့ နှင့်ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများအား ရန်ပုံငွေ ချထားပေးသည့် ကျန် ၉ ခုတွင် ၃ခုကို ဒေသခံအဖွဲ့အစည်း ၁၃ဖွဲ့သို့ တဆင့်ခံအဖြစ် ရန်ပုံငွေ ချပေးခဲ့သည်။ ဥပမာ အားဖြင့် The Border Consortium (TBC)သည် ဒေသခံအဖွဲ့အစည်း ၈ခု နှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်ကာ ရန်ပုံငွေများကို ပံ့ပိုးပေးထားသည်။

### ၇.၂။ ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများရရှိသော ဒေသခံအဖွဲ့အရေအတွက် နှင့် အမျိုးအစား

LIFT စီမံချက်လုပ်ငန်းများ စတင်ချိန်မှ ၂၀၁၇ နှစ်ကုန်အထိဆိုလျှင် ရိက္ခာနှင့် အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ဒေသခံ အုပ်စုအဖွဲ့ပေါင်း ၂,၇၉၀ဖွဲ့တို့ကို မိတ်ဖက်အဖွဲ့ ၂၉ဖွဲ့တို့က ထောက်ပံ့ပေးလျက်ခဲ့သည်။ ၂၀၁၇ခုနှစ် တစ်နှစ်တည်းမှာပင် ၈၁၈ အဖွဲ့ တိုးတက်လာသည်။ ဤအညွှန်းတွင် LIFT သည် ၂၀၁၇ ရည်မှန်းချက်၏ ၁၂၁ ရာခိုင်နှုန်းကို ရရှိနိုင်ခဲ့သည်။

ဒေသခံအဖွဲ့အများဆုံးကို အများဆုံးထောက်ပံ့နေကြသည့် မိတ်ဖက်အဖွဲ့များမှာ- တက်လမ်း စီမံကိန်း မှ Care နှင့် Save the Children (၆၀၉ ဖွဲ့ နှင့် ၅၀၁ ဖွဲ့)၊ မြစ်ဝကျွန်းပေါ် (၃) မှ Save the Children (၂၆၂ဖွဲ့)၊ HelpAge (၁၈၁ဖွဲ့)၊ Mercy Corps (၁၇၁ဖွဲ့)၊ ActionAid-SEDN (၁၈၁ဖွဲ့) တို့ဖြစ်သည်။ မကြာသေးမီက Network Activities Group (NAG) (၁၃၀ဖွဲ့) ဖြင့် တောင်တန်းဒေသ စီမံကိန်းတွင် စတင်ပါဝင်လာသည်။

## အကျိုးရလဒ် ၈

### ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း

| | ပြီးစီးမှု ၂၀၁၀ - ၂၀၁၆ | ပြီးစီးမှု ၂၀၁၇ | စုစုပေါင်း ပြီးစီးမှု ၂၀၁၀ - ၂၀၁၇ | ၂၀၁၇ ရည်မှန်းချက် | ပြီးစီးမှု % | ရင်းမြစ် |
|---|---|---|---|---|---|---|
| ၈.၁။ LIFTကထောက်ပံ့ခဲ့သော မူဝါဒရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက် | ၁၄၀* | ၂၄၄ | ၃၈၄ | ၁၁၅ | ၃၃၄ | FMO, IPs |
| ၈.၂။။ပတ်သက်ဆက်နွှယ်သူများ ထံသို့ LIFTက ထုတ်ဝေ ဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာစောင်များ | ၄၉ | ၅၄ | ၁၀၃ | ၆၀ | ၁၇၂ | FMO, IPs |

### ၈.၁။LIFT ကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက်

၂၀၁၅ခုနှစ်မှ စတင်ကာ ဤအညွှန်းကို ထည့်သွင်းပြီး သည့်နောက်တွင် LIFTသည် မူဝါဒရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေမည့် ဆွေးနွေးပွဲ ၃၈၄ခုကို ကျင်းပခဲ့ရာ ၂၀၁၇ရည်မှန်းချက်၏ ၃၃၄ ရာခိုင်နှုန်းကို ရရှိနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် LIFTသည် မူဝါဒရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲ အခမ်းအနားပေါင်း ၂၄၄ ခုကို ကျင်းပခဲ့ရာ မိတ်ဖက်အဖွဲ့များက ၂၂၂ ခုကို လည်းကောင်း၊ FMO က ၂၂ ခုကိုလည်းကောင်း ကျင်းပခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ နှင့်တကွ အမျိုးသားအဆင့်ရှိ လုပ်ရှားမှုအမျိုးမျိုး ချဉ်းကပ်နည်းများ နှင့်ပတ်သက်သည်။ အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းပညာရှင်များ၊ မူဝါဒနှင့် ပတ်သက်ဆက်နွှယ်သူများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များကို သတင်းအချက်အလက် ပေးကာ သြဇာသက်ရောက်စေခဲ့သည်။ FMO နှင့် မိတ်ဖက်အဖွဲ့များသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ အစိုးရ ဌာနဆိုင်ရာများ နှင့် အတူတကွ ဆောင်ရွက်ရန် ပိုမို အလေးထားလျက်ရှိသည်။ လူမှုအဖွဲ့အစည်းများ နှင့် LIFTတို့၏ မူဝါဒဆိုင်ရာ မိတ်ဖက်ပြုမှုသည်ပိုမို၍မဟာဗျူဟာမြောက်လာသည်။ ၂၀၁၇ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များမှာ-

*နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ လေ့လာမှုခရီး။*

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် မကွေးတိုင်း ဒေသကြီး ပခုက္ကူမြို့နယ် ကြီးရွာရှိ LIFT ရန်ပုံငွေ ပံ့ပိုးသည့် MCCT စီမံချက်သို့ လာရောက်ခဲ့သည်။ ထိုခရီးစဉ်ပြီးနောက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စု အဆင့် ဝန်ကြီးများ၊ သက်ဆိုင်ရာ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် အစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူတို့၏ အာဟာရကို မည်သို့ မြှင့်တင်ရမည်ကို ဆွေးနွေးခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အာဟာရသည် ကဏ္ဍစုံနှင့် ပတ်သက်သည့် အကြောင်းရပ်ဟု ရှုမြင်သုံးသပ်ခဲ့ရာ ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့တစ်ရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု အောက်တွင် ဖွဲ့စည်းပေးခဲ့သည်။

*ချင်းပြည်နယ်ဖွံ့ဖြိုးရေးဖိုရမ်။*

မတ်လတွင် ချင်းပြည်နယ်အစိုးရက ကျင်းပသည့် ဖွံ့ဖြိုးရေးဖိုရမ်ကို LIFT၏ တောင်တန်းဒေသ အစီအစဉ်က ငွေကြေးထောက်ပံ့ခဲ့သည်။ ဟားခါးတွင် နှစ်ရက်ကြာ ကျင်းပခဲ့သော ဆွေးနွေးပွဲဖိုရမ်သို့ ဝန်ကြီးများ၊ အစိုးရဌာနများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ CSO များ တက်ရောက်ကာ လူမှု-စီးပွားရေးဆိုင်ရာ ကဏ္ဍစုံမှ ဦးစားပေး ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။ ချင်းပြည်နယ်အစိုးရသည် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးအတွက် ဘက်စုံလွှမ်းခြုံသည့် မူဘောင်ကို ရေးဆွဲရန် စီမံလျက်ရှိသည်။

*အရပ်ဘက် လူမှုအဖွဲ့အစည်းများ သုတေသန ဖိုရမ်။*

ဧပြီလတွင် LIFT FMO သည် CSO ကွန်ရက်များနှင့် သက်ဆိုင်သည့် စစ်တမ်းနှစ်စောင်မှ တွေ့ရှိချက်များကို တင်ပြရန် အလုပ်ရုံဆွေးနွေးပွဲ ဖိုရမ်တစ်ရပ်ကို ကျင်းပခဲ့သည်။ ယင်းတို့မှာ The Art of Networking ကွန်ရက်ဖွဲ့ခြင်းအနုပညာ (ပေါင်းကူး၊ Christian Aid) နှင့် Understanding Civil Society Networks အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်များကို နားလည်ခြင်း (LIFT) တို့ ဖြစ်သည်။ တက်ရောက်လာသော CSOကွန်ရက် ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ က မြန်မာနိုင်ငံတွင် CSOကွန်ရက်များ မည်သို့ ဆင့်ကဲဖြစ်ထွန်းလာသည်၊ ယင်းတို့သည် မူဝါဒ အပြောင်းအလဲကို မည်သို့သြဇာသက်ရောက်နိုင်သည်၊ နောင်တွင် မူဝါဒကို ပုံသွင်းရာ၌ မည်သည့်နေရာမှ ပါဝင်နိုင်မည်တို့ကိုဆွေးနွေးကြသည်။ သိမ်မွေ့နက်နဲပြီး လျင်မြန်စွာ ပြောင်းလဲနေသော မူဝါဒရေးရာ ပတ်ဝန်းကျင်တွင် ယင်းတို့၏ အခန်းကဏ္ဍများ မည်သို့ ဆင့်ကဲဖြစ်ထွန်းလာသည်ကို CSO ကိုယ်စားလှယ်များက တင်ပြနိုင်သဖြင့် လွှတ်တော် ကိုယ်စားလှယ် များမှလည်း အကျိုးရှိသည့် တုံ့ပြန်မှုများဖြင့် ပြန်လည်ဆွေးနွေးနိုင်ခဲ့ကြသည်။ လူထုနှင့် ယင်းတို့ ရွေးကောက်ထားသော အစိုးရ ကိုယ်စားလှယ်များက အားလုံးပါဝင်စေသည့် အပြန်အလှန်ဆွေးနွေးမှု ဖြစ်ထွန်းအောင် ပံ့ပိုး ကူညီရာတွင် ဤအခမ်းအနားက အရေးပါခဲ့သည်။

*ကျား၊ မရေးရာ ဆွေးနွေးလှုံ့ဆော်မှု။*

LIFT၏ မဟာဗျူဟာ မိတ်ဖက်ဖြစ်သည့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN)သည် ကျား၊မ တန်းတူညီမျှရေးဆိုင်ရာ ဆွေးနွေးလှုံ့ဆော်မှုများကို နိုင်ငံတော်အဆင့်ထိ ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။ အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှုများ အားလုံးပပျောက်ရေး သဘောတူစာချုပ် (CEDAW) အကောင်အထည်ဖော်ရေး နှင့် ဖွဲ့စည်းပုံ ပြုပြင်

▲ ဇယား ၂.၁၂
စီမံကိန်းရလဒ်အဆင့် အကျိုးရလဒ် ၈

* ၂၀၁၆ နှစ်ပတ်လည် အစီရင်ခံစာပါ ကိန်းဂဏန်းကို ပြင်ဆင်ချက် ဖြစ်ပါသည်။

FMO
Fund Management Office
IP
Implementing Partners

ပြောင်းလဲရေးဆိုင်ရာ အလုပ်ဆွေးနွေးပွဲများ ကျင်းပနေသည်။ GEN သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ကျား၊ မ ရေးရာ သက်ရောက်မှုကို သုတေသနပြုလုပ်ကာ ဥပဒေများ၊ မူဝါဒများတွင် ကျား၊ မရေးရာ ဆန်းစစ်နိုင်စွမ်းကို တိုးတက် နိုင်စေခဲ့သည်။ ကျား၊မ အခြေပြု အကြမ်းဖက်မှုများ တိုက်ဖျက်ရေးကို အားထုတ်ရာတွင် ပြည့်စုံထိရောက်သော အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေ တရပ် ထွက်ပေါ်စေရန် ဆက်လက်စည်းရုံးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတဝန်းမှ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်သော နှစ်သိမ့်ဆွေးနွေးပံ့ပိုးမှုပေးသည့် ဝန်ဆောင်မှုများ၊လုပ်ငန်းများကို အသေးစိတ်လေ့လာခြင်း၊ သင်တန်းများပေးခြင်းနှင့် လူထု အသိပညာပေး လှုပ်ရှားမှုများ ကို ဦးစီးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

*စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့အသုံးစရိတ် သုံးသပ်ချက်။*

LIFT FMO ကမ္ဘာ့ဘဏ်၏ စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့အသုံးစရိတ်သုံးသပ်ချက်မှ တွေ့ရှိချက်များကို အစိုးရကို တင်ပြသည့် အခမ်းအနား ၂ ခုကို ဩဂုတ်လတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ သုတေသနကို ဦးဆောင်သည့် ကမ္ဘာ့ဘဏ်အဖွဲ့မှ သုတေသီက MoALI မှ အရာရှိများအား အဓိကတွေ့ရှိချက်များကို တင်ပြခဲ့သည်။ ထို့အတူ လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးကိုလည်း တင်ပြခဲ့သည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ သုတေသီ၊ LIFT FMOရုံးတို့က အကျေအလည် ဆွေးနွေးခဲ့ကြသည်။ ဤတင်ပြမှုများ၊ သုံးသပ်ချက်များသည် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ၏ ရင်းနှီးမြှုပ်နှံမှုစီမံချက်ကို အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။ အသေးစိတ်ကို အခန်း ၆.၂တွင် ကြည့်ပါ။

*ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး။*

Lodestar သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြောင်မြို့နယ်၌ နှစ်ရက်ကြာ အလုပ်ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ LIFTရန်ပုံငွေပံ့ပိုးသည့် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး ရှေ့ပြေးစီမံချက်၏ လှုပ်ရှားမှုများ၊ ရလဒ်များကို လူထုက ဆွေးနွေးနိုင်ရန် ဖြစ်သည်။ ဆွေးနွေးပွဲတွင် တက်ရောက်သူပေါင်း ၁၅၀ ကျော်ရှိခဲ့ရာ လွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသ အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံချက်နှင့် ဆက်သွယ်ချိတ်ဆက်ထားသော ကျေးရွာ အခြေပြု အဖွဲ့အစည်း ၄၀ တို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။ ယင်းအဖွဲ့အစည်း ၄၀တို့က မိမိတို့၏ လုပ်ငန်းများ၊ အောင်မြင်မှုများ၊ ကွန်ရက်ဖွဲ့မှု နှင့် ရေရှည်တည်တံ့မှု စီမံချက်များအကြောင်းကို တင်ပြ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် ပွင့်လင်းမြင်သာစွာ အစီရင်ခံခြင်းနှင့် စီမံချက်၏ အားသာချက် အားနည်းများ အကဲဖြတ်ခြင်း တို့ကို အဓိက ဆွေးနွေးခဲ့သည်။ ထို့ပြင် တက်ရောက်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း အချိတ်အဆက်များကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဤဆွေးနွေးပွဲသည် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် စိတ်ဝင်စားဖွယ် ချဉ်းကပ်နည်းတစ်ခုကို သရုပ်ပြဖော်ဆောင်ခဲ့သည်။ သို့သော် ယင်းချဉ်းကပ်နည်း အောင်မြင်ဖွယ် ရှိ၊ မရှိကို စောင့်ကြည့်ရဆဲ ဖြစ်သည်။

*၈.၂။ပတ်သက်ဆက်နွယ်သူများထံသို့ LIFTက ထုတ်ဝေဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာစောင် များ*

၂၀၁၅ခုနှစ်မှစတင်ကာ ဤအညွှန်းကို ထည့်သွင်းပြီးသည့်နောက်တွင် LIFT သည် မူဝါဒဆိုင်ရာ စာအုပ်စာစောင် ၁၀၃ ခုကို ထုတ်ဝေခဲ့ရာ ၂၀၁၇ ရည်မှန်းချက်၏ ၁၇၂ ရာခိုင်နှုန်းကို ရရှိနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် LIFT FMO ရုံးနှင့် မိတ်ဖက်အဖွဲ့များသည် မူဝါဒဆိုင်ရာ စာအုပ်စာစောင် ၅၄ ခုကို ထုတ်ဝေခဲ့ရာ ၁၈ ခုကို FMO ရုံးက လည်းကောင်း၊ ၃၆ ခုကို မိတ်ဖက်အဖွဲ့များက လည်းကောင်း ထုတ်ဝေခဲ့သည်။ စာအုပ်စာစောင်များသည် မူဝါဒနှင့် သက်ဆိုင်သည့် ဘာသာရပ်ပေါင်းစုံကို လွှမ်းခြုံသည်။ အထူးသဖြင့် မူဝါဒ ဒီဇိုင်း နှင့် အကောင်အထည်ဖော်ခြင်းတို့ နှင့် သက်ဆိုင်သည်။ သုတေသန တွေ့ရှိချက်များ၊ မူဝါဒ ရှင်းလင်းချက်များ နှင့် အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်များ ပါဝင်သည်။ ယင်းတို့ကို အင်္ဂလိပ်ဘာသာဖြင့်သာ အဓိကထုတ်ဝေသော်လည်း အချို့ကို မြန်မာဘာသာဖြင့်လည်း ထုတ်ဝေသည်။ စာရင်းအကျဉ်းကို နောက်ဆက်တွဲ(၆)တွင် တွေ့နိုင်သည်။ အဓိကအားဖြင့် -

*မြန်မာ ငါးမွေးမြူရေး-စိုက်ပျိုးရေးစစ်တမ်း။*

LIFT နှင့် USAID တို့က ပူးတွဲထောက်ပံ့သော မီချီဂန်ပြည်နယ် တက္ကသိုလ်က ဦးစီးဆောင်ရွက်သည့် စိုက်ပျိုး-ရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး အစီအစဉ် က မြန်မာနိုင်ငံ ငါးမွေးမြူရေး -ငါးမွေးမြူရေး နည်းပညာ၊ ထုတ်လုပ်ရေး စီးပွားရေး၊ စီမံခန့်ခွဲရေး အမည်ရှိသည့် မူဝါဒရှင်းလင်းချက် နှင့် အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ စစ်တမ်းတွင် မြန်မာနိုင်ငံ ကုန်းတွင်းဒေသ ငါးမွေးမြူရေး၏ နည်းပညာဆိုင်ရာ ထူးခြားချက်များကို ပြည့်စုံစွာဖော်ပြထားသည်။ မီချီဂန်ပြည်နယ် တက္ကသိုလ်သည် အဓိက တွေ့ရှိချက်များကို အလှူရှင်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍ စသည်တို့ကို အလုပ်ရုံ ဆွေးနွေးပွဲဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

*မြန်မာ့မြေပြန့် ကျေးလက်ဒေသ မြေယာပိုင်ဆိုင် လုပ်ကိုင်ခွင့်။*

GRET သည် မြန်မာနိုင်ငံ၏ စိုက်ပျိုး-စီးပွားနယ်မြေအနံ့တွင် မြေယာပိုင်ဆိုင် လုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် သုတေသနများကို ဆက်တိုက် ဆောင်ရွက်ခဲ့သည်။ မြေပြန့်ကျေးလက်ဒေသ သုတေသနသည် စိတ်မချရသော မြေယာပိုင်ဆိုင်မှုကို ဖြစ်စေသည့် လူမှုရေးဖြစ်စဉ်များ၊ ကျေးလက်လူထုက မြေယာတွင် ရင်းနှီးမြှုပ်နှံကာ ရေရှည် အသုံးပြုနိုင်မည့် ဖြစ်စဉ်များကိုမှတ်တမ်းတင်ထားသည်။ မြန်မာနိုင်ငံ၏ ဆန်စပါး ပင်မ ထုတ်လုပ်သည့် နယ်မြေများဖြစ်သော မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်ဒေသများကို ဦးတည်လျက် ကျေးလက်အိမ်ထောင်စုများ၏ မြေယာနှင့် ဆက်သွယ်မှုကို ပုံသွင်းသည့် အရေးကြီးသော အချက်များကို ဖော်ထုတ်သည်။ ဗြိတိသျှ ကိုလိုနီခေတ်မှ ၂၀၁၂ ခုနှစ် ပြုပြင် ပြောင်းလဲမှုအထိ ကိစ္စများစွာသည် မပြောင်းလဲသေးပဲ ရှိနေသည်။ အထူးသဖြင့် မြေယာမဲ့မှုကို အကျိုးသက်ရောက်စေသည့် ဒေသခံများ၊ ဖယ်ကျဉ်လေ့ရှိသည့် အလေ့အထများ၊ ဒေသတွင်း အာဏာလုပ်ပွဲများ၊ တောင်သူတို့၏ မြေယာပိုင်ဆိုင်ခွင့်အပေါ် ကန့်သတ်ချက်များ၊ နိုင်ငံတော်က ဆန်စပါးကို ဦးစားပေးမှု စသည်တို့နှင့် သက်ဆိုင်သည်။အလျင်အမြန် ပြောင်းလဲနေသော ဥပဒေရေးရာ နောက်ခံတွင် ဤသုတေသနသည် တောင်သူတို့နှင့် မြေမဲ့ယာမဲ့တို့ကို အတန်းအစား

ခွဲခြားသည့် စနစ်တစ်ခုကို ဖော်ပြထားကာ၊ ကျေးလက်အိမ်ထောင်စုများ မြေယာမဲ့မှု အမျိုးမျိုး ရှိပုံကို ပိုမိုအလေးထားရန်ကိုလည်း ဆွေးနွေးထားသည်။

*ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ စာတမ်းများ။*

၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာအလုပ်သမားအဖွဲ့ (ILO) က ရွှေ့ပြောင်း သွားလာရေး နောက်ခံစာတမ်း သုံးစောင်ကို ပြုစုခဲ့သည်။ တိုင်ကြားမှုများ ဖြေရှင်းဆောင်ရွက်မှုပုံစံကို ပိုမိုသိရှိရန် ၊မြင်သာမှုရှိရန်အတွက် တိုင်ကြားမှုများ ဆောင်ရွက်မှုပုံစံ ရှင်းလင်းချက်စာတမ်းကို ဆွေးနွေးပွဲများ၊ သင်တန်းသားများကို ဖြန့်ဝေခဲ့သည်။ လုပ်သားစုဆောင်းမှု ရှင်းလင်းချက်စာတမ်း မူကြမ်း တစောင်ကို လူစုဆောင်းမှု လုပ်ငန်းစဉ် သင်တန်းတွင် သင်ရိုးရေးသားရာတွင် အသုံးပြုခဲ့သည်။ ဥပဒေကို ပြန်လည်သုံးသပ်ရာတွင် အသုံးပြုရန် လူမှုကာကွယ်စောင့်ရှောက်ရေး ရှင်းလင်းချက်စာတမ်း မူကြမ်းတစ်စောင်ကို ပြုစုခဲ့သည်။ ယင်းစာတမ်းကို ယခုအခါ အမျိုးသားအဆင့် ပြင်ဆင်ရေး အစည်းအဝေးနှင့် ၉ ကြိမ်မြောက် လုပ်အား ရွှေ့ပြောင်းသွားလာရေး အာဆီယံဖိုရမ်တို့မှ အကြံပြု ထောက်ခံချက်များဖြင့် ပြန်လည်ပြင်ဆင်လျက်ရှိသည်။

*အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်များကို နားလည်ခြင်း။*

LIFT ၏FMO ရုံးသည် မိမိထောက်ပံ့ခဲ့သော CSO ကွန်ရက်သုံးခုကို အကဲဖြတ်ခဲ့သည်။ ယင်းတို့မှာ-စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)၊ ကျား/မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN)၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG)တို့ ဖြစ်သည်။ ယင်းတို့၏ အခန်းကဏ္ဍ၊ တန်ဖိုးနှင့် ထူးခြားချက်များ၊ မြန်မာနိုင်ငံ ရိက္ခာဖူလုံရေး နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ဟူသည့် အခြေအနေ နှစ်ရပ် တို့ကို ဆန်းစစ်ထားသည်။ ကွန်ရက်တို့၏ တူညီချက် နှင့် ကွဲပြားချက်၊ FSWG နှင့် LCG တို့၏ ကျား/မ ရေးရာကို ထည့်သွင်း ထားမှု စသည်တို့ကို ဖော်ထုတ်ထားသည်။ ယင်းတို့၏ အားသာချက်၊အားနည်းချက် ကြုံတွေ့နေသည့် အခွင့်အလမ်း၊ စိန်ခေါ်မှုတို့ အပြင် မြန်မာနိုင်ငံ ကွန်ရက် ဖွံ့ဖြိုးရေးအတွက် LIFT သို့ အကြံပြုချက်များကိုပါ ထည့်သွင်းထားသည်။

*မြန်မာ့စိုက်ပျိုးရေး ပြည်သူ့အသုံးစရိတ်သုံးသပ်ချက်။*

LIFT သည် ကမ္ဘာ့ဘဏ်က ဆောင်ရွက်သည့်ပထမဆုံးအကြိမ် မြန်မာ့စိုက်ပျိုးရေး ပြည်သူ့ အသုံး စရိတ်သုံးသပ်ချက်ကို ပြုစုရာတွင် ထောက်ပံ့ခဲ့သည်။ စိုက်ပျိုးရေး တိုးတက်မှု နှင့် အခြားဖွံ့ဖြိုးရေး ရည်မှန်းချက်များ အတွက် ပြည်သူ့ ဝန်ဆောင်မှုများ ပိုမိုတိုးတက် ကောင်းမွန်စေရန် မူဝါဒဆွေးနွေးပြောဆိုမှုကို အလေးပေးလာစေရန် ဖြစ်သည်။ တွေ့ရှိချက်များ၊ အကြံပြုချက်များ သည် ၂၀၁၇-၂၀၂၁ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအရ ရေးဆွဲနေသော ရင်းနှီးမြှုပ်နှံမှု စီမံချက်တွင် ကနဦးစမှတ်အဖြစ်သို့ အခြေခံမျဉ်းအဖြစ် အသုံးပြုမည်၊ မဟာဗျူဟာ ရည်မှန်းချက်များနှင့် ကိုက်ညီစေရန် ကူညီမည်ဖြစ်သည်။ ဘတ်ဂျက်အကန့်အသတ်ရှိနေသော လက်ရှိအခြေအနေတွင် လက်ရှိ ရန်ပုံငွေများကို ကောင်းမွန်စွာသုံးစွဲမှုစေရန်၊ ရန်ပုံငွေ လုံလောက်မှု မရှိသော အရေးပါသည့် အစီအစဉ်များ အတွက်အလှူရှင်များထံမှ ပံ့ပိုးမှုများ ထပ်မံရရှိအောင် ဆွဲဆောင်နိုင်ရန် တို့ကို ပထမဦးစားပေး အဖြစ် အကြံပြုထားသည်။

၂.၄

# LIFT၏ ၂၀၁၇ ခုနှစ် ရလဒ်များ အကျဉ်းချုပ်

အချက်အလက် ကိန်းဂဏန်းများရရှိသော အညွှန်း ၃၄ ခုအနက် ၃၀ ခု သို့မဟုတ် ၂၀၁၇ ခုနှစ်၏ ရည်မှန်းချက်များ၏ ၈၈ ရာခိုင်နှုန်း တွင် LIFTက ပြည့်မီ သို့မဟုတ် ကျော်လွန်သည်။[၁၂] တာဝန်အဆင့် အကျိုးအားလုံးသည်လည်း ပြည့်မီ သို့မဟုတ် ကျော်လွန်သည်။ ယင်းတို့တွင် အိမ်ထောင်စုဝင်ငွေ၊ ပစ္စည်းပိုင်ဆိုင်မှု၊ ဝင်ငွေရလမ်း များပြားလာမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အစားအသောက် အမျိုးအမည် စုံလင်မှု၊ ရိက္ခာရရှိမှု၊ ပုညှက်မှုတို့ ပါဝင်သည်။ LIFT၏ သက်တမ်းအတွင်း ဝင်ငွေတိုးလာသော အိမ်ထောင်စုများတွင် လူ၃.၅သန်း၊ အသုံးအဆောင် တိုးလာသော အိမ်ထောင်စုများတွင် လူ၃.၃သန်း ရှိကြသည်။ လူ၃.၇သန်းခန့်သည် ကြံ့ကြံ့ခံနိုင်မှု တိုးလာသည်၊ အိမ်ထောင်စု ၄၃၂,၀၀၀ ခန့်သည် ပိုမိုကောင်းမွန်စွာ စားသောက်ရသည်ဟု အဓိပ္ပာယ်ဖွင့် နိုင်သည်။ သို့သော် ဝင်ငွေရလမ်း များပြားလာမှု နှင့် ပုညှက်မှု ဆိုင်ရာ ရလဒ်တို့မှာ ယာယီသာဖြစ်ပြီး အခြားဒေတာများဖြင့် ထပ်မံ အတည်ပြုရဦးမည် ဖြစ်ပါသည်။

၂၀၁၇ခုနှစ် ရည်မှန်းချက်များကို LIFTက ပြည့်မီ ကျော်လွန်ခဲ့ရာတွင် အဓိကကျသော အခြား အကျိုးများတွင် လုပ်ကွက်ငယ် တောင်သူများ သီးနှံအထွက် တိုးလာခြင်းလည်း ပါဝင်သည်။ LIFT ၏ သက်တမ်းတလျှောက်တွင် အိမ်ထောင်စု ၂၀၀,၀၀၀ ခန့်ကို စိုက်ပျိုးရေးအကြံပေးခဲ့သည်၊ အိမ်ထောင်စု ၃၂၅,၀၀၀ကျော်က နည်းနာသစ် များ၊ သွင်းအားစုသစ်များ၊ နည်းပညာသစ်များကို စမ်းသပ်/ကျင့်သုံးခဲ့သည်၊ အိမ်ထောင်စု ၃၀၀,၀၀ခန့်က သီးနှံ အထွက်တိုးလာခဲ့သည်။ အိမ်ထောင်စု ၄၈၅,၀၀၀ ခန့်က စိုက်ပျိုးရေး လုပ်ငန်းမှ ပိုမိုမြတ်စွန်းလာသည်။ လယ်ယာပြင်ပလုပ်ငန်းများရှိ ဘေးကင်းလုံခြုံသော အလုပ်အကိုင် အခွင့်အလမ်းတွင်လည်း ၂၀၁၇ခုနှစ် ရည်မှန်းချက်များကို LIFTက ပြည့်မီကျော်လွန်ခဲ့သည်။ LIFT၏သက်တမ်းတလျှောက်တွင် မိတ်ဖက် အဖွဲ့များက အိမ်ထောင်စု ၅၀,၀၀၀ခန့်ကို လယ်ယာ ပြင်ပ လုပ်ငန်းများအတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခဲ့ကြသည်။ အိမ်ထောင်စု ၄၉၀,၀၀၀ ခန့်သည် လယ်ယာပြင်ပလုပ်ငန်းများမှ ဝင်ငွေ တိုးတက်လာခဲ့သည်။

အညွှန်းအများအပြားတွင် ကျော်လွန်အကောင်အထည် ဖော်နိုင်ခြင်းမှာ LIFTက ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု လုပ်ဆောင်မှုများကို အလျင် အမြန် တိုးချဲ့ခြင်းကြောင့် ဖြစ်သည်။ LIFTသည်အသေးစား ငွေရေးကြေးရေးလုပ်ငန်း မိတ်ဖက်အဖွဲ့၆၅ဖွဲ့ ကို ထောက်ပံ့နေသည်။ ယင်းတို့ သည်ငွေစု/ ငွေချေးသူ (သို့) ငွေကြေး ဝန်ဆောင်မှု အသုံးပြုသူ၂.၁သန်းကျော်ထံသို့ ဝန်ဆောင်မှု ပေးနေသည်။ ထို့ပြင်၂၀၁၅ ခုနှစ်တွင် LIFT၏ အသေးစား ငွေရေး ကြေးရေးဝန်ဆောင်သူ မိတ်ဖက် အဖွဲ့များ အနက် ၆ဖွဲ့သာ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင် ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ၁၂ ဖွဲ့ထိ၊ ၂၀၁၇ ခုနှစ် တွင် ၂၀ အထိ တိုးတက်လာခဲ့သည်။

အခြားအောင်မြင်သည့် နယ်ပယ်တခုမှာ ပြည်တွင်း အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်ကိုအားဖြည့်ပေးခြင်း ပင်ဖြစ်သည်။ CSOများ၊ ပုဂ္ဂလိကကဏ္ဍ၊ မြန်မာအစိုးရ အပါအဝင် ပြည်တွင်း အဖွဲ့အစည်းများက LIFT ရန်ပုံငွေ၏ ၄၀ ရာခိုင်နှုန်းခန့်ကို စီမံခန့်ခွဲနေသည်။ ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် LIFTနှင့် မိတ်ဖက်အဖွဲ့ များက ဒေသခံအဖွဲ့ ၂,၈၀၀ခန့်ကို ထောက်ပံ့ခဲ့သည်။

နောက်ဆုံးအနေဖြင့် LIFTသည် မူဝါဒရေးရာတွင်လည်း အောင်မြင်မှု အများအပြားကို ရရှိခဲ့ကာ ၂၀၁၇ခုနှစ် ရည်မှန်းချက်များကို ပြည့်မီကျော်လွန်ခဲ့သည်။ LIFT၏သက်တမ်းတလျှောက်တွင် အစိုးရ၏ မူဝါဒများ နှင့် အစီအစဉ်များတွင် သိသာသော အပြောင်းအလဲပေါင်း ၃၅ခု နှင့် ဘတ်ဂျက်ခွဲဝေမှု ၁၈ခုကို ပြောင်းလဲရာတွင် အထောက်အပံ့ပြုခဲ့သည်။ ထိုသို့ ပြုနိုင်ခြင်းမှာ LIFTနှင့် မိတ်ဖက်အဖွဲ့များသည် ယခင်နှစ်များအတွင်းက မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနား ၃၉၀ကျော်ကို ကျင်းပနိုင်ခဲ့ပြီး၊ မူဝါဒ ဆိုင်ရာ စာအုပ်စာတမ်း ၁၀၀ခန့်ကို ထုတ်ဝေဖြန့်ချီ နိုင်ခဲ့ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ် အဖြစ် ပါဝင်နေသည်။

ဤအညွှန်းဆိုင်ရာ ရလဒ်များသည် LIFT၏ အရည်အချင်း သက်သက်ကြောင့်ဟု မမှတ်ယူ နိုင်သော်လည်း ဤသို့ရရှိလာစေရန် တိုးတက်ပြုပြင်မှု အမြောက်အမြားကို သိသာစွာ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် နည်းပညာ အထောက်အကူ၊ စွမ်းဆောင်ရည် တည်ဆောက်မှု၊ သွင်းအားစုပစ္စည်းအမျိုးမျိုးကို ပေးအပ်ခြင်း တို့ဖြင့် တာဝန်ခံယူမှုရှိသော ငွေကြေး ဝန်ဆောင်မှုကို ဖြစ်ပေါ်စေခဲ့ သောကြောင့် LIFTနှင့် မိတ်ဖက်အဖွဲ့များသည် မြန်မာ့ကျေးလက်လူထု အမြောက်အမြားအား ယင်းတို့၏ဘဝများ တိုးတက် ကောင်းမွန်စေမည့် ရွေးချယ်စရာများ နည်းလမ်းများကို ပေးအပ်နိုင်ခဲ့သည်။

အစီရင်ခံခဲ့သော အညွှန်း၃၄ ခုအနက် ၂၀၁၇ ခုနှစ် ရည်မှန်းချက်များအနက် ၄ခု သို့မဟုတ် ၁၂ ရာခိုင်နှုန်း သည် မပြည့်မီခဲ့ပါ။ ယင်းတို့၏ အများစုမှာ အာဟာရဆိုင်ရာ အစီအစဉ်များတွင် ဖြစ်သည်။ ယခင်နှစ်နှင့် မတူပဲ LIFT သည် အိမ်ထောင်စုများကို အာဟာရဆိုင်ရာ သတင်းအချက်များပေးရာတွင် ရည်မှန်းချက် ပြည့်မီခဲ့ပါသည်၊ ထို့ပြင် အမျိုးသမီးများနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်အမှန်တို့ကို လူကြီးများ ပိုမို သိရှိလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် ၆လ မှ ၂၃လသား ကလေးများ အမျိုးအမည်စုံလင်သော အာဟာရရရှိမှုတွင် မပြည့်မီခဲ့ပါ (၈၇%သာ ရရှိခဲ့သည်)။ နို့စို့ကလေးများ လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့ သက်သက်ကိုသာ ရရှိခဲ့မှုတွင်လည်း မပြည့်မီခဲ့ပါ (၇၆%သာရရှိခဲ့သည်)။ ထို့ပြင် LIFTသည် သန့်ရှင်းရေး ဝန်ဆောင်မှုများ ကို သုံးနေသည့် အိမ်ထောင်စုဆိုင်ရာ ရည်မှန်းချက်ကို လည်းကောင်း (၈၉%သာ ရရှိခဲ့)၊ စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု ဆိုင်ရာ ရည်မှန်းချက်ကို လည်းကောင်း (၇၉%သာ ရရှိခဲ့) မပြည့်မီခဲ့ပါ။ တင်ပြခဲ့သည့်အတိုင်း အချို့သော အာဟာရဆိုင်ရာ အစီအစဉ်များသည် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တို့တွင် တဖြည်းဖြည်း ထူထောင်နေရခြင်းကြောင့် ဤရည်မှန်းချက်ကို မပြည့်မီရခြင်း ဖြစ်နိုင်သည်။ အများစုမှာ ၂၀၁၇ခုနှစ်တွင် လုပ်ငန်း အရှိန်ရနေပြီ ဖြစ်သည်။ ဤရလဒ်များကို ၂၀၁၈ခုနှစ် နှစ်ဦးတွင် ဆောင်ရွက်မည့် အာဟာရစစ်တမ်းဖြင့် ဆက်လက် စူးစမ်းမည်။ FMOသည် အာဟာရဆိုင်ရာ ရလဒ် ကောင်းများ မုချ ထွက်ပေါ်စေမည့် LIFT ၏ အစီအစဉ်များ၊ စီမံချက်များကို အားဖြည့်မည့် နည်းလမ်းများကို ဖော်ထုတ်မည် ဖြစ်သည်။

အိမ်ထောင်စုအလိုက် အကျိုးခံစားရရှိမှုတွင် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသည် အမျိုးသားဦးစီးသည့် အိမ်ထောင်စုများ အောက် သိသာစွာ လျော့နည်းသည်ကို ညွှန်ပြနေသည်။ အာဟာရဆိုင်ရာ အညွှန်းများ မပါပဲ အမျိုးသမီးဦးစီး

၁၂။ အလှူရှင်အဖွဲ့အချို့တွင် သတ်မှတ်လေ့ရှိသည်မှာ- အစီအစဉ်တခုသည် ရည်မှန်းချက်၏ ၉၀% မှ ၁၁၀%ထိ အကောင်အထည်ဖော်နိုင်မှ ပြည့်မီသည်၊ ၁၁၀%ကျော် အကောင်အထည်ဖော်နိုင်မှ ကျော်လွန်သည်၊ ၉၀% အောက်ဆိုပါက မပြည့်မီ ဟု သတ်မှတ်ကြသည်။

နှင့် အမျိုးသား ဦးစီးသည့် အိမ်ထောင်စုများ၏ ကွာခြားချက်မှာ ရာခိုင်နှုန်းအမှတ် ၁ မှတ် မှ ၈ မှတ် အထိ ရှိကြပြီး သိသာသော အညွှန်းကွာခြားချက်တို့မှာ- ဝင်ငွေတိုးတက်မှု ( ၄မှတ် )၊ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်မှု ( ၃မှတ် )၊ ကြံ့ကြံ့ခံမှု ( ၅မှတ် ) စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်မှု( ၆မှတ် )၊ ကာကွယ်/ စီမံထားသော သဘာဝသယံဇာတ၊ အရင်းမြစ်တို့မှအကျိုးရရှိမှု (၈မှတ်)တို့ ဖြစ်ကြသည်။ ထို့ပြင် ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင် ရောက်နေသော LIFT အိမ်ထောင်စု အရေအတွက်များမှာလည်း သိသာစွာ ခြားနားနေသည်။ အမျိုးသားဦးစီးသည့် အိမ်ထောင်စုက ၁၁%ရှိပြီး၊အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုက ၂၈% ရှိနေသည်။ အမျိုးသားဦးစီးသည့် အိမ်ထောင်စုများထက် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများက အနည်းငယ်သော နယ်ပယ်မှာ စိတ်ချရသော ရေအရင်းအမြစ်ကို သုံးစွဲနေမှု (၁မှတ်) ဖြစ်သည်။ မိခင်များသည် ဖခင်များထက် အမျိုးသမီး များနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်အမှန်ကို ပိုမို သိကြသည်(၁၈မှတ်) အမျိုးသမီးဦးစီး နှင့် အမျိုးသား ဦးစီးသည့် အိမ်ထောင်စုများ၏ ကွာခြားချက် နှင့် မည်သို့ ပြောင်းလဲသွားမည်ကို ၂၀၁၉ ခုနှစ် ကျား/မ ရေးရာ စစ်တမ်းဖြင့် အသေးစိတ် စူးစမ်းရပေမည်။

၂.၄
# လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု


၆လလျှင်တစ်ကြိမ် LIFT၏မိတ်ဖက်အဖွဲ့များသည် မိမိတို့လုပ်ငန်းဆောင်တာအတွက် သတ်မှတ်ထားသော အညွှန်းများနှင့် တိုက်စစ်ကာ ရလဒ်များကို အစီရင်ခံရသည်။ နှစ်အလိုက် နှင့် ၂၀၁၇ခုနှစ်ထိ စုစုပေါင်း ကိန်းဂဏန်း အချက်အလက် အကျဉ်းချုပ်ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | စုစုပေါင်း ၂၀၁၀-၂၀၁၇ |
|---|---|---|---|---|---|---|---|---|---|
| တိုက်ရိုက် အကျိုးခံစား ခွင့်ရှိသော အိမ်ထောင်စု အရေအတွက် စုစုပေါင်း | ၁၅၃,၈၀၈ | ၆၉,၄၂၀ | ၁၄၉,၂၉၉ | ၁၃၈,၉၇၇ | ၁၁၆,၉၂၂ | ၁၉၃,၆၆၈ | ၁၅၉,၂၂၇ | ၄၉၄,၆၉၆ | ၁,၄၇၆,၀၁၈ |
| အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၃,၆၉၀ | ၁၆,၉၄၀ | ၁၉,၇၃၃ | ၁၄,၆၃၇ | ၄၂,၅၁၁ | ၁၅,၂၅၀ | ၁၇,၆၃၇ | ၁၃၀,၄၀၀ |
| မသန်စွမ်းသူဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၁,၀၆၄ | ၂,၃၅၄ | ၃,၁၁၁ | ၁,၅၀၈ | ၁,၅၈၀ | ၂,၂၀၀ | ၅,၆၅၅ | ၁၇,၄၇၂ |
| **စိုက်ပျိုးရေးလုပ်ငန်း(သီးနှံ)** | | | | | | | | | |
| စိုက်ပျိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄၃,၄၅၄ | ၁၅,၇၀၁ | ၄၂,၈၅၄ | ၅၂,၃၁၀ | ၂၀,၆၅၉ | ၁၄,၈၈၇ | ၇,၇၂၃ | ၁၂,၁၇၀ | ၂၀၉,၇၅၈ |
| ဈေးကွက်သတင်းနှင့် အချိတ်အဆက် ရရှိသော အိမ်ထောင်စု အရေအတွက် | - | ၃,၃၂၄ | ၂၀,၅၂၃ | ၃,၁၇၇ | ၁၀,၆၉၀ | ၄,၀၆၄ | ၁၂၂ | ၁၀၂ | ၄၃,၀၀၃ |
| **မွေးမြူရေးလုပ်ငန်း** | | | | | | | | | |
| မွေးမြူရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၇,၉၃၁ | ၁,၈၁၃ | ၆,၆၅၃ | ၃,၉၅၈ | ၁,၄၄၇ | ၁,၁၇၄ | ၁,၆၃၀ | ၉,၁၂၃ | ၃၃,၇၂၉ |
| **ရေလုပ်ငန်း** | | | | | | | | | |
| သဘာဝငါးဖမ်းလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄,၇၉၉ | - | ၃,၁၇၇ | ၁,၉၅၆ | ၁,၆၅၄ | ၃,၉၄၈ | ၂၇၇ | ၂၉၁ | ၁၆,၁၀၂ |
| **အခြားဝင်ငွေ( စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းတို့မှ အပ)** | | | | | | | | | |
| အခြားဝင်ငွေရလုပ်ငန်းများ အတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၁,၆၃၅ | ၃,၇၀၀ | ၂,၆၂၀ | ၆,၁၅၇ | ၂,၆၃၆ | ၇၅၂ | ၁,၄၀၃ | ၆၄၅ | ၂၉,၅၄၈ |
| **သင်တန်း** | | | | | | | | | |
| သင်တန်းသား စုစုပေါင်း | ၂၀,၄၉၁ | ၃၉,၂၃၇ | ၇၀,၉၁၄ | ၈၄,၆၇၉ | ၈၄,၄၃၈ | ၂၆,၅၈၈ | ၅၂,၁၂၈ | ၈၂,၆၅၁ | ၄၆၂,၁၂၆ |
| စိုက်ပျိုးရေးဆိုင်ရာ (မွေး/ရေအပါအဝင်) သင်တန်းသားဦးရေ | ၁၀,၄၄၃ | ၈,၅၃၀ | ၄၁,၂၃၁ | ၃၂,၃၆၇ | ၃၇,၁၇၁ | ၉,၃၄၈ | ၂၄,၈၀၃ | ၅၁,၉၀၀ | ၂၁၅,၇၉၃ |
| ဝင်ငွေတိုးလုပ်ငန်းဆိုင်ရာ (စိုက်ပျိုးရေးမပါ) သင်တန်းသားဦးရေ | ၆,၂၉၃ | ၄,၀၃၈ | ၃,၁၁၆ | ၃,၂၇၂ | ၅,၄၉၀ | ၂,၄၀၂ | ၈,၄၅၄ | ၃,၂၄၀ | ၃၆,၃၀၅ |
| သဘာဝ ငါးဖမ်း လုပ်ငန်းဆိုင်ရာ သင်တန်းသားဦးရေ | - | - | ၁၉၅ | ၁၂၁ | ၂၈၃ | ၂,၅၀၄ | ၂,၆၅၀ | ၁,၂၄၆ | ၆,၉၉၉ |
| ပညာပေးသင်တန်းသားဦးရေ | ၃,၈၀၁ | ၅၆ | ၁,၄၂၂ | ၆,၉၂၁ | ၃,၀၁၈ | ၂,၁၄၃ | ၇၉၂ | ၃,၀၈၆ | ၂၁,၂၃၉ |
| သဘာဝဝန်းကျင် ထိန်းသိမ်း/ ကာကွယ်ရေး သင်တန်းသားဦးရေ | ၉၅၄ | ၁,၅၈၀ | ၆,၄၇၇ | ၇,၂၂၃ | ၆,၉၇၆ | ၂၇၁ | ၁၀၈ | ၆၂၁ | ၂၄,၂၁၀ |
| CBOများ စီမံခန့်ခွဲမှု စွမ်းရည်ဆိုင်ရာ သင်တန်းသားဦးရေ | - | ၂၅,၀၃၃ | ၁၈,၄၇၃ | ၃၄,၇၇၅ | ၃၁,၅၀၀ | ၉,၉၂၀ | ၁၅,၃၂၁ | ၂၂,၅၅၈ | ၁၅၇,၅၈၀ |

| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | စုစုပေါင်း ၂၀၁၀-၂၀၁၇ |
|---|---|---|---|---|---|---|---|---|---|
| **အလုပ်နှင့် ငွေဖလှယ်ခြင်း** | | | | | | | | | |
| အလုပ်နှင့်ငွေဖလှယ်ခဲ့သော လုပ်ငန်းများတွင် ပါဝင်ခဲ့သော လူ-နေ့ ဦးရေ | - | ၃၇၄,၄၆၉ | ၆၇၁,၁၁၆ | ၅၈၈,၅၀၆ | ၃၀၁,၉၅၇ | ၂၀၉,၆၅၀ | ၁၅,၁၆၃ | ၁၁,၆၂၆ | ၂,၁၇၂,၄၈၉ |
| အလုပ်နှင့်ငွေဖလှယ်ခဲ့သော လုပ်ငန်းများတွင် ပါဝင်ခဲ့သော အမျိုးသမီး-နေ့ ဦးရေ | - | ၁၆၄,၁၉၁ | ၂၄၆,၈၂၀ | ၂၆၉,၉၃၇ | ၁၂၀,၂၈၁ | ၁၂၅,၇၃၀ | ၆,၇၇၉ | ၅,၃၆၇ | ၉၃၉,၁၀၆ |
| အလုပ်နှင့် ငွေဖလှယ်ကာ ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၃၃,၄၉၃ | ၃၁,၄၁၀ | ၄၃,၂၂၇ | ၃၈,၄၈၈ | ၇၄,၅၉၈ | ၂၀,၁၀၃ | ၂,၆၄၁ | ၂၃,၆၈၇ | ၂၆၇,၆၄၇ |
| **အာဟာရ** | | | | | | | | | |
| MCCTလက်ခံရသူ ဦးရေ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၆,၉၆၇ | ၃၆,၄၇၇ | ၄၃,၄၄၄ |
| အာဟာရ ဆိုင်ရာ သင်တန်းသား ဦးရေ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၆၅,၈၄၂ | ၅၅,၀၃၅ | ၁၆၅,၅၂၀ | ၂၈၆,၃၉၇ |
| **ရွှေ့ပြောင်းသွားလာရေး** | | | | | | | | | |
| ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ သင်တန်းသားဦးရေ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၂,၄၅၇ | ၁၃,၇၁၆ | ၁၆,၁၇၃ |

# အောင်မြင်ပြီးစီးခဲ့သော ရလဒ်များ

၂၀၁၀-၂၀၁၇



LIFT ၏ ပံ့ပိုးမှုများသည် လူဦးရေ

**၉.၄ သန်း**

ကို ရောက်ရှိခဲ့ပြီဖြစ်သည်



လူဦးရေ

**၂.၁ သန်း**

သည် LIFT မှ ထောက်ပံ့ပေးသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိကြပြီး ၎င်းတို့ထဲမှ ၈၉% မှာ အမျိုးသမီးများ ဖြစ်ကြသည်



လူဦးရေ

**၂.၂ သန်း**

ခန့်သည် တစ်လထက်ပို၍ စားနပ်ရိက္ခာ ဖူလုံလာကြသည်



လူဦးရေ

**၃.၇ သန်း**

သည် ကြံ့ကြံ့ခံနိုင်မှု ပိုရှိလာကြသည်



အိမ်ထောင်စုပေါင်း

**၈၀၆,၀၀၀**

ခန့်က ဝင်ငွေတိုးတက်လာသည်ဟု တင်ပြကြသည်။



အိမ်ထောင်စုပေါင်း

**၄၃၂,၀၀၀**

ခန့် အာဟာရပိုမိုပြည့်ဝစွာ စားသုံးလာကြသည်



အရပ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်

**၄၉၅,၀၀၀**

သည် LIFT ရန်ပုံငွေ ထောက်ပံ့သော သင်တန်းများတွင် တက်ရောက်ခဲ့ကြသည်



အိမ်ထောင်စုပေါင်း

**၄၉၀,၀၀၀**

ခန့်သည် စိုက်ပျိုးရေးပြင်ပ လုပ်ငန်းများကြောင့် ဂင်ငွေတိုးတက်လာသည်



အိမ်ထောင်စုပေါင်း

**၇၅၈,၀၀၀**

သည် ပစ္စည်းပိုင်ဆိုင်လာကြသည်






8L-7964

၃

# နယ်မြေဒေသများ


ဤအခန်းတွင် LIFT စီမံချက်များ ဆောင်ရွက်နေသော နယ်မြေဒေသ လေးခုဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်း အပူပိုင်းဇုန်၊ ရခိုင်ပြည်နယ်နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ တနင်္သာရီ၊ မွန်၊ ရှမ်းတို့ ပါဝင်သည့် တောင်တန်းဒေသများ တို့တွင် ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ထွန်းမှုများကို အထူးပြုတင်ပြပါမည်။ ၂၀၁၇ခုနှစ်အတွင်း ဒေသအားလုံးတွင် စီမံချက် အသစ်များကို ရန်ပုံငွေချထားပေးခဲ့သည်။ ယခုအခါ LIFTသည် ၂၄၆-မြို့နယ်တွင် စီမံချက် ၇၅-ခုကို ဆောင်ရွက်လျက်ရှိသည်။

ကြံ့ကြံ့ခံနိုင်မှုနှင့် အားလုံးပါဝင်စေသောဖွံ့ဖြိုးမှု ဆီသို့ သွားသော နည်းလမ်းတို့မှာ စိုက်ပျိုး-ဂေဟဇုန် ကို လိုက်၍ ကွဲပြားကြသည်။ ဇုန်တစ်ခုစီ၏ အခြေအနေနှင့် လုပ်ဆောင်ချက်ကိုမှန်ကန်စွာ တွဲဖက်ပေးခြင်းဖြင့် အသက်မွေးမှု၊ အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှု ဆိုင်ရာ ရလဒ်များ ကောင်းမွန်ရန်၊ ငွေကုန်ကျရကျိုးနပ်ရန်၊ တိုးချဲ့ရန် ဆောင်ရွက်နိုင်ကြောင်း စံပြဆောင်ရွက်မည့် စီမံကိန်းပုံစံကို LIFT က ရေးဆွဲပါသည်။


ဤဒေသများရှိ စီမံချက်များ၏ အရေးပါသော နောက်ဆုံး အခြေအနေတို့ကို နောက်ဆက်တွဲ-၄တွင် တွေ့နိုင်ပါသည်။

ဒေသအားလုံးတွင် ဆောင်ရွက်နေသော ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှု၊ ရွှေ့ပြောင်း သွားလာရေး၊ အရပ်ဘက်လူမှုအဖွဲ့ အစည်း စီမံကိန်းတို့ကို အခန်း-၄တွင် အသေးစိတ် ဖော်ပြထားပါသည်။

အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျား/မ ရေးရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများကို အခန်း-၅ တွင် လည်းကောင်း၊ မူဝါဒရေးရာကို အခန်း-၆တွင် လည်းကောင်း အသေးစိတ် ဖော်ပြထားပါသည်။




▲ ပုံ ၃.၁
၂၀၁၀ - ၂၀၁၇ LIFT ၏
နိုင်ငံတဝန်း လွှမ်းခြုံမှု




▲ ပုံ ၃.၂
စိုက်ပျိုးရေး-ဂေဟဇုန်အလိုက်
ရန်ပုံငွေ ခွဲဝေချထားမှု

၃.၁

# ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ



## ခြုံငုံဖော်ပြချက်

ခြုံငုံဖော်ပြချက်
မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသသည် ၂၀၀၈ ခုနစ်တွင် နာဂစ် ဆိုင်ကလုန်းမုန်တိုင်း၏ အဖျက်အဆီးကို ခံခဲ့ရပြီးနောက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး အားထုတ်မှုများကြောင့် အလျင်အမြန် ပြောင်းလဲနေပြီဖြစ်သည်။ ဤနယ်မြေဒေသသည် စိုက်ပျိုး ထုတ်ကုန်များတိုးခြင်း၊ ဆန်စပါး ထုတ်လုပ်မှုကို စီးပွားရေးအသွင်သို့ အကြီးအကျယ်ပြောင်းလဲနေခြင်း၊ မြို့ပြသို့ ရွှေ့ပြောင်းမှု တိုးပွားနေခြင်းစသဖြင့် အသွင်ကူးပြောင်းလျက်ရှိသည်။ သို့သော် ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆.၂ ရာခိုင်နှုန်း[၁၃] ရှိပြီး အာဟာရ မပြည့်ဝမှုနှုန်း မြင့်မားသည်။ ငါးနှစ်အောက် ကလေးများ၏ ၃၆ ရာခိုင်နှုန်းမှာ ပုညှက်နေသည်။[၁၄]

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် နိုင်ငံ့စပါးအတွက် စုစုပေါင်း၏ လေးပုံတစ်ပုံခန့်ကို ထုတ်လုပ်သည့် အဓိက စပါးထုတ်လုပ်ရာ နယ်မြေဖြစ်သည်။[၁၅]မြေမဲ့ယာမဲ့နှုန်းမှာ အမြင့်မားဆုံးဖြစ်ပြီး ၆၆ရာခိုင်နှုန်း[၁၆]ရှိသည်။ သို့ဖြစ်ရာ မြို့ပြ သို့ ရွှေ့ပြောင်းသွားလာမှုကိုလည်း များပြားလာစေသည်။ ၂၀၁၁ ခုနစ်မှ စတင်ကာ အလုပ်အကိုင်အခွင့်အလမ်းများရှိသော မြို့ပြ ဒေသသို့ ရွှေ့ပြောင်းသွားလာမှု တိုးလာသည်။ အထူးသဖြင့် အသေးစားတံငါအလုပ်၊ လယ်ယာ လုပ်သားအလုပ်တို့ဖြင့် အသက်မွေးနေရသည့် လယ်မဲ့မြေမဲ့ အိမ်ထောင်စုများတွင် ဖြစ်သည်။[၁၇] မြို့ပြဒေသသို့ ရွှေ့ပြောင်းသွားလာမှုကြောင့် ကျေးလက်ဒေသတွင် လုပ်သားရှားပါးလာပြီး စိုက်ပျိုးစရိတ်လည်း ၂၀၁၃မှ ၂၀၁၆ အတွင်း ၃၂ ရာခိုင်နှုန်း တက်လာသည်။[၁၈] ငွေကြေးဝန်ဆောင်မှု နှင့် သက်သာသော လယ်ယာသုံးစက်ကိရိယာများကို လက်လှမ်းမီသည့် တောင်သူများသည် စက်မှုလယ်ယာသို့ ကူးပြောင်းခဲ့ကြသည်၊ လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်းသည့် လုပ်ငန်းကို ထူထောင်လာကြကာ စိုက်ပျိုးရေးမှ အမြတ်အစွန်း ပိုမိုရရှိကြသည်။[၁၉] အခြေခံ အဆောက်အဦ ဆောက်လုပ်ခြင်း၊ အမြဲတမ်းစိုက်ခင်း အဖြစ်ပြောင်းလဲခြင်းတို့သည်လည်း ရလဒ်ကောင်းများကို ဖြစ်ပေါ်စေပါသည်။ မြစ်ဝကျွန်းပေါ် ဒေသတွင် သီးနှံအထွက်တိုးရခြင်းမှာ NGO များ၏ အထောက်အကူနှင့် ချေးငွေများကို ပိုမို လက်လှမ်းမီခြင်းတို့ကြောင့်လည်း ဖြစ်သည်။[၂၀]

မြန်မာနိုင်ငံစီးပွားရေးတွင် စိုက်ပျိုးရေး၏ အဓိကကဏ္ဍမှာ စားနပ်ရိက္ခာ နှင့် အာဟာရ ဖူလုံစေရန်၊ နိုင်ငံခြားဝင်ငွေ တိုးရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရန်ဖြစ်သည်ဟု စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန(MoALI)က ခံယူထားသည်။ MoALI ၏ ချဉ်းကပ်ပုံသည် အချိန်နှင့် အမျှ တိုးတက် ဖြစ်ထွန်းလျက် ရှိသည်။ ယခင်က သီးနှံစိုက်ပျိုးရေးကို ဦးတည်ခဲ့သော်လည်း၊ ယခုအခါ မွေးမြူရေး၊ ငါးလုပ်ငန်းစသော တန်ဖိုးမြင့် ထုတ်ကုန်များ၊ လယ်ယာပြင်ပကဏ္ဍ ဖွံ့ဖြိုးမှု စသဖြင့် ကဏ္ဍအများအပြား စုံလင်စွာ ဖြစ်ထွန်းမှုကို ဦးတည်နေသည်။ ဝင်ငွေရလမ်း များပြားမှု၊ ကျေးလက်လယ်ယာပြင်ပကဏ္ဍ ဖွံ့ဖြိုးမှုတို့ သည် ကျေးလက်ဒေသအသွင်ကူးပြောင်းမှုအတွက် အချက်အချာကျလှသည်။

## မြစ်ဝကျွန်းပေါ် ၃ အစီအစဉ်

LIFTက မြစ်ဝကျွန်းပေါ်တွင် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်း၏ တတိယအဆင့်ဖြစ်သော မြစ်ဝကျွန်းပေါ် (၃) အစီအစဉ်တွင် ဦးစားပေးလေးရပ် ရှိသည်-

- ဆန်စပါးတန်ဖိုးကွင်းဆက်တွင် လုပ်ကွက်ငယ်တောင်သူများ၏ နေရာကို အားကောင်းစေခြင်း
- စီးပွားရေး အခွင့်အလမ်းအသစ်များကို ပိုမိုလက်လှမ်းမီစေခြင်း၊ လယ်ယာပြင်ပ ဝင်ငွေရရှိစေရန်ဆောင်ရွက်ခြင်း၊ အသက်မွေးမှု သင်တန်းများပေးခြင်း၊ ရွှေ့ပြောင်းသွားလာမှုကို ထောက်ပံ့ခြင်း
- ထိခိုက်လွယ်မှုကို ဖြေရှင်းခြင်း - လူမှုကာကွယ်စောင့်ရှောက်ရေး၊ အာဟာရ တိုးတက်ကောင်းမွန်မှု၊ အကြွေးတင်ခြင်းကို လျှော့ချမှု၊ ရာသီဥတု အပြောင်းအလဲ နှင့် လိုက်လျောညီထွေရှိမှု
- ဆင်းရဲနွမ်းပါးသူများ ဦးတည်သည့် အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ၊ ပတ်သက်သူများ၊ သက်ဆိုင်ရာ ကဏ္ဍများ နှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကို အထောက်အပံ့ ပေးခြင်း

မြစ်ဝကျွန်းပေါ်အစီအစဉ်သည် ဤဦးစားပေး ကဏ္ဍများကို ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်း၊ အာဟာရ၊ ဆင်းရဲနွမ်းပါးသူများကို ဦးတည်သည့် အကျိုးဖြစ်စေမည့် မူဝါဒများ ဖြစ်ထွန်းစေရန် အထောက်အပံ့ပေးခြင်း/ ဩဇာ သက်ရောက်ခြင်းဟူသည့် LIFT၏ အဆင့်မြင့် မဟာဗျူဟာ ရလဒ်များကို ရရှိစေမည် ဖြစ်သည်။

## ၂၀၁၇ ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

ထိခိုက်လွယ်မှု/ ခံနိုင်ရည်မဲ့မှုကို ဖြေရှင်းရန် အာဟာရကို ကောင်းမွန်စေခြင်း

မြစ်ဝကျွန်းပေါ် အစီအစဉ် (၃) သည် ပုညှက်မှုဖြစ်ရခြင်း၏ လက်ငင်းအကြောင်းရင်းများကို ဖြေရှင်းဆောင်ရွက်နေသည်။ တဦးချင်းအဆင့်၌ အစားအစာလုံလောက်စွာ မစားသောက်ရခြင်း၊ ရောဂါစွဲကပ်ခြင်းတို့ပါဝင်သည်။[၂၁]အထူးသဖြင့် အချက်အခြာကျသော ဘဝအစပိုင်းကာလများ အတွင်း အာဟာရ မပြည့်ဝခြင်း၊ စားသောက်ပုံ အမူအကျင့်ကောင်းများကို သိခြင်း၊ အစားအသောက် အတွက် ကုန်ကျစရိတ် စသည်တို့၏ နောက်ခံ အကြောင်းရင်း တွန်းအားများကိုလည်း ကိုင်တွယ် ဖြေရှင်းလျက်ရှိသည်။[၂၂]

ဧရာဝတီတိုင်း ဒေသကြီးတွင် အာဟာရ မပြည့်ဝမှုမှာ မြင့်မားလျက်ရှိသည်။ လူဦးရေ နှင့် ကျန်းမာရေး စစ်တမ်းများအရ အသက် ငါးနှစ်အောက်ကလေး ၃၆ ရာခိုင်နှုန်းမှာ ပုညှက်နေသည်။ ၎င်းမှာ တစ်နိုင်ငံလုံး၏ ပျမ်းမျှ ၂၉ ရာခိုင်နှုန်းထက် မြင့်မားသည်။ ယင်းထက် များသည်မှာ ကယား (၄၀ရာခိုင်နှုန်း)၊ ချင်း(၄၁ရာခိုင်နှုန်း)၊ ရခိုင် (၃၇ ရာခိုင်နှုန်း) တို့သာ ရှိတော့သည်။[၂၃] နှစ်နှစ်အောက် ကလေးများတွင်လည်း ၃၀ရာခိုင်နှုန်းရှိသဖြင့် ဤအချိုးသည် မြင့်မားနေဆဲဖြစ်သည်။ မိတ်ဖက်အဖွဲ့အချို့သည် ယင်းအခြေအနေမှ ပိုမိုတိုးတက်စေရန် အာဟာရ ဖောင်းပေး သို့မဟုတ် အာဟာရသီးသန့် လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

Save the Children ၏ Bright Sun စီမံချက်သည် လပွတ္တာမြို့နယ်တွင် ကျေးရွာပေါင်း ၂၀၀တွင် အစိုးရ ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ဌာနများ နှင့် 3MDGက ရန်ပုံငွေထောက်ပံ့သည့် စီမံချက်နှင့်

◀ ပုံ ၃.၃
၂၀၁၇ခုနှစ် မြစ်ဝကျွန်းပေါ် ဒေသတွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ

၁၃။ မြန်မာနိုင်ငံ ဆင်းရဲမှုနှုန်း ဆန်းစစ်ချက်၊ အပိုင်း ၂၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန- ကမ္ဘာ့ဘဏ် အုပ်စု။ ၂၀၁၇ ဒီဇင်ဘာလ။
၁၄။ မြန်မာမနသသ နှင့် ကျန်းမာရေး စစ်တမ်း၊ ၂၀၁၅-၂၀၁၆၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။
၁၅။ မြန်မာ့ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး မဟာဗျူဟာ၊ ၂၉၁၅ မေလ။
၁၆။ LIFT ၏ အိမ်ထောင်စု စစ်တမ်း ၂၀၁၅
၁၇။ LIFT ၏ အိမ်ထောင်စု စစ်တမ်း ၂၀၁၅
၁၈။ မီချီဂန် ပြည်နယ်တက္ကသိုလ်၊ USAID၊ LIFT၊ CESD၊ IFPRI၊ ‘မြန်မာနိုင်ငံ၊ ဧရာဝတီမြစ်ဝဒေသ စက်မှုလယ်ယာဖြစ်စေရေး နှင့် အဆောက်အအုံ အသွင်ပြောင်းရေး’၊
၁၉။ မီချီဂန် ပြည်နယ်တက္ကသိုလ်၊ USAID၊ LIFT၊ CESD၊ IFPRI၊ ‘မြန်မာနိုင်ငံ၊ ဧရာဝတီမြစ်ဝဒေသ စက်မှုလယ်ယာဖြစ်စေရေး နှင့် အဆောက်အအုံ အသွင်ပြောင်းရေး’၊
၂၀။ ‘မြန်မာ့ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် လူမှုရေး ဆိုင်ရာ အပြောင်းအလဲ’၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု ပဉ္စမအကျော့ အစီရင်ခံစာ’
၂၁။ မြစ်ဝဒေသမှ ၆လမှ ၁၁လအထိ နို့စို့ကလေးများ၏ အလွန်ဆင်းရဲနွမ်းပါးသည်။ တကယ့်တကယ်မှာ ဤအသက်အုပ်စုမှ မည်သည့်ကလေးကမျှ လုံလောက်သည့် ရိက္ခာအမည်စုံမှု ရမှတ် (IDDS 2.5)ကို မရရှိကြပေ။ ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားမှုမှာလည်း ၁၅% ရှိနေသည်။ LEARN၊ မြန်မာနိုင်ငံ အာဟာရမပြည့်ဝမှု’ ၂၀၁၆ မတ်လ။
၂၂။ ခြောက်လအောက် ကလေးများ မိခင်နို့သက်သက် တိုက်ကျွေးမှုနှုန်းမှာ ၄၁% ရှိသည်။ ၆လမှ ၂၄လ အကြား ကလေးများ၏ အနည်းဆုံး လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမည်စုံမှု ရမှတ် (MAD) မှာ ၂၀%သာ ရှိပြီး၊ မိခင်များ၏ လက်ခံနိုင်ဖွယ် အစားအသောက် ရမှတ် ၁၇.၅%သာ ရှိသည်။ LIFT ၏ အိမ်ထောင်စု စစ်တမ်း ၂၀၁၅
၂၃။ DHS 2015

| မိတ်ဖက်အဖွဲ့အစည်း | တည်နေရာ | ဦးတည်ချက် |
| --- | --- | --- |
| IOM | ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း | ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ<br>သုတေသနနှင့် ဖွံ့ဖြိုးရေး အထောက်အပံ့ |
| Mercy Corps<br>Ar Yone Oo<br>Swisscontact | လပွတ္တာ | တောင်သူ ထုတ်လုပ်ရေးလုပ်ငန်းများကို ထောက်ပံ့ခြင်း။<br>လယ်မဲ့ မြေမဲ့ မိသားစုများကို အသက်မွေးမှု၊<br>စီးပွားရေး၊ ဘဝနေထိုင်မှုနှင့် ကျွမ်းကျင်မှု ရရှိစေခြင်း၊<br>ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ သတင်း အချက်အလက်၊<br>ရန်ကုန်မှအလုပ်ရှင်များ နှင့် ချိတ်ဆက်ပေးခြင်း တို့ဖြင့်<br>ထောက်ပံ့ခြင်း |
| Welthungerhilfe (WHH) | ဘိုကလေး၊ မော်လမြိုင်ကျွန်း | တောင်သူအုပ်စုတို့ကို ထောက်ပံ့ခြင်း၊ လယ်မဲ့မြေမဲ့၊ ထိခိုက်လွယ် မိသားစုများနှင့် စီးပွားရေးသမားငယ်များကို လယ်ယာ ပြင်ပ အသက်မွေးမှု လုပ်ငန်းဆိုင်ရာ ထောက်ပံ့ခြင်း၊ အာဟာရ ကောင်းမွန်မှု၊ အခြေခံ တကိုယ်ရည်သန့်ရှင်းမှု အလေ့အကျင့်တို့ကို ဖြစ်ထွန်းစေခြင်း |
| Save the Children | လပွတ္တာ | ဘဝအစ ပထမရက်ပေါင်း ၁၀၀၀အတွင်းရှိ<br>မိခင်နှင့်ကလေးများကို ငွေကြေးထောက်ပံ့ခြင်း၊<br>အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ |
| WorldFish | ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ၊ | လယ်ယာတွင်း သုတေသနပြုရန် ထောက်ပံ့ခြင်း၊<br>အိမ်ထောင်စုအခြေပြု ငါးမွေးမြူရေး အငယ်စားများကို တိုးချဲ့ခြင်း |
| World Vision International Myanmar | ဘိုကလေး | အသက်မွေးမှုအမျိုးမျိုးကို ဖြစ်ထွန်းစေရန် ထောက်ပံ့ခြင်း |
| Metta<br>Development Foundation | မော်လမြိုင်ကျွန်း၊ လပွတ္တာ | အကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်မှု စျေးကွက်တင်မှု၊ လယ်သမား အစည်းအရုံးတို့ဖြင့် စပါးထုတ်လုပ်မှု၊ အရည်အသွေး၊ တန်ဖိုးတို့ကို တိုးမြှင့်ခြင်း |
| Link Emergency Aid & Development (LEAD) | မော်လမြိုင်ကျွန်း၊ လပွတ္တာ | ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးဖြင့် ဝင်ငွေရလမ်း များပြားစေရန် ထောက်ပံ့ခြင်း |
| Radanar Ayar | မော်လမြိုင်ကျွန်း၊ ဘိုကလေး | ဒေသတွင်း မျိုးစပါးထုတ်လုပ်ရေးကို ထောက်ပံ့ခြင်း၊ စုပေါင်း သိုလှောင်မှု စျေးကွက်တင်မှု၊ ရိတ်သိမ်းချိန်လွန် နည်းစနစ်များကို ကောင်းမွန်စေခြင်း၊ တောင်သူဦးဆောင်သော ပညာပေးရေး၊ ပုဂ္ဂလိကကဏ္ဍ နှင့် အကျိုးတူ လယ်ယာ လုပ်ကိုင်ခြင်း |
| GRET | မြို့နယ် ၈-ခု | မြို့နယ် အခြေပြု CSO များ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် အသေးစား ရန်ပုံငွေ ထောက်ပံမှုများ |
| NAG | မြို့နယ် ၁၁-ခု | မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း၊ ဧရာဝတီရေတိမ်ဒေသနှင့် ငါးလုပ်ငန်းကဏ္ဍ ပူးတွဲစီမံခြင်း |
| Metta<br>Development Foundation | မြစ်ဝကျွန်းပေါ်ဒေသ အထူးသဖြင့် ပုသိမ် | မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း၊ မေတ္တာနယ်ပယ်အတွင်း လူမှု စီးပွားရေးလုပ်ငန်း၊ သုတေသနနှင့် မူဝါဒ လှုံ့ဆော်ခြင်း၊ မေတ္တာ၏ အဖွဲ့အစည်းစွမ်းရည်ကို အားဖြည့်ခြင်း |
| Welthungerhilfe (WHH) and CDI (Centre for Development Innovation) University of Wagheningen | ပုသိမ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | ဧရာဝတီ တိုင်းဒေသကြီးတွင် မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ခြင်း၊ အစိုးရ နှင့် ပုဂ္ဂလိက မျိုးစပါး၊ မျိုးစေ့ စနစ်ကို အားဖြည့်ခြင်း |
| ACCU | ပုသိမ်၊ ဟသ်ာတ၊ ဒေးဒရဲ၊ ကျုံပျော်၊ မြောင်းမြ၊ သာပေါင်း၊<br>ဝါးခယ်မ၊ ရေကြည်၊ ဇလွန်၊ ဒိုက်ဦး၊ ပဲခူး၊ ကဝ၊ လက်ပံတန်း၊<br>နတ်တလင်း၊ ညောင်လေးပင်၊ အုတ်ဖို၊ ပေါင်းတည်၊ ဖြူး၊ ပြည်၊<br>ဝေါ | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |
| ECLOF | ကျုံပျော် | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |
| Fullerton | ဒေါပုံ၊ပုသိမ်၊မအူပင်၊မိတ္ထီလာ၊ မြောင်းမြ၊ ဟသ်ာတ | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |
| PGMF | ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကျောင်း ကုန်း၊ ငပုတော၊<br>ဇလွန်၊ ညောင်တုံး၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊<br>ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ရေကြည်၊<br>လေးမျက်နှာ၊ လပွတ္တာ၊ ဝါးခယ်မ၊ ဟသ်ာတ၊ အင်္ဂပူ၊ အိမ်မဲ | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |
| Proximity<br>Designs | ဘိုကလေး၊ ဓနုဖြူ၊ ဒေးဒရဲ၊ အိမ်မဲ၊ ဟသ်ာတ၊ အင်္ဂပူ၊<br>ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ကျိုက်လတ်၊ လပွတ္တာ၊ မအူပင်၊<br>မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ညောင်တုန်း၊ ဖျာပုံ၊ ဝါးခယ်မ၊<br>ဇလွန် | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |
| VisionFund | ပုသိမ်၊ မြောင်းမြ၊ ဟသ်ာတ၊  ဝါးခယ်မ၊ အိမ်မဲ | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |
| YMCA | မအူပင် | ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ |

◀ ဇယား ၃.၁
၂၀၁၇ခုနှစ် ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ

လက်တွဲဆောင်ရွက်နေသည်။ ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက် ကလေး မိခင် ၁၀,၀၀၀ တို့ကို မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း (MCCT) နှင့် အမူအကျင့်ပြောင်းလဲရေးသတင်းစကားပြောကြားမှုများ (SBCC)တို့ကို ဆောင်ရွက်ခဲ့သည်။ ကျေးလက်ကျန်းမာရေးဌာန ၅-ခု အောက်ရှိ ကျေးရွာ ၂၀၂-ရွာတွင် MCCT နှင့် SBCC တာဝန်ခံအဖွဲ့များကို တည်ထောင်ကာ သင်ကြားပေးခဲ့သည်။လက်ရှိ ကျေးရွာ ကျန်းမာရေးကော်မတီများကို တိုးချဲ့ထားသည့် ဤအဖွဲ့များတွင် ကျန်းမာရေး စေတနာ့ဝန်ထမ်းများကိုပါ ပေါင်းစည်းကာ MCCT နှင့် SBCC လုပ်ငန်းတို့ကို လုပ်ဆောင်စေသည်။ ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် စီမံချက်သည် အကျိုးခံစားခွင့်ရှိသူများကို ရွေးချယ်ဖော်ထုတ်ခဲ့ရာ အမျိုးသမီး၄,၆၀၀ခန့် အား ငွေကြေး ထောက်ပံမှုပေါင်း ၃၇,၀၀၀ ဖြင့် ပံ့ပိုး ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၇ခုနှစ်အတွင်း MCCT ပံ့ပိုးမှု လုပ်ငန်းများတွင် ကြီးမားသည့် အပြောင်းအလဲများ ရှိခဲ့သည်။ လစဉ် ငွေကြေး ပံ့ပိုးမှု ထုတ်ပေးမှုမှာ ကျပ်၁၀,၀၀၀ (ကန်ဒေါ်လာ၇.၄၀)မှ ကျပ် ၁၅,၀၀၀(ကန်ဒေါ်လာ၁၁) သို့ တိုးမြှင့်ခဲ့သည်။ ချင်း နှင့် ရခိုင်ပြည်နယ်တို့ရှိ LIFT ရန်ပုံငွေ ပံ့ပိုးသော အခြား MCCT စီမံချက်များနှင့် အလားတူ ဖြစ်စေသည်။ ပံ့ပိုးငွေများကို ထုတ်ပေးရာတွင် တီထွင်ဆန်းသစ်သည့် အနေဖြင့် Wave Money[၂၄] မိုဘိုင်းလ် ငွေပေးစနစ်ဖြင့် စတင် ငွေလွှဲပေးနိုင်ခဲ့သည်။

နိုဝင်ဘာလမှ စတင်ကာ ကျေးရွာ ၃၂-ရွာတွင် MCCT စီမံချက် ကျန်းမာရေး စေတနာ့ဝန်ထမ်းများက ကိုယ်တိုင် ငွေပေးဝေသည့်အစား မိုဘိုင်းလ် ငွေပေးစနစ်ဖြင့် စတင်ငွေလွှဲပေးခဲ့သည်။ ယင်းတို့၏ မိုဘိုင်းလ်ဖုန်းများတွင် အကြောင်းကြားချက် ရောက်လာသောအခါ Wave Money ကိုယ်စားလှယ် ထံတွင် ငွေသွားထုတ်ရန် ဖြစ်သည်။ ယင်း ကိုယ်စားလှယ်များမှာ ကုန်စုံဆိုင်ငယ်များတွင် ရှိတတ်ကြသည်။ နှစ်ကုန်တွင် ထိုသို့ Wave Money ဖြင့် ငွေလွှဲခံရသူ အမျိုးသမီး ၈၀၄ယောက် ရှိလာသည်။ လေ့လာစောင့်ကြည့်ရာတွင် အောက်ပါတို့ကို တွေ့ရှိသည်-

- အမျိုးသမီး ၉၀ရာခိုင်နှုန်း၏ အိမ်ထောင်စုများတွင် မိုဘိုင်းလ်ဖုန်း အနည်းဆုံး တစ်လုံး ရှိသည်။ ၈၅-ရာခိုင်နှုန်းသည် ဖုန်းလက်လှမ်းမီမှုကို ထိန်းချုပ်ထားသည်။
- Wave Money ကိုယ်စားလှယ်ထံသို့သွားသည့် ကြာချိန်မှာလည်း ဆီလျော်သည်။ ခရီးလမ်း အကွာအဝေးအရ ၃၂ ရာခိုင်နှုန်းသည် ၁၅မိနစ်ခန့်သာ ကြာပြီး ၈၅ရာခိုင်နှုန်းသည် မိနစ်၃၀ အတွင်းသာ ကြာသည်။
- ရှေ့ပြေးဆောင်ရွက်သည့် ကျေးရွာများသည် မြို့နှင့်နီးသဖြင့် Wave Money ကိုယ်စားလှယ်ထံသို့ သွားသည့် ခရီးစရိတ်မှာ မများလှပေ။ Wave Moneyသည် ယင်း၏ ကွန်ရက်ကို တိုးချဲ့မည် ဖြစ်ရာ ဝေးသောနေရာမှ အမျိုးသမီးများအတွက် ပို၍ အလုပ်ဖြစ်ဖွယ်ရှိလာမည်။
- အမျိုးသမီး ထက်ဝက်ကျော်က ကျန်းမာရေးဌာနသို့မဟုတ်သားဖွားဆရာမများထံမှ ကိုယ်ဝန်ဆောင် ကျန်းမာရေး စောင့်ရှောက်မှု များကို ပုံမှန်ဆက်လက်ခံယူမည်ဟု ဆိုသည်။
- ငွေကို မည်သို့ သုံးမည်ကို လက်ခံရသူကသာ အဓိက ဆုံးဖြတ်သည်။
- ထိုငွေကို အမျိုးသမီး၇၀ရာခိုင်နှုန်းက အစားအစာ ပိုဝယ်ရန်၊ ၅၃ရာခိုင်နှုန်းက ၎င်းတို့အတွက်သာ အစားအစာမျိုးစုံကို ဝယ်ရန်၊ ၃၁ရာခိုင်နှုန်းက ၎င်းတို့၏ ကလေးအတွက် အစားအစာမျိုးစုံကို ဝယ်ရန် အသုံးပြုသည်။

၂၀၁၇ ခုနှစ် တစ်နှစ်လုံးတွင် SBCC လုပ်ရှားမှုသည် မိခင် ၄,၆၀၀နှင့် ကျေးရွာသား ၁၂,၄၀၀ တို့ထံသို့ ရောက်ရှိခဲ့သည်။ ရပ်ရွာလူထုထံသို့ SBCC သတင်းစကားများကို အခြေခံ ကျန်းမာရေး လုပ်သားများက ရောက်ရှိစေနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် IYCF ၊ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီး စောင့်ရှောက်မှု၊ ရေနှင့်သန့်ရှင်းရေး နှင့် အခြား အမူအကျင့်များ စသည့် SBCC ဟောပြောမှု ၁,၇၄၆ ကြိမ်ကို ဆောင်ရွက်ခဲ့သည်။

Wave Moneyဖြင့် ငွေလွှဲခြင်းသည် SBCC ဟောပြောပွဲ တက်ရောက်မှုကို လျော့စေမည် ၊ မလျော့စေမည်ကို သိရှိရန် စောနေသေးသည်

Welthungerhilfe/GRET၏ Delta RISE စီမံချက်သည် ဘိုကလေး မြို့နယ်ရှိ ကျေးရွာ ၁၁၈ရွာမှ အိမ်ထောင်စု ၁၀,၀၀၀ခန့်ထံသို့ သင့်တော်သော အာဟာရဆိုင်ရာ အမူအကျင့်လှုပ်ရှားမှု ရောက်ရှိစေရန် ရည်ရွယ်သည်။ ဥရောပသမဂ္ဂ ရန်ပုံငွေပံ့ပိုးသည့် 'စိုက်ပျိုးရေး သယံဇာတ စီမံခန့်ခွဲမှုတို့ နှင့် အာဟာရကို ချိတ်ဆက်ခြင်း' ဆောင်ရွက်မှုများနှင့် ကျေးရွာ၄၅-ရွာမှ အိမ်ထောင်စု များသို့ တိုက်ရိုက် ဆောင်ရွက်ပေးရန် ဦးတည်ထားသည်။ LANN သည် အယူအဆနှင့် နည်းနာ ဆိုင်ရာ မူဘောင်တခုဖြစ်ပြီး အာဟာရ မပြည့်ဝမှု၏ အကြောင်းရင်းနှင့် နောက်ဆက်တွဲများကို သိရှိကာ ၎င်းကိစ္စကို ရပ်ရွာလူထုက အရေးယူ ဆောင်ရွက်ခြင်းဖြင့် မိသားစုများ၏ အာဟာရ ကောင်းမွန် တိုးတက်လာစေမည်။ ၂၀၁၇ခုနှစ်အတွင်းတွင် အိမ်ထောင်စု၂,၂၀၀ခန့်ထံသို့ အာဟာရဆိုင်ရာ သတင်းများ ရောက်ရှိကာ LANN သင်တန်းများ သို့ တက်ခဲ့ကြရာသင်တန်းသား ၇၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ ကဏ္ဍာတဝန်း အာဟာရ ဆိုင်ရာ လှုပ်ရှားမှုများတွင်မှု အမျိုးသားများ ပါဝင်မှုနည်းကြောင်း တွေ့ရှိရသည်။ Delta RISE၏ သင်တန်းသား ၃၀ ရာခိုင်နှုန်းသည် အမျိုးသား ဖြစ်သည်။ မိမိတို့စိုက်ပျိုးသော ရိက္ခာများ၊မိမိတို့ အသုံးပြုသော စိုက်ပျိုးနည်းများသည်မိသားစု၏ အာဟာရနှင့် ဘဝချမ်းသာမှုကို သက်ရောက်နိုင်ကြောင်း သိလာသဖြင့် မိမိတို့၏ ဇနီးများနှင့်အတူ အမျိုးသားများလည်း အာဟာရ ဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်လာကြောင်း ဤစီမံချက်က တွေ့ရှိရသည်။

World Vision (မြန်မာ) ၏ Growing Livelihood in Bogale စီမံချက်သည် အာဟာရ မပြည့်ဝမှုကို တဦးချင်းမှ ရပ်ရွာအဆင့်ထိ ဖြေရှင်း ဆောင်ရွက်ခြင်းများ ပါဝင်သည်။ သင်တန်းများ၊ အသိအမြင်ပေးမှုများ၊ ကိုယ်အလေးချိန်ဖွံ့ဖြိုးမှုများကို စောင့်ကြည့်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများက ပံ့ပိုးကူညီကြသည်။ ၂၀၁၇ခုနှစ် တွင် ရေ နှင့်သန့်ရှင်းရေး၊ နှင့် အသက် ၂နှစ်အောက် ကလေးသူငယ်များအား အစာကျွေးခြင်း/ဖြည့်စွက်စာကျွေးခြင်း (IYCF)ဆိုင်ရာ အသိအမြင်နှင့် သင်တန်းများပေးမည် ဖြစ်ရာ ကျေးရွာ ၃၀ မှ အိမ်ထောင်စု ၂,၀၀၀သို့ ရောက်ရှိမည် ဖြစ်သည်။ ဤစီမံချက်သည် လူထုကျန်းမာရေးလုပ်သားများအား အာဟာရ မပြည့်ဝသော ကလေးများ ရှိ၊မရှိ ကို ငါးနှစ်အောက်ကလေးများ ကြီးထွားမှုကို တိုင်းတာခြင်းနှင့် စီမံချက်လုပ်ငန်းများ အာဟာရဆိုင်ရာတွင် သက်ရောက်မှု ရှိ၊မရှိ ကို သုံးသပ်မှုတို့အတွက် ထောက်ပံ့ပေးသည်။ ကျေးရွာတိုင်းတွင် ကြီးထွားမှုကို လစဉ် တိုင်းတာစစ်ဆေးရာတွင် ကလေးများ၏ အရပ်၊ အလေးချိန်၊ လက်မောင်းလုံးပတ်တို့ကို တိုင်းတာသည်။ အာဟာရ မပြည့်ဝကြောင်း တွေ့ရှိပါက 3MDG က ထောက်ပံ့ထားသော ရပ်ရွာညွှန်းပို့မှုစနစ်/

၂၄။ ဝေ့ဗ်မန်းနီးသည် တယ်လီနောနှင့် ရိုးမဘဏ်တို့၏ ဖက်စပ်လုပ်ငန်းဖြစ်သည်။ နိုင်ငံအနှံ့ ကိုယ်စားလှယ် ကွန်ရက် မှတဆင့် မိုဘိုင်းငွေကြေး ဝန်ဆောင်မှု ဖြစ်သည်။ လူတယောက်၏ မိုဘိုင်းဖုန်းထဲရှိ ငွေစာရင်းသို့ ငွေလွှဲပြောင်းပေးနိုင်ပြီး ကွန်ရက်ထဲမှ ကိုယ်စားလှယ်တဦးထံမှ ငွေထုတ်ယူနိုင်သည်။

လူနာလွှဲပြောင်းပေးခြင်းဖြင့် ကျန်းမာရေးဌာနသို့ ပို့ဆောင်ပေးသည်။ ၂၀၁၇ခုနှစ်အတွင်း ကလေး ၁,၁၇၆ ယောက်ကို တိုင်းတာ စစ်ဆေးပေးနိုင်ခဲ့သည်။

WorldFish ၏ Myculture စီမံချက်သည် နွမ်းပါးသော ကျေးလက်အိမ်ထောင်စုများအား အဏုအာဟာရ ကြွယ်ဝသော ငါးငယ်များကို ဈေးကွက်ဝင် ငါးမျိုးများနှင့်အတူ အိမ်တွင်း၊ခြံတွင်း ငါးကန်များတွင် မွေးမြူရန် သင်ကြားပေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ် နှင့် ကမ္ဘောဒီးယားတို့တွင် သုတေသန ဆောင်ရွက်မှုများအရ ဤနည်းပညာသည် ထိရောက်ပြီး၊ စရိတ်နည်းကာ၊ အာဟာရကို အလေးမူသည့်ပြင် ငါးအထွက်နှုန်းနှင့် အာဟာရကိုပါ တိုးစေကြောင်း ပြသလျက်ရှိသည်။ အိမ်ထောင်စုများ အနေဖြင့် ငါးငယ်များ စားသုံးခြင်းကို အားပေးသဖြင့် အာဟာရ ပြည့်ဝစေရာ ရောက်ပါသည်။ မြန်မာနိုင်ငံတွင် ငါးသည် အရေးပါသော စားဖွယ်တစ်ခု ဖြစ်သည်။ အိမ်ထောင်စုများအဖို့ ငါးဖိုး (အစားအစာစရိတ်၏၁၄%)သည် ဆန်ဖိုး (၁၉%) လောက်ပင် ကုန်ကျနေသည်။ လူတယောက် တစ်နှစ် ပျမ်းမျှ ငါးစားသုံးမှုနှုန်းမှာ ကမ္ဘာ့အဝန်း စားသုံးမှုနှုန်း (၂၁ကီလိုဂရမ်)ထက် အနည်းငယ် ပိုသည်။[၂၅] ဤစီမံချက်သည် အမျိုးသမီးများနှင့် အမျိုးသားများကိုပါ သင်တန်းများပို့ချပေးသည်။

ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ကွက်ငယ် တောင်သူများ၏ နေရာကို အားဖြည့်ပေးခြင်း

တောင်သူ အဖွဲ့အစည်းများ

ဧရာဝတီတိုင်းဒေသကြီးရှိ လယ်အများစုမှာ သေးငယ်သည်။ မြေယာခွဲဝေချထားပုံမှာလည်း မမျှတပေ။ လက်သမားထက်ဝက်ခန့်မှာ ၅-ဧကအောက်သာ ပိုင်ဆိုင်ကြသည်။ တောင်သူ အိမ်ထောင်စု သုံးပုံ တစ်ပုံမှာ ပျမ်းမျှ ၁.၅ဧကသာ ပိုင်ဆိုင်သည်။ ယင်းသည် သီးနှံစိုက်ပျိုးမြေအားလုံး၏ သုံးရာခိုင်နှုန်းသာရှိသည်။[၂၆]

လုပ်ကွက်ငယ် တောင်သူများသာ များပြားသည့် စိုက်ပျိုးရေး အဆောက်အအုံတွင် ဈေးသက်သာသော သွင်းအားစုများ၊ အထောက်အပံ့ ဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်၊ သွင်းအားစု နှင့် ထွက်ကုန် ဈေးကွက်များတွင် တောင်သူများ ဈေးကိုင်နိုင်စွမ်းကို အားဖြည့်ပေးရန်၊ တောင်သူ အဖွဲ့အစည်းများက ဆောင်ရွက်နိုင်သည်။ ယင်းသည် လုပ်ကွက်ငယ် တောင်သူများကို တန်ဖိုးမြှင့် ကွင်းဆက်များသို့ ထိရောက်စွာ ပေါင်းစည်းနိုင် စေမည် ဖြစ်သည်။[၂၇] ဆန်စပါးတန်ဖိုးမြှင့် ကွင်းဆက်တွင် လုပ်ကွက်ငယ်တောင်သူများ ထိရောက်စွာ ပေါင်းစည်းနိုင်ရန်၊ အားလုံးပါဝင်စေသော စိုက်ပျိုး-စီးပွားလုပ်ငန်း ဖြစ်ထွန်းရန် LIFT ၏ မိတ်ဖက်အဖွဲ့များက တောင်သူအဖွဲ့အစည်း ပုံစံအမျိုးမျိုးဖြင့် ဆက်လက် လုပ်ဆောင်နေမည် ဖြစ်သည်။

Mercy Corps ၏ 'လယ်ပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း' စီမံချက်သည် ဈေးကွက် ဖွံ့ဖြိုးမည့် ချဉ်းကပ်နည်းတစ်ခုကို ကျင့်သုံးလျက်ရှိသည်။ တောင်သူများစုပေါင်းကာ တောင်သူထုတ်လုပ်သူများ လုပ်ငန်း (Farmer producer enterprises, FPE) အဖြစ် သေချာစွာ စီမံခန့်ခွဲပြီး အရင်းအမြစ်များကို စုပေါင်းထည့်ဝင်ကာ ပုဂ္ဂလိက ဆန်စက်ပိုင်ရှင်များ၊ သွင်းအားစု ရောင်းချသူများ၊ ကုန်သည်များနှင့် အချိတ်အဆက်များ တည်ဆောက်ကြသည်။

FPE ၇၇ ခု တွင် တောင်သူ ၂,၂၀၀ခန့် ပါဝင်ရာ အဖွဲ့ဝင်၂၃-ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ ဤစီမံချက်သည် ကျား/မ ရေးရာဆန်းစစ်ချက် တရပ်ကို ပြုစုခဲ့သည်။[၂၈]ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက်တွင် ပါဝင်နေသော FPE များတွင် အမျိုးသားများအင်အားများသော်လည်း အမျိုးသမီးများသည် ဆုံးဖြတချက်များချမှတ်ရာတွင် ပါဝင်နေကြကာ ကော်မတီ အဖွဲ့ဝင်နေရာ ၁၆-ရာခိုင်နှုန်းကို ရယူထားကြသည်။ FPEများ၏ မြတ်စွန်းမှု နှင့် ပြန်လည်ရင်းနှီးနိုင်မှုတို့သည် လုပ်ငန်းရေရှည် တည်တံ့ရေးတွင် အခရာကျသည်။ ၂၀၁၇ခုနှစ်အတွင်း 'လယ်ပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း'စီမံချက်သည် FPE ၅၆-ခု၏ လုပ်ငန်းဆောင်ရွက်မှုပုံစံကို ဆန်းစစ်ခဲ့ရာ နှစ်စဉ် ၁၀ရာခိုင်နှုန်း ပြန်လည်ရင်းနှီးနိုင်ကြောင်း တွေ့ရှိခဲ့သည်။ FPE ၆၂ ခုသည် ၂၃ ရာခိုင်နှုန်း နှင့်အထက် ဝင်ငွေတိုးလာသည်။ အောင်မြင်မှုအရှိဆုံး FPE များတွင် ရင်းနှီးငွေများ ၊ မျိုးစပါး နှင့် သွင်းအားစုများအတွက် ချေးငွေအစီအစဉ်များ ရှိကြပြီး စပါး ဝယ်ယူရောင်းချခြင်းများလည်း ဆောင်ရွက်နိုင်ကြသည်။

၂၀၁၇ ခုနှစ်အတွင်း အဖွဲ့ဝင် ၁,၃၀၀ ခန့်ရှိသော FPE ၅၆-ခုသည် မိမိတို့ကိုယ်ပိုင် အရင်းအမြစ်များဖြင့် စုပေါင်း စပါးသိုလှောင်ရုံများကို တည်ဆောက်ခဲ့သည်။ ခန့်မှန်း ကန်ဒေါ်လာ ၁၉,၈၀၀၀ ခန့် တန်ဖိုးရှိသော စပါးများကို သိုလှောင်ခဲ့သည်။ ဆန်စက်ပိုင်ရှင်၂၁-ဦးနှင့် သဘောတူညီမှုကို ယူကာ FPE ၃၁-ခုသည် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ တင်း၂,၀၀၀ ခန့်အတွက် တောင်သူ ၇၉၁ ဦး နှင့် ချေးငွေ သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ သွင်းအားစုများကို အကြွေးပေးမည့် အရောင်းသမားများလည်း နှစ်ဦးမှ ခုနစ်ဦးသို့ တိုးလာခဲ့သည်။ ကန်ဒေါ်လာ ၉၀,၀၀၀ ဖိုးရှိသည့် ဓာတ်မြေသြဇာများကို တောင်သူ ၃၂၀ ဦး သို့ အကြွေးပေးနိုင်ခဲ့သည်။

ဆန်စက်ပိုင်ရှင်များ၊ ကုန်သည်များသည် စီမံချက်ထံမှ သင်ကြားပြသမှု နှင့် စွမ်းဆောင်ရည်တည်ဆောက်မှု အထောက်အပံ့ကို ရရှိခဲ့သဖြင့် ငွေကြေးဝန်ဆောင်မှု ပေးအပ်သူများထံသို့ ယင်းတို့၏ ငွေကြေးစီးဆင်းမှု သတင်းအချက်အလက်များကို တင်ပြနိုင်ခဲ့သည်။ ထိုသတင်းအချက်အလက်များကို ဘဏ်များသို့ မျှဝေ ပေးခဲ့ရာ ဘဏ်များက ငွေထုတ်ချေးပေးရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း ဆန်စက်ပိုင်ရှင် ၄-ဦး နှင့် ကုန်သည် ၄ ဦးသည် ဘဏ်များထံမှ ချေးငွေ အခွင့်အလမ်းများကို စူးစမ်းခဲ့သည်။

Welthungerhilfe/GRET ၏ Delta RISE မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသ ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးမှု စီမံချက်သည် တောင်သူအဖွဲ့များကို ထောက်ပံ့လျက်ရှိပါသည်။ ယင်းတို့၏ ထုတ်လုပ်သူများ အဖွဲ့အစည်း (Producers' Organisation, PO)များသည် ကျေးရွာအခြေပြု သမဝါယမပုံစံ နှင့် အသင်းအဖွဲ့ သမဝါယမပုံစံတို့ကို အသုံးပြုကာ ဖွဲ့စည်းထားပြီး တန်ဖိုးမြှင့် ကွင်းဆက်တလျှောက် ဝန်ဆောင်မှု ပေးနေကြသည်။ POများသည် အဖွဲ့အခြေပြု ပြဿနာဖြေရှင်းနည်းပုံစံကိုသုံးကာ တောင်သူအားလုံးနှင့် စပ်ဆိုင်သည့် ကိစ္စများကို ဦးတည် ဆောင်ရွက်ပါသည်။ ယင်းတို့မှာ ကုန်ထုတ်တိုးရေး၊ ထုတ်ကုန်များကို စံသတ်မှတ်ရေး၊ လုပ်ငန်းစဉ်တလျှောက် ကျစ်လျစ်ရေး၊ နည်းပညာအသစ်များ စတင်သုံးစွဲကာ ကုန်ထုတ် စရိတ်လျှော့ချရေး စသည်တို့ ဖြစ်သည်။ အလုပ်ဖြစ်နေသော ထုတ်လုပ်သူ အဖွဲ့အစည်းများတွင် တောင်သူနှင့် မြေမဲ့ယာမဲ့ ၃,၀၀၀ခန့် အဖွဲ့ဝင် ဖြစ်နေရာ ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီး ဖြစ်သည်။[၂၉] သမဝါယမပုံစံအောက်တွင် အဖွဲ့ဝင် တောင်သူ ၁,၂၀၀ ရှိသော PO ၃၈ ဖွဲ့ကို

၂၅။ မြန်မာနိုင်ငံ ငါးမွေးမြူရေး။ ငါးမွေးမြူရေး နည်းပညာ၊ ထုတ်လုပ်မှု စီးပွားရေး နှင့် စီမံခန့်ခွဲရေး၊ ရိက္ခာဖူလုံမှု မူဝါဒအတွက် တီထွင်ဆန်းသစ်မှု ဓာတ်ခွဲခန်း၊ သုတေသနစာတမ်း စာ ၅၃၊ ၂၀၁၇မေလ၊ MSU၊ IFPRI၊ CESD

၂၆။ ရန်ကုန် နှင့် ဧရာဝတီ တိုင်းဒေသကြီး သီးနှံ ထုတ်လုပ်ရေး နှင့် အမြတ်ရနိုင်မှု စစ်တမ်း၊ မီရှီဂန် ပြည်နယ် တက္ကသိုလ်၊ USAID၊ LIFT၊ CESD၊ IFPRI၊ ၂၀၁၇ ဩဂုတ်လ။

၂၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) ၂၀၁၆။

၂၈။ Johansson, 2016

| | မြို့နယ် | ချေးငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ | အမျိုးသမီး ဦးရေ |
|---|---|---|---|---|
| စု/ချေး သမဝါယမ ဥစခု | ၂၀ | ၄၂၄,၆၈၅ | ၂၅,၅၀၀ | ၁၅,၀၄၅ |
| ACLEDA | ပြည်နယ်/ တိုင်း ၂၃ | ၂၂,၇၇၇,၉၄၈ | ၆၃,၁၇၀ | ၄၁,၈၁၄ |
| ASA Myanmar | ၂၃ | ၂၃,၃၅၈,၂၄၇ | ၄၀,၀၁၂ | ၄၀,၀၁၂ |
| CARD | ၆ | ၇၂၈,၁၉၈ | ၁၀,၆၆၂ | ၁၀,၆၅၇ |
| Early Dawn | ၁၁ | ၃၀,၂၇၇,၇၃၁ | ၉၈,၆၉၇ | ၉၈,၆၈၈ |
| Environmental Conservation and Livelihood Outreach Foundation (ECLOF) | ၁ | ၁,၄၉၆,၈၇၈ | ၈,၂၇၃ | ၈,၂၁၅ |
| IFC-Fullerton Myanmar | ၁၂ | ၂၃,၁၀၀,၈၆၈ | ၆၃,၆၈၉ | ၅၆,၀၂၄ |
| LOLC | ၁၃ | ၂၅,၁၉၅,၀၀၇ | ၅၄,၈၈၃ | ၅၂,၅၅၃ |
| Myanmar Finance | ၁၃ | ၁၂,၅၇၁,၈၈၉ | ၅၂,၅၀၆ | ၄၄,၉၁၉ |
| Pact Global Microfinance Fund (*) | ၂၇ | ၁၄၁,၇၃၆,၇၇၅ | ၃၆၈,၇၀၆ | ၃၆၅,၃၈၇ |
| Proximity Finance | ၂၀ | ၈,၂၀၅,၂၀၃ | ၃၅,၂၄၄ | ၂၁,၁၄၆ |
| Ratana Metta Organization | ၁ | ၁,၇၆၅,၀၈၁ | ၇,၈၉၉ | ၇,၇၆၁ |
| SATHAPANA LIMITED | ၁၅ | ၁,၇၁၄,၃၃၈ | ၆၃,၇၈၉ | ၄၅,၇၀၆ |
| Vision Fund Myanmar | ၁၃ | ၂၇,၅၈၀,၇၂၀ | ၆၉,၉၃၀ | ၆၀,၁၄၀ |
| YMCA Microfinance | ၁ | ၁,၁၄၄,၅၁၈ | ၇,၃၅၁ | ၇,၂၂၂ |
| စုစုပေါင်း | | ၃၂၂,၀၇၈,၀၈၆ | ၉၆၉,၂၆၁ | ၈၇၅,၂၈၉ |

▲ ဇယား ၃.၂
မြစ်ဝကျွန်းပေါ်ဒေသတွင် ငွေကြေးအရာ၌ အားလုံးပါဝင်စေမှု

ဤစီမံချက်က ထောက်ပံ့ထားသည်။ အနည်းဆုံး တနှစ်တာ လုပ်ငန်းဆောင်ရွက်ပြီးသော PO ၂၀ ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံကို သုံးသပ်ချက်အရ ၂၀၁၆-၁၇ ခုနှစ်အတွက် ပျမ်းမျှ ၂၄ရာခိုင်နှုန်း ပြန်လည်ရင်းနှီးမြှုပ်နှံကြကြောင်း လေ့လာတွေ့ရှိရသည်။

တီထွင်ဆန်းသစ်ရာတွင် အရင်းအနှီးလိုအပ်ပါသည်။ GRET သည် ၂၀၁၂ခုနှစ်မှစ၍ PO ၃၈ ဖွဲ့က ဆောင်ရွက် နေသော ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ၃ ခုကို ထူထောင်ပေးခဲ့သည်။ ယင်းတို့မှာ သီးနှံလှောင်ချေးငွေ၊ ငှား/ဝယ်၊ အငယ်စားထုတ်လုပ်သူ ချေးငွေတို့ ဖြစ်သည်။ GRET၏ ပါဝင်ဆောင်ရွက်သည့် ပုံစံအရ POများသည် ချေးငွေ ဆန်းစစ်ခြင်း၊ ချေးငွေလျှောက်ထားမှုများကို ရွေးချယ်ခြင်း၊ ချေးငွေ ထုတ်ပေးခြင်း၊ ပြန်လည်တောင်းခံခြင်း တို့အတွက် တာဝန်ယူရသည်။ ဤ ငွေကြေးဝန်ဆောင်မှု ၃-ခု ဖြစ်ထွန်းအောင် ပေါင်းစည်းချဉ်းကပ်နည်းကို အသုံးပြုကာ ထောက်ပံ့မည့် သီးခြား ရေရှည်တည်တံ့မည့် ဒေသခံ အဆောက်အအုံတစ်ခုကို ဖန်တီးရန် GRETက စီမံဆောင်ရွက်နေသည်။ ယင်းသည် ထိရောက်သည့် ရေရှည်ဝန်ဆောင်မှုကို မုချ ဖြစ်စေလိမ့်မည် ဖြစ်သည်။

## တောင်သူများထံသို့ အဆင့်မြင့်မျိုးစပါး ထုတ်လုပ်မှု နှင့် ဖြန့်ချိမှုတို့ကို ကောင်းမွန်စေခြင်း

အဆင့်မြင့်မျိုးစပါးများ ပိုမိုရရှိနိုင်ရေးသည် ဦးစားပေး ကဏ္ဍတစ်ရပ် ဖြစ်ပါသည်၊ အဆင့်မြင့်မျိုးစပါး ရရှိမှုမှာ တောင်သူများ၏ လိုအပ်ချက်အောက် များစွာနိမ့်နေပြီး တောင်သူများ၏ ၁၀ ရာခိုင်နှုန်း အောက်ကသာ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ များကို အသုံးပြုနိုင်ကြသည်။ အဆင့်မြင့်စပါးမျိုးတို့ ကို မရရှိခြင်း၊ မသုံးခြင်းတို့သည် ဆန်စပါး ကဏ္ဍကို ခေတ်မီလာစေရေးတွင် အဓိက အတားအဆီး ဖြစ်နေသည်။

မြစ်ဝကျွန်းပေါ်အစီအစဉ်သည် မျိုးစပါးကဏ္ဍတွင် ဆက်လက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၇ ခုနှစ် နောက်ဆုံး သုံးလပတ်တွင် Welthungerhilfe (WHH)နှင့် Wageningen တက္ကသိုလ် ဖွံ့ဖြိုးရေး တီထွင် ဆန်းသစ်မှုဌာန တို့ကို 'ဧရာဝတီမြစ်ဝကျွန်းပေါ် မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေးအထောက်အပံ့' စီမံချက်ကို ကန်ထရိုက် ပေးခဲ့သည်။ ဤအစီအစဉ်သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ မျိုးစေ့စနစ်ကို အားဖြည့်ခြင်း ဖြင့် တောင်သူများ အဆင့်မီမျိုးစပါးကို လက်လှမ်းမီစေရန် ရည်ရွယ်သည်။ မျိုးစေ့တန်ဖိုးမြှင့်ကွင်းဆက်အတွင်းသို့ လုပ်ငန်း ဆောင်ရွက်နေသူများ ဝန်ဆောင်မှု ပေးနေသူများကို ပေါင်းစည်းပေးခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ စီမံကိန်း ဆောင်ရွက်မှုများသည် ၂၀၁၆ ခုနှစ်တွင် MoALI က ထုတ်ပြန်ခဲ့သော မျိုးစေ့ကဏ္ဍလမ်းညွှန်ပါ ဦးစားပေးများ နှင့် ၂၀၁၇ ခုနှစ် LIFT၏ မျိုးစေ့ကဏ္ဍ အစီရင်ခံစာတို့နှင့် အညီ ဖြစ်သည်။[၂၀]

မြစ်ဝကျွန်းပေါ်ရှိ LIFT၏ မိတ်ဖက်အဖွဲ့များသည် ကြားခံ မျိုးစေ့စနစ်များနှင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေသည်။ မျိုးစပါးစိုက်ပျိုးသူများ၏ ထုတ်လုပ်နိုင်စွမ်း ဈေးကွက်တင်နိုင်စွမ်းတို့ကို အားဖြည့်ပေးကာ အရည်အသွေးအာမခံသည့် နည်းလမ်းများကိုလည်း ကျင့်သုံးခဲ့သည်။[၂၁]

WHH/GRET အဖွဲ့သည် အဆင့်မီမျိုးစပါး ထုတ်လုပ်ရေးတွင် အတွေ့အကြုံရလာပြီ ဖြစ်သည်။ မျိုးစပါးစိုက်ပျိုးထုတ်လုပ်သူများက ဒေသမျိုးများ၏ အရေအတွက်နှင့် အရည်အသွေးကို တိုးတက်လာစေမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြုစုခဲ့သည်။ မျိုးစပါးထုတ်လုပ်ရေးတွင် စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်သည်။ ခက်ခဲသော နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ တောင်သူအချို့အတွက် စီးပွားရေး အခက်အခဲများ၊ မှတ်ပုံတင်မျိုးစပါး ရရှိမှု အကန့်အသတ်များ၊ ကျေးရွာအဆင့်ရှိ အများဆုံး ဝယ်လိုအားများ စသည်တို့ ဖြစ်သည်။ GRET နှင့် WHH သည် မျိုးစပါးစိုက်ပျိုး ထုတ်လုပ် သူများ အသင်း ထူထောင်ရန် ထောက်ပံ့ပေးလျက် ရှိသည်။ ယင်းအသင်းသည်- မျိုးသန့်မျိုးပွားမျိုးစေ့ များကို စီးပွားဖြစ်မျိုးသန့် မျိုးစေ့များ အဖြစ် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည် ဖြစ်သည်။ သွင်းအားစုများကို အကြွေးစနစ်ဖြင့် စုပေါင်း ဝယ်ပေးပြီး အားလုံးပါဝင် အာမခံသည့်စနစ် (participatory guarantee system, PGS)ဖြင့် မျိုးစပါး အသိအမှတ်ပြု လက်မှတ်

၁၉။ ထုတ်လုပ်သူအဖွဲ့အစည်းတွင် အသက်မွေးမှုအမျိုးမျိုး အထူးသဖြင့် မွေးမြူရေးကို လုပ်ကိုင်နေသည့် မြေမဲ့ယာမဲ့များ ပါဝင်သည်။

၂၀။ https://www.lift-fund.org/lift-seed-study

၂၁။ NGO စီမံချက်များက ထောက်ပံ့သည့် ကျေးရွာအခြေပြု မျိုးစေ့ ထုတ်လုပ်ရေး

ထုတ်ပေးမည်၊ PGS ဖြင့် စုပေါင်းဈေးကွက်တင်ပြီး အဖွဲ့ဝင်သစ်များကို နည်းပညာ အထောက်အကူ နှင့် ဆင့်ပွားပညာပေးမည် ဖြစ်သည်။

## ပညာပေးလုပ်ငန်းများ

ယခင်က ပညာပေးရာတွင် သီးနှံအထွက်တိုးရန် ကိုသာ အာရုံစိုက်ခဲ့ကြပြီး တောင်သူများအတွက် အရေးကြီးသော အခြားကိစ္စများဖြစ်သည့် ကုန်ထုတ်စရိတ်၊ ရောဂါ နှင့် ပိုးမွှား၊ ရေ နှင့် မြေဆီလွှာ စီမံခန့်ခွဲမှု၊ စုစုပေါင်းဝင်ငွေ၊ ဒေသရေမြေ နှင့် သင့်လျော်မှု စသည်တို့ကို လျစ်လျူရှုခဲ့ကြသည်။ ပုဂ္ဂလိကကဏ္ဍမှ သုတေသနနှင့် ပညာပေးရေးတို့တွင် ပါဝင်လာရန် အလားအလာကောင်းစွာ ရှိနေသည်။ အထူးသဖြင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ် ဖြန့်ချိရန် ဖြစ်သည်။[၃၂]

၂၀၁၇ ခုနှစ် နှစ်ကုန်တွင် မြစ်ဝကျွန်းပေါ် (၃) အစီအစဉ်သည် နည်းနာအမျိုးမျိုးဖြင့် တောင်သူ ၉,၄၀၀ ထံသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိက ကဏ္ဍများမှ ပိုမိုပါဝင်လာသည်။ အထူးသဖြင့် ဆန်စက်ပိုင်ရှင်များ၊ သွင်းအားစု ရောင်းချသူများ၊ စက်ကိရိယာ အရောင်းသမားများ ပါဝင်သည်။

Mercy Corps၏ စီမံချက်မှတဆင့် လုပ်ကွက်ငယ် တောင်သူ ၁,၄၀၀ခန့်သည် ပုဂ္ဂလိကအဖွဲ့အစည်း ၂၅-ဖွဲ့မှတဆင့် ပုဂ္ဂလိကကဏ္ဍ နှင့် စိုက်ပျိုးရေးဌာနတို့ထံမှ ပညာပေးမှု အသစ်များကို လက်လှမ်းမီခဲ့ကြသည်။ ဤစီမံချက်သည် အစိုးရ-ပုဂ္ဂလိက ပေါင်းစပ်ညှိနှိုင်းမှုဖြင့် နည်းနာအများအပြားကို အသုံးပြုနိုင်ခဲ့သည်။ ယင်းတွင် မြန်မာ့ဩဘာကုမ္ပဏီနှင့် မိတ်ဖက်ပြုခြင်းလည်း ပါဝင်သည်။ ဩဘာမှ အရောင်းသမားများသည် FPE ၇ဖွဲ့သို့ စိုက်နည်းစနစ်ကောင်း အခြေခံသင်တန်းများ ပေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် FPE ၂၁ဖွဲ့သည် ၎င်းတို့ရွာများသို့ ရောင်းကုန်များ ထပ်မံတိုးချဲ့ကာ ရောက်ရှိလာသော ဒေသခံသွင်းအားစု အရောင်းသမားများနှင့် ချိတ်ဆက်မိခဲ့ကြသည်။ အရောင်းသမားများသည် FPEများနှင့် ညှိနှိုင်းကာ အရောင်းအဝယ် စာချုပ် ချုပ်ဆိုပြီး ကုန်ပစ္စည်းသွင်းကာ မြေဩဇာ စနစ်တကျ သုံးစွဲရန် သတင်းအချက်အလက်များ နှင့် နည်းပညာ အကြံများ ပေးကြသည်၊ ငှား-ဝယ်စနစ်ကို FPE များဖြင့် အသုံးပြုရန်မှာ စိန်ခေါ်မှုတစ်ခုပင် ဖြစ်နေသည်။ FPE များကို ဒေသခံ လယ်ယာသုံး စက်ကိရိယာ ငှားရမ်းသူများ နှင့် ချိတ်ဆက်မည့် နည်းလမ်းကို စဉ်းစားလျက်ရှိသည်။ ယခုအခါ ငှားရမ်းသူ များပြားလျက်ရှိကာ ဝန်ဆောင်မှုကိုလည်း အလျင်အမြန် တိုးချဲ့လာနေကြသည်။

တောင်သူ ၄,၀၀၀ ကျော်သည် WHH/GRET ၏ စီမံချက်မှတဆင့် ပညာပေးလုပ်ငန်းများကို လက်လှမ်းမီခဲ့ကြသည်။ ဆန်းသစ်သော စိုက်ပျိုး-ဂေဟဗေဒ နည်းပညာများကို အခြေခံကာ တောင်သူများ ဦးဆောင်သည့် စံပြစိုက်ကွက်များ၊ ပညာပေးဌာနများ၊ တောင်သူချင်း သတင်းဖြန့်ဝေပေးမှုများ ဖြင့် ဆောင်ရွက်ကြသည်။ ဆန်စပါး ထုတ်လုပ်မှု၊ ဟင်းသီးဟင်းရွက် ထုတ်လုပ်မှု၊ မြေဆီလွှာ ထိန်းသိမ်းမှု တို့ကို အဓိက ထားကာ စိုက်ပျိုးရေး ပညာပေးကြသည်။ ပိုမို ပါဝင်ဆောင်ရွက်သော၊ လိုအပ်ချက်ကို ဦးတည်သော ဆန်စပါးထုတ်လုပ်မှု သင်တန်းများ၊ ပညာပေးမှုများ ဖြစ်စေရန် ပြန်လည်မွမ်းမံခဲ့သည်။ ပညာပေးစင်တာများသည် လုပ်ငန်းသဘာဝအရ ရေရှည် ဆောင်ရွက်ရသောကြောင့် ဥယျာဉ်ခြံ စိုက်ပျိုးရေးများအတွက် ပိုမို သင့်လျော်သည်။ ဥယျာဉ်ခြံများကို အဆင်ပြေသည့် နေရာများတွင် ထားရှိကာ ရာသီဥတုဒဏ်ကို ခံနိုင်မှု၊ မြေဆီလွှာ ဖွံ့စည်းပုံ၊ မြေဆီဩဇာ ထိန်းသိမ်းမှု၊ စိုက် စရိတ်လျှော့ချရေး စသည်တို့ကို ကိုင်တွယ် ဆောင်ရွက်နိုင်ကာ အမျိုးအမည်စုံသည့် အဆင့်မီ အစားအစာများကို ထုတ်လုပ်နိုင်သည့် နည်းပညာ အသစ်များကို ကနဦးစံပြဆောင်ရွက်ရာတွင် တောင်သူအားလုံး ပါဝင်ကြသည်။ တောင်သူအချို့၏ လုပ်ငန်းများအရ ဤနည်းဖြင့် ဝင်ငွေ သိသာစွာ တိုးလာနိုင်ကြောင်း တွေ့ရှိရသည်။

## ကျေးလက်ဒေသ ငွေကြေးလုပ်ငန်း နှင့် စက်မှု အသွင်ပြောင်းခြင်း

၂၀၁၁ ခုနှစ်မှစတင်၍ မြစ်ဝကျွန်းပေါ်ဒေသမှ ရွှေ့ပြောင်းသွားလာမှု တိုးတက်လာသဖြင့် ကျေးလက်ဒေသတွင် လုပ်အားရှားပါးလာကာ လုပ်ခလစာများလည်း ကြီးမြင့်လာသည်။ ထို့ကြောင့် စက်မှုလယ်ယာသို့ ကူးပြောင်းမှု လိုအပ်ချက် ကြီးမားလာသည်။ ၂၀၁၆ ခုနှစ်တွင် LIFT၏ ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုသည် ယင်းလိုအပ်ချက်ကို ပြည့်မီစေသည်။ LIFT၏ ငွေကြေးပံ့ပိုးမှုဖြင့် ပူးပေါင်းဆောင်ရွက်သည့် ရိုးမဘဏ်၏ စိုက်ပျိုး-စီးပွားရေး ငွေကြေး အစီအစဉ် (AFP) သည် လယ်ယာသုံး စက်ကိရိယာများ ကို ဝယ်ယူနိုင်စေရန် တောင်သူများ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးသမားများသို့ ငွေထုတ်ချေးခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ဝယ်ယူသူ ၂၃၃ ဦးသည် အရောင်းဆိုင် ၈ ဆိုင်မှ လယ်ယာသုံးစက်ကိရိယာများကို ငှား/ဝယ် စနစ်ဖြင့် ဝယ်ယူခဲ့ကြသည်။ ငှား/ဝယ်ချေးယူသူ အများစုမှာ လေးဘီးတပ် လယ်ထွန်စက်များ ဝယ်ရန်အတွက် ဖြစ်သည်၊ ယင်းနောက်မှ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကုန်တင်ကားများ၊ မြေသယ်ယာဉ်များ၊ လက်တွန်းလယ်ထွန်စက်များကို ဝယ်ယူကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မီချီဂန်ပြည်နယ်တက္ကသိုလ်(MSU)၏ သုတေသနအရ ၉၄-ရာခိုင်နှုန်းသော တောင်သူအိမ်ထောင်စုများသည် မြေပြင်ရာတွင်စက်ကိရိယာများကိုအသုံးပြုနေကြောင်း တွေ့ရှိရသည်။ စက်မှုအသွင်ကူးပြောင်းခြင်းသည်-လုပ်အား နှင့် ကုန်ထုတ်ကို တိုးတက်စေသည်၊ စက်ကိရိယာများကို လုပ်ကွက်ငယ်တောင်သူများသို့ ငှားရမ်းသည့် စီးပွားရေးလုပ်ငန်းငယ်များကို ဖန်တီးပေးသည်၊ စက်မှုအသွင်ပြောင်းခြင်း၏ သက်ရောက်မှုကို ဆပွားစေကာ ဝင်ငွေလည်း တိုးစေသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြစ်ဝကျွန်းပေါ်ဒေသမှ ချေးငွေရယူသူ ၉၆၉,၀၀၀ ခန့်သည် ကန်ဒေါ်လာ ၃၂၂ သန်းခန့် ရှိသော အသေးစား ချေးငွေများကို ရရှိပြီးဖြစ်သည်။ ၎င်းတို့မှ ထက်ဝက်ကျော်သည် စိုက်ပျိုးရေး မွေးမြူရေးအတွက် ဖြစ်ကာ၊ သုံးပုံတစ်ပုံခန့်မှာ စီးပွားရေး လုပ်ငန်းငယ်များအတွက် ဖြစ်သည်။

## ဒေသတွင်း အသက်မွေးမှု အမျိုးအမည် များစေခြင်း

ဧရာဝတီတိုင်းမှ ကျေးလက်လူထုသည် လယ်ယာပြင်ပ၊ စိုက်ပျိုးရေး၊ ရွှေ့ပြောင်း သွားလာရေး စသည့် ဝင်ငွေရလမ်း အမျိုးမျိုးဖြင့် ဝင်ငွေရှာဖွေနေရသည်။ ငွေအရင်းအနှီးနှင့် လုပ်အားတို့ မလုံလောက်သဖြင့် ဝင်ငွေရလမ်း အမျိုးမျိုးကို မဖန်တီးနိုင်သူများက နောက်ကျ ကျန်ရစ်နေခဲ့ကြသည်။[၃၃] MSU ၏ သုတေသနက မြစ်ဝကျွန်းပေါ်ဒေသတွင် မြေယာမဲ့မှုမှာ မြင့်မားနေကြောင်း ပြသနေသည်။ လယ်အများစုမှာ သေးငယ်ပြီး လယ်မြေဝေမျှမှာ မမျှတပေ။ တောင်သူ အိမ်ထောင်စု ထက်ဝက်မှာ မြေငါးဧကအောက်ကိုသာ ပိုင်ဆိုင်ကြသည်။ အသေးငယ်ဆုံး လယ်မြေများမှာ နည်းအမျိုးမျိုးဖြင့် အသုံးပြုခံရဆုံး ဖြစ်သည်။ ဝင်ငွေအများစုကို ဟင်းသီးဟင်းရွက်၊ မွေးမြူရေး နှင့် အခြားသီးနှံများမှ ရရှိကြသည်။

၃၂။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) ၂၀၁၆။

၃၃။ 'မြန်မာ့ကျေးလက်ဒေသ အသက်မွေးမှု နှင့် လူမှုရေး အပြောင်းအလဲ'၊ လူမှုစီးပွား အရည်အသွေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှု (QSEM) ပဉ္စမအကျော့ အစီရင်ခံစာ'

လယ်မြေအကြီးစားများမှာ ဝင်ငွေ အများစုကို နွေစပါးမှ ရရှိကြသည်။[၃၄]

GRET ၏ အငယ်စား ထုတ်လုပ်သူချေးငွေ (small producers credit services, SPCS)၊ WHH ၏ ကျေးရွာလည်ပတ် ရန်ပုံငွေ (village revolving fund, VRF)တို့ကို လယ်မဲ့မြေမဲ့ နှင့် လုပ်ကွက်ငယ်တောင်သူတို့က စိုက်ပျိုးရေးတွင်သာမက မွေးမြူရေး၊ ကုန်အရောင်း အဝယ်၊ လယ်ယာသုံးစက် စက်ပြင်/စက်ငှားလုပ်ငန်း တို့တွင်ပါ အသုံးပြုနေကြောင်း တွေ့ရှိရသည်။ ၂၀၁၇ ခုနှစ် တွင် ကန်ဒေါ်လာ ၄၀၀,၀၀၀ ခန့်ကို စီမံချက်ရွာများမှ လယ်မဲ့မြေမဲ့များကို 'စပါးမဟုတ်သော'/စိုက်ပျိုးရေးပြင်ပ အလုပ်များဖြစ်သည့် မွေးမြူရေး၊ ဟင်းသီးဟင်းရွက်၊ ငါးမွေးမြူရေး၊ လယ်ယာပြင်ပ ကျေးရွာ/ မြို့နယ် အခြေစိုက်စီးပွားရေးလုပ်ငန်း အငယ်စားများအတွက် ထုတ်ချေးခဲ့သည်။ချေးငွေ ၏ ၆၇ ရာခိုင်နှုန်းကို မွေးမြူရေးအတွက် အသုံးပြု ခဲ့ကြသည်။ SPCS နှင့် VRF တို့၏ ဝန်ဆောင်မှုမှာ ငွေကြေးဆိုင်ရာသာ ဖြစ်သော်လည်း စီမံခန့်ခွဲနိုင်စွမ်းကို တည်ဆောက်ပေးသည့်ပြင် နည်းပညာ အကြံပေးမှု ကိုပါ ဆောင်ရွက်ပါသည်။ ကျေးရွာတို့၏ အသက်မွေးမှု မဟာဗျူဟာက 'တောင့်ထား'ရန် သို့မဟုတ် 'ထွက်ခွာ'ရန် ရည်ရွယ်သည့်အတိုင်း ရည်မှန်းသည့် ရလဒ်မှာလည်း-အမျိုးအမည်များစေခြင်း သို့မဟုတ် အထူးပြုခြင်း ဖြစ်ပေမည်။

WorldFish ၏ MyCulture စီမံချက်သည် အသေးစား ငါးမွေးမြူရေးအတွက် ထောက်ပံ့ပေးပါသည်။ ရေရှည် တည်တံ့ကာ တိုးချဲ့နိုင်မည့် အသေးစား ငါးမွေးမြူရေး(small-scale acquaculture, SSA) နည်းပညာများကို ပူးပေါင်းပြုစုကာ ဖြစ်ထွန်း အောင်မြင်နိုင်ကြောင်း သက်သေပြရန် ရည်ရွယ်ထားသည်။ ထို့ကြောင့် လိုအပ်မည့် ငါးမျိုး၊ အစာ၊ အကြံဉာဏ်နှင့် ချေးငွေ စသည်တို့ကို ပံ့ပိုးမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ဤစီမံချက်သည် မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန် ၂၅၃ ရွာမှ တောင်သူ ၁,၇၀၀ ကျော်ကို အဖွဲ့ ၁၂၃ ဖွဲ့ကာ တိုးချဲ့ခဲ့သည်။ အဖွဲ့ဝင် ၁၅ ရာခိုင်နှုန်းမှာ အမျိုးသမီးဖြစ်သည်။ SSAအဖွဲ့ဝင်များတွင် အမျိုးသားဦးရေ များသော်လည်း စီမံချက်နယ်မြေများတွင် ငါးကန်များကို စီမံခန့်ခွဲရာ၌ အမျိုးသမီးများကသာ ပိုမိုအောင်မြင်သည်၊ ထို့ကြောင့် SSA သည် အောင်မြင်နိုင်စွမ်းရှိသည့် ငါးမွေးမြူကာ အသက်မွေးနိုင်သည့် အခွင့်အလမ်းကို အမျိုးသမီးများအား ပေးအပ်နိုင်ခဲ့သည်။

အသိပညာလွှဲပြောင်းပေးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တောင်သူတို့၏ တုံ့ပြန်မှု စသည့်ကနဦး ရလဒ်များသည် အလားအလာကောင်းများကို ပြသနေသည်။ ပထမအကြိမ် ထုတ်လုပ်မှုဆိုင်ရာ ဒေတာများကို သုံးသပ်ရာတွင် စနစ် ထက်ဝက်ခန့်သည် မြတ်စွန်းကြောင်း တွေ့ရှိရသည်။ ထို့ပြင် ငါးထုတ်လုပ်ရန် လိုအပ် သည့် အရင်းအနှီးသည် လုပ်ကွက်ငယ်တောင်သူများအတွက် မြင့်မားနေသဖြင့် ငွေကြေးဝန်ဆောင်သူများက ပါဝင်ဆောင်ရွက်ရန် လိုအပ်နေကြောင်းကိုလည်း ပြသနေသည်။ မိတ်ဖက်အဖွဲ့များသည် ငွေရေးကြေးရေး စီမံချက်များကို စတင်နေပြီ ဖြစ်သည်။ NAG က ထောက်ပံ့ထားသော တောင်သူ ၄၀ ရာခိုင်နှုန်းသည် တရားဝင်MFI များ၊ ဘဏ်များနှင့် ချိတ်ဆက်ထားသည်။ GRET က ငါးမွေးမြူသူများကို ငွေစုငွေချေးအဖွဲ့များ ဖွဲ့စည်းပေးသည်။ PACT က ငါးမွေးမြူသူများကို လက်ရှိကျေးရွာ ဖွံ့ဖြိုးရေး ရန်ပုံငွေ များနှင့် ချိတ်ဆက်ပေးသည်။ ငါးမွေးမြူရေး တန်ဖိုးမြှင့် ကွင်းဆက် တလျှောက်လုံးရှိ ငါးကန်ငယ်များ၊ သားဖောက်စခန်းများ၊ အငယ်စား အလတ်စား လုပ်ငန်းများသည် ကုန်ထုတ်စရိတ် ကြီးမြင့်မှုနှင့် ရင်ဆိုင်နေကြရသည်။ သို့သော် ယင်းအတွက် လိုအပ်သည့် ချေးငွေများကို ရရန်မှာ အကန့်အသတ်ရှိနေသည်။ ငါးမွေးမြူရေး တန်ဖိုးမြှင့် ကွင်းဆက်တွင် ပါဝင်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်သွယ်ရေးချေးငွေကို ထုတ်ပေးနိုင်မည့် နည်းစနစ်များကို ဖော်ထုတ်ခြင်းဖြင့် ဤအခက်အခဲကို ကျော်လွှားနိုင်မည် ဖြစ်သည်။[၃၅]

World Vision ၏ ဘိုကလေးတွင်အသက်မွေးမှု တိုးပွားလာခြင်း စီမံချက်သည် မြေမဲ့လယ်မဲ့ နှင့် ခံနိုင်ရည်နည်းပါးသော အိမ်ထောင်စုများ လယ်ယာပြင်ပလုပ်ငန်းများဖြင့် ဝင်ငွေရလမ်း များပြားလာစေရန် နည်းပညာကျွမ်းကျင်မှု သင်ယူနိုင်ရန် ထောက်ပံ့လျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် လုပ်အားဈေးကွက် စူးစမ်း သုံးသပ်ချက်က သတင်းအချက် အလက်ပေးသည့် ဤစီမံချက်၏ နည်းပညာနှင့် အသက်မွေးမှုသင်တန်း (TVET) ကို ဇွန်လတွင် သင်တန်းသား ၁၈၈-ဦးနှင့် စတင်ခဲ့သည်။ ပထမ အကြိမ်သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် အောင်မြင်သူ ၄၅-ဦးဖြင့် သင်တန်းဆင်းခဲ့သည်။ သင်တန်းဆင်း ၄၂-ရာခိုင်နှုန်းသည် လုပ်ငန်းများ စတင်နေပြီး ၄၈ ရာခိုင်နှုန်းသည် ရန်ကုန် ဘတ်စကားစနစ်တွင် ယာဉ်မောင်းများ၊ စက်ပြင်များ အဖြစ် လစာကျပ် ၂၀၀,၀၀၀(ကန်ဒေါ်လာ ၁၄၇)ဖြင့် အလုပ်လုပ်နေကြပြီ ဖြစ်သည်။

TVET ကို ပထမအကြိမ် သုံးသပ်ချက်တွင် ဤစီမံချက်သည် ခရီးမသွားနိုင်သော သို့မဟုတ် ခရီးသွားလိုသည့် ပညာမတတ်သော အမျိုးသမီးများ၊ အထက်တန်းပညာသင်ကြားပြီး မြို့ကြီးများသို့ မရွှေ့ပြောင်းမီ နည်းပညာ ကျွမ်းကျင်မှု လိုအပ်နေသူများအတွက် အခွင့်အလမ်း ကောင်းများကို ပေးအပ်ကြောင်းဖော်ပြထားသည်။ သင်တန်းများမှာ နှစ်လမှ ခြောက်လအထိကြာမြင့်သဖြင့် သင်တန်းသားများနှင့် မိသားစုများက စိတ်နှစ်ရန် လိုအပ်သည်။ ဘေးကင်းစွာ ရွှေ့ပြောင်းသွားလာရေး နှင့် ဘဝတွက်တာ ကျွမ်းကျင်မှု သင်တန်းများသည် TVET တွင် မပါမနေရ ဖြစ်ရမည့်ပြင် သင်ရိုးညွှန်းတမ်း ပေါ်တွင် ထပ်ထည့်ရမည်ဖြစ်သည်။ အကျိုးအမြတ်မှာ များစွာ ကွာခြားပြီး သင်တန်းသားတို့၏ ကုန်ကျစရိတ်သည် ၎င်းတို့တက်ရောက်မည့် သင်တန်းအမျိုးအစား၊ အလုပ်အသစ်တွင် ရရှိလာနိုင်မည့် လစာတို့အပေါ် မူတည်သည်။ သင်တန်းဆင်းတို့၏ လစာမှာ ကျပ် ၁၀၀,၀၀၀ (ကန်ဒေါ်လာ ၇၃)မှ ၃၀၀,၀၀၀(ကန်ဒေါ်လာ ၂၂၀) ထိ ဖြစ်သည်။ အလုပ်ရပြီးပါက သင်တန်းစရိတ်ကို ၂-လမှ ၁၂-လအတွင်း ပြန်ဆပ်နိုင်သည်။ အကျိုးအမြတ်အရဆုံး သင်တန်းများမှာ လစာကောင်းသည့် ယာဉ်မောင်းနှင့် စက်ပြင် ဖြစ်သည်။ မိမိကိုယ်ပိုင်လုပ်ငန်းကို ထူထောင်လိုသည့် သင်တန်းဆင်းများသည် မ တည် အရင်းအနှီးအတွက် ချေးငွေများနှင့် လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းတို့ လိုအပ်မည်ဖြစ်သည်။

## ရွှေ့ပြောင်းသွားလာခြင်း နှင့် အလုပ်အကိုင် အခွင့်အလမ်း

မြစ်ဝကျွန်းပေါ်ဒေသသည် ရန်ကုန်ရှိ မြို့ပြအလုပ်အကိုင် အခွင့်အလမ်းများနှင့် နီးကပ်သည်။ IOMက ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ကနဦး စစ်တမ်းအရ ရွှေ့ပြောင်းသွားလာရေးသည် မြစ်ဝကျွန်းပေါ် ဒေသရှိ ရွှေ့ပြောင်းသွားလာသူ၏ အိမ်ထောင်စုများအတွက် အရေးပါသော ဝင်ငွေရလမ်း ဖြစ်နေကြောင်း တွေ့ရှိရသည်။ စစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သည့် လေးပုံသုံးပုံက ရွှေ့ပြောင်းသွားလာရေးသည် လိုအပ်ကြောင်း၊ လိုလားဖွယ် ဖြစ်ကြောင်း၊ ပြန်လွှဲငွေများကြောင့်

[၃၄] ရန်ကုန် နှင့် ဧရာဝတီ တိုင်းဒေသကြီး သီးနှံထုတ်လုပ်ရေး နှင့် အမြတ်ရနိုင်မှု စစ်တမ်း၊ မီရှီဂန် ပြည်နယ် တက္ကသိုလ်၊ CESD၊ ၂၀၁၇ ဇွန်လ။

[၃၅] မြန်မာနိုင်ငံ ငါးမွေးမြူရေး။ ငါးမွေးမြူရေး နည်းပညာ၊ ထုတ်လုပ်မှု စီးပွားရေး နှင့် စီမံခန့်ခွဲရေး၊ ရိက္ခာဖူလုံမှု မူဝါဒအတွက် တီထွင်ဆန်းသစ်မှု ဓာတ်ခွဲခန်း၊ သုတေသနစာတမ်း စာ ၅၃၊ ၂၀၁၇မေလ၊ MSU၊ IFPRI၊ CESD

အိမ်ထောင်စုဝင်ငွေ တိုးလာခြင်းကြောင့်ဖြစ်ကြောင်း တင်ပြကြသည်။ ၂၀၁၇ တွင် ဆောင်ရွက်ခဲ့သော IOM ၏ CHIME စစ်တမ်းသည် မြစ်ဝကျွန်းပေါ်ဒေသ အိမ်ထောင်စုများ၏ ငါးပုံတစ်ပုံ၌ ရွှေ့ပြောင်းသွားလာသူများ ရှိနေကြောင်း ပြသနေသည်။ ကျား/မ အချိုးမှာ ၄၇း၅၃ ဖြစ်ကာ ၈၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံအတွင်းတွင် သွားလာ လုပ်ကိုင်ကြသည်။ ပြည်တွင်း ရွှေ့ပြောင်းသွားလာသူ ၆၃-ရာခိုင်နှုန်းသည် ရန်ကုန်သို့ ဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသအတွင်း သွားလာသူများမှာ ၂၃-ရာခိုင်နှုန်း ရှိသည်။ သုံးပုံ နှစ်ပုံက ငွေပြန်လွှဲပို့ကြရာ ယင်းငွေများကို စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးကြသည်။

Mercy Corps/Swisscontact /AYO 'လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း' စီမံချက်သည် ကျေးလက်မှ လယ်မဲ့မြေမဲ့တို့အား ဒေသခံ စီးပွားရေးလုပ်ငန်းတို့တွင် အလုပ်အကိုင် ရရှိရန်နှင့် ရန်ကုန်ရှိ ဝင်ငွေကောင်းသော အလုပ်အကိုင် အခွင့်အလမ်းတို့သို့ လက်လှမ်းမီစေရန် ထောက်ပံ့ပေးပါသည်။ အမှန်တကယ် ရရှိမည့် အလုပ်အကိုင် နှင့် အလုပ်အကိုင်၏ ရလဒ် အကျိုးကို ဖြစ်ထွန်းစေမည့် အဓိပ္ပာယ်ရှိသော လုပ်ငန်းကျွမ်းကျင်မှုများ အတွက် ထောက်ပံ့ရန် အာရုံစိုက်ထားသည်။ ၂၀၁၇ခုနှစ်တွင် လပွတ္တာမှ လယ်မဲ့မြေမဲ့ ၈၀၅-ဦးသည် စက်မှု၊ ဆောက်လုပ်ရေး၊ အထည်ချုပ်၊ ကုန်ထုတ်၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်း သင်တန်းများကို အောင်မြင်ခဲ့ကြသည်။ ယင်းတို့၏ ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးဖြစ်ကြသည်။ သင်တန်းဆင်း ၇၄ ရာခိုင်နှုန်းသည် လပွတ္တာ နှင့် ရန်ကုန်တို့တွင် ဝင်ငွေကောင်းသော အလုပ်များကို ရရှိထားကြသည်။

ပုဂ္ဂလိကကဏ္ဍမှ 'လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း'စီမံချက် နှင့် ချိတ်ဆက်သည့်သူများတွင် မြန်မာအထည်ချုပ် လုပ်ငန်းအသင်း(Myanmar Garment Manufacturers Association, MGMA)၊ ဆောက်လုပ်ရေး ကုမ္ပဏီများ၊ စက် ကိရိယာ အရောင်းသမားများ နှင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမှ ဟိုတယ်များ ပါဝင်သည်။ပုဂ္ဂလိကကဏ္ဍသည် အလုပ်အကိုင်ကိုသာမက သင်တန်းဆင်းများ နောင်လုပ်ငန်းခွင် ဝင်ချိန်တွင် ပြင်ဆင်ထားပြီး ဖြစ်စေရန် ကျွမ်းကျင်မှုများ ရရှိစေမည့် သင်ရိုးပြင်ဆင်မှုများကိုပါ တက်ကြွစွာ အကြံပြုထားသည်။ ပုဂ္ဂလိကကဏ္ဍကို အခြေပြုသည့် ဆောက်လုပ်ရေး နှင့် စက်မှုTVET ပုံစံတစ်ခုအတွက် ဤစီမံချက်က စူးစမ်းလျက်ရှိသည်။ ယင်းသည် ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို ဆထက်တိုးကာ အကျိုးပြုမည်ဟု မျှော်လင့်ရသည်။

၂၀၁၇ ခုနှစ် မတ်လနှင့် ဒီဇင်ဘာလတို့တွင် ဤစီမံချက်သည် အစိုးရကိုယ်စားလှယ်များ၊ NGO များ၊ INGO များ၊ အလုပ်ရှင်များ၊ သင်တန်းဆင်းများနှင့်အတူ အလုပ်အကိုင် ပြပွဲများကို ကျင်းပခဲ့သည်။ သင်တန်းဆင်း ၁၄၀ ကျော် မှာ အလုပ်ရရှိခဲ့သည်။

အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် ရန်ပုံငွေ အသေးစား အထောက်အပံ့

မြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးမှုစနစ် ဖွံ့ဖြိုးစေမည့် CSO များ အသေးစား အထောက်အပံ့သည် ရိက္ခာနှင့် အသက်မွေးမှု လုံခြုံရေး၊ ဝင်ငွေ၊ ကြံ့ကြံ့ခံနိုင်မှု၊ ဆင်းရဲသားများ အကျိုးဦးတည်သည့် မူဝါဒသို့ ဩဇာသက်ရောက်မှု တိုးတက်စေရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို စွမ်းဆောင်ရည်တည်ဆောက်ရန် နှင့် အားဖြည့်ပေးရန် ရည်ရွယ်သည်။ ဤရန်ပုံငွေအုပ်ချုပ်ရေးအဖွဲ့ ကို ကောင်းစွာ ထူထောင်ထားပြီး တိုင်းဒေသအတွင်းရှိ ၅-မြို့နယ်မှ CSO များ၏ အဆိုပြုလွှာ ၃၃-စောင်မှ ၁၇-စောင်ကို ချီးမြှင့်ခဲ့သည်။ အများစု မှာ CSO များ လှုပ်ရှားနေသည့် ကျေးလက်မြို့များမှ လူငယ်များ အမျိုးသမီးများ အလုပ်အကိုင် ဖန်တီးရေး၊ စီးပွားရေး လုပ်ငန်းငယ်များ ဖွံ့ဖြိုးရေး၊ ရေလုပ်သားငယ်များကို ထောက်ပံ့ရေး တို့နှင့် သက်ဆိုင်သည်။

## ရေ့ကိုမျှော်ကြည့်လျှင်

မြစ်ဝကျွန်းပေါ်အစီအစဉ်သည် ရလဒ်များကို စုစည်းရန် ရေရှည်တည်တံ့ရေးကို အားဖြည့်ရန်အတွက် ဒေသအစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပိုမိုပေါင်းစပ် ညှိနှိုင်းရန်၊ အသိအမြင်မျှဝေရန် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ခုနှစ်တွင် LIFTသည် ဖျာပုံမြို့နယ် တွင် မြေယာ ပြန်လည်ချထားပေးမည့် အစိုးရ၏ စီမံချက်များကို စတင် ထောက်ပံ့ရန် Delta RISE စီမံချက်ကို တိုးချဲ့ခဲ့သည်။ ယင်းသည် မြေယာ ရရှိခါစ အိမ်ထောင်စုများ နှင့် ပတ်ဝန်းကျင်လူထုကိုပညာပေးခြင်း၊ အကြံပေးခြင်း ငွေရေးကြေးရေး လုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်း တို့ဖြင့် ထောက်ပံ့မည်ဖြစ်သည်။ GRET သည် အစိုးရ၏ စီမံချက် များကို ထောက်ပံ့ပေးရန် မြေယာပိုင်ဆိုင်မှု ဆန်းစစ်ချက်ကို ရွေးချယ်ထားသည့် နေရာများတွင် ဆောင်ရွက်လျက်ရှိသည်။

မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေး စီမံချက်သည် အစိုးရ မျိုးစပါးခြံများ၊ ပုသိမ်မျိုးစပါး စစ်ဆေးရေးဌာန တို့နှင့်အတူ လက်တွဲလုပ်ဆောင်ကာ ထောက်ပံ့ပေးမည်ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက် နှင့် မျိုးစေ့ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုတို့ တိုးတက်ကောင်းမွန်စေရန်အတွက် မျိုးစေ့ကဏ္ဍနေရာ တစ်ခုကို စိုက်ပျိုးရေးဦးစီးဌာနက တိုက်ရိုက် စီမံ ခန့်ခွဲမည်ဖြစ်သည်။


LIFT၏ မဟာဗျူဟာမိတ်ဖက် NAG သည် အားလုံးပါဝင်သည့်နည်းဖြင့် ကုန်းတွင်းငါးလုပ်ငန်းစီမံခန့်ခွဲမှု ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာများနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းကာ ငါးလုပ်ငန်းဥပဒေကို ပြောင်းလဲရန် နှင့် ပူးပေါင်းစီမံခန့်ခွဲမှု ပုံစံများကို မိတ်ဆက်ရန် ရည်ရွယ်သည်။ ဤစီမံချက်သည် တိုင်းဒေသကြီးအစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ရွာများနှင့်ပူးပေါင်း ဆက်ဆံရေးကောင်းကို တည်ဆောက်ခဲ့သည်။ ဤစီမံချက်က ထောက်ပံ့သည့် ငါးလုပ်ငန်းဖွံ့ဖြိုးရေး အသင်းအချို့သည် ငါးလုပ်ငန်းလိုင်စင်များကို စုပေါင်းရရှိခဲ့ပြီး အကျိုးအမြတ်များ ရရှိခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် ဤစီမံချက်သည် ရေချိုငါးလုပ်ငန်း ဥပဒေပြင်ဆင်ချက်ကို ပြုစုရာတွင် ထောက်ပံ့ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး ခရိုင် ၆-ခုတွင် သက်ဆိုင်သည့် ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ပြင်ဆင်ချက်သည် လက်ရှိတင်ဒါစနစ်ကို လက်လှမ်းမီရန် ငွေကြေးမတတ်နိုင်သည့် လုပ်ကွက်ငယ် တောင်သူများ၊ ငါးလုပ်ငန်း လုပ်ကွက်များသို့ လက်လှမ်းမီစေရန် ရည်ရွယ်ပါသည်။ ယင်းတွင် ငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှု ပုံစံများနှင့် သက်ဆိုင်သည့် ပုဒ်မ များလည်း ပါဝင်သည်။ ၂၀၁၈ ခုနှစ် မတ်လတွင် ပြင်ဆင်မှု ဥပဒေကို ဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်မည်ဟု မျှော်လင့်ထားသည်။

နိုဝင်ဘာလတွင် LIFT နှင့် မိတ်ဖက် အဖွဲ့အစည်းများသည် တိုင်းဒေသကြီးအစိုးရ ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ အာဟာရဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ LIFT နှင့် ဒေသခံ အာဟာရ

မိတ်ဖက်အဖွဲ့အစည်းများက ဧရာဝတီ တိုင်းဒေသကြီး အစိုးရ ဝန်ကြီးဌာန ၃-ခုမှ ကိုယ်စားလှယ်များ နှင့် ပထမအကြိမ် တွေ့ဆုံခြင်း ဖြစ်သည်။ အာဟာရ ဆိုင်ရာ ရလဒ်များ ရရှိရေးအတွက် ပူးပေါင်း ဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေး ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ရရှိရန်မှာ ဝန်ကြီးဌာနချင်း ပေါင်းစပ်ညှိနှိုင်းမှုက အချက်အချာကျသည်ဟု LIFT က ထင်မြင်သည်။ ဧရာဝတီအစိုးရ၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ အချင်းချင်း အာဟာရဆိုင်ရာ စီမံချက်များအကြောင်း မျှဝေကာ၊ ဘုံ ရည်မှန်းချက်များ၊ စိန်ခေါ်မှုများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခွင့် ရရှိခဲ့ကြသည်။ အစိုးရ ကိုယ်စားလှယ် များသည် MCCT နှင့် SBCC ပေးအပ်သည့် နည်းလမ်းများအကြောင်းကို ပိုမိုသိရှိရန် ၂၀၁၈ ခုနှစ် တွင် လပွတ္တာရှိ Save the Children စီမံချက်ကို သွားရောက်လေ့လာမည် ဖြစ်သည်။ အစိုးရသည် အာဟာရ ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းသည့်အဖွဲ့ကို မကြာသေးမီက ဖွဲ့စည်းခဲ့သည့်ပြင် ကမ္ဘာ့ဘဏ်က ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အာဟာရ အတွက် ကန်ဒေါ်လာသန်း ၁၀၀ကို သုံးစွဲရန် သဘောတူခဲ့ရာ ၂၀၁၈-ခုနှစ်မှ စတင်ကာ မြစ်ဝကျွန်းပေါ်ဒေသတွင် အာဟာရ အထောက်အပံ့ ပိုမို ရရှိလာမည် ဖြစ်သည်။

၃.၂

# အပူပိုင်းဇုန်



◀ ပုံ ၃.၄
၂၀၁၇ ခုနှစ် အပူပိုင်းဇုန်တွင် LIFT ၏ လုပ်ငန်း ဆောင်ရွက်မှုများ

## ခြုံငုံဖော်ပြချက်

LIFT ၏ လက်ရှိ အပူပိုင်းဇုန် အစီအစဉ်ကို ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် စတင်ခဲ့သည်။ မကွေးတိုင်း ပခုက္ကူ နှင့် မန္တလေးတိုင်း မလှိုင်မြို့နယ်တို့ကြားရှိ ကျေးရွာများတွင် အကောင်အထည်ဖော်လျက်ရှိ သည်။ အချို့ မြို့နယ်များသည် စည်ကားလာသည့် ကုန်သွယ်ရေး ဗဟိုချက်များ ဖြစ်သည်။ အချို့မှာ မြေဆီသြဇာ အားနည်းပြီး ကုန်းကျသော စိုက်ပျိုးမြေများ ဖြစ်ကာ ကုန်သွယ်ရေး အခွင့်အလမ်းနှင့် အလုပ်အကိုင်အလမ်းဝေး ကြသည်။ အပူပိုင်းဇုန်၏ မြေဆီလွှာမှာ သဲဆန်ပြီး အော်ဂဲနစ်ဒြပ် ပါဝင်မှု အလွန်နည်းပါးသည်။ အစိုဓာတ်နှင့် အာဟာရကို ထိန်းထားနိုင်စွမ်း နည်းကာ ခြောက်သွေ့သဖြင့် စိုက်ပျိုးရေးသည် ရာသီဥတု ပြောင်းလဲသည့် ဒဏ်ကို ခံရနိုင်ဖွယ်ရှိသည်။

အပူပိုင်းဇုန်တဝန်းလုံးတွင် အာဟာရ ဆိုင်ရာ စိန်ခေါ်မှုများ ရှိနေသည်။ ကလေး ၃၁.၂ ရာခိုင်နှုန်းမှာ ပုည့်ကျက်နေပြီး ၃၆.၆ ရာခိုင်နှုန်းမှာ မွေးစအလေးချိန် လျော့နည်းကြသည်။[၃၆]

အပူပိုင်းဇုန်၏ ပင်မသီးနှံမှာ ပဲမျိုးစုံဖြစ်ကာ ၆၀- ရာခိုင်နှုန်းကို အဓိကအားဖြင့် တရုတ်နှင့် အိန္ဒိယ နိုင်ငံတို့သို့ တင်ပို့ရောင်းချကြသည်။ တစ်နိုင်ငံလုံး၏ ကုလားပဲ နှင့် ပဲစဉ်းငုံ ၉၈ ရာခိုင်နှုန်းကို အပူပိုင်းဇုန်တွင် စိုက်ပျိုးသည်။ ရေလုံလောက်စွာ မရခြင်း၊ မျိုးအားနည်းခြင်းတို့ကြောင့် သီးနှံထွက်နှုန်း မကောင်းဘဲ ဝင်ငွေလည်းလျော့သည်။မြေအောက် ရေကို ထုတ်ယူနိုင်သော်လည်း လုံလောက်အောင် ထုတ်ယူခြင်း မရှိသေးပေ။ ပဲမျိုး ထုတ်လုပ်ရေး တွင်လည်း တစ်နိုင်ငံလုံး ဝယ်လိုအား၏ တစ်ရာခိုင်နှုန်း ကိုသာ ထုတ်လုပ်နိုင်သေးသည်။ တောင်သူများသည် အဆင့်မီသော စိုက်ပျိုးရေး နှင့် မွေးမြူရေး အကြံပေး လုပ်ငန်းများကိုလည်း လက်လှမ်း မမီကြပေ။ ယင်းတို့သည် "အဆင့်နိမ့်မျှခြေ" အတွင်းတွင် ပိတ်မိ နေသည်။ သွင်းအားစု အဆင့်နိမ့် သည်၊ ထုတ်ကုန် အဆင့်နိမ့်သည်၊ သီးနှံထွက်နှုန်း အဆင့်နိမ့်သည်၊ အမြတ်ရရှိမှု အဆင့်နိမ့်သည်။[၃၇]

အပူပိုင်းဇုန်သည် ရွှေ့ပြောင်း သွားလာရေးတွင် တက်ကြွ လှုပ်ရှားဆုံးနေရာ ဖြစ်နေသည်။ ပြန်လွှဲ ပို့ငွေမှာ အပူပိုင်းဇုန် ကျေးလက်ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်း ဖြစ်နေပြီး၊ အိမ်ထောင်စုများကို အဓိက အထောက်အပံ့ပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် ကျေးလက်စိုက်ပျိုးရေး အခြေခံ စီးပွားရေးမှ မြို့ပြ စက်မှု ဝန်ဆောင်မှုအခြေခံ စီးပွားရေးသို့ ကူးပြောင်းနေသဖြင့် နောက်ဆယ်စုနှစ်များ အတွင်းတွင်လည်း ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းသွားလာရေးမှာ တိုးတက်နေဦး မည်ဟု ခန့်မှန်းထားသည်။

ကျန်နေခဲ့သူများအတွက်လည်း လယ်ယာပြင်ပ ကဏ္ဍမှ အလုပ်ရရှိရေးသည် အရေးကြီးသော အသက်မွေးမှု မဟာဗျူဟာ တစ်ခု ဖြစ်လာသည်။ မြန်မာ့သန်းခေါင်စာရင်းအရ လယ်ယာပြင်ပကဏ္ဍမှ အလုပ်ရရှိရေးသည် အပူပိုင်းဇုန်တဝန်းအတွင်း များ စွာကွဲပြားခြားနားသည်။[၃၈]မကွေးတိုင်းဒေသကြီးသည် မန္တလေးတိုင်း ဒေသကြီးထက် ပို၍ ကျေးလက်ဆန်ကာ စိုက်ပျိုးရေး ပိုများသည်။ စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း တို့တွင် အလုပ်လုပ်နေသည့်ဦးရေမှာ မကွေးတိုင်း လူဦးရေ၏ ထက်ဝက်ကျော် ရှိသည်။ မန္တလေးမှာမူ သုံးပုံတပုံအောက်ကသာ ထိုကဏ္ဍ များတွင် လုပ်ကိုင်နေကြသည်။

အပူပိုင်းဇုန်၏နေရာအများအပြားတွင်ခိုင်းနွားများ အစား လယ်ထွန်စက်များကို အသုံးပြုလာကြသည်။ ယင်းသည် သီးနှံအထွက် တိုးစေသည့်အပြင် လယ်ယာပြင်ပ အလုပ်ရရှိခွင့် ကိုလည်း ပိုမို များပြားစေသည်။ စက်မှု အသွင်ပြောင်းရေးအတွက် တွန်းအားများမှာ- အချက်အချာ အချိန်များတွင် လုပ်အားပြတ်လပ်ခြင်း၊ လယ်ထွန်စက်များခြွေလှေ့စက် များအတွက် ရင်းနှီးမြှုပ်နှံပါက အမြတ်အစွန်း ကြီးမား ခြင်းနှင့် ဘဏ်များမှ ငွေကြေး ဝန်ဆောင်မှုများ ရလွယ်ခြင်း တို့ဖြစ်သည်။[၃၉]

## အပူပိုင်းဇုန်အစီအစဉ်

LIFT အပူပိုင်းဇုန်အစီအစဉ်သည် တောင်သူများ ရပ်ရွာများ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ ပိုမို ကြံ့ကြံ့ခံနိုင်ရန်၊ အသက်မွေးမှုများ လုံခြုံစိတ်ချရန် ထောက်ပံ့သည်။

အပူပိုင်းဇုန်အစီအစဉ်တွင် ဦးစားပေး ခုနစ်ရပ်ရှိသည်။ ယင်းကို စီမံကိန်းအဆင့် ပြောင်းလဲမှုဆိုင်ရာ သီအိုရီနှင့် ကိုက်ညီစေရန် စီမံထားသည်။ယင်းတို့မှာ-

- လုပ်ကွက်ငယ်တောင်သူများအတွက် ရေရှည် တည်တံ့သော စိုက်ပျိုးရေး နှင့်လယ်ယာအခြေပြု ထုတ်လုပ်မှု တိုးတက်စေရန်
- သယံဇာတများကို လက်လှမ်းမီစေရန်၊ ရေရှည် သုံးစွဲနိုင်စေရန်
- လုပ်ကွက်ငယ်တောင်သူများ ဈေးကွက် ပိုမို လက်လှမ်းမီကာ ဈေးကောင်း ရရှိနိုင်စေရန်
- ရိက္ခာနှင့် အသက်မွေးမှု ဖူလုံရေးကို အထောက်အပံ့ပြုနိုင်ရန်အတွက် ဒေသခံ စွမ်းဆောင်ရည်က အားဖြည့်ပေးရန်
- လုပ်ကွက်ငယ်တောင်သူများ၊ မြေမဲ့ယာမဲ့များအတွက် စိတ်ချရသော လယ်ယာပြင်ပ အလုပ်အကိုင်များ တိုးတက် လာစေရန်
- လုပ်ကွက်ငယ်တောင်သူများ၊ မြေမဲ့ယာမဲ့များ လုံလောက်သော အတိုးနည်း ငွေကြေးဝန်ဆောင် မှုများကို ပိုမို လက်လှမ်းမီစေရန်
- အာဟာရ၊ ပတ်ဝန်းကျင် နှင့် တကိုယ်ရည် သန့်ရှင်းရေး ပိုမို တိုးတက်လာစေရန်

အပူပိုင်းဇုန်အစီအစဉ်တွင် စိုက်ပျိုးရေးကို အခြေခံသော လုပ်ဆောင်မှုများနှင့် ရပ်ရွာကို အခြေခံသော လုပ်ဆောင်မှုများကိုပါ ထည့်သွင်းထားသည်။ ပေါင်းစည်းထားသော လုပ်ဆောင်မှုများသည် သီးခြား လုပ်ဆောင်မှုများထက် ရေရှည်သက်ရောက်မှု ပိုမို ရှိကြောင်း LIFT ၏ အတွေ့အကြုံများအရ တွေ့ရှိရသည်။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမှုရှိရေး အလေးထား ဆောင်ရွက်မှုများကို အပူပိုင်းဇုန် အစီအစဉ်တွင် ထည့်သွင်းထားသဖြင့် ရပ်ရွာများ၏ ကြံ့ကြံ့ခံနိုင်မှုကို တိုးစေသည်၊ယင်းတို့၏အသက်မွေးမှု ကို ထိခိုက်စေသော ဖြစ်ရပ်များကို ကျော်လွှားနိုင်ရန် ကူညီပေးသည်။ ဥပမာ အားဖြင့် အာဟာရ၊ ရေနှင့် သန့်ရှင်းရေး၊ အိမ်ခြံဝင်း ဥယျာဉ်ခြံ စိုက်ပျိုးရေးတို့တွင် လုပ်ကိုင်နေသော မိတ်ဖက်အဖွဲ့များသည် မိမိတို့၏ လုပ်ဆောင်မှုများကို အကျိုးကျေးဇူး ခံစားရသည့် ရပ်ရွာများ၏ ကြံ့ကြံ့ခံနိုင်မှု ရလဒ်ကောင်း အလားအလာနှင့်ပါ ပေါင်းစည်းခဲ့ကြသည်။

၃၆။ မြန်မာနိုင်ငံ အပူပိုင်းဇုန် အာဟာရ နှင့် ရိက္ခာဖူလုံမှုစစ်တမ်း၊ ၂၀၁၃ဖွန်လ နှင့် ဇူလိုင်လ၊ ကလေးများကို ကယ်တင်ပါ၊ WFP၊ MALI၊ ၂၀၁၄။
၃၇။ မြန်မာ့လယ်သမားများ အသက်ကြီးလာနေမှု။ စိုက်ပျိုးရေး နှင့် ရိက္ခာဖူလုံရေးသို့ သက်ရောက်မှု၊ HelpAge၊ OXFORD INSTITUTE OF POPULATION AGEING၊ ၂၀၁၇။
၃၈။ မြန်မာသန်းခေါင်စာရင်းပြ မြေပုံ၊ ၂၀၁၄ခုနှစ် မြန်မာလူဦးရေ နှင့် အိမ်ခြေ သန်းခေါင်စာရင်း၊ ပြည်သူ့အင်အား ဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှု နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ UNFPA၏ အထောက်အကူဖြင့် ဆောင်ရွက် သည်။
၃၉။ အပူပိုင်းဇုန် စိုက်ပျိုးရေး၏ ဆယ်နှစ်အတွင်း နည်းပညာ အပြောင်းအလဲ၊ မီရှီဂန် ပြည်နယ်တက္ကသိုလ်၊ ဇော်မင်းနိုင်၊ ၂၀၁၇။

| မိတ်ဖက်အဖွဲ့အစည်း | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| ActionAid | ညောင်ဦး၊ မြောင်၊ ပခုက္ကူ | အမျိုးသမီးများ အသက်မွေးမှုသင်တန်း၊ အလုပ်အကိုင်နှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေခြင်း |
| Terre des Hommes (TdH) | တောင်သာ၊ နတ်မောက်၊ မြင်းခြံ၊ ရေနံချောင်း | ရေကို ထိရောက်စွာ အသုံးပြုကာ အာဟာရ ပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရန် |
| International Fertilizer Development Center (IFDC) | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | စိုက်ပျိုးရေး အကြံပေးလုပ်ငန်းများ |
| UN Food and Agriculture Organization (FAO) Livestock | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု နှင့် မွေးမြူရေး ကုန်သွယ်မှုဆိုင်ရာ မူဝါဒလုပ်ငန်းများ |
| Golden Plain | ပခုက္ကူ၊ ရေစကြို | ရေရှည် အထွက်တိုးရန် အားနည်းသည့် မြေဆီလွှာကို ကောင်းမွန်လာစေခြင်း |
| United Nations Economic and Social Commission for Asia and the Pacific (UNESCAP) | အပူပိုင်းဇုန် အနှံ့အပြား | စက်မှုလယ်ယာပြောင်းလဲခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ တောင်သူဦးစီး တီထွင် ဆန်းသစ်ခြင်း |
| HelpAge International | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | ကျေးရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များ အီလက်ထရွန်နစ် ငွေကြေးလွှဲပြောင်း ပေးအပ်ခြင်းကို ရှေ့ပြေးစမ်းသပ်ခြင်း |
| Alliance | ကျောက်ဆည်၊ ကျောက်မြောင်း၊ ချောင်းဦး၊ စစ်ကိုင်း၊ စဉ့်ကိုင်၊ တံတားဦး၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ ဘုတလင်၊ မန္တလေး၊ မြင်းမူ၊ ယင်းမာပင် ရွှေဘို၊ ဝက်လက် | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| Ar Yone Oo | ကလေး | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| Border Development Association | မုံရွာ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| Township Coop Association | နွားထိုးကြီး၊ မြင်းခြံ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| Fullerton | ကျောက်ဆည်၊ မန္တလေး | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| GRET | ဘုတလင်၊ မုံရွာ၊ ယင်းမာပင် | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| PGMF | ကျောက်ပန်းတောင်း၊ ချောက်၊ ချောင်းဦး၊ စလင်း၊ ဆင်ဖြူကျွန်း၊ ညောင်ဦး၊ တောင်တွင်းကြီး၊ တောင်သာ၊ နတ်မောက်၊ နွားထိုးကြီး၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မလှိုင်၊ မင်းဘူး၊ မိတ္ထီလာ၊ မြို့သစ်၊ မြင်းခြံ၊ မြောင်၊ မြိုင်၊ ရေစကြို၊ ရေနံချောင်း၊ အရာတော်၊ အောင်လံ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| Proximity Designs | ချောင်းဦး၊ တောင်သာ၊ နတ်မောက်၊ နွားထိုးကြီး၊ ပုလဲ၊ ပျော်ဘွယ်၊ မကွေး၊ မလှိုင်၊ မင်းဘူး၊ မုံရွာ၊ မြို့သစ်၊ မြင်းခြံ၊ ယင်းမာပင်၊ ရေစကြို၊ ရွှေဘို၊ သာစည်၊ ဝက်လက်၊ အောင်လံ | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| YOMA Bank | ကလေး၊ ကျောက်ဆည်၊ ပခုက္ကူ၊ ပျဉ်းမနား၊ ပြင်ဦးလွင်၊ မကွေး၊ မင်းဘူး၊ မိတ္ထီလာ၊ မန္တလေး(ကျွဲဆည်ကန်၊ ဈေးချို၊ စက်မှုဇုန်၊ မနော်ဟရီ)၊ မုံရွာ၊ မြင်းခြံ၊ ရွှေဘို၊ အောင်လံ | စိုက်ပျိုးရေး ကိရိယာ ငှား/ဝယ်မှု |
| Save the Children | ပခုက္ကူ၊ မလှိုင်၊ ရေစကြို | အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာသုံးသပ် တိုင်းတာခြင်း |
| VisionFund | ကျောက်ဆည်၊ ချောက်၊ စစ်ကိုင်း၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ မန္တလေး၊ မုံရွာ၊ ရွှေဘို | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| Social Vision Service | ဝမ်းတွင်း | ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ |
| MPSWA | တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ | အာဟာရ အမူအကျင့်ပြောင်းလဲရေး |
| UN-Habitat | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | ရေ၊ ပတ်ဝန်းကျင်နှင့် တကိုယ်ရည် သန့်ရှင်းရေး |
| Pact | ကျောက်ပန်းတောင်း၊ စလင်း၊ ဆိပ်ဖြူ၊ပွင့်ဖြူ၊ မြင်းခြံ ရေစကြို၊ ရေနံချောင်း | အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေ အထောက်အပံ့ |
| IWMI | မြင်းမူ | စိုက်ပျိုးရေစနစ်တကျအသုံးချမှုနှင့်သီးနှံစိုက်ပျိုးမှုဆိုင်ရာ နည်းပညာပေးခြင်း |
| UNOPS | မြင်းမူ | ပျော့ရွာမြစ်ရေတင်စီမံကိန်းပြုပြင်မွမ်းမံခြင်း |
| LodeStar/SPPRG | မြောင် | လူမှုကာကွယ်စောင့်ရှောက်ရေး |

◀ ဇယား ၃.၂
၂၀၁၇ ခုနှစ် အပူပိုင်းဇုန်ရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ

## ၂၀၁၇ ခုနှစ်မှ စိတ်ဝင်စားဖွယ်ရာများ

### စိုက်ပျိုးရေးကို တိုးတက်စေသဖြင့် ပိုမို ကြံ့ကြံ့ခံနိုင်လာပြီး လယ်သမားများ 'တက်လှမ်း' နိုင်လာခြင်း

LIFT၏ မိတ်ဖက်အဖွဲ့များက တောင်သူများကိုလက်ရှိသီးနှံများ၏ မျိုးကောင်း မျိုးသန့်များကို သာမက စီးပွားရေး အကျိုးများမည့် မျိုးသစ်များကိုပါပေးအပ်နိုင်ခဲ့ကြသည်။ မျိုးကောင်းမျိုးသန့်များကို အဆုံးအရှုံးနည်းနည်းဖြင့် ရေရှည်အထွက်တိုးစေမည့်စိုက်နည်းသင်တန်းများကို တောင်သူများ၊ လက်လီအရောင်းလုပ်ငန်းများ နှင့် ဌာနဆိုင်ရာ ပညာပေး အရာရှိများက တက်ရောက်ခဲ့ကြသည်။ ယင်းတို့တွင် မြေဆီလွှာကို ကောင်းမွန်စေပြီး ကာဗွန်ကို ထိန်းသိမ်းကာ ဖန်လုံအိမ် ဓာတ်ငွေ့ကို လျှော့ချမည့် သစ်စိမ်း မြေဩဇာ ကျွေးခြင်းလည်း ပါဝင်သည်။ ယခင်က LIFT ရန်ပုံငွေ ပံ့ပိုးသည့် စီမံချက်များက မြေဆွေးဖြင့် မြေဆီလွှာ၏ ဖွဲ့စည်းပုံကို ပြောင်းလဲကာ မြေဩဇာ ထက်သန်စေမည့် လုပ်ဆောင်နည်း ကို ကြိုးစားခဲ့သော်လည်း ရေရှည်မခံခဲ့ပေ။တောင်သူများသည် လုအင်အားကုန်လှသော မြေဆွေးလုပ်နည်းကို စီမံကိန်းပြီးသွားသည်နှင့် ဆက်မလုပ်ကြတော့ပေ။

ရွှေလွှင်ပြင် သည် ပြည်တွင်း စိုက်ပျိုးရေးNGO တခု ဖြစ်သည်။ ယင်းသည် အပူပိုင်းဇုန်ရှိ မြေဆီလွှာ အားနည်းသောမြေကို သီးနှံ ရေရှည်ထွက်စေရန် သစ်စိမ်းမြေဩဇာကျွေးခြင်း သီးနှံပုံစံ ပြောင်းခြင်းတို့ဖြင့် ထိန်းသိမ်းသည့် စီမံချက်ကို ဆောင်ရွက်နေသည်။ ပိုက်ဆံလျှော်ကို အသုံးပြုကာ အကုန်အကျ မများပဲ လုပ်အားလည်း သက်သာစွာဖြင့် ဩဂဲနစ်ဒြပ်များကို လယ်ကွင်းများထဲတွင်ပင် တိုက်ရိုက် ထုတ်လုပ်သည်။ နှစ်နှစ်တာ အကောင်အထည်ဖော်ပြီးနောက် သီးနှံဆုံးရှုံးမှုနှင့် ထွန်ယက်ခတို့ကို လျှော့နည်းစေပြီး အထွက်နှုန်းမှာလည်း ၃၀ မှ ၅၀ ရာခိုင်နှုန်းထိ တက်လာကြောင်း တွေ့ရှိရသည်။ အကုန်အကျ သက်သာမှုသည် သစ်စိမ်း မြေဩဇာ စိုက်စရိတ်၊ ထွန်ယက်ခြင်း နှင့် စိုက်ပျိုးခြင်းတို့ အတွက် တဟက်တာ လျှင် ကျပ် ၇,၄၀၀ ( ကန်ဒေါ်လာ ၅၄/ဟက်တာ) ကို ကာမိသည်။ ပိုက်ဆံလျှော်သည် ပေါင်းကို နှိမ်နိုင်သဖြင့် ပေါင်းသတ်ဆေး သုံးစွဲရမှုကိုလည်း လျှော့ချနိုင်ရာ တောင်သူများ ပိုမို စိတ်ဝင်စား လာသည်။ ၂၀၁၇ ခုနှစ်တွင် တောင်သူ ၈၃၁ ဦးသည် ဟက်တာ ၂၂၀ တွင် ပိုက်ဆံလျှော်ကို စိုက်ပျိုးလာကြသည်။ ၂၀၁၆ ခုနှစ်တွင် တောင်သူ ၈၄ ဦးသည် ၃၄ ဟက်တာတွင်သာ စိုက်ခဲ့ကြသည်။ မျိုးစေ့လိုအပ်ချက်မှာလည်း အစိုးရက ထောက်ပံ့ပေးနိုင်သည်ထက် များပြားလာသည်။ ၂၀၁၇ ခုနှစ်တွင် စီမံချက်တောင်သူ ၁၈ ဦးသည် မြေ ၉.၆ ဟက်တာတွင် ပိုက်ဆံလျှော် မျိုးစေ့ ထုတ်လုပ်ခဲ့ကြသည်။ဤရလဒ်များကြောင့် ရွှေလွှင်ပြင်သည် မူဝါဒချမှတ်သူများနှင့် အောင်မြင်စွာ ထိတွေ့ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ကယားနှင့် ရှမ်းပြည်နယ်ရှိ မျိုးခြံများတွင် ပိုက်ဆံလျှော် မျိုးစေ့များကို ပိုမို ထုတ်လုပ်မည် ဖြစ်သည်။

နိုင်ငံတကာ မြေဩဇာ ဖွံ့ဖြိုးမှုဌာန(IFDC)[၄၀] သည် မတ်ပဲ၊ နှမ်း၊ ဝါ နှင့် စပါးမျိုးကောင်းမျိုးသန့်များကို ရရှိစေခဲ့သည်။ စိုက်နည်းစနစ်ကောင်းများကိုလည်း ပြသခဲ့သည်။ပတ်ဝန်းကျင် မပျက်စီးစေသည့် စိုက်ပျိုးရေး ကို စံပြစိုက်ကွက်များ၊ ကွင်းဆင်းပြပွဲများဖြင့် ပြသခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် စံပြစိုက်ကွက်များကို ၆၄ ကွက် မှ ၁၅၉ ကွက်ထိ၊ ကွင်းဆင်း ပြပွဲများကို ၂၁ ပွဲ မှ ၄၀ ပွဲထိ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုများ တွင် ၈၅၁ ရွာမှ တောင်သူ ၁၆,၀၀၀ ကျော်က ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ပါဝင်ခဲ့သူများ အနက် ၂၈ ရာခိုင်နှုန်းမှာ မိမိလယ်ကို ကိုယ်တိုင် စီမံနေကြသော အမျိုးသမီးများ ဖြစ်ကြသည်။ပုဂ္ဂလိက ကဏ္ဍသည်လည်း ထိုလုပ်ငန်းများကို ဆင့်ပွားဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် လက်လီ အရောင်းသမားများသည် အစိုးရ ပညာပေးလုပ်ငန်းများနှင့် ပူးပေါင်းကာ ကိုယ်ပိုင် စံပြစိုက်ကွက်များ၊ ကွင်းဆင်းပြပွဲများကို ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။ မျိုးအသစ်များ၊ စိုက်နည်းကောင်းများ၊ ယင်းတို့၏ ဝန်ဆောင်မှုများနှင့် စက်ကိရိယာများ ကို သရုပ်ပြခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် ကွင်းဆင်းပြပွဲ ၃၈ ခုကို ကျင်းပခဲ့ရာ တောင်သူ ၃,၂၀၀ကျော် တက်ရောက်ခဲ့သည်။ စီမံချက်၏ ထောက်ပံ့ငွေဖြင့် လက်လီအရောင်းကုန်သည်များသည် ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှု အသစ် ၂၂ မျိုးကို တောင်သူများအား မိတ်ဆက်ပေးခဲ့ကြသည်။[၄၁]IFDCသည်အပြိုင်အဆိုင် ဈေးကွက်ကို ဖန်တီးကာ လက်လီ အရောင်း လုပ်ငန်းများကို လုပ်ငန်းနှင့်ဝန်ဆောင်မှု ကောင်းမွန် စေရန် အားပေး ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် လက်လီ လုပ်ငန်းများ ဝင်ငွေတိုးလာကာ တောင်သူများလည်း ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှု အသစ်များကို လက်လှမ်းမီလာကြသည်။

IFDC သည် လုပ်ငန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကိုပါ ပါဝင်နိုင်ရန် ဆောင်ရွက်ပါသည်။ ၂၀၁၇ ခုနှစ် တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းပေါင်း ၂,၂၀၀ ကျော်တွင် စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်း ပါဝင်ခဲ့သည်။ ၂၀၁၆ ခုနှစ်ကထက် ၉၀ ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်သည်။ ပါဝင်သူ စိုက်ပျိုးရေးဝန်ထမ်း ၄၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။

တောင်သူများအတွက်နှုန်းနည်းရခြင်းမှာ သွင်းအားစုများ အရည်အသွေးအားနည်းခြင်းကြောင့် ဟု ထင်မြင်ယူဆကြသည်။၂၀၁၇ခုနှစ်တွင် IFDC က ကွင်းဆင်းလေ့လာခဲ့ပြီး ယင်းအမြင်မှာမှားယွင်းနေကြောင်း ပြသခဲ့သည်။ IFDC နှင့် လက်တွဲနေသော လက်လီ အရောင်းလုပ်ငန်းများ၏ ဓာတ်မြေဩဇာ များသည် မမှန်မကန် ပြထားသည့် အထောက် အထားများ မရှိကြောင်း၊ အပူချိန်များခြင်း၊ အစိုဓာတ်များခြင်း၊ လေဝင်လေထွက် မကောင်းခြင်း စသည့် သိုလှောင်မှု အားနည်းမှုများရှိခဲ့သော်လည်း မြေဩဇာစေ့များ အခြေပျက်ခြင်း အနည်းငယ်သာ ရှိကြောင်း တွေ့ရှိခဲ့သည်။ ဤတွေ့ရှိချက်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်၌ အမျိုးသား အဆင့် မြေဆီလွှာ အားကောင်းရေး နှင့် မြေဩဇာ ညီလာခံတွင် တင်ပြခဲ့သည်။ မြန်မာနိုင်ငံရှိ အခြားနေရာများတွင်လည်း မြေဩဇာ တန်ဖိုးမြှင့် ကွင်းဆက် နှင့် အရည်အသွေး ဆန်းစစ်ချက်ကို ဆောင်ရွက်ပေးရန် IFDC ကို တောင်းခံထားသည်။ MoALI ၏ မူဝါဒ အကြံပြုချက်များကို ပိုမို အထောက်အကူ ဖြစ်နိုင်ရန် ဖြစ်သည်။

၂၀၁၇ခုနှစ်တွင် Terre des Hommes (TdH) ၏ မြေမဲ့စိုက်ပျိုးရေး စီမံချက်ကို ၂၀၁၈ ဩဂုတ်လထိ တိုးချဲ့ခဲ့သည်။ မှန်လုံအိမ်ငယ်များကို အသုံးပြုကာ ပညာပေး နည်းသစ်တစ်ခုကို ရှေ့ပြေးစမ်းသပ်ရန် ဖြစ်သည်။ TdH က နည်းပညာသင်တန်းပေးမည်၊ အကျိုးခံစားရမည့်သူများက ဆောက်လုပ်ရေး စရိတ်ကို ကျခံရမည် ဖြစ်သည်။ ဤစီမံချက်သည် LIFT ၏ အခြား မိတ်ဖက်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ UN-Habitat နှင့် မြန်မာနိုင်ငံ လူမှုရေး ကျွမ်းကျင်ပညာရှင်များအသင်း (Myanmar Professional Social Workers Association, MPSWA)တို့က အာဟာရ၊ ရေနှင့်သန့်ရှင်းရေး

၄၀။ IFDCသည် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုက ဦးဆောင်သည့် နည်းနာဖြင့် ပုဂ္ဂလိကကဏ္ဍကို လုပ်ကိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်နေသည်။ လက်လီအရောင်းသမား ၅၅ဦးဖြင့်အတူ လုပ်ကိုင်နေရာ ရွာ ၆၀၀ကျော်မှ လယ်သမား ၃၀,၀၀၀ထံသို့ ဤစီမံချက် ရောက်ရှိသည်။

၄၁။ မိတ်ဆက်ပေးသော ထုတ်ကုန်သစ်များတွင် ရေအစက်ချကိရိယာ၊ လက်တွန်းလယ်ထွန်စက်၊ ရေဖျန်း ကိရိယာ၊ မြေဆီလွှာစမ်းသပ်ရေး ကိရိယာ၊ ချွေလှေ့စက်၊ မြေပဲအခွံခွာစက်၊ ပီအိတ်ချ်မီတာ၊ မျိုးသစ်များ၊ အော်ဂဲနစ် မြေဩဇာ၊ သီးနှံထုတ်လုပ်ရေး ကိရိယာများ ပါဝင်သည်။

လုပ်ငန်းများ အကောင်အထည်ဖော်နေသော ရွာများတွင် ကောင်းမွန်သော အာဟာရ နှင့် ပိုးသတ်ဆေး ကင်းစင်သော ဟင်းသီးဟင်းရွက်များ စားသုံးခြင်း၏ တန်ဖိုးတို့ကို လူထုက သိရှိလာကြသဖြင့် အခြားရွာများထက် မှန်လုံအိမ် နည်းပညာများကို မြန်ဆန်စွာ လက်ခံခဲ့ကြသည်။

## ငွေရေးကြေးရေးကို လက်လှမ်းမီမှု

အပူပိုင်းဇုန်တွင် LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့များသည် သီးနှံထွက် နှင့် ဝင်ငွေတိုးစေရန် တောင်သူများကို ထောက်ပံ့ကူညီခဲ့သည်။ LIFT ရန်ပုံငွေ ပံ့ပိုးသော MFI များသည် LIFT က နည်းပညာ အထောက်အကူပေးနေသည့် စိုက်ပျိုးရေး ကုမ္ပဏီများရှိသည့် မြို့နယ်တိုင်းတွင် တောင်သူများကို ချေးငွေ ထုတ်ပေးလျက်ရှိသည်။ MFI များက မြေတစ်ဧကကို ကျပ် ၁၄,၀၀၀၀ (ကန်ဒေါ်လာ ၁၀၃/ဧက) ထုတ်ပေးနေသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က စပါးမဟုတ်သော သီးနှံများအတွက် ကျပ် ၄၀,၀၀၀ (ကန်ဒေါ်လာ၃၀/ဧက)သာ ထုတ်ပေးနေသည်။ ယင်းသည် တောင်သူများ စိုက်စရိတ် လိုအပ်ချက်၏ တစိတ်တပိုင်းမျှသာ ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလထိ ငွေချေးသူ ၈၃,၈၀၀၀ ခန့်သည် ကန်ဒေါ်လာ ၂၇၃ သန်းခန့် ရှိသော ချေးငွေများကို ရရှိခဲ့ကြသည်။ ချေးငွေများ၏ ထက်ဝက်ကျော်ကို စိုက်ပျိုးရေး နှင့် မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံကြပြီး သုံးပုံတပုံကို စီးပွားရေး လုပ်ငန်းငယ်များတွင် ရင်းနှီးမြှုပ်နှံကြသည်။

အပူပိုင်းဇုန်တွင် လုပ်အားခ မြင့်တက်လာသဖြင့် တောင်သူများသည် စက်မှုအသွင်ပြောင်းလာကြသည်။ မီချီဂန်ပြည်နယ် တက္ကသိုလ်(MSU)က ၂၀၁၇ ခုနှစ်အတွင်း ကောက်ယူခဲ့သော အိမ်ထောင်စု စစ်တမ်းအရ ၂၀၁၂ နှင့် ၂၀၁၇ ခုနှစ်အတွင်း နေ့စဉ် လုပ်အားခသည် သုံးပုံတပုံ တက်သွားသည်။ သီးနှံ စိုက်ပျိုးရေးအတွက် စက်ကိရိယာများကို သုံးသော အိမ်ထောင်စုမှာလည်း ၂၀ မှ ၉၀ ရာခိုင်နှုန်းသို့ တက်သွားသည်။ စက်မှု အသွင်ပြောင်းခြင်းကို ဩဇာသက်ရောက်မှုတခုမှာ ငွေကြေးရလွယ်လာခြင်း ဖြစ်သည်။LIFT၏ စိုက်ပျိုး-စီးပွားရေး ငွေကြေး အစီအစဉ်(AFP)သည် စတင်သည့် ၂၀၁၆ ခုနှစ် မှပင် အလျင်အမြန် ကြီးပွားလာခဲ့သည်။ လုပ်ကွက်ငယ် တောင်သူများသို့ အကျိုးပြုပုံကို ကျေးရွာများတွင် အထင်အရှား မြင်ရသည်။ တောင်သူ ၆ ရာခိုင်နှုန်းကသာ သူတို့သုံးနေသော စက်များကို ပိုင်ကြသည်။ ကျေးရွာများရှိ စီးပွားရေးသမားများ က စက်ငှားသည့်လုပ်ငန်းကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နေကြသည်။ ယင်းတို့၏စက်များကို နေရာအနှံ့ ရွှေ့ပြောင်းကာ လုပ်ကွက်ငယ် တောင်သူများ စိုက်ချိန်အမီ ဝန်ဆောင်မှု ပေးနေကြသည်။ လုပ်ကွက်ကြီး များပင်လျှင် စက်သုံးစွဲမှု စုစုပေါင်း၏ ၈၀-ရာခိုင်နှုန်းခန့်အတွက် စက်ငှားသူများကို အားထားနေကြောင်း MSU၏ စစ်တမ်းက ပြသနေသည်။ စက်မှု အသွင်ပြောင်းခြင်းသည် တောင်သူများကို သီးနှံအထွက်တိုးစေသကဲ့သို့၊ လယ်ယာပြင်ပ အလုပ်အကိုင်လည်း တိုးတက်စေသည့်ပြင်၊ စက်ငှားသည့် လုပ်ငန်းကိုလည်း ဝင်ငွေ တိုးစေသည်။

AFP ချေးငွေတို့ကို ရေရှိရေးအတွက်လည်း အသုံးပြုနိုင်သည်။ သို့သော် ထိုသို့ ဆောင်ရွက်သည့် အရောင်းသမားကို မတွေ့ရသေးချေ။ ရွာများစွာ တွင် လုပ်ကွက်ငယ်တောင်သူများသည် လက်တွင်းများ တူးကာ မြောင်းများ ဖြင့် ဈေးကောင်းရသည့် ခရမ်းသီး၊ ကြက်ဟင်းခါးသီး၊ ရုံးပတီသီးစသည့် သီးနှံများကို စိုက်ပျိုးနေကြသည်။ ခေတ်မီစက်ကိရိယာများကို သုံးနိုင်ပါက ရေကို ပိုမိုထိရောက်စွာ သုံးနိုင်မည်၊

| | မြို့နယ် | ချေးငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ | အမျိုးသမီး ဦးရေ |
|---|---|---|---|---|
| Alliance Myanmar | ၂၂ | ၃၅,၁၃၉,၇၆၇ | ၁၄၈,၀၀၅ | ၁၂၂,၁၃၄ |
| Ar Yone Oo | ၁ | ၁,၅၃၂,၃၈၄ | ၈,၃၇၈ | ၈,၁၃၇ |
| Border Development Association | ၁ | ၁,၉၈၃,၅၇၂ | ၇,၅၃၃ | ၇,၅၂၆ |
| BRAC | ၉ | ၉,၁၆၀,၅၂၃ | ၅၀,၉၇၇ | ၅၀,၉၁၅ |
| CCA-Myingyan TSC | ၁ | ၉,၁၀၈,၅၁၁ | ၃၆,၀၁၉ | ၁၄,၀၂၀ |
| CCA-Natogyi TSC | ၁ | ၃,၇၁၀,၅၄၄ | ၁၆,၂၃၁ | ၅,၃၉၁ |
| Early Dawn | ၁ | ၁,၆၂၄,၂၉၉ | ၃,၉၈၂ | ၃,၉၈၂ |
| IFC-Fullerton Myanmar | ၆ | ၁၂,၄၁၄,၀၈၉ | ၂၉,၄၂၀ | ၂၆,၃၅၁ |
| Gret Microfinance (Dry Zone) | ၃ | ၁,၇၀၄,၀၄၉ | ၁၁,၃၇၀ | ၉,၁၇၃ |
| Myanmar Heart Development Organization | ၁ | ၁,၅၀၉,၅၅၇ | ၈,၃၇၅ | ၈,၁၃၇ |
| Pact Global Microfinance Fund (*) | ၂၄ | ၁၅၄,၁၀၇,၈၆၈ | ၃၅၁,၄၈၂ | ၃၄၈,၀၄၃ |
| Proximity Finance | ၂၃ | ၁၂,၄၆၁,၉၁၉ | ၄၇,၈၁၉ | ၂၈,၆၉၁ |
| SATHAPANA LIMITED | ၁၈ | ၁,၃၀၇,၈၆၈ | ၃၈,၅၅၅ | ၃၀,၆၈၀ |
| Social Vision Service | ၁ | ၁,၄၃၉,၇၁၂ | ၇,၇၄၇ | ၇,၆၇၁ |
| The Sun Institute | ၁ | ၁,၄၄၂,၆၉၇ | ၈,၁၁၂ | ၇,၉၇၀ |
| VisionFund Myanmar | ၁၅ | ၂၅,၀၂၂,၇၆၇ | ၆၄,၄၆၆ | ၅၅,၄၄၁ |
| စုစုပေါင်း | | ၂၇၃,၆၇၀,၁၂၄ | ၈၃၈,၄၉၁ | ၇၃၄,၄၄၃ |

▲ ဇယား ၃.၂
အပူပိုင်းဇုန်၌ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

လွှယ်လွှယ်ကူကူ ဖိဖိစီးစီး ထုတ်လုပ်နိုင်မည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် တောင်သူများကို MFIများက ငွေထုတ် ချေးနိုင်သော်လည်း ခေတ်မီရေရှိရေး နည်းပညာများကို ကျေးရွာများတွင် ကောင်းစွာ မသိကြသေးပေ။ ၂၀၁၇ခုနှစ် ပထမ နှစ်ဝက် တွင် JICAသည် အပူပိုင်းဇုန် ရေဖျန်းစနစ်နှင့်ပတ်သက်၍ LIFT၏ မိတ်ဖက် TdHထံသို့ လာရောက် ဆွေးနွေးခဲ့သည်။ ဖိဖိစီးစီးထုတ်လုပ်နိုင်မည့် နည်းနာအမျိုးမျိုးကို ယင်းတို့ ပူးပေါင်းကာ တောင်သူများကို ပေးနိုင်မည်။ နောက်တဆင့်မှာ LIFT၏ ရန်ပုံငွေပံ့ပိုးသည့် ဘီဘီစီ မီဒီယာအက်ရှင် စီမံချက်နှင့် ထိတွေ့ဆောင်ရွက်ကာ ယင်းနည်းပညာများကို မှတ်တမ်းရုပ်ရှင် ရိုက်ကူးပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန် တီဗွီအပါအဝင် မီဒီယာများမှ ထုတ်လွှင့်ရန် ဖြစ်ပါသည်။

မွေးမြူရေး ဝန်ဆောင်မှုများ ကောင်းမွန်ရေး

အပူပိုင်းဇုန်တွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)က ဆောင်ရွက်ခဲ့သည့် မွေးမြူရေး စီမံချက်၏ ပင်မ ဦးတည်ချက်သည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး မူဝါဒများကို အထောက်အကူပြုရန် ဖြစ်ပါသည်။ ယင်းမူဝါဒများအရ ပုဂ္ဂလိကကဏ္ဍ နှင့် ဈေးကွက်က လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ရန် နှင့် အစိုးရက သင့်လျော်သည့် အတိုင်းအတာ အထိသာ ကြီးကြပ်ရန် ဖြစ်သည်။ ထို့ကြောင့် ကျေးရွာကို အခြေခံသော ရပ်ရွာ တိရစ္ဆာန်ကျန်းမာရေးလုပ်သား (Community animal health worker, CAHW)တို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသည့် မူဝါဒ ထွက်ပေါ်လာသည်။ ယင်းတို့သည် သုံးစွဲသူက ကျခံရသည့်မူဖြင့် လုပ်ကွက်ငယ် မွေးမြူရေးလုပ်ငန်းများသို့ တိရစ္ဆာန် ဆေးကုသရေး ဝန်ဆောင်မှုကို ပေးကြမည် ဖြစ်သည်။ ထို့ကြောင့် လုပ်ကွက်ငယ်မွေးမြူရေးလုပ်ငန်းများက ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ရရှိမည်၊ တိရစ္ဆာန်များ ရောဂါကျရောက်မှု နှင့် အသေအပျောက်ဖြစ်ခြင်းများ နည်းပါးကာ ဝင်ငွေတိုးမည် ဖြစ်သည်။

ကုန်းတွင်းပိုင်း အရှေ့တောင်အာရှနိုင်ငံများတွင် ကောင်ရေအများဆုံးဖြစ်သည့် ကျွဲနွားအုပ်တို့သည် မြန်မာ့ ကျေးလက်ဒေသ လုပ်ကွက်ငယ် တောင်သူတို့ထံတွင် ရှိနေသည်။ ထို့ပြင် ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်တို့ရှိ တိုးချဲ့နေသော ဈေးကွက်များသို့ ကျွဲနွားအရှင်များ၊ အမဲသားများ ထောက်ပံ့ရန်လည်း အနေအထားသင့်သည်။ သို့သော် ၂၀၁၇ခုနှစ်နောက်ပိုင်းအထိ ကျွဲနွားထုတ်လုပ်မှုသည် တရားမဝင်ချေ။ မှောင်ခိုမှုလည်း များပြားသည်။ လုပ်ကွက်ငယ် တောင်သူတို့မှာလည်း ဤကုန်သွယ်မှုမှ အကျိုးအမြတ် များစွာ မရရှိကြပေ။ ဤကုန်သွယ်မှုမှ အကျိုးအမြတ် အများဆုံးရရှိမည့် မူဝါဒများ လုပ်ထုံးလုပ်နည်း များကို အစိုးရ၊ တောင်သူများ၊ ကုန်သည်များ စုပေါင်းပြုစုရာတွင် ဤစီမံချက်က ကူညီလျက်ရှိသည်။ တိရစ္ဆာန်ကောင်ရေ စာရင်းကို နိုင်ငံအဝန်းတွင် နောက်ဆုံး ကောက်ယူခဲ့သည်မှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဖြစ်သည်။ တိရစ္ဆာန် ကောင်ရေကို အတိအကျ မသိရသဖြင့် အစိုးရကလည်း မွေးမြူရေးဆိုင်ရာ မူဝါဒများကို မချမှတ်နိုင်ပေ။ ပုဂ္ဂလိက ကဏ္ဍကလည်း ရင်းနှီးရန် မစီမံနိုင်ပေ။ ၂၀၁၇ခုနှစ်တွင် FAOသည် အစိုးရ၏ ပန်ကြားချက်အရ အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကို ကောက်ယူရန် ရေးဆွဲခဲ့သည်။ ၂၀၁၈ခုနှစ်တွင် အစိုးရသည် ကန်ဒေါ်လာ၁သန်း အကုန်အကျခံကာ တိရစ္ဆာန် ကောင်ရေ စာရင်းကောက်ယူမည်ဖြစ်သည်။ စစ်တမ်း ကောက်ယူသူ ၂၀,၀၀၀ကျော်က အိမ်ထောင်စု ၁.၅-သန်းတွင် စာရင်းကောက်ယူမည် ဖြစ်ပြီး ဒေတာကို ၂၀၁၈ခု နှစ်လယ်တွင် ရရှိရန် မျှော်လင့်ပါသည်။

အာဟာရ

Save the Children သည် မြန်မာနိုင်ငံ သူနာပြု နှင့် သားဖွားအသင်း (Myanmar Nurse and Midwife Association, MNMA) နှင့်အတူ LEGACYစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသည် အပူပိုင်းဇုန်၏ ပင်မ အာဟာရစီမံချက် ဖြစ်ပြီး မြို့နယ် ၃ ခုရှိ ရွာပေါင်း ၃၃၈ ရွာတွင် စီမံချက် လုပ်ငန်းများ ဆောင်ရွက်နေသည်။ အဆိုပါ ဒေသရှိ အသက် နှစ်နှစ်အောက် ကလေး ၂၈ ရာခိုင်နှုန်းသည် ပုညှက်နေသည်။ ထိုကိန်းဂဏန်းကို လျှော့ချရန် ဤစီမံချက်သည် ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက် ကလေးမိခင်များကို လစဉ် ကျပ် ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၁)ကို ထောက်ပံ့ပေးပြီး အာဟာရဆိုင်ရာလူမှုရေး နှင့် အမူအကျင့်ပြောင်းလဲရေး ဆိုင်ရာ သတင်းစကား ပြောကြားမှုများ(SBCC) ကိုလည်း ဆောင်ရွက် ပါသည်။ အာဟာရဆိုင်ရာ SBCC၏ သက်ရောက်မှုကို သိရှိရန် တိုင်းတာမှုများကို ပြုလုပ်ခဲ့သည်။ ငွေကြေး ပံ့ပိုးခြင်း တစ်ခုတည်း၏ ရလဒ်နှင့် တစ်ခု မှ ဆောင်ရွက်ခြင်း မရှိသော ရလဒ်များ ကို နှိုင်းယှဉ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် အမျိုးသမီး ၈,၅၀၀ ကျော်သည့် လစဉ်ထောက်ပံ့ငွေများ ရရှိခဲ့သည်။ အမျိုးသမီး ၉၅ ရာခိုင်နှုန်းက ထိုငွေကို ကိုယ်တိုင်စီမံခန့်ခွဲကာ အစားအစာနှင့် ဆေးကုစရိတ်အတွက်သာ သုံးစွဲကြကြောင်း တင်ပြကြသည်။

Innovations for Poverty Action (IPA) သည် randomised control trial သုတေသနကို ဆောင်ရွက်ခဲ့သည်။ အာဟာရဆိုင်ရာ SBCC ကို ရရှိခဲ့သော ရွာများမှ မိခင်နှင့်ကလေးများ၏ အာဟာရသည် အထူးတိုးတက်လာကြောင်း တွေ့ရှိရသည်။ ငွေကြေးပံ့ပိုးမှု သက်သက်သာ ရရှိသော ရွာများတွင်လည်း အလားတူ ဖြစ်သည်။ သို့သော် SBCC ပြုလုပ်ပါက ပိုမို တိုးတက်သည်။ မွေးစကလေးဆိုင်ရာ အညွှန်းများအရ ကျန်းမာရေးဝန်ထမ်းထံသို့ အနည်းဆုံး တစ်ကြိမ် သွားဖူးသည့် မိခင်အရေအတွက် တိုးလာသည်။ မိခင်များအနေဖြင့် ငွေကြေးရော SBCCပါ လက်ခံရရှိသည့် ရွာများတွင်သာ ဤအပြောင်းအလဲကို တွေ့ရသည်။ ငွေကြေးရော SBCC ပါ လက်ခံရရှိသည့် မိခင် နှင့် ကလေးများသည် ငွေကြေးသက်သက်သာ ရရှိသူများထက်ပိုမို အမည်စုံသော အစားအစာများကို စားသောက်ကြသည်၊ ယင်း ငွေကြေးသက်သက်သာ ရရှိသူများသည်လည်း သုတေသနတွင် ပါဝင်သည့် အခြားရပ်ရွာအုပ်စုဝင်လူထုများထက်ပိုမိုအမည်စုံသော အစားအစာများကို စားသောက်ကြသည်ကို အစားအသောက် အမည်စုံမှုဆိုင်ရာ သုတေသနတွင် တွေ့ရှိရသည်။ စီမံချက်ပြင်ပက လူထုများထက် အကျိုးခံစားရသူများက အနိမ့်ဆုံးရှိသင့်သည့် အစားအစာ စားသည့်အကြိမ်၊ အနိမ့်ဆုံးရှိသင့်သည့် လက်ခံနိုင်ဖွယ် အစားအသောက် ၊ သံဓာတ်ကြွယ်ဝသည့် အစားအစာ စားသောက်မှု၊ မိခင်နို့ တိုက်ကျွေးမှု အားလုံးတို့တွင် သာလွန်သည်။

သရေစာ မုန့်ထုပ်များကို စားသုံးမှု တိုးလာကြောင်း IPA စစ်တမ်းနှင့် LIFT သက်တမ်းဝက် အကဲဖြတ်ချက်များအရ တွေ့ရသည်။ ယင်းမုန့်များ၏ အာဟာရတန်ဖိုးနည်းပါးမှု၊ ယင်းတို့အစား ကျန်းမာရေးနှင့် ညီညွတ်သည့် စားဖွယ်များအကြောင်းကို ၂၀၁၈ခုနှစ် SBCC သတင်းစကားများတွင် ထည့်သွင်းသွားမည် ဖြစ်သည်။

LIFT ၏ အပူပိုင်းဇုန် ဒုတိယ အာဟာရ MPSWA က အကောင်အထည်ဖော်လျက်ရှိသည်။ LEGACY စီမံချက်က မလွှမ်းခြုံသည့် မြို့နယ်

၃-ခုတွင် ဖြစ်သည်။ ဤစီမံချက်သည် ငွေကြေး ထောက်ပံ့ပေးခြင်းမျိုး မဟုတ်ပေ။ ကျေးရွာအခြေပြု အာဟာရပညာပေးအုပ်စုများကို ဖွဲ့စည်းကာ အာဟာရဆိုင်ရာ အသိအမြင်များကို ရပ်ရွာသို့ မျှဝေပေးသည့် ဆောင်ရွက်မှုဖြစ်ပါသည်။စီမံချက်မှ ပညာပေးမှုများ ရရှိသည့် အမျိုးသမီး အိမ်ထောင်စု များသည် အာဟာရဆိုင်ရာ အသိအမြင်များ တိုးတက်လာကာ ကောင်းမွန်သည့် အာဟာရနှင့် အစားအစာ သန့်ရှင်းမှု အလေ့အကျင့်များကို ကျင့်သုံး လာကြသည်။ ပညာပေး အုပ်စုများ၏ ၁၆-ရာခိုင်နှုန်းသည် အထူး ကောင်းမွန်စွာ လုပ်ငန်း ဆောင်ရွက်ခဲ့ကြရာ အသေးစား အာဟာရအထောက်အပံ့ စီမံချက်ရေး ဆွဲရန်အတွက် ၎င်းအုပ်စုများကို သင်တန်းများ ထပ်မံပေးခဲ့သည်။ ဤစီမံချက်၏ စခန်းသိမ်းမဟာဗျူဟာတွင် စေတနာ့ ဝန်ထမ်းအုပ်စုများက လုပ်ဆောင်ရန် ရှိသေးသည့် အလုပ်များကို ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေရန်လည်း ပါဝင်သည်။

MPSWA ၏ စီမံချက်ကာလလယ် သုံးသပ်ချက်တွင် ရပ်ရွာလူထုသည်တစ်နှစ်ပတ်လုံးအာဟာရပြည့်ဝသော အစားအစာများထုတ်လုပ်ပေးနိုင်သည့် ဟင်းသီး ဟင်းရွက် စိုက်ခင်းများမှ အကျိုးကျေးဇူးရရှိကြမည် ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် LIFTသည် UN-Habitat နှင့် MPSWA တို့က အာဟာရ နှင့် WASH လုပ်ငန်း အကောင်အထည်ဖော်နေသော ကျေးရွာများတွင်ပါ TdH ၏ မြေမဲ့စိုက်ပျိုးနည်းကို ဆောင်ရွက်စေခဲ့သည်။

ရေနှင့်သန့်ရှင်းရေး

၂၀၁၇ ခုနှစ် နှစ်ကုန်တွင် UN-Habitat သည် စီမံချက်ဝင် ကျေးရွာများ ရေရရှိရေးစနစ်များ၏ ၆၉ ရာခိုင်နှုန်းကိုပြီးစီးခဲ့ပြီဖြစ်သည်။ အိမ်ထောင်စု အများစုတွင် သောက်သုံးရေး၊ ချက်ပြုတ်ရေး နှင့် တကိုယ်ရည်သန့်ရှင်းရေးအတွက် ရေကောင်း ရေသန့် များရရှိသည့် ရေပိုက်ခေါင်းတစ်ခုစီ နှင့် ယင်လုံ ရေလောင်းအိမ်သာများရှိနေသည်။ လက်ဆေးမှုလည်း တိုးတက်လာပြီး ဝမ်းပျက်ဝမ်းလျှော ဖြစ်မှုလည်း နည်းပါးလာသည်၊ ရေခပ်ရသည့် အချိန်လည်း လျော့နည်းလာသည်။ စီမံချက်ကျေးရွာတိုင်းတွင် တောထိုင်ဓလေ့ဖြင့် အညစ်အကြေးစွန့်မှုကို လုံးဝ ပပျောက်စေရန်အတွက် ဤစီမံချက်က ကတိကဝတ်ပြု ထားသည်။တကိုယ်ရည် သန့်ရှင်းရေး အသိပညာပေး စေတနာ့ ဝန်ထမ်းများ၏ အထောက်အပံ့ဖြင့် အင်တိုက် အားတိုက် ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် တောထိုင် ဓလေ့ဖြင့် အညစ်အကြေးစွန့်မှုသည် ၃၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

လူမှုရေး ပင်စင်များ

၂၀၁၇ ခုနှစ်တွင် အဓိက အောင်မြင်မှုတစ်ခုမှာ တစ်နိုင်ငံလုံးတွင် အသက်၉၀နှစ်ကျော်သူများကို အစိုးရက လူမှုရေးပင်စင် စတင်ပေးခြင်းပင် ဖြစ်သည်။ အစိုးရက ထိုသို့ မစတင်မီ ၂၀၁၆ ခုနှစ်ကပင် LIFT၏ အထောက်အပံ့ဖြင့် HelpAge၏ စီမံချက်သည် အပူပိုင်းဇုန်တွင် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ခဲ့သည်။ ဤရှေ့ပြေးစီမံချက် နှင့် နေပြည်တော်တွင် LIFT၏ ရန်ပုံငွေပံ့ပိုးမှုဖြင့်ပင် HelpAge က ဆောင်ရွက်သည့် မူဝါဒပိုင်းဆိုင်ရာ စည်းရုံးဆွေးနွေး ဆောင်ရွက်မှု စီမံချက် တို့သည် ၂၀၁၇ ခုနှစ်တွင် အစိုးရ၏ နိုင်ငံအဝန်း သက်ကြီး လူမှုရေး ပင်စင်ကို ဖြစ်ပေါ်စေခဲ့သည်။ ဒေသခံ အာဏာပိုင်တို့ကလည်း လူမှုကာကွယ် စောင့်ရှောက်ရေးကို သင်ယူလိုကြသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(GAD) နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ငွေလွှဲပြောင်းမှုများ မှန်ကန်စေရန်အတွက် ပါဝင် ဆောင်ရွက်ခဲ့ကြသည်။ HelpAge သည် စီမံချက်ကျေးရွာများမှ အသက် ၈၅ နှစ်မှ ၉၀နှစ်တွင်းရှိသူ သက်ကြီးပုဂ္ဂိုလ် ၄၇၅ ဦးကို ဆက်လက် ထောက်ပံ့လျက်ရှိသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူ ၂,၀၀၀ ကျော်ကို နှစ်လ တစ်ကြိမ် စတင် ထောက်ပံ့နေသည်။

ရွှေ့ပြောင်းသွားလာမည့်သူများကို ထောက်ပံ့ခြင်း

LIFT ၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်ကို ၂၀၁၇ခုနှစ်တွင် စတင်ခဲ့သည်။ မကွေး နှင့် မန္တလေး အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုရှိ မြို့နယ် ၃၀မှ ရွာပေါင်း ၆၅၆ ရွာတို့ ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့အစည်း(International Organization for Migration, IOM)သည် ပခုက္ကူ နှင့် မြင်းခြံတို့ရှိ အစိုးရနည်းပညာ ကောလိပ်(Government Technical Colleage, GTC) တို့နှင့် ပူးပေါင်းကာ အခြေခံ အဆင့် သံဂဟေဆော်၊ လျှပ်စစ်ကြိုးဆက်၊ ဒီဇယ် စက်ပြင် သင်တန်းများကို ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းသား များ စုစည်းရာတွင် IOM ကို ဒေသခံ CSO မိတ်ဖက်အဖွဲ့အစည်းများက ကူညီခဲ့ကြသည်။ သင်တန်းသား ၁၄၅ ဦး သင်တန်းဆင်းခဲ့ပြီး သင်တန်းပြီးသည့်နှုန်းမှာ ၉၇ ရာခိုင်နှုန်း ဖြစ်သည်။ GTC နှင့် အစိုးရ နည်းပညာအထက်တန်းကျောင်း (Government Technical High School, THS) သင်တန်းဆင်းများသည် ပညာရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် ကျွမ်းကျင်မှု လက်မှတ်များ ရရှိခဲ့ကြသည်။

## ရှေ့ကို မျှော်ကြည့်လျှင်

စိုက်ပျိုးရေးပညာပေး စီမံချက်များကို သီးနှံ အထွက်တိုးစေရန် စတင်ခဲ့သော်လည်း ဆောင်ရွက်ရန် များစွာ ကျန်နေသေးသည်။ ရာသီဥတုနှင့် လိုက်လျော ညီထွေရှိသော ရေသွင်းနည်းစနစ်များကို တောင်သူများ လက်လှမ်း မမီသေးသရွေ့ ဆက်လက် စွန့်စား ဆောင်ရွက်နေကြရမည် ဖြစ်သည်။ဈေးနည်းသော သွင်းအားစုများ နည်းနည်းကိုသာ သုံးနေနိုင်ဦးမည် ဖြစ်ပြီး သီးနှံ အထွက်နှုန်းလည်း မကောင်းလှ၊ ဝင်ငွေလည်း မကောင်းလှဘဲ ရှိနေဦးမည် ဖြစ်သည်။ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက စိုက်ပျိုးရေကို လက်လှမ်းမီရမည်၊ ရေသွင်းစနစ်များသည်လည်း ရာသီဥတုနှင့် လိုက်လျောညီထွေရှိရမည် ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့်ရိက္ခာဖူလုံရေး အစီအစဉ် စသည့် လုပ်ဆောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှိနေသည်။ ဤသို့ ဆောင်ရွက်လျှင် အပူပိုင်းဇုန်မှ တောင်သူများ စီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်ရေးသို့ ‘တက်လှမ်း’ နိုင်စေမည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော ရေသွင်းနည်းစနစ်များကို စတင် သုံးစွဲနိုင်မည် ဖြစ်သည်။

အပူပိုင်းဇုန် မွေးမြူရေး ဖွံ့ဖြိုးရေးစီမံချက်သည် မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ တစ်ခုလုံးသို့ သက်ရောက်မှု ရှိသည်။ အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ဆောင်ရွက်မှုသည် မွေးမြူရေးလုပ်ငန်းအားလုံးကို အကျိုးပြုသည်။ပိုမိုထုတ်လုပ်ကာ အပြိုင်အဆိုင်ရှိသော ဈေးကွက်သို့ ဝင်ရောက်ရန် အားပေးလျက်ရှိသည်။ ကျေးရွာ တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ (Community animal health worker, CAHW) ဖြစ်ထွန်းလာမှု၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှု တို့ကို အခြေခံသည့် အစီအစဉ်အသစ်၊ စီမံချက် အသစ်များသည် ခိုင်လုံသော ဒေတာများ နှင့် တနိုင်ငံလုံးရှိ CAHW များ၏ ကျွမ်းကျင်မှု၊ တက်ကြွမှု တို့မှ အကျိုးခံစားရမည် ဖြစ်သည်။

ယင်းသည် နယ်စပ်ဒေသများတွင် မွေးမြူရေးကို ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများ ပွင့်လာကာ အသက်မွေးမှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ တိရစ္ဆာန်အစာနှင့် ပတ်သက်၍ ကျေးရွာအခြေပြုသာမက စီးပွားဖြစ် မွေးမြူရေးအတွက်ပါ လုပ်ဆောင်ရန် များစွာရှိနေသည်။ ထိုသို့ ဖြစ်ရန်မှာ သက်ဆိုင်ရာ နယ်စပ်ဒေသများတွင် အထူးသဖြင့် မွေးမြူရေးကုန်သွယ်မှုဆိုင်ရာ မူဝါဒ ဖြစ်ထွန်းမှုများဖြင့် တိုင်းနှင့်ပြည်နယ်အနှံ့ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

# ၃.၃ ရခိုင်ဒေသ



◀ ပုံ ၃.၅
၂၀၁၇ ခုနှစ် ရခိုင်ဒေသတွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ

## ခြုံငုံဖော်ပြချက်

၂၀၁၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ရခိုင်လူမျိုးများနှင့် မွတ်စ်လင်မ် ဘာသာဝင်တို့အကြား ပဋိပက္ခသည် နိုင်ငံတွင်း ပြောင်းရွှေ့ရသူ အမြောက်အမြားဖြစ်ပေါ်စေခဲ့သည်။ လူပေါင်း ၁၂၀,၀၀၀ ကျော်သည် ၂၀၁၂ခုနှစ် မှစ၍ ယာယီစခန်းများတွင် နေထိုင်ရဆဲဖြစ်သည်။ ယင်းစခန်းများသည် ရခိုင်ပြည်နယ်၏ မြို့တော် စစ်တွေ တဝိုက်တွင် တည်ရှိသည်။ ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခကြောင့် လူပေါင်း ၇၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ဝင်ပြေးသွားခဲ့ကြသည်။ ၂၀၁၇ ခုနှစ်ဩဂုတ်လတွင် မြန်မာအစိုးရက လုပ်ပိုင်ခွင့်ပေးထားသော ကိုဖီအာနန် ခေါင်းဆောင်သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုစီရင်ခံစာတွင် ပဋိပက္ခတားဆီးရေး၊ လူသားချင်းစာနာမှု အထောက်အကူ ပေးရေး၊ ရင်ကြားစေ့ရေး၊ အဖွဲ့အစည်း တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကြံပြုချက်များ ပါရှိသည်။ ဤအစီရင်ခံစာကို အစိုးရက လက်ခံခဲ့သည်။ သို့သော် အစီရင်ခံစာ ထွက်ရှိချိန်သည် လူအများအပြား မကြုံစဖူး ပြောင်းရွှေ့ခဲ့ရသော ပဋိပက္ခများ ထပ်မံဖြစ်ပွားလာမှုနှင့် တိုက်ဆိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ရခိုင်ဒေသမှ မွတ်စ်လင်မ် ၇၀၀,၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ဝင်ပြေးခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် နှင့် အခြား လူမျိုးစုဝင် ၂၇,၀၀၀ တို့လည်း ထွက်ပြေးခဲ့ကြရာ အများစုမှာ ပြန်လည်ပြောင်းရွှေ့လာနေကြပြီး ဖြစ်သည်။ ကုလသမဂ္ဂနှင့် INGO များအား မွတ်စ်လင်မ်များဘက်ကို လိုက်သည်ဟု ထင်မြင်ကာ အခြေအနေများ တင်းမာလျက် ရှိကြသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ရွာများတွင် မွတ်စ်လင်မ် ၂၀၀,၀၀၀ခန့်၊ စခန်းများတွင် ၁၂၀,၀၀၀ ခန့် ရှိနေသည်ဟု ခန့်မှန်းထားသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ဝင်ခွင့်ပိတ်ထား သောကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စ်လင်မ် ဦးရေကိုမူ အတည်မပြုနိုင်သေးပါ။ သို့သော် ၁၀၀,၀၀၀မှ ၁၂၀,၀၀၀ ခန့် အတွင်း ရှိမည်ဟု ခန့်မှန်းထားသည်။

ကိုဖီအာနန် ခေါင်းဆောင်သော ရခိုင်ပြည်နယ် အကြံပေး ကော်မရှင်၏ အစီရင်ခံစာတွင် လူထုတွင်း တင်းမာမှုဖြစ်စေသည့်အချက်များကို ဖော်ပြထားသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နယ်မြေတစ်ခု ဖြစ်သည်။ လူဦးရေ ၇၈ ရာခိုင်နှုန်းသည် တစ်နေ့လျှင် ကန်ဒေါ်လာ ၁.၂၅ အောက်သာ ဝင်ငွေရရှိကြသည်။[၄၂] ယူနီဆက်ဖ်၏ နောက်ဆုံးစစ်တမ်းအရ ရခိုင်ပြည်နယ်ရှိ ၅နှစ်အောက် ကလေးအားလုံး၏ ထက်ဝက်ခန့်သည် ပုည့်ကနေသည်ဟု သိရှိရသည်။[၄၃] အလုပ်လက်မဲ့နှုန်းမှာ ၁၀ရာခိုင်နှုန်းထက် ကျော်နေပြီး တနိုင်ငံလုံး၏ လုပ်အားထုတွင်လည်း အနည်းဆုံး ပါဝင်သည့် အနေထားဖြစ်သည်။ ၁၅နှစ်အထက် လူဦးရေ၏ ၅၉-ရာခိုင်နှုန်းသာ စီးပွားရေးတွင် ပါဝင်လုပ်ရှားနေကြသည်။ တစ်နိုင်ငံလုံးအနေထားတွင် ထိုအချိုးအစားမှာ ၆၇-ရာခိုင်နှုန်းရှိသည်။[၄၄] ရခိုင်ဒေသတွင် အညွှန်းများစွာ၌ အမျိုးသားအဆင့် ပျမ်းမျှအောက်တွင် ရောက်နေသည်။ လူသိမများသော ရခိုင်နှင့် ဗမာ ပဋိပက္ခသည်လည်း ပြည်နယ် ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေးကို ထိခိုက်နေသည်။ ရခိုင်လူထုသည် ငါးဖမ်းခြင်း၊ စိုက်ပျိုးရေး၊ ပျံကျအလုပ်တို့ဖြင့် အသက်မွေးကြပါသည်။ အသက်မွေးမှုများ၏ ၂၆ရာခိုင်နှုန်းက ပျံကျ/ဘောက် အလုပ်ဖြင့် အဓိက ဝင်ငွေရရှိကြကြောင်း တင်ပြသည်။[၄၅] လုပ်အား ရွှေ့ပြောင်း သွားလာရေးသည် ရခိုင်ပြည်နယ်၏ ကျေးလက်အသွင် ကူးပြောင်းရေးတွင် အဓိက တွန်းအားတစ်ခု ဖြစ်လာသည်။ LIFT၏ စီမံချက်များက ရွာများတွင် လူဝင်လူထွက် အမြဲမပြတ် ရှိနေကြောင်း ဖော်ပြကြသည်။[၄၆] အလုပ်လုပ်နိုင်သည့်အရွယ်များ ရွာများမှ ထွက်ခွာနေကြကြောင်း အချို့က ဆိုသည်။[၄၇] ထို့ပြင် နှစ်စဉ် ဘင်္ဂလား ပင်လယ်အော်မှ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ နေရာအနှံ့အပြားတွင် ရေကြီးခြင်း တို့ကလည်း ရခိုင်ပြည်နယ်ကို ရိုက်ခတ်လျက်ရှိသည်။

LIFT သည် နိုင်ငံတကာမှ ဖွံ့ဖြိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုက်အဝန်းနှင့် နီးကပ်စွာ ပေါင်းစပ် ညှိနှိုင်းလျက် ရခိုင်ပြည်နယ် အကြံပေးကော်မရှင် အစီရင်ခံစာပါ ရည်ရွယ် ချက်များကို လုပ်ဆောင်လျက်ရှိသည်။ကျန်နေ ခဲ့သော မွတ်စ်လင်မ်များ အပါအဝင် အထိခိုက်လွယ်ဆုံး သောသူများ၏ အလားအလာများ ကောင်းမွန်လာစေရန် ရခိုင်ဒေသရှိ များစွာသော ဖွံ့ဖြိုးရေး လိုအပ်ချက်များကို လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများက ဆက်လက် ဆောင်ရွက်ခွင့် ရှိသင့်ကြောင်း သုံးသပ်သူများ[၄၈] နှင့် နိုင်ငံတကာ အသိုက်အဝန်းက အကြံပြု သဘောတူကြသည်။

### ရခိုင်ဒေသ အစီအစဉ်

UNOPS နှင့် LIFT တို့၏ ရခိုင်ဒေသတွင် လွန်ခဲ့သော ငါးနှစ်အတွင်း ဆောင်ရွက်ချက်အများအပြားသည် ကိုဖီအာနန် ခေါင်းဆောင်သော ကော်မရှင်၏ အကြံပြုချက်များနှင့် ထပ်တူ ဖြစ်နေသည်။ LIFT ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များသည် ကိုဖီအာနန် ခေါင်းဆောင်သည့် အကြံပေး ကော်မရှင်၏ အကြံပြုချက်များနှင့် အညီဖြစ်ပြီး LIFT ရခိုင်ဒေသ အစီအစဉ်၏ ပင်မမဏ္ဍိုင်များလည်းဖြစ်ကြသည်။ ၎င်းဆောင်ရွက်ချက်များမှာ လူမှုတာဝန်ယူမှုရှိသော ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှု၊ လိုအပ်ချက် နှင့်အညီဖွင့်လှစ်သည့်အသက်မွေးမှုပညာ သင်တန်းများ၊ လယ်များကို ဆားငန်ရေမဝင်အောင် ကာကွယ်ကာသီးထွက်တိုးစေခြင်း၊ စက်မှုအသွင် ပြောင်းခြင်း၊ တိုးတက်ကောင်းမွန်သော နည်းပညာ အသုံးပြုခြင်း၊ ကျေးလက်ဒေသများတွင် ငွေကြေးကို လက်လှမ်းမီစေခြင်း တို့ဖြစ်ကြသည်။ စီမံချက် လုပ်ငန်းများကို ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၃ ခု၌ စတင်ခဲ့သည်။ LIFT ၏ အာဟာရ အစီအစဉ်သည် နိုင်ငံတဝန်းရှိ အာဟာရ အစီအစဉ်များအား အရေးပါသော အာဟာရဆိုင်ရာ အချက်အလက်များကို ပေးအပ်နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ စတင်ကာ LIFTသည် ရခိုင်ဒေသရှိ IDP စခန်းများ တွင် လူငယ်များကို အသက်မွေးမှုပညာ သင်တန်းများ ပေးကာ လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးမှု ကွာဟချက်ကို တံတားထိုးပေးခဲ့သည်။

LIFT သည် ပဋိပက္ခကို အလေးမူမှု၊ အားလုံးပါဝင်စေမှု ချဉ်းကပ်နည်းများဖြင့် အောက်တွင် ဖော်ပြထားသည့် တာဝန်အဆင့် ရလဒ်များကို အကောင်အထည်ဖော်လျက်ရှိသည်-

- မူဝါဒများနှင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှု တိုးတက်ကောင်းမွန်ခြင်း
- ကျေးလက်နေအိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း
- ကြံ့ကြံ့ခံနိုင်မှုရှိခြင်း
- အာဟာရတိုးတက်ကောင်းမွန်ခြင်း

LIFTသည် မိမိ၏ လုပ်ဆောင်ချက်များကို ပတ်သက် ဆက်နွယ်သူတိုင်း မြင်သာမှုရှိစေရန် အားထုတ်ဆောင်ရွက်ပါသည်။ LIFTသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းတိုင်းအတွက်

၄၂။ ကမ္ဘာ့ဘဏ်အုပ်စု၊ 'မြန်မာ၊ အသွင်ကူးပြောင်းရေးကာလအတွင်း ဆင်းရဲမှုကို အဆုံးသတ်ကာ ဝေမျှသည့် ကြွယ်ဝမှုကို တိုးပွားစေခြင်း' ၂၀၁၄။
၄၃။ ယူနီစက်ဖ်၊ 'ရခိုင်ပြည်နယ်၊ ကလေးများ၏ ဘဝချမ်းသာမှု လျှပ်တပြက်အမြင်'၊ ၂၀၁၃
၄၄။ ပြည်ထောင်စု မြန်မာနိုင်ငံ၊ လူဝင်မှု နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာန 'သန်းခေါင်စာရင်း အစီရင်ခံစာ၊ အတွဲ ၂၊ dop.gov.mm.၊ ၂၀၁၅မေလ၊ စာ ၂၉၊
၄၅။ LIFT နှင့် CARE International၊ 'တက်လမ်းရေရှည်တည်တံ့သည့် ရိက္ခာဖူလုံရေး နှင့် အသက်မွေးမှု အစီအစဉ်၊ အခြေခံမျဉ်း ဆန်းစစ်ချက်'၊ ၂၀၁၄ နိုဝင်ဘာလ၊
၄၆။ RC နှစ်လည်အစီရင်ခံစာ ၂၀၁၆
၄၇။ Save the Children နှစ်လည်အစီရင်ခံစာ ၂၀၁၆
၄၈။ မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှု ဖြစ်ရသည့်အကြောင်းရင်းများ နှင့် ယင်းတို့ကို ကိုင်တွယ်ရန် ရခိုင်ကော်မရှင်၏ အကြံပြုချက်များကို ဆောလျင်စွာ အရေးယူဆောင်ရွက်ရန် 'နိုင်ငံတကာ အခက်အခဲအုပ်စု' ၏ မကြာသေးမီက ပြောဆိုချက်ကို ရည်ညွှန်းသည်။ https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar- tips-new-crisis-after-rakhine-state-attacks.

| မိတ်ဖက်အဖွဲ့အစည်း | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| Save the Children | ပေါက်တော | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တကိုယ်ရည် သန့်ရှင်းရေး၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု |
| International Rescue Committee (IRC) | မင်းပြား၊ မြေပုံ | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တကိုယ်ရည် သန့်ရှင်းရေး၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု |
| CARE International | ကျောက်ဖြူ ၊ ပေါက်တော၊ မင်းပြား၊ မြေပုံ | တက်လမ်းအစီအစဉ်ကို စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်း |
| CARE International | ရသေ့တောင် | စားနပ်ရိက္ခာဖူလုံမှု၊ အသက်မွေးမှုလုပ်ငန်းများ |
| PGMF | ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ အမ်း | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ ငွေရေးကြေးရေး ပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| Wanlark | စစ်တွေ၊ ပုဏ္ဏားကျွန်း | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ ငွေရေးကြေးရေး ပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| DRC/NRC | စစ်တွေ၊ ပုဏ္ဏားကျွန်း | အသက်မွေးမှုပညာသင်တန်း |
| ILO | ကျောက်ဖြူ၊ စစ်တွေ၊ သံတွဲ | အသက်မွေးမှုပညာသင်တန်း |
| Mercy Corps, East-West Seed, Swisscontact | ရခိုင်ပြည်နယ်အလယ်ပိုင်း | ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများသို့ စိုက်ပျိုးရေးပညာပေးမှု |

◀ ဇယား ၃.၅
၂၀၁၇ ခုနှစ် ရခိုင်ဒေသရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ

ပံ့ပိုးဆောင်ရွက်နေရာ အချို့က ဝေဖန်ကြသည်။ သို့သော်လည်း LIFT ၏ လုပ်ဆောင်ချက်သည် အားလုံးကို ပါဝင်စေကြောင်း၊ အားလုံးကို အကျိုးပြုကြောင်း သိမြင်လာစေရန် ရခိုင်ပြည်နယ် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူထုတို့နှင့် ဆက်လက် ဆွေးနွေးကာ ဆောင်ရွက်သွားမည် ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ LIFT၏ မိတ်ဖက်အဖွဲ့များမှာ International Rescue Committee (IRC)၊ Save the Children၊ Oxfam၊ Better Life Organization၊ CARE၊ ဝံလက်၊ PGMF၊ Danish Refugee Council (DRC)၊ Nowegian Refugee Council (NRC) ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၊ ပုဂ္ဂလိက ကဏ္ဍအနေဖြင့် Mercy Crops၊ East-West Seed၊ Swisscontact တို့ကို ရခိုင်ဒေသတွင် ဖွံ့ဖြိုးရေးစီမံချက်များ ဆောင်ရွက်ရန် ရန်ပုံငွေ ပံ့ပိုးထားပါသည်။

## ၂၀၁၇ ခုနှစ်အတွင်း စိတ်ဝင်စားဖွယ်များ

### ရခိုင်ဒေသ လူသားချင်းစာနာမှု အခက်အခဲကို တုံ့ပြန်ခြင်း

၂၀၁၆ နှင့် ၂၀၁၇ခုနှစ်အတွင်း ပဋိပက္ခများကြောင့် လူအများပြောင်းရွှေ့မှုသည် ရခိုင်ဒေသ၏ ဒေသဆိုင်ရာ အနေအထားများ နှင့် LIFT၏ စီမံချက်လုပ်ငန်းများတွင် အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပဋိပက္ခများ ဖြစ်ပေါ်လာပြီးနောက် LIFT ရန်ပုံငွေ ဘုတ်အဖွဲ့သည် ချက်ချင်းပင် အရေးတယူ ဆောင်ရွက်ရာ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံး၏ လူသားချင်း စာနာမှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို မှျ ဖြစ်ပေါ်စေမည့်၊ ရေရှည်တည်ငြိမ်ရေး၊ အပြန်အလှန် မှီခိုရေး၊ သာယာဝပြောရေး နှင့် ဖွံ့ဖြိုး တိုးတက်ရေးကို ဖြစ်စေမည့် ပေါင်းစပ်ညှိနှိုင်းသည့် နည်းဖြင့်ဆောင်ရွက်မည့် စီမံချက်များအတွက် အဆိုပြုလွှာများကို ဖိတ်ခေါ်ခဲ့သည်။ အသက်မွေးမှု လုံခြုံရေး နှင့် အာဟာရတို့ကို လက်လှမ်းမီစေရန် ပဋိပက္ခကို အလေးမူတုံ့ပြန်ဆောင်ရွက်သော ချဉ်းကပ်နည်းဖြင့် ဆောင်ရွက်မည့် အဆိုပြုလွှာများကို LIFT က လက်ခံခဲ့သည်။ အဆိုပြုသူများသည် မြန်မာနိုင်ငံရှိ နိုင်ငံတကာ အသိုက်အဝန်းက လက်ခံထားသော ပေါင်းစပ်ညှိနှိုင်းကာ ဆီလျော်သည့် ချဉ်းကပ်မှု ဖြစ်စေမည့် ရခိုင်ဒေသအတွက် လုပ်ငန်း ဆောင်ရွက်ရေးမှုများကို လိုက်နာရန် သဘောတူရမည် ဖြစ်သည်။ အဖွဲ့အစည်း၂၃ ခုထံမှ စုစုပေါင်းကန်ဒေါ်လာ ၄၁သန်း အဆိုပြုထားသည့် အဆိုပြုလွှာများကို LIFTက လက်ခံရရှိခဲ့သည်။ အဆိုပြုသော အကြောင်းအရာများတွင် အသေးစား ငွေရေးကြေးရေး၊အာဟာရ၊ ကျွမ်းကျင်မှု၊ လယ်ယာ အခြေပြု အသက်မွေးမှု၊ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးတို့ ပါဝင်သည်။ စိန်ခေါ်မှုများ ရှိနေသော အခြေအနေ ရှိနေသော်လည်း ရခိုင် ဒေသရှိ ခံနိုင်ရည်မဲ့သော/ ထိခိုက်လွယ်သော သူများကို ထောက်ပံ့နိုင်မည့် စွမ်းရည်နှင့် ကြိုးပမ်း ဆောင်ရွက်နိုင်မှုတို့ အဖွဲ့အစည်း အများအပြား တွင် ရှိကြသည်။

မွတ်စ်လင်မ်တို့ အများစုနေကြသည့် ရခိုင် မြောက်ပိုင်းနယ်မြေမှ LIFT ၏ ဆောင်ရွက်ဆဲ လုပ်ငန်းအားလုံးသည် ၂၀၁၇ ခု ဩဂုတ်လ ၂၅ရက်မှ စတင်ကာ ရပ်တန့်ကန်သည်။ မွတ်စ်လင်မ်များ ထွက်ပြေးသွားသည့်အပြင် ဝင်ခွင့်လည်း မရရှိတော့ သဖြင့် LIFT သည် ရခိုင်ပြည်နယ်မြောက်ပိုင်း

*LIFT၏ ရခိုင်အစီအစဉ် မန်နေဂျာ ဒေါက်တာ ပပဝင်းသည် UNOPSက ကျွမ်းကျင်မှုဆိုင်ရာ နှစ်စဉ် ပေးအပ်သည့် တန်ဖိုးများ နှင့် မူများ ဆိုင်ရာဆုကို ရရှိခဲ့သည်။ ရခိုင်ဒေသ၏ ခက်ခဲ သော အခြေအနေတွင် တည်ကြည်မှု၊ ပညာရှင် ပီသမှု၊ မတူကွဲပြားခြင်းကို လေးစားမှု ဟူသော ကုလသမဂ္ဂ၏ တန်ဖိုးများ မြင့်မားစွာ ရှိသောကြောင့် အသိအမှတ်ပြုခြင်းပင် ဖြစ်သည်။*

နယ်မြေရှိ လုပ်ငန်းများကို ပြန်လည် စစ်ဆေးကာ သွားလာခွင့် ရှိသည့် ရခိုင်ပြန်နယ် အလယ်ပိုင်းမှ ထိခိုက်လွယ်ကြသော ဗုဒ္ဓဘာသာဝင်များ၊ မွတ်စ်လင်မ် များကို ထောက်ပံ့ရာတွင် ဆိုင်းထားသော ရန်ပုံငွေ များကို အသုံးပြုမည် ဖြစ်သည်။ LIFTသည် ရခိုင် ပြည်နယ်မြောက်ပိုင်း နယ်မြေ၏ အခြေအနေကို လေ့လာစောင့်ကြည့်နေမည် ဖြစ်သည်။ ဒေသအတွင်း သို့ ဝင်ခွင့်ရရှိလာပါက ကျန်နေသော ရပ်ရွာလူထု၏ လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် မည်သို့ ထိရောက်စွာ ကိုင်တွယ်နိုင်မည်တို့ကို လေ့လာစူးစမ်း မည့် အခြေအနေ သုံးသပ်လေ့လာသော အဖွဲ့ကို စေလွှတ် မည်ဖြစ်ပါသည်။

### LIFT၏ စီမံချက်များသို့ ရခိုင်မြောက်ပိုင်းနယ်မြေ ပဋိပက္ခများက သက်ရောက်မှု

LIFT၏ တာဝန်မှာ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသည့် လူမှုအသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်မှုနှင့် အသက်မွေးမှုတို့ကို အားဖြည့်ပေးရန် ဖြစ်သည်။ ဝေးလံသည့် နေရာမှ ဖြစ်စေ ပဋိပက္ခဒဏ်ခံ နေရာ များမှ ဖြစ်စေ အရောက်အပေါက် ခက်ခဲသည့်ဒေသ များမှ လူများကို ပါဝင်စေရမည်ဟု LIFTက သဘောပေါက် လက်ခံထားသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းမှ လွဲ၍ တိုင်းရင်းသား လူမျိုးစုနယ်မြေ အားလုံးသည် ပဋိပက္ခ၏ဒဏ်ကို တွေ့ကြုံနေကြ ရသည်။ ထိုဒေသများတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပါက မိတ်ဖက်အဖွဲ့များသည် နည်းလမ်း အမျိုးမျိုးကို အသုံးပြုရန် လိုအပ်ပါသည်။ မူလကပင် တင်းမာနေသော အခြေအနေတွင် စီမံချက်၏ ရည်မှန်းချက်များကိုသာ ဦးတည်ဆောင်ရွက်မည့်အစား မိမိကြောင့် မထိခိုက်စေသည့်၊ မရည်ရွယ်ပဲမကောင်း သော အကျိုးဆက်များ မဖြစ်စေသည့်၊ ပဋိပက္ခကို အလေးမူတုံ့ပြန်ဆောင်ရွက်သည့် နည်းဖြင့်လုပ်ငန်း ဆောင်ရွက်ရမည် ဖြစ်သည်။ နိုင်ငံတကာ အသိုက်အဝန်းသည် ရခိုင်မြောက်ပိုင်း နယ်မြေသို့ ဖွံ့ဖြိုးရေး အကူအညီအများစုကို ပေးခဲ့သည့် အတိတ်ကာလမှ သင်ယူစရာ များစွာရှိနေသည်။ ထိုဒေသများတွင် မွတ်စ်လင်မ်အများစု နေထိုင်ကြ သည်ဖြစ်ရာ ရခိုင် ဗုဒ္ဓဘာသာဝင်များက နာကြည်း စိတ်များ ဖြစ်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် မြန်မာ အစိုးရနှင့် ပဋိပက္ခ ဖြစ်နေသည့်အပြင် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုကို ခံစားနေရသော်လည်း ဖွံ့ဖြိုးရေး အစီအစဉ်များက ချန်လုပ်သွားသည်ဟု ခံစား နေကြရရှာသည်။ ထို့ကြောင့် နောင်အခါ လူသား ချင်းစာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရခိုင်ဒေသရှိ လိုအပ်နေသူ အားလုံး ပါဝင်စေရန် အရေးကြီးပါသည်။

လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာသာမက ဖွံ့ဖြိုးမှုလုပ်ငန်းများကိုပါ လုပ်ဆောင်ရန်မှာ ကုန်ကျ စရိတ် ကြီးမားပြီး ပြောင်းလဲစေသည့် အင်အားစုများနှင့် လိုက်လျောညီထွေ ဖြစ်ရန် လိုအပ်သည်ဖြစ်ရာ နှောင့်နှေးမှုများ အမြဲမပြတ်ရှိနေခဲ့သည်။အစီအစဉ်၏ ရည်မှန်းချက်များ သည် သင့်တင့်လျောက်ပတ်သည့် အနေထားတွင်ရှိရန် လိုအပ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးနိုင်သည်ကိုလည်း အသိအမှတ်ပြုလျက် စီမံ

ခန့်ခွဲထားရမည် ဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်း နယ်မြေ၏ အခြေအနေသည် ဤအချက်ကို LIFT အား ထင်ထင်ရှားရှား မီးမောင်းထိုး ပြခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ရသေ့တောင်မြို့နယ်၌ LIFT၏ စီမံချက်အသစ်သည် စတင်ခါစသာ ရှိသေးသည်။ ယင်းသည် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စ်လင်မ်များကိုပါ အသက်မွေးမှု အထောက်အပံ့များ ပံ့ပိုးပေးမည် ဖြစ်သည်။ ဆိတ်မွေးမြူရေး လုပ်ငန်းတစ်ခုကို ထူထောင်ပေးခဲ့သည်။ LIFT ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ရခိုင် ၉၀ ဦးနှင့် မွတ်စ်လင်မ် ၇၀ ဦးတို့က ဒေသဆိတ်မျိုးများကို ဝယ်ယူခဲ့ကြသည်။ ဤစီမံချက်အထောက်အပံ့ဖြင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်သော မွေးမြူရေးသင်တန်းကို ရခိုင် ၁၀၅ ဦးနှင့် မွတ်စ်လင်မ် ၉၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။ ဤစီမံချက်လုပ်ငန်းများတွင် အမျိုးသမီးပါဝင်နှုန်း မြင့်မားသည်။ ဩဂုတ်လ ပဋိပက္ခ နောက်ပိုင်းတွင် စီမံချက်လုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည်။ ၎င်းမတိုင်မီက ရသေ့တောင်မြို့နယ် လူဦးရေ၏သုံးပုံနှစ်ပုံမှာ ဗုဒ္ဓဘာသာဝင် နှင့် သုံးပုံတစ်ပုံမှာ မွတ်စ်လင်မ် ဖြစ်ခဲ့သည်။ ၂၀၁၇ ခုနှစ် စစ်ဆင်ရေးများ အတွင်း မွတ်စ်လင်မ်ရွာ ၂၈-ရွာအနက် ၂၃-ရွာ မှာ ဖျက်ဆီးခံခဲ့ရပြီး ရွာသားများလည်း ပြောင်းရွှေ့ခဲ့ကြရသည်။ မွတ်စ်လင်မ်ရွာ ၅ ရွာ ကျန်နေသေးသော်လည်း ကန့်သတ်ခံရမှုများရှိနေရာ တသီးတခြားဖြစ်နေပြီး ဖယ်ကျဉ်ထားသကဲ့သို့ ဖြစ်နေသည်။ ထိုနေရာများသို့ သွားခွင့်လည်း မရရှိသေးပေ။ သို့သော် ဘင်္ဂလားဒေ့ရှ်သို့ ဒုက္ခသည်များ ဆက်လက်ဝင်ရောက်နေသဖြင့် ရသေ့တောင်သည် ဗုဒ္ဓဘာသာဝင် အများစု ရှိသော မြို့နယ် ဖြစ်လာမည်ဖြစ်ပြီး မူလ လူဦးရေ ရောနှောမှုနှင့် ကွာခြားလာမည် ဖြစ်သည်။ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့သည် ရသေ့တောင် အခြေအနေကို အနီးကပ် စူးစမ်းလေ့လာကာ ခုနစ်လ ဆိုင်းထားပြီး နောက်မှ ဆိုင်းငံ့နေသော ရန်ပုံငွေများဖြင့် ရခိုင်ပြည်နယ် အလယ်ပိုင်း နှင့် ယာယီစခန်းများရှိ ထိခိုက်လွယ်သော ဗုဒ္ဓဘာသာဝင် နှင့် မွတ်စ်လင်မ်များကို ပံ့ပိုးမှုများပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ရခိုင်မြောက်ပိုင်းနယ်မြေများတွင် LIFTသည် အသက်မွေးမှုပညာ သင်တန်းများကို စတင်ခဲ့သည်။ ယင်းနယ်မြေမှ လူငယ်များသည် သွားလာမှု ကန့်သတ်ချက်များနှင့် အသိအမှတ်ပြုလက်မှတ်များ မရှိခြင်းကြောင့် အစိုးရ အသက်မွေးမှု ပညာ သင်တန်းများကို တက်ရောက်နိုင်ခြင်း မရှိကြပေ။ ၂၀၁၆ခုနှစ် အောက်တိုဘာလ ပဋိပက္ခများကြောင့် ဤစီမံချက် လုပ်ငန်းမှာ မစတင်နိုင်ခဲ့ပေ။ ၂၀၁၇ ခုနှစ် မတ်လမှသာ မြန်မာ အစိုးရက စီမံချက် လုပ်ငန်း စတင်ရန် ခွင့်ပြုခဲ့သည်။ ထို့ကြောင့် အလျင်အမြန် အကောင်အထည်ဖော်ခဲ့ပြီး ပထမအသုတ်သည် ၂၀၁၇ ဇွန်လမတိုင်မီတွင် သင်တန်းဆင်းခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပဋိပက္ခများထပ်မံဖြစ်ပွားလာသဖြင့် ရပ်တန့်ခဲ့ရပြန်သည်။ ရသေ့တောင်မှာ ကဲ့သို့ပင် ဤစီမံချက်ကို LIFT က ဒီဇိုင်းပြန်လည် ရေးဆွဲလျက်ရှိသည်။ ဆိုင်းနေသော ရန်ပုံငွေများဖြင့် လက်လှမ်းမီသည့် နယ်မြေဒေသများရှိ ထိခိုက်လွယ်သော ဗုဒ္ဓဘာသာဝင် နှင့် မွတ်စ်လင်မ်များကို ပံ့ပိုးမှုများ ပေးအပ်သွားမည် ဖြစ်သည်။

## ရခိုင်ဒေသမှ ပဋိပက္ခဒဏ်များစွာ မခံရသော နယ်မြေဒေသများတွင် LIFT က စီမံချက်များ ဆောင်ရွက်ပေးလျက် ရှိသည်။

LIFT ၏ ရခိုင်ဒေသ အစီအစဉ်အများစု တည်ရှိသည့် ရခိုင်ပြန်နယ် အလယ်ပိုင်း နှင့် တောင်ပိုင်း ဒေသများရှိ LIFT စီမံချက်အများစုမှာ အဟန့်အတား ကြီးကြီးမားမားမရှိပဲ ၂၀၁၇ ခုနှစ် တစ်နှစ်လုံး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ခိုင်မာသည့်ရလဒ်များကို ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု လုပ်ငန်းနှင့် တက်လှမ်းအစီအစဉ် တို့တွင် ရရှိခဲ့သည်။ တက်လမ်းအစီအစဉ်ကို ၂၀၁၃ ခုနှစ်၌ စတင်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့်တွင် ရောက်ရှိနေပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးမည် ဖြစ်သည်။ တက်လမ်း အစီအစဉ်သည် ရေရှည်ရိက္ခာ ဖူလုံရေး နှင့် အသက်မွေးမှု အစီအစဉ်ဖြစ်ကာ ဝေးလံခေါင်ဖျားသည့် နေရာများရှိ ပတ်ဝန်းကျင်အနေထားအရ ထိခိုက်လွယ်ပြီး ဆင်းရဲနွမ်းပါးသည့် ကျေးရွာပေါင်း ၂၅၉ ရွာ တွင် ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးရန် ကတိကဝတ်ပြုထားသည်။ အဆိုပါဒေသများမှ ရပ်ရွာလူထုတို့၏ လက်ရှိအသက်မွေးမှုကို အားဖြည့်ပေးခြင်းဖြင့် သဘာဝဘေးများ၊ ရာသီဥတု အပြောင်းအလဲနှင့် ခက်ခဲကြပ်တည်းသော အခြေအနေများကို ရပ်ရွာများက ကြံ့ကြံ့ခံနိုင်လာရန် LIFT၏ လုပ်ငန်းများက အားဖြည့်ပံ့ပိုးပေးမည် ဖြစ်ပါသည်။LIFT၏ ရခိုင်ဒေသ အစီအစဉ်တွင် အသစ်ပါဝင်လာသည်မှာ နည်းပညာနှင့် အသက်မွေးမှုပညာသင်တန်းများပင် ဖြစ်သည်။ ၎င်းသင်တန်းများသည် ရခိုင်ဒေသနှင့် မြန်မာနိုင်ငံအတွင်းရှိ ကုန်ထုတ်နိုင်စွမ်း ပိုမိုအားကောင်းသော ကဏ္ဍများသို့ 'ထွက်ခွာ' နိုင်ရေးကို ထောက်ပံ့ရန် ဟူသော LIFT၏ မဟာဗျူဟာနှင့် ကိုက်ညီလျက်ရှိပါသည်။

## ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေး နှင့် နည်းပညာအသစ်များဖြင့် ဝင်ငွေကောင်းမွန်ခြင်း

နှစ်စဉ်ပင် LIFT၏ စီမံချက် မြို့နယ်များသည် ကြမ်းတမ်းသည့် မုန်တိုင်းများ၊ အားကောင်းသည့် လှိုင်းလုံးကြီးများ၊ ပြင်းထန်သည့် ဒီရေများ၏ဒဏ် နှင့် မိုးသည်းထန်မှုများကြောင့် မြေပြန့်လွင်ပြင်များတွင် ရေကြီး ရေလျှံမှုများနှင့် ရင်ဆိုင်ကြရသည်။ သဘာဝဘေးများသည် ပို၍ များပြားလာပြီး ခန့်မှန်း ၍လည်း မရနိုင်ကြောင်း၊ ၎င်းတို့၏အသက်မွေးမှုကို ထပ်လောင်း ထိခိုက်ကြောင်း ရွာသားများက ပြောကြသည်။ LIFT၏ စီမံချက်များသည် ထိခိုက် လွယ်သော ရွာပေါင်း ၂၅၉ ရွာတွင် ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးရန်အတွက် လယ်မြေ၃၃,၂၀၄ ဧကကို ကာကွယ်ပေးမည့် တာရိုး အရှည် ၂၆၀ ကီလိုမီတာကို တည်ဆောက်ခဲ့ကာ ရေနစ်ဒဏ်နှင့် ဆားငန်ဒဏ်ခံ အထွက်ကောင်း စပါးမျိုးသစ်များကို မျိုးပွားခြင်းအပါအဝင် ခေတ်မီ စိုက်ပျိုးနည်းအသစ်များကို သင်တန်းများ ပေးခဲ့ကြသည်။ တာရိုးအရှည်၂၆၀ ကီလိုမီတာ၏ ထက်ဝက်ကို ၂၀၁၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ မင်းပြားနှင့် မြေပုံမြို့နယ်များတွင် ခေတ်မီ စိုက်ပျိုးနည်း သစ်သင်တန်းများ တက်ရောက်ခဲ့ကြသော တောင်သူ ၇၇ ရာခိုင်နှုန်းကျော်သည် တက်လမ်းအစီအစဉ်ထံမှ တတ်မြောက်ခဲ့သည့် စိုက်ပျိုးနည်းတစ်ခု၊နှစ်ခုကို သုံးစွဲနေကြကြောင်း ဖော်ပြကြသည်။ ထိုရလဒ် အတွက် ကန်ဒေါ်လာ ၅.၂သန်းကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ပျမ်းမျှအားဖြင့် ရခိုင်တောင်သူ တစ်ယောက်သည် လယ်မြေ သုံးဧကမှ ငါးဧကကို ပိုင်ဆိုင်သည်။ ထို့ကြောင့် ကာကွယ်ထားသော ဧရိယာသည် အိမ်ထောင်စု ၆,၆၀၀ မှ ၁၁,၀၀၀ ကို အကျိုးပြုသည်။ ၎င်းတောင်သူတို့သည် တစ်ဧကလျှင် ဝင်ငွေ ကန်ဒေါ်လာ ၁၀၀ မှ ၃၀၀ ထိ ရရှိကြသည်။ ဧကပေါင်း ၃၂,၈၉၀ အတွက် ရခိုင်ကျေးရွာများ၏ ပျမ်းမျှ ဝင်ငွေတိုးမှုမှာ ကန်ဒေါ်လာ ၆.၆သန်း ဖြစ်သည်။ တာရိုးများမှာ ၁၀ နှစ်ထိ တာရှည်ခံသဖြင့် ငွေကြေးကုန်ကျရကျိုး နပ်လှသည်။ လိုအပ်ချက်အရ တာရိုး တည်ဆောက်သည့် လုပ်ငန်းတွင်ဆည်မြောင်း

ဦးစီးဌာနနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်များလည်း ရယူခဲ့သည်။

တာရိုးတည်ဆောက်ရာတွင် ငွေနှင့်လုပ်အားဖလှယ်သော အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်။ လုပ်သား ၃၇,၀၀၀ ကျော်ကို အလုပ်ပေးနိုင်ခဲ့ရာ ၅၅ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသည်။ အလုပ်ချင်း တူလျှင် အမျိုးသမီးများက လုပ်အားခလျော့နည်းပြီး ရရှိသည့် အသိုက်အဝန်းတွင် ဤအလုပ်အတွက် ကျား/မ မခွဲခြားဘဲ လုပ်အားခတူညီစွာ ရခဲ့ကြသည်။ ကျေးရွာများတွင် အလုပ်ရှာရခက်သည့်အချိန်၌ ငွေနှင့် လုပ်အား ဖလှယ်သောအစီအစဉ်သည် အဖိုးတန်သောဝင်ငွေကို ရခိုင်ကျေးရွာသားများအား ပေးအပ်နိုင်ခဲ့သည်။

## ထွက်ခွာ။ ရခိုင် နှင့် မွတ်စ်လင်မ် လူငယ်များအတွက် အသက်မွေးမှု သင်တန်း

၂၀၁၆ ခုနှစ်တွင် LIFT သည် ရခိုင်ပြည်နယ်အတွက် မဟာဗျူဟာကို တိုးချဲ့ခဲ့သည်။ စိုက်ပျိုးရေးမှ 'ထွက်ခွာ'ရန် ရည်ရွယ်သည့် သူများကို အသက်မွေးမှုပညာ သင်တန်း အစီအစဉ်များဖြင့် ထောက်ပံ့ရန်ဖြစ်သည်။ ခရီးဝေးသောကြောင့်ဖြစ်စေ၊ သွားလာမှု ကန့်သတ်ခံထားရသောကြောင့် ဖြစ်စေ အစိုးရကျောင်းများသို့ လက်လှမ်းမမီသူများကို အသက်မွေးမှုပညာ သင်တန်းများပေးရန် LIFTက ရည်ရွယ်ထားသည်။ စစ်တွေမြို့နယ်ရှိ ယာယီစခန်း ၄-ခုတွင် အသက်မွေးမှုပညာ သင်တန်းများပေးခဲ့ရာ ရလဒ်ကောင်းများ ရရှိခဲ့သည်။ လူငယ်ပညာပေးစင်တာနှစ်ခုကို ဆေးသမားကြီး နှင့် မိုးသီးဉာစခန်းများ တွင် ဖွင့်လှစ်ခဲ့သည်။ စခန်းများ၏ စျေးကွက်အခြေအနေကို လေ့လာဆန်းစစ်ချက်အရ ပန်းရံ၊ အစားအစာများ တာရှည်ခံအောင်ထုတ်လုပ်ခြင်း၊ စက်ကိရိယာအငယ်စား ပြုပြင်ထိန်းသိမ်းရေး၊ လက်သမား၊ ဇာထိုးပန်းထိုးကျွမ်းကျင်မှုများကို လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ သင်တန်းများဖွင့်လှစ်နိုင်ရန် ၂၀၁၆ ခုနှစ် တစ်နှစ်လုံးနီးပါး ကြိုးပမ်းခဲ့ရပြီးနောက် ၂၀၁၇ နှစ်ကုန်တွင် ကျွမ်းကျင်မှု ရက်တိုသင်တန်းများမှ သင်တန်းသား ၁,၆၄၇ ဦး သင်တန်းဆင်းခဲ့သည်။ ယာယီစခန်းမှ လူငယ်များသည် ခက်ခဲကြပ်တည်းသည့် အခြေအနေများနှင့် တွေ့ကြုံခဲ့ရသော်လည်း ဤသင်တန်းက အထောက်အကူ ပေးနိုင်ခဲ့သည်။ ထို့ပြင် အချိန်ပြည့် အသက်မွေးမှု ပညသင်တန်း အစီအစဉ်တခုကို မည်သို့ ဆောင်ရွက်ရမည်ကိုပါ လမ်းညွှန်နိုင်ခဲ့သည်။ ရွေ့လျား အသက်မွေးမှု အတတ်ပညာ သင်တန်းမှ လူငယ် ၄၁၀ ဦး သင်တန်းဆင်းခဲ့ရာ ထက်ဝက်မှာ အမျိုးသမီးဖြစ်သည်။ သင်တန်းများ တက်လိုကြောင်း၊ လုပ်ငန်းများ ထူထောင်လိုကြကြောင်း မွတ်စ်လင်မ်အမျိုးသမီးများက ပို၍ပြောပြကြသည်။ အချို့ စခန်းများက ကျား/မရောနှောအတန်းများကို လက်ခံသော်လည်း အချို့စခန်းများကမူ ခွဲခြား၍ ဖွင့်ရန် တောင်းဆို ကြသည်။

ယာယီစခန်းမှ အသက်မွေးမှု အတတ်ပညာသင်တန်းများ၏ အရည်အသွေးကို ပိုမို ကောင်းမွန်စေရန် ကြိုးကြပ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း LIFT ၏ ကွင်းဆင်းလေ့လာချက်တွင် တွေ့ရှိခဲ့သည်။ ပဋိပက္ခဒဏ်ခံရသူများနှင့် စီမံချက်အကောင်အထည်ဖော်ပါက များစွာညှိနှိုင်းရန် လိုအပ်ပါသည်။ ယာယီစခန်းများမှ လူများကို စည်းရုံးကာ နည်းပြများအဖြစ် သင်တန်းပေးရန် LIFT က ဆုံးဖြတ်ခဲ့ရသည်။ ယင်းစခန်းများတွင် အလုပ်လုပ် လိုသော ဗုဒ္ဓဘာသာဝင် နည်းပြများသည် စခန်းများသို့ ဝင်ခွင့်ရရန် အခက်အခဲ များရှိသည်၊ အထူးသဖြင့် ပဋိပက္ခများ ဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် ဖြစ်သည်၊ ဘာသာစကား အခက်အခဲများကြောင့်

| | မြို့နယ် | ချေးငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ | အမျိုးသမီး ဦးရေ |
|---|---|---|---|---|
| Pact Global Microfinance Fund | ၈ | ၁၀,၄၇၄,၄၅၃ | ၅၅,၇၈၃ | ၅၅,၇၈၃ |
| Wan Lark | ၁ | ၁,၂၃၁,၂၉၉ | ၇,၁၅၆ | ၆,၉၁၅ |
| စုစုပေါင်း | | ၁၁,၇၀၅,၇၅၁ | ၆၂,၉၃၉ | ၆၂,၆၉၈ |

▲ ဇယား ၃.၆
ရခိုင်ပြည်နယ်
ငွေကြေးဆိုင်ရာတွင်
အားလုံးပါဝင်စေမှု

IDP စခန်းများကလည်း လက်မခံလိုကြ၍ သော်လည်းကောင်း၊ မွတ်စ်လင်မ်များနှင့် အလုပ် လုပ်နေသဖြင့် ၎င်းတို့၏ အသိုက်အဝန်းများက အမြင်မကြည်မှုကိုလည်း ခံရခြင်းများကြောင့်သော် လည်းကောင်း စခန်းများသို့ ဝင်ခွင့်ရရန် ခက်ခဲ ခဲ့ကြသည်။ သင်တန်းများကို စခန်းအတွင်းတွင် တည်ဆောက်ပါက အကျိုးရှိသော်လည်း အကန့် အသတ်များလည်း ရှိနေပါသည်။ အဆင့်မီ ပစ္စည်းများ၊ သင်ထောက်ကူ ကိရိယာများ နှင့် လျှပ်စစ်မီးများ မရှိပေ။ သင်တန်းပေးရာတွင် လိုအပ် သည့် ပြုပြင်မှုများကို စီမံချက်သို့ အကြံပေး ခဲ့သည်။ အရည်အသွေး ထိန်းချုပ်ရေးအတွက် ပြင်ပမှ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့် အစီအစဉ် တရပ်ကို ဤစီမံချက်က ရှာဖွေလျက်ရှိသည်။

LIFT သည် ရခိုင်ဒေသရှိ အစိုးရ နည်းပညာနှင့် အသက်မွေးမှု အတတ်သင်တန်း (technical and vocational education and training, TVET) များကို အားဖြည့်ပေးရန်လည်း ရည်ရွယ်ထားပါသည်။ ယခုလက်ရှိနှင့် နောင် အလုပ်ရှင်များ၏ လိုအပ်ချက်ကို ပြည့်မီစေရန် TVET ကျောင်းများကို မည်သို့ အသွင်ပြောင်းနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုသည် ရခိုင်ဒေသရှိ ပြည်သူများ အားလုံးကို ပါဝင်စေမည် ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရသို့ အကြံပြုမည် ဖြစ်ပါသည်။ဤရည်မှန်းချက်များကို ၂၀၁၇ နှစ်ကုန်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။

## ချေးငွေ နှင့် စုဆောင်းငွေ လက်လှမ်းမီခြင်း

LIFT သည် ၂၀၁၃ ခုနှစ်မှစတင်၍ ရခိုင်ဒေသမှ ကျေးရွာငွေစုငွေချေးအသင်း (village savings and loan associations, VSLA)များကို ထောက်ပံ့လာခဲ့သည်။ LIFT ၏ပံ့ပိုးမှုဖြင့် ကျေးရွာပေါင်း ၂၀၃ ရွာတွင် VSLA ၃၇၁ သင်းကို ထူထောင်ရန် ထောက်ပံ့နိုင်ခဲ့သဖြင့် ကန်ဒေါ်လာ ၂.၃သန်းကို စုဆောင်းနိုင်ခဲ့ပြီး ကန်ဒေါ်လာ၂.၃သန်းကို ထုတ်ချေး နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ၇၈ သင်းကို ထပ်မံ ဖွဲ့စည်းခဲ့သည်။ ပြန်ဆပ်ငွေမှာ ၈၇ ရာခိုင်နှုန်းရှိပြီး အသင်းဝင် ၈၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ ငွေရေးကြေးရေး ပညာပေးခြင်းသည်လည်း VSLA အစီအစဉ်တွင် ဦးစားပေးတစ်ခုအဖြစ် ပါဝင်ပါသည်။ ကလေးများနှင့် လူငယ်များအတွက် ရုပ်ပြဝတ္ထု နှင့် ဇာတ်လမ်းစာအုပ်များကို သီးခြား ပြုစုထုတ်ဝေကာ ပညာပေးဆောင်ရွက်ခဲ့သည်။

LIFTသည် PGMF နှင့် ရခိုင် အခြေပြု အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ဝံလက်တို့ကိုလည်း ထောက်ပံ့ခဲ့သည်။ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများသည့် ကျေးရွာ ၁,၉၁၇ မှ အိမ်ထောင်စု ၅၉,၀၀၀ထံသို့ ရောက်ရှိခဲ့သည်။ ၂၀၁၆ နှစ်ကုန်တွင် ရောက်ရှိခဲ့သည့် ၄၆၂ ရွာ၊ အိမ်ထောင်စု ၃၄,၀၆၂ ထက် အရေအတွက် မြင့်မားလာခြင်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၁၀.၄ သန်းကို ထုတ်ချေးခဲ့သည်။ ၂၀၁၆ခုနှစ်တွင် ကန်ဒေါ်လာ ၄.၅သန်းကိုသာ ထုတ်ချေးခဲ့သည်။ ငွေချေးသူ ၉၈-ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ချေးငွေရရှိသူ ၉၂ ရာခိုင်နှုန်းက ချေးငွေကို စီးပွားရေး လုပ်ငန်းငယ်များ စတင်ထူထောင်ရန် သို့မဟုတ် မြှင့်တင်ရန်တွင် အသုံးပြုမည်ဟု တင်ပြကြသည်။

၂၀၁၇ ဒီဇင်ဘာတွင် ငွေစု၊ငွေချေးသူ ၆၃,၀၀၀ ခန့်က ချေးငွေ ကန်ဒေါ်လာ ၁၂ သန်းခန့်ကို ရရှိခဲ့သည်။

## တိုးတက်ကောင်းမွန်သည့် အာဟာရ

တက်လမ်း၏ အာဟာရ အစီအစဉ်ကို အပြည့်အဝ စတင်လိုက်ရာ ၂၀၁၇ ခုနှစ်အတွင်း အလွန် အောင်မြင်ခဲ့ပါသည်။ မင်းပြားနှင့်မြေပုံ မြို့နယ်မြို့ နှင့် ရွာပေါင်း ၁၀၂ ရွာကို ထပ်မံ လွှမ်းခြုံနိုင်ခဲ့သည်။ ယနေ့အထိဆိုလျှင် ရခိုင်ဒေသမှ မိခင် ၁၀,၇၄၃ ကျော်သည် မိခင်နှင့်ကလေးများအား ပံ့ပိုးသည့် ထောက်ပံ့ငွေ (maternal and child cash transfers, MCCT) ကျပ် ၁၃,၀၀၀ (ကန်ဒေါ်လာ ၉.၅၀) ကို လစဉ် ရရှိခဲ့ကြသည်။ အဆိုပါ ပံ့ပိုးငွေများကို ကျန်းမာရေးစောင့်ရှောက်မှု၊ မိမိတို့ကိုယ်တိုင်နှင့် ကလေးများ စားသုံးမည့် အာဟာရပြည့်ဝသော အစားအစာများအတွက် အသုံးပြုရန် ဖြစ်ပါသည်။ ပံ့ပိုးမှုရရှိကြသည့် မိခင်အများစုမှာ ၂၀၁၇ ခုနှစ်တွင် စီမံချက် လုပ်ငန်းတိုးချဲ့လိုက်မှ MCCT ထောက်ပံ့ငွေများ ရရှိလာကြသည်။ ကိုယ်ဝန်ဆောင် နှင့် နှစ်နှစ်အောက် ကလေးမိခင် ၂၈,၀၀၀ ကျော်သည် ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးဖွားပြီးနောက်ကျင့်သုံး သင့်သည့် အာဟာရပြည့်ဝသော စားသောက်မှု အလေ့အကျင့်များအကြောင်း အသိပညာပေးမှု များ ကို လက်ခံရရှိခဲ့ကြသည်။ မွေးစမှ ခြောက်လအထိ မိခင်နို့သက်သက်ကိုသာ တိုက်ကျွေးရန် တက်လမ်း၏ အာဟာရအစီအစဉ်က ပိုမို ပညာပေးနိုင်ခဲ့ကြောင်း သက်သေပြနိုင်ခဲ့သည်။ အသက်အလိုက် အစားအစာ များ ထဲတွင် ပါဝင်ရမည့် အာဟာရ အကြောင်းကို သိသည့် အိမ်ထောင်စုမှာ ၂၈ မှ ၅၉ ရာခိုင်နှုန်း သို့ တိုးတက်လာသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လမှ စတင်ကာ ထောက်ပံ့ငွေကို ကျပ် ၁၅,၀၀၀ (ကန်ဒေါ်လာ၁၁)သို့ တိုးမြှင့်လိုက်သည်။ ၂၀၁၇ ခုနှစ် တွင် LIFT သည် ရခိုင်ဒေသသို့ အားဖြည့်ဆန် ထောက်ပံ့ရန် စီမံ ဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ရခိုင်ဒေသ၌ စတင်ခဲ့သည့် MCCT ကို LIFT ၏ ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်ဒေသများသို့ တိုးချဲ့ ဆောင်ရွက်ခဲ့သည်။အစိုးရသည် ၂၀၁၇ ခုနှစ်တွင် ချင်းပြည်နယ်၌ MCCT ကို အပြည့်အဝ စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရခိုင်ဒေသ၌လည်း MCCT အပြည့်အဝ ထောက်ပံ့မည်ဟုလည်း ကြေညာခဲ့သည်။ ၂၀၁၈ နှစ်ဆန်းတွင် ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်နှင့် မွတ်စ်လင်မ်များကိုပါ ထောက်ပံ့ငွေများ စတင် ထုတ်ပေးခဲ့သည်။ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေး မှူးချုပ် ဒေါက်တာစန်းစန်းအေးသည် ဝေးလံခေါင်ဖျား တွင်ရှိသည့် LIFT စီမံကိန်း ကျေးရွာများမှ မိခင်များထံ သွားရောက်ကာ အချက်အချာကျသော ဘဝအစ ပထမရက် ၁,၀၀၀ အတွင်းရှိ အာဟာရဆိုင်ရာ အသိ အမြင်ကို လေ့လာ ဆန်းစစ်ခဲ့သည်။ "မိခင်တွေက သိပ်တော်ကြတယ်။နို့ဦးရည်အကြောင်းလည်း သိကြ တယ်။ ပထမ ခြောက်လအတွင်းမှာ မိခင်နို့ကိုပဲ တိုက်ဖို့ အရေးကြီးတာလည်း သိကြတယ်"-ဟု ဒေါက်တာစန်းစန်းအေး က ပြောပါသည်။ အစိုးရ သည် ရခိုင်ဒေသတွင် MCCT ကို အပြည့်အဝ ထောက်ပံ့ ပေးမည် ဖြစ်ရာ LIFTကလည်း ၎င်း၏ စီမံကိန်းများ ဆောင်ရွက်နေခဲ့သည့် လေးနှစ်တာကာလ အဖိုးတန် အတွေ့အကြုံများကို မျှဝေနိုင်မည် ဖြစ်ပါသည်။

၂၀၁၆ခုနှစ် တွင် LIFTသည် ရပ်ရွာအခြေပြု ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရည်သန့်ရှင်းရေး လုပ်ငန်းများကို လည်း အာဟာရကဏ္ဍ ဆောင်ရွက်မှုများနှင့် အတူ ဆောင်ရွက်ခဲ့သည်။ ရခိုင်ဒေသရပ်ရွာများ ရေကောင်းရေသန့် လက်လှမ်းမမီကြသည်မှာ တောထိုင်ဓလေ့ဖြင့် အညစ်အကြေး စွန့်ပစ်မှု ကြောင့်လည်း ပါဝင်ပါသည်။ ထိုကြောင့် ရေမှတဆင့် ရောဂါကူးစက်ကြသည်။ တက်လမ်း စီမံကိန်း လုပ်ငန်းများ စတင်သည့် ၂၀၁၃ ခုနှစ်တွင်

အိမ်ထောင်စု ၁၁ ရာခိုင်နှုန်းသာ သန့်ရှင်းသောရေကို လက်လှမ်းမီခဲ့ကြသည်။ ယခုအခါ ၄၈ ရာခိုင်နှုန်းထိ ရှိလာပြီ ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အိမ်ထောင်စု ၆,၅၅၅ ကျော်သည် LIFT၏ ပံ့ပိုးမှုများကြောင့် အိမ်သာများ ဆောက်လုပ်နိုင်လာခဲ့သည်။ တကိုယ်ရည် သန့်ရှင်းရေး အလေ့အကျင့်များ ကျင့်သုံးသည့် အိမ်ထောင်စုများသည် ၈ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းသို့ တိုးတက်လာသည်။ တကိုယ်ရည် သန့်ရှင်းရေး အသိပညာပေးမှုများနှင့်အတူ အနည်းထိုင်တွင်း၊ သဲရေစစ်စသည့် ရေတွင်း ရေကန်ပြုပြင်ခြင်းများလည်း ဆောင်ရွက်ပါသည်။ ထို့ကြောင့်ရွာသားများသည် ရေကောင်းရေသန့်ကို ပထမဆုံးအကြိမ် သောက်သုံးခွင့် ရခဲ့ကြသည်။ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးကို အာဟာရနှင့် ပေါင်းစပ်လိုက်သောအခါ LIFT၏ ရန်ပုံငွေသည် ရေရှည် အကျိုးဖြစ်ထွန်းသည့် ငွေကြေး ကုန်ကျရကျိုးနပ်သည့် ဆောင်ရွက်မှု ဖြစ်ပါသည်။

## ရှေ့ကို မျှော်ကြည့်လျှင်


၂၀၁၈ ခုနှစ် LIFT ၏ ရခိုင်ဒေသလုပ်ငန်းစဉ်သည် သုံးထပ်ကွမ်း ဖြစ်သည်။ ရခိုင်မြောက်ပိုင်း နယ်မြေတွင် စီမံချက်လုပ်ငန်းများ ရပ်ဆိုင်းကုန်သဖြင့် မသုံးရသေးသော ရန်ပုံငွေများကို ရခိုင်ပြည်နယ် အလယ်ပိုင်း နှင့် ယာယီစခန်းများရှိ ထိခိုက်လွယ်သော ဗုဒ္ဓဘာသာဝင် နှင့် မွတ်စ်လင်မ်များကို အသက်မွေးမှု ထောက်ပံ့ရာတွင် လွှဲပြောင်းအသုံးပြုမည် ဖြစ်သည်။LIFTသည် ရခိုင်မြောက်ပိုင်း၏အခြေအနေကို လေ့လာစောင့်ကြည့်နေကာ သွားခွင့်ပြုပါက စီမံကိန်းဆိုင်ရာ အထောက်အကူပြု အချက်အလက်များ လေ့လာစူးစမ်းရေးအဖွဲ့ကို လွှတ်၍ စီမံကိန်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေမည် ဖြစ်သည်။ LIFTသည် ဘင်္ဂလားဒေ့ရှ် စခန်းများတွင် ရောက်ရှိနေသည့် မူရင်းအကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့နိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေမည် ဖြစ်ပါသည်။

၂၀၁၈ တွင် ရခိုင်ပြည်နယ် အလယ်ပိုင်းအတွက် တင်ပြထားသော စီမံချက် အဆိုပြုလွှာများကို ဆန်းစစ်ကာ ကန်ထရိုက်ပေးမည် ဖြစ်ပါသည်။

လက်ရှိ ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ စီမံချက်များသည် ၂၀၁၇ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်နေပြီး ၂၀၁၈ နှစ်ကုန်တွင် ပြီးဆုံးမည် ဖြစ်သည် ။ ထို့ကြောင့် စီမံချက်များသည် မိမိတို့ ကျန်ရှိနေသေးသည့် ရည်မှန်းချက်များ ပြည့်မီရေးကို အလေးထား အာရုံစိုက်ရမည် ဖြစ်သည်။ ILO နှင့် ပူးပေါင်းဆောင်ရွက်နေသည့် LIFT ၏ ရခိုင်ပြည်နယ် နည်းပညာနှင့် အသက်မွေးမှုပညာသင်တန်း (TVET) စီမံချက်သည် ၂၀၁၈ ခုနှစ်တွင် အရှိန်အဟုန် ရရှိလာရန် လိုအပ်သည်။ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်ရှိ အစိုးရ TVET စနစ်ကို အသွင်ပြောင်းရာတွင်ထောက်ပံ့ရန် ဖြစ်ပါသည်။ လိုအပ်ချက်က တွန်းအား ပေးသော စနစ်တစ်ခုဖြစ်လာပြီး အောင်မြင်ဖြစ်ထွန်းသည့် အလုပ်အကိုင်များ ရရှိရေး နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး တို့ ရရှိရန် ဖြစ်ပါသည်။ ပေါင်းစည်းထားသည့် ရခိုင်ပြည်နယ် ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးမူဝါဒ ပေါ်ထွက်ရန် ဦးတည် ပါသည်။ ယင်းသည် လုပ်အားထုနှင့် ဒေသခံ စီးပွားရေး လုပ်ငန်းများကို ယခုအတွက်သာမက နောင်အတွက်ပါ လိုအပ်မည့် ကျွမ်းကျင်မှု အတွက် ပြင်ဆင် ထားနိုင်မည် ဖြစ်သည်။ ဤသို့ဖြင့် ရပ်ရွာများရှိ ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေအိမ်ထောင်စုများ အားလုံး ပါဝင်လာမည့်ပြင် ပုဂ္ဂလိကကဏ္ဍနှင့်ပါ နီးကပ်စွာ ချိတ်ဆက်နိုင်မည် ဖြစ်ပါသည်။

၃.၄

# တောင်တန်းဒေသ



◀ ပုံ ၃.၆
၂၀၁၇ ခုနှစ် တောင်တန်းဒေသတွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ

## ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံ၏ တောင်တန်းဒေသသည် နိုင်ငံ၏ မြေပြင်ဧရိယာ စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်း ရှိပြီး လူဦးရေ ၁၃ သန်း မီတင်း နေထိုင်ကြသည်။[၄၉] ဤဒေသတွင် အရှေ့တောင်ဘက်ပိုင်း ထိုင်းနိုင်ငံနှင့် ထိစပ်နေသော တောင်တန်းများမှသည် ရှမ်းကုန်းပြင်မြင့်၊ ထိုမှ ဟိမဝန္တာတောင်တန်း၊ အိန္ဒိယနိုင်ငံ နှင့် ထိစပ်နေသော ချင်းတောင်တန်း၊ နာဂတောင်တန်းတို့အထိ ပါဝင်သည်။ LIFT ၏ တောင်တန်းဒေသ အစီအစဉ် သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း ပြည်နယ်များ နှင့် တနင်္သာရီတိုင်းတို့တွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေသည်။ အစီအစဉ်နယ်မြေဒေသများ အတွင်းတွင် မတူကွဲပြားမှုများမှာ အလွန်ကြီးမားသည်။ ဆင်းရဲနွမ်းပါးမှု နှုန်းမှာ အနိမ့်ဆုံးအဖြစ် ကယားပြည်နယ်တွင် ၁၁.၄ ရာခိုင်နှုန်း ရှိပြီး အမြင့်ဆုံးအဖြစ် ချင်းပြည်နယ်တွင်၇၃ရာခိုင်နှုန်း အထိ ရှိသည်။[၅၀]အာဟာရ မပြည့်ဝမှုမှာလည်း တောင်တန်းဒေသ တခွင်လုံးတွင် ကွဲပြားသည်။ ချင်းပြည်နယ်ရှိ အသက်ငါးနှစ်အောက် ကလေး ၄၁ ရာခိုင်နှုန်းက ပုညှက်နေပြီး ကရင်ပြည်နယ်တွင်မူ ၂၆ ရာခိုင်နှုန်းသာရှိသည်။[၅၁]

မြန်မာနိုင်ငံ၏ တိုင်းရင်းသားများသည် တောင်တန်း ဒေသတွင် အများဆုံးနေထိုင်ကြသည်။ တိုင်းရင်းသား လူမျိုးစု အများအပြား အနေဖြင့် လွတ်လပ်ရေး ရရှိပြီးကတည်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်နေကြသည်။ အချို့နေရာများတွင် အပစ်အခတ် ရပ်စဲထားသည်မှာ ကြာပြီဖြစ်သည်။ ကျန်နေရာများတွင်မူ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေဆဲ ဖြစ်သည်။ပဋိပက္ခများကို ရှောင်ရှားရန် အတွက် နေရပ်ကို စွန့်ခွာကာ စခန်းများ၊ ရွှေ့ပြောင်းထားသည့် ရွာများတွင် နေထိုင်နေကြသည့် လူဦးရေ အမြောက်အများရှိသည်။ ၎င်းနေရာများတွင် အသက်မွေးမှု အခွင့်အလမ်း နည်းပါးလှသည်။ ဒေသ၏ အသက်မွေးမှု အခွင့်အလမ်း ရေရှည် တိုးတက်ရန်အတွက် လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က အဓိက ကျလှသည်။

ဝေးလံခေါင်ဖျားပြီး တောတောင်ထူထပ်ကာ လူဦးရေနည်းပါးသည့် ဒေသတို့တွင် လုပ်ကွက်ငယ် တောင်သူများ၊ ဝမ်းစာဖူလုံရုံ တောင်သူများသည် ရိုးရာ ရွှေ့ပြောင်းတောင်ယာတို့တွင် ဆန်နှင့် ပြောင်းတို့ကို စိုက်ပျိုး ကြသည်။ လေ့ခါးထစ်လယ်ယာနှင့် ရေသွယ်စနစ်တို့ကို ဆောင်ရွက်လာကြသဖြင့် အချို့ရွာများတွင် သီးထပ်စိုက်ပျိုးလာနိုင်ကြသည်။ လုပ်ကွက်ငယ်တောင်သူ အချို့တို့သည် နှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးလာ ကြသည်။ တောင်တန်းဒေသ နေရာများစွာသည် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသဖြင့် တသီးတခြား ဖြစ်နေကြသည်။အိမ်ထောင်စုများသည် အသိအမြင်သစ်များနှင့် ကျွမ်းကျင်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ အများပြည်သူ ဝန်ဆောင်မှုများ၊ ပညာပေးမှုများကို သာမက စိုက်ပျိုးရေးအတွက် ငွေကြေးနှင့် ထုတ်ကုန်ဈေးကွက်၊ စီးပွားရေးဖွံ့ဖြိုးမှု စသည် တို့ကိုလည်း လက်လှမ်းမမီကြပေ။

## တောင်တန်းဒေသ အစီအစဉ်

တောင်တန်းဒေသအစီအစဉ်တွင် ပါဝင်နေသော LIFT၏ မိတ်ဖက်အဖွဲ့များသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခုရှိ မြို့နယ် ၄၁ ခုတွင် ဖြန့်ကာ အောက်ပါ အဓိက အစီအစဉ် ကဏ္ဍများ၌ စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေသည်။

- ဆင်းရဲနွမ်းပါးသူများကို ဦးတည်သည့် ငွေကြေး ဝန်ဆောင်မှုများ
- စိုက်ပျိုးရေးပညာပေးမှု နှင့် တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးမှု
- ရေရှည်တည်တံ့သည့် သယံဇာတ စီမံခန့်ခွဲမှု
- ကျွမ်းကျင်မှု သင်တန်း
- အာဟာရ
- ရွှေ့ပြောင်းသွားလာရေး
- ဒေသခံပတ်သက်ဆက်နွယ်သူများကို စွမ်းဆောင်ရည် တည်ဆောက်ခြင်း

မိတ်ဖက်အဖွဲ့များသည် ဤကဏ္ဍများကို အချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ ဒေသနောက်ခံ အခြေအနေနှင့် ကိုက်ညီမည့် စီမံကိန်းဆောင်ရွက်နည်းများကို အသုံးပြုကြသည်။အထူးသဖြင့် ပဋိပက္ခကို အလေးထား တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကျား/မ ရေးရာနှင့် အာဟာရ ဆိုင်ရာတို့တွင် ဖြစ်သည်။

ဤအစီအစဉ်သည် နေရာဒေသ ၃ ခုတွင် အောက်ပါတို့ကို အလေးထား ဆောင်ရွက်မည် ဖြစ်ပါသည်-

» ချင်းပြည်နယ်တွင် အစိုးရနှင့် အနီးကပ်ပူးပေါင်းကာ အာဟာရနှင့် အာဟာရကိုဖောင်းပေး စိုက်ပျိုးရေး ပညာပေးမှု။
» ရှမ်းပြည်နယ်၌ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု၊ စိုက်ပျိုးရေးကဏ္ဍ ဈေးကွက် အခြေပြု ချဉ်းကပ်နည်းများ ၊ ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း
» အရှေ့တောင်ဘက်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေး နှင့် ပဋိပက္ခအလေးမူမှု ရှိနေသဖြင့် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ အပါအဝင် ပတ်သက်ဆက်နွယ်သူ ပေါင်းစုံနှင့် ထိတွေ့ ဆောင်ရွက်ရန် ဦးစားပေးထားပါသည်။ နိုင်ငံတွင်း ပြောင်းရွှေ့သူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများမှသည် ရေရှည်ဖွံ့ဖြိုးမှု မဟာဗျူဟာကို ပြုစုရန် ဖြစ်ပါသည်။

တောင်တန်းဒေသ အစီအစဉ်အများစုကို ၂၀၁၆ ခုနှစ် ဒုတိယ နှစ်ဝက်တွင် စတင်ခဲ့သည်။ အစပျိုးကာလမှာ နှစ်ကုန်ထိ ဖြစ်သည်။၂၀၁၇ တွင် စီမံချက်အချို့သည် ကနဦးစစ်တမ်းနှင့် အကြောင်းအရာအလိုက် လေ့လာမှုများဖြစ်သည့် တန်ဖိုးမြှင့်ကွင်းဆက်၊ အာဟာရ၊ ထိခိုက်လွယ်မှု၊ လုပ်အားဈေးကွက်၊ ပဋိပက္ခ အလေးမူမှုတို့၏ ရလဒ်များကို ထုတ်ပြန်ခဲ့ကြသည်။ အဆိုပါ ရလဒ်များသည် စီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူပြု အချက်အလက်များ ပေးအပ်နိုင်မည် ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် စီမံချက်များ ကောင်းစွာ ဆောင်ရွက် နိုင်ခဲ့သည်။ ထပ်မံတိုးသည့် စီမံချက်များကို ၂၀၁၇ နှစ်လယ်တွင် ကန်ထရိုက်ချထားပေးခဲ့သည်။ တစ်ခုမှာ ချင်းပြည်နယ် အာဟာရ အစီအစဉ်ဖြစ်ပြီး အဆိုပါ အစီအစဉ်ကို အစိုးရနှင့် Save the Children က ဦးဆောင်ကာ 3MDG ၏ မိတ်ဖက်နှစ်ဦးဖြစ်သည့် Danish Red Cross (DRC) နှင့် International Rescue Committee (IRC) တို့ ပါဝင်သည့် အဖွဲ့များမှ ဆောင်ရွက်သည်။ အခြား စီမံချက်တစ်ခုမှာ ပဋိပက္ခဒဏ်ခံ အရှေ့တောင်ပိုင်းတွင် The Border Consortium က အကောင်အထည်ဖော်သည့် စိုက်ပျိုးရေး၊ အဟာရ၊ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ စီမံချက် ဖြစ်ပါသည်။

၄၉။ လူဦးရေ၏ ၂၆ရာခိုင်နှုန်း၊ ဤကိန်းဂဏန်းမှာ ၂၀၁၄ သန်းခေါင်စာရင်းကို အခြေခံသည်။ ယင်းတွင် 'တောင်တန်းဒေသ' ဆိုသည်မှာ အောက်ပါ ပြည်နယ်/တိုင်းဒေသကြီးများကို ဆိုလိုသည်- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ တနင်္သာရီ၊ မွန်၊ ရှမ်း ။ ယင်းတို့အနက် အချို့ ပြည်နယ်/တိုင်းဒေသကြီးတို့တွင် မြေနိမ့်နှင့် ကမ်းရိုးတန်း ဒေသများတွင် နေထိုင်သူ အမြောက်အမြား ရှိသည်။ ၂၀၁၄သန်းခေါင်စာရင်း၏ သတ်မှတ်ချက်တွင် မပါသည့် ပြည်နယ်/တိုင်းဒေသကြီး များရှိ တောင်တန်းဒေသများတွင်လည်း နေထိုင်သူ အမြောက်အမြားလည်း ရှိကြသည်။

၅၀။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ SIDA၊ ယူနီဆက်ဖ်၊ ယူအင်ဒီပီ၊ (၂၀၁၁) မြန်မာနိုင်ငံ အိမ်ထောင်စု လူနေမှု အခြေအနေစစ်တမ်း (၂၀၀၉-၂၀၁၀)။ ဆင်းရဲမှုသတင်း၊ စာ ၁၆။

၅၁။ မြန်မာမနသ နှင့် ကျန်းမာရေး စစ်တမ်း၊ ၂၀၁၅-၂၀၁၆၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

| မိတ်ဖက်အဖွဲ့အစည်း | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| ICRAF | ချင်းပြည်နယ်-တီးတိန်<br>ရှမ်းပြည်နယ်-ပင်လောင်း | သီးနှံ-သစ်တော ရောနှော စိုက်ပျိုးခြင်းနှင့် ပတ်သက်သော အသိပညာပေးခြင်း၊ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ခြင်း၊ |
| Mercy Corps | ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်လောင်း၊ ပင်းတယ | ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများသို့ စိုက်ပျိုးရေးပညာပေးခြင်း |
| Prime Agri | ကလော၊ ဆီဆိုင်၊ တောင်ကြီး၊ ပင်းတယ၊ ဟဲဟိုး | လုပ်ကွက်ငယ်တောင်သူများကို စိုက်ပျိုးရေ ရရှိရေး၊ သွင်းအားစု လက်လှမ်းမီရေး၊ ဈေးကွက် ၊ ငွေကြေး နှင့် သင်တန်းများ လက်လှမ်းမီရေး |
| TAG International | ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ရပ်စောက်၊ လွိုင်ကော် | ပျားမွေးမြူသူ တောင်သူအသစ်များသို့ လုပ်ငန်းဆိုင်ရာ သင်တန်းပေးခြင်း၊ ပျားမွေးမြူရေး နည်းနာကောင်းများ နှင့် ဈေးကွက် ဖွံ့ဖြိုးမှု |
| Catholic Relief Services (CRS) | ထန်တလန်၊ ဖလမ်း၊ မတူပီ | စိုက်ပျိုးရေးပညာပေးခြင်း၊ အာဟာရပညာပေးခြင်း |
| Choklei Organisation for Rural and Agricultural Development (CORAD) | တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး | စိုက်ပျိုးရေးပညာပေးခြင်း၊ အာဟာရပညာပေးခြင်း၊ စိုက်ပျိုးကုန် တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှု၊သယံဇာတ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်း |
| Karen Development Network (KDN) | ထားဝယ်၊ ပုလော၊ သရက်ချောင်း | အသက်မွေးမှု သင်တန်းကျောင်း ထူထောင်ခြင်း၊ သယံဇာတ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်း၊ နေရပ်စွန့်ခွာသူများ ကြံ့ကြံ့ခံနိုင်မှုကို အားဖြည့်ခြင်း |
| Consortium of Dutch NGOs (CDN) | သံတောင်ကြီး | စိုက်ပျိုးရေး ပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှု၊ မြေယာ ပြန်လည် ကောင်းမွန်ရေး၊ ရေရရှိရေး နှင့် အာဟာရ ပညာပေးခြင်း၊ WASH နှင့် အခြေခံအဆောက်အအုံ၊ CBO CSOတို့၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း |
| Metta Development Foundation | ကချင်-မိုးမောက်၊ မြစ်ကြီးနား၊ ဝိုင်းမော်<br>ရှမ်း-နမ္မတူ၊ လားရှိုး | စိုက်ပျိုးရေးပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှု၊ သယံဇာတ စီမံခန့်ခွဲမှု တို့ကို ထောက်ပံ့ခြင်း |
| Myanmar Institute for Integrated Development (MIID) | ဟားခါး | အာဟာရဖောင်းပေး စိုက်ပျိုးရေး၊ အာဟာရဆိုင်ရာ အသိပညာပေးခြင်း၊ အမျိုးသမီးအခွင့်အရေး နှင့် ခေါင်းဆောင်မှု ဖွံ့ဖြိုးရေးကို ထောက်ပံ့ခြင်း |
| SWISSAID | ကချင်-မိုးကောင်း၊ မိုးညင်း၊ဝိုင်းမော်<br>ကယား-ဒီမောဆိုး၊ လွိုင်ကော်<br>ချင်း-တီးတိန်၊ ဖလမ်း၊ ဟားခါး<br>ရှမ်း-ကွတ်ခိုင်၊ ဆီဆိုင်၊ ပင်းတယ၊ ဖယ်ခုံ၊ လားရှိုး၊ သိန်းနီ၊ ဟိုပုံး | မြို့နယ်ရန်ပုံငွေဖြင့် CSO များ၏စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ရပ်ရွာကဦးစီးသော အသက်မွေးမှုလုပ်ငန်များ၊ အကြံပေး ဆွေးနွေးခြင်း၊ ထိတွေ့ဆောင်ရွက်ခြင်း၊ အစိုးရ၊ ဒေသအာဏာပိုင်များ၊ ပုဂ္ဂလိကဏ္ဍ၊ |
| Proximity Designs | ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ၊ ရပ်စောက် | အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများ |
| World Vision International Myanmar / Vision Fund Myanmar (VFM) | ရှမ်း-ကျိုင်းတုံ၊ တာလေ၊ လားရှိုး၊ သီပေါ၊<br>ကယား-ဒီမောဆို၊ လွိုင်ကော်<br>ကရင်-ဘားအံ | အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများ |
| PGMF | ကလော၊ ကျောက်မဲ၊ ညောင်ရွှေ၊ ပင်းတယ၊ ပင်လောင်း၊ တောင်ကြီး၊ ရွာငံ | အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများ |
| Yoma Bank | ရှမ်း-တောင်ကြီး<br>တနင်္သာရီ-မြိတ် | အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများ |
| GRET | တီးတိန်၊ တွန်းဇန်၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး | အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများ ပေးအပ်နေသည့် ချင်းပြည်နယ် MFIကို တရားဝင်ဖြစ်ရေး ထောက်ပံ့ခြင်း |
| Department of Social Welfare (DSW) | ချင်းပြည်နယ်မှ မြို့နယ်အားလုံး | အာဟာရဆိုင်ရာ လူမှုရေးနှင့် အမူအကျင့်ပြောင်းလဲရေး ဆိုင်ရာ သတင်းစကား ပြောကြားမှုများ (SBCC) ကိုယ်ဝန်ဆောင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး (MCCT) |
| Save the Children | ချင်းပြည်နယ်မှ မြို့နယ်အားလုံး | အာဟာရသင်တန်းပေးရန်၊ မိခင်များအား အသိပညာပေးရန် အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ပံပိုးပေးရန်၊ သုတေသန နှင့် (SBCC) မဟာဗျူဟာ ဒီဇိုင်းထုတ်ရန် နှင့် လေ့လာ စောင့်ကြည့်ရေးစနစ်များ အတွက် DSWကို ထောက်ပံ့ရန် |
| The Border Consortium | ကရင်ပြည်နယ်- ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ ဖားအံ၊ လှိုင်းဘွဲ၊<br>သံတောင်ကြီး၊ မွန်ပြည်နယ်- ဘီးလင်း၊ ရေး<br>တနင်္သာရီတိုင်း- ထားဝယ်၊ ရေဖြူ | သယံဇာတ စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေး ပညာပေးရေး၊ လယ်မြေနှင့် ဘုံသစ်တောများ မှတ်ပုံတင်ရေး၊ အာဟာရဆိုင်ရာ အသိပညာပေးရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လူမှုကာကွယ် စောင့်ရှောက်ရေး၊ ရပ်ရွာများ အားကောင်းလာရေး နှင့် ကျား/မရေးရာ အသိပညာပေးခြင်း |
| IOM | ချင်း နှင့် မွန်ပြည်နယ် | ရွှေ့ပြောင်းသွားလာရေးအတွက် TVET အစီအစဉ်များ ပြင်ဆင် ဆောင်ရွက်ခြင်း |

◀ ဇယား ၃.၇
၂၀၁၇ ခုနှစ် တောင်တန်းဒေသရှိ LIFT ရန်ပုံငွေ ပံ့ပိုးသည့် စီမံချက်များ

| မှတ်ပုံတင်ကာလ | ထောက်ပံ့ငွေ စတင်ပေးချိန် | #မှတ်ပုံတင်ပြီး ကိုယ်ဝန်ဆောင် အမျိုးသမီး | # မှတ်ပုံတင်ပြီး မွေးစကလေး[၅၂] | စုစုပေါင်း |
|---|---|---|---|---|
| ဇွန်-ဇူလိုင် ၂၀၁၇ | အောက်တိုဘာ လလယ် | ၇,၅၇၈ | ၉၃၇ | ၈,၅၁၅ |
| ဩဂုတ်-စက်တင်ဘာ ၂၀၁၇ | နိုဝင်ဘာ လကုန် | ၈,၇၃၇ | ၁,၉၄၁ | ၁၀,၆၇၈ |
| အောက်တိုဘာ-နိုဝင်ဘာ ၂၀၁၇ | ဒီဇင်ဘာ လကုန် | ၁၀,၃၄၇ | ၃,၀၀၉ | ၁၃,၃၈၃ |

▶ ဇယား ၃.၈
ချင်းပြည်နယ်တွင် ၂၀၁၇ ခုနှစ် ပထမဆုံး MCCT ငွေထောက်ပံ့မှု သုံးကြိမ်၌ မှတ်ပုံ တင်ထားသည့် အကျိုးခံစားရသူ အရေအတွက်

## ၂၀၁၇ ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

### ချင်းပြည်နယ်တွင် မိတ်ဖက်ပြုဆောင်ရွက်ခြင်း

ဖေဖော်ဝါရီလတွင် ဟားခါး၌ ချင်းပြည်နယ် အစီအစဉ်သစ်ကို အခမ်းအနားဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ အခမ်းအနားသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ အရာရှိများ၊ ရန်ပုံငွေ ဘုတ်အဖွဲ့၊ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ ချင်းပြည်နယ်ရှိ LIFT၏ မိတ်ဖက်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။ ဤအခမ်းအနားသည် ပြည်နယ်အစိုးရနှင့် ဒေသခံ အဖွဲ့အစည်းများ မိတ်ဖက်ပြုရာတွင် အထောက်အပံ့ ဖြစ်ခဲ့ပါသည်။

ချင်းပြည်နယ်အစိုးရသည် မတ်လတွင် ဟားခါးမြို့၌ ချင်းပြည်နယ် ဖွံ့ဖြိုးရေးဖိုရမ်ကို ကျင်းပခဲ့ရာ LIFT က ရန်ပုံငွေ ပံ့ပိုးပါဝင်ခဲ့သည်။ ပြည်နယ်အစိုးရ အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် ဒေသခံ CSO များတွေ့ဆုံကာ အစိုးရ၏ မဟာဗျူဟာမြောက် စီမံချက်များ၊ ပြည်နယ်များအတွက် ဦးစားပေးကဏ္ဍများကို ဆွေးနွေးခဲ့သည်။

### ချင်းပြည်နယ် အာဟာရ အစီအစဉ်

ချင်းပြည်နယ်တွင် အာဟာရ အစီအစဉ်တစ်ခု အကောင်အထည်ဖော်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MSWRR) နှင့် သဘောတူညီမှု ရရှိခဲ့ခြင်းသည် ၂၀၁၇ ခုနှစ် ပထမ နှစ်ဝက်၏ အဓိက ထူးခြားချက်ပင် ဖြစ်သည်။ မြို့နယ်အားလုံးကို လွှမ်းခြုံမည့် ယင်းအစီအစဉ်တွင် အပိုင်းနှစ်ခု ပါဝင်သည်။ မိခင် နှင့် ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT) နှင့် လူမှုရေးနှင့်အမူအကျင့် ပြောင်းလဲရေး ဆိုင်ရာ သတင်းစကားပြောကြားမှု (SBCC) တို့ ဖြစ်သည်။ ယင်းသည် ကလေးငယ်၏ ပထမရက် ၁,၀၀၀အတွင်း မိခင်များနှင့် မိသားစုများကို ဦးတည် ဆောင်ရွက်မည် ဖြစ်သည်။MCCT အစီအစဉ်သည် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP)၏ လူမှုကာကွယ်ရေး အစီအစဉ်ရှစ်ခုအနက် တစ်ခု ဖြစ်သည်။ ကလေးငယ်၏ ဘဝအစ ပထမရက်ပေါင်း ၁,၀၀၀ အတွင်း ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တို့ လိုအပ်မည့် အာဟာရအတွက် လုပ်ကိုင်နိုင်စွမ်းရှိစေရန် ရည်ရွယ်ပါသည်။

ချင်းပြည်နယ်တွင် အာဟာရ အစီအစဉ်ကို နှစ်နှစ်တာကာလအတွက် LIFTက ရန်ပုံငွေထောက်ပံ့ကာ အစိုးရက အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလ နောက်ပိုင်းတွင် အစိုးရက ဆက်လက် ရန်ပုံငွေကျခံသွားမည် ဖြစ်ပါသည်။ LIFT သည် ရန်ပုံငွေ ကန်ဒေါ်လာ ၉သန်းကို ၂၀၁၇ခုနှစ် မတ်လမှ စတင်ပံ့ပိုးမည် ဖြစ်သည်။ Save the Children က ဦးဆောင်ကာ DRC နှင့် IRCတို့ ပါဝင်သည့် အဖွဲ့ကိုလည်း ရန်ပုံငွေ ထောက်ပံ့ပေးကာ MCCT နှင့် အတူ အာဟာရ ဆိုင်ရာ SBCC ကို ပေးအပ်ရာတွင် အစိုးရကို အားဖြည့်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

ချင်းပြည်နယ်MCCT အာဟာရအစီအစဉ်၏ရည်ရွယ်ချက်မှာ ကြီးမားလှသည်။ လူမှုဝန်ထမ်း ဦးစီးဌာန (DSW)သည် ဤမျှ ပမာဏ ကြီးမားသည့် အစီအစဉ်မျိုးကို အတွေ့အကြုံမရှိသေးပေ။ချင်းပြည်နယ်တွင် မြို့နယ်အဆင့် DSW ရုံးများလည်း မရှိပေ။ လူစွမ်းအားရင်းမြစ်၊ ရုံးများ၊ လုပ်ထုံးလုပ်နည်းများ၊ ပူးပေါင်းဆောင်ရွက်မှုများ အားလုံးကို ထူထောင်ရမည် ဖြစ်သည်။ DSW သည် လအနည်းငယ်ကြာမှ ချင်းပြည်နယ် မြို့နယ် ၉ ခုတွင် ရုံးများ ထူထောင်ခဲ့သည်။ နေပြည်တော်တွင် အဖွဲ့တစ်ဖွဲ့ ဖွဲ့ကာ သက်ဆိုင်ရာ မြို့နယ်စီမံကိန်း တာဝန်ခံ/မန်နေဂျာ ၂၄-ဦးနှင့် ပြည်နယ် ညှိနှိုင်းရေးမှူး တစ်ဦးကို ခန့်အပ်ခဲ့သည်။ LIFTသည် ယင်းအဖွဲ့ကိုထောက်ပံ့ပေးရန်အတွက် အတွေ့အကြုံရှိသည့် စီမံချက်လုပ်ငန်းပိုင်းဆိုင်ရာ အထောက်အပံ့ အရာရှိ နှစ်ဦး ကို ဟားခါးနှင့် နေပြည်တော်တွင် အခြေစိုက် စေခဲ့သည်။ အဆိုပါ အရာရှိများကို ပေါင်းစပ် ညှိနှိုင်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေကြေးစီမံ ခန့်ခွဲခြင်း၊ ဒေတာဘေ့စ် စီမံခန့်ခွဲခြင်း နှင့် လေ့လာစောင့်ကြည့် အစီရင်ခံခြင်းများတွင် တိုက်ရိုက် အထောက်အပံ့ပြုနိုင်ရန်အတွက် လုပ်ငန်းခွင် သင်တန်းများ ပေးခဲ့သည်။

ကနဦးစစ်တမ်းကို ဇူလိုင်လတွင် ဒီဇိုင်းထုတ်ကာ MSWRR ၏ ကျင့်ဝတ်သုံးသပ်ရေးဘုတ်အဖွဲ့သို့ တင်ပြခဲ့သည်။ ပထမအကြိမ်ပံ့ပိုးငွေ ထုတ်မပေးမီ စက်တင်ဘာ နှင့် အောက်တိုဘာလတို့တွင်စစ်တမ်းကောက်ယူခဲ့သည်။ ကနဦးစစ်တမ်းကို ချင်းပြည်နယ်တဝန်းရှိ ရပ်ကွက်နှင့် ကျေးရွာ၂၀၀ ကျော်မှ ကိုယ်ဝန်ဆောင် အမျိုးသမီး နှင့် ကလေး မွေးစမိခင် ၂,၅၈၅ ဦးကို ကောက်ယူခဲ့သည်။ လေ့လာ တွေ့ရှိချက်များကို DSW သို့ မျှဝေပေးပြီး ရလဒ်များကို ၂၀၁၇ နှစ်ကုန်တွင် သုံးသပ်လျက် ရှိပါသည်။

ချင်းပြည်နယ်တဝန်းရှိ မြို့နယ် ၉-ခုတွင် ကိုယ်ဝန်ဆောင် အမျိုးသမီး မှတ်ပုံတင်ခြင်းကို ဇွန်လတွင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် မျှော်လင့်မထားသည့် နှောင့်နှေး ကြန့်ကြာမှု အနည်းငယ်ရှိခဲ့ရာ

[၅၂]။ မွေးစကလေးများကို အကျိုးခံစားခွင့်ရှိသူ အဖြစ် မှတ်ပုံတင်ထားသည်။ သို့သော် မိခင်ကိုသာ ငွေပေးမည် ဖြစ်သည်။ မိခင်များ ယင်းတို့ကို ကိုယ်ဝန်ရှိစဉ်က မှတ်ပုံမတင်ရသေးပါက MCCTအတွက် မှတ်ပုံတင်ခံရမည်။ မှတ်ပုံတင်ပြီးဖြစ်ပါက ဆက်လက် အကျိုးခံစားခွင့် ရရှိမည်။

ဇွန်လ နှင့် ဇူလိုင်လ တို့တွင် မှတ်ပုံတင်ခဲ့သည့် အမျိုးသမီးများကို အောက်တိုဘာလလယ်တွင် ပထမဆုံးအကြိမ် ငွေကြေးထောက်ပံ့ပေးနိုင်ခဲ့သည်။ အမျိုးသမီးများသည် တစ်လလျှင် ကျပ်၁၅,၀၀၀ (ကန်ဒေါ်လာ၁၁)နှုန်းဖြင့် နှစ်လလျှင်တစ်ကြိမ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတဆင့် လက်ခံရရှိကြသည်။ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာလတွင် လက်ခံရရှိကြသည်။၂၀၁၇ခုနှစ် နှစ်ကုန်တွင် အမျိုးသမီးနှင့် ကလေး ၁၃,၃၈၃ဦး နှင့် ထံသို့ ပံ့ပိုးမှုများ ရောက်ရှိခဲ့သည်။[၅၃]

ငွေကြေးပံ့ပိုးမှု လက်ခံရရှိကြသော မိခင်များထံသို့ အလေ့အကျင့်ကောင်းများ အာဟာရဆိုင်ရာများကို ကျင့်သုံးရန် အားပေးမည့် အာဟာရဆိုင်ရာ သတင်းစကားများလည်း ပုံမှန်ရောက်ရှိမည် ဖြစ်သည်။ သို့သော် ၂၀၁၇ ခုနှစ်တွင် SBCC ကို နေရာအချို့တွင်သာ ဆောင်ရွက်နိုင်သေးသည်။

DSW သည် SBCC ပေးရန် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သားဖွား ၁၆ ဦးကို သင်တန်းပေးခဲ့သည်။ ၎င်းတို့မှ တဖန် မြို့နယ်အဆင့်တွင် သားဖွား ၁,၁၂၄ ဦးနှင့် ၉၂၂ ရွာမှ အရန်သားဖွားများကို ဆင့်ပွား သင်တန်းများပေးခဲ့သည်။ သင်ရိုးကို ဝန်ကြီးဌာနပေါင်းစုံ ပါဝင်သော SBCCကော်မတီက အတည်ပြုထားသည်။ ယင်းကော်မတီတွင် DSW၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာန (HLPU)၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာန (NNC)၊ UNICEF၊ Save the Children၊ 3MDG၊ နှင့် LIFTတို့ ပါဝင်သည်။ ယင်းကော်မတီသည် ဧပြီလတွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပညာပေးရေး နှင့် SBCC ဆိုင်ရာ စာရွက်စာတမ်းများကို ပြုစုရာတွင် HLPUက ဦးဆောင်ပါသည်။ ၂ နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း/ဖြည့်စွက်စာ ကျွေးခြင်း(IYCF)အလေ့အကျင့်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အသုံးပြုကာ အာဟာရ ပညာပေးရန် သဘောတူခဲ့သည်။ ယင်းကို ထောက်ပံ့ငွေ နှင့်အတူ ပေးအပ်မည် ဖြစ်ပါသည်။ နိုဝင်ဘာလတွင် ပြည်နယ် ကျန်းမာရေးအရာရှိသည် အာဟာရ ပညာပေးသင်ရိုးနှင့် မိခင်အချင်းချင်း အထောက်ကူပြု အဖွဲ့များ ဖွဲ့ရန် လမ်းညွှန်ချက်များကို သဘောတူ လက်ခံခဲ့သည်။ သို့သော် သားဖွားများသည် အမျိုးသား ကာကွယ်ဆေးထိုး လုပ်ငန်းများကြောင့် မအားလပ်ကြသောကြောင့် SBCC လှုပ်ရှားမှု အနည်းငယ်ကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ပိုမို ကျယ်ပြန့်သော နောက်ခံအခြေအနေ နှင့် ကိုက်ညီသော SBCC မဟာဗျူဟာကို ပြုစုမည်။ မိခင်များကို SBCC ပေးရန် သင်ရိုးကို အားဖြည့်ရန်မှာ ၂၀၁၈ ၏ ဦးစားပေးများ ဖြစ်မည်။

ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် မြို့နယ် အဆင့်တို့တွင် အစိုးရ၏ အာဟာရဆိုင် အသိပညာပေးမှု လုပ်ငန်းစွမ်းဆောင်ရည်များ ကို အားဖြည့်ပေးရန် အတွက် Save the Children ၊ DRC၊ IRC တို့က နည်းပညာ အထောက်အကူပေးမည် ဖြစ်သည်။ Save the Children သည် ဤအစီအစဉ်၏ လုပ်ငန်းစဉ်ကို လေ့လာစောင့်ကြည့်ရန် နည်းပညာ ကျွမ်းကျင်မှုကိုလည်း ထောက်ပံ့ပေးပြီး ချင်းပြည်နယ်၏ SBCCမဟာဗျူဟာ ရေးဆွဲရန်အတွက် အာဟာရ သုတေသန ကိုလည်း ဦးဆောင်မည် ဖြစ်သည်။

DSW သည် လေ့လာစောင့်ကြည့်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း (M&E) ကော်မတီကို ထူထောင်ခဲ့သည်။ ကော်မတီတွင် UNICEF နှင့် LIFT မှ ဝန်ထမ်းများ ပါဝင်ကာ အစီအစဉ်၏ M&E လုပ်ငန်းစဉ်ကို သုံးသပ်မည် ဖြစ်သည်။ ကော်မတီသည် မေလတွင် တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် လေ့လာစောင့်ကြည့်ခြင်း နှင့် အကဲဖြတ်ခြင်း (MEAL) မူဘောင်ကို သုံးသပ်ခဲ့သည်။

လေ့လာစောင့်ကြည့်ရေးစနစ်အား ပြဿနာများကို ဖော်ထုတ်ရန်၊ အစီအစဉ်၏ စီမံခန့်ခွဲရေးအဖွဲ့ ကို အထောက်အကူပေးရန်နှင့် ပြင်ဆင်မှုများကို အချိန်မီ ပြုလုပ်စေရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ ယင်းသည် အောက်ပါတို့ကို အခြေခံထားသည်- (၁) ငွေထုတ်ပေးပြီးနောက် ရွာများနှင့် အကျိုးခံစားခွင့် ရှိသူများထံသို့ DSWမှ မြို့နယ်တာဝန်ခံများ၊ မန်နေဂျာများက ပုံမှန် သွားရောက်လေ့လာရန်၊ (၂) Save the Children ၊ DRC၊ IRCတို့က DSW နှင့် ပူးပေါင်းကာ စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်ကို ဦးတည်သည့် လေ့လာစောင့်ကြည့်ရေးစနစ်ကို အသုံးပြုရန်၊ (၃) တိုင်ကြားမှုရှိပါက ကျေးရွာတာဝန်ခံက DSWသို့ သတင်းပို့သည့် တိုင်ကြားမှု ယန္တရားကို အသုံးပြုရန် တို့ ဖြစ်ပါသည်။

အစီအစဉ် လေ့လာစောင့်ကြည့်ရေး စနစ်သည် MCCT အပိုင်းနှင့် SBCC အပိုင်းကို စစ်ဆေးပြီး အောက်ပါတို့ကို သုံးသပ်ပါသည်-


- အမျိုးသမီးများက ထိုငွေကို မည်သို့ အသုံးပြုမည်
- ဝေးလံခေါင်ဖျားသောနေရာများတွင် အာဟာရ ဖြစ်သော အစားအစာများ တစ်နှစ်ပတ်လုံး လက်လှမ်းမီမှု
- လိုအပ်ချက်များ တိုးလာပါက ကျန်းမာရေး ဝန်ဆောင်မှုများက တုံ့ပြန်ဆောင်ရွက်ပေးနိုင်စွမ်း
- ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျား/မ ရေးရာ စသည့် အခြား အချက်အလက်များက အာဟာရဆိုင်ရာ အမူအကျင့်များ ကျင့်သုံးမှုသို့ ဩဇာသက်ရောက်မှု
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)က ငွေထုတ်ပေးမှုကို မြင်သာစွာ ဆောင်ရွက်နိုင်စွမ်း ရှိမှု
- မိခင်အချင်းချင်း အထောက်ကူပြုအဖွဲ့များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီများ ဖွဲ့စည်းရန် ကျန်းမာရေးလုပ်သားများက ဆောင်ရွက်နိုင်စွမ်း ရှိမှု

၂၀၁၇ နှစ်ကုန်ခန့်တွင် 'Save the Children' သည် လိုအပ်သည့် စောင့်ကြည့်ရေး နည်းကိရိယာများ၊ မေးခွန်းလွှာများကို ပြုစုပြီး၊ မြို့နယ်တိုင်းအတွက် စောင့်ကြည့်ရေးအဖွဲ့များကို လေ့ကျင့်ပေးကာ ဤနည်းကိရိယာများကို သုံးသပ်ရန် M&E ကော်မတီသို့ တင်ပြခဲ့သည်။ နှစ်ကုန်ထိ အတည်ပြုချက် မရသေးပေ။ တိုင်ကြားမှု ယန္တရားသည်လည်း မလည်ပတ်သေးပေ။ ရွာအများစုတွင်မူ လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီများ ဖွဲ့စည်းပြီး ကျေးရွာတာဝန်ခံကို ရွေးပြီး ဖြစ်သည်။ သို့သော် ယင်းတို့ကို လေ့ကျင့်ပေးရဦးမည် ဖြစ်သည်။

၂၀၁၇ ခုနှစ်ကုန်ခန့်တွင် Save the Children သည် လိုအပ်သည့် လေ့လာစောင့်ကြည့်ရေးလက်စွဲများ၊ မေးခွန်းလွှာများကို ပြုစုပြီး၊ မြို့နယ်တိုင်းအတွက် စောင့်ကြည့်ရေးအဖွဲ့များကို လေ့ကျင့်ပေးကာ ဤလက်စွဲစာစောင်များကို သုံးသပ်ရန် M&E ကော်မတီသို့ တင်ပြခဲ့သည်။ နှစ်ကုန်အထိ အတည်ပြုချက် မရရှိသေးပေ။ တိုင်ကြားမှုကို ကိုင်တွယ်ဖြေရှင်းသည့် စနစ်များသည်လည်း မလည်ပတ်သေးပေ။ ရွာအများစုတွင်မူ လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီများ ဖွဲ့စည်းပြီး ကျေးရွာတာဝန်ခံကို ရွေးချယ်ထားပြီး ဖြစ်သည်။ သို့သော် ၎င်းတို့ကို လေ့ကျင့်ပေးရဦးမည် ဖြစ်သည်။

DSW နှင့် Save the Childrenတို့၏ လေ့လာ

၅၃။ အကျိုးခံစားခွင့်ရှိသူ ဦးရေမှာ ယာယီသာဖြစ်သည်။ ထောက်ပံ့ငွေ လက်ခံရရှိသူ အမျိုးသမီးဦးရေ အပြီးသတ် အရေအတွက်ကို မရရှိသေးပါ။




▲ ပုံ ၃.၇
အာဟာရမပြည့်ဝမှု ပျံ့နှံ့မှု

စောင့်ကြည့်ရေးစနစ်များ အချင်းချင်းမည်သို့ အားဖြည့်နိုင်မည်၊ DSW ၏ ရေရှည် စောင့်ကြည့်နိုင်စွမ်းကို မည်သို့ ခိုင်မာစေမည်ကို မိတ်ဖက် အဖွဲ့များက စဉ်းစားသုံးသပ်လျက်ရှိသည်။ DSW သည် အစီအစဉ်ကို စတင်လေ့လာ စောင့်ကြည့်ရန်၊ ၂၀၁၈ နှစ်ဆန်းတွင် ကျေးရွာများသို့ သွားရောက်ကာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကတိကဝတ်ပြုထားသည်။

LIFT သည် DSW နှင့်အတူ ပတ်သက်ဆက်နွယ်သူများ၊ ရပ်ရွာများထံသို့ ပုံမှန်သွားရောက်ပြီး၊ လုပ်ငန်းဆောင်ရွက်မှုကို ဆွေးနွေးကာ စိန်ခေါ်မှုများကို နားလည်အောင် ပံ့ပိုးကူညီခဲ့သည်။ LIFT သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် DSW၊ GAD၊ ရပ်ရွာများနှင့် တွေ့ဆုံခဲ့သည်။ မိတ်ဖက်အဖွဲ့ အားလုံးသည် အစီအစဉ် အောင်မြင်စေရန် ကတိကဝတ်ပြုထားကြောင်း အခိုင်အမာ သိရှိခဲ့ရသည်။

ဤအစီအစဉ်၏ မူဝါဒပိုင်းဆိုင်ရာများကို အခန်း(၆) တွင် လေ့လာနိုင်ပါသည်။

ချင်းပြည်နယ်ရှိ အခြား အာဟာရ စီမံချက်များ

ချင်းပြည်နယ် အစီအစဉ်ကို အစိုးရနှင့်အတူ ဆောင်ရွက်နေပြီ ဖြစ်သည်။ သို့သော် LIFT၏ အခြား မိတ်ဖက်များသည်လည်း ချင်းပြည်နယ်၏ အာဟာရဆိုင်ရာ ပြဿနာများကို ပိုမို နားလည်ခဲ့ကြကာ အချက်အချာကျသည့် ဘဝအစ ပထမရက် ၁,၀၀၀ အတွင်း အာဟာရ ကောင်းမွန်စေမည့် နည်းလမ်းများကို ပြုစုလျက်ရှိသည်။

*ကရုဏာမိခင်အဖွဲ့*

ကက်သလစ် ကယ်ဆယ်ရေးအဖွဲ့ (CRSက ဆောင်ရွက်သည့် PACE စီမံချက် နှင့် ကရုဏာ မစ်ရှင်သည် Care အုပ်စု၏ ပုံစံကို[၅၄] မှီးကာ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ နှစ်နှစ်အောက် ကလေးများ၏ အာဟာရအခြေအနေကို တိုးတက်စေရန် အာဟာရဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်နေ သည်။ ကျေးရွာမှ မိခင်အုပ်စုများသည် ခေါင်းဆောင်တယောက်ကို ရွေးသည်၊ ယင်းက ကရုဏာအဖွဲ့သို့ ဝင်သည်။ ယင်းအဖွဲ့က မိခင်များကို ရွေးချယ်ကာ အာဟာရနှင့်သန့်ရှင်းရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး ကို သင်တန်းပေးသည်။ ယင်းသင်တန်းသည် မရှိမဖြစ် အာဟာရ ဆောင်ရွက်ချက်များ နှင့် မရှိမဖြစ် သန့်ရှင်းရေး ဆောင်ရွက်ချက်များကို ဦးတည်သည်။ မိခင်နို့ သက်သက်ကိုသာ တိုက်ကျွေးရန်၊ ဒေသမှ ရရှိနိုင်သော အစားအစာများဖြင့် မိခင်အာဟာရ၊ ကလေးဖြည့်စွက်စာတို့ကို လုံလောက်အောင် စီမံနိုင်ရန် သင်ကြားပေးသည်။ ယင်းသို့ဖြင့် အာဟာရမပြည့်ဝမှုကို ကာကွယ်နိုင်သည်။ မိမိသင်ယူခဲ့ သည်များကို မိမိရွာမှ အခြားအမျိုးသမီးများကို ပြန်လက်ဆင့်ကမ်းနိုင်ရန် သင်ကြားနည်းများ ဆွေးနွေးနည်းများ ကိုပါ မိခင်များကို လေ့ကျင့်ပေးသည်။ ၂၀၁၇ ခုနှစ်တွင် ခေါင်းဆောင်အမျိုးသမီး ၁၇၄ ဦးကို ရွာ ၆၀ မှ ရွေးချယ်ကာ မိခင်အုပ်စု ၂၅ စုကို ဖွဲ့ခဲ့သည်။ သင်တန်းတက်ရောက်သူမှာ ၈၀ ရာခိုင်နှုန်း ဖြစ်သည်။ ယင်းတို့၏ သင်ကြားမှုသည် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၁,၅၀၀ ထံသို့ ရောက်ခဲ့သည်။

အစိုးရ၏ အာဟာရ အစီအစဉ်၏ ဆင့်ပွားနည်းတွင် ဆွေးနွေးနည်း သင်တန်းမပါဝင်ပေ။ အချို့နေရာများတွင် အဆင့်တူချင်း တိုက်ရိုက် ဖလှယ်သည့် Care အုပ်စု၏ ပုံစံသည် ကျန်းမာရေး ဝန်ထမ်းများက သတင်းပေး သည်ထက် ပိုမို ထိရောက်သည်ဟု အသိအမှတ်ပြုကြသည်။ ဤ နည်းလမ်းနှစ်ခုလုံးကို ချင်းပြည်နယ်တွင် မစမ်းသပ်ဖူး သေးပါ။ LIFT နှင့် မိတ်ဖက်များသည် မည်သည်က ပိုမို ထိရောက် တွက်ခြေကိုက်ကြောင်း စီမံချက် ဆောင်ရွက်နေစဉ် အတွင်း ဆန်းစစ်မည်။

*ချင်းပြည်နယ်၏ အာဟာရအမူအကျင့်များကို နားလည်ခြင်း၊ အမူအကျင့် ပြောင်းလဲမှု၏ အတားအဆီးများကို ဖော်ထုတ်ခြင်း*

PACE စီမံချက်၏ ကနဦးစစ်တမ်းအရ အမျိုးသမီး အများစုသည် မရှိမဖြစ် လိုအပ်သော အာဟာရ ဆောင်ရွက်ချက်များ အများစုကို သိကြပြီး အမူအကျင့် အသစ်များကို ပြောင်းလဲရကြကြောင်း သိရှိရသည်။ CRSသည် အတားအဆီးများနှင့် ပတ်သက်သည့် သုံးသပ်ချက်ကို ပြုစုကာ[၅၅] အပြောင်းအလဲကို မည်သည်တို့က တားဆီးနေသည်၊ မရှိမဖြစ် လိုအပ်သော အာဟာရ ဆောင်ရွက်ချက်များ ကို ကျင့်သုံးရန် မဟာဗျူဟာများကို မည်သို့ ပြုစုရမည် တို့ကို နားလည်ရန် ကူညီခဲ့သည်။ PACEက ဆောင်ရွက်သည့် ဦးစားပေး မရှိမဖြစ် လိုအပ်သော အာဟာရ ဆောင်ရွက်ချက်များ မှာ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်တို့ကို တနေ့လျှင် ထမင်းနှစ်နပ် ပိုစားရန် ဖြစ်သည်။ အမျိုးသမီး ၂၂ရာခိုင်နှုန်းကသာ ပုံမှန်ထက် ထမင်းနှစ်နပ် ပိုစားကြသည်။ စစ်တမ်းကောက်ယူရာတွင် ပါဝင်ပေးခဲ့ကြသည့် အမျိုးသမီး ၁၇-ရာခိုင်နှုန်းကသာ ဖြစ်နိုင်ဖွယ်ရှိသည် ဟု လက်ခံကြသည်။ ဒုတိယ ဦးစားပေးမှာ အသက် ခြောက်လအထက် ကလေးများကို ဖြည့်စွက်စာ ကျွေးရန်၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ရောင်စုံများကို ကလေး ထမင်းစားတိုင်း ကျွေးရန် ဖြစ်သည်။ ယင်းကို

၅၄။ Careအဖွဲ့၏ ပုံစံသည် World Relief၏ ရပ်ရွာအခြေပြု ကျန်းမာရေးနှင့် အာဟာရ ဆောင်ရွက်ချက်များကို မွမ်းမံထားခြင်း ဖြစ်သည်။ အစီအစဉ်၏ လွှမ်းခြုံမှု အများဆုံး ရရှိစေရန် နှင့် အစီအစဉ်၏ သက်ရောက်မှု အများဆုံး ရရှိစေရန်ရပ်ရွာ၏ ပူးပေါင်းမှုတိုးတက်စေရန် စေတနာ့ဝန်ထမ်း ကွန်ရက်ကို အသုံးပြုသည်။ အသေးစိတ်ကို caregroupinfo.org တွင် ကြည့်ပါ။

၅၅။www.lift-fund.org/barriers-and-enablers-agriculture-and-nutrition-behaviors-chin-state-myanmar

အမျိုးသမီး ၇-ရာခိုင်နှုန်းကသာ လုပ်နိုင်မည်ဟု ယုံကြည်ကြသည်၊ အာဟာရပြည့်ဝသည့် ဒေသထွက် အစားအစာကို တစ်နှစ်ပတ်လုံး ရရှိရေးသည် အတားအဆီးတခု ဖြစ်သည်၊ အာဟာရ မပြည့်ဝမှု နှင့် ကျန်းမာရေး၊ ကလေးများဖွံ့ဖြိုးမှု အကျိုးဆက်များကို မိခင်များ ပိုမိုသိရှိရန် လိုအပ်ကြောင်း နှင့် ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသားများ၏ ထောက်ခံ အားပေးပါဝင်မှုသည် စားသောက်မှုပုံစံ အပြောင်း အလဲကို အကျိုးရှိစေကြောင်း တွေ့ရှိရသည်။

ဧပြီလတွင် LIFT က ကျင်းပခဲ့သော ပထမအကြိမ် အာဟာရဆိုင်ရာ အမှုအကျင့် နည်းနာအသိုက်အဝန်း အစည်းအဝေးတွင် CRSက အတားအဆီး သုံးသပ်ချက်ကို LIFT ၏ အခြားမိတ်ဖက်များသို့လည်း မျှဝေခဲ့သည်။ ဤရလဒ်များသည် ချင်းပြည်နယ်တွင် Save the Children က ပြုလုပ်မည့် သုတေသနကို အထောက်အကူပြုမည် ဖြစ်ပါသည်။

### *ချင်းပြည်နယ် အာဟာရနှင့် ကျား၊ မ ရေးရာ*

ဇန်နဝါရီလတွင် ဟားခါးမြို့နယ် ကျေးရွာ ၄ ရွာ တွင် Myanmar Institute for Integrated Development (MIID) သည် အာဟာရ နှင့် ကျား၊ မ ရေးရာ အသိအမြင်၊ စိတ်နေသဘောထား၊ အမူအကျင့်ဆိုင်ရာ စစ်တမ်းတခုကိုဆောင်ရွက်ခဲ့ သည်။ကိုယ်ဝန်ဆောင်များအတွက် အစားအစာနှင့် ပတ်သက်သည့် အစွဲများ၊ ကျားနှင့်မတို့၏ တကိုယ်ရည် သန့်ရှင်းရေး အမူအကျင့် မတူညီပုံ၊ အိမ်ထောင်စုအလုပ် ခွဲဝေမှု၊ ကျားနှင့်မ မတူညီပုံ တို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို စစ်တမ်းတွင် တွေ့ရှိရသည်။ အမျိုးသားများသည် အမျိုးသမီးများ လုပ်ကိုင်နိုင်သော ပမာဏ နှင့် စိုက်ပျိုးရေးတွင် ပါဝင်နိုင်မှုတို့ကို လျှော့တွက်ကြသည်။အမျိုးသမီး များသည် စိုက်ပျိုးရေးတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရသည့်ပြင် အိမ်ထောင်မှုအလုပ် အများစုကိုလည်း တာဝန်ယူရသည်။ အမျိုးသမီး များက ဖော်ပြသည့် မိခင်နို့ သက်သက် တိုက်ကျွေးရေး အတားအဆီးတို့တွင် လယ်ထဲတွင် အလုပ် လုပ်နေစဉ် ကလေးကို ခေါ်သွားရန် ခက်ခဲခြင်း၊ နို့မရခြင်း/နို့မထွက်ခြင်း၊ ကိုယ်ဝန်ထပ်မံရခြင်း/ ကိုယ်ဝန်အသစ်ဖြစ်ခြင်း၊ ဖျားနာခြင်းတို့ ပါဝင်သည်။

အမျိုးသမီးများသည် အိမ်ထောင်စုတွင်း၊ ရပ်ရွာ တွင်း အဓိကကျသော အဆုံးအဖြတ်များ ချမှတ်ရာတွင် ပါဝင်ခွင့် မရှိကြောင်း၊ အဖ၏ အမွေကို သားကသာ ဆက်ခံရသောကြောင့် အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့်ကို ကန့်သတ်ထားကြောင်း စစ်တမ်းတွင် အထူးပြုဖော်ပြထားသည်။ စစ်တမ်း၏ လုပ်နည်းအရ အမှန်တကယ် ကျင့်သုံးနေသော အမူအကျင့်များသည် ရိုးရာစံများ နှင့် မည်သို့ ကွာခြားကြောင်း ဆန်းစစ်ထားခြင်း မရှိခဲ့ပေ။ အမျိုးသမီးများသည် ရိုးရာ ယက်ကန်းကဲ့သို့သော လယ်ယာပြင်ပ ဝင်လမ်းရလမ်းများကို လုပ်ကိုင်နေပါက အိမ်ထောင်မှုအလုပ်များတွင် အမျိုးသားများက ပိုမို ပါဝင်ကြကြောင်းကိုမူ စစ်တမ်းမှ တွေ့ရှိခဲ့ရသည်။

### *ကရင်ပြည်နယ် သံတောင်ကြီးမှ စိုးရိမ်ဖွယ် အာဟာရ မပြည့်ဝမှု နှုန်းများ*

ကရင်ပြည်နယ် သံတောင်ကြီးတွင် ၂၀၁၆ ခုနှစ် နောက်ပိုင်း Consortium of Dutch NGOs (CDN) ၏ စီမံချက် အစပျိုး ကာလ၌ World Concern Myanmar (WCM)သည် အာဟာရဆိုင်ရာ လေ့လာ ဆန်းစစ်ချက် စစ်တမ်းကို ကောက်ယူခဲ့သည်။ အကြောင်းအကျိုး ဖော်ထုတ်သည့်နည်းကိုအသုံးပြုကာ ရွာပေါင်း ၃၃ ရွာနှင့် အိမ်ထောင်စု ၃၈၁-စုကို ရွေးချယ်ကာ လူတွေ့ မေးမြန်းခဲ့သည်။ အသက် ငါးနှစ်အောက် ကလေး ၅၉၄ ယောက်၏ ကိုယ်အလေးချိန်နှင့် အရပ်ကို တိုင်းတာခဲ့သည်။

သံတောင်ကြီးရှိ ကလေး ၅၃ ရာခိုင်နှုန်းခန့်သည် ပုညှက်နေကာ၊ ၂၅ ရာခိုင်နှုန်းခန့်သည် ချည့်နဲ့နေသည်၊ သုံးပုံတစ်ပုံခန့်မှာ ကိုယ်အလေးချိန် မပြည့်ပေ။ ပုညှက်သည့် အဆင့်မှာ မြို့နယ်ခွဲတိုင်းတွင် ၄၀ ရာခိုင်နှုန်း အထက်တွင် ရောက်နေသည်။ ဝင်ငွေ အုပ်စုတိုင်းတွင် ယောကျ်ားလေးရော မိန်းကလေးပါ ပုညှက်မှုနှုန်း မြင့်မားနေသည်။

အာဟာရမပြည့်ဝသည့်နှုန်း နိမ့်သည့် နေရာ များ တွင် အာဟာရ မပြည့်ဝသည့်နှုန်း မြင့်မားနေ သည့် အခြေအနေလေးများကိုလည်း တွေ့ရ တတ်သည်။ ရလဒ်မှာ အလေးမူဖွယ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရေးပေါ် အခြေအနေတွင် ရောက်ရှိနေသော ရပ်ရွာများ၏ အာဟာရ မပြည့်ဝမှုများနှင့် နှိုင်းယှဉ်ကာ ဤဒေသများတွင် LIFTက အာဟာရ လုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်းကို ဖော်ဆောင် နေသောကြောင့် ဖြစ်ပါသည်။

အာဟာရဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အတွက် WCM သည် ဒေသခံ မိတ်ဖက်အဖွဲ့များနှင့်အတူ အာဟာရ နှင့် WASH လုပ်ငန်းများကို ရွာပေါင်း ၄၀ တွင် စတင်ခဲ့သည်။ WCM သည် ကွင်းဆင်းဝန်ထမ်းများက ဆောင်ရွက်သော ရပ်ရွာပညာပေး သင်တန်းများ၊ တာဝန်ခံ အမျိုးသမီးများက ဆောင်ရွက်သည့် မိခင်အချင်းချင်း အထောက်ကူပြုအဖွဲ့ သင်တန်းများ ဖြင့် အာဟာရဆိုင်ရာ ပညာပေးမှုများကို ဆောင်ရွက် ခဲ့သည်။

### တောင်တန်းဒေသတွင် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်များကို အားဖြည့်ခြင်း

တောင်တန်းဒေသ အစီအစဉ်၏ ရည်မှန်းချက်တစ်ခုမှာ မိတ်ဖက်အဖွဲ့တို့၏ စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် ဆိုင်ရာ အသိအမြင်နှင့် စွမ်းဆောင်ရည်ကို တိုးတက်စေရန် ဖြစ်သည်။ CORAD၊ မေတ္တာနှင့် CDN အဖွဲ့များသည် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်ကို သုံးသပ်ရန်၊ လုပ်ဆောင်ချက်များကို ဒီဇိုင်းထုတ်ရန် အထောက်အပံ့များ ရရှိခဲ့ကြသည်။ ဧပြီလနှင့် ဩဂုတ်လတို့တွင် ကျင်းပသည့် နည်းနာ အသိုက်အဝန်းအစည်းအဝေးများတွင် မိတ်ဖက်များ နှင့် LIFT တို့က နည်းနာများ နှင့် ကနဦး တွေ့ရှိချက်များကို ဆွေးနွေးခဲ့ကြသည်။

### သံတောင်ကြီး ဖာလာစေ့ တန်ဖိုးကွင်းဆက်

CDN နှင့် စာချုပ်ကာ SNV သည် ဖာလာစေ့ တန်ဖိုး မြှင့်ကွင်းဆက်သုံးသပ်ချက်ကို ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့သည် ကရင်ပြည်နယ်အတွင်း ထုတ်လုပ်မှုနှင့် ရောင်းချမှုများမှသည် အောက်ဘက် ဈေးကွက်များ အထိ၊ ထုတ်လုပ်သည့် နေရာမှ တောင်ငူမြို့နယ်ရှိ ဒေသဆိုင်ရာ ကုန်စည်ဒိုင်အထိ၊ ထိုမှ အထက်ပိုင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်စခန်းများအထိ ကုန်သွယ်မှုတို့ကို သုံးသပ်ခဲ့သည်။ ထို့ကြောင့် တန် ဖိုးမြှင့်ကွင်းဆက်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ပတ်သက်ဆက်နွယ်သူအများ ပါဝင်သော အနေအထား တစ်ခုကို တောင်ငူတွင် ထူထောင်ခဲ့သည်။ ၎င်း၏ အဖွဲ့ဝင် ခုနစ်ဦးသည် ဒီဇင်ဘာလတွင် ရွှေလီ၌ ကျင်းပသည့် မြန်မာ-တရုတ် ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့သည်။ ပြပွဲတွင် ကုန်သည်များ ဖာလာစေ့ ထုတ်လုပ်သူများနှင့် တွေ့ဆုံကာ မြန်မာ့ဖာလာ လုပ်ငန်းအပေါ် ယင်းတို့၏အမြင်များကို ဆွေးနွေးကာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို လည်း လေ့လာစူးစမ်းခဲ့သည်။

| | မြို့နယ် | ချေးငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ | အမျိုးသမီးဦးရေ |
|---|---|---|---|---|
| ASA | ၉ | ၆,၉၇၁,၀၁၃ | ၁၈,၈၉၀ | ၁၈,၈၉၀ |
| Early Dawn | ၁ | ၈,၈၀၅,၅၃၅ | ၂၃,၂၆၀ | ၂၃,၂၆၀ |
| Gret Microfinance (Chin) | ၅ | ၁,၀၂၄,၆၉၁ | ၁၀,၁၂၆ | ၆,၄၈၄ |
| LOLC | ၇ | ၄,၇၁၁,၈၅၈ | ၁၃,၀၆၁ | ၁၂,၂၇၇ |
| Pact Global Microfinance Fund | ၈ | ၃၀,၅၂၈,၆၇၉ | ၈၂,၁၂၂ | ၈၀,၈၅၆ |
| Proximity Finance | ၄ | ၂,၆၁၇,၀၁၁ | ၈,၁၄၆ | ၄,၈၈၈ |
| SATHAPANA LIMITED | ၆ | ၃၅၁,၉၈၅ | ၅,၃၀၃ | ၄,၇၄၄ |
| VisionFund Myanmar | ၈ | ၁၇,၆၆၆,၀၉၅ | ၄၀,၄၇၈ | ၃၂,၄၈၅ |
| စုစုပေါင်း | | ၇၂,၆၇၆,၈၆၆ | ၂၀၁,၃၈၆ | ၁၈၂,၈၈၄ |

▲ ဇယား ၃.၉
တောင်တန်းဒေသ
ငွေကြေးဆိုင်ရာတွင်
အားလုံးပါဝင်စေမှု

ဤတန်ဖိုးမြှင့်ကွင်းဆက်သည် ရှုပ်ထွေးလှပါသည်။ ယင်းတွင်-ထုတ်လုပ်သူ တောင်သူများ၊ တောင်သူများကို ငွေကြေး ထုတ်ပေးသည့် ကုန်သည် အဆင့်ဆင့် (ရွာ၊ မြို့နယ်၊ ဒေသ)၊ သယ်ယူပို့ဆောင်ရေးများ၊ တရုတ်သို့ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းများ၊ တရုတ်နိုင်ငံဘက်မှ ထုတ်လုပ်သူ၊ ဖြန့်ချိသူများ ပါဝင်သည်။

ဖာလာစေ့ တန်ဖိုးမြှင့်ကွင်းဆက် သုံးသပ်ချက်ကို အတည်ပြုခဲ့သည်။ ဖာလာစေ့သည် ဈေးကွက် အနေထား တည်ငြိမ်သည့် အရေးကြီး သီးနှံဖြစ်သည်။ အကန့်အသတ်များတွင်- ကွဲပြားနေသော ထုတ်လုပ်မှုနှင့် ဈေးကွက်တင်မှု၊ စနစ်တကျ အခြောက်မခံခြင်း၊ ကိုင်တွယ်ခြင်းတို့ကြောင့် အရည်အသွေးအားနည်းခြင်း၊ အရည်အသွေး ထိန်းချုပ်မှုကို တောင်သူတို့က စိတ်မဝင်စားခြင်း၊ အရည်အသွေး ပိုကောင်းသော်လည်း ကုန်သည်တို့က ဈေးကောင်း မပေးလိုခြင်း၊ ဈေးကွက်သတင်းများ မရရှိခြင်း၊ အစွန်းနှုန်းမြင့်မားခြင်း၊ ကန့်သတ်သော မူဝါဒများ၊ ထုတ်လုပ်သူ နှင့် ကုန်သည် အဖွဲ့အစည်းများ မရှိခြင်း တို့ ပါဝင်သည်။

မြန်မာ့ဖာလာစေ့သည် အရည်အသွေး အလွန်အားနည်းသည်၊ ထပ်မံပြုပြင်ရန်၊ ရွေးချယ်ရန်လိုအပ်သည်ဟု တရုတ် ကုန်သည်များက ပြောကြသည်။ ဈေးကွက်မြင့်သည့် တိုင်းရင်းဆေး အမည်အဖြစ် အသုံးပြုလောက်အောင် အရည်အသွေး မပြည့်မီလှပေ။ ဗီယက်နမ်ကလည်း တိုးချဲ့ထုတ်လုပ်နေသည်၊ လာအို ဖာလာစေ့ ကလည်း မြန်မာ ဖာလာစေ့ ထက် သာသည်၊ ဤပြိုင်ဆိုင်မှုသည် မြန်မာ့ဈေးကွက်ကို ခြိမ်းခြောက်လျက်ရှိသည်။

ဖာလာစေ့ အရည်အသွေးကောင်းအောင်ဆောင်ရွက်ရန်မှာ တန်ဖိုးမြှင့်ကွင်းဆက် ရေရှည်တည်တံ့ရေး၊ အမြတ်တိုးရေးတို့တွင် အခြေခံကျသည်။ ဤစီမံချက်သည် သီးနှံမျိုးစုံ အခြောက်ခံစက် နှစ်လုံးကို တည်ဆောက်ပေးခဲ့သည်။ အခြောက်ခံမှုက ဖာလာစေ့၏ အရည်အသွေးကို မည်သို့ သက်ရောက်မည်၊ ထို့ပြင် ယင်းတို့ကို နန္ဒင်းသီးနှံအတွက်လည်းသုံးနိုင်၊ မသုံးနိုင်ကို သုံးသပ်ရန် ဖြစ်သည်။ ကုန်သည်များကလည်း ဤနည်းပညာက ထိရောက်ပြီး ၎င်းတို့ကလည်း အကုန်အကျခံနိုင်လျှင် ရင်းနှီးလိုကြ ကြောင်း ဖော်ပြကြသည်။

## မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် အဆင့်မြင့်ပျားရည်အတွက် ဈေးကွက်ကို ဖွံ့ဖြိုးစေခြင်း

ရှမ်းပြည်နယ်ရှိ TAG ပျားမွေးမြူရေး စီမံချက်သည် ပျားမွေးမြူသူများကို သင်တန်းပေးပြီး ပျားရည်အတွက် တန်ဖိုးမြှင့် ကွင်းဆက်များကိုလည်း ဖေဖော်ဝါရီလတွင် အကဲဖြတ်ခဲ့သည်။ မတ်လကုန်တွင် ဘတ်ဂျက် တိုးကာ နှစ်နှစ်တာတိုးချဲ့ရန် အတည်ပြုခဲ့သည်။ အကဲဖြတ်သုံးသပ်ချက်တွင် ပျားမွေးမြူရေး အရင်းအမြစ် စီးပွားရေးဗဟိုဌာန (Apiculture Resource Business Center, ARBC)ကို ဒေသခံတို့က မိမိတို့ကိုယ်တိုင်လက်ခံလုပ်ကိုင်လာမည့် အခြေအနေသို့ ပြောင်းပေးရန် လိုအပ်သည့် ပြုပြင်မှုများကို LFT ၏ အထောက်အပံ့ မပြီးဆုံးမီ ဆောင်ရွက်ရန် အကြံပြုထားသည်။

၂၀၁၇ ခုနှစ်တွင် ဤစီမံချက်သည် စီမံအုပ်ချုပ်မှုစနစ်များကို ပြုပြင်ပြောင်းလဲခဲ့သည်။ ငွေကြေးအရ ရေရှည်တည်တံ့သည့်၊ ထုတ်လုပ်သူများက ပိုင်ဆိုင်သည့်၊ မိမိတို့ဘာသာ စီမံခန့်ခွဲသည့် ဌာနတစ်ခု ဖြစ်ရန်၊ မြန်မာ့ပျားမွေးသူများကို စိတ်ချရသည့် တန်ဖိုးမြင့်သည့် မျှတသည့်ဈေးကွက်သို့လက်လှမ်းမီစေရန်ဟူသော ရည်ရွယ်ချက်များကို ထမြောက်စေမည် ဖြစ်သည်။ ARBC အဖွဲ့များကို Plan Bee လူမှု စီးပွားရေးလုပ်ငန်း အမည်ရှိအဖွဲ့ တခုတည်းအောက်တွင် စုစည်းထားသည်။ ယင်းတွင် ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ နည်းပညာနှင့် အသက်မွေးမှု သင်တန်း (TVET) ဟူသည့် ဌာနသုံးခု ရှိမည် ဖြစ်သည်။

Plan Bee သည် စိုက်ကွင်းများတွင် အရည်အသွေး ထိန်းချုပ်မှု နှင့် လေ့လာစောင့်ကြည့်ရေး စနစ်များကို ကောင်းမွန်အောင် ဆောင်ရွက်ပေးသည်။ အလုပ်ရုံများတွင် ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ စံချိန်များကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ပါသည်။ ထို့ကြောင့် အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ ထောက်ခံချက်ကို ရရှိခဲ့သည်။ ပျားရည် ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ စာရင်းသွင်း စီမံခန့်ခွဲခြင်း စနစ်တို့ကိုလည်း တည်ဆောက်ခဲ့သည်။ ပျားရည်ပုလင်းသွပ်မှုစနစ်ကိုလည်း ပိုမို ကောင်းမွန်အောင် လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံမှ ဖြန့်ချိရေးလုပ်ငန်းတစ်ခုနှင့် သဘောတူ လက်မှတ် ရေးထိုးနိုင်ခဲ့သည်။ ထုတ်ကုန် လိုင်စင်ကို လည်း ရရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် Plan Bee သည် ရောင်းအားနှင့် ငွေကြေးဆိုင်ရာ စွမ်းဆောင်မှု တိုးတက်ခဲ့သည်။ တရုတ်သို့ စုစုပေါင်း ၅.၈တန်ရှိသည့် ပျားရည်များကို နစ်ကြိမ် တင်ပို့ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပျားရည် ၃.၆ တန်သာ ရောင်းချနိုင်သော်လည်း ၂၀၁၇ ခုနှစ်တွင် ၂၂ တန်ထိ ရောင်းချလာနိုင်ခဲ့သည်။ ဝင်ငွေ ကျပ်သန်း၁၀၀ (ကန်ဒေါ်လာ ၇၃,၈၀၀) ရရှိခဲ့သည်။ ဤကုန်သွယ်မှုကြောင့်နှင့် ၂၀၁၇ခုနှစ်တွင် အသားတင် အရှုံးမှာ ကျပ် ၇.၃သန်း (ကန်ဒေါ်လာ ၅,၄၀၀) သာ ရှိခဲ့သောကြောင့် Plan Bee သည် LIFT၏ ထောက်ပံ့ငွေ မလိုဘဲ ငွေကြေးအရ ရပ်တည်နိုင်စွမ်း နီးကပ်လာသည်။

လုပ်ငန်းက တိုးတက်နေသော်လည်း ၂၀၁၇ ခုနှစ် အရောင်း အများစုမှာ ၂၀၁၆ ခုနှစ်တွင် ထုတ်လုပ်သည့် ဝယ်ယူခဲ့သည့် ပျားရည်များသာ ဖြစ်သည်။ Plan Bee ၏ လည်ပတ်ရန်ပုံငွေ မှာ ၂၀၁၇ တွင် ထုတ်လုပ် သည့် ပျားရည်တန် ၄၀အနက် ၉-တန်ကိုသာ မျှတသော ဈေးဖြင့် ဝယ်နိုင်သည်။ ပျားမွေးမြူသူများက ကျန်ပျားရည်များကို ဒေသခံဈေးကွက်တွင် ရောင်းချလိုက်ရသည်။ပျားရည်များကို ဈေးကောင်းကောင်းဖြင့် မရောင်းခဲ့ရသောကြောင့် ပျားမွေးမြူသူအသစ်များမှာ ဝင်ငွေနည်းခဲ့ရသည်။ စီမံချက်က ထောက်ပံ့ခဲ့သည့်တိုင် ပျားအုံများအတွက် ယင်းတို့ အရင်းအနှီးမှာ ကြီးမားလှသည်။

စီမံချက် နှင့် အတူ အလုပ်လုပ်နေသည့် သင်တန်းဆင်း သင်တန်းသား ပျားမွေးမြူသူ ၈၆ ဦးရှိကာ ပုဂ္ဂလိက ပျားမွေးမြူသူ ၁၃ ဦးရှိသည်။ ယင်းတို့သည် ပျားအုံများ ရွှေ့ပြောင်းရေး နှင့် လက်တွေ့သင်ကြားပြသမှုတို့တွင် ပါဝင်ဆောင်ရွက်နေကြသည်။

သင်တန်းမှထွက်သွားသည့်နှုန်းမှာ မြင့်မားနေဆဲဖြစ်သည်။ယင်းမှာ ပုံမှန်ဝင်ငွေ မရှိပါက ပျားစာပြတ်သည့် ကာလများတွင် ပျားအုံများကိုထိန်းသိမ်းရန် ခက်ခဲသောကြောင့် ဖြစ်သည်။ သင်တန်းတက်ရန် လုပ်ငန်းစဉ်၊ သင်တန်းသား ရွေးချယ်မှုတို့ကို ပြန်လည်ပြုပြင်ခဲ့ပြီး သင်တန်းချိန်ကို လည်း ပြန်လည် သုံးသပ်ခဲ့သည်။ ပျားမွေးမြူသူ အသစ်များဝင်ငွေ မြန်မြန်ပေါ်စေရန် ပျားအုံနှင့် လက်သုံး ကိရိယာများကို ပိုမို ထောက်ပံ့ခဲ့သည်။

Plan Bee သည် ယခင်ကထက် စီးပွားရေး လုပ်ငန်း ဆောင်ရွက်မှု ခိုင်မာလာသော်လည်း ဖွဲ့စည်းပုံ နှင့် အုပ်ချုပ်မှု ပုံစံကို မသတ်မှတ်ရသေးပေ။ ယင်းကို ၂၀၁၈ ခုနှစ်တွင် အလေးထား ဆောင်ရွက်မည် ဖြစ်သည်။

## အရှေ့တောင်ပိုင်းတွင် တိုးချဲ့ခြင်း နှင့် ပဋိပက္ခကို အလေးထားသုံးသပ်သည့် ဆန်းစစ်ချက်

LIFT သည် မေလတွင် တောင်တန်းဒေသရှိ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး ၊ အာဟာရ၊ ဖွံ့ဖြိုးရေးအသွင် ကူးပြောင်းမှု စီမံချက် (Sustainable Transformation for Agriculture, Nutrition and Development in Uplands, STAND UP)ကို အကောင်အထည်ဖော်ရန် The Border Consortium (TBC) နှင့် လက်မှတ်ရေးထိုးခဲ့သည်။ စီမံချက်သည် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်ရှိ မြို့နယ် ၁၀-ခု တွင် ဒေသခံ အဖွဲ့အစည်း ရှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

မေလတွင် LIFT၏ ပဋိပက္ခဆိုင်ရာ အကြံပေးအဖွဲ့သည် ကရင်ပြည်နယ်၏ပဋိပက္ခကို အလေးထားသုံးသပ်သည့် ဆန်းစစ်ချက်ကို ဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့သည် မိတ်ဖက်အဖွဲ့များဖြစ်သည့်- UNHCR၊ နိုင်ငံတကာ NGOများ၊ သက်ဆိုင်သည့် အစိုးရဌာနများ၊ကရင် အမျိုးသား အစည်းအရုံး (KNU)၏ ကျန်းမာရေး ၊စိုက်ပျိုးရေး ဌာနများ၊ ဆက်ဆံရေး အရာရှိများ နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ KNU ခေါင်းဆောင် များနှင့် တွေ့ဆုံကာ LIFTအစီအစဉ်နှင့် အရှေ့ တောင်ပိုင်းတွင် ဆောင်ရွက်မည့် စီမံချက်များကို တင်ပြခဲ့သည်။ KNU တို့က LIFTနှင့် အတူ လုပ်ဆောင်ရန် စိတ်ထက်သန်ကြောင်း ဖော်ပြခဲ့ ကြသည်။ တွေ့ကြုံလာမည့် စိန်ခေါ်မှုများမှာ ပြည်ပ ခိုလှုံသူများ နှင့် နေရပ်စွန့်ခွာနေထိုင်သူများ မူလ နေရပ်များသို့ပြန်ခြင်း၊ သို့မဟုတ် ချထားပေးသည့် နေရာများသို့ သွားခြင်းတို့ တိုးလာခြင်း၊ ၎င်းတို့တွင် အသက်မွေးမှု အထောက်အပံ့မရှိခြင်း တို့ ဖြစ်သည်။

နောက်ထပ် ပဋိပက္ခကို အလေးထား လေ့လာသုံးသပ်သည့် ဆန်းစစ်ချက်ကို ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။ LIFT၏ ရန်ပုံငွေ ပံ့ပိုးသည့် တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ နှင့် မေတ္တာ၏ တန်ဖိုးမြှင့် ကွင်းဆက်စီမံချက် လုပ်ငန်းတို့သို့ ပဋိပက္ခများ၏ သက်ရောက်မှုကို ဆန်းစစ်ရန် ဖြစ်သည်။ စီမံချက်သို့ ပဋိပက္ခများ၏ သက်ရောက်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိသေးသည်။ သို့သော် ထိုနယ်မြေတွင် ယေဘုယျအားဖြင့် လုံခြုံရေး မရှိခြင်းက စီမံချက် အကောင်အထည်ဖော်မှု နှင့် တောင်သူများ နှင့် ထိတွေ့ဆောင်ရွက်မှုတို့ကို အဟန့်အတားဖြစ်နေသည်။ ပဋိပက္ခများကြောင့် တောင်သူများကလည်း လယ်ယာ များသို့ မသွားနိုင်ကြပေ။ အချို့ရွာများသို့ စီမံချက် ဝန်ထမ်းများ မသွားနိုင်ကြပေ။အစိုးရဝန်ထမ်းများ ကလည်း ဘုံသစ်တော မှတ်ပုံတင်ရေးကဲ့သို့သော ဝန်ဆောင်မှုများကို မဆောင်ရွက်နိုင်ကြပေ။

## တနင်္သာရီတိုင်း အသက်မွေးမှုပညာ သင်တန်း နှင့် လုပ်အားဈေးကွက်

LIFT၏ ပံ့ပိုးမှုဖြင့် ရပ်ရွာအသက်မွေးမှုသင်တန်းဌာန[၅၆] (Community Vocational Training Centre, CVTC) ကို သရက်ချောင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် နှစ်လကြာ ပန်းရံ၊ လက်သမား၊ စက်ပြင်၊ ရက်ကန်း၊ စက်ချုပ် နှင့် မုန့်ဖုတ်သင်တန်းများကို စတင် ဖွင့်လှစ်မည် ဖြစ်သည်။ Karen Development Network (KDN)၏ မိတ်ဖက်အဖွဲ့ဖြစ်သော Covenant Consult က ကောက်ယူသည့် လုပ်အား ဈေးကွက်စစ်တမ်းအရ TVET အခွင့်အလမ်းများသည် ဤဒေသတွင် အကန့်အသတ်ဖြင့်သာရှိကြောင်း၊ အထူးသဖြင့် ကရင်တိုင်းရင်းသား နေရပ်စွန့်ခွာ နေထိုင်သူများ အတွက် ဖြစ်ကြောင်း တွေ့ရှိရသည်။ သို့သော် အသက်မွေးမှုအတတ်ပညာသင်တန်း လိုအပ်ချက်နှင့် တောင်းဆိုမှုမှာ မြင့်မားသည်၊ ဒေသခံ စီးပွားရေး လုပ်ငန်းများက ကျွမ်းကျင်လုပ်သားများကို အလုပ် ခန့်အပ်ရန် အသင့်ရှိနေကြသည်။

CVTC ကို ရပ်ရွာ အခြေပြုအဖွဲ့အစည်းအဖြစ် ထူထောင် ခဲ့သည်။ ဒါရိုက်တာ ဘုတ်အဖွဲ့တွင် ဘာသာရေးနှင့် ရပ်ရွာ ခေါင်းဆောင်များ၊ မိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ Adventist Development နှင့် Relief Agency Thailand တို့မှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

LIFTသည် တောင်တန်းဒေသတွင် လုပ်ဆောင်နေသည့် အသေးစားငွေကြေး လုပ်ငန်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ငွေစု၊ငွေချေးသူ ၂၀၀,၀၀၀ ခန့်သည် ချေးငွေ ကန်ဒေါ်လာ ၇၂ သန်း ခန့်ကို ရရှိခဲ့ကြသည်။

## ဒေသခံ အဖွဲ့အစည်းများကို စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း

၂၀၁၆ ခုနှစ် နှစ်လယ်တွင် SWISSAID သည် GRET၊ မေတ္တာတို့နှင့် မိတ်ဖက်ပြုကာ တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (uplands township funds, UTF) ကို ကချင် ၊ ကယား၊ ချင်း၊ ရှမ်း (မြောက်ပိုင်း နှင့် တောင်ပိုင်း) ပြည်နယ်များတို့မှ ၁၅မြို့နယ်တို့တွင် ထူထောင်ပေးခဲ့သည်။ UTFသည် ဒေသခံ CSOများကို အသက်မွေးမှုလှုပ်ရှားမှုများ အကောင်အထည်ဖော်ခွင့်၊ ယင်းတို့၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု စွမ်းဆောင်ရည် တို့ကို အားဖြည့်ခွင့် ရရှိစေမည် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် UTF သည် အဆိုပြုလွှာ ၁၁၈ စောင်ကို လက်ခံရရှိခဲ့ပြီး စီစစ် အတည်ပြုကာ ကန်ဒေါ်လာ ၁.၄ သန်းတန်သည့် ထောက်ပံ့မှု ၅၄ ခုကို CSO ၅၁ ဖွဲ့သို့ ကန်ထရိုက် ချထားပေးခဲ့သည်။ UTF ထောက်ပံ့ငွေများကို- ဝင်ငွေ၊ လုပ်ငန်းကျွမ်းကျင်မှု၊ သီးနှံအထွက် တိုးတက်ရေး၊ မြေယာနှင့်သစ်တော ဥပဒေများ သိရှိရေး၊ အမျိုးသမီး ခေါင်းဆောင်မှု သင်တန်းများပေးရေး၊ ငါးလုပ်ငန်း/ရင်းမြစ်များ ကာကွယ်ရေး၊ အမျိုးသားချင်း၊ အမျိုးသမီးချင်း ချစ်သူများ၊ အမျိုးသား/အမျိုးသမီး နှစ်မျိုးလုံး ချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲခံယူ နေထိုင်သူများ၊ မွေးရာပါ လိင်အင်္ဂါ နှစ်မျိုးလုံး ပါသူများ (lesbian, gay, bisexual and transgender, LGBT) တို့ ရပိုင်ခွင့် သိရှိရေး နှင့် ထိုင်းနိုင်ငံမှ ပြန်လာသူတို့ကို ဒေသခံ အသက်မွေးမှုတွင် ပြန်လည် ပေါင်းစည်းရေး တို့အတွက် အသုံးပြုလျက်ရှိပါသည်။

## တောင်တန်းဒေသရှိ လုံခြုံဘေးကင်း၍ အကျိုးရှိသော ရွှေ့ပြောင်းသွားလာမှု

LIFT ၏ ရွှေ့ပြောင်းသွားလာရေးစီမံချက်- 'ခိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အကျိုးဆက်များကို တိုးမြှင့်အောင် ပြုလုပ်ခြင်း'ကို နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့အစည်း(I-OM)က ကရင်၊ ချင်း၊ တနင်္သာရီ၊ မွန်၊ ရှမ်းစသည့် ဒေသကြီးခုနစ်ခုရှိ မြို့နယ် ၃၀၊ ရွာပေါင်း ၆၅၆ ရွာတွင် အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် ၎င်းဒေသများတွင် ဖြစ်ပေါ်နေသည့် ရွှေ့ပြောင်းသွားလာရေး အနေအထားများ အလိုက် ထိရောက် စွာ ဆောင်ရွက်နိုင်ရန် ဒေသခံ CSO ၃၃ဖွဲ့ ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့သည်။ ရွှေ့ပြောင်းသွားလာရေး အကြိုသင်တန်း၏ သင်ရိုးနှင့်အတူ နည်းပြလမ်းညွှန်ကို IOM က

[၅၆] မူလ အဆိုပြုအမည်မှာ- ကရင် အသက်မွေးမှု သင်တန်းဌာန ဖြစ်သည်။ သို့သော် အစိုးရက ဤအမည်ဖြင့် မှတ်ပုံတင်သည်ကို လက်မခံပေ။

ပြင်ဆင်ပေးသည်။ ချင်းပြည်နယ်တွင် LIFT၏ မိတ်ဖက်အဖွဲ့ ချင်းလူ့အခွင့်အရေးအဖွဲ့(CHRO)သည် ယင်းသင်ရိုးကို အသုံးပြုကာ ဟားခါးမြို့နယ် ကျေးရွာ ၁၃ ရွာတွင် ပြဇာတ်ကပြခဲ့ရာ လူပေါင်း ၂,၀၀၀ ထံသို့ ရောက်ရှိခဲ့သည်။ PGMF သည် ဒေသခံမိတ်ဖက် CSO များ၏ ဝန်ထမ်းများကို ပြန်လွှဲငွေစုဆောင်းမှု အရေးကြီးကြောင်း သင်တန်းပေးခဲ့သည်။

တောင်တန်းဒေသတွင် အလုပ်အကိုင် အခွင့်အရေး အတွက် ရွှေ့ပြောင်းသွားလာရန် စီမံနေသောသူများကို အသက်မွေးမှု ပညာသင်တန်းများ ပိုမိုပေးရန် ဆောင်ရွက် လျက်ရှိသည်။ ရှမ်းပြည်နယ်တွင် LIFT၏ မိတ်ဖက် ပါရမီဖွံ့ဖြိုးရေး ကွန်ရက်သည် မော်တော် ဆိုင်ကယ်နှင့် စက်ပြင်၊ စက်ချုပ်၊ အလှပြင်၊ စာရင်းကိုင်၊ အင်္ဂလိပ်စကားပြော သင်တန်းများကို ဖွင့်လှစ်ပေးသည်။

အရှေ့တောင်ပိုင်းရှိ LIFT၏ မိတ်ဖက်များသည် အစိုးရTVET ကျောင်းများ၊ ကုန်သည်ကြီးများနှင့် အတူဆွေးနွေးပြီး အသက်မွေးမှုပညာ သင်တန်းများ ပေးရန် သင့်တော်မည့်မိတ်ဖက်များ ရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။ ချင်းပြည်နယ်တွင် CHRO သည် မြို့နယ် ၅ ခုမှ သင်တန်းသားများကို စုစည်းကာ ဟားခါး အစိုးရနည်းပညာကောလိပ်မှ သင်ကြားပေးသည့် မိုဘိုင်းလ်ဖုန်းပြင်၊ လက်သမား၊ ပန်းရံ သင်တန်းများကို တက်ရောက်နိုင်ရန် ဆောင်ရွက်ခဲ့သည်။

## ရှေ့ကို မျှော်ကြည့်လျှင်

၂၀၁၇ ခုနှစ်တွင် တောင်တန်းဒေသ အစီအစဉ်သည် သိသိသာသာ ကြီးမားလာသည်။ ဒေသဆိုင်ရာ အကြောင်းအရာကို ပိုမိုနားလည်လာပြီး လုပ်ငန်းစဉ်များကို ပိုမိုပြုစုနိုင်လာကာ ရပ်ရွာများထံသို့ ပိုမို ရောက်ရှိလာသည်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းတွင် ကာလလယ် သုံးသပ်ချက်များဖြင့် စီမံချက် အကောင်အထည်ဖော် တိုးတက်မှုကို အကဲဖြတ်ကာ တိုးတက်အောင် ပြုပြင်ရမည့် အပိုင်းများကို ဖော်ထုတ်မည် ဖြစ်သည်။

ချင်းပြည်နယ်အတွက် ပင်မ ဦးစားပေးမှာအစိုးရ ငွေကြေးထောက်ပံ့မှု နှင့်အာဟာရ အစီအစဉ်ကို လေ့လာစောင့်ကြည့်မည့် စနစ်များခိုင်မာစွာ အခြေခိုင်ရေးပင်ဖြစ်သည်။ အာဟာရဆိုင်ရာ ပညာပေးမှုများသည်လည်း IYCF စာရွက်စာတမ်း များကို အခြေခံကာ ထွက်ပေါ်လာမည် ဖြစ်သည်။ Save the Children သည် သုတေသနကို အခြေခံကာ သင့်တော်မည့် SBCC မဟာဗျူဟာကို ရေးဆွဲမည်။ အကြံပြုထားသည့် အမူအကျင့်များကို ကျင့်သုံးရာတွင် မည်သည့် အဟန့်အတားများ ရှိနေသည်ကို နားလည်စေနိုင်မည် ဖြစ်သည်။ CRS သည် မြန်မာနိုင်ငံတွင် ပထမဆုံးသော အာဟာရဆိုင် အကြောင်းအကျိုး လေ့လာဆန်းစစ်မှု စစ်တမ်းကောက်ကာ ဤအားထုတ်မှုတို့ကို ထပ်လောင်းပေးမည် ဖြစ်သည်။[၅၇]

အရှေ့တောင်ပိုင်းတွင် LIFT၏ မိတ်ဖက်အဖွဲ့များသည် KNU နှင့် အခြား ပတ်သက်ဆက်နွယ်သူများ၏ ဆက်ဆံရေး ကို အားဖြည့်ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တိုးတက်မှု မရှိသဖြင့် ပိုမို သိသာသော ပူးပေါင်းဆောင်ရွက်မှု ဖြစ်မလာနိုင်သေးပေ။ ၂၀၁၈ ခုနှစ်တွင် LIFT သည် ပဋိပက္ခဒဏ်ခံ နယ်မြေများတွင် လုပ်ကိုင်ဖူးသည့် ပထမဆုံး အတွေ့အကြုံ ရလဒ်များကို သုံးသပ်မည် ဖြစ်သည်။ နောင်တွင် ထိတွေ့ ဆောင်ရွက်မည့် မဟာဗျူဟာကို ရေးဆွဲမည် ဖြစ်ကာ နေရပ်စွန့်ခွာ နေထိုင်သူများသို့ ပံ့ပိုးမှုများ ဆောင်ရွက် နိုင်ရေးကို အထူးပြုမည် ဖြစ်ပါသည်။

LIFTသည် မိတ်ဖက်အဖွဲ့အစည်း အချင်းချင်း အတွေ့အကြုံဖလှယ်ရေးကို အထူးပြု ဆောင်ရွက်မည် ဖြစ်ပြီး တောင်တန်းဒေသ အစီအစဉ်သည် အာဟာရ၊ တန်ဖိုးမြှင့်ကွင်းဆက်၊ သယံဇာတစီမံခန့်ခွဲရေး တို့နှင့် သက်ဆိုင်သည့် နည်းနာ အသိုက်အဝန်း စည်းဝေးပွဲများကို ပြုလုပ်မည် ဖြစ်သည်။

၅၇။ linknca.org ကို ကြည့်ပါ။

# ရေကောင်းရေသန့် နှင့် တကိုယ်ရည်သန့်ရှင်းမှုများ တိုးတက်လာခြင်း

*ဒေါ်အေးညို* အသက် ၇၉ နှစ်သည် အသစ် တပ်ဆင်လိုက်သည့် ဇီဝသဲရေစစ်မှရသော ရေချို ရေသန့်ကို မြည်းကြည့်နေသည်။ ထိန်းသိမ်းရလွယ်သည့် ရေစစ်သည် နောက်တခါ မုန်တိုင်းကျလျှင် မရှိမဖြစ် ဖြစ်လိမ့်မည်။ ထိုအကြောင်းကို ယင်းတို့ ကောင်းစွာ သိသည်။ ဒေါ်အေးညို သည် မုန်တိုင်းငါးကြိမ် ကြုံဖူးသည်။ ၁၉၇၉ ခုနှစ် မုန်တိုင်း တွင် အနားရှိ ကျွန်းမှ လူ ၅၀၀ ရေငတ်ကာ သေဆုံးခဲ့သည်။ သူတို့ရွာမှ ရေကန်တွင် ဆားငန်ရေများ ပြည့်သွားခဲ့သည်။

ဇီဝသဲရေစစ် ရရှိသဖြင့် ကလေးမိဘများလည်း ဝမ်းသာနေကြသည်။ သူတို့ ငယ်စဉ်က ဝမ်းပျက်မည်ကို ကြောက်နေ ခဲ့ကြသည်။ နွေရာသီတိုင်း ကျီးခေါင်းတောင်ရွာမှ ကလေးငါးယောက် ဝမ်းပျက်၍ သေဆုံးခဲ့သည်။ ရွာတွင် အိမ်ထောင်စု ၂၄၀၊ လူ ၁,၄၀၀ ရှိသည်။ ယခုအခါ နွေရာသီတွင် လူမသေတော့ပါ။ သူတို့၏ အလေ့အထများ ကို ပြောင်းလိုက်ကြသဖြင့် ဝမ်းပျက်ခြင်း မရှိတော့ပေ။ ရေကို ကျိုချက်သည်။ အိမ်သာသုံးသည်။ အိမ်သာသုံးပြီး၊ မချက်ပြုတ်မီ၊ ကလေးကို မကျွေးမွေးမီ လက်ဆေးကြသည်။

ရခိုင်ပြည်နယ် တက်လမ်း အစီအစဉ်၏ ဆက်သွယ်ရေးနှင့် ပြန်ကြားရေး အရာရှိ Jennifer Macintyre မှ ရေးသားသည်









၄

# အကြောင်းအရာအလိုက် စီမံကိန်းများ

LIFTသည် သက်ဆိုင်ရာဒေသအလိုက် စီမံကိန်းတို့ကို သီးသန့်ရန်ပုံငွေ ထောက်ပံ့သည့် အပြင် ဒေသ ၄-ခု လုံးအတွက် လွှမ်းခြုံသော အထောက်အပံ့များကိုလည်း ပေးအပ်လျက်ရှိပါသည်။ အထူးသဖြင့် ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိကကဏ္ဍ နှင့် ထိတွေ့ဆောင်ရွက်မှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ရွှေ့ပြောင်းသွားလာရေးတို့တွင် ဖြစ်သည်။

၄.၁

## LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ပြုမှုများ

LIFT သည် ရန်ပုံငွေထောက်ပံ့သူ သက်သက်ထက် ပိုမိုသာလွန်ပြီး ဖြစ်မြောက်အောင် ဆောင်ရွက်သူ ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ နှင့် တက်ကြွစွာ ပူးပေါင်းပြီး မိတ်ဖက်ပြုကာ အစီအစဉ်များကို ဒီဇိုင်း ရေးဆွဲသည်၊ ပူးတွဲ ငွေကြေး ထောက်ပံ့သည်၊ ဆုံးရှုံး နိုင်ခြေကို မျှဝေယူသည်၊ တီထွင်ဆန်းသစ်သော အကြံအစည်များကို တွန်းအားပေးသည်။ လွန်ခဲ့သော ဆယ်စုနှစ်များက ဆိုလျှင် ဖွံ့ဖြိုးဆဲစီးပွားရေးများသို့ ရောက်ရှိလာသော ငွေကြေး ရင်းနှီးမြှုပ်နှံမှုများသည် ဖွံ့ဖြိုးရေး အထောက်အကူများမှ ဖြစ်သည်။ ယနေ့ ဖွံ့ဖြိုးရေး အထောက်အကူများ၏ သုံးပုံနှစ်ပုံသည် ပုဂ္ဂလိက ကဏ္ဍ၏ ငွေကြေးနှင့် အရင်းအနှီးများ ဖြစ်ကြသည်။ ပုဂ္ဂလိကမှ ပရဟိတနှင့် လူသာချင်း စာနာမှု ထောက်ထားမှု အလှူငွေနှင့် ပြန်လွှဲငွေ များသည် ၁၉ရာခိုင်နှုန်း ရှိသည်။ တရားဝင် ဖွံ့ဖြိုးရေး အထောက်အကူများသည် စုစုပေါင်း၏ ၁၅ရာခိုင်နှုန်း သာ ရှိသည်။[၅၈]

ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ရေရှည်ဖွံ့ဖြိုးရေးနှင့် ဆက်လက် သက်ဆိုင်နေရန်၊ ရလဒ်ကောင်းများ ရရှိရန် တို့အတွက် အခရာ ကျသည်။ ထိုကြောင့် LIFTသည် လွန်ခဲ့သော နှစ်နှစ်မှစတင်၍ အစီအစဉ်များကို ပုဂ္ဂလိကကဏ္ဍ နှင့် ပူးပေါင်းကာ ပြုစုခဲ့သည်။ ဆုံးရှုံးနိုင်ခြေကို မျှယူကာ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု များကို ကျေးလက်ဒေသနေ ပြည်သူလူထုထံသို့ တိုးချဲ့နိုင်ခဲ့သည်။

LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ပြုမှု အစီအစဉ်သည် လွန်ခဲ့သည့် နှစ်နှစ်ခွဲအတွင်း ဘတ်ဂျက် ကန်ဒေါ်လာ ၇၅သန်းမှ ၂၄၈သန်းအထိ တိုးတက်လာသည်။ ယင်းတွင် LIFT၏ ရင်းနှီးမြှုပ်နှံမှုကြောင့် ဆထက်မက တိုးလာသည့် ပုဂ္ဂလိကကဏ္ဍမှ ပူးတွဲထည့်ဝင်ငွေ ကန်ဒေါ်လာ ၁၇၃သန်းလည်း အပါအဝင် ဖြစ်သည်။ ရလဒ် အနေဖြင့် ပိုမို ခိုင်မာသော အားလုံးပါဝင်စေသည့် ကျေးလက်ငွေကြေးဈေးကွက်ပင် ဖြစ်သည်။ ၎င်းသည် စီးပွားရေးအခွင့်အလမ်းများ ရယူရန်၊ ပိုင်ဆိုင်မှု တည်ဆောက်ရန်၊ အလုပ်အကိုင် ဖန်တီးရန်၊ ဆုံးရှုံး နိုင်ခြေများကို စီမံနိုင်ရန်အတွက် ရပ်ရွာလူထုကို ပံ့ပိုး ကူညီပြီး ဆင်းရဲနွမ်းပါးသူများ၏ ကြံ့ကြံ့ခံနိုင်မှုကို တိုးတက်စေမည် ဖြစ်ပါသည်။

### အသေးစားငွေကြေးလုပ်ငန်း တိုးချဲ့ခြင်း

- ၂၀၁၇ခုနှစ်တွင် LIFTသည် ငွေကြေးဆိုင်ရာ မိတ်ဖက်အဖွဲ့သစ် ရှစ်ဖွဲ့နှင့် မိတ်ဖက်ပြုခဲ့သည်။ နှစ်ခုမှ အပူပိုင်းဇုန်ဒေသ န္တားထိုးကြီး နှင့် မြင်းခြံမြို့နယ် တို့မှ မြို့နယ် ငွေစုငွေချေး သမဝါယမ အသင်းနှစ်သင်း ဖြစ်ပြီး Canadian Cooperatives Assocation (CCA)က အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ခြောက်ခုမှာ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း (microfinance institutions, MFI) အသစ် များဖြစ်ကာ LIFT၏ MFI အရင်းအနှီးဈေး ကွက်ဖော်ဆောင်မှုစီမံချက်က ထောက်ပံ့နေသော နိုင်ငံတကာ ကုမ္ပဏီများ ထံမှ ချေးငွေ ရရှိခဲ့သည်။ ထိုအရင်းအနှီးဈေးကွက်ဖော်ဆောင်မှု စီမံချက်ကို TCX၏ နိုင်ငံခြားချေးငွေ၊ တပိုင်းတစဆုံးရှုံးမှုကို ကာမိစေမည့် ရန်ပုံငွေမှတဆင့် အကောင်အထည် ဖော်လျက်ရှိပါသည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာလထိ LIFT တွင် ငွေကြေးဆိုင်ရာ မိတ်ဖက် ၆၅-ဖွဲ့ ရှိသည်။ ယင်းတို့မှာ - နိုင်ငံတကာMFI ၁၄ခု၊ ပြည်တွင်း MFI ၁၀ခု၊ စီးပွားရေးဘဏ်တခု၊ မြို့နယ် ငွေစုငွေချေးသမဝါယမ နှစ်သင်း၊ အခြေခံ ချေးငွေ သမဝါယမ ၃၈ဖွဲ့တို့ ဖြစ်သည်။ အသေးစိတ်ကို နောက်ဆက်တွဲ (၄)တွင် ကြည့်ရှုနိုင်ပါသည်။ MFI အများစုကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အရ အကျိုးအမြတ်ရ ကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသည်။ ၂၀၁၇ ခုနှစ် အသေးစားငွေရေးကြေးရေး ရလဒ် များတွင် အောက်ပါတို့ ပါဝင်သည်-

- ကျေးရွာ/ရပ်ကွက် ၁၆,၂၁၁-ခု မှ ငွေစု၊ငွေချေးသူ ၂.၁-သန်း (၂၀၁၆ခုနှစ်ထက် ၂၃ရာခိုင်နှုန်း တက်လာသည်)
- စုစုပေါင်းပိုင်ဆိုင်မှု ကန်ဒေါ်လာ ၄၅၉-သန်း (၂၀၁၆ခုနှစ်ထက် ၉၀ရာခိုင်နှုန်း တက်လာသည်)
- ထုတ်ချေးငွေ ကန်ဒေါ်လာ ၆၄၈-သန်း (၂၀၁၆ခုနှစ်ထက် ၅၀ ရာခိုင်နှုန်း တက်လာသည်)
- ကြွေးကျန် ကန်ဒေါ်လာ ၃၉၉-သန်း
- စုငွေကန်ဒေါ်လာ ၈၆-သန်း

ကြွေးကျန် နှင့် ပိုင်ဆိုင်မှု အချိုးမှာ ၀.၈၆ ဖြစ်ရာ MFI များ၏ အရင်းအနှီးများကို အကျိုးရှိစွာ အသုံးပြုနေကြောင်း ပြသလျက်ရှိသည်။ ချေးငွေ ၆၀-ရာခိုင်နှုန်းခန့်ကို မွေးမြူရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အသုံးပြုပြီး ၃၀-ရာခိုင်နှုန်းကို စိုက်ပျိုးရေးအတွက် အသုံးပြုကြသည်။

MFIများသည် လုပ်ငန်းဆောင်ရွက်မှုများ ပိုမို ထိရောက်လာသည်။ အလျင်အမြန်တိုးချဲ့နေသော MFIအချို့မှတပါး လုပ်ငန်းစရိတ်သည် ပိုင်ဆိုင်မှု၏ ရာခိုင်နှုန်းတစ်ခု ကုန်ကျနေရာမှ လျော့ကျလာပြီး ချေးငွေအတိုးနှုန်းကိုပင် လျှော့ချလာနိုင်သည်။ ပြည်တွင်း MFIများနှင့်အကောင်အထည်ဖော်နေသော PGMF၏ မြန်မာ့ကျေးလက် ချေးငွေလက်လှမ်းမီရေး (MARC) စီမံချက်သည် နမူနာကောင်း တစ်ခု ဖြစ်သည်။ ငွေကြေးအရ ရပ်တည်နိုင်ပြီးကောင်းစွာ အကောင်အထည်ဖော်ထားသည့် MFI ဖြစ်သည်။ လုပ်ငန်းစရိတ်သည် ပျမ်းမျှပိုင်ဆိုင်မှု၏ ၁၀ရာခိုင်နှုန်း သာရှိသဖြင့် LIFT၏ သတ်မှတ်ချက်ကိုပြည့်မီပါသည်။

LIFT၏ ငွေကြေးအစီအစဉ်သည် ဈေးကွက် အမျိုးမျိုး ကို ဝန်ဆောင်မှုပေးမည့်၊လိုအပ်ချက် က တွန်းအားပေးသည့် ငွေကြေးဝန်ဆောင်မှု ဖြစ်ထွန်းစေရန် MFIများကို ဆက်လက်ထောက်ပံ့

၅၈။ ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရန် ရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးရေး အစီအမံများ၊ ၂၀၁၅၊ http://devinit.org/post/private-development-assistance-key-facts-and-global-estimates/

လျက်ရှိပါသည်။ ၂၀၁၇ခုနှစ် နှစ်ကုန် လောက်တွင် LIFT ရန်ပုံငွေ ပံ့ပိုးသည့် MFI များသည် အပ်ငွေ၊ ချေးငွေ၊ အငှားချခြင်း၊ အချိန်ပိုင်း ချေးငွေ၊ ကုန်ကျစရိတ်များသည့် အကြွေးတင်နေမှုများအား ပြေလည်စေမည့် ချေးငွေများ၊ ရာသီပေါ် သီးနှံ (ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ပြောင်း)၊ မွေးမြူရေး၊ စီးပွားရေး လုပ်ငန်းငယ်များအတွက် ငွေထုတ်ချေးမှုများ၊ ဝင်ငွေနည်းသည့် အမျိုးသမီးများ၊ရွှေ့ပြောင်းသွားလာသူများ၊ မသန်စွမ်းသူများ၊ နေရပ်စွန့်ခွာနေထိုင်သူများ အတွက် သီးသန့်ချေးငွေများကို ထုတ်ပေးနေသည်။ ဤအစီအစဉ်သည် ၂၀၁၇ခုနှစ်တွင် ပဋိပက္ခဖြစ်ပွားနေဆဲ နှင့် ဖြစ်ပွားပြီး နေရာများ အပါအဝင် ရခိုင်ပြည်နယ် နှင့် တောင်တန်း ဒေသတို့ရှိ ဝန်ဆောင်မှု မရောက်သေး သော၊ အရောက်နည်းနေသေးသော နေရာများသို့ MFI များကို တိုးချဲ့မည်။ MFI အရင်းအနှီး ဈေးကွက် စီမံချက်သည် ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဆွဲဆောင်ရန် နှင့် ဤသို့ တိုးချဲ့ရာတွင် မရှိမဖြစ် အရေးပါလာသည်။

## အားလုံးပါဝင်စေသော ကျေးလက်ဒေသ ငွေကြေးဈေးကွက်ကို တည်ဆောက်ခြင်း

အသွင်ကူးပြောင်းနေသည့် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ကျေးလက် စီးပွားရေးကလည်း လိုက်ပါပြောင်းလဲ လျက်ရှိရာ မည်သူက 'တက်လှမ်း' နိုင်သည်။ မည်သူက 'ထွက်ခွာ' နိုင်သည်၊ 'ထွက်ခွာ' လိမ့်မည်။ မည်သူတို့က 'တောင့်ထား'ရန် လိုအပ်မည်ဟု LIFT၏ မဟာဗျူဟာက ဦးတည်ရခြင်းမှာ ကျေးလက်ဒေသတွင် အိမ်ထောင်စု အမျိုးမျိုး ရှိနေခြင်းသည်လည်း အကြောင်းရင်း တချက် ဖြစ်သည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် အိမ်ထောင်စုများ နှင့် စီးပွားရေးလုပ်ငန်းငယ်များ၏ စီးပွားရေး အဆင့်အတန်းမှာ အမျိုးအမည် များပြားလှပါသည်၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု၊ မလုပ်ကိုင်သည့် အိမ်ထောင်စု၊ စိုက်ပျိုး-စီးပွားရေး လုပ်ငန်း အငယ်စားများ၊ သွင်းအားစု အရောင်းလုပ်ငန်းများ၊ စက်ပြင် အလုပ်ရုံများ၊ လက်လီ အရောင်းလုပ်ငန်းများ စသည်တို့ ဖြစ်သည်။ အိမ်ထောင်စုများ နှင့် စီးပွားရေး လုပ်ငန်းငယ်များ၏ ငွေကြေး အခြေအနေ ပြောင်းလဲရန်အတွက် အားလုံး ပါဝင်စေမည့် ငွေကြေးမဟာဗျူဟာတရပ် လိုအပ်သည် ဖြစ်ရာ ယင်းသည် လိုအပ်ချက်နှင့်အညီ သင့်တော်သည့် ငွေကြေးဝန်ဆောင်မှုကို ထောက်ပံ့နိုင်ရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းကို လုပ်နေသူများ ရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်းသည် အလွန်များ နေပြီး ပို၍လည်း များပြားလာနေသည်။ လုပ်ကွက်ငယ်တောင်သူများမှာလည်း အမျိုးမျိုး ရှိနေသည်၊ အခြေအနေနှင့် ကိုက်ညီအောင် လုပ်ငန်းများကို အတတ်နိုင်ဆုံး ကြိုးစားနေကြသူ အများအပြားပင် ရှိသည်။ ထိုကြောင့် အမျိုးအမည် များပြားကာ ပြောင်းလွယ် ပြင်လွယ်သော ငွေကြေးဝန်ဆောင်မှုများကို လိုအပ်လျက်ရှိသည်။ တောင့်တင်းခိုင်မာပြီး အားလုံးပါဝင်စေသည့် ကျေးလက် ငွေကြေးဈေးကွက်သည်သာ ပြည်သူများ ကို စီးပွားရေး အခွင့်အလမ်းများ အရအမိ ယူနိုင်စေရန်၊ ပိုင်ဆိုင်မှုကို တည်ဆောက်ရန်၊ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲရန်၊ ကြံ့ကြံ့ခံနိုင်ရန် ကူညီနိုင်လိမ့်မည်။ ဥပမာအားဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ရိက္ခာဖူလုံမှုကို အဆင်ပြေချောမွေ့စေခြင်းတို့ ဖြစ်ကြသည်။

LIFTသည် စီးပွားရေး အလွှာအားလုံး ပါဝင်စေသည့် ကျေးလက်ငွေကြေး ဈေးကွက်ကိုဖြစ်ထွန်းအောင် ဆောင်ရွက်ရန် ကတိကဝတ် ပြုထားသည်။ ၂၀၁၅ခုနှစ်တွင် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု အစီ အစဉ်အတွက် အဆိုပြုလွှာများခေါ်ယူရာတွင် ဤမှုကို အခြေခံခဲ့သည်။ အဓိကရည်မှန်းချက်တစ်ခုမှာ ကျေးလက်အိမ်ထောင်စုများ၏ လိုအပ်ချက်များ၊ လိုလားတောင်းဆိုမှုများ နှင့်အညီ ကျေးလက်ငွေကြေး ဝန်ဆောင်မှုများ (ချေးငွေ၊ စုငွေ၊ ငွေကြေးပညာပေးခြင်း၊ စီးပွားရေးဝန်ဆောင်မှုများ) ကို တိုးချဲ့ရန် ဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူများတွင် ဆင်းရဲနွမ်းပါးသူများ၊ အမျိုးသမီးများ၊ မြေမဲ့ယာမဲ့များ၊ နေရပ်စွန့်ခွာနေထိုင်သူများ၊ တောင်သူများ၊ စီးပွားရေး လုပ်ငန်း အငယ်စားများ ပါဝင်သည်။ ၂၀၁၇ခုနှစ်တွင် LIFTသည် MFIများက ငွေကြေးဝန်ဆောင်မှုနှင့် ထိတွေ့သည့် ရပ်ရွာများကို တိုးချဲ့နိုင်ရန် ထောက်ပံ့ပေးခဲ့သည်။

VisionFund Myanmar သည် ၂၀၁၇ခုနှစ်တွင် ထောက်ပံ့ငွေ တစ်ခုကို ရရှိခဲ့ပြီး အဆိုပါ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ တောင်တန်းဒေသများ ဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း ပြည်နယ်များရှိ လုပ်ငန်းများကို တိုးတက် ချဲ့ထွင်နိုင်ရန်၊ ယင်းတို့၏ စွမ်းဆောင်ရည် ကို တည်ဆောက်ရာတွင် အထောက်အကူ ပြုရန်၊ လိုအပ်ချက် နှင့်အညီ ဆောင်ရွက်ပေးနိုင်သည့် ငွေကြေး ဝန်ဆောင်မှု ဖြစ်စေရန် အတွက် ဖြစ်ပါသည်။ ကျား/မ ရေးရာ၊ နေရပ် စွန့်ခွာနေထိုင်သူများ၊ အငယ်စား စီးပွားရေး ချေးငွေများ၊ အချိန်ပိုင်း ချေးငွေများ၊ ကုန်ကျစရိတ် များသော အကြွေးတင်မှု များကို ပြေလည်စေမည့် ချေးငွေများ၊ စုငွေများ ထည့်သွင်းရေး တို့ကို အထူး ဦးစားပေးကာ စဉ်စားရန် ဖြစ်သည်။

### *နိုင်ငံတွင်း ပြောင်းရွှေ့ခဲ့ရသူများ (IDPs)*

VisionFund Myanmarသည် ကချင်ပြည်နယ် မြစ်ကြီးနား ခရိုင်ရှိ ယာယီစခန်း ၅-ခုတွင် နေရပ်စွန့်ခွာတိမ်းရှောင် နေထိုင်သူ ၁၅၉ဦးကို ချေးငွေ၁၅၈-ခု ထုတ်ချေးခဲ့သည်။ ပျမ်းမျှချေးငွေ ပမာဏမှာ ကန်ဒေါ်လာ ၁၅၉ ဖြစ်သည်။ ချေးငွေ လက်ခံရရှိသူ ၆၄ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ချေးငွေ ၈၀ရာခိုင်နှုန်းကို အငယ်စားလုပ်ငန်း (မွေးမြူရေး) များတွင် ရင်းနှီးမြှုပ်နှံကြသည်။၁၄ရာခိုင်နှုန်းကို ကလေးငယ်များ ပညာရေးအတွက် ဖြစ်သည်။ ငွေချေးသူ ခြောက်ယောက် မှာ ကျန်းမာရေး ကိစ္စအတွက် ချေးယူခဲ့ကြခြင်း ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ယင်းချေးငွေများ၏ သက်ရောက်မှုကို သုံးသပ်ရန် အတွက် ဆင်းရဲ နွမ်းပါးမှု ဖြစ်နိုင်ခြေ အညွှန်း ဒေတာများကို ဆန်းစစ်မည် ဖြစ်ပါသည်။

### *မသန်စွမ်းသူများ*

၂၀၁၃ခုနှစ်ကတည်းကပင် PGMFသည် ငွေစု၊ငွေချေးသူများ စာရင်းကို ထိခိုက်လွယ်သူ/ မသန်စွမ်းသူ ဟု ခွဲခြားကာ ဖော်ပြ ထားခဲ့သည်။ LIFT ရန်ပုံငွေပံ့ပိုးပြီး PGMF က အကောင်အထည်ဖော်နေသော မြန်မာ့ကျေးလက် ချေးငွေ လက်လှမ်းမီရေး(MARC) စီမံချက် အပါအဝင် ဖြစ်သည်။ ယင်းစီမံချက်သည် ပြည်တွင်း MFIများ၏ ငွေကြေး ဆိုင်ရာ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများကို အားဖြည့်ပေးနေသည်။ ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူ ၇,၄၀၀ခန့်က PGMF နှင့် MARCမှ ချေးငွေများကို လက်လှမ်းမီခဲ့ကြသည်။ ပျမ်းမျှ ချေးငွေမှာ ကန်ဒေါ်လာ ၂၅၀ခန့် ဖြစ်သည်။

၂၀၁၈ခုနှစ် နှစ်ဆန်းတွင် VisionFund Myanmarက ငွေစုငွေချေးသူများ၏ ဒေတာများကို သုံးသပ်ခဲ့ရာ ၁၁ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြောင်း တွေ့ရသည်။ ငွေစုငွေချေးသူ စုစုပေါင်း ဦးရေနှင့် တွက်ချက် လိုက်သောအခါ မသန်စွမ်းသူ ၁၉,၀၀၀ကျော်သည် ပျမ်းမျှချေးငွေ ကန်ဒေါ်လာ ၂၅၀ကို VisionFund Myanmar ထံမှ ရရှိခဲ့သည်။

| | အမျိုးသား ဆင်းရဲမှု မျဉ်းအောက် | | | တနေ့ ကန်ဒေါ်လာ ၁.၂၅အောက် | | | တနေ့ ကန်ဒေါ်လာ ၂.၅အောက် | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
| BDA | ၁၅.၈၄ | ၁၅.၀၇ | ၁၁.၉၅ | ၁၇.၆၀ | ၁၆.၅၅ | ၁၂.၇၀ | ၈၆.၆၀ | ၈၆.၆၀ | ၈၃.၀၇ |
| AYO | ၁၃.၇၄ | ၁၅.၁ | ၁၁.၁၂ | ၁၅.၀၂ | ၁၆.၆၁ | ၁၁.၇၂ | ၈၄.၅၈ | ၈၅.၅၅ | ၈၁.၇၆ |
| RMO | ၂၂.၂၉ | ၁၆.၄၅ | ၁၃.၈၆ | ၂၅.၈၄ | ၁၈.၅၇ | ၁၅.၄၂ | ၉၀.၄၉ | ၈၄.၈၅ | ၈၁.၃၄ |
| ECLOF | ၂၆.၅၇ | ၂၆.၄ | ၁၉.၀၆ | ၃၁.၀၆ | ၃၀.၈၅ | ၂၁.၆၄ | ၉၄.၅၆ | ၉၄.၅၃ | ၈၉.၆၃ |
| MHDO | ၁၅.၉၇ | ၁၆.၀၉ | ၁၃.၄၄ | ၁၈.၀၂ | ၁၈.၁၇ | ၁၄.၇၉ | ၈၄.၁၂ | ၈၄.၂၀ | ၈၁.၂၂ |
| SVS | ၁၃.၄၄ | ၁၂.၆ | ၁၁.၅၂ | ၁၄.၆၃ | ၁၃.၇၀ | ၁၂.၄၂ | ၈၂.၇၉ | ၈၁.၄၃ | ၇၉.၅၄ |
| Wanlark | ၃၆.၈၇ | ၃၅.၄၇ | ၃၁.၄၈ | ၄၄.၀၀ | ၄၂.၃၇ | ၃၇.၅၀ | ၉၆.၁၉ | ၉၆.၀၃ | ၉၇.၆၂ |
| YMCA | ၂၁.၃၈ | ၂၁.၁၉ | ၂၀.၃၅ | ၂၄.၆၇ | ၂၄.၅၀ | ၂၃.၄၂ | ၈၈.၁၄ | ၈၈.၇၇ | ၈၆.၅၆ |
| The SUN | ၁၄.၇ | ၁၃.၂၅ | ၁၂.၈၈ | ၁၆.၂၂ | ၁၄.၇၃ | ၁၃.၉၈ | ၈၄.၆၅ | ၈၀.၃၃ | ၈၂.၆၄ |
| ပျမ်းမျှ % | ၂၀.၀၉ | ၁၉.၀၇ | ၁၆.၁၉ | ၂၃.၀၁ | ၂၁.၇၈ | ၁၈.၁၈ | ၈၈.၀၁ | ၈၆.၉၂ | ၈၄.၈၂ |
| နှစ်စဉ် အပြောင်းအလဲ % | | ၅% | ၁၉% | | ၅% | ၂၁% | | ၁% | ၄% |

▲ ဇယား ၄.၁
MARC၏ ဒေသခံ MFIများ၏ PPI ရလဒ်များ

နောင်အနာဂတ်ဆောင်ရွက်မှုများ တွင်လည်း ထိခိုက်လွယ်သူ၊ မသန်မစွမ်းသူများကို ငွေကြေးလက်လှမ်းမီအောင် များစွာ လုပ်ပေးနိုင်ကြောင်း တွေ့ရှိရသည်။ နိုင်ငံ့လူဦးရေ၏ ၄.၆ ရာခိုင်နှုန်းရှိသည့် ထိခိုက်လွယ်သူများကို MFI အနည်းငယ်ကသာ ဦးတည်ကြသည်။

*ရခိုင်ပြည်နယ်တွင် ငွေကြေးဝန်ဆောင်မှုများကို တိုးချဲ့ခြင်း*

PGMF၏ ရခိုင်ဒေသမှ ငွေကြေးလက်လှမ်းမီမှု (RAFIN) စီမံချက်သည် ရခိုင်ပြည်နယ်တောင်ပိုင်း နယ်မြေ ၈-မြို့နယ် တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ယင်းတို့အနက် ဌာနခွဲ ၅-ခုမှာ ငွေကြေးအရ ရပ်တည်နိုင်နေပြီ ဖြစ်ပါသည်။ ၂၀၁၇ခုနှစ်တွင် ရွာပေါင်း ၁,၉၁၇ရွာမှ ငွေစုငွေချေး သူ ၅၉,၀၀၀ကျော် ထံသို့ ရောက်ရှိခဲ့ပြီး ငွေစု ငွေချေးသူများ၏ ၉၈ ရာခိုင်နှုန်း မှာ အမျိုးသမီးများ ဖြစ်သည်။ ကန် ဒေါ်လာ ၁၀.၄သန်းကို ထုတ်ချေးထားပြီး ၉၂ ရာခိုင်နှုန်းကို စီးပွားရေး လုပ်ငန်းငယ်များနှင့် မွေးမြူရေးအတွက် အသုံးပြုခဲ့ကြသည်။ ချေးငွေ ၁ရာခိုင်နှုန်းအောက်ကို သာ ဆုံးရှုံးဖွယ်ရှိသည်ဟု သတ်မှတ်ထားသည်။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များမှာ ရည်မှန်းထားသည်ထက် ပိုမိုကောင်းမွန်ခဲ့သည်။

အသေးစားငွေကြေးလုပ်ငန်းများ၏ လူမှုရေးဆောင်ရွက်မှု

အသေးစားငွေကြေးလုပ်ငန်းများ၏ လူမှုရေးဆောင်ရွက်မှုကို ငွေစုငွေချေးသူများ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ မှတ်တမ်းများကို ကြည့်သည့်နည်းဖြင့်လည်း LIFTက စစ်ဆေးပါသည်။ LIFT၏ MARC စီမံချက်သည် ပြည်တွင်းဒေသခံ MFI ၉-ခုနှင့် လက်တွဲဆောင်ရွက်နေရာ ၎င်းတို့သည် ဆင်းရဲနွမ်းပါးမှုဖြစ်နိုင်ခြေ အညွှန်းများ (Poverty Probability Index, PPI)ကို အသုံးပြုသည်။ ယင်းကို ဆင်းရဲမှုဖြစ်နိုင်ခြေ အညွှန်းဟုလည်း ခေါ်သည်။ ယင်းသည် ဆင်းရဲနွမ်းပါးမှုတိုင်းတာရေး အဆင့်မြင့်နည်းလမ်းတစ်ခုဖြစ်သည်။ မိမိတို့လုပ်ငန်းများကို ဆင်းရဲနွမ်းပါးသူများသို့လည်း ဝန်ဆောင်မှုပေးနိုင်ရေး ရည်မှန်းချက်များကို စောင့်ကြည့်ထောက်လှမ်းမည့် အထောက်အထားအခြေပြု မဟာဗျူဟာများကို ရှာဖွေနေသည့် MFIများအတွက် များစွာတန်ဖိုးရှိနိုင်သည်။ MFIများသည် ၎င်းတို့၏ ငွေစုငွေချေးသူများ၏ ဆင်းရဲမှုနွမ်းပါးမှု အနေထားကို PPIဖြင့် တိုင်းတာရရှိနိုင်သည်။

MARCစီမံချက် MFIများ၏ ၂၀၁၅ မှ ၂၀၁၆ထိ PPI ရလဒ်များအရ- အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း (တနေ့လျှင် ကန်ဒေါ်လာ ၁.၂၀) အောက် နှင့် တနေ့လျှင် ကန်ဒေါ်လာ၁.၂၅ အောက်တွင် ရောက်ရှိနေသည့် ငွေစု၊ ငွေချေးသူများ၏ ၂၀ ရာခိုင်နှုန်းသည် ကန်ဒေါ်လာ၁.၂၅ သတ်မှတ်ချက်အောက်မှ ထွက်သွားပြီ ဖြစ်ကြောင်းကို ပြသနေသည်။ ပိုမို ကျယ်ပြန့်သည့် သတ်မှတ်ချက်ဖြစ်သည့် ကန်ဒေါ်လာ ၂.၅၀ အောက်တွင် ရှိသည့် ငွေစုငွေချေးသူ ၄-ရာခိုင်နှုန်း သည် နှစ်နှစ်အကြာ တွင် နောက်အဆင့် တစ်ဆင့်သို့ ကူးပြောင်းသွားကြောင်း ပြသနေသည်။ ယင်းသည် ထိခိုက်လွယ်သည့် ငွေစုငွေချေး သူများကို ပိုမို ကြံ့ကြံ့ခံနိုင်သည့် အနေအထားသို့ ငွေကြေး ဝန်ဆောင်မှုများမှ ပြောင်းပေး နိုင်ကြောင်းကို ပြသနေသည်။

၂၀၁၈ခုနှစ်တွင် LIFTသည် အခြားအသေးစားငွေကြေး မိတ်ဖက်များထံမှ PPIဒေတာများကို ကောက်ယူကာ ယင်းတို့၏ လူမှုရေးဆောင်ရွက်မှုများကို ဆန်းစစ် လေ့လာမည် ဖြစ်ပါသည်။

အသေးစားငွေကြေးလုပ်ငန်း နှင့် ကျား/မ ရေးရာ သက်ရောက်မှု

၂၀၁၇ခုနှစ် နှစ်လယ်တွင် LIFT သည် အသေးစားငွေရေးကြေးရေး မိတ်ဖက်အချို့အား ရွေးချယ်ခဲ့ကာ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း အပေါ် ဩဇာသက်ရောက်မှုကို ဆန်းစစ်မည့် စစ်တမ်း တစ်ခုကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ အဆိုပါ အရည်အသွေးဆိုင်ရာ စစ်တမ်းသည် မြစ်ဝကျွန်းပေါ်နှင့် အညာပိုင်းဖုန် မြို့နယ် ၁၁-မြို့နယ်မှအမျိုးသမီး ၂၈၀ခန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စစ်တမ်းဆောင်ရွက်ခဲ့သည့် အဖွဲ့များမှာ PGMF၊Proximity Designs နှင့် GRETတို့ ဖြစ်သည်။ ဤစစ်တမ်းတွင် အမျိုးသမီးများ၏ ကိုယ့်ကိုယ်ကိုယ် လေးစားမှု၊ တန်ဖိုးထားမှု၊ ဆုံးဖြတ်နိုင်စွမ်း၊ ရပ်ရွာနှင့်ပူးပေါင်းပါဝင်မှု၊ ရင်းမြစ်များကို လက်လှမ်းမီမှု/ ထိန်းချုပ်နိုင်မှု၊ အလုပ်တာဝန်များ၊ ဘဝနေထိုင်မှု ပိုမို ကောင်းမွန်လာခြင်း တို့ကို စူးစမ်း လေ့လာထားပါသည်။

အမျိုးသမီးများ၏ လုပ်နိုင်ကိုင်နိုင်စွမ်း ရှိမှုနှင့် သက်ဆိုင်သည့် တွေ့ရှိချက်များမှာ အပရိကသာ ဖြစ်သည်။အသေးစား ငွေရေးကြေးရေးသည် အမျိုးသမီးများ၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ တန်ဖိုးထားမှု တို့အပေါ် သက်ရောက်မှုရှိသည်မှာ ထင်ရှားလှသည်။ အသေးစားငွေရေးကြေးရေးသည် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေရရှိလာသဖြင့် ၎င်းတို့၏ အနေအထားမှာ တိုးတက်လာသည်ဟု အခြား အိမ်ထောင်စုများက ရှုမြင်လာကြသည်။အမျိုးသမီး များသည် လုပ်ငန်းများအတွက် သွင်းအားစုများ ရယူရန်၊ ထုတ်ကုန်များကို ရောင်းချရန်၊ ရရန်

အကြွေးတောင်းခံရန်တို့အတွက်ပိုမို တက်ကြွစွာ လုပ်ဆောင်လာကြပြီးမိမိပတ်ဝန်းကျင်ကိုကျော်လွန်ကာ သွားရဲလာရဲလာကြသည်။ အမျိုးသမီးများသည် ရင်းမြစ် ပိုင်ဆိုင်မှုများကို လက်လှမ်းမီမှု/ ထိန်းချုပ်နိုင်မှုလည်း တိုးတက်လာသည်။ သို့သော် အမျိုးသမီးများ၏ ပိုင်ဆိုင်မှု တိုးလာသည်ကိုမူ မတွေ့ရပေ။

ရပ်ရွာလှုပ်ရှားမှုများနှင့် ဆုံးဖြတ်ချက်ချမှုများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အနည်းငယ် ပြောင်းလဲလာကြောင်း စစ်တမ်းကတွေ့ရှိရသည်။ ယဉ်ကျေးမှုစံများ၊ ရပ်ရေးရွာရေးတွင် ထုံးစံအရ အမျိုးသားများက ရထားသော အခန်းကဏ္ဍများက လည်း အမျိုးသမီးများ ဆုံးဖြတ်ခွင့် မရအောင် အဟန့်အတား ဖြစ်နေသည်။ အမျိုးသမီးများကို စီးပွားရေး အသိအမြင်မရှိဟု ရှုမြင်ကြသည်။ အသေးစား ငွေကြေးပံ့ပိုးမှုများဖြင့် အမျိုးသမီးများ ဆုံးဖြတ်ချက် ချနိုင်စွမ်း ပိုမိုရှိလာရန် အလားအလာ ရှိကြောင်း၊ သို့သော် ငွေကြေးကို တာရှည်စွာ လက်လှမ်းမီပြီးမှသာ ဖြစ်နိုင်ကြောင်း စစ်တမ်းက တင်ပြထားသည်။

အသေးစားငွေရေးကြေးရေးကြောင့် ဝင်ငွေရလမ်း များ ပိုမို ပေါ်ပေါက်လာသဖြင့် အလုပ်တာဝန်များ ပိုမို တိုးလာပြီး မိသားစု ဝင်ငွေ တိုးလာကြောင်း အမျိုးသမီးများက တင်ပြသည်။ ထိုသို့ ဖြစ်လာခြင်း ကို အမျိုးသမီး အများစုက အကောင်းမြင်ကြသည်။

## အသေးစားငွေကြေး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှု[၅၉]


လွန်ခဲ့သော သုံးနှစ်အတွင်း မြန်မာကျပ်ငွေ တန်ဖိုးသည် မငြိမ်မသက် ဖြစ်နေခဲ့သည်။ ကန်ဒေါ်လာနှင့် နှိုင်းယှဉ် ပါက နှစ်နှစ်အတွင်း ၂၅ရာခိုင်နှုန်း တန်ဖိုးကျဆင်း နေသည်။ ဤအချက်သည် မြန်မာနိုင်ငံ MFIများသို့ နိုင်ငံခြားငွေ အရင်းအနှီးကို ဆွဲဆောင်ရာတွင် အတားအဆီး ဖြစ်နေသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် အသေးစား ငွေရေးကြေးရေးကဏ္ဍကို ထိန်းချုပ်ဆောင်ရွက်သူ ဖြစ်သည်။ ဝန်ကြီးဌာနသည် ချေးငွေများ၏အတိုးနှုန်း ကို အမြင့်ဆုံး ၃၀ရာခိုင်နှုန်းထက် မပိုရဟု ကန့်သတ် ထားသည်။ ဗဟိုဘဏ်သည် ကုန်သွယ်ရေး ချေးငွေကို ထိန်းချုပ်ဆောင်ရွက်သူ ဖြစ်သည်။ အသေးစား ငွေရေးကြေးရေးဌာနများသို့ ပြည်ပမှ ငွေချေးပေးခြင်းကို အတည်ပြုပေးသည်။ ဗဟိုဘဏ် သည် ကျပ်ငွေဖြင့် ချေးငွေများ အတွက် (၁၃ရာခိုင်နှုန်း) ၊ ကန်ဒေါ်လာဖြင့် ချေးငွေများ အတွက် (၈ရာခိုင်နှုန်း) အသီးသီးဖြင့် အတိုးနှုန်းများ (အမြင့်ဆုံး အဖြစ်) သတ်မှတ်ထားသည်။


မတည်ငြိမ်သော ငွေကြေး နှင့် ချေးငွေ အမြင့်ဆုံး သတ်မှတ်ချက်များကို ပေါင်းစပ်လိုက်သောအခါ မြန်မာ့ MFI အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှုကို လုံးဝ ရပ်တန့်စေသော အခြေအနေတစ်ခု ဖြစ်သွားသည်။ ၂၀၁၇ခုနှစ်တွင် ထိုအခြေအနေကို ကိုင်တွယ် ဖြေရှင်းရန် အတွက် LIFTသည် ငွေကြေး တပိုင်းတစဆုံးရှုံးမှုကို ကာမိသည့် အရန် ငွေကြေး ကုမ္ပဏီဖြစ်သည့် The Currency Exchange (TCX)[၆၀]ကို မိတ်ဖက်ပြု ခဲ့သည်။ ယင်းသည် ရင်းနှီးမြှုပ်နှံသူများကို ပုံသေငွေလဲနှုန်း တစ်ခု တည်ဆောက်ပေးကာ မြန်မာကျပ်ငွေ ဖောင်းပွခြင်း ကြောင့် ဖြစ်လာမည့် အဆုံးအရှုံးကို ကာမိစေမည် ဖြစ်သည်။ LIFTသည် မြန်မာနိုင်ငံ၏ အသေးစား ငွေကြေး အရင်းအနှီး ဈေးကွက် ဖြစ်ထွန်းအောင် လုပ်ဆောင်သူ ဖြစ်လာသည်။ LIFTသည် ကုန်ကျစရိတ် ကန်ဒေါ်လာ ၁၀သန်း ကို TCX သို့ ပေးအပ်ခဲ့သည်။ TCX နှင့် မိတ်ဖက်ပြုမှုကြောင့် နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူ ၁၀-ဖွဲ့နှင့် မြန်မာ့ MFI ၁၁-ဖွဲ့တို့သည်

| အကြောင်းအရာ | တောင်းခံသည့် ပမာဏ | တောင်းခံသည့် ပမာဏ/ ကာကွယ်ပေးသည့် ချေးငွေများ |
|---|---|---|
| ပမာဏ(ကန်ဒေါ်လာ) | ၂၀၀,၇၂၄,၈၁၅ | ၈၀,၀၂၁,၀၉၅ |
| ငွေချေးသူ | ၂၀ | ၁၁ |
| ချေးငွေ | ၉၂ | ၄၀ |
| MFI | ၁၇ | ၁၂ |
| LIBOR ၆သန်း အတွက် အမြတ်နှုန်း (% အလေးကဲ ပျမ်းမျှ) | ၆% | ၆% |
| အထောက်အပံ့မပါ မြန်မာကျပ်ဖြင့် အတိုးနှုန်း (% အလေးကဲ ပျမ်းမျှ) | ၁၉.၆၃% | ၁၈.၆၃% |
| ငွေချေးချိန် (နှစ်(% အလေးကဲ ပျမ်းမျှ) | ၂ | ၂ |
| ချေးငွေ ပြန်ဆပ်ချိန်(နှစ်) | ၂.၉ | - |

▲ ဇယား ၄.၂
TCX တောင်းခံသည့် ပမာဏ နှင့် ကာကွယ်ပေးထားသည့် ချေးငွေများ





▲ TCX မှတဆင့် ချေးငွေရရှိသည့် MFI များ





▲ TCX မှတဆင့် ငွေချေးပေးသူများ

၅၉။ အရင်းအနှီးဈေးကွက် ဆိုသည်မှာ ငွေချေးနိုင်သည့် သို့မဟုတ် အစုငွေ အတိုးအမြတ်များကို ဝယ်နိုင် ရောင်းနိုင်သည့် နေရာ ဖြစ်သည်။

၆၀။ https://www.tcxfund.com/




▲ TCXစီမံချက်ဖြင့် MFI များကိုငွေချေးပေးရန် တောင်းခံသည့် ငွေချေးသူများ




▲ ပုံ ၄.၂
MFI အရင်းအနှီးဈေးကွက် စီမံချက်သို့ဝင်နေသော MFIများ တည်နေရာပြပုံ Source: LIFT

တန်ဖိုး ကန်ဒေါ်လာ ၈၆-သန်း ရှိသော ငွေချေးသည့် ငွေကြေးအလွှဲအပြောင်း ၃၇ခုကို အလျင်အမြန် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၇နှစ်ကုန်အထိ ပုဂ္ဂလိက ကဏ္ဍမှ ပူးတွဲချေးငွေ ကန်ဒေါ်လာ သန်း၈၀ကို အာမခံနိုင်ခဲ့သဖြင့် ငွေချေးသူ၁၁-ဖွဲ့က MFI၁၂-ခု ထံသို့ ချေးငွေ ၄၀ ကို ထုတ်ချေးခဲ့သည်။ ဤ MFI များသည် ပျမ်းမျှ ချေးငွေ ကန်ဒေါ်လာ၂၃၇ဖြင့် ငွေစု ငွေချေးသူ ၃၄၀,၀၀၀ကို ဝန်ဆောင်မှု ပေးနိုင် ခဲ့ပြီး ငွေစုငွေချေးသူများ၏ ၈၄ ရာခိုင်နှုန်းမှာ ကျေးလက် ဒေသမှ အမျိုးသမီးများဖြစ်သည်။ MFI ၁၂ခု သည် အလုပ်နေရာသစ် ၁,၀၀၀ကျော်ကို ဖန်တီး ကာ မိမိတို့ဝန်ထမ်းအင်အားကို ၂၁ရာခိုင်နှုန်း တိုးတက် စေခဲ့သည်။

ငွေချေးသူ ၂၀က လိုအပ်သည့် ပျမ်းမျှပြန်ရငွေမှာ Libor (ဘဏ်များအချင်းချင်း ကာလတိုချေးငွေအပေါ် ယူသည့် အပြည်ပြည်ဆိုင်ရာ နှုန်းထားတစ်ခု) [၆၁] ကန်ဒေါ်လာ ၆သန်း နှင့် ၆ရာခိုင်နှုန်းဖြစ်သည်။ ထောက်ပံ့ငွေ မပါပါက TCXသည် ပျမ်းမျှချေးငွေကို ၂၀ရာခိုင်နှုန်းအတိုးဖြင့် မြန်မာကျပ်ငွေနှင့် လဲလှယ်ရပေမည်။ သက်တမ်း နှစ်နှစ်ကာလနှင့် ပြန်ဆပ်ချိန် ၃နှစ်ခန့် ဟု ယူဆပါက ဈေးကွက်က တောင်းဆိုသည့် ၂၀ရာခိုင်နှုန်းနှင့် အစိုးရ၏ အမြင့်ဆုံးအတိုးနှုန်း ၁၃ရာခိုင်နှုန်းတို့၏ ဟာကွက်ကို LIFTက ဖြည့်ဆည်းပေးထားသည်။

LIFT၏ အရင်းအနှီးဈေးကွက်စီမံချက်သည် MFI ကဏ္ဍ၏ လုပ်ငန်း သဘောသဘာဝအလျောက် အသွင်ပြောင်းမှုကို တဟုန်ထိုး မြန်ဆန်စေခဲ့သည်။ NGOများသည် MFIဖြစ်လာပြီး စုငွေ လက်ခံလာကြကာ ဘဏ်များ အဖြစ် ဆက်လက် ဖြစ်ထွန်းလာကြသည်။

## ရှေ့ကို မျှော်ကြည့်လျှင်

ရင်းနှီးမြှုပ်နှံမှုများ ထပ်မံရရှိရန် အလားလာများရှိနေပြီး ရင်းနှီးမြှုပ်သူများမှ မြန်မာနိုင်ငံရှိ MFIများကို ထပ်မံ ရင်းနှီးမြှုပ်နှံမည့် အလားအလာ များစွာ ရှိနေသည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာတွင် TCX က ဆောင်ရွက်ခဲ့သော စစ်တမ်းအရ LIFT ရန်ပုံငွေ ပံ့ပိုးသည့် MFI ၁၁-ခုသည် ၂၀၁၈ခုနှစ်တွင် ၇၀ရာခိုင်နှုန်းထိ တိုးတက်မည့် ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ရန်ပုံငွေ ကန်ဒေါ်လာ သန်း-၁၇၀ ထိ တိုးမြှင့်မည်ဟု သိရှိရပါသည်။

LIFTက မှတ်ပုံတင်ထားသော MFIများကို သုံးသပ် ကြည့်ရာ အသေးစား ငွေရေးကြေးရေး ကဏ္ဍ၏ စုစုပေါင်း အရင်းအနှီးသည် ၂၀၁၆ခုနှစ်တွင် ကန်ဒေါ်လာ ၈၃သန်းရှိရာမှ ၂၀၁၇ခုနှစ်တွင် ၁၅၉-သန်း ထိ တက်လာကြောင်း တွေ့ရှိရသည်။ဤသို့ တိုးတက်လာသော အရင်းအနှီးသည် MFIများကို ပိုမို ချေးငှား လာနိုင်စေသည်။ ဗဟိုဘဏ်သည် MFI များကို ယင်းတို့တွင်ရှိသည့် ပင်မ အရင်းအနှီး၏ ငါးဆအထိ အကြွေးယူခွင့်ပြုထားသည်။ LIFTက နိုင်ငံခြားငွေလဲလှယ်မှု ဆုံးရှုံးနိုင်ခြေ အတွက် ကန်ဒေါ်လာ ၁၀သန်း ရင်းနှီးလိုက်သဖြင့် ချေးငွေ ကန်ဒေါ်လာ သန်း၈၀ ဝင်သည့်တိုင် ၂၀၁၇နှစ်ကုန်တွင် ချေးငွေ ကန်ဒေါ်လာ သန်း၅၆၀ လိုနေပေဦးမည်။

ဤစီမံချက်ကို အကူးအပြောင်းကာလ အဖြစ်သာ နှစ်နှစ်တာ အတွက်သာ သုံးစွဲရန် ရည်ရွယ်ထားသည်။ MFIများသည် LIFT၏ အထောက်အကူပြု အရင်းအနှီး မပါပဲ အခြားနည်းလမ်းများ ရှာကာ ယင်းတို့ ဘာသာ အရင်းအနှီးကို တည်ဆောက်မည်ဟု ယူဆကာ ဆောင်ရွက်ခြင်း ဖြစ်သည်။ ထို့ထက်ပို၍ အရေးကြီး သည်မှာ မြန်မာ့ အတိုးနှုန်းသည် ဈေးကွက်က တွန်းအားပေးသည့် အတိုင်း ဖြစ်လာမည်ဟုလည်း

၆၁။ Liborဆိုသည်မှာ ကမ္ဘာ့ဘဏ်များက ချေးငွေများအတွက် အတိုး တွက်ချက်ရာတွင် အသုံးပြုသည့် သတ်မှတ်နှုန်းထား ဖြစ်သည်၊ လန်ဒန်အိတ်ချိန်းဘဏ်အချင်းချင်းက မ်းလှမ်းနှုန်း (Exchange London Interbank Offered Rate)၏ အတိုကောက်ဖြစ်သည်။

ယူဆခဲ့သည်။ ၂၀၁၉မတိုင်မီ အတိုးနှုန်းများကို ပြောင်းမည် မဟုတ်ကြောင်း အစိုးရက မကြာသေးမီက ကြေညာခဲ့ရာ LIFTသည်လည်း ဒုတိယအကြိမ် ရင်းနှီးမြှုပ်နှံရန် အလွန်ပင် အရေးပါလာတော့သည်။ အဆိုပြု ထားသော ဘတ်ဂျက် ကန်ဒေါ်လာ ၁၅-သန်း သည် ပုဂ္ဂလိကကဏ္ဍမှ ပူးတွဲချေးငွေ သန်း၁၂၀ခန့်ကို ဖြစ်ပေါ် စေလိမ့်မည် ဖြစ်သည်။

ရေရှည်တွင် MFIများသည် အခြားနည်းလမ်းများဖြင့် ယင်းတို့ ဘာသာ အရင်းအနှီးကို တည်ဆောက်မည့်ပြင် ဒေသခံ သို့မဟုတ် နိုင်ငံခြားဘဏ်ကိုပင် ခြံစည်းရိုး ၊တပိုင်းတစ ဆုံးရှုံးမှု ကာမိစေမည့် အရန်ရန်ပုံငွေ အတွက် အားကိုးကြမည်ဟု မျှော်မှန်းထားသည်။ ရိုးမဘဏ်၏ စိုက်ပျိုး-စီးပွား ငွေကြေးအစီအစဉ်သည် ဤအတိုင်းပင် စတင် ဖြစ်ပေါ် နေပေပြီ။ ရိုးမဘဏ်သည် MFIများကို ကျပ်ငွေဖြင့် ထုတ်ချေးပေးလျက် ရှိသည်။

## စိုက်ပျိုး-စီးပွားရေးငွေကြေးအစီအစဉ် (Agribusiness Finance Programme, AFP)

### *၂၀၁၇ခုနှစ်အတွင်း AFP၏ ကျေးလက်ဒေသ ငွေကြေးအစီအစဉ်တိုးချဲ့ခြင်း*

၂၀၁၆ခုနှစ်တွင် LIFTသည် စိုက်ပျိုး-စီးပွား ငွေကြေးအစီအစဉ် (AFP)ကို စတင်ခဲ့သည်။ ရိုးမဘဏ်က လယ်ယာသုံးစက်ကိရိယာ အရောင်း လုပ်ငန်းများနှင့် မိတ်ဖက်ပြုပြီး အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် AFPသည် ကျေးလက် ငွေကြေး ဝန်ဆောင်မှုများကို တိုးချဲ့ ပေးအပ်ခဲ့သည်။ အာမခံ မရှိလှသော ချေးငွေများကို စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်တွင် ပါဝင် လုပ်ဆောင်နေသူတို့အား ထုတ်ချေးခဲ့သည်။ စျေးကွက် ကျယ်ပြန့်သည့် ဒီဂျစ်တယ်စနစ်ဖြင့် ငွေကြေး ဝန်ဆောင်မှုများကို ဖော်ဆောင်ကာ ကျေးလက် လုပ်ကွက်ငယ် တောင်သူ တို့ထံမှ စုငွေများကို ဖြစ်ထွန်းလာအောင် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ခုနှစ်အတွင်း AFP၏ အဓိက ရလဒ်များမှာ-

- LIFT၏ ကန်ဒေါ်လာ ၉-သန်းသည် လယ်ယာသုံး စက်ကိရိယာဝယ်ရန် ရိုးမဘဏ်မှ ထုတ်ချေးငွေ ကန်ဒေါ်လာ ၈၇-သန်းအဖြစ် ဆပွား တိုးတက်ခဲ့သည်။
- ကန်ဒေါ်လာ ၁၀၆-သန်းတန်ဖိုးရှိသည့် လယ်ယာ သုံး စက်ကိရိယာ အသစ်များအတွက် ငှား-ဝယ် စနစ်ဖြင့် ငွေထုတ်ချေးလိုက်သဖြင့် အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၅,၀၀၀ကျော်ကို အကျိုးပြုခဲ့သည်။
- လေးဘီးတပ် လယ်ထွန်စက် ၃,၀၀၀ခန့်၊ ရိတ်သိမ်း ခြွေလှေ့စက် ၇၀၂စီး၊ လက်တွန်း လယ်ထွန် စက် ၂၅၅စီး၊ စပါးရိတ်စက် ၁၃စီး၊ သယ်ပို့ယာဉ် ၁,၅၀၀စီးနှင့် အခြား လယ်ယာသုံး ကိရိယာများ အတွက် ငွေထုတ်ချေးခဲ့သည်။
- တောင်သူ ၁၀၀,၀၀၀ခန့်သည် မြေဧက ၇၆၀,၀၀၀ ခန့်ကို ထွန်ယက်ရန် နှင့် ရိတ်သိမ်းရန် အတွက် စက်အငှားသမားများထံမှ စက်များကို ငှားရမ်းနိုင်ခဲ့သဖြင့် ကုန်ထုတ်စရိတ် ကန်ဒေါ်လာ ၁၁.၉သန်းခန့် အကုန်အကျ သက်သာကာ တဧကလျှင် ကန်ဒေါ်လာ၂၂ခန့်နှုန်းဖြင့် ပိုမို မြတ်စွန်းလာကြသည်။
- ငှား-ဝယ်စနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာများကို လက်လှမ်းမီလာသော စိုက်ပျိုး-စီးပွားရေး လုပ်ငန်း များ၏ ၂၀ရာခိုင်နှုန်း ကို ငွေကြေးအရ တာဝန်ခံ ဆောင်ရွက်သူများမှာ အမျိုးသမီး များ ဖြစ်ကြသည်။ အမျိုးသမီးများသည် ပိုင်ဆိုင်မှု ကို ထိန်းချုပ်ထားသော်လည်း လယ်ယာသုံး

| ကျော်လွန်သည့် ရက် | ငွေစာရင်း အရေအတွက် | စုစုပေါင်း ကြွေးကျန် |
|---|---|---|
| ၀ ရက် | ၄,၃၅၈ | ၁,၇၇၀,၄၆၇,၄၅၄ |
| ၁ မှ ၃၀ ရက် | ၁၇၅ | ၂,၁၂၆,၀၃၀,၂၃၇ |
| ၃၁ မှ ၆၀ ရက် | ၂၀၂ | ၂,၅၁၂,၀၉၀,၀၇၀ |
| ၆၁ မှ ၉၀ ရက် | ၁၃၀ | ၁,၆၉၈,၆၄၈,၈၆၆ |
| ၉၁ မှ ၁၈၀ ရက် | ၆ | ၇၂,၁၄၆,၀၉၂ |
| စုစုပေါင်းချုပ် | ၄,၈၇၁ | ၇၂,၁၄၆,၀၉၂ |

| ငွေချေးယူသည့် တန်ဖိုး ကွင်းဆက် | ငွေထုတ်ချေးသူ အကန့်အသတ် ကျပ် (သန်း) | ရရန် အကြွေးလျော့ ငွေစာရင်း အကန့်အသတ် ကျပ် (သန်း) | အများဆုံး ထုတ်ယူငွေ ကျပ် (သန်း) | ပျမ်းမျှ အသုံးချမှု | ရောက်ရှိသည့် လယ်သမား ခန့်မှန်း |
|---|---|---|---|---|---|
| မြေသြဇာ၊ မျိုးစေ့ | ၁,၀၀၀ | ၉၉၉ | ၉၉၉ | ၉၅.၅၈% | ၅၅၀ |
| အော်ဂဲနစ် မြေသြဇာ | ၅၀၀ | ၂၆၆ | ၂၆၆ | ၈၇.၅၃% | ၅၈၀ |

| ငွေချေးသူ တန်ဖိုး ကွင်းဆက် | အစီအစဉ် အကန့် အသတ် ကျပ် (သန်း) | အတည်ပြု ဖြန့်ချိသူ ဦးရေ | အတည်ပြု အကန့်အသတ် စုစုပေါင်း ကျပ် (သန်း) | # ထုတ်ပေး သည့် ချေးငွေ | အများဆုံး ထုတ်ယူငွေ ကျပ် (သန်း) | ရောက်ရှိသည့် လယ်သမား ခန့်မှန်း |
|---|---|---|---|---|---|---|
| မြေသြဇာ | ၂,၀၀၀ | ၃ | - | - | - | - |
| တိရစ္ဆာန် အစာ | ၂,၀၀၀ | - | - | - | - | - |
| မြေသြဇာ မျိုးစေ့ | ၂,၀၀၀ | ၁ | ၁၅၀ | ၂ | ၉၆.၄ | ၂၀၀ |
| မြေသြဇာ | ၁,၀၀၀ | - | - | - | - | - |
| မြေသြဇာ | ၆,၀၀၀ | - | - | - | - | - |
| စုစုပေါင်း | ၁၃,၀၀၀ | ၄ | ၁၅၀ | ၂ | ၉၆.၄ | ၂၀၀ |

| ဘဏ်ခွဲအမည် | ချေးငွေ | ထုတ်ပေးသည့် ချေးငွေ စုစုပေါင်း ကျပ် (သန်း) | ကြွေးကျန် စုစုပေါင်း ကျပ် (သန်း) | ရောက်ရှိ သည့် လယ်သမား ခန့်မှန်း |
|---|---|---|---|---|
| အောင်ပန်း | ၉ | ၁,၃၃၂ | ၁,၂၃၂.၆ | ၁,၈၀၀ |
| ကျောက်မဲ | ၈ | ၈၀၇ | ၆၆၇.၃ | ၁,၆၀၀ |
| လားရှိုး ၁ | ၁ | ၃၀၀ | ၃၀၁.၆ | ၂၀၀ |
| လားရှိုး ၂ | ၁ | ၅၀ | ၃၈.၀ | ၂၀၀ |
| တောင်ကြီး ၁ | ၁၅ | ၁,၄၉၅ | ၁,၄၉၀.၉ | ၃,၀၀၀ |
| တောင်ကြီး ၁ | - | - | - | - |
| Total | ၃၄ | ၃,၉၈၄ | ၃,၇၃၀.၀ | ၆,၈၀၀ |

◀ ဇယား ၄.၃ ငွေစာရင်းနှင့် ကြွေးကျန်စာရင်း

စက်ကိရိယာများအတွက် ငွေချေးသူ စက်ပိုင်ရှင်များအဖြစ် အမျိုးသားများကိုသာ မှတ်ပုံတင်ထားတတ်ကြသည်။ ထို့ကြောင့် ငွေချေးသူ ၇-ရာခိုင်နှုန်းသာ အမျိုးသမီး ဖြစ်နေသည်။

- ၂၀၁၇ခုနှစ် နှစ်လယ်တွင် ထုတ်လုပ်ခဲ့သော သွင်းအားစုရောင်းချသူများ အတွက် ရရန် အကြွေးလျှော့ငွေ စာရင်း ချေးငွေ ကန်ဒေါ်လာ ၉၆၂-သန်းခန့် ကို တောင်သူ ၁,၁၀၀ထံသို့ ထုတ်ပေးခဲ့သည်။
- ၂၀၁၇ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ခဲ့သည့် ကုန်အမှာစိုက် ချေးငွေ ဖြင့် ကန်ဒေါ်လာ ၆၈,၀၀၀ ကို ထုတ်ပေးခဲ့ရာ တောင်သူ ၂၀၀ ခန့် အကျိုးဖြစ်ထွန်းခဲ့သည်။ ယင်းချေးငွေဖြင့် သွင်းအားစု ဝယ်ရောင်းလုပ်ငန်းများသည် ရောင်းချသူများထံမှ ကုန်များကို အကြွေး ဝယ်နိုင်မည် ဖြစ်သည်။
- ၂၀၁၇ခုနှစ်တွင် စတင်ခဲ့သော တစ်ရာသီ ကြိုထုတ်ငွေဖြင့် ကန်ဒေါ်လာ၃.၂သန်းကို ပြောင်း ကုန်သည် ၃၇ဦးသို့ ထုတ်ပေးခဲ့ရာ တောင်သူ ၆,၈၀၀ခန့် ထံသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ပြောင်းကုန်သည်များသည် ပိုမို ဝယ်ယူ ရောင်းချ လာနိုင်သည်။ ပြောင်းဈေးကွက်၏ ပြိုင်ဆိုင်နိုင်စွမ်းမှာလည်း ပိုမို တိုးတက်လာသည်။ တောင်သူများလည်း ဈေးကွက်သို့ ပိုမို လက်လှမ်းမီလာကြသည်။
- ရိုးမဘဏ်သည် MFIများသို့ ကန်ဒေါ်လာ ၅.၄သန်းကို ထုတ်ပေးခဲ့ရာ ကျေးလက် အိမ်ထောင်စု ၂၈,၀၀၀ ခန့်ကို အကျိုးပြုခဲ့သည်။
- တဦးချင်းငွေစာရင်းများသို့ ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုသည် ၂၀၁၇ခုနှစ် နောက်ဆုံး သုံးလပတ်တွင် လုပ်ငန်း စတင် ဆောင်ရွက်ခဲ့သည်။

◀ ဇယား ၄.၄ ရိုးမဘဏ်၏ ရရန်အကြွေးလျှော့ငွေစာရင်း

◀ ဇယား ၄.၅ ရိုးမဘဏ်၏ ကုန်အမှာစိုက်ချေးငွေ

### *AFP၏ စက်ကိရိယာ ငှား-ဝယ်ခြင်း*

AFPအရ ကျေးလက် စီးပွားရေးလုပ်ငန်းရှင်များကို စက်ကိရိယာ အရောင်းသမားများက ညွှန်းပို့ ပေးသည်။ ထိုနောက် လယ်ယာသုံးစက်ကိရိယာများကို ငှား-ဝယ်စနစ်ဖြင့် ဝယ်ယူရန် ယင်းတို့ လက်ခံနိုင်မည့် စည်းကမ်းချက်များဖြင့် ရိုးမဘဏ်မှ ငွေထုတ် ချေးပေးသည်။ ယခင်က ဤကဲ့သို့ မဆောင်ရွက်နိုင်ခဲ့ပေ။ မြန်မာနိုင်ငံရှိ ရိုးမဘဏ်နှင့် အခြားဘဏ်များသည် LIFT၏ AFPအစီအစဉ် မစတင်မီကပင် ငှား-ဝယ်စနစ်ကို ဆောင်ရွက်ခဲ့သည်။ ချေးငွေရယူသူတို့သည် အနည်းဆုံး ၃၀ရာခိုင်နှုန်းကို ငွေလက်ငင်းပေးချေရသည်၊ လစဉ်ပြန်ဆပ်ရသည်က များသည်၊ ငွေချေးသည့်ကာလမှာ တနှစ်သာ ဖြစ်တတ်သည်။ ဤစည်းကမ်းများ သည် စက်များကို ဝယ်ယူကာ တောင်သူများသို့ ပြန်ငှားမည့် အလတ်စား အငယ်စား စီးပွားရေး လုပ်ငန်းများကို မဆွဲဆောင်နိုင်ပေ။ AFPအရ ရိုးမဘဏ်တွင် ၁၀ရာခိုင်နှုန်းသာ ငွေလက်ငင်းချေရသည်၊ငွေချေးသည့် ကာလကိုလည်း သုံးနှစ်ထိ တိုးမြှင့်လိုက်သည်။ တနှစ်လျှင် နှစ်ကြိမ်သာ ပြန်ဆပ်ရသည်။အငယ်စား စီးပွားရေးလုပ်ငန်းများ ငွေဝင်ချိန်နှင့် ကိုက်ညီစေရန် ဖြစ်သည်။

◀ ဇယား ၄.၆ ရိုးမဘဏ်၏ တရာသီကြိုထုတ်ငွေ

LIFTက ကန်ဒေါ်လာ ၉-သန်းကို ဖြစ်လာဖွယ် ရှိသော ကြွေးဆုံးမှုလျှော့ပါးစေရန် တပိုင်းတစ အဆုံးအရှုံး အာမခံအဖြစ် ရိုးမဘဏ်သို့ ထည့်ဝင်ပေးသည်၊ ပုဂ္ဂလိကကဏ္ဍ အရင်းအနှီးကို ဆပွားပေးလိုက်သည်။ ထိုတပိုင်းတစ အဆုံးအရှုံး အာမခံကြောင့် ဆုံးရှုံးနိုင်ခြေများသော ချေးငွေကို သက်သာသည့် စည်းကမ်းများနှင့် ထုတ်ချေးနိုင်ခဲ့သည့်ပြင် ရိုးမဘဏ်သည် မိမိ၏ဘဏ်ခွဲကွန်ရက် နှင့် ကျွမ်းကျင်ဝန်ထမ်းများကို တိုးချဲ့နိုင်ခဲ့သည်။ ရိုးမဘဏ်၏ အမည်ကို တည်ဆောက်နိုင်ခဲ့သည်။

၂၀၁၇ခုနှစ်၏ AFPရလဒ်မှာ အလွန်ကောင်းပါသည်။ ကန်ဒေါ်လာ ၈၇-သန်း ထုတ်ချေးလိုက်သဖြင့် ကန်ဒေါ်လာ ၁၀၆-သန်းခန့်တန်ဖိုးရှိသော လယ်ယာသုံး စက်ကိရိယာများကို ကျေးလက်စီးပွားရေးလုပ်ငန်းရှင်များသို့ ရောင်းချနိုင်ခဲ့သည်။ ယင်းစက်များတွင် ထွန်စက် ၃,၀၀၀၊ ရိတ်သိမ်းခြွေလှေ့စက် ၇၀၀ကျော်၊ သယ်ပို့ယာဉ် ၁,၅၀၀နှင့် အခြားလယ်ယာသုံး ကိရိယာများ ပါဝင်သည်။

၂၀၁၇ခုနှစ် နှစ်ကုန်ချိန်တွင် ငွေစာရင်း ၄,၈၇၁ခု အနက် ၅၁၃ခု သည် ရက်လွန်နေသည်။ ယင်းသည် ချေးငွေ စုစုပေါင်း၏ ၈.၃ရာခိုင်နှုန်း ဖြစ်သည်။ အများစုမှာ ရက်၉၀အောက်သာ ရက်လွန်နေသည်။

AFP သတ်မှတ်ချက်များနှင့်အညီ ငွေချေးနိုင်သူ စက်ရောင်းသမားဦးရေသည် ၂၀၁၆ခုနှစ်တွင် ၁၁ဦးရှိရာမှ ၂၀၁၇ခုနှစ် တွင် ၁၇ဦးသို့ တိုးလာသည်။

မီချီဂန်ပြည်နယ်တက္ကသိုလ်၏ ငါးမွေးမြူရေး-စိုက်ပျိုးရေး စစ်တမ်းအရ လုပ်ကွက်ငယ် တောင်သူများ၏ စက်မှု အသွင်ပြောင်းခြင်းကို စက်ငှားသူများက တွန်းအားပေးဖြစ်ထွန်းစေလျက်ရှိပါသည်။ AFP၏ ချေးငွေ ရယူသူများထံ တောင်သူ မိသားစု ၁၀၀,၀၀၀ ကျော်က ထွန်ယက်ရန်နှင့် ရိတ်သိမ်းရန် စက်များကို ငှားရမ်းကြောင်း ခန့်မှန်းထားသည်။ စီမံချက် စတင်ချိန်မှစ၍ ဧက ၇၆၀,၀၀၀ကျော်ကို လွှမ်းခြုံနိုင်ခဲ့သည်။

၂၀၁၆ခုနှစ်တွင် စိုက်ပျိုးရေးစက်မှု အသွင်ပြောင်းခြင်း စစ်တမ်းကို LIFT၏အထောက်အပံ့ဖြင့် မီချီဂန်ပြည်နယ်တက္ကသိုလ်(Michigan State University, MSU) က ဆောင်ရွက်ခဲ့သည်။ ယင်းတွင် ၂၀၁၁ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ လယ်ယာသုံး စက်ကိရိယာများကို ရောင်းချမှု အလျင်အမြန် တိုးပွား ပျံ့နှံ့လာကြောင်း ဖော်ပြထားသည်။ အရောင်း တိုးတက်မှုမှ ၅၀၀ရာခိုင်နှုန်းထိ ရှိလာသည်။ ရိတ်သိမ်းခြွေလှေ့စက်၊ လေးဘီးတပ် လယ်ထွန်စက်ကဲ့သို့သော စက်ကြီးများကို အရောင်းရဆုံး ဖြစ်သည်။ ထိုသို့ တိုးပွားစေသည့် လောင်စာမှာ ငှား-ဝယ်စနစ် ငွေထုတ်ချေးမှုပင် ဖြစ်သည်။ စစ်တမ်းအရ မြေပြင်ခြင်း ရိတ်သိမ်းခြင်းကဲ့သို့ အင်အားအလွန်သုံးရသည့် လုပ်ငန်းများအတွက် လိုအပ်သည့် စက်ကိရိယာများကိုသာ ဝယ်လိုအား များကြောင်း တွေ့ရသည်။ ဝယ်လိုအားကိုလည်း လုပ်အား ရွှေ့ပြောင်းခြင်းကြောင့် ကျေးလက်ဒေသ လုပ်အား ပြတ်လပ်မှုက တွန်းပို့လျက်ရှိသည်။ ၂၀၀၉နောက်ပိုင်းတွင် လုပ်အားရွှေ့ပြောင်းမှု များပြားလာခြင်းကြောင့် မြစ်ဝကျွန်းပေါ်တွင် စက်မှု အသွင်ပြောင်းမှု တိုးတက်လာခဲ့သည်၊ ထို့ကြောင့် ၂၀၁၁ခုနှစ် နောက်ပိုင်းတွင် စက်ကိရိယာ အဝယ် တိုးတက်လာခြင်း ဖြစ်သည်။

တောင်သူများသည် လုပ်အားပြတ်လပ်ခြင်း၊ ကုန်ထုတ်စရိတ် ကြီးမြင့်ခြင်း၊ ထွန်ယက်မှု အားနည်းခြင်း၊ မခန့်မှန်းနိုင်သော ရာသီဥတုနှင့်အညီ ရိတ်သိမ်းရခြင်းတို့ကို ကျော်လွှားနိုင်ရန် စက်အကြီးစားများ ကို ပိုမို အသုံးပြုလာကြကြောင်း LIFT၏ အစီအစဉ် လေ့လာစောင့်ကြည့်မှုကလည်း ပြသနေသည်။ ထွန်စက်ဟောင်းများကိုအသစ်နှင့် လဲလှယ်ခြင်းဖြင့် စွမ်းဆောင်ရည် ပိုမို ကောင်းမွန်လာသည်၊ အရည်အသွေး ကောင်းလာသည်၊ ကြိမ်ရေပိုများလာသည်၊ စက်ငှား သူများ၊ ထုတ်လုပ်သူများ အနေဖြင့်လည်း အချိန်ကုန် သက်သာလာသည်။ စက်အငှားလုပ်ငန်း အပြိုင်အဆိုင် ပိုများလာပါက တောင်သူများလည်း မျှတသောဈေးနှင့် ဝန်ဆောင်မှု ကောင်းကောင်းကို လက်လှမ်းမီလာမည် ဖြစ်သည်။

မီချီဂန်ပြည်နယ်တက္ကသိုလ်၏ ငါးမွေးမြူရေး-စိုက်ပျိုးရေးစစ်တမ်းအရ ရိတ်သိမ်းခြွေလှေ့စက်သည် တဧက အတွက် တနေ့စာ လိုအပ်သည့် လုပ်သား

အရေအတွက်ကို ငါးဆမျှအထိ လျှော့ချကြောင်း၊ စပါးတဇကောလျှင် လုပ်သားခ ကျပ် ၇၁,၁၉၁ (ကန်ဒေါ်လာ ၅၃)မှ ကျပ်၂၉,၀၂၃ (ကန်ဒေါ်လာ၂၃) ထိ လျှော့ချကြောင်း ဖော်ပြထားသည်။ ရိတ်သိမ်းခြွေလှေ့စက်သည် စပါးတဇကောကို ရိတ်သိမ်းရန် လူ ၀.၂ ယောက် /တရက်သာ လိုသော်လည်း လုပ်သားဖြင့် ရိတ်ပါက ငါးရက်ကြာမည်။ ယင်းတွင် နယ်ခြင်း၊ လှေ့ခြင်း မပါသေးပါ။ ထို့အတူ ခိုင်းကျွဲ၊ခိုင်းနွားများ အစား စက်ဖြင့် မြေပြင်ပါကလည်း အလားတူ အချိန်နှင့် စရိတ်သက်သာကြောင်း တွေ့ရသည်။

*အာမခံမထားသော/အာမခံထက် ချေးငွေတန်ဖိုး မြင့်သော ချေးငွေများကို စိုက်ပျိုးရေး စီးပွားရေး လုပ်ငန်းများအတွက် ထုတ်ချေးမှု*

AFP၏ ရည်ရွယ်ချက်တခုမှာ အာမခံမထားသော/ အာမခံထက် ချေးငွေတန်ဖိုးမြင့်သော ချေးငွေများကို မြန်မာ့စိုက်ပျိုး-စီးပွားရေးလုပ်ငန်းသို့ ပိုမိုထုတ်ပေးနိုင်ရန် ဖြစ်သည်။ လက်ရှိတွင် ဘဏ်များက မြေ သို့မဟုတ် အဆောက်အအုံကို အပေါင်ခံကာ ထုတ်ချေးကြသည်။ ယင်းသည် မြန်မာ့ စိုက်ပျိုးရေး စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးဝန်ဆောင်မှု ဝယ်လိုအားကိုရော ရောင်းလိုအားကိုပါ ဆိုးရွားစွာ ထိခိုက်စေသည်။ AFPသည် ဝယ်လိုအား နှင့် ရောင်းလိုအား နှစ်ခုစလုံး၏ အကန့်အသတ်များကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ရိုးမဘဏ် သည် ဆုံးရှုံးနိုင်ခြေကိုကျခံရာတွင်နည်းပညာအထောက်ကူပေးကာ အာမခံ မရှိလှသော ချေးငွေများအတွက် ဆုံးရှုံးမှု ပထမ ကြားခံကို ပေးအပ်ခဲ့သည်။ AFPအရ ထုတ်ပေးမည့် အာမခံ မရှိလှသော ချေးငွေ ၄-မျိုးကို အောက်တွင် အကျဉ်းဖော်ပြထားသည်။ ပထမ သုံးခုမှာ ဆုံးရှုံးမှုပထမကြားခံဖြင့် ရာနှုန်းပြည့် အကျိုးခံစားရမည်။ ယင်းကို ဆုံးရှုံးမှုကြားခံ၏ ပမာဏဖြင့်သာ ကန့်သတ်ထားသည်။ ယင်းပဏာမမှာ ကန်ဒေါ်လာ ၃.၅သန်းခန့်ရှိမည်။ စတုတ္ထချေးငွေမှာ ၁၀ရာခိုင်နှုန်း ဆုံးရှုံးမှု ပထမကြားခံ ဖြစ်သည်။

*ရရန်အကြွေးလျှော့ ငွေစာရင်း* သည် ပိုထုတ်ချေးငွေ တစ်မျိုး ဖြစ်ပြီး စိုက်ပျိုးရေးသွင်းအားစု စျေးကွက်ကို ဦးတည်သည်။ စျေးကွက်တွင် သွင်းအားစု အရောင်းဆိုင်ကြီးများသည် အရောင်းသမားကွန်ရက်မှ တဆင့် တောင်သူများထံသို့ ဖြန့်ချီသည်။မျိုးစေ့များ၊ မြေသြဇာများ၊ ပိုးသတ်ဆေးများကို ယင်းဖြန့်ချီသူများအား ရေတိုအကြွေးစနစ်ဖြင့် ရောင်းချသည်။ ယင်းတို့က တောင်သူများကို ရေတို အကြွေးစနစ်ဖြင့် ပြန်လည် ရောင်းချသည်။ ဖြန့်ချီသူများကို ရေတို အကြွေးစနစ်ဖြင့် ရောင်းချသည့် ပမာဏကို အခြေခံကာ ရိုးမဘဏ်က အရောင်းဆိုင် များအား လုပ်ကိုင်မည့် အရင်းအနှီးကို ထုတ်ပေးသည်။ ဥပမာအားဖြင့် ၇၅ရာခိုင်နှုန်းထိ လျှော့ချကာ ချေးငွေ ထုတ်ပေးခြင်းဖြင့် လိုအပ်သည့်ချေးငွေ ကျပ်သန်း၂၀၀ (ကန်ဒေါ်လာ ၁၄၈,၀၀၀)မှ ကျပ်သန်း ၁၅၀ (ကန်ဒေါ်လာ၁၁၁,၀၀၀) ကို အပေါင်ပစ္စည်း မပါပဲ ရိုးမဘဏ်က ထုတ်ပေးလာနိုင်သည်။ တန်ဖိုးမြှင့်ကွင်းဆက် ထိပ်ပိုင်းတွင် ထိုသို့ ငွေဝင်လာသဖြင့် အရောင်းဆိုင်ကြီးများက ဖြန့်ချီသူများကို အကြွေးစနစ်ဖြင့် ပိုမို ရောင်းချပေးလာနိုင်သည်။ တဖန် ဖြန့်ချီသူများကလည်း တောင်သူများကို အကြွေးစနစ်ဖြင့် ပိုမို ရောင်းချပေးလာနိုင်သည်။ ထို့ကြောင့် သွင်းအားစုထောက်ပံ့မှုများပိုမို တိုးတက်လာသည်။

*ကုန်အမှာစိုက်ချေးငွေ* သည် ထောက်ပံ့သူထံမှ ကုန်များကို တောင်သူများသို့ ဖြန့်ချီပေးသည့် ဖြန့်ချီသူများကို ထုတ်ပေးသော ချေးငွေဖြစ်သည်။ ဤချေးငွေတွင် ဘဏ်မှ ငွေချေးယူသူများမှာ အရောင်းဆိုင်ကြီးများ မဟုတ်ပဲ ဖြန့်ချီသူများ ဖြစ်သည်။ အရောင်းဆိုင်ကြီးများထံမှ ကုန်များကို ဝယ်ရန် ဖြန့်ချီသူများက ရိုးမဘဏ်မှချေးငွေ လျှောက်ထားရသည်။ ရိုးမဘဏ်က အရောင်းဆိုင်ကြီးများထံသို့ တိုက်ရိုက် ငွေထုတ်ပေးသည်။ အရောင်းဆိုင်များအနေဖြင့် ဖြန့်ချီသူများက ပြန်လည်မဆပ်ပါက ကြွေးဆုံးအတွက် ၅၀ရာခိုင်နှုန်း တာဝန်ယူရသည်။ ဖြန့်ချီသူများက ချေးငွေ အချိန်စေ့ပါက ဘဏ်သို့ တိုက်ရိုက် တကြိမ်တည်းနှင့် အပြီး ပြန်ပေးဆပ်ရသည်။ ဖြန့်ချီသူများက အကန့်အသတ်အတွင်း ရိုးမဘဏ်မှ ချေးငွေ အကြိမ်ကြိမ် ထုတ်ယူနိုင်သည်။ အဆိုပါ အကန့်အသတ်မှာ လွန်ခဲ့သည့် နှစ်နှစ်အတွင်း အရောင်းဆိုင်ကြီးများက ၎င်းအား ရောင်းချလိုက်သည့် ပျမ်းမျှ အရောင်းပမာဏအပေါ် မူတည်သည်။

*တရာသီကြိုထုတ်ငွေ* ကို ရိုးမဘဏ်က အငယ်စားနှင့် အလတ်စား ပြောင်းကုန်သည်များသို့ ထုတ်ချေးပေးသည်။ ထို့ကြောင့် ယင်းတို့၏ ကုန်သွယ်နိုင်စွမ်းနှင့် စျေးကွက်ကို တိုးချဲ့နိုင်မည်ဖြစ်သည်။ ကုန်သည်များသည် ရိုးမဘဏ်မှ ရိတ်သိမ်းချိန်ဖြစ်သည့် နိုဝင်ဘာလတွင် ငွေထုတ်ယူကာ ဇူလိုင်လအပြီးတွင် အပြည့်အဝ ပြန်ဆပ်ရမည်။ အကန့်အသတ်သည် မတ်လမှ စတင်ကာ ပြန်၍ တိုးသွားသည်။ ယခင်ရာသီက အရောင်းရဆုံး အချိန် ရောင်းအား၏ ၇၅ရာခိုင်နှုန်းကို အခြေခံကာ ရိုးမဘဏ်က ငွေထုတ်ချေးပေးသည်။ အထောက်အထားအဖြစ် ကုန်သည်များ၏ ဘဏ်ရှင်းတမ်းများကို တင်ပြရသည်။ ပိုထုတ်ငွေ၏ ၁၅ ရာခိုင်နှုန်း(အများဆုံး)ကို ဘဏ်သို့ အာမခံအဖြစ် သွင်းထားရသည်။ ရိုးမဘဏ်က ဤချေးငွေကို ရှေ့ပြေးအဖြစ် ၂၀၁၇နှစ်ကုန်ပိုင်းတွင် ဆောင်ရွက်ကာ စိတ်ဝင်စားမှုကို စူးစမ်းခဲ့သည်။ ချေးငွေ ကန့်သတ်ချက်များကို စမ်းသပ်ခဲ့သည်။ လုံး၀ အာမခံ မထားရှိသဖြင့် ရှေ့ပြေးချေးငွေကို၂၀၁၈ ခုနှစ် ဇန်နဝါရီလလယ်ထိ ကျပ် ၅-ဘီလျံ (ကန်ဒေါ်လာ ၃.၇သန်း)ထိသာ ခွင့်ပြုခဲ့သည်။ မတိုးချဲ့မီ ပြန်ဆပ်နှုန်းကို ဆန်းစစ်ရမည် ဖြစ်သည်။ လုပ်ကွက် ပိတ်သောအခါ ထုတ်ချေးငွေ အနည်းငယ်မျှ လိုနေသည်။

## MFIများသို့ စီးပွားရေးဘဏ်များမှ ငွေချေးခြင်း

MFT များသို့ စီးပွားရေးဘဏ်များမှ ငွေချေးခြင်းသည် ၂၀၁၆ခုနှစ် ဒုတိယနှစ်ဝက်တွင် ဥပဒေ ပြန်လည်ပြင်ဆင်ခဲ့သောကြောင့် ဖြစ်ပေါ်လာသည်။ ရိုးမ ဘဏ်သည် MFIများသို့ ကျပ်ငွေဖြင့် ချေးငွေ များကို သုံးလ တစ်ကြိမ် အတိုးပေးခြင်းဖြင့် ထုတ်ချေးလာသည်မှာ သုံးနှစ်ရှိခဲ့ပြီ ဖြစ်သည်။ အနည်းဆုံး ၄၀ရာခိုင်နှုန်းကို ကန်ဒေါ်လာဖြင့် အပေါင် ထားရန် လိုအပ်သည်။ ချေးငွေ ကာလ အတွင်း အမျိုးမျိုး ခွဲဆပ်နိုင်သကဲ့သို့ ကာလအဆုံး တွင်မှလည်း အပြည့်အဝ ပြန်ဆပ်နိုင်သည်။ ၂၀၁၇စက်တင်ဘာလတွင် ကျပ် ၇.၃ဘီလျံ (ကန်ဒေါ်လာ ၅.၄သန်း) ကို Proximity Finance သို့ ထုတ်ချေးခဲ့သည်။ ချေးငွေ လျှောက်လွှာ ၅-စောင်ကို အတည်ပြုဆဲ ဖြစ်သည်။ LIFT နှင့် စီစဉ်ထားသော ဆုံးရှုံးနိုင်ခြေ ခွဲဝေမှုမှာ ဆုံးရှုံးမှု ပထမကြားခံ၏ ၁၀ရာခိုင်နှုန်းသာ ရှိသည်။

## ဒီဂျစ်တယ် စုငွေ/ တဦးချင်း ဖွံ့ဖြိုးရေးငွေစာရင်းများ(IDA)

ဒီဂျစ်တယ်စနစ်ဖြင့် စုငွေ/ တဦးချင်း ငွေစာရင်းများကို ၂၀၁၇ခုနှစ်ကုန်ပိုင်းတွင် အတည်ပြုခဲ့သည်။ ဝန်ထမ်းခေါ်ယူခြင်း၊ အဖွဲ့များ ဖွဲ့စည်းခြင်း၊ ဒီဂျစ်တယ်ချေးငွေ ပေးအပ်မည့်သူ နှင့် နည်းပြမှုများ ကို ဆောင်ရွက်မည့် ပေးသွင်းသူများကို ရွေးချယ်ပြီး ဖြစ်သည်။ Wave Money နှင့် ပေါင်းစပ်ကာ ၂၀၁၈ခုနှစ်တွင် စတင်နိုင်လိမ့်မည် ဖြစ်ပါသည်။

၄.၂

# လုံခြုံဘေးကင်းပြီး အကျိုးအမြတ် ရရှိနိုင်သော ရွှေ့ပြောင်းသွားလာရေး

## ခြုံငုံဖော်ပြချက်

လွန်ခဲ့သော အနှစ်ငါးဆယ်အတွင်းတွင် တစ်ကမ္ဘာလုံး၌ မြို့ပြနေ လူဦးရေသည် လူဦးရေစုစုပေါင်း၏ ငါးပုံတစ်ပုံမှ ထက်ဝက်ထိ ဖြစ်လာသည်။[၆၂] ကမ္ဘာအနှံ့ လူဦးရေ သန်း၇၅၀သည် ပြည်တွင်းတွင် လည်းကောင်း၊ သန်း၂၅၀သည် ပြည်ပသို့ လည်းကောင်း ရွှေ့ပြောင်း သွားလာနေကြသည်။[၆၃] မဟာမဲခေါင် နယ်မြေတွင် မြန်မာနိုင်ငံသည် အကြီးဆုံးသော ရွှေ့ပြောင်းလုပ်အားရင်းမြစ်ဖြစ်ကာ လူဦးရေ ၁၀ရာခိုင်နှုန်း သည် ပြည်ပသို့ ရွှေ့ပြောင်း သွားလာနေကြသည်။[၆၄] ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ ၂၀ရာခိုင်နှုန်းသည်ပြည်တွင်းတွင် ရွှေ့ပြောင်း သွားလာနေကြသည်။[၆၅]လူငါးယောက်တွင် တယောက်က ရွှေ့ပြောင်းသွားလာ နေရာ မြန်မာနိုင်ငံသည် 'ရွှေ့နေသောတိုင်းပြည်' ဖြစ်ပေသည်။ မြန်မာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ မြို့ပြနေထိုင်သူများ ဖြစ်သည်ဟု ခန့်မှန်း ထားသည်။[၆၆] ထိုင်းနိုင်ငံက ၅၄ရာခိုင်နှုန်း၊ အရှေ့အာရှတခွင်လုံး နှင့် ပစိဖိတ်ဒေသက ၅၈ ရာခိုင်နှုန်း ဖြစ်သည်။[၆၇] ၂၀၅၀ပြည့်လောက်တွင် အာရှ လူဦးရေ၏ ၆၄- ရာခိုင်နှုန်းသည် မြို့ပြဒေသ တွင် နေထိုင်ကြမည်ဖြစ်ရာ၊[၆၈] မြန်မာနိုင်ငံ၏ မြို့ပြ အသွင်ပြောင်းမှုသည်လည်း အလွန် မြန်လာဖွယ် ရှိသည်။

လုပ်အားရွှေ့ပြောင်းသွားလာရေးသည် မြန်မာနိုင်ငံ၏ ကျေးလက်အိမ်ထောင်စုများ၏ အရေးကြီးသော အသက်မွေးမှုမဟာဗျူဟာ ဖြစ်သည်။ မိသားစုထံသို့ ပြန်လွှဲပို့သည့်ငွေသည် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးတွင် အထူးသက်ရောက်သည်။ ရွှေ့ပြောင်းလုပ်သားများ၊ ယင်းတို့၏ လွှဲပို့ငွေများသည် 'ဖွံ့ဖြိုးဆဲနိုင်ငံတခု၏ ဆင်းရဲနွမ်းပါးမှုကို နက်နက်ရှိုင်းရှိုင်း လျော့ချရာတွင် သက်ရောက်မှုရှိသည်။[၆၉] လွှဲပို့ငွေသည်လည်းပညာရေး၊ ကျန်းမာရေး၊ ကျား၊မတန်းတူညီမျှမှုတို့ ကောင်းမွန်တိုးတက်ရေး နှင့် ဆက်နွှယ်လျက်ရှိသည်။[၇၀] ၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်ပ ရွှေ့ပြောင်း သွားလာ သူများက မိမိတိုင်းပြည်သို့ ကန်ဒေါ်လာ ၄၄၁ဘီလျံမျှ ငွေပြန်ပို့ခဲ့ကြသည်။ ယင်းပမာဏသည် ODA၏ သုံးဆဖြစ်ပြီး၊ တရုတ်နိုင်ငံမပါ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံငွေ(FDIထက်ပင် များသေးသည်။[၇၁] မြန်မာနိုင်ငံက မကြာခဏတွေ့ကြုံနေရ သော စီးပွားရေး ကျဆင်းခြင်း၊ သဘာဝဘေးသင့်ခြင်း ၊ နိုင်ငံရေးပဋိပက္ခဖြစ်ခြင်းစသည့်အခြေအနေမျိုးတို့တွင်ပင် ယင်း လွှဲပို့ငွေများသည် ODA၊ FDI တို့ထက်ပင် ပုံမှန်စီးဝင်လျက်ရှိကြောင်း သုတေသနပြုချက် တရပ်တွင် တွေ့ရှိထားသည်။[၇၂]

၂၀၁၆ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကုလသမဂ္ဂအထွေထွေ

▼ ဇယား ၄.၇
၂၀၁၇ခုနှစ် LIFT ရန်ပုံငွေ ပံ့ပိုးသည့် ရွှေ့ပြောင်းသွားလာရေးစီမံချက်များ

| မိတ်ဖက်အဖွဲ့အစည်း | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| IOM, University of Sussex, Metta Development Foundation | နိုင်ငံတဝန်း | မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးရေးအတွက် လုပ်အား ရွှေ့ပြောင်းရေးတွင် ရင်းနှီးမြှုပ်နှံခြင်း ဆိုင်ရာ အရေးအတွက်၊ အရည်အသွေးသုတေသန |
| ILO | နိုင်ငံတဝန်း | ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်အား ရွှေ့ပြောင်းသွားလာရေး အုပ်ချုပ်စီမံမှု ဖွံ့ဖြိုးရေး |
| BBC Media Action | နိုင်ငံတဝန်း | ရွှေ့ပြောင်းသွားလာရေးသည် မည်သို့ လုံခြုံဘေးကင်း စေနိုင်သည်၊ အကျိုးအမြတ် ရှိနိုင်သည်ကို မီဒီယာမှတဆင့် လူထုကို အသိပညာပေးရန် |
| IOM, PGMF, Mon Women's Organization, Parami Development Network, Chin Human Rights Organization. | ကရင်၊ချင်း၊တနင်္သာရီ၊ မကွေး၊ မန္တလေး၊ မွန်၊ ရှမ်း | အုပ်ချုပ်မှု နှင့် မိတ်ဖက်ပြုမှုကို အားဖြည့်ပေးခြင်းဖြင့် လုပ်အား ရွှေ့ပြောင်းသွားလာရေးက ဖွံ့ဖြိုးရေးကို ပိုမို သက်ရောက်စေခြင်း |
| CARE, Pyoe Pin, Business Kind Myanmar | ရန်ကုန် | ရန်ကုန် အထည်ချုပ်လုပ်ငန်းရှိ ရွှေ့ပြောင်း သွားလာသူ အမျိုးသမီးများကို အသက်မွေးမှုနှင့် စက်ရုံအခြေပြု ကျွမ်းကျင်မှု သင်တန်းပေးခြင်း၊ လုံခြုံဘေးကင်းသော ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ လုပ်ငန်းများ |
| EDEN | ရန်ကုန် | လုံခြုံဘေးကင်းသော ရွှေ့ပြောင်း သွားလာရေး နှင့် လိင်လူကုန်ကူးခံရသူများအား ပြန်လည် ရပ်တည်နိုင်စွမ်း၊ လုပ်ကိုင်နိုင်စွမ်းရှိစေခြင်း |

၆၂။ မန်နင်း၊ ပီ နှင့် ထရင်မာ၊ တီ (၂၀၁၃) ကမ္ဘာ့သမိုင်းမှ ရွှေ့ပြောင်းသွားလာရေး၊ ဒု-နိုပ်၊ လန်ဒန်နှင့် နယူးယောက်၊ ရူတလက်။

၆၃။ ဆူသာလင်း၊ ပီ ဒီ၊ (၂၀၁၃)၊ ရွှေ့ပြောင်းသွားလာရေးသည် ဖွံ့ဖြိုးရေး ဖြစ်သည်၊ ၂၀၁၅ နောက်ပိုင်း အချေအတင် ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းသွားလာရေးသည် မည်သို့ အရေးပါသည်၊ ရွှေ့ပြောင်းသွားလာရေး နှင့် ဖွံ့ဖြိုးရေး (၂)စာ ၁၅၁-၁၅၆၊

၆၄။ နိုင်ငံတကာ ရွှေ့ပြောင်း သွားလာရေး အဖွဲ့အစည်း (IOM). "မြန်မာ ခြုံငုံ ဖော်ပြချက်"၊ ၂၀၁၅၊ Web

၆၅။ ပြည်ထောင်စု မြန်မာနိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာန 'သန်းခေါင် စာရင်း အစီရင်ခံစာ၊ အတွဲ ၂၊ dop.gov.mm. ၊ ၂၀၁၅မေလ၊ စာ ၁၂၃-၁၂၄။

၆၆။ http://myanmar.unfpa.org/country-profile-0

၆၇။ https://data.worldbank.org/indicator/SP.URB.TOTL.IN.ZS

၆၈။ UNDESA (2014)၊ ကမ္ဘာ့မြို့ပြ အသွင်ပြောင်းမှုအလားအလာ၊ နယူးယောက်၊

၆၉။ အာဒံ၊ အာရ် အိတ်ချ်၊ ပေ့ချ်၊ ဂျေ၊ (၂၀၀၅)၊ 'နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေး နှင့် ပြန်လွှဲငွေတို့က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမှုကို လျှော့ချသလား'၊ ကမ္ဘာဖွံ့ဖြိုးရေး၊ ၃၃(၁၀)။ ၁၆၄၅-၁၆၄၉၊ စာ ၁၆၄၅။

၇၀။ ရထ၊ ဒီ၊ (၂၀၁၃) စီးပွားရေးတိုးတက်မှု နှင့် ဆင်းရဲမှုလျှော့ချရေးကို ပြန်လွှဲငွေတို့၏ သက်ရောက်မှု၊ မူဝါဒရှင်းလင်းချက်၊ ၈၊ စာ ၁-၁၃။

၇၁။ ကမ္ဘာ့ဘဏ်၊ (၂၀၁၅)။ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေး အမြင့်ဆုံးအချိန်၊ [သတင်းထုတ်ပြန်ချက်] http://www.worldbank.org/en/news/press-release/2015/12/18/international-migrants-and-remittances-continue-to-grow-as-people-search-for-better-opportunities-new-report-finds. Scalabrin, P. and Graham Fitzgerald, S. (2016). Migration and remittances fact 2016. Washington, D.C.: World Bank Group.

၇၂။ ၂၀၀၉ခုနှစ် စီးပွားရေး အခက်အခဲအတွင်းတွင် ပြန်လွှဲငွေသည် ၅.၅%သာ ကျသွားသည်။ FDIမှာ ၄၀%ခန့် ကျသွားသည်။ (အာမက် နှင့် မာတင်နက်ဇ်- ဇာဗိုစို ၂၀၁၆) မာကီနာ ၂၀၁၄ ကိုလည်း ရှုပါ။

ညီလာခံတွင် မိန့်ခွန်းပြောရာ၌ ရွှေ့ပြောင်းသွားလာရေးကို စီမံခန့်ခွဲရန် အရေးကြီးကြောင်းကို ထည့်သွင်းပြောဆိုခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က-'ရွှေ့ပြောင်း သွားလာသူများသည် အိမ်ရှင်နိုင်ငံ၏ စီးပွားရေး ကိုသာမက ကမ္ဘာစီးပွားရေးကိုပါ အကျိုးပြုကြောင်း။ ရွှေ့ပြောင်းလုပ်သားများ၏ ရပိုင်ခွင့်များကို ရရှိစေရန် အိမ်ရှင်နိုင်ငံ နှင့် မူရင်းနိုင်ငံတို့ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျှင် နှစ်နိုင်ငံစလုံး၏ စီးပွာရေး ခိုင်မာမည်ဖြစ်ကြောင်း' အလေးအနက်ပြု ပြောဆို ခဲ့သည်။

၂၀၁၆ခုနှစ်တွင် ကန်ဒေါ်လာ ၁၆သန်း တန်ဖိုးရှိသည့် ရွှေ့ပြောင်းသွားလာရေး အစီအစဉ်ဒီဇိုင်းကို LIFTက အပြီးသတ် ရေးဆွဲခဲ့သည်။ ဘေးကင်း စေမည့်၊ အကျိုးအမြတ်ရှိစေမည့် ရွှေ့ပြောင်း သွားလာရေး ဖြစ်စေမည့် စီမံခန့်ခွဲမှု ကောင်းမွန်စေရန် အလေးထားသည်။ LIFT၏ အထွေထွေ ရလဒ်များဖြစ်သည့် ရပ်ရွာ လူထု ဝင်ငွေတိုးခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်း၊ မူဝါဒများ ကောင်းမွန် လာခြင်းတို့ကိုလည်း ဖြည့်ဆည်းရန် ရည်ရွယ်ပါသည်။ ၂၀၁၇ခုနှစ်တွင် စီမံချက်အားလုံး သက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။ LIFT၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်သည် မြန်မာနိုင်ငံတွင် အကြီးမားဆုံး ရွှေ့ပြောင်းသွားလာရေး ပံ့ပိုးမှု ဖြစ်သည်။

ဘေးကင်းလုံခြုံပြီး အကျိုးကျေးဇူးဖြစ်ထွန်းသော ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရေးအတွက် အောက်ပါ နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

- ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုများအတွက် မူဝါဒများနှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို အားကောင်းလာစေရန် မြန်မာအစိုးရအား ကူညီပံ့ပိုးပေးခြင်း
- တာဝန်သိ၍ အကျိုးအမြတ်ဖြစ်ထွန်းသော ကျေးလက်မှ မြို့ပြ လုပ်သားရွှေ့ပြောင်းမှု ဖြစ်စေရေးအတွက် စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများကို အားကောင်းစေခြင်းဖြင့် ယင်းတို့၏ ရပ်ရွာလူထုများနှင့် ပရိသတ်များအား ဘေးကင်းလုံခြုံ၍ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်နိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း
- အနိုင်အထက်ပြုခြင်းနှင့် လူကုန်ကူးခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ခြင်းများ အပါအဝင် ရွှေ့ပြောင်းသွားလာမှု၏ ကျား/မရေးရာ ကဏ္ဍကို အလေးထားလာကြစေရန် ဆောင်ရွက်ခြင်း
- မြန်မာနိုင်ငံ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်ကြီးအား အကောင်အထည်ဖော်ရန် လက်တွဲကြိုးပမ်းမှု တစ်ခုအနေဖြင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာ မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း

## ၂၀၁၇ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

### ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုများအတွက် မူဝါဒများနှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်များကို အားကောင်းလာစေရန် မြန်မာအစိုးရအား ကူညီပံ့ပိုးပေးခြင်း

ရွှေ့ပြောင်းသည့် လုပ်သားများ အမြတ်ထုတ်ခံရမှု၊ လူကုန်ကူးခံရမှုမှ ကာကွယ်ရန်မှာ အစိုးရ၏ ဦးစားပေးကဏ္ဍတစ်ခု ဖြစ်သည်။ ကမ္ဘာအဝန်းတွင် အဓမ္မ ခိုင်းစေခြင်းမှ မတရားအမြတ်ထုတ်မှု သည် နှစ်စဉ် ကန်ဒေါ်လာ ၁၅၀.၂ဘီလျံ ရှိသည်ဟု ILOက ခန့်မှန်းထားသည်။ လူကုန်ကူးခြင်းသည် ကမ္ဘာအဝန်း အကျိုးအမြတ် အများဆုံး ပြစ်မှုမြောက်လုပ်ငန်းဖြစ်သည်။[၇၃] ရွှေ့ပြောင်းသွားလာရေး နှင့် လူကုန်ကူးခြင်းတို့မှာ သီးခြားစီ ဖြစ်သော် လည်း ဆက်စပ်ပတ်သက်နေကြသည်။ ရွှေ့ပြောင်းသွားလာရေးမှာ လူများ တနေရာမှ တနေရာသို့ ရွှေ့လျားမှုကို ယေဘုယျ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ လူကုန်ကူးခြင်းမှာ ရွှေ့ပြောင်းသွားလာရေး၏ အစုခွဲ ဖြစ်သည်၊ သို့သော် အမြတ်ထုတ်ရန်အတွက် လှည့်ဖျားခြင်း၊ အင်အားသုံးခြင်း၊ ခြိမ်းခြောက်ခြင်း စသည်တို့ကို အသုံးပြုခြင်း များ ပါဝင်နေသည်။[၇၄] မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးသော လူမှု-စီးပွား အဆင့်များ၊ ပဋိပက္ခဒဏ်ခံရဖွယ်ရှိသည့် ဒေသများ၊ မငြိမ်သက်သော နိုင်ငံရေး အနေအထား စသည့် အချက်များစွာ တို့သည် မြန်မာနိုင်ငံကို လူကုန်ကူးလုပ်ငန်း၏ ပင်မအရင်းအမြစ် တိုင်းပြည် ဖြစ်စေခဲ့သည်။[၇၅] မြန်မာ အမျိုးသားများအား လူအားကို အဓိကသုံးရသော ငါးဖမ်း၊ သစ်တော၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု စသည်တို့တွင် အဓမ္မလုပ်ခိုင်းကြသည်၊ အမျိုးသမီးများ မိန်းကလေးများကမူ လိင်မှုဆိုင်ရာ လူကုန်ကူးခံခြင်း၊ အိမ်တွင်းလုပ်သားအဖြစ် ခိုင်းစေခြင်းတို့ကို အများဆုံး ခံရတတ်သည်[၇၆] လူကုန်ကူးခံရသူ အများစုကို မြန်မာနိုင်ငံ နှင့် ဒေသတွင်းမှ အာရှမြို့ကြီးများသို့ ပို့ကြသည်။

> လူကုန်ကူးခြင်းသည် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အခြားနည်းဖြင့် သွေးဆောင် ဖြားယောင်းခြင်း၊ အဓမ္မပြုခြင်း၊ လှည့်ဖြားခြင်း၊ မမှန်မကန်ပြုခြင်း၊ လိမ်လည်ခြင်း၊ အားနည်းသူများအပေါ် အာဏာ အလွဲသုံးစားပြုခြင်း၊ လူတစ်ဦး၏ သဘောတူညီမှုဖြင့် အခြားလူတစ်ဦးအပေါ် ငွေပေးငွေယူခြင်းများဖြင့် ထိန်းချုပ်ခြင်း၊ အမြတ်ထုတ်ခြင်း နည်းများဖြင့် လူစုဆောင်းခြင်း၊ သယ်ပို့ခြင်း၊ လွှဲပြောင်းခြင်း၊ လူများကို ပို့ဆောင်ခြင်း နှင့် လက်ခံခြင်းတို့ကို ဆိုလိုပါသည်။ အမြတ်ထုတ်ခြင်းတွင် အနိမ့်ဆုံး အနေဖြင့် လိင်ကျွန်ပြုခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် လုပ်ငန်းများ၊ ကျွန်ပြုခြင်းနှင့် အလားတူသော အလေ့အကျင့်များ၊ ကိုယ်အင်္ဂါများကို ထုတ်ယူခြင်း စသည်တို့ ပါဝင်သည်။
>
> *Palermo Protocol UN General Assembly Resolution, 2000.*

အစိုးရ၏ နည်းပညာအထောက်အကူပေးရန် တောင်းခံချက် အရ LIFT၏ စီမံချက်များသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အား ဝန်ကြီးဌာန (MoLIP) နှင့် နိုင်ငံတကာ အလုပ်ခန့်ထားရေးစံချိန်များ ၊ အထူးသဖြင့် လုပ်သားစုဆောင်းသည့် လုပ်ငန်းစဉ်များ၊ တိုင်ကြားမှုဆိုင်ရာ ယန္တရားများ၊ ရွှေ့ပြောင်း သူများ မိသားစုများ သို့ ပေးအပ်မည့် လူမှုဖူလုံရေးစနစ်များ၊ အခက်အခဲ ကြုံပါက ပေးအပ်နိုင်မည့် အကာအကွယ် များကို ကောင်းမွန် တိုးတက်စေရန် ဦးတည်ပါသည်။

ILOက ဆောင်ရွက်နေသော LIFT၏ စီမံချက်သည် ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေ ကို အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ လူမှုအဖွဲ့အစည်းတို့နှင့် အတူ အင်တိုက်အားတိုက် ဆွေးနွေးခဲ့သည်။ လွှတ်တော် ကိုယ်စားလှယ် ၁၀၀ကျော်သည် ပြည်တွင်း ပြည်ပ လုပ်အားရွှေ့ပြောင်းမှုကို တက်ကြွစွာ ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲများ ထပ်မံ ပြုလုပ်ပေးရန်လည်း တောင်းခံခဲ့ကြသည်။[၇၇] CSOများကလည်း ဥပဒေကို ချိုးဖောက်နေသည့် လိုင်စင်မဲ့ လုပ်သားစုဆောင်းရေးအေဂျင်စီများကို ပြင်းထန်စွာ ပြစ်ဒဏ် ချမှတ်မည့် ဥပဒေတစ်ရပ်နှင့် မတရား အပြုခံရသူများကို ပိုမိုထောက်ပံ့မည့် ဝန်ဆောင်မှုများကို တောင်းဆို

၇၃။ ILO (၂၀၁၄) အမြတ်အစွန်း နှင့် ဆင်းရဲမှု၊ အဓမ္မလုပ်အား စီးပွားရေး၊ ILO။

၇၄။ ဟတ်ခ်၊ အင်မ်၊ အက်စ်၊ (၂၀၀၆) ရွှေ့ပြောင်းသွားလာခြင်း-လူကုန်ကူးခြင်း တို့၏ မဝေခွဲနိုင်မှု နှင့် ရှုပ်ထွေးမှုများ ဖွံ့ဖြိုးရေး၏ စိန်ခေါ် မှုတရပ်၊ ဘီခ်၊ ကေ၊ ဒီ၊ နှင့် အမာရ်၊ ဒီ (တည်းဖြတ်)၊ လူကုန်ကူးခြင်းနှင့် ကမ္ဘာအဝန်း လိင်လုပ်ငန်း၊ လင်ဟမ်၊ လက်ဇင်းတင် စာအုပ်ထုတ်ဝေရေး။

၇၅။ UNACT(၂၀၁၄) မြန်မာ။ လူကုန်ကူးမှုအနေအထားများ၊ http://unact.org/countries/myanmar/ [Accessed 13 July 2017]

၇၆။ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဌာန၊(၂၀၁၆) ၂၀၁၆ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာ၊ https://www.state.gov/j/tip/rls/tiprpt/2016/ [Accessed 9th September 2017]

၇၇။ လွှတ်တော် ကိုယ်စားလှယ်များက အောက်ပါကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန် တောင်းခံကြသည်- ရွှေ့ပြောင်းသူ အိမ်တွင်းလုပ်သားများ၊ အိမ်တွင်းလုပ်သားအဖြစ် လုပ်ကိုင်ရသည့်ကလေးများ နှင့် စပ်လျဉ်းသည့် နိုင်ငံတကာ လုပ်အားစံနှုန်းများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေမူကြမ်း နောက်ဆုံး အခြေအနေများ၊ ပြည်တွင်း သွားလာသူများ နှင့် ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများအတွက် အမျိုးသားမှတ်ပုံတင်ကတ်နှင့် ယာယီ အိမ်ထောင်စု စာရင်းများ ရရှိရေး၊ အဓမ္မရွှေ့ပြောင်းသွားလာရေး၊ ရွှေ့ပြောင်းသွားလာရေးနှင့် ငွေကြေးဆိုင်ရာ အသိအမြင်၊ ရွှေ့ပြောင်းသူ နှင့် မိသားစုဝင်များ စီမံရေးဆိုင်ရာ ကျွမ်းကျင်မှု၊ ရွှေ့ပြောင်းသူ လုပ်သားများကို လူမှုကာကွယ်စောင့်ရှောက်ရေး ။

ခဲ့ကြသည်။ ၂၀၁၇ခုနှစ်တွင် နည်းပညာ ပံ့ပိုးမှုဖြင့် ဥပဒေမူကြမ်းတစောင်ကို ပြုစုပြီး ဥပဒေချုပ်ရုံးသို့ ပေးပို့ထားသည်။ LIFT၏ စီမံချက်သည် UN Women နှင့် ဩစတြေးလျ နိုင်ငံခြား ရေးဌာန၊ ဒေသဆိုင်ရာ တြိဂံ စီမံချက်တို့ နှင့်အတူ နီးကပ်စွာ လက်တွဲ လုပ်ကိုင်နေသည်။

LIFT၏ ပံ့ပိုးမှုသည် ဥပဒေအသစ်တခုကို ရေးဆွဲရန်သာ မကပေ။ ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ စွမ်းဆောင်ရည် နှင့် ပေါင်းစပ်ညှိနှိုင်းမှုကို ပြည်ထောင်စု၊ ပြည်နယ် နှင့် တိုင်းဒေသကြီး အဆင့်များတွင် တည်ဆောက်ပေးရန် ရည်ရွယ်သည်။ အကြောင်းမှာ ဥပဒေအသစ် ပြဋ္ဌာန်းပြီးသည့်တိုင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်စွမ်းမရှိပါက အချည်းနှီးသာ ဖြစ်လိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် ကျိုင်းတုံ၊ စစ်တွေ၊ နေပြည်တော်၊ ပုသိမ်၊ မန္တလေး ၊ ရန်ကုန်တို့တွင် အစိုးရ အရာရှိများ၊ ဒေသခံ CSOများမှ အဖွဲ့ဝင်များ ၄၃၇-ဦးသည် လုပ်သား စုဆောင်းသည့် လုပ်ငန်းစဉ်များ၊ ပြည်တွင်း ပြည်ပ ရွှေ့ပြောင်းသွားလာရေး၊ အိမ်တွင်း လုပ်သားများ၏ ဥပဒေ အကာအကွယ် စသည်တို့ကို သင်တန်းတက်ခဲ့ကြသည်။သင်တန်းသား ၆၃ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ သင်တန်းသားများသည် ပြည်ပအလုပ်အကိုင် ဆိုင်ရာဥပဒေ မူကြမ်း နှင့် ပတ်သက်သည့် တန်ဖိုးရှိသည့် ထင်မြင်ယူဆချက်များကို ပေးခဲ့ကြသည်။ ယင်းတို့တွင် အမြတ်ထုတ်မှုကို လျှော့ချရန် အတွက် လုပ်သားစုဆောင်းသည့်လုပ်ငန်းစဉ်များကို ဗဟိုမှ မထိန်းချုပ်ရန် လိုအပ်ကြောင်းလည်း ပါဝင်သည်။ ဝန်ကြီးဌာန၏ တောင်းခံမှုဖြင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများကို ထောက်ပံ့ရန် ကာကွယ်ရန် အလုပ်သမားရေးရာ သံမှူးများကို ပို့ချမည့် ရှေ့ပြေး ရက်တိုသင်တန်းတခုကို ဒီဇိုင်း ထုတ်ပေးခဲ့သည်။ သင်တန်းတိုင်းတွင် ကျား၊မ ရေးရာကိုလည်း ပါဝင်စေခဲ့သည်။ ကျားရောမပါ လက်လှမ်းမီမည့် ပုံမှန်ရွှေ့ပြောင်းသွားလာရေး၊ ရနိုင် သော အလုပ်များ၊ လုပ်သားကာကွယ်ရေးကို လက်လှမ်းမီနိုင်မှု၊ မတရားမှုကို တုံ့ပြန်သည့် နည်းများ၊ အိမ်တွင်းလုပ်သားများကို ပိတ်ပင်မှု၏ ဆိုးကျိုးများ၊ ကိုယ်ဝန်ရှိပါက အမျိုးသမီးများ အလုပ်မလုပ်နိုင်သည့် အတားအဆီးများ စသည်တို့ပါဝင်သည်။

လုပ်အား ရွှေ့ပြောင်းသွားလာရေး အမျိုးသား အဆင့် လုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၃) ရေးဆွဲရာတွင် LIFT ကို ယင်း၏ မိတ်ဖက်များဖြစ်သည့် ILO နှင့် IOMတို့က ကိုယ်စားပြုကာ ပါဝင်ကြသည်။ ၂၀၁၇ခုနှစ်တွင် ရွှေ့ပြောင်း အလုပ်သမားများ၏ ရပိုင်ခွင့်များ ကာကွယ်ရေး နှင့် ရရှိရေး အာဆီယံသဘောတူညီချက် ကို မြန်မာအစိုးရအရာရှိများ တက်ကြွစွာ ပါဝင် ပြုစုရန်လည်း LIFTက ထောက်ပံ့ခဲ့သည်။ အာဆီယံ အဖွဲ့ဝင် နိုင်ငံအားလုံးက လက်ခံခဲ့သည့် ဤသဘောတူညီချက်သည် ရွှေ့ပြောင်းသူများ၏ ရပိုင်ခွင့်များ ကာကွယ်ရေးဆိုင်ရာ ပိုမိုပြည့်စုံသော မူဘောင်တရပ် ဖြစ်ကာ မြန်မာနိုင်ငံတွင် မူဝါဒများ ပြုစုရာတွင်လည်း လမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

## တာဝန်ယူမှု နှင့် အကျိုးအမြတ်ရှိမည့် ကျေးလက်-မှ-မြို့ပြ ပြောင်းရွှေ့ရေး ချဉ်းကပ်နည်းတခု ရရှိရေး အတွက် စက်မှုလုပ်ငန်းများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ကျေးလက် စိုက်ပျိုးရေး စီးပွားရေး စနစ်မှ မြို့ပြ စက်မှုနှင့် ဝန်ဆောင်မှု အခြေခံ စီးပွားရေးစနစ်သို့ အဆောက်အအုံ အလိုက် ပြောင်းလဲနေသည်။ ကျေးလက်မှ မြို့ပြသို့ လုပ်အား ရွှေ့ပြောင်းမှုသည် တရှိန်တိုးမြင့်တက်မည်ဟု ခန့်မှန်းထားသည်။ ယင်းသည် မြန်မာ့ စက်မှုအသွင်ပြောင်းရေး၏ လိုအပ်ချက်တရပ် ဖြစ်သည်။ ယင်းတွင် လုပ်အား နှင့် ကျွမ်းကျင်မှု အမြောက်အမြား လိုအပ်သည်။ သို့သော် ရွှေ့ပြောင်းသူများတွင် စက်မှုအသွင်ပြောင်းခြင်းမှ အကျိုးအမြတ်ကို ရရှိနိုင်မည့်၊ ယင်းကို ဖြည့်ဆည်းမည့် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် အထောက်အပံ့များ မရှိတတ်ကြချေ။ ရွှေ့ပြောင်းသူများသည် မြို့ပြတွင် မည်သို့ အလုပ်လုပ်မည်ဟု စိတ်ကူးဖြင့်သာ မျှော်လင့်ထားတတ်ကြသဖြင့် ဆောက်တည်ရာမဲ့ခြင်း၊ ဖယ်ကျဉ်ခံရခြင်း၊ အမြတ်ထုတ်ခံရခြင်းတို့ကို တွေ့ကြုံရတတ်ကြသည်။

LIFT သည် ရန်ကုန်ရှိ အထည်ချုပ်ကဏ္ဍနှင့် လက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကဏ္ဍတွင် မြန်မာနိုင်ငံ၏ အများဆုံးသော စက်ရုံလုပ်သားထု ရှိပါသည်။ အလုပ်သမားများ၏ လေးပုံ သုံးပုံမှာ ရန်ကုန်ပြင်ပမှ လာရောက်လုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။[၇၈] အများစုမှာ ကျေးလက်မှ အမျိုးသမီးရွှေပြောင်းသူများ ဖြစ်ပြီး ရရှိသည့် ဝင်ငွေအများစုကို မိသားစုထံသို့ ပြန်လွှဲပို့နေကြသည်။ ပြန်လွှဲပို့ငွေမှာ ကျေးလက် အိမ်ထောင်စု အများအပြားအတွက် ပင်မဝင်ငွေ ဖြစ်ခြင်း သို့မဟုတ် တိုးပွားနေသည့် ဝင်ငွေရင်းမြစ် ဖြစ်လာသည်။ [၇၉]

အထည်ချုပ်လုပ်ငန်းသည် ၂၀၁၂ခုနှစ်တွင် ကန်ဒေါ်လာ ၉၁၂သန်း ရှိရာမှ ၂၀၂၂ခုနှစ်တွင် ကန်ဒေါ်လာ ၈ဘီလျံမှ ၁၀ဘီလျံထိ တိုးတက်လာကာ အလုပ်သမား ၁သန်းမှ ၁.၅သန်းထိကို အလုပ်ပေး နိုင်မည်ဟု နိုင်ငံတကာ အဝတ်အထည် အမှတ်တံဆိပ် ထုတ်လုပ်သူများနှင့် မြန်မာ အထည်ချုပ်လုပ်ငန်း အသင်း (MGMA)တို့ က ခန့်မှန်းထားသည်။[၈၀] လတ်တလော အခြေအနေတွင် လုပ်သား ၄၀၀,၀၀၀ ခန့်မှာ အဆိုပါ အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်။[၈၁] ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ အဓိကတင်ပို့သည့် ဈေးကွက်ဖြစ်သည်။ ဂျာမနီ၊ ယူကေ တို့က အဓိက တင်သွင်းသူများ ဖြစ်ကြပါသည်။[၈၂]

အောင်မြင်မှုစီမံချက်ကို CARE၊ ပျိုးပင်၊ Business Kind Myanmar တို့နှင့် မိတ်ဖက်ပြုကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံချက် သည် ၂၀၁၇ခုနှစ် မတ်လတွင် စတင်ခဲ့သည်။ ရွှေ့ပြောင်း သွားလာသည့် အလုပ်သမားများကို ဘေးကင်း လုံခြုံသော ရွှေ့ပြောင်းသွားလာရေး သတင်းများ၊ စက်ရုံအခြေပြု ကျွမ်းကျင်မှုသင်တန်း များ၊ အလုပ်အကိုင် ရွေးချယ်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု နှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှု တို့ကို ကာကွယ်ပေးသည့် ပုံစံများဖြင့် ထောက်ပံ့ ပေးလျက်ရှိသည်။ ဤစီမံချက်ကို ဝန်ကြီးဌာန၊ အထည်ချုပ်စက်ရုံများ၊ တက်ရောက်မည့် သင်တန်း သူ၊သားများ နှင့် မီဒီယာများက အထူး စိတ်ဝင်စား ခဲ့ကြသည်။

အသက်မွေးမှုပညာသင်တန်းများကို လိုလား တောင်းဆိုမှုများမှာ ဝန်ကြီးဌာန နှင့် စက်ရုံများက မျှော်လင့်ထားသည်ထက်ပင် ပိုမိုများပြားခဲ့သည်။ ထို့ကြောင့် LIFT သည် စီမံချက်ကို တိုးချဲ့ရန် ရန်ပုံငွေ ထပ်မံချထားပေးခဲ့သည်။ သင်တန်းသား ဦးရေ ၅,၆၀၀မှ ၂၀,၀၀၀ထိ တိုးချဲ့ခဲ့ပြီး အထည်ချုပ် စက်ရုံပေါင်း ၂၀-ခု၊ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးမည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ တို့နှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ LIFT၏ စီမံချက်တွင် ပါဝင်သည့် အမျိုးသမီး အထည်ချုပ် အလုပ်သမားများသည် လစာတစ်လလျှင် ကန်ဒေါ်လာ ၂၅ တိုးလာမည်ဟု ခန့်မှန်းထားသည်။ လေ့ကျင့်ပေးထားသည့် အလုပ်သမား ၂၀,၀၀၀အတွက် တိုးလာသောလစာမှာ တနစ်လျှင် ကန်ဒေါ်လာ ၆သန်းခန့် ရှိမည် ဖြစ်ရာ

၇၈။ WaterAid (၂၀၁၆)၊ အထည်ချုပ်လုပ်သားများ၏ နေထိုင်ရေး အခြေအနေ အခြေခံမျဉ်းစစ်တမ်း အစီရင်ခံစာ။

၇၉။ IOM နှင့် အများ၊ ၂၀၁၈၊ CHIME သုတေသနအစီရင်ခံစာ ထွက်ပေါ်လာမည်။

၈၀။ စီးပွားရေး တီထွင်ဆန်းသစ်မှု(BIF) (၂၀၁၄)။ မြန်မာအထည်ချုပ်ဈေးကွက် တိုးတက်ရေးကို ထောက်ပံ့ခြင်း၊ အလုပ်ဆွေးနွေးပွဲ အစီရင်ခံစာ၊ ဟောင်ကောင်။

၈၁။ မြန်မာအထည်ချုပ် လုပ်ငန်းအသင်းမှ စာရင်းအင်းများ၊ http://www.myanmargarments.org/

၈၂။ မြန်မာအထည်ချုပ် လုပ်ငန်းအသင်းမှ စာရင်းအင်းများ၊ http://www.myanmargarments.org/

LIFT၏ ကန်ဒေါ်လာ၂.၅သန်း ရင်းနှီးမှုမှ ပြန်လည်ရရှိမည့် အကျိုးရလဒ်တစ်ခုပင်ဖြစ်သည်။

ယနေ့ထိ တိုးတက်မှု အလွန်ကောင်းပါသည်။ ၂၀၁၇ နှစ်လယ်တွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ သင်တန်း ဌာနတစ်ခုကို ဒီဇိုင်းထုတ်ကာ ပြန်လည်ပြင်ဆင်ပြီးဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးဌာန သည် အထည်ချုပ် လုပ်သားများအတွက် စံပြ သင်တန်းဌာနတခုကို ထူထောင်ရန် စီမံချက်အား နေရာ ထပ်ပေးခဲ့သည်။

ရန်ကုန်တွင် အလုပ်သမား ၁,၀၀၀ကျော်သည့် အထည်ချုပ်စက်ရုံ ၁၀၀ကျော်ခန့် ရှိသည်။ဝန်ကြီးဌာနသည် သင်တန်းဌာနကို ရောက်ရှိပြီး မကြာမီတွင် စက်ရုံပေါင်း ၈၀နှင့် စည်းဝေးခဲ့သည်။ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က LIFT၏ စီမံချက်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပြီး ၊ စံပြုသတ်မှတ်ထားသော စက်ရုံ အခြေပြု သင်တန်းများကို ထူထောင်ခြင်းဖြင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးစေကာ လုပ်ငန်းကို တိုးတက်စေမည်ဟု ပြောကြားခဲ့သည်။

ဤစီမံချက်သည် အစိုးရ နှင့် ပူးပေါင်းဆောင်ရွက်သည့်ပြင် အလုပ်သမား ၁,၀၀၀ ကျော်သည့် စက်ရုံများနှင့် တိုက်ရိုက် လက်တွဲ လုပ်ကိုင်လျက်ရှိသည်။ ၂၀၁၇ခုနှစ်တွင် အသိအမှတ်ပြု စက်ရုံတွင်း/ စက်ရုံအခြေပြု သင်တန်းများကို ဖွင့်လှစ်ရန် Bogart Lingerie ၊ Eurogate တို့နှင့် နားလည်မှု နှစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ နောက်ထပ် စက်ရုံ ၁၀-ခုကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိပါသည်။ LIFT၏ စီမံချက်သည် စက်ရုံမှ သင်တန်းနည်းပြများကို လေ့ကျင့် သင်ကြားပေးသည်။ တဖန် ယင်းတို့က အသိအမှတ်ပြု သင်ရိုးအတိုင်း မိမိတို့၏ စက်ရုံများတွင် တဆင့်ပြန်လည် ပို့ချ သင်ကြားပေးသည်။ ထိုသို့ ဆောင်ရွက်မှုမှာ အလုပ်သမားများ အထူး အကျိုးရှိသည့်ပြင် မြန်မာ့ အထည်ချုပ် လုပ်ငန်းအတွက် ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း တိုးတက် စေပါသည်။

ဤစီမံချက်သည် အလွန်လိုအပ်နေသော အထည်ချုပ် လုပ်ငန်း လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုဆိုင်ရာ အမျိုးသားအဆင့် စံချိန်များ (National Occupational Competency Standards , NOCS) ကို ပြုစုရန် ဝန်ကြီးဌာန၏ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြုဌာန်းရေးအဖွဲ့ နှင့် အတူ လက်တွဲဆောင်ရွက်လျက် ရှိပါသည်။ ယခုအထိ စက်ချုပ်သူ NOCS အဆင့်-၁ ကိုသာ အတည်ပြုထားသည်။ စီမံချက် အပြီးတွင် အဆင့် ၁မှ ၄အထိ နောက်ထပ် NOCS ၁၉ခု ရှိမည်ဖြစ်သည်။ ယင်းတွင် ကြီးကြပ်ခြင်း၊ ပိတ်စညှပ်ခြင်း၊ အရည်အသွေး ထိန်းချုပ်ခြင်း၊ စက်ပြင်စသည်တို့ အပြင် သီးခြားကျွမ်းကျင်မှု ဖြစ်သည့် အမျိုးသမီး အတွင်းခံချုပ်ခြင်း၊ ဝတ်စုံချုပ်ခြင်းများလည်း ပါဝင်မည် ဖြစ်သည်။ ပြင်ဆင်မွမ်းမံထားသော သင်ရိုး၏ သုံးပုံနှစ်ပုံမှာ နည်းပညာကျွမ်းကျင်မှု နှင့် သက်ဆိုင်ကာ ကျန်သုံးပုံတစ်ပုံမှာ လုပ်ငန်းကျွမ်းကျင်မှု (လုပ်ငန်းဆိုင်ရာ၊ ကျန်းမာရေး၊ အလုပ်သမား ရပိုင်ခွင့်များ၊ တာဝန်များ) အခြေခံ ကျွမ်းကျင်မှုများ (ငွေကြေး စီမံခန့်ခွဲမှု၊ စိတ်ချရသော ငွေပြန်လွှဲခြင်း၊ ဆက်သွယ်ရေး၊ ပြဿနာ ဖြေရှင်းခြင်း၊ ကောင်းမွန်သော အာဟာရ၊ စိတ်ချရသော ကျန်းမာရေး နည်းနာများ၊ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက် ပြုခံရခြင်းကို ဖြေရှင်း ဆောင်ရွက်ခြင်း စသည်တို့နှင့် ဘဝဆိုင်ရာ ကျွမ်းကျင်မှုများ) နှင့် ဆိုင်သည်။ NOCS အရည်အချင်း သတ်မှတ်ချက်တွင် လုပ်ငန်း ကျွမ်းကျင်မှု နှင့် အခြေခံ ကျွမ်းကျင်မှုများကို ထည့်သွင်းခြင်းမှာ မြန်မာနိုင်ငံတွင် အသစ်အဆန်း ဖြစ်နေသည်။ အာရှဒေသများတွင်လည်း တွေ့နေကျ မဟုတ်ပေ။ သင်တန်းသားတိုင်း NSSAစစ်ဆေးမှုကို ခံယူရမည်ဖြစ်သည်။ ယင်းအသိအမှတ်ပြုလက်မှတ်ဖြင့် အလုပ်သမားများသည် လုပ်ခကို ညှိနှိုင်းနိုင်မည် ဖြစ်ရာ အဓိကကျသည့် တိုးတက်မှုတခု ဖြစ်သည်။ လက်ရှိတွင် မည်သည့် အလုပ်သမားမျှ လက်ရှိကျွမ်းကျင်မှုကို အသိအမှတ်ပြုသည့် လက်မှတ် အထောက်အထားဟူ၍ မရှိကြသေးချေ။ ထို့ကြောင့် လစာနိမ့်နိမ့် ကိုသာ ရရှိနေကြသည်။

သင်တန်းသား ပထမသုတ်အတွက် စုဆောင်းရ၊ ထိန်းသိမ်းရသည်မှာလည်း စိန်ခေါ်မှု တရပ်ပင်ဖြစ်သည်။ ဤစီမံချက်သည် နောင်လာမည့် သင်တန်းအပတ်စဉ်များအတွက် တန်ဖိုးနည်း အဆောင်များကို ဆောက်ပေးမည် ဖြစ်သည်။ အကြောင်းမှာ သင်တန်းဌာနသို့ ရောက်ရှိရေးမှာ အဓိက အတားအဆီးဖြစ်နေသည်ကို တွေ့ရှိရသောကြောင့် ဖြစ်သည်။ ဤစီမံချက်သည် သင်တန်းမှ နှုတ်ထွက်မှု လျော့နည်းစေရန် သင်တန်းပထမနေ့တွင်ပင် သင်တန်းသားများကို အထည်ချုပ် လုပ်ငန်း၏ အလုပ်အကြောင်း၊ ဘဝနေထိုင်မှုများ အကြောင်းကို ဗီဒီယို ပြသကာ လုပ်ငန်းမိတ်ဆက်မှုကိုဆောင်ရွက်မည် ဖြစ်သည်။ စက်ရုံ အရွယ်အစား နှင့် တည်နေရာ၊ ဘတ်စကား လမ်းကြောင်းများ၊ အလုပ်ချိန်၊ စသည်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကိုလည်း ပေးမည် ဖြစ်သည်။ အထည်ချုပ်လုပ်ငန်းသည် ယင်းတို့နှင့် မကိုက်ညီဟု ယူဆပါက သင်တန်းမှ ထွက်ခွာနိုင်သည်။ ဤသို့ ဆောင်ရွက်မှုသည် သင်တန်းသား ပိုမို များပြားလာကာ သင်တန်းထွက်နှုန်းများစွာ လျော့နည်းမည် ဟု မျှော်လင့်ထားသည်။

သင်တန်းဆင်းများနှင့် အလုပ်ရှင်တခုခုတို့ အလုပ်ရွေးချယ်ခြင်း မပြုမီ LIFT၏ မိတ်ဖက်များသည် ထိုအလုပ်ရုံ၏ စာရင်းစစ် အစီရင်ခံစာကို တောင်းခံပါသည်။ ဝန်ထမ်းရေးရာမန်နေဂျာနှင့် ကြိုတင်တွေ့ဆုံပြီး ထိုအလုပ်ရုံအခြေအနေသည် လက်ခံနိုင်ဖွယ်ရှိမရှိကို သေချာစုံစမ်းစစ်ဆေးပါသည်။ ယင်းတွင် စာချုပ်၊ အလုပ်ချိန်၊ အချိန်ပို၊ ကျန်းမာရေး၊ လုံခြုံရေး၊ လစာပေးသည့် စနစ်တို့ကို ကြည့်ရှုခြင်းများလည်း ပါဝင်သည်။ သင်တန်းဆင်းများကို အလုပ်ရုံများက လိုလားတောင်းခံမှုမှာ မြင့်မားလှသည်။ ထို့ကြောင့် သင်တန်းသားများ ရာနှုန်းပြည့် အလုပ်ရမည်ဟု မျှော်လင့်ရသည်။ လေ့လာ စောင့်ကြည့်မှုမရှိပဲ အလုပ်ရုံများတွင် သင်တန်းတက်ခဲ့သူ များထက် လစာမြင့်မည် ဖြစ်သည်။[၈၃]

၂၀၁၇ခုနှစ်တွင် LIFT၏ ငွေရေးကြေးရေးဆိုင်ရာ မိတ်ဖက်တဦးဖြစ်သည့် VisionFund Myanmarသည် အထည်ချုပ်လုပ်သားများအတွက် သီးခြားချေးငွေကို ဖော်ထုတ်ခဲ့သည်။ ၂၀၁၈ခုနှစ်မှ စတင်ကာ အလုပ်သမားများကို ယင်းတို့၏အလုပ်ခွင်နှင့် နီးသော နေရာများတွင်ပင် ထုတ်ချေးနိုင်အောင် ဆောင်ရွက်မည် ဖြစ်ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများ မီဒီယာ များမှ တဆင့် ဘေးကင်းစေမည့် အကျိုးအမြတ်ရှိစေမည့် ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ အသိအမြင်ကို တိုးစေခြင်း

ဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာရေးကို အကျိုးရှိအောင် အသုံးချလိုလျှင် ရွှေ့ပြောင်း သွားလာလိုသူ များ၊ ရွှေ့ပြောင်း သွားလာနေသူများ၊ ယင်းတို့၏ မိသားစုများ၊ ရပ်ရွာများသည် ရွှေ့ပြောင်း သွားလာရေးနှင့် စပ်လျဉ်းသည့် အခွင့်အလမ်းများ၊ ဆုံးရှုံးနိုင်ခြေများကို ပိုမို သိရှိရန် လိုအပ်သည်။ LIFTသည် ရွှေ့ပြောင်း သွားလာရေး

၈၃။ စက်ရုံတိုင်းသည် လုပ်သားသစ်များကို သင်တန်းပေးကြသည်။ သို့သော် သင်တန်းများသည် စနစ်တကျ မဟုတ်ကြချေ၊ လေ့ကျင့်မထားသည့် ကြီးကြပ်သူ/ နည်းပြများက လက်တမ်း သင်ပြကြသည်။

သတင်းစကားများကို ဦးတည်ထားသည့် ပရိသတ်များ ထံသို့ ထိရောက်စွာ ရောက်ရှိနိုင်မည့် နည်းလမ်းများကို စမ်းသပ်လျက်ရှိသည်။ ထိုသို့ အကြံပြုထားမှုများကိုလည်း လုပ်ဆောင်ချက်အဖြစ် ပြောင်းလဲလျက်ရှိသည်။

LIFT၏မိတ်ဖက် ဘီဘီစီ မီဒီယာအက်ရှင်သည် ရွှေ့ပြောင်းသွားလာရေး၊ ငွေကြေးစီမံခန့်ခွဲရေးတို့ နှင့်ပတ်သက်၍ ဆုံးဖြတ်ရာတွင် မီဒီယာများက မည်သို့ သတင်းပေးနိုင်သည် ဆိုသည့် အစီအစဉ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည်။ ၎င်းစီမံချက်တွင် အပတ်စဉ် တင်ဆက်မည့် ရေဒီယိုအစီအစဉ် ၄၈ပိုင်း ပါဝင်ကာ အဓိက အကြောင်းအရာများအဖြစ် ပြန်လွှဲပို့ငွေများကို လက်ခံခြင်း၊ စုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ရွှေ့ပြောင်းသွားလာရေး၏ ကောင်းကျိုးနှင့် အခက်အခဲများ အကြောင်းကို အသိပညာပေးမည် ဖြစ်သည်။ ရေဒီယိုအစီအစဉ်များကို အသံဇာတ်လမ်းများ၊ မိသားစုများသို့ လူတဦးချင်းသို့ ရွှေ့ပြောင်းသွားလာရေး၏ ကောင်းကျိုး နှင့် အခက်အခဲ ဘေးအန္တရာယ်များအကြောင်းကို အထူးပြုတင်ဆက်မည် ဖြစ်ပါသည်။ အလုပ်သမား ရပိုင်ခွင့်များ၊ သင့်တော်သော အလုပ်အကိုင်များကို အထူးအာရုံစိုက်ကာ အလုပ်အကိုင် သတင်းများ နှင့် ကျွမ်းကျင်မှု တည်ဆောက်ခြင်း သတင်းများကိုလည်း ပေးအပ်မည် ဖြစ်သည်။ [၄၉] ဤအစီအစဉ်သည် ကျား၊မ ရေးရာကို ဆန်းစစ်မည်ဖြစ်ပြီး တွေ့ရှိရသော ကျား၊မရေးရာနှင့် ပတ်သက်သည့် အယူအဆစွဲများ နှင့် အတားအဆီးများကို စိန်ခေါ်ရန် လုပ်ဆောင်မည် ဖြစ်သည်။ ပထမ ဇာတ်လမ်း၁၆-ပိုင်း၏အကြောင်းအရာ နှင့် ခြုံငုံဖော်ပြချက်များကို LIFT၏ ဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သည်။

"နိုင်ငံခြားသွား အလုပ်လုပ်ချင်တယ်။ မသွားခင် ဘာတွေ ပြင်ဆင်ရမလဲဆိုတာ ခုတော့ သိလာပြီ။ ပြန်လာတဲ့လူတွေကို မေးတာ ဘာမှ ရေရေရာရာ မသိရဘူး။ ဒါကို နားထောင်မှ သိချင်တာတွေ သိခွင့်ရလာတယ်" နားထောင်သူတဦး၊ ကန်တော်ပြင်၊ ရမ်းဗြဲ၊ ရခိုင်ပြည်နယ်

LIFT၏စီမံချက်သည် ပြည်နယ် နှင့် တိုင်းဒေသကြီး ၈-ခုတွင် CSOများ၊ ရပ်ရွာအခြေပြု CBOများကို ရွှေ့ပြောင်းသွားလာရေး၊ ငွေကြေးစီမံခန့်ခွဲရေးတို့နှင့် ပတ်သက်သော အားလုံးပါဝင်စေသည့် ဆွေးနွေးပွဲများကို ကျင်းပရန် ထောက်ပံ့ပေးလျက်ရှိသည်။ အပတ်စဉ် ရေဒီယို နားထောင်သည့်အသင်းများကို ဖွဲ့နေသည်။ နားထောင်သူများ၏ သတင်းပို့ချက်များအရ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှု မြင့်တက်နေပြီး၊ လုပ်သားစုဆောင်းရာတွင် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ လူကုန်ကူးမှုများ ဖြစ်ပေါ်နေသော်လည်း ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေးနှင့် ပတ်သက်သည့် သတင်းများကို ယင်းတို့ လက်လှမ်းမီမှု နည်းပါးကြောင်း သိရှိရသည်။ ရွှေ့ပြောင်းသွားလာရေး၏ အတွေ့အကြုံဆိုးများကို ဆွေးနွေးခြင်းလည်း မရှိလှပေ။

LIFT၏စီမံချက်သည် အစိုးရမီဒီယာကိုလည်း စွမ်းဆောင်ရည် တည်ဆောက်ပေးလျက်ရှိသည်။ ယင်းတွင် ရွှေ့ပြောင်းသွားလာရေး၊ ငွေကြေးစီမံခန့်ခွဲရေး အစီအစဉ်များကို ထုတ်လွှင့်မည့် တိုင်းရင်းသား မီဒီယာ၇-ဖွဲ့လည်း ပါဝင်သည်။ ၂၀၁၉ခုနှစ်တွင် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေး၊ အစီအစဉ်များသည် ကြည့်ရှုနားဆင်သူ လူဦးရေ လေးသန်းထံသို့ ရောက်ရှိမည် ဖြစ်သည်။

"အရင်က တရားဝင် [မှတ်ပုံတင်ထားတဲ့] ကိုယ်စားလှယ် ဆိုတာ ဘာမှန်း သေသေချာချာ မသိဘူး။ ခုမှပဲ သိတော့တယ် " ရွှေစီ၊ ဗန်းမော်၊ ကချင်ပြည်နယ်။

ဤဆက်သွယ်ရေးမီဒီယာများအပြင် LIFTသည် ကျေးလက်ဒေသအနှံ့အပြားသို့ ရောက်ရှိမည့် ဘေးကင်း လုံခြုံစေမည့် အကျိုးရှိစေမည့် ရွှေ့ပြောင်းသွားလာရေး စီမံချက်ကြီးတစ်ခုကို လည်း ရန်ပုံငွေ ထောက်ပံ့ပေးလျက်ရှိသည်။ ယင်းသည် ပြည်နယ် နှင့် တိုင်းဒေသကြီး ၇-ခုရှိ မြို့နယ် ၃၀မှ ရွာပေါင်း ၆၅၀ကို လွှမ်းခြုံမည် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် LIFT၏ စီမံချက် မိတ်ဖက် IOM၊ PGMF နှင့် CSOအချို့သည် ချင်း၊ မွန်၊ ရှမ်းပြည်နယ် များ နှင့် အပူပိုင်းဇုန် ရှိ ရွာ ၃၁၄ရွာကို လွှမ်းခြုံခဲ့သည်။

ဤစီမံချက်သည် CSO မိတ်ဖက်၃၃ဖွဲ့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးကာယင်းတို့၏ ရပ်ရွာများရှိ ထူးခြားသည့် ရွှေ့ပြောင်း သွားလာရေး အနေအထားကို တက်ကြွစွာ ကိုင်တွယ် ဖြေရှင်းနိုင်အောင် ပံ့ပိုးပေးသည်။ အကြို ရွှေ့ပြောင်း သွားလာရေး သင်ရိုး နှင့် နည်းပြများအတွက် လမ်းညွှန်၊လက်စွဲ တို့ကို IOMက ပြင်ဆင်ပြုစုပေးသည်။ သင်တန်းများကို နိဝင်ဘာလတွင် စတင်ခဲ့သည်။ သင်တန်း ၁၆၅ကြိမ်ဖြင့် လူပေါင်း ၄,၀၀၀ကျော်ကို အကျိုးပြုခဲ့သည်။ ရွှေ့ပြောင်း သွားလာမည့် ဦးတည်ရာ အမျိုးအမည်များပြားမှုသည် သက်ဆိုင်သည့် သင်ခန်းစာ ပြုစုရေးကို စိန်ခေါ်လျက်ရှိသည်။ ထို့ကြောင့် လိုအပ်သလို ညှိနှိုင်းပြင်ဆင်ရသည်။ ချင်းပြည်နယ်ရှိ LIFT၏မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ချင်းပြည်နယ် လူ့အခွင့်အရေးအဖွဲ့သည် ဟားခါးမြို့နယ်ရှိ ၁၃ရွာတွင် ပြဇာတ်များပြကာ လူပေါင်း၂,၀၀၀ခန့်ထံသို့ အသိပညာပေးမှုများ ရောက်ရှိစေခဲ့သည်။ ဒေသခံCSO မိတ်ဖက်များနှင့် အလုပ်လုပ်ခြင်းဖြင့် ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ သတင်းပေးမှုနှင့် အထောက်အပံ့သည် ရေရှည်တည်တံ့မည့်အပြင် စီမံချက်ပြင်ပ ရပ်ရွာများသို့ပင် ရောက်ရှိနိုင်သည်။

LIFTသည် ရွှေ့ပြောင်းသွားလာရေးတွင် PGMFကို ထောက်ပံ့လျက်ရှိသည်။ ယင်းသည် မြန်မာနိုင်ငံရှိ အသေးစားငွေကြေးလုပ်ငန်းများအနက် အကြီးဆုံးဖြစ်ပြီး ငွေစု၊ငွေချေးသူ ၁သန်းကျော် ရှိသည်။ PGMFက ကျေးလက်ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများ၊ ပြန်လွှဲငွေကို စုဆောင်းရန် အရေးပါပုံ၊ ဝင်ငွေရလမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ကို ပြန်လွှဲငွေ လက်ခံရရှိသည့် မိသားစုများအား သင်တန်း ပေးသည်။ PGMF သည် မိတ်ဖက်CSOများ၏ ကွင်းဆင်း ဝန်ထမ်းများ (ကျား ၈၂ဦး၊ မ ၅၉ဦး)ကို ပြန်လွှဲငွေများ စုဆောင်းရန် အရေးပါပုံကို သင်တန်းပေးခဲ့သည်။ LIFT၏မိတ်ဖက်CSOများက ကျေးရွာအဆင့်သို့ ဆင့်ပွားသင်တန်းများ ပြန်လည် ပို့ချပေးခဲ့ရာ လူပေါင်း ၇,၅၀၀ကျော်ထံသို့ ရောက်ရှိခဲ့သည်။

မိမိကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများတွင် ပြန်လွှဲငွေကို ရင်းနှီးမည့်သူများကိုလည်း LIFTက ကျွမ်းကျင်မှု သင်တန်းများ ပေးသည်။ ၂၀၁၇ခုနှစ်တွင် တက်ရောက်သူပေါင်း ၃၆၅ဦး (မ-၁၆၈ ဦး၊ ကျား-၁၉၇ဦး) တို့သည် ဂဟေဆော်၊ လျှပ်စစ် ၊ လက်သမား၊ ပန်းရံ၊ ဒီဇယ်စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းလ်ဖုန်းပြင်၊ ဆံပင် အလှပြင်၊ စက်ချုပ်၊ ဈေးရောင်း၊ စာရင်းကိုင်နှင့် အင်္ဂလိပ်စာ သင်တန်းများ တက်ရောက်ခဲ့ကြသည်။

၄၉။ ပထမလေးလ အတွင်းတွင် ဤအစီအစဉ်သည် အလုပ်၏ ကဏ္ဍများအလိုက် လိုအပ်မည့် ကျွမ်းကျင်မှု နှင့် သင်တန်းတို့ကို သတ်မှတ်သည်။ လူမှုဖူလုံရေးကတ်၊ လုပ်သားကတ်၊ လုပ်ငန်းခွင် လုံခြုံရေး နှင့် လုပ်ငန်းခွင် ထိခိုက်မှုများအတွက် လျော်ကြေး၊ လုပ်ငန်းခွင် အနိုင်ကျင့်ခြင်း၊ ခွင့်များ၊ လစာတွက်ချက်ခြင်း၊ အလုပ်စာချုပ်တို့နှင့် သက်ဆိုင်သည့် သတင်းများကို ပေးအပ်သည်။

## အကြမ်းဖက်ခြင်း လူကုန်ကူးခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းခြင်း အပါအဝင် ကျား၊မရေးရာကို ရွှေ့ပြောင်းသွားလာရေးတွင် အထူးပြုခြင်း

မြန်မာနိုင်ငံတွင်း ရွှေ့ပြောင်းသွားလာသူ ၉သန်းအနက် ထက်ဝက်ကျော်သည် အမျိုးသမီးများ ဖြစ်ကြပါသည်။ ရွှေ့ပြောင်းသွားလာသည့် အမျိုးသမီးများ ရင်ဆိုင်ရနိုင်သည့် ဆုံးရှုံးနိုင်ခြေများ၊အခက်အခဲများကို LIFTက သိသည်။ ထို့အတူ အကြမ်းဖက်ခြင်း၊ လူကုန်ကူးခြင်းနှင့် အခြား'ခေတ်သစ်ကျွန်ပြုမှု' များကို ကာကွယ်တားဆီးသည့် အားထုတ်မှုများကိုလည်း ထောက်ပံ့လျက်ရှိသည်။[၈၅] ကမ္ဘာတဝန်းတွင် လူဦးရေ သန်းပေါင်း ၄၀ကျော်သည် ခေတ်သစ် ကျွန်ပြုမှု ခံနေရသည်ဟု ခန့်မှန်းထားသည်။[၈၆]

အများစုမှာ ၁၈နှစ်အောက် ဖြစ်သည့် အိမ်တွင်းလုပ်သား၊ အိမ်အကူများကို ထောက်ပံ့ရန်မှာ LIFT၏ အထူးအလေးထားသည့် ဦးတည်ချက် ဖြစ်သည်။ အိမ်တွင်းလုပ်သားများသည် လူကုန်ကူးမှု နှင့် ကျွန်ပြုမှုခံရဖွယ်အရှိဆုံး ဖြစ်သည်ဟု နိုင်ငံတကာတွင် သတ်မှတ်ထားကြသည်။ ယင်းတို့သည် ပုဂ္ဂလိကနေအိမ်များတွင်သာ နေထိုင်ရပြီး ပြင်ပနှင့်ထိတွေ့ခွင့် နည်းပါးသည်။ လက်ရှိတွင် အိမ်တွင်းလုပ်သားများကို မြန်မာ့အလုပ်သမားဥပဒေများက အပြည့်အဝ မကာကွယ်နိုင်သေးပါ။ အကြမ်းဖက်မှုနှင့် ကြုံသော အခါတွင်လည်း တရားဥပဒေကို များစွာ အားမကိုးရပေ။ LIFTရန်ပုံငွေ ပံ့ပိုးသည့် ILO စီမံချက် သည် အိမ်တွင်းလုပ်သားများ ဆိုင်ရာ သဘောတူညီချက် ၁၈၉ ကို အတည်ပြုရန်နှင့် သက်ဆိုင်သည့် မူဝါဒများ ထွက်ပေါ်စေရန် ဆောင်ရွက်သည်။ ဤစီမံချက်သည် မြန်မာနိုင်ငံ အိမ်တွင်းလုပ်သားများ၏ လက်ရှိအခြေအနေကို စူးစမ်း လေ့လာကာ ၎င်းလေ့လာမှုများတွင် ဥပဒေမူဘောင်၊ လူစုဆောင်းမှုလုပ်ငန်းစဉ်၊ အလုပ်ခွင် အခြေအနေများလည်း ပါဝင်သည်။ အဆိုပါကဏ္ဍ တွင် ပါဝင်သူများက ဤစီမံချက်အား သင့်တော်သည့် အလုပ်အကိုင်ဆိုင်ရာ မူဝါဒများ နှင့် ပတ်သက်၍ အကြံပေးထားကြသည်။ အောင်မြင်စေရန်မှာ အိမ်တွင်းလုပ်သားများ၏ လိုအပ်ချက်များ၊ စိန်ခေါ်မှုများကို လူထုက အသိအမြင်များစေရန်အတွက် ဆောင်ရွက်ရန် လိုအပ်ကြောင်း LIFTက ရှုမြင်သုံးသပ်ထားသည်။

၂၀၁၇ခုနှစ် မတ်လတွင် LIFT သည် ရန်ကုန်ရှိ လိင်လုပ်သားအဖြစ် လူကုန်ကူးခံရသူ ရွှေ့ပြောင်းသွားလာသည့် အမျိုးသမီးများအတွက် အခြေခံကျကျ ပံ့ပိုးမှု တစ်ခုကို ဆောင်ရွက်ခဲ့သည်။ LIFT၏မိတ်ဖက် EDEN သည် ရန်ကုန်မြို့ရှိ လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် အသွားအလာများသည့် ရပ်ကွက်များတွင် တပတ်လျှင် လူပေါင်း ၄၀ခန့်နှင့် တွေ့ဆုံခဲ့သည်။ အမျိုးသမီး ၃၀ခန့် နားခိုနိုင်မည့် ခိုနားရာ နေရာတစ်ခုကို ၂၀၁၇ခုနှစ် မေလတွင် ဖွင့်ခဲ့သည်။ ယင်းနေရာသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံနေရာမှ လွတ်မြောက်လာကြသည့် အမျိုးသမီးများ၊ မိန်းကလေးများကို လုံခြုံနွေးထွေးသည့် ပတ်ဝန်းကျင်တစ်ခုကို ပေးအပ်သည်။ ယင်းတွင် အထောက်အကူ ရယူနေသော အမျိုးသမီးများ၏ ပျမ်းမျှ အသက်မှာ ၁၈နှစ် ဖြစ်သည်။

အမည်မဖော်သော စစ်တမ်းတရပ်တွင် EDEN၏ အကျိုးခံစားရသူ ရာနှုန်းပြည့် က "ခိုနားရာ အိမ်လေးတွင် လုံခြုံသည်ဟု ခံစားကြရကြောင်း" "အခိုင်အမာ လက်ခံကြသည်"

ထိုအမျိုးသမီးများ၊ မိန်းကလေးများအားလုံးသည် ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ ဝေဒနာတမျိုးမျိုးကို အပြင်းအထန် ခံစားခဲ့ကြရသည်။ အချုပ်အနှောင် ခံရသဖြင့် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှု၊ လက်တုံ့ပြန်မည်ကို ကြောက်နေသည့် စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုတို့ အပါအဝင် ဖြစ်သည်။ လူကုန်ကူးခံရသည့် အမျိုးသမီးများသည် အဓမ္မပြုကျင့်ခံရခြင်း၊ အဓမ္မ ပြည့်တန်ဆာ လုပ်ခိုင်းခြင်း ၊ အခြား ရုပ်ပိုင်းဆိုင်ရာ ညှဉ်းဆဲခံရခြင်း၊ လိင်မှတဆင့် ကူးစက်သည့် ရောဂါများ ရရှိခြင်းတို့ကို ကြုံတွေ့ရနိုင်သည်။ ယင်းတို့၏ ဝေဒနာမှာ လူကုန်ကူး မခံရမီကပင် စတင်နိုင်သည်။ မိသားစု၏ မကျန်းမမာမှု၊ ကြွေးပိမှု တို့ကြောင့် စိတ်ဖိစီးမှု ရနိုင်သည်။ ခိုနားရာအိမ်မှတဆင့် EDENသည် အမျိုးသမီးငယ်များကို ကိုယ်စိတ်ဓါတ်ရာ ကုသပေးခြင်း ကုထုံးများဖြင့် ကုသပေးသည်။

ဆွေးနွေးဖျောင်းဖျမှု မရှိပါက ဤအမျိုးသမီးများသည် ယင်းတို့၏ ရပ်ရွာသို့ ပြန်လည် ပေါင်းစည်း နိုင်ရန်၊ လူကုန်ကူးခံရသည့် အတွေ့အကြုံမှ ပြန်လည် ထူထောင်နိုင်ရန် ခဲယဉ်းမည် ဖြစ်သည်။ လွယ်ကူစွာ ပြန်လည် ပေါင်းစည်းနိုင်ရန်အတွက် EDENသည် လက်ဝတ်လက်စား၊ ဆံသ၊ အလှပြင်၊ ကွန်ပျူတာ သုံးနည်း၊ ကော်ဖီဖျော်၊ မုန့်ဖုတ်၊ စျေးရောင်းနှင့် အခြေခံအင်္ဂလိပ်စာ သင်တန်းများ ပေးခဲ့သည်။

## ရွှေ့ပြောင်းသွားလာရေး လုပ်ငန်းအစီအစဉ်၏ တွန်းအားတစ်ခုအဖြစ် ဖော်ဆောင်မည့် မြန်မာနိုင်ငံရွှေ့ပြောင်း သွားလာရေး အသိအမြင် မိတ်ဖက်ပြုမှုကို ထူထောင်ခြင်း

၂၀၁၆ခုနှစ်တွင် LIFTသည် ရွှေ့ပြောင်းသွားလာရေး ပတ်သက်ဆက်နွှယ်သူ ၁၅ဦးနှင့် မိတ်ဖက်ပြုခဲ့သည်။ ၎င်းတို့တွင် အစိုးရ၊ ကုလသမဂ္ဂ၊ ပုဂ္ဂလိက ၊ အသေးစားငွေကြေးလုပ်ငန်း၊ အလုပ်အကိုင် ရှာဖွေရေး၊ တတ်သိပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာ ၊ INGOများမှ ကိုယ်စားလှယ်များ ပါဝင်သည်။ ရွှေ့ပြောင်း သွားလာသူ အမျိုးသား၊ အမျိုးသမီးများ ဘေးကင်း စေရန် နှင့် လုပ်နိုင်ကိုင်နိုင်စွမ်းများရှိစေရန်အတွက် ဆောင်ရွက်ရန် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် အဓိပ္ပာယ်ရှိသော အသိအမြင် မိတ်ဖက်ထူထောင်ရန် ပုံမှန်ညှိနှိုင်းအစည်းအဝေးများကို ကျင်းပရန် စည်းရုံးနိုင်ခဲ့သည်။ ယင်းသည် မိတ်ဖက်အချင်းချင်း၏ ရွှေပြောင်း သွားလာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အမြင်များ၊ ကျွမ်းကျင်မှုများ၊ အတတ်ပညာများကို အကျိုးပြုစေမည် ဖြစ်သည်။ တီထွင်မှု နှင့် ရေရှည်တည်တံ့သည့် လုပ်ဆောင်ချက်များကို အင်အားဖြည့်ပေးကာ လုပ်ကိုင်နိုင်စွမ်း ရှိစေလိမ့်မည် ဖြစ်သည်။ LIFT၏ အလှူရှင်နိုင်ငံနှစ်ခု ဖြစ်သည့် ဩစတြေးလျ နှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် ကတိနှင့်တြိဂံ ဟူသော ဒေသဆိုင်ရာ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်နှစ်ခုကို တိုက်ရိုက်ထောက်ပံ့ခဲ့သည်။ ဤအစီအစဉ်များကို နီးကပ်စွာ ဖလှယ်ခြင်းဖြင့် အသိပညာ ဖန်တီးခြင်း၊ ခိုင်မာစေခြင်း၊ ပေါင်းစပ်ခြင်းတို့ကို ဖြစ်စေမည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာရေး လုပ်ငန်းအစီအစဉ်ကို မောင်းနှင်မည့် ဖန်တီးနိုင်စွမ်းရှိသည့် ချဉ်းကပ်နည်းများကို ကိုင်တွယ်ဆောင်ရွက်နိုင်မည့် ဖြစ်သည်။ ဤလုပ်ငန်းအစီအစဉ်၏ ပင်မရည်မှန်းချက် မှာ ရွှေ့ပြောင်းသွားလာသူများနှင့် မိသားစုများတို့ကို ဆုံးရှုံးနိုင်ခြေကို လျှော့ချရန် နှင့် အကျိုးအမြတ်များကို တိုးတက်စေရန် ဖြစ်သည်။ ၂၀၁၇ခုနှစ် ဒုတိယနှစ်ဝက်တွင် LIFTသည် မြန်မာရွှေ့ပြောင်းသွားလာရေးနီးနွှယ်မှု အင်တာနက်စာမျက်နှာတစ်ခု ကို စတင်ခဲ့သည်။ ယင်းသည် အွန်လိုင်းအသိအမြင်စင်မြင့်တခုဖြစ်ပြီး မြန်မာနိုင်ငံ လုပ်အား ရွှေ့ပြောင်းသွားလာရေး အစီအစဉ်ကို သတင်း အချက်အလက်များ ပေးမည် ဖြစ်သည်။

၈၅။ 'ခေတ်သစ်ကျွန်ပြုခြင်း' ဆိုသည်မှာ မကြာသေးမီကတီထွင်လိုက်သော ဝေါဟာရတခုဖြစ်သည်။ ယင်းတွင် ကျွန်ပြုခြင်း၊ အဓမ္မလုပ်အား နှင့် ကျွန်သဖွယ်ပြုမူမှုများ ပါဝင်သည်။ ဤဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ချက်များ သည် နိုင်ငံတကာဥပဒေများဖြစ်သည့် ကျွန်ပြုမှုဆိုင်ရာ သဘောတူညီချက် (၁၉၂၆) နှင့် နောက်ဆက်တွဲ သဘောတူညီချက် (၁၉၅၆) တို့တွင် လည်းကောင်း၊ ထို့ပြင် အဓမ္မလုပ်အား သဘောတူညီချက် (၁၉၃၀) နှင့် နောက်ဆက်တွဲ သဘောတူညီချက် (၂၀၁၄) တို့တွင် လည်းကောင်း ပါရှိသည်။ ၁၉၂၆ ကျွန်ပြုမှုဆိုင်ရာ သဘောတူညီချက်တွင် ကျွန်ပြုမှုကို ဤသို့ အဓိပ္ပာယ်ဖွင့်ထားသည်- "ပိုင်ဆိုင်မှုနှင့်အတူ တွဲဖက်ပါရှိလာသော အခွင့်အာဏာ တခုခု သို့မဟုတ် အားလုံး ကျင့်သုံးသည်ကို ခံရသည့် အဆင့်အတန်း သို့မဟုတ် အခြေအနေ"-ကို ဆိုသည်။ ထို့ပြင် ၁၉၅၆ နောက်ဆက်တွဲ သဘောတူညီချက်တွင် အနှောင်အဖွဲ့ လုပ်အားနှင့် အဓမ္မထိမ်းမြားမှုတို့ သည်လည်း "ကျွန်သဖွယ်ပြုမူမှု"များပင် ဖြစ်ကြောင်း ဖော်ပြထားသည်။ ၁၉၅၆ သဘောတူညီချက် တွင်လည်း ကလေးတဦးကို သူတဦးဦးသို့ ခေါင်းပုံဖြတ်ရန်အလို့ငှာ လွှဲပြောင်းခြင်းကို ကလေးကျွန်ပြုမှုဟု အဓိပ္ပာယ် ဖွင့်ထားသည်။ ယင်းသည် ကလေးလုပ်အား နှင့် ကွဲပြားသည်။ ကလေးလုပ်အား ဆိုသည်မှာ ယေဘုယျအားဖြင့် ကလေးငယ်၏ မိသားစုအတွင်း၌သာ ဖြစ်ပေါ်သည်။ ယင်းနှစ်ခုစလုံးသည် "ကလေးအလုပ်" နှင့် ကွဲပြားသည်။ ယင်းတို့သည် ကလေး၏ကောင်းကျိုးအတွက် မဟုတ်ကြပေ၊ အနည်းဆုံး ကလေး၏ ကျောင်းနေခြင်းကို နှောင့်ယှက်ကြသည်။ ၁၉၃၀ သဘောတူညီချက်တွင် အဓမ္မလုပ်အားကို "ပြစ်ဒဏ်တခုခုကို ကြောက်ရွံ့နေသည့် သူတဦးဦးထံမှ၊ ထိုသူကိုယ်တိုင်က အလိုအလျောက် ကမ်းလှမ်းသည်လည်း မဟုတ်စေပဲ ရရှိသော အလုပ် သို့မဟုတ် ဝန်ဆောင်မှု " -ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ အဓမ္မလုပ်အား နှင့် ကျွန်ပြုမှု တို့ကို ဆွေးနွေးရာတွင် မကြာခဏ တွေ့ရသည့် ဝေါဟာရတလုံးမှာ "လူကုန်ကူးခြင်း"ဖြစ်သည်။ ယင်းကို ၂၀၀၀ပြည့်နှစ် ကုလသမဂ္ဂ ပလာမိုစာချုပ်တွင် အဓိပ္ပာယ်ဖွင့်ထားသည်။ သို့သော် - သူတဦးဦးကို အဓမ္မလုပ်အား နှင့် ကျွန်ပြုမှု အခြေအနေသို့ ပို့ဆောင်သည့် လုပ်ငန်းစဉ်ဟုသာ နားလည်ထားကြသည်။ ၂၀၁၇တွင် ကမ္ဘာ တဝန်းလုံး၌ ကျွန်ပြုခံရသူ ၄၀.၃သန်းခန့် ရှိမည်ဟု Walk Free Foundation၊ IOM တို့နှင့်အတူ ILO က ခန့်မှန်းထားသည်။

၈၆။ https://www.globalslaveryindex.org/

## ရွှေ့ပြောင်းသွားလာရေး သုတေသန

LIFT ရန်ပုံငွေပံ့ပိုးသည့် နည်းပေါင်းစုံလေ့လာ သုံးသပ်သည့် စစ်တမ်း၏ ဒေတာကောက်ယူမှုသည် ၂၀၁၇ခုနှစ်တွင် ပြီးစီးခဲ့သည်။ ယင်းကို IOM၊ ဆပ်ဆက်တက္ကသိုလ်၊ မေတ္တာဖောင်ဒေးရှင်းတို့ စုပေါင်းထားသည့် ဆင်းရဲနွမ်းပါးမှုမှ ရွှေ့ပြောင်းသွားလာခြင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က ဆောင်ရွက် သည်။ LIFT၏ စီမံကိန်း နယ်မြေ လေးခုလုံးမှ စုစုပေါင်း ကျေးလက် အိမ်ထောင်စု ၃,၄၄၀ထံမှ အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ ဒေတာများကို ကောက်ခဲ့ကြသည်။ ရာသီ အလိုက် အပြောင်းအလဲများရှိသဖြင့် နှစ်ကြိမ်တိုင်တိုင် ကောက်ယူခဲ့သည်။ ဤသုတေသနသည် လုပ်အား ရွှေ့ပြောင်းသွားလာရေး ပုံစံများ၊ တဦးချင်း၊ အိမ်ထောင်စု၊ ရပ်ရွာ အဆင့်တို့တွင် ရွှေ့ပြောင်း သွားလာရေး၏ သက်ရောက်မှုများကို အထူးပြုထားသည်။ ဖွံ့ဖြိုးရေးတွင် ရွှေ့ပြောင်းသွားလာရေး၏ အခန်းကဏ္ဍကို တိုးမြှင့်ရန် အတွက် မဟာဗျူဟာနှင့် မူဝါဒတို့ကို အစိုးရနှင့် အစိုးရ မဟုတ်သည့် လုပ်ဆောင်သူများက ပြုစုရာတွင် သုတေသန တွေ့ရှိချက်များကို နည်းကိရိယာ အဖြစ်အသုံးပြုကာ ထောက်ပံ့မည်။ ၂၀၁၈ ခုနှစ်တွင် သုတေသန အဖွဲ့သည် အစီရင်ခံ တင်ပြပြီး တွေ့ရှိချက်များကို ဖြန့်ဝေပေးမည် ဖြစ်သည်။

## ရှေ့ကိုမျှော်ကြည့်လျှင်

LIFT၏ စီမံချက်များသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အား ဝန်ကြီးဌာန (MoLIP) နှင့် နိုင်ငံတကာ အလုပ်ခန့်ထားရေးစံချိန်များ၊ အထူးသဖြင့် လူစုဆောင်းမှုလုပ်ငန်းစဉ်၊ တိုင်ကြားမှု ယန္တရားများ၊ လူမှုဖူလုံရေးစနစ်များ ကောင်းမွန် တိုးတက်စေရန် ဆက်လက်လုပ်ကိုင်မည်။ လူထုမီဒီယာ ကွင်းဆင်းရေး စီမံချက်များသည် ဒေသခံ မီဒီယာများကို ဖော်ထုတ်ကာစတင်လေ့ကျင့်ပေးမည်။ မြန်မာ စကားမပြောသည့် ကြည့်ရှုနားဆင်သူ ပရိသတ် များထံသို့ LIFTက ပိုမိုလက်လှမ်းမီစေရန်နှင့် တိုင်းရင်းသားမီဒီယာများ၏ စွမ်းဆောင်ရည်ကို ပိုမို တည်ဆောက်ပေးရန် ဖြစ်သည်။ ဤစီမံချက်သည် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုထံသို့ ရောက်ရှိလိမ့်မည် ဖြစ်သည်။

ရန်ကုန် အထည်ချုပ်ကဏ္ဍတွင် လုပ်ကိုင်နေသည့် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအတွက် LIFT စီမံချက်၏ ဦးတည်ချက်တရပ်မှာ- မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍ သင်တန်းအတွက် ရေရှည် တည်တံ့မည့် ပုံစံများကို ဆက်လက်လေ့လာရန် ဖြစ်လိမ့်မည်။ ယင်းတွင် အစိုးရ ပုဂ္ဂလိက မိတ်ဖက်ပြုမှု ထူထောင်ရန် ဖြစ်နိုင်ခြေကို လေ့လာရန်လည်း ပါဝင်မည်။ ကနဦး သုတေသန တွင် အရှေ့တောင်အာရှ နိုင်ငံများရှိ အထည်ချုပ်လုပ်ငန်း၏ နည်းပညာသင်တန်းများ၏ ငွေကြေးနှင့် အုပ်ချုပ်မှုပုံစံများကို ဦးတည် လေ့လာမည်။ အကြောင်းမှာ ယင်းတို့ကို မြန်မာနိုင်ငံတွင် ဆင့်ပွား၍ ရနိုင်သောကြောင့် ဖြစ်သည်။ MoLIP ဝန်ကြီးဌာနသည် ကနဦးသုတေသနဆောင်ရွက်ရာတွင်အလေးအနက်ထား ပါဝင်ခဲ့ပြီး ရွေးချယ်စရာ နည်းလမ်းများ အပေါ် နိုင်ငံရေးအရ အောင်မြင်နိုင်စွမ်းကို ဆုံးဖြတ်ရာတွင်လည်း ကူညီခဲ့သည်။ ဝန်ကြီးဌာနသည် အလုပ်သမား ၁,၀၀၀ကျော်သည့် အလုပ်ရုံများတွင် သင်တန်းများ ထားရှိရန်နှင့် ဥပဒေပြင်ဆင်ရန် အဆိုပြုခဲ့သည်။ ဝန်ကြီးဌာနသည် လုပ်ငန်း ကျွမ်းကျင်မှုဖြစ်ထွန်းရေးရန်ပုံငွေ ထူထောင်ရန်လည်း ရည်ရွယ်ထားသည်။ လစာများ၏ ၀.၅ရာခိုင်နှုန်းဖြင့် ငွေကြေးထောက်ပံ့ရန် ဖြစ်သည်။ ဥပဒေ ပြင်ဆင်ရန်မှာမူ မသေချာသေးပေ။ အထူးသဖြင့် ကျွမ်းကျင်မှု ဖြစ်ထွန်းရေး ရန်ပုံငွေ ထူထောင်ရန်၊ စီမံခန့်ခွဲရန်၊ တာဝန်ခံရန်၊ ကိုင်တွယ် ဖြေရှင်းနိုင်မည့် ကျွမ်းကျင်မှု တို့နှင့် ပတ်သက်သည်။ LIFT၏ ငွေကြေး ထောက်ပံ့သည့် သင်တန်းဌာနသည် ရွေးချယ်စရာ နည်းလမ်းများကို ဆင်ခြင်သုံးသပ်လျက် ရှိသည်။ယင်းတို့မှာ လက်ကျန် အလှူရှင် ရန်ပုံငွေက ကျခံရန်၊အဖွဲ့ဝင်ပုံစံ ထူထောင်ရန်၊ အစိုးရက ရန်ပုံငွေ ကျခံပြီး အစိုးရကိုယ်တိုင် ပိုင်ဆိုင်သည့် သင်တန်းဌာနဖြစ်ရန်၊ ကျွမ်းကျင်မှု ဖြစ်ထွန်းရေး ရန်ပုံငွေ မူဘောင်အတွင်းတွင် အလုပ်လုပ်ရန်၊ ပတ်သက် ဆက်နွယ်သူပေါင်းစုံ နှင့် မိတ်ဖွဲ့ရန် စသည်တို့ ဖြစ်သည်။ ရန်ပုံငွေ ထောက်ပံ့သည့် နည်းလမ်း အမျိုးမျိုးသည်လည်း ရေရှည်တွင် သင့်လျော်လာနိုင်ပေမည်။

နောက်ထပ်ဦးစားပေးတစ်ခုမှာ LIFT၏ 'သင့်တင့် လျောက်ပတ်သော အလုပ်နှင့် လုပ်အား ရွှေ့လျားမှု' မဟာဗျူဟာ အသစ်[၇၇] ၏ ဒီဇိုင်းပင် ဖြစ်သည်။ လက်ရှိ LIFTရန်ပုံငွေ ထောက်ပံ့မှုသည် ၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် ပြီးဆုံးမည် ဖြစ်သည်။ LIFT၏ ရန်ပုံငွေ ဘုတ်အဖွဲ့သည် ၂၀၂၃ခုနှစ်ထိ ရန်ပုံငွေကို အကြောင်းအရာ လေးခုအတွက် ထောက်ပံ့မည် ဖြစ်ရာ သင့်တော်သောအလုပ် နှင့် လုပ်အားရွှေ့လျားမှု သည်လည်း ပါဝင်လာဖွယ် ရှိသည်။ စစ်တမ်းများ၊ တိုင်ပင်မှု များ၊ မဟာဗျူဟာ ပြုစုခြင်း တို့ကို ၂၀၁၈ခုနှစ် ပထမနှစ်ဝက်တွင် ဆောင်ရွက်မည်။ ထိုနောက် အစီအစဉ်အသစ် အတွက် ဒီဇိုင်းထုတ်ကာ အဆိုပြုလွှာများကို ခေါ်ယူမည်။ LIFTသည် လူကုန်ကူးခံရမည့် ဘေးကို လျှော့ချရန်နှင့် သင့်တင့်လျောက်ပတ်သောအလုပ်ကို လက်လှမ်းမီရေးအတွက် ရန်ပုံငွေအမြောက်အမြား ထည့်ဝင် ဆောင်ရွက်မည် ဖြစ်သည်။ မိမိ အစီအစဉ်များမှတဆင့် ဖြစ်စေ၊ မူဝါဒလုပ်ငန်းများ မှ ဖြစ်စေ ကြွေးနွံနစ်မှုကို လျှော့ချမည်၊ကျေးလက်ဒေသ တွင် အသက်မွေးမှု အမျိုးအမည် များပြားလာအောင် ဆောင်ရွက်မည်၊ အသက်မွေးမှု ပညာသင်တန်းများ ဖွင့်မည်၊ လုံခြုံဘေးကင်းသော ရွှေ့ပြောင်းသွားလာရေးကို ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ ဤဆောင်ရွက်မှုများ အပြင် ထိခိုက်လွယ်သည့် မိသားစုများကို ဆင်းရဲနွမ်းပါးမှုတာရှည်စေသည့် ခေတ်သစ်ကျွန်ပြုခြင်း ကို လျှော့ချခြင်းဖြင့် LIFT၏ ဖွံ့ဖြိုးရေး သက်ရောက်မှုများကို တိုးတက်စေရန် ဆောင်ရွက် နိုင်မည့် ရွေးချယ်စရာ မဟာဗျူဟာနည်းလမ်းများ စူးစမ်းလေ့လာမည် ဖြစ်သည်။

၇၇။ အကျိုးဖြစ်ထွန်းပြီး သင့်တင့်သော ဝင်ငွေရမည့် အလုပ်အကိုင်အခွင့်အလမ်း၊ လုပ်ငန်းခွင် လုံခြုံမှု နှင့် မိသားစုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး၊ လူမှု အသိုင်းအဝန်းများအကြား သဟဇာတဖြစ်မှု နှင့် တကိုယ်ရည် တိုးတက်မှုအတွက် ပိုမိုကောင်းမွန်သည့် မျှော်မှန်းချက်များ၊ မိမိတို့၏ စိုးရိမ်ကြောင့်ကြမှုများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးသမီး အမျိုးသားများအတွက် တန်းတူအခွင့်အရေး နှင့် ဆက်ဆံမှုမှုများ ရရှိရေး တို့ပါဝင်မှုကို သင့်တင့်လျောက်ပတ်သော အလုပ်ဟု ILO က အဓိပ္ပါယ ဖွင့်ဆိုထားသည်။ ၎င်းအချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် တရားလွန် ခေါင်းပုံဖြတ် အမြတ်ထုတ်သော အလေ့ကျင့်များသည် အဓမ္မစေခိုင်းမှုဖြစ်သည်။


၄.၄

# အရပ်ဘက်လူမှုအဖွဲ့အစည်း

အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း သည် LIFT၏ ရေရှည် တည့်တံ့သည့် အသက်မွေးမှု စနစ် အားဖြည့်မှု၏ အရေးပါသော အစိတ်အပိုင်း ဖြစ်သည်။ ၎င်းသည် ၂၀၁၆ခုနှစ်တွင် Grand Bargain သဘောတူညီချက်၏ အစိတ်အပိုင်း ဖြစ်သည့် ကတိကဝတ်များနှင့် အညီဖြစ်သည်။ ယင်းကို LIFT၏ အလှူရှင်အဖွဲ့ဝင် နိုင်ငံ ၉-ခုမှလည်း ပါဝင်အတည်ပြုထားသည်။ ယင်းတို့မှာ- ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ ကော်မရှင် (ဥရောပသမဂ္ဂကို ကိုယ်စားပြုသည်) လူဇင်ဘတ်၊ နယ်သာလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုတို့ ဖြစ်သည်။


LIFT၏အသက်မွေးမှုနှင့်ရိက္ခာဖူလုံရေးစီမံချက်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများသည် အချိန်နှင့်အမျှ တိုးတက်လာလျက်ရှိသည်။

၂၀၁၇ခုနှစ် LIFT၏ ဖွံ့ဖြိုးရေး အစီအစဉ် အသုံးစရိတ် ကန်ဒေါ်လာ ၆၈.၃၈သန်း၏ ၂၂-ရာခိုင်နှုန်းမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ ထောက်ပံ့ထားသည်ကို ပုံ ၄.၆ တွင် တွေ့နိုင်သည်။




▲ ပုံ ၄.၆
မြန်မာ CSOများကို ထောက်ပံ့ထားသော LIFT ရန်ပုံငွေရာခိုင်နှုန်း

LIFT၏ အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်မှုများမှာ အသက်မွေးမှုကို သက်ရောက်မှုရှိသည့် -အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍဟူသည့် ဤအဓိက လုပ်ဆောင်သူ သုံးဦး၏ဆက်ဆံရေးကို အားဖြည့်ပေးမည့်၊ စောင့်ကြည့် ထိန်းညှိပေးမည့် စနစ်ကို ကောင်းမွန်စေမည့် ချဉ်းကပ်နည်းကို အသုံးပြုရန် ဖြစ်သည်။




◀ ပုံ ၄.၇
အသက်မွေးဝမ်းကျောင်းမှု စနစ်တွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

LIFTသည် စတင်တည်ထောင်စကပင် ပုံမှန် ရန်ပုံငွေချထားမှု အစီအစဉ်များဖြင့် CSOများ နှင့် လက်တွဲ အလုပ်လုပ်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် CSOများက အဆိုပြုလွှာတင်ရာတွင် လိုအပ်ချက်များ ပြည့်စုံအောင် အထောက်အကူပြုမည့် လုပ်ငန်းစဉ်အသစ်များကို အကောင်အထည်ဖော်ခဲ့သည်။ ထိုကြောင့်LIFT၏ ရန်ပုံငွေများကို မြန်မာ CSOများသို့ ပိုမို ထောက်ပံ့နိုင်လာခဲ့သည်။ ၂၀၁၆ခုနှစ်တွင် မဟာဗျူဟာ မိတ်ဖက်များကို ဖွဲ့စည်းကာ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသတို့တွင် ထောက်ပံ့ငွေ အသေးစား ရန်ပုံငွေများကို ထူထောင်ခဲ့သည်။

"ခိုင်မာသောစနစ်တစ်ခုတွင် ဤတြိဂံ၏ အနားသုံးဘက်လုံးကို အားဖြည့်ထားရန် လိုအပ်သည်။ ဤပုံတွင် အသက်မွေးမှု ဟူသမျှ သည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပတ်ဝန်းကျင် ဟူသော အခြေအနေများ အတွင်း၌ ဖြစ်ပေါ်လာသည်ဟု အလေးအနက် ဖော်ပြထားသည်။ အခြေအနေအားလုံးတွင် ပင်မပါဝင် လှုပ်ရှားသူ ဖြစ်သည့် အရပ်ဘက် လူမှုအဖွဲ့အစည်း ထံတွင် အထူး အခန်းကဏ္ဍ တခု ရှိသည်။ ယင်းသည် အသက်မွေးမှု နှင့် ရိက္ခာ ဖူလုံမှု၏ လူမှုရေး အဆုံးအဖြတ် ပြုသူများကို သက်ရောက်နိုင်သည်"
မတ် ဒက်စ်မင် နှင့် ပါဝင်သူများ၊ LIFT ရန်ပုံငွေဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းကိုထောက်ပံ့ခြင်း (၂၀၁၅ခုနှစ် ဩဂုတ်လ)

## ထောက်ပံ့ငွေအသေးစားရန်ပုံငွေ

ထောက်ပံ့ငွေအသေးစားရန်ပုံငွေဖြင့် LIFTသည် မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသတို့မှ မြို့နယ်အဆင့် CSOများကို ထောက်ပံ့ကာ မြို့နယ်အဆင့် အသက်မွေးမှုစနစ်များကို အားဖြည့်ပေးရန် ရည်ရွယ်သည်။

| တောင်တန်းဒေသ | မြစ်ဝကျွန်းပေါ် | အပူပိုင်းဇုန် |
| --- | --- | --- |
| ကန်ဒေါ်လာ ၈၉၈,၃၇၁ | ကန်ဒေါ်လာ ၁၅၂,၀၆၇ | - |

တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (ကန်ဒေါ်လာ ၃.၅သန်း) အဖွဲ့သည် SWISSAID၊ မေတ္တာ၊ GRETတို့ ပါဝင်သည့် ပေါင်းစည်းအဖွဲ့ဖြစ်သည်။ SWISSAIDသည် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တောင်ပိုင်းကို လွှမ်းခြုံပြီး မေတ္တာအဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းမှ မြို့နယ်အချို့နှင့် ကယားပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်သည်။ GRETသည် ချင်းပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်ရန်ပုံငွေ (ကန်ဒေါ်လာ ၂.၁သန်း) ကို GRETကလည်းကောင်း၊ အပူပိုင်းဇုန်ဒေသ မြို့နယ်ရန်ပုံငွေ (ကန်ဒေါ်လာ ၂.၂သန်း) ကို PACTက လည်းကောင်း ဆောင်ရွက်ပါသည်။

၂၀၁၇ခုနှစ်တွင် တောင်တန်းဒေသ နှင့် မြစ်ဝကျွန်းပေါ် ထောက်ပံ့ငွေ အသေးစားရန်ပုံငွေ အစီအစဉ်များ သည် ကနဦး အစပျိုးအဆင့်ကို ပြီးဆုံးခဲ့သည်။ လုပ်ငန်း လမ်းညွှန်များကို ပြုစုပြီး ရန်ပုံငွေ အကဲဖြတ်ရေး ကော်မတီများ ဖွဲ့ကာ လုပ်ငန်းများ စတင်ခဲ့ကြသည်။ တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (Uplands Township Fund)သည် ထောက်ပံ့ငွေ ၅၄ခု ကို အတည်ပြုပြီး ရန်ပုံငွေ ချထားပေးခဲ့သည်။ မြစ်ဝကျွန်းပေါ် တွင် အဆိုပြုလွှာ ၃၃စောင်အနက် ၁၇စောင်ကို မြစ်ဝကျွန်းပေါ် ထောက်ပံ့ငွေ အသေးစားရန်ပုံငွေ (Small Grants Fund, SGF)အဖွဲ့က ရန်ပုံငွေ ချထားပေးခဲ့သည်။ အပူပိုင်းဇုန်ထောက်ပံ့ငွေအသေးစားရန်ပုံငွေသည် အဆိုပြုလွှာများကို ဆန်းစစ်ကာ ထောက်ပံ့ငွေများကို ၂၀၁၈ခုနှစ်တွင် ထုတ်ပေးမည် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် ထုတ်ပေးခဲ့သည့် ထောက်ပံ့ငွေ အသေးစား ရန်ပုံငွေ ရရှိခဲ့သူများကို ဇယား ၄.၇ တွင် ဖော်ပြထားသည်။

UTFသည်ထောက်ပံ့ငွေသုံးမျိုးကိုထုတ်ပေးထားပါသည်- အဓိက ထောက်ပံ့ငွေ လျှောက်ထားရန်အတွက် လိုအပ်သည့် လေ့လာစုံစမ်းမှုများ ပြုလုပ်ရန် ငွေရင်း ထောက်ပံ့ငွေ အနည်းအကျဉ်းကို ထုတ်ပေးပါသည်။ ပိုများသော အဓိက ထောက်ပံ့ငွေ ဖြင့် အစီအစဉ်၏ ပင်မတာဝန်ကို ဆောင်ရွက်ရန် ထောက်ပံ့သည်။ မျှော်လင့်မထားသော အခွင့်အလမ်း ပေါ်ပေါက်လာပါက အသုံးချနိုင်ရန် အခွင့်အလမ်း ထောက်ပံ့ငွေကို ထုတ်ပေးပါသည်။

အပူပိုင်းဇုန်ဒေသတွင် PACTက ထောက်ပံ့ငွေနှစ်မျိုးကို ထုတ်ပေးသည်။ စီမံချက်အတွက် အမှန် ကုန်ကျစရိတ်ကို မငဲ့ပဲ ထုတ်ပေးသည့် ပုံသေထောက်ပံ့ငွေ ဖြစ်သည်။ စရိတ်ပြန်ထုတ်ပေးထောက်ပံ့ငွေဖြင့် စီမံချက်အတွက် အမှန်ကုန်ကျစရိတ်ကို သတ်မှတ်ထားသည့် ပမာဏ အထိ ထုတ်ပေးသည်။ စရိတ်ကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ညီညွတ်မှ ထုတ်ပေးသည်။ တာဝန်ခံယူမှုကို နည်းပညာအရ တိုးတက်မှု၊ ငွေစာရင်း၊ ဘဏ္ဍာရေး အစီရင်ခံစာတို့ဖြင့် တိုင်းတာသည်။

GRETသည် မြစ်ဝကျွန်းပေါ် တွင် ထောက်ပံ့ငွေနှစ်မျိုးကို ချထားပေးသည်။ စီမံချက်ထောက်ပံ့ငွေ ဖြင့် ဤရန်ပုံငွေ၏ ပင်မရည်ရွယ်ချက်များ အစီအစဉ်၏ အကျိုးစီးပွားကို တိုက်ရိုက်ဆောင်ရွက်ရန် ထောက်ပံ့ပါသည်။ အဆင့်နှစ်ဆင့်အထက်ဖြင့် ဆောင်ရွက်မည့် စီမံချက် များသို့ တစ်ဆင့်ပြီး တစ်ဆင့် ထုတ်ပေးသည်။ အထူး ထောက်ပံ့ငွေကို ငွေအမြောက်အမြား မကိုင်တွယ်နိုင်သည့် CSOငယ်များ နှင့် စီမံချက်ငယ်များသို့ ထုတ်ပေးသည်။ ထို့ပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပင်မ ထောက်ပံ့ငွေအတွက် အဆိုပြုလွှာမတင်မီ တီထွင်ဆန်းသစ်မှုများကို အားပေးရန်၊ ယင်းတို့ လုပ်ဆောင်မည့် အကြံဉာဏ်ကို ပြုစုနိုင်ရန် ကူညီရာတွင်လည်း အသုံးပြုနိုင်သည်။

ဤထောက်ပံ့ငွေအသေးစားရန်ပုံငွေ သုံးဖွဲ့လုံး၏ အပြောင်းအလဲသီအိုရီ၊ တာဝန်ခံမှုနှင့် သင်ယူမှုတို့ အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း(-MEAL)စီမံချက်များသည် ဆင်တူသော်လည်း တည်ဆောက်ပုံမှာ အနည်းငယ် ကွဲပြားသည်။ UTFအဖွဲ့သည် ထောက်ပံ့ငွေ အတည်ပြု ကော်မတီကို အသုံးပြုသည်။ GRETကမူ မြို့နယ်အကြံပေးအဖွဲ့ပုံစံကို အသုံးပြုသည်၊ ယင်းတွင် အစိုးရဝန်ထမ်းများ အခြားပတ်သက် ဆက်နွယ်သူများ ပါဝင်သည်၊ အစိုးရထံမှ နည်းပညာဆိုင်ရာ အကြံဉာဏ်များကိုပါ ပေါင်းစပ်ရန်၊ ရပ်ရွာနှင့် ဒေသအစိုးရတို့ထံမှ ပူးပေါင်းမှု ပိုမိုရရှိရန် ဖြစ်သည်။ PACTသည် မိမိ ဝန်ထမ်းငါးဦး နှင့် CSO ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီဖြင့် အကောင်အထည်ဖော်သည်။ ယင်းတို့သည် မိမိတို့ ဒေသ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် နည်းလမ်းကို ကျင့်သုံးကြသည်။ တိုးတက်မှုကို LIFT၏ အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းရေး အစီအစဉ်က စောင့်ကြည့်ပြီး မတူညီသော နည်းလမ်းများအား လေ့လာအကဲဖြတ်ထားသည့် သုံးသပ်ချက်သည် ၂၀၁၈ခုနှစ်တွင် ထွက်ရှိလာမည် ဖြစ်သည်။

၂၀၁၇ခုနှစ် မေလတွင် LIFTသည် ဤထောက်ပံ့ငွေ အသေးစား ရန်ပုံငွေ သုံးဖွဲ့အတွက် သင်ယူလေ့လာမှု ဖိုရမ် တစ်ခုကို ကျင်းပခဲ့သည်။ ယင်းတို့၏ အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းခြင်းဆိုင်ရာ ချဉ်းကပ်နည်းနာများကို မျှဝေရန် ဖြစ်သည်။ အသက်မွေးမှု အားကောင်းရေးဆိုင်ရာ သဘောတရားကို အချို့ CSO မိတ်ဖက်များက သဘောပေါက်ရန် ခက်ခဲနေကြကြောင်း ထောက်ပံ့ငွေ အသေးစား ရန်ပုံငွေ အဖွဲ့များမှ တက်ရောက် သူများက ဆွေးနွေး တင်ပြကြသည်။ မြို့နယ် အသက်မွေးမှု စနစ်များကို အားဖြည့်ပေးရန် အစိုးရ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍတို့ မည်သို့ အတူလုပ်ဆောင်နိုင်မည်ကို CSOများက သဘောပေါက်စေမည့် မဟာဗျူဟာများ ပြုစုရန် ဆွေးနွေးကြသည်။ နောက်တကြိမ် သင်ယူလေ့လာမှု ဖိုရမ်ကို ၂၀၁၈ခုနှစ် နိုဝင်ဘာလတွင် မြန်မာစကားဖြင့် ကျင်းပမည်။ ရန်ပုံငွေအဖွဲ့များမှ မြန်မာကိုယ်စားလှယ်များ ပိုမို ဆွေးနွေးနိုင်ရန် ဖြစ်သည်။

## တောင်တန်းဒေသမြို့နယ်စနစ်များ အားဖြည့်ခြင်း

တောင်တန်းဒေသ မြို့နယ် စနစ်များ အားဖြည့်သည့် အမြင်တခုမှာ CSOများ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍတို့ကို ဆက်စပ်ပေးခြင်းပင် ဖြစ်သည် ၂၀၁၇ခုနှစ်တွင် UTF ထောက်ပံငွေရသည့် အဖွဲ့ ၉-ခုလုံးသည် အချင်းချင်း ကောင်းစွာ ချိတ်ဆက် ဆက်သွယ်ထားပြီး ဖြစ်သည်။ ကယားဒေသ ရန်ပုံငွေအဖွဲ့ (Area Fund Team) နှင့် မေတ္တာ၏ ရုံးခွဲသည် CSO များ အခြားပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေရသည့် ၄-ဖွဲ့ သည် (RDA၊ LAIN၊ K-Times၊ KLCC) မြို့နယ် အာဏာပိုင်များ၏ အသိအမှတ်ပြုမှုကို ခံရသည်-

<u>ကန္တာရဝတီတိုင်း (Kantarawaddy Times, K-Times)</u>သည် ဒီမောဆိုတွင် အခြေပြုသော သတင်းဌာန တခုဖြစ်သည်။ ယင်းသည် ၂၀၁၇ ခုနှစ် တွင် DVB သတင်းဌာန နှင့် မိတ်ဖက်ပြုခဲ့ပြီး ကယား ဘာသာဖြင့် တီဗီ အစီအစဉ် ထုတ်လွှင့် ရန် ဖြစ်သည်။ ဤသတင်း ဌာန သည် အစိုးရဌာနများ၊ ပုဂ္ဂလိက ကဏ္ဍ၊CSO များ၊ ကျေးရွာခေါင်းဆောင်များနှင့် အသက်မွေးမှု စိန်ခေါ်မှုများ၊ အခြေအနေများ၊ ဒေသ ထွက်ကုန် များအတွက် ဈေးကွက် စသည် တို့ကို လူထု ဆွေးနွေးပွဲ နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ကယား ပြည်နယ်တွင် CSOများ၏ လှုပ်ရှားမှုများကို လူထုက သိရှိအောင် အဓိက ဆောင်ရွက်ခဲ့ပြီး သတင်း အချက်အလက်များကိုလည်း မျှဝေခဲ့သည်။

The <u>Lobbyist Advocator Innovator Negotiator Technical Support Group (LAIN)</u> သည် လွိုင်ကော်တွင် အခြေပြုပြီး လွိုင်ကော်၊ ဒီမောဆို နှင့် ဖယ်ခုံ မြို့နယ်တို့တွင် လုပ်ငန်း ဆောင်ရွက်နေသည်။ ဤအဖွဲ့အစည်းသည် CSO များနှင့် အသေးစား လုပ်ငန်းများကို နည်းပညာ အထောက်အကူပြု ဆောင်ရွက်ပါသည်။ အထောက်အကူ ရရှိကြသည့် အဖွဲ့အစည်းများသည် ယခုအခါတွင် အစိုးရ၏ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းဌာန၊ ဘဏ်များတို့နှင့် ပူးပေါင်း

ဆောင်ရွက်လျက်ရှိနေကြပြီး ရပ်ရွာအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ ပံ့ပိုးမှုများကို ဆက်စပ်ပေးသည်။

The Rural Development Agency (RDA) သည် သည် လွှိုင်ကော်မှ ဖြစ်သည်။ RDAသည် အစိုးရ၏ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (General Adminstration Department, GAD)၊ ကရင်နီတိုးတက်ရေး အမျိုးသားကွန်ဂရက်(Karenni National Progressive Party, KNPP)တို့နှင့် တွေ့ဆုံကာ ဆောင်ရွက်မည့် လုပ်ငန်းများကို မိတ်ဆက်ခဲ့သည်။ အစိုးရ၏ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန နှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့က RDA၏ စိုက်ပျိုးရေး သင်တန်းများအတွက် အရင်းအမြစ်များကို ပံ့ပိုးကူညီခဲ့ကြသည်။

ကယန်း စာပေနှင့် ယဉ်ကျေးမှု ကော်မတီ(KLCC) သည် ရိုးရာလက်မှုပညာပစ္စည်းများ အရောင်းတက်လာစေရန်အတွက် ကုန်သွယ်ရေး ဦးစီးဌာနနှင့် ဆက်သွယ်ခဲ့သည်။

## CSOများ နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း

CSOများနှင့် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ LIFT ရန်ပုံငွေ ပံ့ပိုးသည့် စစ်တမ်းပါ အကြံပြုချက်အရ LIFTသည် အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှုကို ၂၀၁၆တွင် ဒီဇိုင်းထုတ်ခဲ့သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များကို LIFTက စွမ်းဆောင်ရည် တည်ဆောက်ပေးမည်၊ မူဝါဒပိုင်းဆိုင်ရာ တွင် ချိတ်ဆက် ဆောင်ရွက်ကြမည်၊ ဤသို့ဖြင့် LIFTသည် မြန်မာနိုင်ငံ၏ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို ပိုမိုနားလည်နိုင်မည်၊ လက်လှမ်းမီနိုင်မည် ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)၊ ကျား၊မတန်းတူ ညီမျှရေး ကွန်ရက်(GEN)၊ မြေယာမဏ္ဍိုင်အုပ်စု(LCG)တို့ကို မဟာဗျူဟာမြောက် လူမှုအဖွဲ့အစည်း မိတ်ဖက်များအဖြစ် LIFTက ရွေးချယ်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ရေရှည်မဟာဗျူဟာမြောက် လူမှုအဖွဲ့အစည်း မိတ်ဖက်များအဖြစ် မေတ္တာဖောင်ဒေးရှင်း (Metta)၊ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG)၊ Karuna Mission Social Solidarity (KMSS) တို့နှင့် ဖွဲ့စည်းခဲ့သည်။

အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များကို ရွေးချယ်ရာတွင် အောက်ပါ စံနှုန်းများကို အသုံးပြုသည်-

- မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းအတွင်း ရောက်ရှိမှုကောင်းမွန်သည့်ပြင် ယုံကြည်ခံရသည့် CSOများ
- မိမိအဖွဲ့အစည်းကိုသာမက လူမှုအဖွဲ့ အစည်းကိုပါ အားဖြည့်ရန် ကတိကဝတ်ကို ပြသခဲ့သည့် CSO များ
- အချက်အချာကျသော မူဝါဒနယ်ပယ်တွင် သို့မဟုတ် အတန်အသင့် ကျယ်ပြန့်သော နယ်မြေတွင် အသက်မွေးမှု စီမံချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်ခဲ့သည့် မှတ်တမ်းကောင်းရှိသည့် CSOများ
- LIFT၏ ရေရှည်-ဖွံ့ဖြိုးရေး ဦးတည်ချက်များကို သဘောတူလက်ခံသည့် CSOများ

ဒေသခံ CSO များနှင့် မဟာဗျူဟာ မြောက်မိတ်ဖက်ပြုခြင်းဖြင့် အောက်ပါတို့ကို ရရှိမည်ဟု LIFTက မျှော်လင့်သည်-

- လူမှုအဖွဲ့အစည်းကို အားဖြည့်ရန် LIFT ၏ အားထုတ်မှုများမှ ပိုကောင်းသည့် မြင်သာသည့် ရလဒ်များ ရရှိခြင်း
- လူမှုအဖွဲ့အစည်းကို ပိုမိုပြည့်စုံစွာ နားလည်ခြင်း အပါအဝင် မြန်မာနိုင်ငံ၏ လူမှုရေး နိုင်ငံရေး နောက်ခံအခြေအနေကို LIFT က ပိုမို နားလည်လာခြင်း
- အသက်မွေးမှု နှင့် ရိက္ခာဖူလုံမှုတို့နှင့် သက်ဆိုင်သည့် မူဝါဒ ဆွေးနွေးပွဲများတွင် CSO များ ပိုမိုပါဝင်ပတ်သက်လာခြင်း
- လူမှုအဖွဲ့အစည်းအတွင်း၊ CSO များ နှင့် အစိုးရဌာနများ အတွင်း ပိုမို ချိတ်ဆက် ကွန်ရက်ဖွဲ့ခြင်း

၂၀၁၇ခုနှစ် ပထမနှစ်ဝက်တွင် ကျား၊မတန်းတူညီမျှရေး ကွန်ရက်(GEN) သည် မြန်မာနိုင်ငံရှိ ကျား၊မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် ရနိုင်သည့် ဝန်ဆောင်မှုများကို သေချာပြည့်စုံစွာ အစီရင်ခံခဲ့သည်။ ယင်းသည် ဝန်ဆောင်မှုပေးသူ အမျိုးမျိုးကို ဖော်ပြသည်။ အကြမ်းဖက်ခံရသူများ၏ လက်တွေ့လိုအပ်ချက်များ၊ ယင်းဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုကို လေ့လာဆန်းစစ်သည်။ ယင်းအစီရင်ခံစာနှင့် အကြံပြုချက်များကို ၂၀၁၈ခုနှစ် တွင် ထုတ်ဝေရန် ဘာသာပြန်လျက်ရှိသည်။

GENသည် ၂၀၁၇ခုနှစ်အတွင်း အသိပညာပေး လှုပ်ရှားမှုအချို့ကို ဆောင်ရွက်ခဲ့သည်။ ယင်းတွင် ချစ်သူများနေ့ ပျော်ပွဲရွှင်ပွဲများ နှင့် ရန်ကုန် ပြည်သူ့ဥယျာဉ်အတွင်း ‘အချစ်ပြေးပွဲ’ လည်းပါဝင်သည်။ ‘အချစ်ပြေးပွဲ’ တွင် စုံတွဲပေါင်း ၄၀၀ကျော် ပါဝင်ကာ ဆက်ဆံရေးတွင် အပြန်အလှန်လေးစားမှုသည် အရေးပါကြောင်း သတင်းစကားကို ပါးခဲ့ကြသည်။ ဤလှုပ်ရှားမှုအကြောင်း တီဗွီအစီအစဉ်ကိုလည်း အချိန်အခါနှင့် ကိုက်ညီစွာ ထုတ်လွှင့်ခဲ့သည်။ GENသည် လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ ရုပ်ရှင်ပွဲတော်တွင်လည်း ပါဝင်ခဲ့သည်။ ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်းမှ သင်တန်းသားများ ထုတ်လုပ်သည့် ကျား၊မ အခြေပြု အကြမ်းဖက်မှုများကို စိန်ခေါ်သည့် တီဗွီဇာတ်လမ်းတိုကလေးများကို ကမကထပြု ပံ့ပိုးပေးခဲ့သည်။

GENသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ တွင်ပါဝင်ကာ ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ဤအဆင့်မြင့် ကော်မတီကို အကြံဉာဏ်များ ပံ့ပိုးပေးခဲ့သည်။ ထို့ပြင် နည်းပညာအဖွဲ့ ၄-ဖွဲ့ကို ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်နိုင်ရာတွင် ပံ့ပိုး ကူညီခဲ့သည်။ GENသည် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေး အဖွဲ့ (DACU) အောက်ရှိ ကျား၊မတန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးရေးပေါင်းစပ် ညှိနှိုင်းမှု မိတ်ဖက်အဖွဲ့တွင် လူမှုအဖွဲ့အစည်းအဖွဲ့များအား ဆက်လက်ကိုယ်စားပြု ပါဝင်နေပါသည်။ ထို့ပြင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အားလုံးပါဝင်စေရေး မဟာမိတ်တွင် ပါဝင်ကာ ပြည့်စုံသည့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး ဥပဒေ ထွက်ပေါ်ရန် ဆွေးနွေးလှုံ့ဆော်ခဲ့သည်။

GENသည် ၂၀၁၅ခုနှစ် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများသို့ ကျား၊မရေးရာ သက်ရောက်မှုကို စူးစမ်းသည့် စစ်တမ်းတစောင်ကို ပြုစုပြီးစီးခဲ့သည်။ လူတွေ့မေးမြန်းမှု အကြိမ်-၆၀ ပြုလုပ်ကာ အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီး

အဆင့်တို့တွင် အမျိုးသမီးများ ပါဝင်မှု နည်းခြင်းကို စုံစမ်း စစ်ဆေးခဲ့သည်။ နောက်ခံ အခြေအနေ၊ စိတ်အားထက်သန်မှု၊ စိန်ခေါ်မှု၊ လွှတ်တော်နေရာ အတွက် ယှဉ်ပြိုင်ကြသည့် အမျိုးသမီး၊ အမျိုးသားတို့၏ မဟာဗျူဟာ ခြားနားမှု စသည် တို့ကို စစ်ဆေးခဲ့သည်။

၂၀၁၇ခုနှစ်တွင် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့သည် စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ၊ (ADS) ဖြစ်ပေါ်ရေးအတွက် အဓိက ပါဝင်ခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ဆွေးနွေးပွဲများကို ဖြစ်ပေါ် စေခဲ့သည်။ ယင်း ဆွေးနွေးပွဲများသည် ဝန်ကြီးဌာနကို ရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်သည့် လူထု၏အသံကို ကျယ်ပြန့်စွာ တိုက်ရိုက် ကြားစေ ခဲ့သည်။

မြေယာမဏ္ဍိုင်အုပ်စု(LCG)သည် ပင်မပတ်သက် ဆက်နွှယ်သူများ၊ အစိုးရဌာနများနှင့် ယုံကြည်မှု တည်ဆောက်ကာ အမျိုးသားမြေအသုံးချမှုမူဝါဒ အတွက် လုပ်ဆောင်ခဲ့သည်။ ထို့ပြင် မြေလွတ်၊ မြေလပ်၊ နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ လယ်ယာမြေဥပဒေ၊ အမျိုးသား မြေသိမ်းဆည်းမှုအက်ဥပဒေ၊ သစ်တော ဥပဒေများကို ပြင်ဆင်ချက်များ ပြုလုပ်နိုင်ရန် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ခဲ့သည်။

## LIFT ၏ မိတ်ဖက်များ၏ စွမ်းဆောင်ရည် တည်ဆောက်မှုများ

LIFTစတင်သည့်အချိန်ကပင် ရပ်ရွာများသို့ မိတ်ဖက်အဖွဲ့များ မှတဆင့် ထောက်ပံ့ခဲ့သည်။ ထိုသို့ ပံ့ပိုးမှုများ တွင် သင်တန်းများ၊ လေ့လာရေးခရီးများ၊ နီးနှောဖလှယ်ပွဲများ၊ နည်းပြခြင်းများ၊ လက်တွဲ သင်ကြားပေးခြင်းများ ပါဝင်သည်။ ၂၀၁၇ခုနှစ် တွင် LIFT၏ မိတ်ဖက်များသည် အမျိုးမျိုးသော နည်းပညာ စွမ်းဆောင်ရည် တည်ဆောက်မှု သင်တန်းများကို အကျိုး ခံစားခွင့်ရှိသူများ၊ စီမံချက်ဝန်ထမ်းများ၊ အစိုးရ ဝန်ထမ်းများကို ပို့ချပေးနေသည်။ ၎င်းတို့၏ 'ဖြစ်နိုင်စွမ်း'၊ 'လုပ်နိုင်စွမ်း'၊ 'ဆက်သွယ်နိုင်စွမ်း'၊ 'ဩဇာလွှမ်းမိုးနိုင်စွမ်း'များ ခိုင်မာလာစေရန် ဖြစ်သည်။ စုစုပေါင်း သင်တန်းသား ဦးရေနှင့် အမျိုးသမီး သင်တန်းသား ဦးရေတို့မှာ တိုးတက်များပြားလျက် ရှိနေသည်။ တိုးတက်မှုကို နောက်စာမျက်နှာရှိ ကားချပ်များတွင် ပြသထားသည်။ LIFT ၏ မိတ်ဖက်များ၏ စွမ်းဆောင်ရည်တည်ဆောက်မှု စီမံချက်များသည် ယခုထိ ဆိုလျှင် မြန်မာနိုင်ငံ ကျေးရွာစုစုပေါင်း၏ ၃၃ရာခိုင်နှုန်းရှိ လူဦးရေ ၅၀၀,၀၀၀ထံသို့ ရောက်ရှိခဲ့ရာ ၂၈၆,၀၀၀ မှာ အမျိုးသမီးများ ဖြစ်ကြသည်။


## အရပ်ဘက် လူမှုအဖွဲ့အစည်း သုတေသန နီးနှောဖလှယ်ပွဲ

၂၀၁၇ခုနှစ်တွင် LIFT လူမှုအဖွဲ့အစည်း သုတေသန နီးနှောဖလှယ်ပွဲကို ရန်ကုန်တွင် ကျင်းပရာ ပြည်နယ် တိုင်းဒေသကြီး၁၄ခုမှ CSOများ၊ လွှတ်တော်ကိုယ်စားလှယ်များ အလှူရှင် ကိုယ်စားလှယ်များ၊ INGOများ မှ တက်ရောက်သူ ၁၀၀ကျော် ရှိခဲ့သည်။ မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်း ကွန်ရက် ၇-ခု၏ စစ်တမ်းနှစ်ခုမှ တွေ့ရှိချက်များကို မျှဝေခဲ့သည်။ ကွန်ရက်ဖွဲ့ခြင်း အနုပညာ (ပေါင်းကူး နှင့် Christian Aid) နှင့် လူမှုအဖွဲ့ အစည်း ကွန်ရက်များကို နားလည်ခြင်း (LIFT) တို့ကို တင်ပြခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံတွင် ကွန်ရက်များ မည်သို့ ဖြစ်ထွန်းလာသည်၊ အပြောင်းအလဲကို ယင်းတို့က မည်သို့ ဩဇာသက်ရောက်သည်၊ မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းကွန်ရက်များ၏ အနာဂတ်တို့ကို အဖွဲ့အလိုက် ဆွေးနွေးခဲ့ကြသည်။

ဤနီးနှောဖလှယ်ပွဲသည် သုတေသန နှင့် အထောက်အထား တို့ကို ခိုင်မာစွာ အခြေခံသည်။ လွှတ်တော် ကိုယ်စားလှယ်များကလည်း တက်ကြွစွာ ပါဝင် တက်ရောက်ခြင်းဖြင့် လူထု နှင့် ယင်းတို့ ရွေးကောက်လိုက်သည့် ကိုယ်စားလှယ်များ အကြား ပြောဆို ဆွေးနွေးမှုကို ဖြစ်ထွန်းစေရာ ရောက်သည်။ အုပ်ချုပ်မှု အပါအဝင် ဘက်စုံ ပြုပြင် ပြောင်းလဲရေး ကာလ အစောပိုင်းတွင် ကျင်းပခြင်းပင် ဖြစ်သည်။ လွှတ်တော် ကိုယ်စားလှယ်များက ဤနီးနှောဖလှယ်ပွဲမျိုးကို ပုံမှန် ကျင်းပပေးရန် လိုလားတောင်းဆို ကြသည်။

ဆွေးနွေးပွဲများတွင် အောက်ပါအချက်တို့ကို အများ သဘောတူ လက်ခံကြပါသည်-

- အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ CSOများ သည် ဒီမိုကရေစီအုပ်ချုပ်မှုကို မိမိတို့ကျရာ အခန်းမှ ဆောင်ရွက်နေသည့် အင်အားစု အချင်းချင်း နားလည်မှု ထူထောင်ရန်၊ လေးစားရန် လိုအပ်သည်။ ရပ်ရွာ အဆင့် နှင့် ယင်းတို့ ရွေးကောက်လိုက်သည့် ကိုယ်စားလှယ်တို့ ယုံကြည်မှု ထူထောင်ရန်မှာ အခရာ ကျသည်။ အစိုးရသည် "လူမှုအဖွဲ့အစည်းနှင့် ထိတွေ့ဖို့ မဝံ့ရဲ" ဟန် တူနေသည်ဟု ဆွေးနွေးသူတစ်ဦးက ယင်း၏ ကြောင့်ကြစိတ်ကို ဖော်ပြခဲ့သည်။ အတူတကွ ပူးပေါင်း လုပ်ကိုင်မှသာ အချင်းချင်းနားလည်မှု ဖြစ်ထွန်းလာမည်၊ နှစ်ဦးနှစ်ဖက် စောင့်ရှောက်ကြမည် ဖြစ်သည်။ ဤနီးနှော ဖလှယ်ပွဲတွင် ဆွေးနွေးကြသည့် ပူးပေါင်းနိုင်မည့် အခွင့်အလမ်းနမူနာတခုမှာ- ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ ပြုစုရာတွင် ပြည်သူလူထု နှင့် CSOများက မိမိတို့၏ အမြင်များကို လုပ်ငန်းအဖွဲ့သို့ ပေးပို့နိုင်ကြောင်း အစိုးရ က သတင်းပေးခဲ့ခြင်းပင် ဖြစ်သည်။
- CSOတို့၏ ပင်မအခန်းကဏ္ဍတစ်ခုမှာ- ရပ်ရွာအဆင့် တွင် ရွေးကောက်ခံ ကိုယ်စားလှယ်များသို့ မိမိတို့ ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များကို ဆက်သွယ် ပြောဆိုနိုင်ခွင့်ကို လူထုသို့ ပေးရန် ဖြစ်သည်။ သို့ဖြင့် ရပ်ရွာများ နှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးနေသည့် CSOများမှတဆင့် လူထု၏အသံကို အစိုးရက ကြားနိုင်မည် ဖြစ်သည်။
- CSOများသည် အချို့နယ်ပယ်များတွင် အစိုးရကို နည်းပညာ ကျွမ်းကျင်မှု ပေးအပ်နိုင်သည်။
- အချို့ အခြေအနေများတွင် CSOများသည် ငြိမ်းချမ်းရေး နှင့် ပြန်လည်သင့်မြတ်ရေး ဖြစ်ထွန်းရန် အတွက် ဘာသာမတူသူများ ဆွေးနွေး ပြောဆိုနိုင်ရေး ဆောင်ရွက်ပေးနိုင်သည့် အနေအထားတွင် ရှိနိုင်သည်။
- ရပ်ရွာ နှင့် အစိုးရတို့သို့ ဆောင်ရွက်ပေးရမည့် အခန်း ကဏ္ဍများ ခိုင်မာရေးအတွက် CSOများသည် ပိုမို တီထွင်ဆန်းသစ်ရန်၊ ဖန်တီးနိုင်ရန်၊ မိမိကိုယ်ကို ပြန်လည် သုံးသပ်ရန်လိုအပ်သည်။ ဆွေးနွေးကြသည့် ချဉ်းကပ်နည်းတခုမှာ- တီထွင်ဆန်းသစ်သည့် လူမှုရေး နည်းပညာကို သုံးကာ မိမိကိုယ်မိမိ သိမြင်မှု၊ အလေးအနက် တွေးတောခြင်း၊ လက်တွေ့ဆန်သော ဘဝ ကျွမ်းကျင်မှု တို့ကို ဖြစ်ထွန်းစေရန် ဖြစ်သည်။
- လူမှုအဖွဲ့အစည်းသည် အစိုးရပတ်သက် ဆက်နွှယ်သူ အမျိုးမျိုး နှင့် လုပ်ကိုင်နိုင်ရေး ပြင်ဆင်ထားရန် လိုအပ်သည်။
- မှတ်ပုံတင်မထားပါက CSOများကို မေ့ကျန်သွားနိုင်သည်။
- တက်ရောက်သူအချို့က CSOကွန်ရက်များ၏ ရေရှည် တည်တံ့မှု၊ CSOများနှင့် အစိုးရ တို့၏ အပြုသဘောဆက်ဆံရေး တည်ဆောက်ရေး နှင့် ပတ်သက်သည့် ကြောင့်ကြမှုများကို ဖော်ပြကြသည်။ CSOများကို အလုပ်သမား သမဂ္ဂများကဲ့သို့ ယေဘုယျ အဖွဲ့အစည်းများအဖြစ် ထည့်သွင်းသင့်ကြောင်း ဆွေးနွေးကြသည်။





▲ ပုံ ၄.၇
သင်တန်းဖွင့်နိုင်မှု
စုစုပေါင်း

## ရှေ့ကို မျှော်ကြည့်လျှင်

၂၀၁၈နှစ်ဦးတွင် LIFTသည် လက်ရှိ ရန်ပုံငွေ စနစ်နှင့် မဟာဗျူဟာတို့ နှစ်ကုန်တွင် ပြီးဆုံးသည့်နောက်ပိုင်း မဟာဗျူဟာ နှင့် အစီအစဉ်ကို စတင်စဉ်းစား ခဲ့သည်။ ဤလုပ်ငန်း၏ တစိတ်တပိုင်းအဖြစ် သင်ယူ လေ့လာသည့် ဆွေးနွေးပွဲတစ်ခုကို LIFT၏ အရပ်ဘက် လူမှုအဖွဲ့အစည်း အစီအစဉ်က ကျင်းပခဲ့သည်။ ယင်းသည် LIFT၏ အရပ်ဘက် လူမှုအဖွဲ့အစည်း အားဖြည့်ခြင်း စီမံချက်များ၊ ပုံစံများနှင့် စပ်လျဉ်း၍ CSOများ၏ အမြင်ကို သိမြင်ရန်နှင့် တိုင်ပင်ဆွေးနွေးရန် ဖြစ်သည်။ ကချင်နှင့် ကယားပြည်နယ်များ၊ ရန်ကုန်၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်ဒေသတို့မှ စုစုပေါင်း ၈၀ကျော် တက်ရောက်ခဲ့သည်။

ထိုသင်ယူလေ့လာဆွေးနွေးမှုမှ အရပ်ဘက် လူမှုအဖွဲ့အစည်း အားဖြည့်ရေး အစီအစဉ်နှင့် သက်ဆိုင်သည့် အဓိက ကောက်ချက်များမှာ-

- LIFT၏ အစီအစဉ်သည် လူမှုအဖွဲ့အစည်း နှင့် အစိုးရတို့ ကွန်ရက်ဖွဲ့ရန် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးခဲ့သည်။ ပုဂ္ဂလိကကဏ္ဍက ပိုမိုပါဝင် ပတ်သက်လာမှုကို လိုလားသည်။
- LIFT၏ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို တန်ဖိုးထားသည်။ ဥပမာ-CSOများ မှတ်ပုံတင်ရန် မလိုအပ်ခြင်း
- ဘာသာစကား အတားအဆီး ရှိကြောင်း LIFT က အသိအမှတ်ပြုကာ ယင်းကို ဖြည့်ဆည်းနိုင်မည့် အနေအထားကို ဖော်ဆောင်ထားသည်။
- စွမ်းဆောင်ရည်ကို တည်ဆောက်ပေးနိုင်သည့်ပြင် လိုအပ်သည့်သက်ရောက်မှုရှိစေရန်စီမံချက်များကို ကြာရှည်စွာ အကောင်အထည်ဖော်စေသဖြင့်၊ ရေရှည်ထောက်ပံ့ငွေများသည် တန်ဖိုးရှိသည်။
- အပူပိုင်းဇုန် ထောက်ပံ့ငွေ အသေးစားရန်ပုံငွေ ၏ အထွေထွေစရိတ်နှင့် ပတ်သက်၍ မိတ်ဖက်များနှင့် တဆင့်ခံမိတ်ဖက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု ကြီးမားစွာ လိုအပ်သည်။
- CSOများသည် အထောက်အထားအခြေပြု သင်ယူမှု နှင့် သတင်းဝေမျှမှု အခွင့်အလမ်းတို့ကို ပိုမို လိုလားသည်။



▲ ဇယား ၄.၇
၂၀၁၀ မှ ၂၀၁၇ ထိ
သင်တန်းဖွင့်ခဲ့သော
ကျေးရွာစုစုပေါင်း

# ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများကို အကာအကွယ်ပေးခြင်း



အသက်၁၈နှစ်ရှိပြီဖြစ်သည့် မာလာ[၈၈]က "နေရတာ အဆင်ပြေတယ်၊ အသုံးလည်းဝင်တယ်။ အနာဂတ် အတွက် ဆုံးဖြတ်ချက်လည်း ချတတ်သွားပြီ။ ကျမ အမူအကျင့်လည်း ပြောင်းသွားပြီ လို့ စိတ်ချတယ်" လို့ ပြောပါတယ်

ရန်ကုန်မြို့ ဘုရင့်နောင်ရှိ လိင်လုပ်ငန်းတစ်ခုတွင် အလုပ်လုပ်နေသော မိန်းကလေး ၁၈ယောက်ကို EDENက တွေ့ရှိခဲ့သည်။ ငါးယောက်မှာ အသက် ၁၃-၁၄နှစ် သာသာ သာ ရှိသေးသည်။ အမျိုးသမီးလေး များမှာ ရွှေ့ပြောင်းလာသူများ၊ အိမ်ပြေးများ ဖြစ်ကြသည်။ မြို့ကြီးကို လောလောလတ်လတ် ရောက်လာပြီး အလုပ်ရှာနေကြသည်။ အချို့ လိင်လုပ်ငန်းရှင်များသည် မိန်းကလေး တယောက်ကို ခေါ်လာလျှင် ကျပ်၁၅၀,၀၀၀(ကန်ဒေါ်လာ၁၁၀)ပေးရန် ဆိုက်ကား သမားများ နှင့် ညှိထားသည်။ ထို့နောက် ၎င်းအကြွေးကြေသည်အထိ မိန်းကလေးများကို သုံးလခန့် ပိတ်လှောင်ထားကြသည်။

မိဘများ၊ အဒေါ်များ၊ ဝမ်းကွဲများ၊ အခြားဆွေမျိုး များသည်လည်း မိန်းကလေးများကို ကျပ် ၁၅၀,၀၀၀ (ကန်ဒေါ်လာ၁၁၀)နှင့်ပင် လာရောင်းကြသည်။ လိင်လုပ်ငန်းရှင်များကလည်း ယခင်နည်းအတိုင်းပင် အကြွေးကြေသည်အထိ မိန်းကလေးများသည် အဆိုပါ လိင်လုပ်ငန်းတွင် သုံးလမျှ နေရသည်။ အရေးပေါ် အခြေအနေတွင် မိသားစုကို ထောက်ပံ့ရန် ငွေမြန်မြန် ရရှိရန် မိမိကိုယ်ကို လာရောင်းသော အမျိုးသမီး များလည်း ရှိသည်။ ထို့နောက် မိမိကိုယ်မိမိ သုံးလတိုင်တိုင် အကြွေး၏ အနှောင်အဖွဲ့ကို ခံလိုက်ကြသည်။ [၈၉]

လိင်လုပ်ငန်းများက ဒေသခံရဲများသို့ ယင်းတို့ အလုပ် ဆက်လုပ်ခွင့်ရရန် ငွေပေးကြကြောင်း သူတို့က တင်ပြကြသည်။ လူကုန်ကူးရဲများ ဝင်ဖမ်းပါက ထောင်သို့ လိုက်သွားရန် ငွေပေးထားသည့် "ပိုင်ရှင်အတု"တယောက်ကိုထားကာ လိင်လုပ်ငန်းရှင် များက မိမိကိုယ်မိမိ ကာကွယ်တတ် ကြသည်။ ထို့ကြောင့် တာဝန်ရှိသူကို တိတိပပ ဖမ်းမိရန် ခက်ခဲ လှသည်။

သမိုင်းမြို့နယ်ဘက်မှ ပိုင်ရှင်တယောက်နှင့် အဆက်အသွယ်လုပ်ကာ EDENသည် ထိုသို့သော လိင်လုပ်ငန်းတစ်ခုသို့ သိရှိ လက်လှမ်းမီခဲ့သည်။ အခြေအနေများမှာ EDENအတွက် ထိတ်လန့်စဖွယ် ဖြစ်သည်။ ထိုအိမ်မှာ ယိုယွင်းနေပြီး အခန်းများကို ဖယောင်းပုဆိုးနှင့် ကန့်ထားသည်။ နှစ်သိမ့်ဆွေးနွေးရန် တယောက်ပြီးတယောက် ဝင်လာသော မိန်းကလေးများ သည် မျက်ရည်လည်ရွဲဖြင့် ၎င်းတို့၏ အချုပ်နှောင်ခံဘဝ အကြောင်းကို ပြောပြကြသည်- ပြည့်တန်ဆာအိမ်/ လိင်လုပ်ငန်း သို့ မည်သို့ အရောင်းခံရသည်၊ အပြင်သို့ ထွက်ခွင့် မပြုစသည်ဖြင့် ပြောဆိုကြသည်။ EDENက ဆက်သွယ်ရန် အသေးစိတ်မှာကြားကာ ထွက်ပြေးရန်၊ တက္ကစီငှားကာ EDENကို ဖုန်းဆက်ရန် အားပေးခဲ့သည်။ နှစ်ရက်-သုံးရက်ကြာသောအခါ EDENက ဖုန်းလက်ခံ ရရှိသည်။ နှစ်ယောက်လွတ်မြောက်ပြီး ရုံးရှိရာသို့ လာနေပြီ ဖြစ်ကြောင်း ပြောပြသည်။ ယင်းတို့၏ မိဘရပ်ရွာသို့ ပြန်နိုင်ရန် EDENက ကူညီနိုင်ခဲ့သည်။ ထို့နောက်တွင် ထိုပြည့်တန်ဆာအိမ်မှပင် နောက်ထပ် အမျိုးသမီး လေးယောက်ကို EDEN က ကယ်တင်နိုင်ခဲ့သည်။ ကြွေးရှင်များ၏ ရန်မှ လွတ်အောင် ပိုင်ရှင်က ထွက်ပြေးသွားသဖြင့် ထိုပြည့်တန်ဆာ အိမ်လည်းပိတ်သွားပြီ ဖြစ်သည်။ ကျန်သည့် အမျိုးသမီးများ မိန်းကလေးများလည်း လွတ်မြောက်သွားကြောင်း EDENက သိခဲ့ရသည်။

၈၈။ ကာယကံရှင်ကို ကာကွယ်ရန် အမည်မှန်ကို ပြောင်းထားပါသည်။

၈၉။ ကြွေးထူမှုကိုလည်း ကျွန်ပြုမှု နည်းနာဟု ၁၉၅၆ ကျွန်ပြုမှု ဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက်တွင် အဓိပ္ပာယ်ဖွင့်ထားသည်။

၈၉။ သင့်တော်သောအလုပ်တွင် အောက်ပါတို့ ပါဝင်ရမည်ဟု ILOက အဓိပ္ပာယ်ဖွင့်ထားသည်- "အကျိုးလည်း ဖြစ်ထွန်းသော၊ မျှတသည့် ဝင်ငွေကိုလည်း ပေးနိုင်သော ၊ လုပ်ငန်းခွင်လည်း လုံခြုံသော၊ မိသားစုအတွက် လူမှုရေး အကာအကွယ်လည်း ပေးနိုင်သော ၊ လူပုဂ္ဂိုလ်ဖွံ့ဖြိုးမှု နှင့် လူရာဝင်မှု တိုးတက်စေသော၊ မိမိအမြင်ကို ထုတ်ဖော်ခွင့်ရှိသော၊ ယင်းတို့၏ ဘဝများကို ထိခိုက်နိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စည်းရုံးကာ ပါဝင်ဆောင်ရွက်နိုင်သော၊ မိန်းမယောကျ်ား အခွင့်အလမ်း အညီအမျှဖြင့် တန်းတူဆက်ဆံခံရသော အခွင့်အလမ်းများ" ထို့ကြောင့် ၎င်းဖြစ်စဉ်များ၏ ဆန့်ကျင်ဘက်အစွန်းသည် လုပ်အားခေါင်းပုံဖြတ်သော အလေ့အကျင့်များ ဖြစ်လာနိုင်ကာ အဆုံးစွန်တွင် အဓမ္မလုပ်အား ဖြစ်သွားနိုင်သည်။


DOOSAN





၅

# အားလုံးနှင့် အကျိုးဝင်သော နယ်ပယ်များ

## ၅.၁ အာဟာရဆိုင်ရာ

### ဘဝအတွက် အချက်အချာကျသော ဘဝအစ ပထမ ရက်တစ်ထောင်

မြန်မာနိုင်ငံရှိ ငါးနှစ်အောက်ကလေး သုံးယောက်တွင် တစ်ယောက်သည် အသက်အလိုက် ပျမ်းမျှ အရပ်အောက်တွင် ရောက်နေကာ ပုညှက်နေကြသည်။ အဓိက အားဖြင့် ကလေး၏ ဘဝအစ ပထမရက် ၁၀၀၀ အတွင်း (မိခင်ဝမ်းတွင်းမှ နှစ်နှစ်မြောက် မွေးနေ့ အထိ) အစားအသောက် မလုံလောက်မှု၊ အဏုအာဟာရ ချို့တဲ့မှု၊ အနာရောဂါ အကြိမ်ကြိမ် ကျရောက်မှု တို့ကြောင့် ဖြစ်သည်။ ပုညှက်ခြင်း သည် ကလေး၏ ဖွံ့ဖြိုးမှု နှင့် စီးပွားရေး စွမ်းဆောင်ရည်ကိုပါ ရေရှည်သက်ရောက်မှု ရှိသည်။ ပထမ ရက် ၁၀၀၀ အတွင်း အာဟာရ ကောင်းမွန်စွာ ရရှိသော ကလေးငယ်သည် ကျောင်းတွင် အတန်းများများ ရောက်အောင် တက်နိုင်သည်။ လူကြီးဘဝတွင် ဝင်ငွေ ၂၁ရာခိုင်နှုန်း ပိုမိုရရှိနိုင်သည်။ အာဟာရ၊ ပညာရေး၊ အသက်မွေးမှု အခွင့်အလမ်း တို့မှာလည်း အချင်းချင်း နီးကပ်စွာ ချိတ်ဆက်နေကြသည်။

ပုညှက်ခြင်းသည် ကျန်းမာရေး ကိစ္စသက်သက် မဟုတ်ပေ။ လုပ်ငန်း နယ်ပယ်များစွာတွင် အာဟာရ အလေးထား ဆောင်ရွက်မှုများ ပါဝင်မှသာ လူထုသို့ ပိုမိုရောက်ရှိကာ ရေရှည် တည်တံ့သော သက်ရောက်မှုကောင်းများကို ရရှိမည်။ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လူမှု ကာကွယ် စောင့်ရှောက်ရေးတို့တွင် အာဟာရကို အလေးထား ဆောင်ရွက်မှုများ ရှိမှသာ အာဟာရ ဆိုင်ရာ ရလဒ်ကောင်းများ ရလာသည့် အထောက်အထားများကို ပိုမို တွေ့ရှိလာရသည်။ အဆင့်မြင့် နိုင်ငံရေးခေါင်းဆောင်များ၊ ဝန်ကြီးဌာန အချင်းချင်း၊ နယ်ပယ် အချင်းချင်း တို့၏ ပေါင်းစပ်ညှိနှိုင်းမှု တို့ကို အာဟာရ အစီအစဉ်များအား သက်ဆိုင်ရာ ဒေသများကိုယ်တိုင် မိမိတို့၏ အစီအစဉ်များ အဖြစ် လက်ခံလာပြီး ရလဒ်များ ပေါင်းစပ်မှသာ အာဟာရကို အလေးမူသော ဆောင်ရွက်မှုများ၏ အကျိုးကျေးဇူးလည်း တိုးပွားလာမည်။ CSO များသည်လည်း ထိရောက်သော လူမှုရေး တာဝန်ခံယူမှု ပုံစံများဖြင့် ဖြည့်ဆည်းပေးသည့် တာဝန်ကို ထမ်းဆောင်ရန် ရှိသည်။

### စွမ်းဆောင်ရည် အားဖြည့်ခြင်း

အရေးကြီးသော နယ်ပယ်အများအပြားအတွက် LIFTက အစီအစဉ်ရေးဆွဲခြင်း၊ မူဝါဒ ဆိုင်ရာ ထိတွေ့ဆောင်ရွက်ခြင်းတို့တွင် အာဟာရ ကောင်းမွန်တိုးတက်မှုကို ထောက်ပံ့ရန် ထည့်သွင်းထားသည်။ ကျား/မရေးရာနှင့် ပတ်သက်လျှင် အာဟာရ ကောင်းမွန် တိုးတက်မှုသည် အမျိုးသမီးများ စီးပွားရေး ၊လူမှုရေး အလားအလာများ အပြည့်အဝ ရရှိရန် အတွက် အချက်အချာပင် ဖြစ်သည်။ LIFTက ဆောင်ရွက်ရာတွင် ကလေးများ၊ အမျိုးသမီးများ အာဟာရ ကောင်းမွန်လာပြီး ပိုမို ကျန်းမာလာရန်၊ ပညာတတ်လာရန်၊ စိတ်ချရသော အလုပ်အကိုင်များကို လက်လှမ်းမီ လာစေရန် ဦးတည်ထားသည်။ LIFT၏ အထောက်အပံ့တွင် ကလေးများ ပုညှက်ခြင်းကို ကာကွယ်ရန်အတွက် ကလေးဘဝ၏ ပထမ ရက်၁၀၀၀အတွင်း ငွေထောက်ပံ့ခြင်း နှင့် အာဟာရ ပညာပေးခြင်းကို ဆောင်ရွက်ပေးရန်လည်း ပါဝင်သည်။

LIFTက ကျန်းမာရေးကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသန ဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာန တို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ LIFT၏ အဓိက ရည်မှန်းချက်မှာ အဖွဲ့အစည်းများနှင့် လူ့စွမ်းအားရင်းမြစ်များကို အားဖြည့်ပေးကာ ကိုယ်ဝန်ဆောင် နှင့် နို့တိုက် မိခင်များကို အာဟာရ နှင့် WASHဆိုင်ရာ အသိပညာပေးရန်၊ မိခင် နှင့် ကလေး ကျန်းမာရေး ဝန်ဆောင်မှုကို လက်လှမ်းမီအောင် ဆောင်ရွက်ပေးစေရန် ဖြစ်သည်။ အထူးသဖြင့် အမူအကျင့် ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ(SBCC) ဆောင်ရွက်နိုင်စွမ်းကို LIFTက အလေးထားပါသည်။ SBCC သည် အမျိုးသမီးများ ကောင်းမွန်သော အာဟာရဆိုင်ရာ အမူအကျင့်များကို ကျင့်သုံးနိုင်စွမ်းကို ဟန့်တားနေသည့် လူမှုရေး၊ စီးပွားရေး အရှုပ်အထွေးနှင့် အတားအဆီးများကို ကျော်လွှားနိုင်စေမည့် နည်းလမ်းပင် ဖြစ်သည်။

### အာဟာရဖောင်းပေး စိုက်ပျိုးရေး

စိုက်ပျိုးရေးတွင် LIFTသည်အာဟာရကိုအလေးမူသော နည်းနာများ နှင့် အာဟာရ အသိပညာပေးရေးတို့ကို ပေါင်းစည်းကာ လူမှုအသိုက်အဝန်း အုပ်စုများနှင့် အလုပ်လုပ်ရာတွင် ထည့်သွင်းထားသည်။ ဥပမာ အားဖြင့် တောင်တန်းဒေသ အစီအစဉ် တွင် LIFT ၏ မိတ်ဖက်အဖွဲ့များသည် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးကို ဖြစ်ထွန်းအောင် ဆောင်ရွက်သည့် နည်းတူ အာဟာရ နှင့် အစားအသောက် အမူအကျင့် ကောင်းဆိုင်ရာ သတင်းစကားများကိုလည်း ပေးအပ်ပါသည်။ မိတ်ဖက်အဖွဲ့ဖြစ်သော MIID သည် ပြည်နယ်မှ စိုက်ပျိုးရေး ပညာပေးအရာရှိများ၏ သင်ရိုးညွှန်းတမ်းတွင် အာဟာရ ပညာကိုလည်း ထည့်သွင်းရန် ချင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် WorldFish သည် ၎င်း၏ MyCulture စီမံချက်တွင် ဆင်းရဲနွမ်းပါးသော ကျေးလက် အိမ်ထောင်စုများကို အဏုအာဟာရ ကြွယ်ဝသည့် ငါးငယ်များကို စီးပွားဖြစ် ငါးမျိုးများ နှင့်အတူ အိမ်ကန်များ တွင် မွေးမြူနိုင်ရန် သင်ကြားပေးသည်။ ထိုသို့ ဆောင်ရွက်မှုသည် ငါးငယ်များကို စားသုံးရန် နှိုးဆော်ရာရောက်သဖြင့် အာဟာရကို ကောင်းမွန်စေပါသည်။

### မိခင် နှင့် ကလေးများ၏ အာဟာရ

LIFT၏ နယ်မြေဒေသ အစီအစဉ်များအားလုံးတွင် ကိုယ်ဝန်ဆောင်များ၊ နှစ်နှစ်အောက်ကလေး များ၏ မိခင်များကို MCCT ငွေကြေးထောက်ပံ့မှုကို ထည့်သွင်းထားသည်။ ယင်းနယ်မြေများတွင် LIFTသည် Save the Children အဖွဲ့၏ MCCT ရွေ့ပြောင်းစီမံချက်များကို ထောက်ပံ့ ခဲ့သည်။ အဆိုပါစီမံချက် များတွင် ငွေကြေး ထောက်ပံ့သည့်ပုံစံ နှင့် အာဟာရ ပညာပေးနည်း အမျိုးမျိုးတို့ကို စမ်းသပ်ခဲ့သည်။ ချင်းပြည်နယ်တွင် MCCT အစီအစဉ်ကို ၂၀၁၇ခုနှစ်တွင် စတင်ခဲ့ပြီး LIFT ရန်ပုံငွေ ထောက်ပံ့ပေးလျက် ရှိပါသည်။ ထိုအစီအစဉ်သည် ချင်းပြည်နယ် တစ်ခုလုံးကို

လွှမ်းခြုံမည်ဖြစ်ကာ အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန(MSWRR) နှင့် သဘောတူညီမှုရရှိခြင်းသည် ၂၀၁၇ ခုနှစ်၏ အောင်မြင်မှုကြီး တစ်ခုပင် ဖြစ်သည်။ LIFT သည် ယင်းအစီအစဉ်ကို နှစ်နှစ်တာ ပံ့ပိုးပေးရန် သဘောတူညီထားပြီး အစိုးရက ၂၀၁၉ ခုနှစ်မှ စတင်ကာ ချင်းပြည်နယ် MCCT အစီအစဉ်ကို ဆက်လက် ထောက်ပံ့သွားမည် ဖြစ်သည်။ အဆိုပါ အစီအစဉ်၏ အသေးစိတ် နှင့် ၂၀၁၇ခုနှစ် တိုးတက်မှုကို ဤ အစီရင်ခံစာ၏ တောင်တန်းဒေသ အစီအစဉ်အကြောင်းရာ များတွင်တွေ့နိုင်ပါသည်။

၂၀၁၇ ခုနှစ်တွင် LIFT၏ MCCTအစီအစဉ် ၄-ခုသည် မိခင်ပေါင်း ၃၂,၀၀၀ ခန့်ကို ငွေကြေးထောက်ပံ့ခဲ့သည်။ ၂၀၁၆ ခုနှစ်ကထက် ၇၁-ရာခိုင်နှုန်း တိုးလာသည်။ ချင်းပြည်နယ်တစ်ခုလုံးသို့ လွှမ်းခြုံနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၇ခုနှစ်တွင် အပူပိုင်းဇုန်ရှိ Terre des Hommes (TDH)၏ မြေမဲ့စိုက်ပျိုးနည်း စီမံချက်သည် LIFT ၏ အခြားမိတ်ဖက်များနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။ TdH သည် ပညာပေးနည်း အသစ်တစ်ခုကို ရွေ့ပြေး စတင် ရန်အတွက် ရွာများရွေးချယ်ရာတွင် UN-Habitat က WASH လုပ်ငန်းများဆောင်ရွက်နေပြီး MPSWA က အာဟာရလုပ်ငန်းများ အကောင်အထည်ဖော်နေသည့် ရွာများကို ရွေးချယ်ခဲ့သည်။ ထိုရွာများသည် ပိုးသတ်ဆေး ကင်းသော ဟင်းသီးဟင်းရွက်များကို စားသုံးရသည့် တန်ဖိုးကို နားလည်နေသဖြင့် မြေမဲ့စိုက်ပျိုးနည်း ဖန်လုံအိမ်များကို အခြားရွာများထက် လျင်မြန်စွာ လိုက်နာ ဆောင်ရွက်ကြပါသည်။

ရခိုင်ဒေသတွင် တက်လမ်းအစီအစဉ် နှင့် Save the Children တို့သည် MCCT ကိုသာမက WASH ပညာပေးမှုများကိုပါ ဆောင်ရွက်လျက် ရှိသည်။ ယင်းတွင် မိသားစုနှင့် ရပ်ရွာပိုင် အိမ်သာများ၊ ရေကောင်း ရေသန့်များကို ပိုမိုလက်လှမ်းမီအောင် ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

LIFTသည် အဏုအာဟာရများ ဖြည့်တင်းရေးကို ပုဂ္ဂလိကကဏ္ဍနှင့်လည်း ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မိတ်ဖက်အဖွဲ့ဖြစ်သည့် PATH သည် အားဖြည့်ဆန်ကို စီးပွားဖြစ် ထုတ်လုပ်ကာ ပင်မ အစားအစာမှတဆင့် အဏုအာဟာရ များကို လက်လှမ်းမီစေရန် ဆောင်ရွက်လျက် ရှိသည်။ PATHသည် အမျိုးသား အဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဌာနနှင့် ပူးပေါင်းကာ အားဖြည့်ဆန်ကို စားသုံးသူများ တိုက်ရိုက်ဝယ်ယူရန် သာမက အစိုးရ နှင့် NGOများ မှလည်း ဖြန့်ဖြူးရန်ကိုပါ ဆောင်ရွက်နေသည်။ ၂၀၁၆ခုနှစ် မတ်လတွင် PATHသည် အစိုးရက ဦးဆောင်သည့် အားဖြည့်ဆန်လုပ်ငန်းအဖွဲ့ကို အားဖြည့်ဆန် မူဝါဒ နှင့်အညီ ထူထောင်နိုင်ခဲ့သည်။ ဤစီမံချက်သည် အားဖြည့်ဆန်နှင့်တကွ ရန်ကုန်ရှိ အားဖြည့်ဆန် ထုတ်လုပ်သည့် စက်ရုံသုံးရုံအတွက်ပါ FDA၏ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ ၂၀၁၇ခုနှစ်တွင် PATHသည် စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ အားဖြည့်ဆန် ထုတ်လုပ်သည့် စက်ရုံ ငါးရုံ အတွက်ပါ FDA၏အသိအမှတ်ပြုမှုကို ထပ်မံ ရရှိခဲ့သည်။ PATHသည် စစ်ကိုင်း၊ ပဲခူးတိုင်း ဒေသကြီးများနှင့် လပွတ္တာခရိုင်မှ ပထမအကြိမ် ထုတ်လုပ်သူ တို့ကို နည်းပညာ အထောက်အကူအဖြစ် ရောစပ်သည့် စက်များ တပ်ဆင်ရာတွင်၊ အရည်အသွေး စနစ်များ တပ်ဆင်/ အားဖြည့်ရာတွင် ကူညီပေးခဲ့သည်။ FDAထံမှ အသိအမှတ်ပြုမှုကိုလည်း ရရှိအောင် ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် သိဂီဆန်စက်ကို မိတ်ဖက်ပြုကာ အားဖြည့်ဆန် တိုးချဲ့ထုတ်လုပ်မှုမှာ အထင်ကရ တစ်ခုပင် ဖြစ်သည်။ သိဂီသည် အထက် မြန်မာနိုင်ငံတွင် နာမည်ကောင်းရထားသည့် အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးမည် ဖြစ်သည်။ PATH သည် အားဖြည့်ဆန် ထုတ်လုပ်မည့် နောက်ထပ်အဖွဲ့တစ်ခု နှင့် ချိတ်ဆက်ခဲ့ပြီး အားဖြည့်ဆန်ထုတ်သည့်စက် ရောင်းချသူများကို ရွေးချယ်ရာတွင် နည်းပညာ အထောက်အကူပေးခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အားဖြည့်ဆန် စုစုပေါင်း မက်ထရစ်တန်-၅၅၀ ကို ထုတ်လုပ်ကာ ၄၅၆-မက်ထရစ်တန်ကို ရန်ကုန် ၊ ဧရာဝတီ နှင့် အခြား ဒေသများရှိ လက်လီအရောင်းဆိုင်ပေါင်း ၁၀၀ ကျော် မှတဆင့် ဖြန့်ဖြူးခဲ့သည်။

အားဖြည့်ဆန် ဝယ်လိုအား ရေရှည် တည်တံ့စေရန် PATHသည် Population Services International (PSI)ကို မီဒီယာများမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် မီဒီယာများ (တယ်လီဗီးရှင်း၊ အက်ဖ်အင်မ်ရေဒီယို၊ ပုံနှိပ်မီဒီယာ၊ LED ကြော်ငြာ ဆိုင်းဘုတ်၊ လူမှုကွန်ယက် မီဒီယာ၊ တက္ကစီ ကြော်ငြာ၊) နှင့် စားသုံးသူများ ထံသို့ တိုက်ရိုက် ကြော်ငြာရောင်းချမှု (ဈေးဆိုင်များတွင် လှုပ်ရှားမှု၊ အားဖြည့်ဆန် ကြော်ငြာပွဲ၊ ပညာပေး ဟောပြောပွဲများ) တို့ကို အသုံးပြုကာ အားဖြည့်ဆန် ကို ကြော်ငြာခဲ့သည်။ PATH သည် ကုန်အမှတ် တံဆိပ် သိရှိမှုနှင့် စားသုံးသူပုံစံအမျိုးမျိုး တို့ကို ရန်ကုန်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့တွင် Myanmar Market Research and Development (MMRD)အား စစ်တမ်း ကောက်ယူစေခဲ့သည်။ စစ်တမ်း သည် နောင်တွင်ဆောင်ရွက်မည့် အသိပညာပေးမှုများကို ပိုမို ကောင်းမွန်စေရန် အတွက် ဝယ်လိုအား များပြားလာရေး လှုပ်ရှားမှုများ၏ ထိရောက်မှု ကို ဆန်းစစ်ခဲ့သည်။ လူမှုရေးကဏ္ဍ မှ မိတ်ဖက်အဖွဲ့ ၂ဖွဲ့ကို အားဖြည့်ဆန်ဝယ်ယူ ဖြန့်ဖြူးရန် နှိုးဆော် ဆောင်ရွက်နိုင်ခဲ့သည်။ (၁) လူမှုဝန်ထမ်း ဦးစီးဌာနသည် ဒေသကြီးလေးခုရှိ နေ့ကလေးထိန်းကျောင်း ၅၀-ကျော်တွင် နေ့လယ်စာ ကျွေးရာ၌ သာမန်ဆန်များ အစား အားဖြည့်ဆန်ကို အစားထိုး အသုံးပြုရန် သဘောတူခဲ့ကြသည်။(၂) Union Enterprise for Humanitarian Assistance, Resettlement, and Development in Rakhine ရခိုင်ပြည်နယ်တွင်း လူသားချင်း စာနာမှု အကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)သည် ရခိုင်မြောက်ပိုင်း နယ်မြေရှိ ပဋိပက္ခဒဏ်ခံ လူထုသို့ ဆန်ဖြန့်ဝေရန် အားဖြည့်ဆန်များကို ဝယ်ယူခဲ့သည်။

ရခိုင်ပြည်နယ်တွင် အားဖြည့်ဆန် ဖြန့်ဝေရန် နှင့် အားဖြည့်ဆန် ထောက်ပံ့ရေး ကွင်းဆက် ထူထောင်ရန် PATH သည် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) နှင့် သဘောတူခဲ့သည်။ PATH သည် ရခိုင်ပြည်နယ်တွင် အားဖြည့်ဆန် ရောင်းဝယ်ရေး အတွက် အကောင်အထည်ဖော်ရေး နှင့် ဝယ်လိုအား ဖြစ်ပေါ်ရေး အစီအစဉ်များကို အပြီးသတ် ဆောင်ရွက်နိုင်ရန် အတွက် LIFT၏ ပဋိပက္ခဆိုင်ရာ အကြံပေးအရာရှိနှင့်အတူ စီမံချက်၏ ပဋိပက္ခအလေးမူမှုကို ဆန်းစစ်မည် ဖြစ်သည်။ အားဖြည့်ဆန်သည် ဝင်ငွေရရှိသည့် အခွင့်အလမ်းဖြစ်စေသည့်အပြင် ထိရောက်သော အာဟာရ ဆိုင်ရာ လုပ်ဆောင်ချက် ဖြစ်ကြောင်း ရခိုင် တိုင်းရင်းသားရေးရာဝန်ကြီး နှင် ရခိုင်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးတို့ အပါအဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက အသိအမှတ်ပြုထားကြပါသည်။ ဒီဇင်ဘာလတွင် PATHသည် ၂၀၁၈ခုနှစ် ပထမနှစ်ဝက် အတွက် အမှာစာကို WFP ထံမှ ရရှိခဲ့သည်။

### LIFT၏ အာဟာရ မိတ်ဖက်ပြုမှုများ

အာဟာရသည် နယ်ပယ်အားလုံးတွင် အကျုံးဝင်သည့် အလျောက် LIFTသည် မိတ်ဖက် အများအပြားနှင့် လက်တွဲဆောင်ရွက်နေသည်။ ပုဂ္ဂလိက ကုမ္ပဏီများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ NGO များ သာမက ဖွံ့ဖြိုးရေးမိတ်ဖက် ဖြစ်သော ယူနီဆက်ဖ်၊ 3MDGစသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများပါ ပါဝင်သည်။ LIFTနှင့် မိတ်ဖက်များသည် ပြည်ထောင်စု အဆင့်မှ မြို့နယ် အဆင့်ထိ အာဏာပိုင်များနှင့် ထိတွေ့ကာ အာဟာရဆိုင်ရာ ရလဒ်များ ကောင်းမွန်စေရေးအတွက် အစီအစဉ်တိုင်းတွင် ပါဝင်အောင်ရေးဆွဲခြင်း၊ မူဝါဒရေးဆွဲခြင်းများ အတွက် ဆွေးနွေးလှုံ့ဆော်ခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။ LIFT သည် အာဟာရ ကဏ္ဍအတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီး ဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲ၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာန နှင့် လူမှုဝန်ထမ်း ဦးစီးဌာန တို့နှင့် အဓိက လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။

၅.၂

## ကြံ့ကြံ့ခံနိုင်မှု

### LIFT၏ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်ပုံ

မြန်မာနိုင်ငံရှိ ကျေးလက်နေနွမ်းပါးသူ အိမ်ထောင်စုများ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရန်မှာ LIFT လုပ်ငန်းတိုင်း၏ ဗဟိုချက်မ ပါဝင်နေပါသည်။ ကြံ့ကြံ့ခံနိုင်မှုကို အားဖြည့်ခြင်း သည် LIFT၏ ပံ့ပိုးမှုတိုင်းတွင် ယေဘုယျ တာဝန် ဖြစ်သည်။ ကြံ့ကြံ့ခံနိုင်မှုဆိုသည်မှာ- ရာသီဥတု အပြောင်းအလဲ၊ အသေးစား အငယ်စား စီးပွားရေး-လူမှုရေး ဖိအားများကြောင့် ပေါ်ပေါက် လာသည့် ခြောက်ခြားမှုများ၊ စိတ်ဖိစီးမှုများနှင့် တွေ့ကြုံပါက လူတဦးချင်း၊ အိမ်ထောင်စု၊ ရပ်ရွာတို့၏ ရင်ဆိုင်နိုင်စွမ်း၊ ပြန်ထူထောင်နိုင်စွမ်း တိုးတက်လာခြင်း ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

LIFT သည် ယင်းအိမ်ထောင်စုများ ကြုံတွေ့ရသည့် ရာသီဥတု၊ ပင်္ဂပက္ခ၊ လူမှု-စီးပွား ဘေးဒဏ်များ၏ အရင်းခံ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းပါသည်။ ပြည်သူလူထု၏ အာဟာရ နှင့် ဝင်ငွေကို တိုးတက်စေခြင်း၊ ဘေးဒဏ်ခံရမှုကို လျော့နည်း စေခြင်း၊ ဆင်းရဲနွမ်းပါးသူများ ဦးတည်သည့် မူဝါဒများ ဖြစ်ထွန်းစေရန် ထောက်ပံ့ခြင်း တို့ဖြင့် စိန်ခေါ်မှု အခက်အခဲများကို LIFTက ကိုင်တွယ် ဖြေရှင်းပါသည်။ ဤနည်းလမ်းဖြင့် LIFT၏ အစီအစဉ်များသည် အိမ်ထောင်စုများ နှင့် လူများကို အောက်ပါအတိုင်း ထောက်ပံ့သည်-

- စိုက်ပျိုးရေးကဏ္ဍမှ အခြားအကျိုးရှိသော စီးပွားရေး ကဏ္ဍများသို့ အောင်မြင်စွာ ‘ထွက်ခွာရန်’
- စိုက်ပျိုးရေးကဏ္ဍ အတွင်းတွင်ပင် တန်ဖိုးမြှင့် လှေခါးဖြင့် နွမ်းပါးမှုမှ ‘တက်လှမ်းရန်’
- စိုက်ပျိုးရေးကဏ္ဍကို သက်စောင့်ပိုက်ကွန် အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံကာ၊ အာဟာရ ကောင်းမွန်လျက်‘တောင့်ထားရန်’

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု ဘေးဒဏ်ကြောင့် ဒုတိယ အထိခိုက်ဆုံးနိုင်ငံ ဖြစ်သည်။[၉၀] လွန်ခဲ့သော အနှစ် ခြောက်ဆယ်အတွင်း မြန်မာနိုင်ငံ၏ ပျမ်းမျှ အပူချိန်နှင့် မိုးရေချိန် တို့ မြင့်တက်ခဲ့သည်၊ ရာသီဥတု ဆိုးရွားမှု မကြာခဏ ဖြစ်ပြီး ပင်လယ် ရေမျက်နှာလည်း မြင့်တက်လာသည်။[၉၁] ဤအပြောင်းအလဲသည် လူတိုင်းကို သက်ရောက်သော်လည်း နွမ်းပါးသူများ၊ ထိခိုက်လွယ်သူများ၊ ဝမ်းစာဖူလုံရုံ လယ်သမားများမှာ အထိခိုက်ဆုံးဖြစ်သည်။ ဤအိမ်ထောင်စုများအား ရာသီဥတု ဘေးဒဏ်ကို ခံနိုင်စွမ်း၊ အပြောင်းအလဲကို ရင်ဆိုင်နိုင်စွမ်းတို့ ရှိလာအောင် တည်ဆောက်ပေးရန် LIFT က ဦးတည်ပါသည်။ ထိုဦးတည်ချက်သည် LIFT ၏ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ယေဘုယျ ချဉ်းကပ်နည်း၏ အဓိက အပိုင်းပင် ဖြစ်သည်။ ထို့ပြင် LIFT သည် အစိုးရ၏ ရာသီဥတုပြောင်းလဲမှုအတွက် အမျိုးသား အဆင့် ပြင်ဆင်ရေး လုပ်ငန်းအစီအစဉ် ၂၀၁၂ နှင့် အညီ စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း အစီအစဉ်များတွင် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော မှုများကို ချမှတ်ထားသည်။ တဖက်စာမျက်နှာပါ ပုံတွင် LIFT၏ အစီအစဉ်များက မြန်မာနိုင်ငံရှိ ပြည်သူလူထု ကို ရာသီဥတု ဘေးဒဏ်နှင့် မည်သို့ လိုက်လျောညီထွေ ဖြစ်ရန် နေထိုင်စေနိုင်မည်ကို တွေ့နိုင်သည်။

LIFT၏ အစီအစဉ်များသည် သက်ဆိုင်ရာ အခြေအနေ အကြောင်းအရာများအလိုက်၊ သက်ဆိုင်ရာ စိုက်ပျိုး-ဂေဟဇုန် အလိုက် လုပ်ဆောင်ချက်များဖြင့် ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ထားပါသည်။

### ရခိုင်ဒေသတွင်

ရခိုင်ဒေသသည် မြန်မာနိုင်ငံတွင် ဆိုင်ကလုန်း မုန်တိုင်း ဒဏ် အခံရနိုင်ဆုံး၊ ရေကြီးခြင်း၊ ရေငန်ဝင်ခြင်း စသည့် ရာသီဥတု ဘေးဒဏ်ကြောင့် အထိခိုက်နိုင်ဆုံးဒေသ ဖြစ်သည်။[၉၂] ရခိုင်ပြည်သူများ၏ ရာသီဥတု ဘေးဒဏ် ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရေးသည် ဤပြည်နယ်၏ ဖွံ့ဖြိုးရေးတွင် အခရာကျသည်။ ရေကြီးခြင်း နှင့် သဘာဝဘေးများကို တုံ့ပြန်ဆောင်ရွက်ကာ ၎င်းပြည်သူများ၏ ဘဝကို ပြန်လည်တည်ဆောက်ရာတွင် ကာလရှည် ထောက်ပံ့ခဲ့သည့် မှတ်တမ်းကောင်းများ LIFTတွင် ရှိပါသည်။[၉၃] ရေငန်ဝင်မှုသည် ကမ္ဘာအဝန်းအထူးသဖြင့် ရခိုင်ဒေသမှ တောင်သူတို့၏ အသက်မွေးမှုကို ခြိမ်းခြောက်လျက်ရှိသည်။[၉၄] ၂၀၁၇ခုနှစ် နှစ်ကုန်တွင် တက်လမ်း စီမံကိန်းသည် ရေကာတာ ၂၆၀-ကီလိုမီတာခန့်ကို တည်ဆောက်ကာ လယ်မြေ ဧက ၃၃,၂၀၄ကျော်ကို ရေငန်ဝင်မှုမှ ကာကွယ်ပေးပြီး လယ်သမား ၆,၆၀၀ဦး၏ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေး ခဲ့သည်။ မြို့နယ် နှစ်ခုမှ တောင်သူများသည် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးနည်း အသစ်များကို သင်တန်း တက်ခဲ့ကြသည်။ ယင်းစိုက်နည်း များကို အသုံးပြုသော တောင်သူ ၇၇ ရာခိုင်နှုန်းက ရလဒ်ကောင်းကြောင်း တင်ပြကြသည်။ ဤ ဆောင်ရွက်ချက်များကြောင့် စိုက်ပျိုးရေး ကဏ္ဍအတွင်းတွင်ပင် တန်ဖိုးမြှင့် လှေခါးဖြင့် ‘တက်လှမ်းရန်’ ထောက်ပံ့ခဲ့သဖြင့် လူမှု-စီးပွားရေး နှင့် ရာသီဥတု ဒဏ်များကို ပိုမိုကြံ့ကြံ့ခံနိုင်လာသည်။

### မြစ်ဝကျွန်းပေါ်ဒေသတွင်

မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်သည် ကျေးလက်နေနွမ်းပါးသူ အိမ်ထောင်စုများ ရိက္ခာနှင့် ဝင်ငွေ တိုးတက်လာပြီး၊ ထိခိုက်လွယ်မှု လျော့နည်းလာသဖြင့် လူမှု-စီးပွားရေး နှင့် ရာသီဥတုဒဏ်များကို ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးရန် လုပ်ဆောင်နေသည်။ ထိုသို့ ထမြောက်စေရန် မြစ်ဝကျွန်းပေါ် ဒေသ အစီအစဉ်သည် မျိုးစပါး တန်ဖိုးကွင်းဆက်ကို အထူး ဦးတည်ကာ စိုက်ပျိုးရေးကဏ္ဍ အတွင်းတွင်ပင် တန်ဖိုးမြှင့် လှေခါးဖြင့် ‘တက်လှမ်းရန်’ တောင်သူများကို ကူညီလျက်ရှိပါသည်။ ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ

၉၀။ ကမ္ဘာလုံး ရာသီဥတုဘေး အန္တရာယ်ဖြစ်နိုင်ခြေအညွှန်း ၂၀၁၇ https:// germanwatch.org/en/ download/ 16411.pdf


၉၁။ ကမ္ဘာလုံး ရာသီဥတု အပြောင်းအလဲ မဟာမိတ်၊ ၂၀၁၇ http://www.gcca.eu/ national-programmes/ asia/ gcca-myanmar

၉၂။ အာရှ ဘေးအန္တရာယ် အသင့်ဖြစ်မှု ဗဟိုဌာန http:// www.adpc.net/igo/contents/ Publications/ publications-Details.asp?pid=277#sthash.DkG4r9zM.dpbs

၉၃။ LIFT၏ ၂၀၁၃-၂၀၁၅ နှစ်စဉ် အစီရင်ခံစာများကို ကြည့်ပါ။

၉၄။ ပင်လယ်မျက်နှာပြင် မြင့်တက်လာမှုက ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်ခဲ့သည်၊ Science Direct၊ ၂၀၁၇ ဇန်နဝါရီလ၊ https:// www.sciencedaily.com/releases/2017/01/170118082423.htm

# LIFT ၏ ရာသီဥတု အပြောင်းအလဲကို ချဉ်းကပ်ပုံ




*ဤပုံစံသည် ရာသီဥတုပြောင်းလဲမှုတွင် ကြံ့ကြံ့ခံနိုင်မှု အားကောင်းလာစေရန် LIFT က ဆောင်ရွက်သည့် ပုံစံကို ဖော်ပြထားသည်။ သို့ရာတွင် LIFT ၏ ကြံ့ကြံ့ခံနိုင်မှု အားကောင်းစေရေး ရည်မှန်းချက်မှာ လူတစ်ဦးချင်း၊ အိမ်ထောင်စု နှင့် ရပ်ရွာလူထုတို့အနေဖြင့် ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ စီးပွားရေး လူမှုရေးဆိုင်ရာ ဖိစီးမှုများကြောင့် ဖြစ်စေ ရရှိလာသော ဖိစီးမှု နှင့် အခက်အခဲများမှ ပြန်လည်ထူထောင်နိုင်သော စွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

အစီအစဉ်သည် ရာသီဥတု ပြောင်းလဲမှု၏ ရေရှည် သက်ရောက်မှုကို မျှော်တွေးကာ ဒေသခံ မျိုးကွဲတို့၏ အရည်အသွေးကို ထိန်းသိမ်းပြီး ဇီဝမျိုးကွဲကြွယ်ဝမှုကို ထိန်းသိမ်းစောင့်ရှောက် ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် LIFT သည် Welthungerhilfe (WHH)နှင့် Wageningen တက္ကသိုလ် ဖွံ့ဖြိုးရေး တီထွင်ဆန်းသစ်မှုဌာန တို့ကို ရောဝတီမြစ်ဝကျွန်းပေါ် မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေး ကို ဆက်လက် ဆောင်ရွက်ရန် အတွက် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေး အထောက်အကူပြု စီမံချက်အသစ်ကို ရန်ပုံငွေ ပံ့ပိုးပေးခဲ့သည်။ တောင်သူများသည် မျိုးကောင်း မျိုးသန့် မျိုးစပါးများကို လက်လှမ်းမီပါက ရေရှည်တွင် ကြံ့ကြံ့ခံမှု တိုးတက်လာလိမ့်မည် ဖြစ်သည်။

LIFT ၏ AFP အစီအစဉ်က ထောက်ပံ့မှုဖြင့် စက်မှု အသွင်ပြောင်းခြင်းသည် စပါးစိုက်ချိန်၊ ရိတ်သိမ်းချိန် တို့ကို သေချာစေသဖြင့် မြစ်ဝကျွန်းပေါ်နှင့် အခြား ဒေသမှ တောင်သူများ၏ ကြံ့ကြံ့နိုင်ခံမှုကို တိုးတက် စေပါသည်။

## အပူပိုင်းဇုန်တွင်

အပူပိုင်းဇုန်မှ စိုက်ပျိုးရေးသည် ရာသီဥတု အပြောင်းအလဲကြောင့် ဆုံးရှုံးနိုင်ခြေ ရှိနေသည်။ LIFT သည် ရာသီဥတုနှင့် လိုက်လျောညီထွေ ရှိသော စိုက်ပျိုးရေးကို ဖြစ်ထွန်းစေရန်၊ ကောင်းမွန်သည့် မြေဆီလွှာ နှင့် မျိုးသစ်များကို အသုံးပြုကာ အထွက်တိုးရန် ဆောင်ရွက်နေသည်။ ရာသီဥတု အပြောင်းအလဲကို လိုက်လျောစွာ ကျင့်သုံးနိုင်စေမည့်၊ ဒဏ်ကို လျော့ပါးစေမည့် အသိပညာများ ပိုမို ရရှိလာပြီ ဖြစ်သည်။ LIFT ၏ စီမံချက် များသည် မြေဆီလွှာ အတွင်း အော်ဂဲနစ်ဒြပ် တိုးတက်စေရန်နှင့် သီးနှံ အမျိုးအမည် များပြားစေရန် လုပ်ဆောင်နေကြသည်။

LIFT၏ မိတ်ဖက်များသည် တောင်သူများကို ရေ၊ ကာဗွန်ဓာတ်၊ နိုက်ထြိုဂျင် ဓာတ်တို့ကို အကျိုးရှိစွာ အသုံးပြုတတ်အောင် သင်တန်းပေးသည်။ ၉၅ အပူပိုင်း ဇုန်ရှိ မွေးမြူရေးလုပ်ငန်းများသည် တိရိစ္ဆာန်ကောင်ရေ တိုးပွားမှုမှ ဖန်လုံအိမ်ဓါတ်ငွေ့ အထွက်များစေနိုင်သည့် အတွက်အကြောင့် တိရစ္ဆာန်ကောင်ရေ ထပ်တိုး မွေးမြူခြင်းထက် မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုကို ပိုမို အလေးထား ဆောင်ရွက်ကြမည် ဖြစ်သည်။

## ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ မူဝါဒပိုင်းဆိုင်ရာ တွင် LIFT၏ ဆောင်ရွက်မှု

၂၀၁၇ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် ကြံ့ကြံ့ခံနိုင်မှုကို ဆန်းစစ်ရန်အတွက် ပေါင်းစည်း လေ့ကျင့်ခန်း(CLEAR) ဆန်းစစ်ချက်ကို LIFT၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သည်။ ဤဆန်းစစ်ချက်သည် ရိက္ခာဖူလုံရေး နှင့် အာဟာရ နှင့် ပတ်သက်သည့် ဖြစ်လာနိုင်ချေရှိသော အရေးပေါ် တုံ့ပြန်ဆောင်ရာတွင် ဦးစားပေးမှုများကို လမ်းညွှန် ထားသည်။ ကနဦး အဆင့်တွင် စာရွက်စာတမ်း သုံးသပ်ချက်၊ အသေးစိတ် ဆန်းစစ်ချက်၊ ရေမကြီးမီ စစ်တမ်းတို့ ပါဝင်သည်။ ယခင်အချိန်များ၏ ရာသီဥတု အနေအထား သမိုင်းဆိုင်ရာ ဒေတာများ နှင့် ပုံစံ အခြေခံသည့် အနာဂတ် ရာသီဥတု ခန့်မှန်းချက် တို့ကို ဆန်းစစ်ကာ ရိက္ခာ ဖူလုံရေး နှင့် အာဟာရကို မြန်မာနိုင်ငံ ရာသီဥတု အပြောင်းအလဲက သက်ရောက်မှု ကို ပုံစံထုတ်သည်။ အသေးစိတ် ဆန်းစစ်ချက်ကို အသုံးပြုကာ ယခင်ကာလ ရာသီဥတု အနေအထားနှင့် ရာသီဥတု အပြောင်းအလဲ၏ အနာဂတ် ကာလ သက်ရောက်မှုကို ဖော်ထုတ်သည်။ နောက်အဆင့်များတွင် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ နှင့် ကြံ့ကြံ့ခံနိုင်မှု နှင့် အသက်မွေးမှုတို့၏ ရာသီဥတု ဒဏ်ခံနိုင်မှုတို့ကို နယ်မြေအလိုက် ပူးပေါင်း ဆောင်ရွက်မှုများ ပါဝင်မည်။

၉၅။ မြန်မာနိုင်ငံရာသီသတုနှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေး မဟာဗျူဟာ ၂၀၁၅တွင် ဘေးလျှော့ချရေး အစီအစဉ်များ ပါဝင်သည်။ LIFT၏ အပူပိုင်းဒေသ စီမံချက်များသည် ရေနှင့် သဟဇာတဖြစ်သည်။ LIFTသည် အထွက်တိုးရန် နှင့် ရေကို ထိရောက်စွာ သုံးစေရန်၊ မြေအောက်ရေကို တာဝန်ရှိစွာ သုံးစွဲခြင်း၊ ရေအစက်ချစနစ် ၊ ရေဖျန်းစနစ်၊ ကောင်းမွန်သော ထွန်ယက်စိုက်ပျိုး နည်းများဖြင့် ကြံ့ကြံ့ခံနိုင်သော ရေစီမံမှု ဖြစ်စေရန် ထောက်ပံ့ခဲ့သည်။ ကာဗွန်ဓာတ်နှင့် သဟဇာတဖြစ်သည်။ သစ်စိမ်းမြေဩဇာ ကျွေးခြင်း၊ သီးနှံအမည် များပြားခြင်း တို့ဖြင့် မြေဆီလွှာအတွင်း ကာဗွန်ဓာတ် တိုးတက်စေသည်။ နိုက်ထြိုဂျင်ဓာတ် နှင့်သဟဇာတ ဖြစ်သည်။ ပညာပေးထားသော လယ်သမားများက ဓာတ်မြေဩဇာ သုံးစွဲပုံကို မှန်ကန်စွာ ဆုံးဖြတ်ကာ ကောင်းမွန်စွာ သုံးစွဲခြင်း၊

### ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ LIFT၏ သုတေသန နှင့် သင်ယူမှု

အစီအစဉ်အားလုံးတွင် ကြံ့ကြံ့ခံနိုင်မှုကို မိမိတို့ ရန်ပုံငွေက မည်သို့ တည်ဆောက်ပေးနေကြောင်းကို LIFT က သုတေသနများ ဆောင်ရွက်လျက်ရှိသည်။ LIFTသည် ၂၀၁၆ခုနှစ် တွင် တာဝန်အဆင့် အကျိုးများကို မည်သို့ ဖြစ်မြောက်စေသည်၊ ယင်းတို့က ကြံ့ကြံ့ခံနိုင်မှုကို မည်သို့ တည်ဆောက်ပေးနေသည်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အကျိုးရလဒ်အဆင့် စစ်တမ်းများကို ဆောင်ရွက်ခဲ့သည်။ ဝင်ငွေနှင့် ပိုင်ဆိုင်မှု စစ်တမ်း နှင့် ထိခိုက်လွယ်မှု စစ်တမ်း ပထမ အပိုင်းမှာ ၂၀၁၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထို့နောက် ပေါင်းစည်း ကြံ့ကြံ့ခံနိုင်မှု အစီရင်ခံစာကို ဆက်လက် ပြုစုမည်။ ဒုတိယပိုင်း အကျိုးရလဒ်အဆင့် စစ်တမ်းများကို ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်မည် ဖြစ်သည်။

၅.၃

## လူမှုကာကွယ်စောင့်ရှောက်ရေး

### အစိုးရနှင့် လက်တွဲဆောင်ရွက်မှု

၂၀၁၇ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာန(DSW)၏ လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒသည် မူဝါဒ ရေးဆွဲပြုစုမှုမှ အကောင်အထည်ဖော်မှုသို့ ဆက်လက် တိုးတက်လာခဲ့သည်။ LIFT၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သော Help Age International (HAI) ၏ လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒ ပံ့ပိုးမှု စီမံချက်သည် DSW ၏ နည်းပညာပိုင်းဆိုင်ရာ အဓိက မိတ်ဖက် ဖြစ်သည်။ အားလုံးကို လွှမ်းခြုံသည့် လူမှုရေးပင်စင်စနစ်ကို ပြုစုကာ အကောင်အထည် ဖော်ရာ တွင် ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် DSW နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) တို့သည် အသက် ၉၀အထက် သက်ကြီးပုဂ္ဂိုလ် ၄၀,၇၀၀ တို့အား လူမှုရေး ပင်စင် စတင် ပေးအပ်ခဲ့ကြသည်။ အမျိုးသားအဆင့် လူမှုရေးပင်စင် ပေးရန် ပြင်ဆင် ရာတွင် HAIစီမံချက်သည် ပြည်နယ်နှင့် တိုင်းဒေသကြီး DSW ဦးစီးအရာရှိ ၇၆ ယောက်ကို နည်းပြ သင်တန်း ပေးရန် ထောက်ပံ့ခဲ့သည်။ ဦးစီးအရာရှိများမှ ဆင့်ပွားသင်တန်း ပြန်ပေးကြမည် ဖြစ်သည်။ ဤစီမံချက်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန (MSWRR) အား ဘတ်ဂျက် ကျပ် ၁၆ဘီလျံ (ကန်ဒေါ်လာ ၁၁.၈ သန်းခန့်) တိုးတက်အောင် ထောက်ပံ့ ခဲ့သည်။ ထို့ကြောင့် ၂၀၁၇-၁၈ ဘတ်ဂျက် တွင် လူမှုရေး ပင်စင်အတွက် ကျပ်၂၈ဘီလျံ (ကန်ဒေါ်လာ ၂၀.၆သန်းခန့်) ဖြစ်လာစေသည်။ MSWRR ၏ တောင်းခံချက် အရ HAI နှင့် DSW တို့သည် အစိုးရ၏ လူမှုရေး ပင်စင် ကုန်ကျစရိတ်ကို ပြုစုကာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဘတ်ဂျက် ရေးဆွဲရေး ဦးစီး ဌာနနှင့် နှင့် လိုအပ်သည့် ဘတ်ဂျက်ကို ရရှိအောင် ပူးတွဲ ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

၂၀၁၇ခုနှစ်တွင် MSWRR သည် မသန်စွမ်းသူ ထောက်ပံ့ကြေးနှင့် သက်ကြီး ကိုယ်ထူကိုယ်ထ အုပ်စု ပွားများလာရေး တို့ကို ဦးတည်ခဲ့သည်။ ယင်းတို့ သည် အစိုးရ၏ အမျိုးသား လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်၏ ပင်မ လုပ်ငန်း အစီအစဉ်များဖြစ်သည်။MSWRRကို ထောက်ပံ့ရန် အတွက် HAI စီမံချက်သည် သက်ကြီး ကိုယ်ထူကိုယ်ထအုပ်စု ပွားများရေးကို စစ်တမ်း ကောက်ယူခဲ့သည်။ မကွေးနှင့် မန္တလေး တိုင်းဒေသကြီးတို့တွင် မသန်စွမ်းသူများကို ထောက်ပံ့ ကြေး ပေးအပ်ခြင်း ရှေ့ပြေး စစ်တမ်း နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။

HAI၏ လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒ ပံ့ပိုးမှု စီမံချက် ပထမအဆင့်သည် ၂၀၁၇ခုနှစ် ဇူလိုင်လတွင် ပြီးဆုံးခဲ့ရာ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအထိ စရိတ်ဖြင့် တိုးချဲ့ခဲ့သည်။

### ရပ်ရွာလူထုကို ထောက်ပံ့ခြင်း

HAI ၏ စီမံချက်သည် ရပ်ရွာအဆင့်တွင်လည်း အကောင်အထည်ဖော်လျက် ရှိသည်။၂၀၁၇ခုနှစ်တွင် စီမံချက်သည် စီမံချက်ကာလ ဒုတိယနှစ်အတွင်းသို့ ရောက်နေပြီး အရှိန်အဟုန် ရရှိနေပြီ ဖြစ်သည်။ ကျေးရွာပေါင်း ၁၈၀မှ လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီများ (Social Protection Committee, SPC)က ယင်းတို့၏ လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်ပါ ဦးစားပေး လုပ်ငန်းများကို ထောက်ပံ့ ခဲ့ကြသည်။ ထို့ပြင် အရေးပေါ် လူမှုကာကွယ် စောင့်ရှောက်ရေး ရန်ပုံငွေ များကို ကျေးရွာ ၁၄၁ ရွာသို့ ထုတ်ပေးခဲ့သည်။ ကော်မတီများက တင်ပြ သည့် ဝင်ငွေရလုပ်ငန်း အဆိုပြုလွှာ ၇၄ စောင်ကို လက်ခံကာ သုံးသပ်ခဲ့သည်။ ဤစီမံချက် သည် SPC အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကိုလည်း တည်ဆောက် ပေးခဲ့သည်။ ထင်ရှားသည့် ဖြစ်စဉ် တစ်ခုမှာ လူငယ် များအား မိမိတို့ရပ်ရွာရှိ သက်ကြီးပုဂ္ဂိုလ်များကို စောင့်ရှောက်နည်း သင်တန်း ပေးခဲ့ခြင်း ဖြစ်သည်။ ဤဆောင်ရွက်မှု ကို သက်ကြီးပုဂ္ဂိုလ်များက များစွာ နှစ်သက် သဘောကျခဲ့ကြသည်။

အစိုးရက ပေးအပ်သည့် တစ်နိုင်ငံလုံး လူမှုရေး ပင်စင်မှာ အသက် ၉၀ ကျော်သူများကို ပေးအပ်ခြင်း ဖြစ်သည်။ HAI စီမံချက်သည် အသက် ၈၅ မှ ၉၀နှစ် အတွင်းရှိသူများသို့ ပင်စင် ဆက်လက် ပံ့ပိုးပေးလျက် နေသည်။ ၂၀၁၇ခုနှစ်တွင် သက်ကြီး ၆၈၈ ဦးသည် HAI စီမံချက်ထံမှ လူမှုရေးပင်စင်များ ရရှိခဲ့သည်။ မသန်စွမ်းသူများ ထောက်ပံ့ငွေကို ၂၀၁၇ခုနှစ် ဇန်နဝါရီတွင် စတင်ခဲ့ရာ မသန်စွမ်းသူ ၂၃,၃၉ ဦးတို့ ထောက်ပံ့ငွေ ရရှိခဲ့ကြသည်။

လူမှုရေးဆိုင်ရာ သုတေသနေ လုပ်ဆောင်မှုအဖွဲ့က ဆောင်ရွက်နေသော ရပ်ရွာက ဦးဆောင်သည့် လူမှု ကာကွယ်စောင့်ရှောက်ရေး စီမံချက်သည်လည်း ရလဒ်ကောင်းများ ရရှိလျက် ရှိသည်။၂၀၁၇ နှစ်ကုန် တွင် စီမံချက်၏ ရင်းနှီးမြှုပ်နှံငွေ ကျပ် ၁၂၇ သန်း(ကန်ဒေါ်လာ ၉၄,၀၀၀)ဖြင့် မတည် ခဲ့သည့် လူမှုကာကွယ် စောင့်ရှောက်ရေး ရန်ပုံငွေ များသည် ၃၀ ရာခိုင်နှုန်းကျော် တိုးပွားကာ လူမှုရေး အထောက်အပံ့ ကျပ် ၄၆သန်း (ကန်ဒေါ်လာ ၃၄,၀၀၀)ကို အကျိုးခံစားရသူ ၃,၀၀၀ကို ထုတ်ပေး နိုင်ခဲ့ပြီးဖြစ်သည်။ ဤစီမံချက်၏ အပြီးသတ် စစ်တမ်း အရ ရိက္ခာဖူလုံရေးအတွက် ငွေချေးနေရသော အိမ်ထောင်စု အရေအတွက်သည် ၂၂ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ဤစီမံချက်၏ အာဟာရ ကဏ္ဍသည် MCCTနှင့်အတူ အာဟာရ ကောင်းမွန်ရေး SBCC ကိုလည်း ပေးအပ်လျက်ရှိသည်။ ၂၀၁၇ နှစ်ကုန်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၂,၀၀၀ သည် ဤစီမံချက်မှ ထောက်ပံ့ငွေကို လက်ခံရရှိ ခဲ့ကြသည်။ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းကာ ယင်းတို့၏ အစားအသောက်များ ပိုမို ကောင်းမွန်လာကြောင်း တင်ပြကြသည်။ MCCT အစီအစဉ်၏ အပြုသဘော သက်ရောက်မှုများသည် ရပ်ရွာ လူမှုကာကွယ် စောင့်ရှောက်ရေး အဖွဲ့များ၏ ပူးပေါင်း ပါဝင်မှုနှင့် ခိုင်မာစွာ ဆက်နွယ်လျက် ရှိသည်။

၅.၄

# ကျား၊မ ရေးရာ

၂၀၁၇ခုနှစ်တွင် LIFT သည် ကျား၊ မ ရေးရာ မဟာဗျူဟာကို အပြီးသတ် ပြန်လည်သုံးသပ်ကာ ထုတ်ပြန်ခဲ့သည်။ လုပ်ငန်းစီမံချက်ကို ပြုစုကာ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး (Fund Management Office, FMO)တွင် ကျား၊ မ ရေးရာဌာနကို စတင်ဖွဲ့စည်းခဲ့သည်။ အစီအစဉ် အဖွဲ့တိုင်းတွင် ကျား၊ မရေးရာနှင့် ပတ်သက်သည့် တာဝန်ခံကို ခန့်ထားရသည်။ ဤသို့ဖြင့် စီမံချက်တိုင်း၏ ကျား၊ မရေးရာ လုပ်ငန်းကို LIFT၏ ကျား၊ မရေးရာ မဟာဗျူဟာနှင့်ချိတ်ဆက်ပေးမည် ဖြစ်သည်။

ကျား၊ မရေးရာ မဟာဗျူဟာကို ပြန်လည်သုံးသပ်ရာတွင် LIFT သည် ကျား၊ မ တန်းတူ ညီမျှမှု၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုနှင့် ပတ်သက်သည့် မိမိ၏ကတိကဝတ်ကို ပြန်လည်အနစိတ်သုံးသပ်ခဲ့သည်။ ကုလသမဂ္ဂ၏ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ကိုးကား အသုံးချခဲ့သည်။ ယင်းတွင် အောက်တွင် ဖော်ပြထားသည့် အဓိက အချက် ၅-ချက် ပါရှိသည်-

- အမျိုးသမီးများ၏ မိမိကိုယ်မိမိ တန်ဖိုးထားမှု
- အမျိုးသမီးများ၏ ရွေးချယ်ခွင့်၊ ဆုံးဖြတ်ခွင့်
- အမျိုးသမီးများ၏ အခွင့်အလမ်းများနှင့် အရင်းအမြစ်များကို လက်လှမ်းမီခွင့်
- အမျိုးသမီးများ၏ မိမိတို့၏ အိမ်တွင်း အိမ်ပြင် ဘဝကို မိမိတို့ကိုယ်တိုင် ထိန်းချုပ်ပိုင်ခွင့်
- အမျိုးသမီးများ၏ ပိုမို မျှတသည့် ပြည်တွင်း ပြည်ပ လူမှုရေးနှင့် စီးပွားရေးစနစ်ကို ဖန်တီးမည့် လူမှုရေး အပြောင်းအလဲများ၏ လားရာကို ဩဇာသက်ရောက်နိုင်စွမ်း

စီမံချက် စီမံခန့်ခွဲရေးတွင် ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစားကာ အခိုင်အမာပေါင်းစည်း အကောင်အထည်ဖော်ရန် LIFT က ဆက်လက် တွန်းအားပေးလျက်ရှိသည်။ အဆိုပြုလွှာများကို အကဲဖြတ်ရာတွင် ကျား၊မ ရေးရာ ကိုလည်း စံနှုန်းတရပ် အဖြစ် FMO က အသုံးပြုဖျသည်။ လျှောက်ထားသူများမှ အဆိုပြုလွှာများကို ပြင်ဆင်ရာတွင် ကျား၊ မရေးရာကို အလေးမူကာ စီမံချက်များ ဖွဲ့စည်း ပြင်ဆင်ပြုစုနိုင်ရန် လမ်းညွှန်မည့် လမ်းညွှန်ချက်များကိုလည်း ရေးဆွဲ ထားသည်။

စီမံချက်ကာလအတွင်း ကျား၊ မ ရေးရာကို ပေါင်းစည်းရန် မိတ်ဖက်များသို့ လမ်းညွှန်မည့် အနည်းဆုံး လိုအပ်ချက်စာရင်းကိုလည်း ထည့်သွင်းထားသည်။ အစီရင်ခံစာ ပုံစံတွင်လည်း ကျား၊ မ တန်းတူ ညီမျှမှု၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု ဆိုင်ရာ အသေးစိတ် လမ်းညွှန်မေးခွန်းများကို ထည့်သွင်းထားသည်။ စီမံချက်ပါ ကျား၊ မရေးရာ စိန်ခေါ်မှုများ၊ အောင်မြင်မှုများကို မိတ်ဖက်များက မှတ်တမ်းတင်ခြင်း နှင့် အကဲဖြတ်ခြင်းတို့တွင် ယင်းတို့ကို အသုံးပြုရန် ဖြစ်သည်။ လက်ရှိ စီမံကိန်းအဆင့် ပြီးဆုံးချိန်တွင် အကဲဖြတ်ရန်နှင့် လေ့လာသင်ယူရန်အတွက် ဤမေးခွန်းများကို LIFT က အသုံးပြုမည် ဖြစ်သည်။

ကျား၊ မတန်းတူ ညီမျှမှု၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု ဆိုင်ရာ ပန်းတိုင်များ ကိုလည်း ၂၀၁၈ခုနှစ် နောက်ပိုင်း LIFT၏ အစီအစဉ် ဒီဇိုင်းများတွင် ခိုင်မာစွာ ပေါင်းစည်းထည့်သွင်းမည် ဖြစ်သည်။ လုပ်ငန်းစဉ်တိုင်း၊ အဆောက်အအုံတိုင်း ၊ ဆုံးဖြတ်ချက် တိုင်းတွင် ထည့်သွင်း စဉ်းစားမည် ဖြစ်သည်။

၂၀၁၇နှစ်ကုန်တွင် ကျား၊ မရေးရာ စီမံချက်ကို အစီအစဉ်တိုင်းက ပြန်လည် သုံးသပ်ကြမည်ဖြစ်ပြီး အစီအစဉ်တိုင်း အတွက် ပြင်ဆင်ထားသည့် ဦးတည်မှုများ၊ အညွှန်းများ၊ ရှင်းလင်းသော အချိန် သတ်မှတ်ချက်နှင့် တာဝန်များ ပါဝင်မည်။ စောင့်ကြည့် လေ့လာရာ၌ ပိုမို အထောက်အထား ပြည့်စုံစေရန် နှင့် ကျား၊ မ တန်းတူညီမျှမှု၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုကို ဦးတည်သည့် လုပ်ငန်းများကို စီမံနိုင်ရန်အတွက် ဖြစ်သည်။

ကျား၊ မ ရေးရာ မဟာဗျူဟာကို ပြန်လည် သုံးသပ်ကာ ထုတ်ပြန်ခဲ့ပြီးနောက် ကျား၊ မ ရေးရာ ဌာနသည် FMO နှင့် မိတ်ဖက် အဖွဲ့အစည်းများ၏ ကျား၊မ ရေးရာ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် အာရုံစိုက်ခဲ့သည်။ LIFTသည် ကျား၊ မ ရေးရာ လက်ရှိ အခြေအနေ၊ ကျား၊ မ ဆိုင်ရာ အစွဲများ၊ ကျား၊ မ ရေးရာ သုံးသပ်ချက်တို့ကို သင်တန်း ပေးခဲ့သည်။ သင်တန်းဆင်း အများစုသည် ကျား၊ မ တန်းတူညီမျှမှု သဘောတရား၊ လူများစု၏ ကျား၊ မ ရေးရာ အမြင်၊ ယင်းကို မိမိတို့၏ စီမံချက်များတွင် ထိရောက်စွာ အသုံးချနိုင်မည့် နည်းလမ်းများကို ရှင်းလင်းစွာ နားလည်သွားကြကြောင်း သင်တန်း အကဲဖြတ်ချက်များတွင် မှတ်ချက်ပေးကြသည်။ သင်တန်းဆင်း အများစုက ကျား၊ မရေးရာ သုံးသပ်ချက်၊ ယင်း၏ ရည်ရွယ်ချက်၊ နည်းလမ်းများ နှင့် နည်းလမ်းများ နှင့်ပတ်သက်သည့် အသိအမြင်များ ‘များစွာတိုးတက်’ သွားသည်ဟု သုံးသပ်ကြသည်။ ယင်းအသိအမြင်များကို မိမိတို့၏ အလုပ်တွင် အသုံးပြုရန် ယုံကြည်လာကြကြောင်း ပြောပြသည်။ LIFT ကျား၊ မ ရေးရာဌာနသည် မိတ်ဖက်များကို စီမံချက်များ ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့တွင် ကျား၊ မ ရေးရာကို လုံလောက်စွာ ထည့်သွင်းစဉ်းစားရန် တစ်ဖွဲ့ချင်းစီအလိုက် ဆွေးနွေးပေးခြင်း၊ နည်းပညာ အထောက်အကူပေးခြင်းများကို ဆောင်ရွက်ပေးသည်။

အရေအတွက်မှသည် အရည်အချင်းသို့

၂၀၁၇ခုနှစ်တွင် အစီအစဉ်များ စီမံချက်များမှ LIFT သင်ယူခဲ့ရသည်မှာ-

- LIFT၏ မိတ်ဖက်များက ကျား၊ မရေးရာ အတားအဆီးများ၊ အခွင့်အလမ်းများကို ပိုမို ဖော်ထုတ်နိုင်ခဲ့ကြသည်။ အကြောင်းမှာ ကျား၊မ ရေးရာကို ပိုမို အာရုံစိုက်နိုင်ခဲ့သောကြောင့် ဖြစ်သည်။
- ကျား၊ မ ရေးရာ အတားအဆီးများကို ကျော်လွှားနိုင်ရန် နှင့် ကျား၊ မ ရေးရာ အပြောင်းအလဲ ဖွံ့ဖြိုးမှုကို ထိတွေ့ဆောင်ရွက်ရာတွင် ကျား၊ မ ဆိုင်ရာ အစွဲများ၊ ပုံစံခွက်များကို သိရှိတုံ့ပြန်နိုင်ရန်မှာ အခရာ ဖြစ်သည်။
- ကျား၊ မ ခွဲခြား ကောက်ယူသော ဒေတာများသည် အရေးကြီးသည့် ပထမခြေလှမ်း ဖြစ်သည်။ သို့သော် တိမ်ငုတ်နေသည့် ကျား၊မ ရေးရာနှင့် သက်ဆိုင်သည့် အားနည်းချက်များ၊ ဖုံးကွယ်နေသည့် အခွင့်အလမ်းများကို နားလည်ရန် ကျား၊ မ ရေးရာကို ထဲထဲဝင်ဝင် ဆန်းစစ်မှု လိုအပ်သည်။
- ကျား၊ မ ရေးရာ ဆန်းစစ်မှုကို ဆောင်ရွက်ပါက စီမံချက် လုပ်ငန်းများသည် အမျိုးသမီး၊ အမျိုးသား တို့ ၏ လိုအပ်ချက်များ အကျိုးစီးပွား များနှင့် ပိုမိုကိုက်ညီကာ စီမံချက်၏ အကျိုးကျေးဇူး ကိုလည်း ပိုမို တန်းတူ ခံစားကြရမည် ဖြစ်သည်။
- ကျား၊ မ ရေးရာ သက်ရောက်မှုကို တိုင်းတာနိုင်ခြင်းသည် တန်းတူပါဝင်မှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုကို ဖြစ်ထွန်းစေသည်။
- အမျိုးသားများ၊ရပ်ရွာနှင့်ဘာသာရေးခေါင်းဆောင်များ စသော အဓိက ဆုံးဖြတ်ချက်ချသူများ နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ကျား၊မ

တန်းတူညီမျှမှုကို ရရှိနိုင်မည်။

- အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းသည် အထူးသဖြင့် အမျိုးသားများက အများအားဖြင့် ချုပ်ကိုင်ထားသည့် မြေယာ၊ စက်ကိရိယာများ စသည့် ပစ္စည်းပိုင်ဆိုင်မှုများနှင့် သက်ဆိုင်သည်။
- ရန်ပုံငွေ ပံ့ပိုးထားသည့် စီမံချက်များတွင် 'အပြောင်းအလဲ လုပ်သူ'များမှာ အမျိုးသမီးများ ဖြစ်လာနေသည်။ ယင်းတို့၏ အသိပညာ နှင့် ကျွမ်းကျင်မှုတို့အပြင် နောက်လာမည့် မျိုးဆက်ကို စောင့်ရှောက်သူ အခန်းကဏ္ဍ တို့ကြောင့် အိမ်ထောင်စု၊ ရပ်ရွာ၊ လူမှု အသိုက်အဝန်း အတွင်း၌ လုပ်ပိုင်ခွင့်ရှိသော အချက်အချာ ကျသော နေရာကို ရရှိလာကြသည်။
- အမျိုးသမီးများသည် ဩဇာအာဏာရှိသည့် အဆင့်မြင့်နေရာများတွင် ရောက်ရှိလာပါက ကျန်အမျိုးသမီးများက အတုယူစရာ ဖြစ်လာကြသည်။ ယင်းတို့ကိုလည်း လုပ်ကိုင်နိုင်စွမ်း ရှိလာစေသည်။

## ၂၀၁၇ခုနှစ်၏ စိတ်ဝင်စားဖွယ်များ

### မြစ်ဝကျွန်းပေါ်အစီအစဉ်

မြစ်ဝကျွန်းပေါ်တွင် Metta Development Foundation သည် တောင်သူများ စီမံခန့်ခွဲသည့် အားလုံး ပါဝင်စေသော တိုးတက်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အစီအမံများကို ဖြစ်ထွန်းစေခဲ့သည်။ ၂၀၁၇ခုနှစ်တွင် မေတ္တာသည် ယင်းတို့၏ တောင်သူသင်တန်းကျောင်းများတွင် ကျား၊ မ ရေးရာ နည်းပြဆရာ သင်တန်းများကို ဖွင့်လှစ်ခဲ့သည်။ အမျိုးသမီးများသည် အစားအစာထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ မျိုးစပါး ထိန်းသိမ်းရေး၊ ဈေးကွက်ဝယ်လိုအား စသည်တို့နှင့် ပတ်သက်သည့် အသိအမြင်များစွာ ရှိကြသဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများကို ပါဝင်စေလျှင် တောင်သူ သင်တန်းကျောင်းများသည် များစွာ တိုးတက်လာကြောင်း တွေ့ရသည်။ မေတ္တာသည် တောင်သူသင်တန်းကျောင်း လုပ်ငန်းစီမံချက် ရေးဆွဲရာတွင် လည်းကောင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရန် မျိုးများရွေးချယ်သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် လည်းကောင်း အမျိုးသမီးများကို ပါဝင်စေသည်။

နောက်ထပ် အောင်မြင်သည့် ကျား၊ မ ရေးရာ ချဉ်းကပ်နည်းတခုကို WorldFish၊ GRET၊ PACT နှင့် ငါးလုပ်ငန်းဦးစီးဌာန တို့က အကောင်အထည်ဖော်သည့် MyFish စီမံချက်တွင် ဆောင်ရွက်ခဲ့သည်။ ဤစီမံချက်တွင် ကျား၊ မ ရေးရာ မဟာဗျူဟာ ပါရှိသည်။ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မဟာဗျူဟာ အကြံဉာဏ်၊ သုတေသနတို့နှင့် ပတ်သက်၍ ကျား၊မ ရေးရာ ကျွမ်းကျင်သူတစ်ဦးနှင့် တိုင်ပင်ကာ စီမံချက်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့တွင် ထည့်သွင်းခဲ့သည်။ ၂၀၁၇ခုနှစ်တွင် အသေးစားငါးမွေးမြူရေးတွင် ကျား၊မ ရေးရာ ဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ရေး လုပ်ရှားမှုများကို ပတ်သက်ဆက်နွှယ်သူများ၊ ရပ်ရွာလူထုများ နှင့်အတူ ဆောင်ရွက်ခဲ့သည်။ ကျား၊မ ခွဲခြားထားသော ပြည့်စုံသည့် ဒေတာများသည် ဤစီမံချက်၏ ကျား၊ မ ရေးရာ မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် အခြေခံ ဖြစ်သည်။ ဤသုတေသနသည် ကျား၊ မ အားလုံးပါဝင်စေသည့် အသေးစား ငါးမွေးမြူရေး၏ အကျိုးကျေးဇူးများ၊ လူမှုရေးစံနှုန်းများ၊ အစဉ်အလာအရ ကျား၊ မ တို့၏ အခန်းကဏ္ဍများ၊ အမျိုးသမီးများအတွက် ဝန်ဆောင်မှုနှင့် အရင်းအမြစ် လက်လှမ်းမမီမှုများ စသည့် အဟန့်အတားများတို့ကို ဖော်ထုတ်သည်။ ဤကဏ္ဍတွင် အမျိုးသမီးများ ပေါင်းစည်းမှုကို ကောင်းမွန်စေမည့် ခြေလှမ်းများကိုလည်း ဖော်ထုတ်သည်။ ဥပမာအားဖြင့် အမျိုးသမီးများက အကောင်အထည်ဖော်ရန် သင်ယူမည့် နည်းပညာများကို မိတ်ဆက်ပေးမည့် ရိတ်သိမ်းချိန်လွန် ကဏ္ဍကို ဖြစ်ထွန်းစေခြင်း ဖြစ်သည်။ ဤစီမံချက်သည် အသေးစား ငါးမွေးမြူရေးတွင် အမျိုးသမီးများ၏ အောင်မြင်မှု ဇာတ်လမ်းများကို မှတ်တမ်းတင်ကာ ထုတ်ဝေသည်။ အသေးစားငါးမွေးမြူရေးကို စီမံခန့်ခွဲရာတွင် အမျိုးသမီး အမျိုးသားများ၏ အခန်းကဏ္ဍ နှင့် တာဝန်ယူမှုများ၊ အရင်းအမြစ်များကို ထိန်းချုပ်နိုင်စွမ်း၊ ယင်းတို့နှင့် စပ်ဆိုင်သည့် ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းကို ဤစီမံချက်၏ အပြုသဘော သက်ရောက်မှုများအဖြစ် တွေ့ရလိမ့်မည်။*

Welthunderhilfe (WHH)က အကောင်အထည်ဖော်သော Delta RISE စီမံချက်တွင် အမျိုးသမီးများသည် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများတွင် အရေးပါသော နေရာများကို တခါတရံ ရထားတတ်ကြသော်လည်း ယင်းတို့၏ အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက်ချရာတွင် ပါဝင်လေ့မရှိတတ်သည်ကို တွေ့ရှိရသည်။ အမျိုးသားများသည် မိသားစု၏ ပစ္စည်းများ၊ မြေများကို ပိုင်ဆိုင်တတ် ကြပြီး အမျိုးသမီးများကို မတိုင်ပင်ပဲ ဆုံးဖြတ်တတ်ကြခြင်းမှာ အတားအဆီးတစ်ခု ဖြစ်သည်။

GRET ၏ ထောက်ပံ့ငွေအသေးစားရန်ပုံငွေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ အရပ်ဘက်လူမှုအဖွဲ့အစည်း အားဖြည့်ခြင်း စီမံချက်တွင် ကျား၊ မ ရေးရာ လုပ်ငန်းအဖွဲ့ လည်း ပါဝင်သည်။ ယင်းတွင် မြို့နယ်တိုင်းမှ ကိုယ်စားလှယ် တစ်ဦးစီနှင့် မိတ်ဖက်အဖွဲ့အစည်း၏ ကျား၊ မ ရေးရာ တာဝန်ခံတို့ပါဝင်သည်။ ၂၁၁၈ ခုနှစ် တွင် GRET သည် စီမံချက်အောက်ရှိ CSO များ အတွက် ကျား၊ မ ရေးရာကဏ္ဍ မိတ်ဆက် သင်တန်းတစ်ခုကို ဖွင့်လှစ်ပေးမည် ဖြစ်ပါသည်။ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့် အဖွဲ့၏ နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကျား၊ မ ရေးရာ ကိစ္စများကို သင့်တော်သည့်အတိုင်း ထည့်သွင်းစဉ်းစားစေရန် ဖြစ်သည်။

PATH ၏စီမံချက်သည် အားဖြည့်ဆန်ကို မိတ်ဆက်ပေးသည်။ ယင်းသည် အမျိုးသား အားဖြည့်ဆန်မူဝါဒ ဆန်းစစ်ချက်မှ ကျား၊ မ ရေးရာ ဆန်းစစ်ချက်၏ တွေ့ရှိချက်များကို အသုံးပြုထားသည်။ အမျိုးသားအဆင့် အားဖြည့်ဆန် မူဝါဒသည် ကျား၊ မ ရေးရာကို အလေးမူစေရန် ရည်ရွယ်ထားပါသည်။ ယင်းတွင် အမျိုးသမီး၊ အမျိုးသားတို့၏ အသက်မွေးမှု နှင့် အာဟာရအပေါ် သက်ရောက်မှုတို့ မတူညီကြောင်း အသိအမှတ်ပြုထားသည်။

### အပူပိုင်းဇုန် အစီအစဉ်

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း (Myanmar Nurses and Midwives Association, MNMA) နှင့်ဆင်းရဲမှု ပပျောက်ရေး တီထွင် ဆန်းသစ်မှုများ(Innovations for Poverty Action, IPA) က အကောင်အထည်ဖော်သည့် LIFT ရန်ပုံငွေ ပံ့ပိုးသော LEGACY စီမံချက်သည် အာဟာရနှင့် တကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ SBCCကို အမျိုးသားများသို့ ဦးတည် ဆောင်ရွက်ခဲ့သည်။ ကလေး၏ ဘဝအစ ပထမ ရက် ၁၀၀၀ တွင် မိခင်နှင့် ကလေးတို့၏ အာဟာရ ကောင်းမွန်ရေးမှာ အရေးကြီးကြောင်း နားလည်လာစေရန် ဖြစ်သည်။

*ထုတ်ဝေမှုများကို http://pubs.iclarm.net/resource_centre/FISH-2017-12.pdf တွင် တွေ့ရှိနိုင်ပါသည်။

နိုင်ငံတကာမြေဩဇာဖွံ့ဖြိုးမှုဌာန(IFDC)၏စီမံချက်သည် စိုက်ပျိုးရေးဦးစီးဌာန (DOA) ဝန်ထမ်းများကိုလည်း စိုက်နည်းကောင်းများကို သရုပ်ပြသည့် တောင်သူ့နေ့ပြပွဲများတွင် ပါဝင်တက်ရောက်စေသည်။ ၂၀၁၇ခုနှစ် တွင် DOAသည် စီမံချက်က ကျင်းပသည့် အခမ်းအနား၂,၂၀၀ကျော်ကို တက်ရောက်ခဲ့သည်။ ၂၀၁၆ခုနှစ် လုပ်ငန်း စတင်ချိန်မှထက် ၉၀ ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်သည်။ DOA မှ တက်ရောက်သူ ၄၄ ရာခိုင်နှုန်းမှာ အမျိုးသမီး ဖြစ်သည်။ လုပ်ငန်းစတင်ချိန်မှ ဆိုသော် အမျိုးသမီး ၄,၆၃၁ဦးသည် တောင်သူ သင်တန်းများကို တက်ရောက်ခဲ့ကာ ယင်းတို့၏ စိုက်ပျိုး- စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဘောက်ချာ စနစ်ဖြင့် အသေးစား ငွေများကို ရရှိခဲ့ပြီး ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် အမျိုးသမီး လက်လီ အရောင်းလုပ်ငန်းရှင် ၁၄ ဦးသည် စုစုပေါင်း ကန်ဒေါ်လာ ၁၁၂,၅၀၀ တန်ဖိုးရှိသော စီးပွားရေး ထောက်ပံ့ငွေများကို လက်ခံရရှိခဲ့သည်။

## ရခိုင်ဒေသ အစီအစဉ်

ရခိုင်ဒေသတွင် အမျိုးသမီးများ၏ လှုပ်ရှားမှုမှာ အမျိုးသားများထက် အကန့်အသတ်ခံ ထားရသည်။ ထို့ကြောင့် သင်တန်းတက်ရန် အလုပ်လုပ်ရန် အခွင့်အလမ်းများ အကန့်အသတ်ဖြင့်သာ ရှိနေသည်။ အမျိုးသမီးများသည် အစဉ်အလာအရ အိမ်တွင် လုပ်နိုင်သည့် ရက်ကန်းကဲ့သို့သော အသက်မွေးမှု များတွင်သာ ပါဝင်ကြသည်။ လယ်မြေများကိုမူ အစဉ်အလာအရ အမျိုးသားများကသာ ပိုင်ဆိုင်ကြသည်။

NRC/DRC က ဆောင်ရွက်နေသော ရခိုင်ပြည်နယ်မှ စခန်းတွင်း/စခန်းပြင်ပ လူငယ်များ အတွက် အသက်မွေးမှုပညာ သင်တန်း နှင့် အသက်မွေးမှု အခွင့်အလမ်းများ စီမံချက် သည် IDP လူငယ်များကို သင်တန်းများ ပေးသည်။ ကျား၊ မ ရေးရာ ဆန်းစစ်သူ တစ်ဦးက ကျား၊ မ ရေးရာ ကိစ္စများကို အထူးသိမြင် စေရန်၊ ယင်းစီမံချက်တွင် ကျား၊ မ ရေးရာ သတိမူမှုကို ပေါင်းစည်းစေရန် ကူညီခဲ့သည်။ သို့သော် ကျား၊ မတန်းတူ ညီမျှမှု အကြံပေးချက်များကို ဆောင်ရွက်ခြင်းမှာ အမြစ်တွယ်နေသော အစဉ်အလာများ နှင့် လူမှုရေးစံနှုန်း များကြောင့် စိန်ခေါ်ရာ ရောက်နေသည်။ အထူးသဖြင့် မွတ်စလင်မ် အသိုက်အဝန်းတွင် သင်တန်းသူများကို အမျိုးသမီး သင်တန်းဆရာများကသာ ထိရောက်စွာ သင်ကြား ပေးနိုင်ကြောင်း သင်ခန်းစာ ရခဲ့သည်။ အမျိုးသမီး သင်တန်းဆရာများကို သုံးသောအခါမှသာ သင်တန်း များကို ပိုမို လက်ခံလာကြသည်၊ အမျိုးသမီး များ ပိုမို ပါဝင်လာနိုင်ကြသည်။

CARE၏ရသေ့တောင်မြို့နယ်ရှိအိမ်ထောင်စုများရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ ရပ်ရွာညီညွတ်ရေး အတွက် ထောက်ပံ့ခြင်း စီမံချက်သည် ကျား၊ မ တန်းတူညီမျှရေး နှင့် မတူကွဲပြားမှု သင်တန်းတစ်ခုကို ဝန်ထမ်းများအား ပေးခဲ့ပြီး အမျိုးသား အများစု တက်ရောက်ခဲ့ကြသည်။ စီမံချက်တလျှောက်လုံးတွင် အမျိုးသား နှင့် အမျိုးသမီး တန်းတူ အကျိုးခံစားနိုင်စေမည့် မဟာဗျူဟာများ၊ ချဉ်းကပ်နည်းများကို ပြုစုနိုင်ရန် သင်တန်းသားများက သင်ယူကြသည်။ ယင်းတို့၏ အိမ်ထောင်စုအတွင်း ဆုံးဖြတ်သူ အခန်းကဏ္ဍကို အားဖြည့်ပေးရန် နှင့် ခိုင်မာစေရန်အတွက် အမျိုးသမီးများကို ဦးတည်ကာ နည်းပညာကျွမ်းကျင်မှုနှင့် ဆုံးဖြတ်နိုင်စွမ်း တိုးတက် စေရန် သင်တန်းများပေးသည်။ ထိုဆောင်ရွက်မှုမှာ အလားအလာကောင်းသည့် ဆောင်ရွက်မှု တစ်ခု ဖြစ်သည်။ ငွေစုငွေချေးအသင်း (village savings and loan assoiciations, VSLA)စသော ရပ်ရွာ အသင်း များဖြင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းကို ဖြစ်ထွန်းစေပါသည်။ ယခင်ကမူ ထိုအဖွဲ့များကို အမျိုးသားများ၏ အဖွဲ့ဟုသာ ယူဆခဲ့ကြသည်။ ယင်းတို့သည် ရပ်ရွာအဆင့်၌ပင် ပါဝင်နိုင်လာပြီး အပြောင်းအလဲကို လုပ်သူများ ဖြစ်လာနိုင်ပြီဟု အမျိုးသမီးများ ကိုယ်တိုင်က တင်ပြကြသည်။

တက်လမ်းစီမံကိန်း သည် အာဟာရဆိုင်ရာ(SBCC) သင်တန်းများတွင် အမျိုးသားများကို ပါဝင်စေခဲ့သည်။ အမျိုးသားများသည် ကိုယ်ဝန်ဆောင်ခြင်း၊ မျိုးဆက်ပွား ကျန်းမာရေး၊ ကောင်းမွန်သော အာဟာရ၊ တကိုယ်ရည် သန့်ရှင်းရေး တို့ကို လေ့လာ သင်ယူကြသည်။ ဤ စီမံချက် သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများတွင် အမျိုးသမီး-အမျိုးသားများ ပါဝင်ဆောင်ရွက်မှုကိုလည်း လေ့လာ စောင့်ကြည့်ပါသည်။ ၂၀၁၇ နှစ်ကုန်တွင် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီဝင် ၃၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။ အမျိုးသမီးများသည် အစည်းအဝေး မှန်မှန် တက်ကာ ယင်းတို့၏ အမြင်များကို ထုတ်ဖော်ခဲ့ကြသော်လည်း မိမိတို့၏ အမြင်များကို အခြားသူများက ထည့်သွင်း စဉ်းစားသည်ဟု အဖွဲ့ဝင် အမျိုးသမီးများ၏ ၂၅ ရာခိုင်နှုန်း ကသာ ထင်မြင်ကြောင်း ဤစီမံချက်၏ စစ်တမ်း တစ်ရပ် အရ သိရသည်။ ဤစီမံချက်သည် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ရှိလာရန်၊ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများတွင် ပါဝင်လာစေရန် လုပ်ငန်းသစ် တရပ်ဖြင့် ကိုင်တွယ် ဆောင်ရွက်ရန် စီမံနေသည်။

## တောင်တန်းဒေသ အစီအစဉ်

LIFT ရန်ပုံငွေပံ့ပိုးသည့် တောင်တန်းဒေသ စီမံချက်များတွင် ကျား၊ မရေးရာကို ပိုမို ထည့်သွင်း ဆောင်ရွက်နေကြသည်။ ၂၀၁၇ခုနှစ် တွင် ကျား၊မ ရေးရာနှင့် သက်ဆိုင်သည့် စိန်ခေါ်မှု အချို့နှင့် ရင်ဆိုင်ခဲ့ရသည်။ ဥပမာအားဖြင့် Tag International နှင့် ပါရမီ ဖွံ့ဖြိုးရေးကွန်ရက်က ဆောင်ရွက်နေသည့် Plan Bee စီမံချက်တွင် အမျိုးသားများကို ခရီးသွားခွင့် ကန့်သတ်ထားသဖြင့် ပျားများ၏ သဘာဝ အလျောက် ရွှေ့ပြောင်းရာသီ များတွင် လိုက်ပါနိုင်ခြင်း မရှိဘဲ ဖြစ်နေသည်။ ဤစီမံချက်သည် အမျိုးသမီးများ ပါဝင်ရေး ကို အဆက်မပြတ် ကြိုးပမ်းခဲ့သည်။ ဥပမာအားဖြင့် အမျိုးသမီးများကို မိသားစု များနှင့် အတူ ခရီး သွားရန် အားပေးခြင်း၊ စွန့်ပစ်ပစ္စည်း ဖြင့် အမျိုးသမီးများ အိမ်တွင် လုပ်နိုင်သည့် ပျား ဖယောင်းတိုင်၊ ပရုပ်ဆီစသည့် ဝင်ငွေရလမ်းများကို ဖြစ်ထွန်းစေခြင်းတို့ ဖြစ်သည်။

Swissaid၊ GRET၊ မေတ္တာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း တို့ ဆောင်ရွက်နေသည့် တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ တွင် လူများစု၏ ကျား၊ မ ရေးရာ အမြင်ကို စီမံချက် တလျှောက်လုံး အသုံးပြုနေသည်။ စီမံချက် အကောင်အထည်ဖော်ရာတွင် ကျား၊မ ရေးရာကို အလေးမူစေရန် ၊ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း ကိုလည်း ကျား၊ မ ရေးရာ ရှုထောင့်မှ ဆောင်ရွက်စေရန် အစကပင် ကျား၊ မ ရေးရာ ဆန်းစစ်သူ တစ်ဦးကို စီမံစေခဲ့သည်။ ကျား၊ မ ခွဲခြား ဆက်ဆံခြင်းကို ကိုင်တွယ် ဖြေရှင်းရန် အမျိုးသမီး များ၏ လုပ်ကိုင်နိုင်စွမ်း၊ ခေါင်းဆောင်မှု၊ အသက်မွေးမှု တို့ကို ဦးတည် ရေးဆွဲခဲ့သည်။

CDN ဦးဆောင်သည့် ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ နွမ်းပါးသူများ ဝင်ငွေနှင့် အာဟာရ တိုးတက် ကောင်းမွန်ရေး စီမံချက်သည် စီမံချက် က ပေးသည့် အရင်းအမြစ်များကို အမျိုးသမီးများ ပိုမို လက်လှမ်းမီစေရန်၊ ထိန်းချုပ် နိုင်ရန်၊ ကျေးရွာ ဖွံ့ဖြိုးရေး လှုပ်ရှားမှုများတွင် အမျိုးသမီးများ ပိုမို ပါဝင်လာစေရန် ထိရောက်သည့် နည်းလမ်း များကို ဖော်ထုတ်ခဲ့သည်။ ဤစီမံချက်သည် အမျိုးသမီးများ နည်းပညာကျွမ်းကျင်မှုကို သင်ယူနိုင်မည့်အဖွဲ့ငယ်

များကို ထူထောင်ပေးခဲ့သည်။ အုပ်စုငယ် များတွင် ပါဝင်ရသဖြင့် အချင်းချင်း ထောက်ပံ့ကာ ဆုံးဖြတ်နိုင်စွမ်းကို သင်ယူကာ ယုံကြည်မှု ရှိလာ ကြသည်။ CDN သည် စီမံချက်လုပ်ငန်းများ အားလုံးတွင် အမျိုးသမီးများ ပါဝင်စေပြီး၊ အစဉ်အလာက အမျိုးသားများသာ များပြားခဲ့သည့် ကျား၊ မ ရောနှော အဖွဲ့များတွင် ယင်းတို့၏ အမြင်ကို ပြောဆို နိုင်အောင် အားပေးခဲ့သည်။

၂၀၁၇ တွင် Myanmar Institute for Integrated Development မြန်မာပေါင်းစည်းဖွံ့ဖြိုးရေးဌာန (MIID) သည် ချင်းပြည်နယ် ကျေးလက်ဒေသတွင် စိုက်ပျိုးရေး ပညာပေးခြင်း၊ အာဟာရ ပညာပေးခြင်း ဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ထွက်ပေါ်စေခြင်း စီမံချက်ဖြင့် ဟားခါးမြို့နယ်ရှိ အမျိုးသမီး အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို စူးစမ်း ဆန်းစစ်ခဲ့သည်။ ကျား၊ မ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုကို လုပ်ကိုင်နေသည့် လက်ရှိ အရင်းအမြစ် များကို ဖော်ထုတ်ရန် ဖြစ်ပါသည်။ ထို အမျိုးသမီး အဖွဲ့အစည်းများသည် စီမံချက်၏ ကျား၊ မရေးရာ မဟာဗျူဟာကို အစဉ်အလာနည်းဖြင့် အကောင်အထည်ဖော်မည်။ ဤစီမံချက်သည် အမျိုးသား တို့၏ ကျား၊ မဆိုင်ရာ အစွဲများကို စိန်ခေါ်မည် ဖြစ်ပြီး အမျိုးသမီးတို့၏ ဆုံးဖြတ်သူ အခန်း ကဏ္ဍကို တဦးချင်းအဆင့်မှ မူဝါဒအဆင့်ထိ တိုးတက်အောင် လုပ်ဆောင်မည်။

## လူမှုအဖွဲ့အစည်း ၊ မဟာဗျူဟာ မိတ်ဖက်ပြုခြင်း အစီအစဉ်

ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN) သည် LIFT ၏ မဟာဗျူဟာ မိတ်ဖက်အဖွဲ့ဖြစ်သည်။ GEN သည် ကျား၊ မ တန်းတူ ညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုကို ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားသည်။ အုပ်ချုပ်ရေးနှင့် ပြည်သူ့ဘဝတွင် ကျား၊ မ တန်းတူညီမျှမှု ရရှိ စေရန် အာရုံစိုက်ထားသည်။ ဆွေးနွေး လှုံ့ဆော်ခြင်း၊ အုပ်ချုပ်ရေး ကဏ္ဍ အားလုံးတွင် အမျိုးသမီးများ ပါဝင်နိုင်ခွင့် များပြားလာစေခြင်း တို့ဖြင့် ဆောင်ရွက်မည် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် GEN သည် ဝန်ကြီးဌာန စုံပါဝင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသို့ အထောက် အထား အခြေပြုနည်းပညာအကြံကို ပေးခဲ့သည်။ ၂၁ရာစု ပင်လုံညီလာခံ CSO နီးနှောဖလှယ်ပွဲတွင်လည်း GENသည် CSO အလုပ်များတွင် ကျား၊ မ တန်းတူ ညီမျှရေးကို ကောင်းမွန်စေရန် ဆွေးနွေး လှုံ့ဆော်ခဲ့သည်။ ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးရေးနှင့် ကာကွယ်ရေး ဥပဒေ (PoVAW) ပြဋ္ဌာန်းနိုင်ရေးတွင် GENသည် အခိုင်အမာ ဆွေးနွေး လှုံ့ဆော်သူ ဖြစ်ခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် GEN သည် ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် ကျား၊ မ ရေးရာ သက်ရောက်မှု သုတေသနကို ထုတ်ဝေ ခဲ့သည်။[၉၆] မြန်မာနိုင်ငံရှိ ယဉ်ကျေးမှု စံနှုန်းများ၊ ခွဲခြား ဆက်ဆံ သည့် လူမှုအမူအကျင့်များ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အသိအမြင် များလာစေရန် GEN က ဆက်လက် ဆောင်ရွက်လျက် ရှိသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

၂၀၁၇ခုနှစ်တွင် LIFTသည်အသေးစားငွေရေးကြေးရေး လုပ်ငန်းကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုကို အရည်အသွေးအရ စစ်တမ်းကောက်ယူခဲ့သည်။ တွေ့ရှိချက် များမှာ အပရိကသာ ဖြစ်သည်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း၏ ငွေစုငွေချေးသူများဖြစ်သည့် အမျိုးသမီးများသည် မိမိကိုယ်မိမိ တန်ဖိုးထားမှု၊ မိမိကိုယ်မိမိ ယုံကြည်မှုတို့ တိုးတက်လာသည်။ ယင်းတို့၏ဝင်ငွေကြောင့် အိမ်ထောင်စုအတွင်း အဆင့်အတန်း တိုးတက်လာသည်။ စီးပွားရေး အလုပ်များ လုပ်ရသဖြင့် ပိုမိုရွေ့လျားလာသည်။ သို့သော် ဆုံးဖြတ်ချက် ချမှတ်သူအဖြစ် ပါဝင်မှုမှာ အနည်းငယ်သာ ပြောင်းလဲသည်။ အမျိုးသမီးများသည် ပစ္စည်းများကို ပိုမို လက်လှမ်းမီ လာသည်၊ ထိန်းချုပ်နိုင်လာသည်၊ သို့သော် ပစ္စည်းများကို ပိုင်ဆိုင်မှုမှာ ပြောင်းလဲခြင်း မရှိသေးပေ၊ ယင်းတို့သည် အမျိုးသားများ လက်အောက်တွင်သာ ရှိသေးသည်။

## မြေယာ

LIFT၏ မဟာဗျူဟာမိတ်ဖက် Land Core Group သည် သုတေသီများကို စုစည်းကာ မြန်မာနိုင်ငံအရပ်ရပ်တွင် ကျား၊ မ ရေးရာ နှင့် မြေယာ အပြန်အလှန် ဆက်သွယ်မှုကို နားလည်ရန် ဖြစ်သည်။ ယင်းအဖွဲ့သည် ကလေး၊ ကော့ကရိတ်၊ ထားဝယ်ရှိ ရွာ ၄-ရွာမှ ဒေသအာဏာပိုင်များ၊ အိမ်ထောင်စု ၃၉၃ စုနှင့် ၂၄ ကြိမ်တွေ့ဆုံမေးမြန်းခဲ့သည်။ ပဏာမ ရလဒ်များကို ၂၀၁၇ခုနှစ် ဩဂုတ်လတွင် မိတ်ဖက်များသို့ တင်ပြခဲ့သည်။

လုပ်အားခွဲဝေမှုအရ အမျိုးသမီးများသည် ကလေးများကို ဂရုစိုက်ခြင်း၊ အိမ်ထောင်မှု၊ အိမ်ခြံဝင်းစိုက်ခင်း၊ ဈေးရောင်းခြင်းတို့ကို တာဝန်ယူ ရသည်။ အမျိုးသမီး အမျိုးသားတို့၏ အလုပ်တာဝန်မှာ အသက်၊ အိမ်ထောင်ရေး အခြေအနေ၊ ဒေသစံနှုန်း တို့ကိုလိုက်ကာ ကွဲပြားသည်။ ကျား၊ မ ကွဲပြားမှု သက်သက်ဖြင့် အိမ်ထောင်စု၏ အလုပ်ခွဲဝေမှုကို နားလည်ရန် မလွယ်ပေ။ အမျိုးသားတို့က အမျိုးသမီးတို့ထက် လယ်မြေပိုင်မှု ပိုများသည်။ စစ်တမ်းကောက်ယူခဲ့သည့် နယ်မြေအတွင်းတွင် အမွေဆက်ခံမှု ပုံစံမတူကြောင်း စစ်တမ်းအရ တွေ့ရသည်၊ အချို့နေရာများတွင် အမျိုးသား တို့က ဆက်ခံမှုများသည်၊ အချို့ နေရာများ တွင် အမျိုးသမီးတို့က ဆက်ခံမှု များသည်၊ ကျန်နေရာများတွင် မျှနေသည်။ လယ်မြေနှင့်ပတ်သက်၍ ဖြေရှင်းရန် ရှိပါက အမျိုးသားရော အမျိုးသမီးပါ ရွာလူကြီးထံသို့ သွားကြသော်လည်း၊ အဆင့်မြင့်သည့် အာဏာပိုင်များသို့မူ အမျိုးသားများ ကသာ ပိုမို သွားရဲကြသည်။ အစိုးရရုံးများသည် ‘ယောကျ်ားနေရာ’ ဖြစ်သောကြောင့် အမျိုးသမီးများ မသွားရ နယ်မြေ ဖြစ်သည်ဟု အမျိုးသမီးများက ဆိုကြသည်။

## ရွှေ့ပြောင်း သွားလာရေး

ရွှေ့ပြောင်းသွားလာရေး အစီအစဉ်၏ တွဲလက် စီမံချက်သည် ရွှေ့ပြောင်းသွားလာမည့်သူများကို အသက်မွေးမှု အတတ်ပညာသင်တန်းများ ပေးသည်။ သင်တန်းများကို ‘အမျိုးသား အတွက်’ (ဥပမာ၊ ဂဟောဆော်) ၊ ‘အမျိုးသမီး အတွက်(ဥပမာ၊ အထည်ချုပ်) ဟု ခွဲထား သဖြင့် ကျား၊ မဆိုင်ရာ အစွဲများနှင့် စတင် တွေ့ရှိ ရတော့သည်။ ‘ယောကျ်ားများ တက်သော သင်တန်း’ တက်ရန် အမျိုးသမီး အနည်းငယ် ကို ဤစီမံချက်က ဆွဲဆောင် နိုင်ခဲ့သည်။ ယင်း အမျိုးသမီးများသည် မည်သည်က အမျိုးသမီးနှင့် သင့်တော်သည်၊ အမျိုးသားနှင့် သင့်တော်သည် ဟု ယင်းတို့ ရပ်ရွာက မြင်နေသည်ကို အမြင်ကို ပြောင်းလဲအောင် ဆောင်ရွက်ခဲ့သည်။ ငယ်ရွယ်သည့် သင်တန်းသူများ ကိုလည်း ယောကျ်ားလေးများ တန်းတူ အခွင့်အလမ်းရှိရန် ဆောင်ရွက်ပေးခဲ့သည်။ ဤစီမံချက် သည် ကျား၊ မ ရေးရာ ကနဦး ဆန်းစစ်ချက်ကို အသုံးပြု၍ စီမံချက်ကို စီမံခဲ့ပြီး ကျား၊ မ ရေးရာ အလေးမူသည့် ရည်ရွယ်ချက်များနှင့် ကျား၊ မ တန်းတူ ညီမျှမှုကို ဦးတည်သည့် ချဉ်းကပ်နည်းများကို ပြုစုခဲ့သည်။

၉၆။ http://www.genmyanmar.org/research_and_publications

CARE International က အကောင်အထည်ဖော်သည့် အောင်မြင်မှု စီမံချက်သည် ရပ်ရွာအတွင်းရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အလုပ်ခွင် လိင်ပိုင်းအနှောင့်အယှက်ပြုမှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက် ပေးသည်။ ဤစီမံချက်သည် အထည်ချုပ်လုပ်ငန်း ခေါင်းဆောင်များနှင့်အတူ လက်တွဲကာ နိုင်ငံတကာ စံချိန်မီ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းအနှောင့်အယှက်ပြုမှု ဆိုင်ရာ လက်စွဲကို ပြုစုခဲ့သည်။ လိင်ပိုင်း အနှောင့်အယှက်ပြုမှု များကို ကာကွယ်ရန်၊ တုံ့ပြန်ရန် လုပ်ငန်းခွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရန် အလုပ်ရုံ ဝန်ထမ်းများကို CAREက လက်တွဲ သင်ကြားပေးမည် ဖြစ်သည်။

EDEN က အကောင်အထည်ဖော်နေသော LIFT ၏ ရန်ပုံငွေပံ့ပိုးပေးထားသည့် စီမံချက် သည် ရန်ကုန်ရှိ လူကုန်ကူးခံရသူများကို ထောက်ပံ့လျက် ရှိသည်။ ဤစီမံချက်သည် ရန်ကုန်ရှိ လူကုန်ကူးခံရသူ စုရုံးရာနေရာများတွင် ကွင်းဆင်း အစီအစဉ်များကို ဆောင်ရွက်နေသည်။ လူကုန်ကူးခံရသူ အမျိုးသမီးများကို ထောက်ပံ့သည်။ စိတ်ပိုင်းဆိုင်ရာ ကုထုံးဖြင့် ယင်းတို့ စိတ်အား လူအား ပြန်လည်ရရှိလာသည်အထိ ထောက်ပံ့သည်။ ၂၀၁၇ခုနှစ်တွင် ဤစီမံချက်သည် အမျိုးသမီး ၃၀ဦး ခိုလှုံနိုင်မည့် ခိုနားရာအိမ် နောက်တစ်လုံးကို ထူထောင်ခဲ့သည်။ EDEN သည် လူကုန်ကူးခံရသည့် ထိခိုက်လွယ်သူ အမျိုးသမီးများကို အသက်မွေးမှုပညာ သင်တန်းပေးကာ ကျွမ်းကျင်မှုနှင့်ကိုက်ညီသော အလုပ်ရရှိနိုင်အောင် ကူညီပေးခဲ့သည်။









၆

# မူဝါဒရေးရာနှင့် အစိုးရသို့ အထောက်အပံ့

၆.၁

## အာဟာရ

### ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အာဟာရ မူဝါဒ

၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် သည် မကွေးတိုင်းဒေသကြီး ပခုက္ကူ ခရိုင် ကြီးရွာရှိ LIFT ရန်ပုံငွေ ပံ့ပိုးသည့် MCCT စီမံချက်သို့ လာရောက် လေ့လာခဲ့သည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပထမ အကြိမ် အာဟာရဆိုင်ရာ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ကျင်းပခဲ့သည်။ ပြည်ထောင်စု ဝန်ကြီးငါးဦး၊ အလှူရှင်နိုင်ငံ ခြောက်ဖွဲ့၊ ကုလသမဂ္ဂ အဖွဲ့အစည်း ခြောက်ခု၊ ကမ္ဘာ့ဘဏ်တို့က အာဟာရဆိုင်ရာ ပြဿနာသည် အမျိုးသားအဆင့်တွင် ကဏ္ဍစုံမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သည့် နည်းလမ်းဖြင့်သာ ဖြေရှင်းနိုင်မည် ဟု ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးဌာန ပေါင်းစုံ ပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့တစ်ရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းပေးခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် သာသနာရေး နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတို့ ပါဝင်သည်။

၂၀၁၇ခုနှစ် ပထမနှစ်ဝက်တွင် ကဏ္ဍစုံပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ထူထောင်ရေးမှာ နေးကွေး နေသည်။ နောက်ပိုင်းတွင် အစိုးရ၏ ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit, DACU)သည် ဦးစားပေးနယ်ပယ် အလိုက် ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ ၁၀ဖွဲ့ကို ဖန်တီးပေးခဲ့ရာ ထိုဆောင်ရွက်မှုဖြင့် လှုပ်ရှားအသက်ဝင် လာခဲ့သည်။ DACU ဆောင်ရွက်မှုသည် မြန်မာ နိုင်ငံ၏ အာဟာရဆိုင်ရာ၌ သိသိသာသာ ရင်းနှီး မြှုပ်နှံမည့် ကမ္ဘာ့ဘဏ်၏ ကတိကဝတ် ကြေညာချက်နှင့် တိုက်ဆိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အာဟာရ ဆိုင်ရာ၌ ကမ္ဘာ့ဘဏ်၏ ပါဝင်မှုသည် မူဝါဒ ပေါင်းစပ်ညှိနှိုင်းမှုကို အားဖြည့်ပေးလိမ့်မည် ဖြစ်သည်။

ဒုတိယနှစ်ဝက်တွင် ပင်မပတ်သက်ဆက်နွယ်သူများက အာဟာရကဏ္ဍ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ(National Sector Coordination Committee, NNSCC)ကို ဖွဲ့စည်းရန် သဘောတူခဲ့ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်မည် ဖြစ်သည်။ ဤမူဘောင် အောက်တွင် အာဟာရအသိပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ကာ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အလှူရှင်များ၊ ပုဂ္ဂလိက ကဏ္ဍ၊ အခြားသက်ဆိုင်သည့် ဝန်ကြီး ဌာနများ ပါဝင်ကြမည်။ NNSCCသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အာဟာရဖြစ်ထွန်းရေး လုပ်ငန်းကော်မတီများကို လမ်းညွှန်မှုနှင့် အကြံဉာဏ်များ၊ လိုအပ်သည်များကို ဖြည့်ဆည်းပေးမည်။ ယင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးချုပ်များက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ကြမည် ဖြစ်သည်။

ရေးဆွဲခဲ့သည့် လုပ်ငန်းရပ်များမှာ-

- အာဟာရကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များကို နိုင်ငံတော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်များတွင် ထူထောင်ရန်
- အမျိုးသားအဆင့် အာဟာရ မူဝါဒနှင့် လုပ်ငန်း စီမံချက်(၂၀၁၇-၂၀၂၁)ကို ပြင်ဆင် ရေးဆွဲရန်
- အာဟာရဆိုင်ရာ အမျိုးသားအဆင့် တိုက်တွန်းလှုံ့ဆော်ဆွေးနွေးရေး မဟာဗျူဟာကို ရေးဆွဲရန်
- ဘက်စုံအာဟာရမြှင့်တင်ရေး လုပ်ဆောင်ချက်များကို တိုးချဲ့ရန်
- ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ရေးဆွဲရန် နှင့် အရင်းအမြစ်များကို စုစည်းရန်
- ၂၀၁၇ခုနှစ်တွင် အမျိုးသားအဆင့် အာဟာရနှင့် ရိက္ခာဖူလုံမှု စစ်တမ်းကောက်ယူရန်
- အမျိုးသားအဆင့် အာဟာရဆိုင်ရာ နှီးနှော ဖလှယ်ပွဲ ကျင်းပရန်

### အမျိုးသားအဆင့် ကဏ္ဍစုံအာဟာရဆိုင်ရာ လုပ်ငန်း စီမံချက်(Multi-Sector National Plan of Action on Nutrition, MS–NPAN)

အမျိုးသားအဆင့် ကဏ္ဍစုံအာဟာရဆိုင်ရာလုပ်ငန်း စီမံချက် (MS-NPAN) ၂၀၁၈-၂၀၂၂ ရေးဆွဲခြင်းကို ၂၀၁၇ခုနှစ် ဇန်နဝါရီတွင် စတင်ခဲ့သည်။တစ်နှစ်ကြာသောအခါ နောက်ဆုံးမူကြမ်းကို ဝန်ကြီးထံသို့ အတည်ပြုရန် တင်ပြခဲ့သည်။ ဤလုပ်ငန်းစဉ်ကို ပြည်သူ့ ကျန်းမာရေးဦးစီးဌာန အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဦးစီးဌာန ဦးဆောင်ပြီး ဝန်ကြီးဌာနလေးခု၏ ပူးပေါင်းညှိနှိုင်းမှု အဖြစ် ကဏ္ဍစုံ ပါဝင်သည့် မူဘောင် နှင့် လုပ်ငန်းစီမံချက် ထွက်ပေါ်လာခဲ့သည်။ ယင်းတွင် ရလဒ်နယ်ပယ် ခြောက်ခု ပါရှိသည်။ ပင်မ ကဏ္ဍ လေးခုဖြစ်သည့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးရေး တို့အတွက် တစ်ခုစီဖြစ်ကာ အုပ်ချုပ်မှု နှင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းတို့ အတွက်လည်း တစ်ခုစီ ပါဝင်သည်။ မိခင်များ၊ ကလေးများ၊ အပျိုဖော်ဝင်စ မိန်းကလေးများတွင် အာဟာရမပြည့်ဝမှုကိုလျော့ကျစေမည့် ယေဘုယျ ရည်မှန်းချက်ကို ဖြည့်ဆည်းရန် ရေးဆွဲ ထားသည်။ LIFTသည် ဤစီမံချက်ရေးဆွဲရာတွင် တက်ကြွစွာ ပံ့ပိုး ပါဝင်ခဲ့ကာ ကုန်ကျစရိတ်များ တွက်ချက် ထားသည့် လုပ်ငန်း စီမံချက်တစ်ရပ် ပေါ်ထွက်လာရန်ကိုလည်း အလေးထား အာရုံစိုက် ထားသည်။ ဤလုပ်ငန်းစဉ် သည် ၂၀၁၈ခုနှစ် ပထမ နှစ်ဝက်တွင် ဒုတိယ အဆင့်သို့ ရောက်ရှိ တော့မည် ဖြစ်သည်။

### ချင်းပြည်နယ်တွင် အစိုးရနှင့်အတူ အာဟာရ အစီအစဉ် ဆောင်ရွက်ခြင်း

၂၀၁၇တွင် LIFTသည် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ ပေးခြင်း (MCCT)အစီအစဉ် အတွက် သိသိသာသာ ရင်းနှီးမြှုပ်နှံခဲ့ပြီး မိမိ၏ အာဟာရ ပံ့ပိုးမှု အစီအစဉ်ကို တိုးချဲ့လိုက်သည်။ ထိုအစီအစဉ်ကို လူမှုဝန်ထမ်း ဦးစီးဌာန(DSW)က အကောင်အထည်ဖော်မည် ဖြစ်သည်။ အစီအစဉ်တွင် အပိုင်း သုံးပိုင်း ပါဝင်သည်- ငွေကြေးထောက်ပံ့ခြင်း၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေး(SBCC) နှင့် ဌာနဆိုင်ရာစွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့ ဖြစ်သည်။ အသေးစိတ် ကို အခန်း၃.၄တွင် တွေ့နိုင်သည်။

LIFT နှင့် ယူနီဆက်ဖ်တို့သည် ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် SBCCကော်မတီကို ဖွဲ့စည်းရန် DSWကို တိုက်တွန်းခဲ့သည်။ ကော်မတီသည် ဧပြီလကုန်တွင် ပထမအကြိမ် အစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးကို လူမှုဝန်ထမ်းဦးစီးဌာန(DSW)၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာန (HLPU)၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာန (NNC)၊ ယူနီဆက်ဖ်၊ Save the Children၊ 3MDG၊ LIFTတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသို့ ငွေကြေး ထောက်ပံ့မှု နှင့်အတူ အာဟာရဆိုင်ရာ အသိပညာပေးမည့် စီမံချက်ကို DSWက တင်ပြခဲ့သည်။ အသိပညာပေးရေး နှင့် SBCCစာရွက်စာတမ်းများကို HLPUက ဦးဆောင်ကာ နည်းပညာအဖွဲ့ငယ်ဖြင့် ပြုစုသွားရန် သဘောတူကြသည်။ ရေတိုအနေဖြင့် ၂နှစ်အောက် ကလေးသူငယ်များကို ဖြည့်စွက်စာကျွေးခြင်းနည်းလမ်းများကို အာဟာရဆိုင်ရာအသိပညာပေးရာတွင် အသုံးပြုမည်၊ သို့သော် အကြောင်းအရာအလိုက် ကျယ်ပြန့်သော SBCC မဟာဗျူဟာ လိုအပ်မည် ဖြစ်သည်။

SBCC ကော်မတီ ထူထောင်ခြင်းသည်MCCT အစီအစဉ် အကောင်အထည်ဖော်ရန် ဝန်ကြီး ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ခု ဖြစ်သည်။ အာဟာရ နှင့် SBCCပညာပေးခြင်းများကို DSW နှင့် MoHSတို့ အတူတကွ တာဝန်ခံယူပြီး တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတွင် MCCT အစီအစဉ် ရေရှည်တည်တံ့ရေး အတွက် အရေးကြီးသည်။ LIFT နှင့် 3MDGတို့သည် ရန်ပုံငွေ ထောက်ပံ့ခြင်း နှင့် SBCC အပိုင်းများကို ဆက်လက်၍ ပူးပေါင်းထောက်ပံ့ သွားမည် ဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် MCCTအစီအစဉ် အပါအဝင် အာဟာရကဏ္ဍကို ထောက်ပံ့မည့် သိသာထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စဉ်းစား သုံးသပ်နေသည်။ LIFTသည် ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ ချင်းပြည်နယ်ရှိ စီမံကိန်းများသို့ လိုက်လံပြသကာ MCCT အတွေ့အကြုံများကို မျှဝေပေးခဲ့သည်။ အာဟာရ တွင် ကမ္ဘာ့ဘဏ်၏ စိတ်ဝင်စားမှုသည် အစိုးရ အတွက် မြန်မာနိုင်ငံရှိ အခြားပြည်နယ်တိုင်း ဒေသကြီးများတွင် MCCT အစီအစဉ်ကို တိုးချဲ့နိုင်ရန် အရေးကြီးသော အခွင့်အလမ်း တစ်ခုဖြစ်ကာ DSW နှင့် MOHSတို့ ပိုမို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင် ထောက်ပံ့နိုင်မည် ဖြစ်သည်။ အမျိုးသား အဆင့် SBCC မဟာဗျူဟာကို ပြုစုရန် HLPU ၏ စိတ်ဝင်စားမှုသည်လည်း တိုးတက်မှု တစ်ရပ်ဖြစ်သည်။

## အားဖြည့်ဆန် ဖြစ်ထွန်းစေခြင်း

၂၀၁၇ခုနှစ် တွင် LIFT၏မိတ်ဖက် PATH သည် အားဖြည့်ဆန် ဖြစ်ထွန်းနိုင်မည့် မူဝါဒ ပတ်ဝန်းကျင်ကို ဖန်တီးနိုင်စေခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမျိုးသား အားဖြည့်ဆန် မူဝါဒကို စိတ်ဝင်စားကြောင်းပြသခဲ့သည်။ ထိုကြောင့် PATHသည် အာဟာရ ဖွံ့ဖြိုးရေး စီမံချက်၊ အခြား ပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းကာမူဝါဒ ရေးဆွဲသူ များကို အထောက်အကူပြုရန် အခြေအနေ သုံးသပ်မှု တစ်ခုကို ပြုစုခဲ့သည်။ ယင်းသည် အားဖြည့်ဆန်လုပ်ငန်းကော်မတီ(RFWG) ကိုအထောက်အကူပြုမည်ဖြစ်သည်။ဆန်အားဖြည့်ရေးတွင် အသင့်တော်ဆုံး ဖြစ်မည့် ဖြန့်ဝေနည်းများကို အကြံပြုထားသည်။ ၂၀၁၇ခုနှစ် ဒုတိယ နှစ်ဝက်တွင် PATHသည် ဝါရှင်တန် တက္ကသိုလ်၊ အီဗန် ပြည်သူ့ရေးရာ မူဝါဒ ကျောင်းနှင့် ပူးပေါင်းကာ အမျိုးသား အားဖြည့်ဆန် မူဝါဒကို ပြည့်ပြည့်စုံစုံ ဆန်းစစ်ခဲ့သည်။ ယင်းသို့ ဆန်းစစ်ရာတွင် စရိတ်-အကျိုးရှိမှု ဆန်းစစ်ချက်၊ မူဝါဒ ရွေးချယ်စရာ ဆန်းစစ်ချက်၊ မူဝါဒကို အသေးစိတ် နက်နက်နဲနဲ ဆန်းစစ်ချက်၊ အုပ်ချုပ်မှုနှင့် ကွပ်ကဲမှု ဆိုင်ရာ လိုအပ်ချက်များ ပါဝင်သည်။

PATHသည် အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာန (NNC)နှင့်အတူ အားဖြည့်ဆန် ဖြစ်ထွန်းနိုင်မည့် မူဝါဒ ပတ်ဝန်းကျင် ဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံကို ရယူရန်အတွက် အိန္ဒိယ နိုင်ငံသို့လည်း သွားရောက် လေ့လာခဲ့သည်။PATH သည် အမျိုးသားအဆင့်ကဏ္ဍစုံအာဟာရဆိုင်ရာ လုပ်ငန်းစီမံချက် (MS-NPAN) ၂၀၁၈-၂၀၂၂ ရေးဆွဲရာ တွင်လည်း ပါဝင်ခဲ့သည်။ ယင်းစီမံချက်တွင် အားဖြည့်ဆန်သည် ထိရောက်သော ဆောင်ရွက်ချက် ဖြစ်ကြောင်း ဖော်ညွှန်းထားသည်။ PATHသည် မြန်မာနိုင်ငံတွင် ဆန်အားဖြည့်ခြင်းကို မိတ်ဆက်ခြင်း နှင့် တိုးချဲ့ခြင်း အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ လွှတ်တော် ကိုယ်စားလှယ်များ၊ DSW၊ ရခိုင်နှင့် ဧရာဝတီမှ ဒေသခံ အစိုးရတို့ကိုလည်း တိုက်တွန်းလှုံ့ဆော် ဆွေးနွေးနိုင်ခဲ့သည်။

## SUN Civil Society Alliance ၏ အမျိုးသား အဆင့် အာဟာရ မူဝါဒ လှုံ့ဆော်ဆွေးနွေးမှုသို့ ထောက်ပံ့ခြင်း

၂၀၁၇ခုနှစ်တွင် SUN Civil Society Alliance (CSA) သည် မြန်မာနိုင်ငံ ပတ်သက် ဆက်နွယ်သူများ ပါဝင်သည့် အဖွဲ့ (Myanmar Multi-Stakeholder Platform, M-MSP) နှင့် ပူးပေါင်းကာ အဓိကကျသည့် အမျိုးသားအဆင့် အာဟာရဆိုင်ရာ မူဝါဒ လှုံ့ဆော် ဆွေးနွေးမှုသုံးခုကို ချိတ်ဆက် ဆောင်ရွက်နေသည်။ Save the Children ရုံး တွင် အခြေစိုက်ဖွင့်ထားသည့် SUN (CSA) အတွင်းရေးမှူးရုံးသည် 'အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း'(LEARN) စီမံချက်၏ အစိတ်အပိုင်းဖြစ်ကာ LIFTက ရန်ပုံငွေ ပံ့ပိုး ထားသည်။ UN REACHက ဦးဆောင်သော အမျိုးသား အဆင့် အာဟာရ စာရင်းကောက်ယူမှုကို CSAကထောက်ပံ့ခဲ့သည်။ ယင်းသည် အာဟာရ ဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အစိုးရကို အထောက်အထားများ ပေးအပ်မည် ဖြစ်သည်။ CSAသည် မည်သည့် မြို့နယ်တွင် မည်သည့် အာဟာရ လှုပ်ရှားမှုများ လုပ်ဆောင်နေသည်ကို အဖွဲ့ဝင်များထံမှ ဒေတာများ ကောက်ယူခဲ့သည်။

ထိုနောက် SUN CSAသည် M-MSP၏ပန်ကြားချက်အရ အခြား ပတ်သက်ဆက်နွယ်သူများနှင့်အတူ အမျိုးသား အဆင့် ကဏ္ဍစုံ အာဟာရဆိုင်ရာ လုပ်ငန်းစီမံချက် (MS-NPAN) ရေးဆွဲရာတွင်လည်း ထောက်ပံ့ခဲ့သည်။ ယင်းစီမံချက်၏ မဟာဗျူဟာမူဘောင်တွင် ထည့်သွင်းမည့် အာဟာရကို အလေးမူသော ယုတ္တိဗေဒ မူဘောင်များကို မူကြမ်းရေးဆွဲရာတွင် MOALI နှင့် MSWRR တို့ကို ပံ့ပိုးသည့် နည်းပညာရှင်များအဖြစ် LEARNစီမံချက် နှင့် SUN-CSA တို့မှ မန်နေဂျာများက ဆောင်ရွက်ခဲ့ကြသည်။ အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာန (NNC) သည် ယင်းမူဘောင်ကို နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ခေါင်းဆောင်သည့် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU)သို့ MOHS မှတဆင့် ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် တင်ပြမည်ဖြစ်သည်။

မြန်မာနိုင်ငံကို 'မိခင်နို့တိုက်ကျွေးရေး'တွင် ပါဝင်လာစေရန် အစိုးရ၏ အားထုတ်မှုတွင်လည်း LEARN နှင့် SUN CSAတို့က ထောက်ပံ့သည်။ မိခင်နို့ တိုက်ကျွေးလာမှု နှင့် အကျွမ်းတဝင် ရှိလာရေး

(BBF) စီမံချက်ကို ဂါနာ နှင့် မက္ကဆီကို တို့တွင် ရှေ့ပြေး ဆောင်ရွက်ခဲ့ပြီး ဆက်လက်ကာ ဂျာမနီ၊ ဆမိုဝါ၊ ဗြိတိန်တို့တွင် ဆက်လက် ဆောင်ရွက်ရန်ရှိသည်။ BBF နည်းနာကို ယေးလ်တက္ကသိုလ်မှ သုတေသီများက ဆောင်ရွက်ခဲ့ပြီး၊ မိခင်နို့တိုက်ကျွေးမှုနှင့် ပတ်သက်သော ကာကွယ်ရေး၊ အသိပညာပေးမြှင့်တင်ရေး နှင့် အထောက်အပံ့ ပေးရေးတို့ကို တိုးချဲ့ဆောင်ရွက်ရန် နိုင်ငံများက အသင့်ရှိမှုကို အကဲဖြတ်နိုင်စေလိမ့်မည် ဖြစ်သည်။ BBF စီမံချက်ကို ဦးဆောင်ရန် NNCနှင့်CSA အတွင်းရေးမှူးအဖွဲ့ကို မြန်မာနိုင်ငံရှိ အာဟာရနှင့် ပတ်သက်ဆက်နွယ်သူများက တာဝန် ပေးအပ်ကြသည်။ NNC၏ ညွှန်ကြားရေး မှူး နှင့် SUN CSAမှ အာဟာရကဏ္ဍလို့ဆော် ဆွေးနွေးရေး အကြံပေးတို့က ပူးတွဲ တာဝန်ခံ စုံစမ်းရေးမှူးများအဖြစ် အစီရင်ခံစာကို ပြုစုမည်ဖြစ်သည်။ နိုင်ငံတော်အဆင့် ကျွမ်းကျင်ပညာရှင်များ၏ တွေ့ရှိချက်များကို အခြေခံကာ မြန်မာနိုင်ငံတွင် တိုးချဲ့နိုင်မည့် အခွင့်အလမ်းများကို အကြံပြုမည်ဖြစ်သည်။

၂၀၁၇တွင် SUN CSAသည် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ မိခင်နို့ တိုက်ကျွေးခြင်းကို ကာကွယ်ထားသည့် ဥပဒေကို ဖောက်ဖျက်ကာ မိခင်နို့အစားထိုးတစ်မျိုးကို ကျင့်ဝတ်နှင့်မညီပဲ ဈေးကွက်တင်မှုကို ကန့်ကွက် ထားသည်။ ဤအစီရင်ခံစာကို NNC၊ FDA၊ ယူနီဆက်ဖ်တို့သို့ ပို့ခဲ့သည်။ ၎င်းတို့သည် ဥပဒေ အကောင်အထည်ဖော်ရန်နှင့် FDA၏ ဥပဒေထိန်းကွပ်မှုကို ထောက်ပံ့ရန် တာဝန်ရှိသည့် နည်းပညာလုပ်ငန်း ကော်မတီဝင်များ ဖြစ်ကြသည်။

## LIFT ၏ နည်းပညာ စွမ်းဆောင်ရည်များ

အာဟာရဆိုင်ရာ မူဝါဒသည် အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့်တို့၌ အရှိန်ရနေချိန်တွင် LIFT သည် ၎င်း၏ အာဟာရဆိုင်ရာ နည်းပညာ စွမ်းဆောင်ရည် တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ LIFT ၏ မူဝါဒရည်မှန်းချက်များ၊ မိခင် နှင့် ကလေးများ၏ အာဟာရဆိုင်ရာ ရင်နီးမြှုပ်နှံမှုများနှင့် လိုက်လျောညီထွေ တာဝန် ထမ်းဆောင်နိုင်ရန် ဖြစ်သည်။ ၂၀၁၇ခုနှစ် ပထမနှစ်ဝက်တွင် LIFTနှင့် 3MDG တို့က နိုင်ငံတကာ အာဟာရ ကျွမ်းကျင်သူ တစ်ဦးကို ခေါ်ယူခဲ့ရာ မအောင်မြင်ခဲ့ချေ။ သို့သော် နိုင်ငံတကာ အာဟာရပညာရှင်များ (retainers) ကို ခေါ်ယူနိုင်ခဲ့သဖြင့် ယင်းတို့သည် ၂၀၁၈နှစ်ဦးတွင် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ ထို့အတူ နိုင်ငံသား အာဟာရ ကျွမ်းကျင်သူတဦးကို ခေါ်ယူနိုင်ခဲ့သဖြင့် ၂၀၁၈ခုနှစ် နှစ်လယ်တွင် စတင်တာဝန် ထမ်းဆောင်မည် ဖြစ်ကာ အစိုးရနှင့် အခြား ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် မူဝါဒဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီမည် ဖြစ်သည်။

၆.၂

# စိုက်ပျိုးရေး

LIFTသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန နှင့် မူဝါဒဆိုင်ရာ သုတေသန၊ မဟာ ဗျူဟာ ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း စသည့် နယ်ပယ်များတွင် ဆက်လက် ချိတ်ဆက် ဆောင်ရွက်နေသည်။

## စိုက်ပျိုးရေး မူဝါဒ ဌာန

LIFTသည် စိုက်ပျိုးရေးမူဝါဒဌာန (Agriculture Policy Unit, APU) ထူထောင်မှုကို စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးရေး စီမံချက်ဖြင့် ထောက်ပံ့လျက်ရှိသည်။ ယင်းကို မီချီဂန် ပြည်နယ် တက္ကသိုလ် (Michigan State University)၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုး တိုးတက်ရေး အဖွဲ့(Centre for Economic & Social Development, CESD)၊ နိုင်ငံတကာ စားနပ်ရိက္ခာ မူဝါဒ သုတေသန ဌာန(International Food Policy Research Institute, IFPRI) တို့က အကောင်အထည်ဖော်နေပါသည်။ စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးရေးကို USAID ပံ့ပိုးသည့် ရိက္ခာ ဖူလုံရေးမူဝါဒ စီမံချက်ဖြင့် ပူးတွဲ ဆောင်ရွက်ပါသည်။

APUကို ၂၀၁၇ နှစ်ဦးတွင် ထူထောင်ခဲ့သည်။ လက်ရှိတွင် MoALI ဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း ဌာနခွဲတွင် ရုံးစိုက်ထားသည်။ APUရှိ နိုင်ငံတကာ အကြံပေး နှစ်ဦးအနက် တစ်ဦးမှာ MSU အဖွဲ့ခေါင်းဆောင် ဖြစ်သည်။ ယင်းတွင် ဌာနပေါင်းစုံမှ ပြည်တွင်းဝန်ထမ်း ၁၂ဦးလည်း ပါဝင်သည်။

APU၏တာဝန်မှာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ခေါင်းဆောင်ရမည့် ဝန်ကြီးဌာနကို ထောက်ပံ့ပေးရန်ဖြစ်သည်။ နိုင်ငံတကာ အတွေ့အကြုံ၊ တိကျသော ဒေသ အခြေအနေတို့နှင့် တောင်သူများ၊ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ စားသုံးသူများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ စသည့် ဝန်ကြီးဌာန၏ များပြားလှသော ပတ်သက်ဆက်နွယ်သူများ၏ အမြင်များကို ထည့်သွင်း စဉ်းစားကာ အခြားမူဝါဒများ မဟာဗျူဟာများ၏ ရည်မှန်းချက်များကို ဆန်းစစ်ရမည် ဖြစ်သည်။

၂၀၁၇နှစ်ဆန်းတွင် စိုက်ပျိုးရေးတွင် အထွက်တိုးနိုင်မည့်နည်းကို ဖော်ထုတ်နိုင်ရန်အတွက် သုတေသန နှင့် ပညာပေးရေး ပြုပြင်ပြောင်းလဲမှုကို ဆန်းစစ်ပေးရန် ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်က APUထံ တောင်းခံလာသည်။ သုတေသနလုပ်ငန်းအဖွဲ့ကို ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး ပဏာမ ဆန်းစစ်ချက်ကို မေလကုန်တွင် ပြီးစီးခဲ့သည်။ သုတေသန လုပ်ငန်း အဖွဲ့ကို ဝန်ကြီးဌာနနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ချုပ် တို့က ထောက်ပံ့ပေးခဲ့သည်။ လက်ရှိ ဗဟိုဦးစီးသိမ်းနံ့ အထူးပြု စီမံခြင်းအစား ဗဟိုဦးစီးမှုမရှိသည့် တောင်သူ ဗဟိုပြု သုတေသန စီမံခြင်းကို ကျင့်သုံးရန် သုတေသနပြု စစ်ဆေးခဲ့သည်။

APUသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြုလုပ်ခဲ့သည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ (Agriculture Development Strategy, SDS) ဆွေးနွေး တိုင်ပင်မှုများတွင်လည်း ထောက်ပံ့ခဲ့သည်။ ယင်းတွင် APU/ DoP၊ MoALI ဝန်ထမ်းများကို ဆွေးနွေးတိုင်ပင်မှုနှင့် ဆိုင်သည့် သင်တန်းများပေးခြင်းလည်း ပါဝင် သည်။ ယင်းလုပ်ငန်းစဉ်၏ အရေးပါသော ရလဒ် တခုမှာ ADS မူကြမ်းတွင် မြေယာအခန်းကဏ္ဍကို ခိုင်မာစေခြင်းပင် ဖြစ်သည်။ APUသည် ADS၏ အဆိုပြုချက်များကို လုပ်ဆောင်ချက်အဖြစ် ပြောင်းရာတွင် MoALI၏ အထက်တန်းနှင့် အလယ်တန်း မန်နေဂျာများကို ‘လုပ်ငန်းခွင်’ စွမ်းဆောင်ရည် တည်ဆောက်ပေးခဲ့သည်။

၂၀၁၇ခုနှစ် တွင် APUသည် MoALI ဝန်ထမ်းများကို ကမ္ဘာလုံး ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP)ကို အဆိုပြုလွှာ တင်သွင်းရန် စွမ်းဆောင်ရည် တည်ဆောက်ပေးခဲ့သည်။သင်တန်းက ပို့ချပေးသည့် ရိက္ခာဖူလုံမှု၊ အာဟာရ၊ မြေယာ စီမံခန့်ခွဲရေးတို့ကို ချိတ်ဆက်ကာ အခြေအနေနှင့် ကိုက်ညီသော ရင်းနှီးမြှုပ်နှံရန် စီမံခြင်းကို တက်ရောက်သူများ နားလည်လက်ခံခဲ့ကြသည်။ ဤလုပ်ဆောင်မှု၏ အရေးကြီးသော ရလဒ်တခုမှာ မြေယာအခန်းကဏ္ဍနှင့် အာဟာရ အလေးပေး ဆောင်ရွက်ချက်များကို

အဆိုပြုလွှာတွင် ထည့်သွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

မြေယာကဏ္ဍတွင် အသုံးပြုခြင်းမရှိသည့် မြေယာများ ပြန်လည်သိမ်းဆည်း ဖော်ထုတ်ခြင်း/စွန့်လွှတ်လွှဲပြောင်းခြင်း နှင့် ပြန်လည် ခွဲဝေပေးခြင်းစသော MoALI၏ဦးစားပေး လုပ်ငန်း များကို အကောင်အထည်ဖော်ရာတွင် MoALI/DoP နှင့် CSOများ မိတ်ဖက်တည်ဆောက်ရေးတွင် APUသည်လည်း အရေးကြီးသော နေရာမှ ပါဝင်ခဲ့သည်။

APUသည် စွမ်းဆောင်ရည် တည်ဆောက်ရေးတွင် တမူထူးခြားသည့် နည်းလမ်းများဖြင့်ကူညီခဲ့သည်။ အသုံးမပြုသော မြေများကို ပြန်လည်သိမ်းဆည်း ဖော်ထုတ်ခြင်း/စွန့်လွှတ် လွှဲပြောင်းကာ ဆင်းရဲနွမ်းပါးသည့် မြေမဲ့ယာမဲ့ အိမ်ထောင်စု များကို ပြန်လည် ခွဲဝေပေးနိုင်ရန် DoPက ကြောင်းကျိုးဖော်ပြချက် ပြုစုရာတွင် APUက ကူညီခဲ့သည်။ ဝန်ကြီးဌာနက ထို ကြောင်းကျိုး ဖော်ပြချက်ကို LIFTသို့ တင်ပြကာ မြေယာစီမံချက် အတွက် ရန်ပုံငွေ အထောက်အပံ့ကို တောင်းခံခဲ့သည်။ ဤလုပ်ဆောင်ချက်ကို လေ့လာသင်ယူနိုင်သည့် လေ့ကျင့်ခန်း အဖြစ် အသုံးပြုကာ MoALI/DoP/APU ဝန်ထမ်းများသည် အစိုးရ၏ မဟာဗျူဟာ များကို အကောင်အထည်ဖော်ရာတွင် ကြုံရမည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်း များကို ပိုမိုနားလည်လာနိုင်သည်။

APUသည် အမျိုးသား အာဟာရ မဟာဗျူဟာကို ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာန၏ အခန်းကဏ္ဍကို တင်ပြသည့်စာ မူကြမ်းပြုစုရာတွင်လည်း ထောက်ပံ့ခဲ့သည်။ ဤလုပ်ငန်းစဉ်တွင် အာဟာရအလေးမူသည့် စိုက်ပျိုးရေး ဆောင်ရွက်မှုများ နှင့် မြေယာစီမံခန့်ခွဲရေးတို့၏ အချိတ်အဆက်နှင့် ပတ်သက်သည့် ‘လုပ်ငန်းခွင်’ စွမ်းဆောင်ရည် တည်ဆောက်ရန် ဝန်ကြီးဌာန၏ ဝန်ထမ်းများအတွက် အခွင့်အရေး ရရှိခဲ့သည်။ ယင်း မြေယာစီမံခန့်ခွဲရေးတွင် စိုက်ပျိုးရေး လုပ်ငန်းအမျိုးမျိုးတွင် မြေလုပ်ပိုင်ခွင့် လုံခြုံမှုလည်း ပါဝင်သည်။

## မြန်မာနိုင်ငံစိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး (Agrifood Value Chain Development, AVCD)

LIFTရန်ပုံငွေ ပံ့ပိုးသည့် AVCDစီမံချက်ကို မီချီဂန်ပြည်နယ်တက္ကသိုလ်(MSU)က အကောင်အထည်ဖော်နေသည်။ ထိုစီမံချက်သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရိက္ခာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးရေးကို လေ့လာပြီး အပိုင်းလေးပိုင်း ပါဝင်သည်-

၁။ မဟာဗျူဟာနှင့် မူဝါဒ အကြံပေးခြင်း
၂။ စိုက်ပျိုးရေး-ရိက္ခာ ကွင်းဆက်များ
၃။ အိမ်ထောင်စုနှင့် ရပ်ရွာ အသက်မွေးမှုများ
၄။ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးနှင့် ကွန်ရက်ဖွဲ့စည်းရေး

မဟာဗျူဟာနှင့် မူဝါဒအကြံပေးခြင်းတွင် ADS ၏ မဏ္ဍိုင်များ ဖြစ်သည့် - အုပ်ချုပ်မှု၊ ကုန်ထုတ်တိုးမှု၊ ဈေးကွက် အချိတ်အဆက်များ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှု တို့နှင့် သက်ဆိုင်သည့် မဟာဗျူဟာများ၊ မူဝါဒများကို ရေးဆွဲ အကောင်အထည်ဖော်နိုင်စေမည့် အထူးဦးစားပေး စစ်တမ်းများကို APUက ဆောင်ရွက်ရာတွင် AVCDက ထောက်ပံ့ပါသည်။ ထို့ပြင် AVCD သည် APU နှင့် အခြား ဝန်ထမ်းများကိုလည်း ဘွဲ့ကြို၊ ဘွဲ့လွန် နှင့် လုပ်ငန်းခွင် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးသည်။ မူဝါဒ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့် လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ သင်တန်းများ ဖြစ်သည်။ ဘွဲ့ကြိုဘွဲ့လွန် သင်တန်းများကို ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်နှင့် ပူးပေါင်း ဖွင့်လှစ်ပါသည်။

၂၀၁၇ခုနှစ် ပထမနှစ်ဝက်တွင် ဤစီမံချက်၏ စိုက်ပျိုးရေး ရိက္ခာဆိုင်ရာ အဓိကဆောင်ရွက်မှုမှာ ကျေးလက် စီးပွားရေး နှင့် စိုက်ပျိုးရေး အပူပိုင်းဇုန် စစ်တမ်း ဖြစ်သည်။ ဤစစ်တမ်းသည် စိုက်ပျိုးကုန်ထုတ် နည်းနာများ၊ တန်ဖိုးမြှင့် ကွင်းဆက်၊ အပူပိုင်းဇုန် ကျေးလက်စီးပွားရေး၏ ထူးခြားချက်များနှင့် သက်ဆိုင်သည့် ကနဦးစစ်တမ်းဒေတာ များကို တည်ဆောက်ပေးသည်။ ယင်းတို့ကို အခြေခံကာ လုပ်ကွက်ငယ်တောင်သူတို့၏ ကုန်ထွက်တိုးရေး၊ အမြတ်အစွန်းရရေး၊ ဈေးကွက်ဝင်ရေး တို့အတွက် စတင် ဆောင်ရွက်နိုင်မည့် အပိုင်းများကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ အမြတ်အစွန်းရရေးကို ထောက်ပံ့မည့် ရေပေးသွင်းရေး၏ အခန်းကဏ္ဍကို အထူး အလေးထား ဆောင်ရွက်မည် ဖြစ်သည်။

AVCD သည် အိမ်ထောင်စုနှင့် ရပ်ရွာ အသက်မွေးမှုများ အတွက် မြန်မာ့ ငါးမွေးမြူရေး-စိုက်ပျိုးရေး စစ်တမ်း (MAAS) ကို ဆောင်ရွက်ခဲ့ကာ အစီရင်ခံစာနှင့် မူဝါဒ ရှင်းလင်းချက်အကျဉ်းကို[၉၇] ၂၀၁၇ခုနှစ် တွင် ထုတ်ဝေခဲ့သည်။

၂၀၁၇ခုနှစ်တွင်ဤစီမံချက်သည်စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(CESD) နှင့် ဆက်လက် ပူးပေါင်း လုပ်ဆောင်ကာ ဝန်ထမ်း များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးသည်။လုပ်ငန်းခွင် သင်တန်း အနေဖြင့် တန်ဖိုးမြှင့် ကွင်းဆက် သုတေသန ရလဒ်များကို အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်ခြင်း၊ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ပါသည်။ CESD အဖွဲ့ သည် သုတေသီများ၊ အလုပ်သင်များမှ ဝန်ထမ်းအသစ်များကို ခေါ်ယူခဲ့သည်။

ဝန်ကြီးဌာန နှင့် ပူးပေါင်းကာ စွမ်းဆောင်ရည် တည်ဆောက်သည့်အနေဖြင့် တည်ထောင်ခဲ့သော အဖွဲ့ဝင် ၁၂ဦးပါ စိုက်ပျိုးရေး မူဝါဒဌာနသည် မူဝါဒဆန်းစစ်မှုများကို ၂၀၁၇ခုနှစ် အတွင်းတွင် ပြုလုပ်ခဲ့သည်။ နိုဝင်ဘာလတွင် ဤစီမံချက်သည် မူဝါဒဆန်းစစ်ရေး သင်တန်းတစ်ခုကို ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် (Yezin Agricultural University, YAU)၊ စီမံကိန်းဦးစီးဌာန တို့နှင့် ပူးပေါင်းကာ ဝန်ကြီးဌာန၊ YAU၊ LIFTတို့မှ သင်တန်းသား ၃၀ဦးကို ပို့ချခဲ့သည်။ အဆင့်နှစ်ဆင့် ခွဲထားသော ဤသင်တန်းတွင် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာသစ်အတွက် မူဝါဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို သင်တန်းဆင်းများက အထောက်အပံ့ပြုနိုင်စေရန် ရည်ရွယ်ပါသည်။ သင်ရိုးတွင် မူဝါဒဆန်းစစ်မှု၏ စီးပွားရေး အုတ်မြစ်၊ ဝန်ကြီးဌာန၏ စိုက်ပျိုးရေးမူဝါဒ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ မူဝါဒပြုစုရေး လုပ်ငန်းစဉ် တို့နှင့် ဆန်စပါး၊ ရေပေးရေး၊ မြေယာ၊ မျိုးစေ့ ၊ အာဟာရ စသည့် ကဏ္ဍခွဲအလိုက် မူဝါဒများ ပါဝင်သည်။ ၂၀၁၈ခုနှစ် မတ်လတွင် သင်တန်း ဒုတိယ အဆင့်ကို စတင်ရန် စီမံဆောင်ရွက်ထားသည်။

## စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးမူဝါဒ အသစ်က - “လူတိုင်း အတွက် ရိက္ခာ နှင့် အာဟာရ ဖူလုံကာ အစားအစာ ဘေးကင်းစေရန်၊ သီးနှံ အထွက်တိုးခြင်း၊ ဈေးကွက် လိုအပ်ချက်နှင့် အညီ အမည်စုံ ထုတ်လုပ်ခြင်းဖြင့် လုပ်ကွက်ငယ် တောင်သူများ ဝင်ငွေတိုးလာစေရန်၊ နိုင်ငံတကာ နှင့် ယှဉ်ပြိုင်နိုင်သော ပုဂ္ဂလိက စိုက်ပျိုး စီးပွားရေး ကဏ္ဍဖြင့် ထွက်ကုန် တိုးတက်စေရန်” ရည်ရွယ်သည်။(MoALI၊ ၂၀၁၆)

[၉၇]။ https://www.lift-fund.org/aquaculture-myanmar-fish-farm-technology-production-economics-and-management-highlights-enmm

စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ(ADS) ကို စိုက်ပျိုးရေး မူဝါဒအသစ် အကောင်အထည်ဖော်ရာတွင်လမ်းညွှန်နိုင်ရန်အတွက် ရေးဆွဲထားသည်။ ယင်းကို မဏ္ဍိုင်သုံးခုကို မူတည်ကာ ဖွဲ့စည်းထားရာ ၁)စီမံ အုပ်ချုပ်မှု၊ (၂)ကုန်ထုတ် တိုးမှု၊ (၃) ဈေးကွက်အချိတ်အဆက်များ၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှု တို့ဖြစ်သည်။ ADS သည် အောက်ပါလိုအပ်ချက်များကို ဖြေရှင်း ဆောင်ရွက်ပါသည်။

- ပတ်သက်ဆက်နွယ်သူများက ပြုစုထားသော စီမံချက်များ၊ မဟာဗျူဟာများ၊ လမ်းစဉ်များ၊ ချဉ်းကပ်နည်းများကို စုစည်းရေး
- စိုက်ပျိုးရေးမူဝါဒ အကောင်အထည်ဖော်ခြင်းကို အသက်ဝင်စေမည့် စနစ်ကျသော ချဉ်းကပ်နည်း
- လုပ်ငန်းဆောင်ရွက်မှုများ၊ စီမံချက်များ၊ အစီအစဉ်များ၊ မူဝါဒများကို ပေါင်းစပ်ညှိနှိုင်းရန်
- ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးရန်နှင့် ဤကဲ့သို့ ပြည်ပ ကူညီပံ့ပိုးမှုများ အဆင်ပြေစေရန်

ADB၊ FAO၊ LIFTတို့က စုစည်းထားသော ပြည်တွင်းပြည်ပမှ အကြံပေး အဖွဲ့သည် ဝန်ကြီးဌာန ၏ လမ်းညွှန်မှု ဖြင့် ADSကို ၂၀၁၆ခုနှစ် စက်တင်ဘာလမှ စတင်ကာ ပြုစုခဲ့သည်။ ADS၏ မူလ ရည်ရွယ်ချက်မှာ GAFSP အဆိုပြုလွှာ ရေးသားရေး လုပ်ငန်းစဉ်အရ လိုအပ်သည့် မူဝါဒကို ပြုစုရန် ဖြစ်သည်။ လုပ်ငန်းစဉ် အစ တွင် LIFTသည် ADB၊ FAO အဖွဲ့များနှင့် နီးကပ်စွာ အလုပ်လုပ်ရန် နိုင်ငံသား အကြံပေး နှစ်ဦးကို ခေါ်ယူခဲ့သည်။ အဖွဲ့များသည် မဟာဗျူဟာရေးဆွဲသည့် လုပ်ငန်းစဉ် တလျှောက်လုံးတွင် ဝန်ကြီးဌာန၊ အခြား အစိုးရ ဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။

၂၀၁၇ခုနှစ်တွင် နိုင်ငံသားအကြံပေး နှစ်ဦး ကို ဆက်လက် ထားရှိကာ LIFT သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း တိုင်ပင် ဆွေးနွေးပွဲများ ကျင်းပကာ ဆွေးနွေးခဲ့သည်။ ဤသို့ တိုင်ပင်ဆွေးနွေးသည့် ရည်ရွယ်ချက်မှာ ADS လုပ်ငန်းစဉ်တွင် ပတ်သက်ဆက်နွယ်သူအများအပြား၏ အမြင်ကို ထည့်သွင်းနိုင်စေရန်နှင့် ဒေသတွင်း စိုက်ပျိုးရေး စီမံချက်များနှင့် လိုက်လျောစေရန် ဖြစ်သည်။ တိုင်ပင်ဆွေးနွေးမှုများကို မြန်မာနိုင်ငံ၏ ဒေသကြီး ၁၇ခုလုံးတွင် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက် နိုင်ရန် ဝန်ကြီးဌာနနှင့် LIFT၏ မဟာဗျူဟာ မိတ်ဖက် အဖွဲ့များဖြစ်သော မြေယာမဏ္ဍိုင်အဖွဲ့(LCG) နှင့် စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့ (FSWG) တို့က ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ ဤဆွေးနွေးမှု ဖြစ်စဉ်မှာ ဝန်ကြီးဌာနက ဆောင်ရွက်သည့် ပထမဆုံးသော နိုင်ငံတဝန်း တိုင်ပင်ဆွေးနွေးမှု ဖြစ်စဉ် ဖြစ်သည်။

ADS လုပ်ငန်းစဉ်၏ နောက်အဆင့်မှာ မဟာ ဗျူဟာနှင့် ပူးတွဲရမည့် ရင်းနှီးမြှုပ်နှံမှု စီမံချက် ရေးဆွဲခြင်းပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုစီမံချက် ရေးဆွဲမှုသည် ၂၀၁၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ အစိုးရ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် အလားအလာရှိသည့် ရန်ပုံငွေ အရင်းအမြစ်များ၏ ဦးစားပေး ရင်းနှီးမြှုပ်နှံမည့် နယ်ပယ်များ၊ စောင့်ကြည့်လေ့လာအကဲဖြတ်မည့် အစီအစဉ်များ ပါဝင်သည်။ စောင့်ကြည့် လေ့လာအကဲဖြတ်ရာမှ ရရှိသည့်သတင်းအချက်အလက် အသစ်များ၊ မူဝါဒ ဆွေးနွေးမှု ဖြစ်စဉ်များမှ ပြောင်းလဲဖြစ်ထွန်းမှုများဖြင့် ဤစီမံချက် ကို ထပ်မံ မွမ်းမံသွားမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုစီမံချက် ပြုစုရာတွင် အသုံးပြုသည့် ဇယားများ ပါဝင်သော ဒေတာဘေ့စ်ကို ဝန်ကြီးဌာန နှင့် စီမံကိန်းဦးစီးဌာနတို့က ထိန်းသိမ်းမွမ်းမံသွားမည်။

* ဤအစီရင်ခံစာကို http://www.lift-fund.org/myanmar-agricultural-public-expenditure-review. ၌ တွေ့နိုင်သည်။

MoALI၏ ပြည်ထောင်စုဝန်ကြီးသည် ADSကို များစွာစိတ်ဝင်စားကာ အထောက်အပံ့များ ပေးပါသည်။ အကြံပေးအဖွဲ့သည် အောက်တိုဘာလလယ်ပိုင်းတွင် ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ဖြန့်ဝေရန် ADS စာတမ်းအကျဉ်းကို ပြုစုခဲ့သည်။ ထို့နောက် ADSကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ပြည်တွင်းပြည်ပ သုံးသပ်သူများက ကြည့်ရှုသုံးသပ်ကာ မှတ်ချက်များကို ပြုစုခဲ့ကြသည်။ ၂၀၁၈နှစ်ဆန်းတွင် အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ပြုစုထားသည့် စာတမ်းများကို အမျိုးသား စီးပွားရေးကော်မတီသို့ သုံးသပ်ရန် နှင့် တရားဝင် ပြဋ္ဌာန်းနိုင်ရန် တင်ပြခဲ့သည်။ ဝန်ကြီးဌာနသည် ADS နှင့် ရင်းနှီးမြှုပ်နှံမှုစီမံချက်ကို ၂၀၁၈ ခုနှစ်ဧပြီလတွင် စတင်မည် ဖြစ်သည်။

အစိုးရက မဟာဗျူဟာကို ပြဋ္ဌာန်းပြီးသည့်နောက် တွေ့ရမည့် စိန်ခေါ်မှုများမှာ အကောင်အထည်ဖော်ရေး၊ စောင့်ကြည့် လေ့လာရေးအတွက် ဌာနများ ထူထောင်ရန် ဖြစ်သည်။ အကောင်အထည်ဖော်ရေးနှင့် စောင့်ကြည့်လေ့လာရေး အတွက် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများအပြင် အခြားအရေးပါသည့် စိန်ခေါ်မှုတစ်ခုမှာ ADSလုပ်ငန်းစဉ်ကို အစိုးရက ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းစဉ်အဖြစ်လက်ခံလာရေး အတွက် တိုက်တွန်းရန်နှင့် ထောက်ပံ့ရန် ဖြစ်သည်။

## ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP)

၂၀၁၆ခုနှစ်တွင် LIFT၊ ADB၊ FAO၊ တို့က GAFSPသို့ အဆိုပြုလွှာတင်ရန် MoALIသို့ နည်းပညာအထောက် အကူ ပေးအပ်ခဲ့သည်။ ၂၀၁၇ခုနှစ် မတ်လတွင် မြန်မာနိုင်ငံသို့ ကန်ဒေါ်လာ ၂၇သန်းကို ချီးမြှင့်ခဲ့သည်။ ထိုနောက် GAFSP ထောက်ပံ့ငွေသည် ADB၏ ရာသီဥတုနှင့်လိုက်လျောညီထွေရှိသော စိုက်ပျိုးစီးပွားကဏ္ဍ စီမံချက် (CFA) ၏ အစိတ်အပိုင်းဖြစ်လာသည်။ ADB/FAO/LIFT/GAFSPအဖွဲ့နှင့် ADB၏ CFAစီမံချက် ဒီဇိုင်းအဖွဲ့တို့၏ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၇ ဇူလိုင်လတွင် ပြီးစီးခဲ့ကာ နိုဝင်ဘာလတွင် နောက်ဆက်တွဲ တာဝန်ကို ဆက်လက် ပေးအပ်ခဲ့သည်။ CFA/GAFSPသည် အစိုးရက အတည်ပြုပြီးနောက် ADB၏ဘုတ်အဖွဲ့သို့ အတည်ပြုရန် ၂၀၁၈နှစ်လယ်တွင် တင်ပြနိုင်မည်ဟု မျှော်လင့်ထားပါသည်။

## စိုက်ပျိုးရေးဆိုင်ရာ ပြည်သူ့အသုံးစရိတ် ပြန်လည်သုံးသပ်ခြင်း

ကမ္ဘာ့ဘဏ်သည် LIFT၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် စိုက်ပျိုးရေး ဆိုင်ရာ ပြည်သူ့အသုံးစရိတ် ပြန်လည်သုံးသပ်ချက် ကို ၂၀၁၇ဇွန်လတွင် ထုတ်ပြန်ခဲ့သည်။ ထိုသုံးသပ်ချက်သည် ပြည်သူ့အသုံး စရိတ်များ သုံးစွဲခြင်း က မြန်မာနိုင်ငံ စိုက်ပျိုးရေးတိုးတက်မှုကို ပိုမို သက်ရောက်လာစေရေးကို အလေးထား အာရုံစိုက်ထားသည်။ ယင်းတွင်-၂၀၀၉/၁၀-၂၀၁၆/၁၇ ထိ စိုက်ပျိုးရေး ပြည်သူ့အသုံးစရိတ်၏ ထိရောက်မှု၊ အကျိုးရှိမှုကို ဆန်းစစ်ထားသည်၊ MoALIဝန်ကြီးဌာနက စီမံခန့်ခွဲနေသော အစိုးရ စီမံကိန်းများ၏ အားနည်းချက်၊ အားသာချက် များကိုလည်း ဖော်ထုတ်ထားသည်၊ အလှူရှင်စီမံချက်များကို စာရင်းပြုစုသည်၊ ပြည်သူ့အသုံးစရိတ်နှင့် အလှူရန်ပုံငွေများကို မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး တိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် အတွက် အကျိုးရှိအောင် သုံးနိုင်မည့် နည်းလမ်းများကို တင်ပြထားသည်။ ထို့ပြင် ဤအကြောင်းအရာများနှင့် သက်ဆိုင်သည့် အသိအမြင်များ များပြားလာရန် သာမကဘဲ MoALI၏ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုမဟာဗျူဟာ၏ ရင်းနှီးမြှုပ်နှံမှု စီမံချက်အတွက် ကနဦး အခြေခံ

အသုံးပြုနိုင်မည့်အချက်များကိုလည်း တင်ပြထားသည်။ အစီရင်ခံစာကို ဩဂုတ်လတွင် နေပြည်တော်၌ စတင် ဖြန့်ဝေခဲ့သည်။ ထို့နောက် လူပေါင်း ၁၅၀ကျော် တက်ရောက်သည့် ဆွေးနွေးပွဲ အခမ်းအနား နှစ်ခုတွင်လည်း တင်ပြခဲ့သည်။ အဆိုပါ အခမ်းအနားများကို ဝန်ကြီးဌာန၊ MoALI ၊ MoPF၊ လွှတ်တော်၊ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများ နှင့် အခြား ပတ်သက်ဆက်နွှယ်သူများ တက်ရောက်ကြသည်။ ဤအစီရင်ခံစာကို http://www.lift-fund.org/myanmar-agricultural-public-expenditure-review. ၌ တွေ့နိုင်သည်။

ကမ္ဘာ့ဘဏ်၏ စိုက်ပျိုးရေးအသွင်ပြောင်းလဲမှု အစီရင်ခံစာမှာ ပြုစုနေဆဲ ဖြစ်သည်။ ထို အစီရင်ခံစာသည် မကြာမီကာလအတွင်းက မြန်မာနိုင်ငံ စိုက်ပျိုးရေး ကဏ္ဍ၏ အသွင်ကူးပြောင်းမှု ကို တင်ပြမည် ဖြစ်သည်။ အစီရင်ခံစာသည် ၂၀၁၆ခုနှစ် က LIFT နှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံ စိုက်ပျိုး ကုန်ထုတ်စီးပွားရေး ဆန်းစစ်မှုအစီရင်ခံစာ ကို အခြေခံထားပြီး ပြုစုခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် ၂၀၁၃/၁၄က ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ ရှမ်းပြည်နယ် တို့ရှိ လယ်ကွက်ပေါင်း ၁,၃၀၀မှ ကောက်ယူခဲ့သည့် အဓိက ဒေတာများကို အသုံးပြုထားသည်။ အစီရင်ခံစာ အသစ်သည် ၂၀၁၃-၂၀၁၈အတွင်း စိုက်ပျိုးနည်းနှင့် သီးထွက် အပြောင်းအလဲများကို လေ့လာမည် ဖြစ်ကာ ယင်းအပြောင်းအလဲများကို ဖြစ်စေသည့် တွန်းအားများကို ဆန်းစစ်မည်၊ စိုက်ပျိုးနည်း စနစ် များကို လွှမ်းမိုးနိုင်သည့် အချက်များကို လေ့လာမည်၊ စပါးနှင့် အခြားသီးနှံများ၏ လယ်ယာ ပြင်ပ စီးပွားရေးကို မီးမောင်းထိုးပြမည် ဖြစ်သည်။ မိုးသီးနှံအတွက် အဓိက ဒေတာ ကောက်ယူမှုများကို ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၈ ဧပြီ-ဇွန်လတွင် ဆောင်းသီးနှံနှင့် နွေသီးနှံတို့အတွက် ဆက်လက် ဆောင်ရွက်မည်။ ၂၀၁၉မတ်လတွင် အစီရင်ခံစာ ပြီးစီးမည် ဖြစ်သည်။ ကောက်ယူမှုများကို ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့သည်။ ၂၀၁၈ ဧပြီ-ဇွန်လ တွင် ဆောင်းသီးနှံနှင့် နွေသီးနှံတို့အတွက် ဆက်လက်ဆောင်ရွက်မည်။ ၂၀၁၉ခုနှစ် မတ်လတွင် အစီရင်ခံစာ ပြီးစီးမည်။

၆.၃

# မြေယာလုပ်ပိုင်ခွင့်

## အမျိုးသားမြေယာအသုံးချမှုမူဝါဒ/ အမျိုးသား မြေယာအသုံးချမှု ကောင်စီ

၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် လွှတ်တော် ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ ဆန်းစစ်ရေး ကော်မရှင်သည် အစိုးရ ကို အမျိုးသားမြေယာ အသုံးချမှုမူဝါဒ(NLUP) ကို ပြန်လည် သုံးသပ်ရန် ပြောခဲ့သည်။ ယင်းတွင် ထပ်နေသည့် အချက်အလက်များ ပါနေသည်ဟု မှတ်ချက်ပေးထားပြီး ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် အသုံးချမှု နှင့် ကျား/မ ရေးရာတို့နှင့် သက်ဆိုင်သည့် အဓိကကျသော ပြဋ္ဌာန်းချက်အချို့ကို ဖယ်ရှားရန် အကြံပြုသည်။ ၄င်းမှာ ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် အမျိုးသား မြေယာအသုံးချမှုကောင်စီ (NLUC) ကို ဖွဲ့စည်းနိုင်ခဲ့သည့် အချိန်မတိုင်ခင်ထိ NLUPကို ပြုစုခြင်း၊ အကောင်အထည်ဖော်ခြင်း ဆိုင်ရာ ထပ်မံ လုပ်ဆောင်ရမည်များကို နှောင့်နှေးစေခဲ့သည်။ အမျိုးသား မြေယာအသုံးချမှု မူဝါဒ၏ ရည်မှန်းချက်များ၊ NLUP၏ လမ်းညွှန်မှုများနှင့် အခြေခံမှုများ၊ မြေယာ ဆိုင်ရာ ဥပဒေသစ်များကို ရေးဆွဲခြင်း စသည်တို့ကို အကောင်အထည်ဖော်ရန် NLUCကို ဖွဲ့စည်းခဲ့သည်။ LIFT၏ မဟာဗျူဟာ မိတ်ဖက်အဖွဲ့ ဖြစ်သည့် မြေယာမဏ္ဍိုင် အဖွဲ့(LCG)သည် EU-FAO FIRST၊ ကမ္ဘာ့ဘဏ် နှင့် အခြား ဖွံ့ဖြိုးရေး မိတ်ဖက်များ နှင့်အတူ ဤအရေးကြီးသော မူဝါဒအကောင်အထည် ပေါ်လာစေရန် အရေးပါသော နေရာမှ ပါဝင် ဆောင်ရွက်ခဲ့သည်။ အစိုးရသည် မြေယာ မူဝါဒ ပြုပြင် ပြောင်းလဲရေးတွင် ဆက်လက်ထိတွေ့ ဆောင်ရွက်ရန် ပြင်ဆင်ထားကြောင်းကို ယင်းအချက်က ပြနေသည်။

အမျိုးသား မြေယာ အသုံးချမှု ကောင်စီကို ဖွဲ့စည်းခြင်း သည် အမျိုးသား မြေယာဥပဒေ ပေါ်ပေါက်ခြင်း အပါအဝင် မြန်မာနိုင်ငံ၏ အနာဂတ် မြေယာ ပြုပြင်ရေး ကြိုးပမ်းမှုကို အကြီးအကျယ် သက်ရောက်ခဲ့ဟန် တူသည်။ သို့သော် ရှင်းလင်းရမည့်ပြဋ္ဌာန်းချက် အများအပြား ရှိနေသေးသည်။ ဥပမာအားဖြင့် - ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့်ဒုတိယ သမ္မတအောက် တွင် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(MoNREC)သည် အတွင်းရေးမှူး နှင့် ဒုတိယအတွင်းရေးမှူးရာထူး များကို ရထားသော်လည်း MoALIမှာ ကျန်ဝန်ကြီး ဌာနများ နည်းတူ အဖွဲ့ဝင်အဖြစ်သာ ပါဝင်နေသည်။ ထိုအချက်မှာ လယ်ယာမြေအားလုံးကို စီမံခန့်ခွဲ နေရသည့် MoALI၏ အရေးပါသော အခန်း ကဏ္ဍကို ထင်ဟပ်ခြင်း မရှိသည့်ပြင်၊ NLUP လုပ်ငန်းစဉ် များတွင် ပွင့်လင်းမျှတစွာ ပါဝင်မှု လျော့နည်း လာနိုင်သည်။ NLUP လုပ်ငန်းစဉ်များတွင် MoALIက ထဲထဲဝင်ဝင် ပါဝင်လာရေး နှင့် MoALIက ထိုသို့ ဆောင်ရွက်ရန် အတွက် MoNREC ကလည်း နေရာ လုံလောက်စွာပေးရေး တို့ကို တိုက်တွန်း အားပေးရန်မှာ စိန်ခေါ်မှုတရပ် ဖြစ်လာလိမ့်မည် ဖြစ်သည်။

## လယ်ယာမြေဥပဒေ

၂၀၁၇ခုနှစ် တွင် လယ်ယာမြေဥပဒေ နှင့် သစ်တော ဥပဒေ ပြင်ဆင်ချက်များကို စဉ်းစားသုံးသပ်ရန် လွှတ်တော်သို့ တင်ပြထားသည်။ မြေယာအုပ်ချုပ်မှု ကိစ္စများကို ဆောင်ရွက်နေသော ဒေသခံ CSOများ၊ INGOများက လယ်ယာမြေဥပဒေ ပြင်ဆင်ချက်များ တင်သွင်းခဲ့ကြသည်။ LCGသည် လွှတ်တော် တောင်သူ လယ်သမား ရေးရာကော်မတီနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်နေရာ ယင်းပြင်ဆင်ချက် များသည် မြေယာအုပ်ချုပ်မှု ကောင်းမွန်စေရေး အတွက် မလုံလောက်ကြောင်း သိမြင်သဖြင့် ဥပဒေ ကြီးကြီးမားမား ပြင်ဆင်ရေး အတွက် လှုံ့ဆော် ဆွေးနွေးမှုများကို စတင်ကာ လူထု ဆွေးနွေးမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့သည်။ LCG သည် ဥပဒေ ပြန်လည်ပြုပြင်ရေး အကြံပြုချက်များ ပြုစုရန် ဥပဒေပါရဂူနှစ်ယောက်ကို ခေါ်ယူခဲ့သည်။ အကြံပြုချက်များကို ၂၀၁၇ခုနှစ်မေလတွင်ဝန်ကြီး ဌာနနှင့် လွှတ်တော် ကော်မတီများသို့ LCGက တင်ပြခဲ့ကြသည်။ ပြင်ဆင်ချက်များ ထွက်လာသောအခါ LCGသည် ဘာသာပြန်ဆိုကာ မြန်မာ့ မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်း နှင့် သစ်တောနီးနှော ဖလှယ်ပွဲတွင် ဖြန့်ဝေခဲ့ပြီး CSOများ၊ NGOများနှင့်အတူ ပြင်ဆင်ချက်များကို ပြောင်းလဲရန် လွှတ်တော် ကိုယ်စားလှယ်များ ကို စည်းရုံးဆွေးနွေး ခဲ့သည်။ ပြင်ဆင်ထားသည့် ဥပဒေသစ်တွင် ရွှေ့ပြောင်း တောင်ယာကိုလည်း တရားဝင် စိုက်ပျိုးနည်း တစ်ခုအဖြစ် အသိအမှတ်ပြုရေးကို ဥပဒေကြမ်း တွင် ထည့်သွင်းရန် သဘောတူခဲ့ကြသည်။ အမျိုးသား လွှတ်တော်က လယ်ယာမြေဥပဒေ ဥပဒေ မူကြမ်းကို ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့ လွှတ်တော်တွင် ဆွေးနွေးရန် တင်ပြထားသည်။ ယင်းကို ၂၀၁၈ခုနှစ် တွင် ဆွေးနွေးမည် ဖြစ်သည်။

၂၀၁၇ခုနှစ်တွင် LCG သည် MoNREC နှင့်အတူ သစ်တော ဥပဒေကို ပြန်လည်သုံးသပ်မည့် လုပ်ငန်းစဉ် နှင့် မူဝါဒကို ပြုစုခဲ့သည်။ LCGသည် ရပ်ရွာက စီမံ ခန့်ခွဲသော သစ်တောများနှင့် ပတ်သက်သည့် အရေးကြီးသော အချက်များကို ဥပဒေပြင်ဆင်ချက်တွင် ပါဝင်စေရန် ကြိုးပမ်းလျက် ရှိသည်။

## မြေသိမ်းဆည်းရေးအက်ဥပဒေ (LAA)

မြေသိမ်းဆည်းရေးဥပဒေအသစ် ပေါ်ထွန်းစေရန် အတူး ကော်မရှင်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ့စစ်တပ်နှင့်အတူ ဆောင်ရွက်နေသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် ယခင်က လည်း မြေသိမ်းဆည်းရေး ဥပဒေများကို ပြန်လည် သုံးသပ်ကြရာ ၁၈၉၄ခုနှစ် ဥပဒေများထိ သုံးသပ် ခဲ့ကြသည်။ ဤလုပ်ငန်းစဉ် နှစ်ခုမှာ ရှုပ်ထွေးနေသည်။ လွှတ်တော်ကိုယ်စားလှယ်များက အဆင်မပြေကြောင်း တင်ပြကြပြီး ယင်းတို့၏ ဥပဒေမူကြမ်းကို လွှတ်တော်သို့ ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် တင်သွင်းခဲ့ကြသည်။ LCG သည် ဥပဒေမူကြမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ၎င်းနှင့် ပတ်သက်သော အသိအမြင် များ မြှင့်တင် ရန်အတွက် အခြားCSOများနှင့် အတူ ပေါင်းစပ် ညှိနှိုင်းခဲ့သည်။ အစိုးရနှင့် အခြား ပတ်သက်သူ များက ပြန်လည် သုံးသပ်ရာတွင် အထောက်အကူပြုနိုင်ရန် အတွက် ADB မှ ပါရဂူများ ကလည်း ဤဥပဒေကို လွှတ်လပ်စွာ ပြန်လည်သုံးသပ်ရန် LCG က တောင်းဆို ခဲ့သည်။ ဤဥပဒေ၏ အဓိက ပြဿနာမှာ 'အများ ပြည်သူ ရည်ရွယ်ချက်'၏ အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြစ်သည်။

LIFT၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် GRETကပြုစု ထားသည့် သုတေသနက မြို့ပြတိုးချဲ့ရန် အမည်ခံ သော မြေသိမ်းဆည်းမှုများသည် အမှန်တကယ် လိုအပ်သည်များထက် ပိုလွန်နေကြောင်း ဖော်ပြ နေသည်။ ထို့ကြောင့် မြေအသုံးပြုမှုများ အားလပ် နေသဖြင့် မူလပိုင်ရှင်များ၊ အခြား သူများက တရားမဝင် သုံးစွဲလာကြသဖြင့် ပြဿနာကို ပိုမို ရှုပ်ထွေးလာစေ တတ်သည်။

မြေယာဆိုင်ရာ အခြားမူဝါဒ လုပ်ဆောင်ချက်များမှာ-

- ၂၀၁၆ခုနှစ် ဒီဇင်ဘာတွင် အတည်ပြုပြီးနောက် ဒုတိယနှစ်တို ငါးနှစ်စိုက်ပျိုးရေးမူဝါဒနှင့် မဟာ ဗျူဟာ စိုက်ပျိုးရေး မူဝါဒကို ပြည်သူလူထုသို့ ထုတ်ပြန်ခဲ့သည်။ ယင်းမူဝါဒတွင် မြေယာ အုပ်ချုပ်မှုနှင့် မြေယာ လုပ်ပိုင်ခွင့်ဆိုင်ရာ အရေးကြီး သော ဖော်ပြချက်များပါဝင်ပြီး NLUPကို တိုက်ရိုက် ညွှန်းဆိုသည်။
- မြေယာမှတ်ပုံတင်ရေးဥပဒေ အသစ်ကို လွှတ်တော် တွင် ဆွေးနွေးကြရန် တင်ပြထားသည်။ ထိုဥပဒေ အသစ်သည် လက်ရှိ ၁၉၀၈မှတ်ပုံတင်ရေး အက် ဥပဒေကို အစားထိုးရန် ရည်ရွယ်သည်။ပိုမိုခေတ်မီ သော ပိုင်ဆိုင်မှု မှတ်ပုံတင်ရေး စနစ်အတွက် စည်းကမ်းများ၊ လမ်းညွှန်များ ရေးဆွဲရာတွင် အခြေခံနိုင်မည် ဖြစ်သည်။
- အမျိုးသား လွှတ်တော်သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေ ပြင်ဆင်ချက် မူကြမ်းကို အတည် ပြုခဲ့သည်။ ၎င်းမူကြမ်းကို ၂၀၁၈ခုနှစ် တွင် ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးရန် တင်ပြထားသည်။
- MoALI၏ DoP/APU သည် နေပြည်တော်၊ ပဲခူး၊ မန္တလေး၊ မွန်ပြည်နယ်တို့တွင် ဝန်ကြီးဌာနပေါင်းစုံ တက်ရောက်သည့် သုံးရက်ကြာ မူဝါဒဆွေးနွေးပွဲ လေးကြိမ် ပြုလုပ်ခဲ့သည်။ ရိက္ခာဖူလုံမှု၊ အာဟာရနှင့် မြေယာ လုပ်ပိုင်ခွင့်တို့ ချိတ်ဆက် နေမှုကို ဆွေးနွေးကြသည်။ မူဝါဒ ဆွေးနွေးပွဲ သည် MS-NPANသို့ ထည့်ဝင်ရမည့် အချက် များကို ဖော်ထုတ်နိုင်ရန် MoALI ကို အုတ်မြစ် ချပေးသည်။ ADSတွင် ထင်ဟပ်ထားသည့် အတိုင်း ဒေသအဆင့်တွင် အစားအစာ အမျိုး အမည် များပြားစွာထုတ်လုပ်ရန်၊ ဈေးခြင်းတောင်း မဟာဗျူဟာကို အကောင်အထည်ဖော်ရန်မှာ အဓိက မူဝါဒ လမ်းညွှန်ချက် တစ်ခုပင်ဖြစ်သည်။ သို့သော် ထိုသို့ဆောင်ရွက်နိုင်ရန်မှာ လုပ်နိုင် စွမ်း ရှိသည့် မြေယာလုပ်ပိုင်ခွင့်မူဘောင် ရှိမှ သာ ဖြစ်မည်။ လက်ရှိ မြေယာလုပ်ပိုင်ခွင့် ဥပဒေ များသည် 'ထမင်းပန်းကန်' မူဝါဒကိုသာ ဖြစ်ထွန်းစေသဖြင့် ဆန်စပါးကို အခြေမခံသည့် ထုတ်လုပ်မှုစနစ်များကို အားမပေးပေ။

## မြေယာခွဲဝေမှုတွင် အစိုးရ နှင့် ထိတွေ့ ဆောင်ရွက်ခြင်း

၂၀၁၆ခုနှစ်တွင် LIFTသည် အစိုးရ မြေယာခွဲဝေမှု အစီအစဉ်ကို ထောက်ပံ့ရန် အတွက် အစိုးရ အရာရှိများ၊ MoALI၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကိုယ်စားလှယ် များ၊ ဧရာဝတီတိုင်း ဒေသကြီး အစိုးရ တို့နှင့်အကြိမ်ကြိမ် ဆွေးနွေးခဲ့သည်။ ၂၀၁၇ ခုနှစ် ဧပြီတွင် LIFTသည် Welthungerhilfe စီမံချက်ကို တိုးချဲ့ရန် သဘောတူ ခဲ့သည်။ အစိုးရက မြေယာချထားပေးသည့် ဖျာပုံ မှ တောင်သူ လယ်သမားများကို ငွေကြေးနှင့်ပညာ ပေးရေး ဝန်ဆောင်မှုများကိုစီမံချက် မှ ဆောင်ရွက် နိုင်ရန် ဖြစ်သည်။ LIFT သည် GRET ကိုလည်း ယင်းတို့၏ မြေယာသုတေသနစီမံချက်ကို တိုးချဲ့ ရန် သဘောတူခဲ့ပြီး အစိုးရက မြေယာချထားပေးနိုင် မည့် နေရာများကို ဆန်းစစ်ပေးရန် ဖြစ်သည်။ထိုသို့ ဆောင်ရွက်မှုများမှာ ပဲခူး နှင့် ဧရာဝတီတိုင်းဒေသ ကြီး အစိုးရတို့မှ LIFTသို့ ရေးသားတောင်းခံ လာသည့် စာနှစ်စောင်အပေါ် တာဝန်ယူ လုပ်ဆောင် ပေးခြင်း ဖြစ်သည်။ မြေမဲ့ယာမဲ့ အိမ်ထောင်စု များကို မြေယာချထားပေးနိုင်မည့် နေရာများ သီးခြား ဆန်းစစ် ပေးရန် Landesaနှင့် မန္တလေးတိုင်း ဒေသကြီး အစိုးရတို့ကလည်း ဆွေးနွေးလျက် ရှိသည်။ ဆန်းစစ်မှု ၆ခု နှင့် အကြို ဆန်းစစ်မှု ၁၁ခုတို့ကို မန္တလေး နှင့် ဧရာဝတီ တိုင်းဒေသကြီး တို့တွင် ဆောင်ရွက်ခဲ့သည်။ ရလဒ်များကို ဒေသ အစိုးရများနှင့် မြို့နယ်အဆင့် လွှတ်တော် ကိုယ်စားလှယ်များကို မျှဝေပေးခဲ့သည်။

၂၀၁၇ခုနှစ် မေလတွင် LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့ဝင် MoALI ကိုယ်စားလှယ်များက ဝန်ကြီးဌာနမှ LIFTနှင့် မိတ်ဖက်ပြု ဆောင်ရွက်မည့် ဦးစားပေးနယ်မြေများကို တင်ပြခဲ့ကြရာ မြေယာကဏ္ဍသည် အမြင့်ဆုံး ဦးစားပေး ဖြစ်သည်။ စီမံကိန်းဦးစီးဌာနသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေအရ ချထားပေးသော အသုံးမပြုသည့်မြေများကို လုပ်ကွက်ငယ် တောင်သူ များထံသို့ ပြန်လည်ခွဲဝေ ပေးရာတွင် ထောက်ပံ့ပေးရန် အဆိုပြုသည့် ကြောင်းကျိုး ဖော်ပြချက်ကို LIFT သို့ တင်ပြခဲ့သည်။ ၂၀၁၇ခုနှစ် နောက်ပိုင်းတွင် LIFT သည် ထိုကဲ့သို့ အစီအစဉ် ဆောင်ရွက်နိုင်မည့် နေရာများကို စစ်ကိုင်းတိုင်း ဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး တို့တွင် စူးစမ်း လေ့လာရန် GRETကို တောင်းဆိုခဲ့သည်။ မကွေးတိုင်းမှရလဒ်များကို ဝန်ကြီးဌာနနှင့်ဆွေးနွေး ခဲ့ပြီး မင်းလှမြို့နယ်ရှိ ချထားမြေများတွင် ကနဦးအဆင့် ဆောင်ရွက်ရန် သဘောတူခဲ့သည်။ မကွေးတိုင်းတွင် မြေယာပြန်လည်ချထားရေး ရှေ့ပြေး အစီအစဉ်၏ အခြေခံအချက်များကို ရေးဆွဲရန် ဝန်ကြီးဌာနနှင့် လုပ်ကိုင်မည့် အကြံပေးအဖွဲ့ကို LIFTက ခေါ်ယူ ခဲ့သည်။ ဝန်ကြီးဌာနကအစီအစဉ်ကို အကောင် အထည်ဖော်ရာတွင် ထောက်ပံ့ကူညီမည့် မြေယာ လုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲမှု အတွေ့အကြုံရှိသည့် အဖွဲ့ တစ်ခုကို ကန်ထရိုက်ပေးရန် LIFTက စဉ်းစား ထားသည်။ နေ့စဉ် ဆောင်ရွက်မည့်လုပ်ငန်းဆောင်တာ များကို မကွေးတိုင်းဒေသကြီး အစိုးရက ဦးဆောင် သွားမည့် အခြေအနေရှိသည်။

## မြေယာ သုတေသန

၂၀၁၇ခုနှစ် နှစ်ဆန်းတွင် GRET သည် ဟားခါးမြို့နှင့် ဆင်ခြေဖုံး အရပ်များရှိ မြေယာနှင့် သယံဇာတ အသုံးပြုပုံကို သုတေသနပြု ထုတ်ဝေခဲ့ပြီး ဟားခါးမြို့

တွင် စာတမ်းဖတ်ကြားခဲ့သည်။ GRET သည် ရန်ကုန်နှင့် မန္တလေးရှိ မြို့ပြ ဆင်ခြေဖုံးဒေသများတွင်လည်း အလားတူ သုတေသနလုပ်ကာ အဓိကတွေ့ရှိချက် ပထမမူကြမ်းကို ၂၀၁၇ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ယင်းတွင် မြေမဲ့ယာမဲ့နှင့် မြေပိုင်ဆိုင်သည့် အိမ်ထောင်စု အမျိုးမျိုးလည်း ပါဝင်သည်။ အပူပိုင်းဇုန် နှင့် မြစ်ဝကျွန်းပေါ် ဒေသတို့၏ ကနဦး သုတေသန အစီရင်ခံစာကို မြန်မာ့မြေပြန့် ကျေးလက် ဒေသ မြေယာ ပိုင်ဆိုင်လုပ်ကိုင်ခွင့် ဟူသော ပြည့်စုံစွာ ပြုစု ထားသည့် သုတေသန စာအုပ်ကို ၂၀၁၇ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည်။ ထို သုတေသနတွင် အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ် ဒေသ တို့၏ သမိုင်းဆိုင်ရာ အမြင်များမှသည် လက်ရှိ အမှန်တရား များအထိ ပါဝင်သည်။[၉၈] ဤစာအုပ်သည် သုတေသီများ၊ မူဝါဒချမှတ်သူများသို့ အရေးကြီးသော အသိ အမြင်များကို ပေးအပ်ပါသည်။ မြေယာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မြေပြင်ရှိ တရားမဝင်လုပ်ပုံ လုပ်နည်းများနှင့် မည်သို့ အပြန်အလှန် ဆက်ဆံကာ ကျေးလက်ဒေသတို့တွင် မြေယာလက်လှမ်းမီမှုကို ပုံသွင်း နေသည်ကို နားလည်စေနိုင်သည်။

၆.၄

## စက်မှုအသွင်ပြောင်းမှု အစိုးရ ပုဂ္ဂလိက မိတ်ဖက်ပြုခြင်း

၂၀၁၇ခုနှစ် တွင် LIFTနှင့် ရိုးမဘဏ်သည် စက်မှုလယ်ယာဦးစီးဌာန (Agriculture Mechanization Department, AMD) နှင့် လက်တွဲကာ အစိုးရ ၏ ထွန်စက် ဖြန့်ဖြူးရေး အစီအစဉ်ကို ပံ့ပိုးခဲ့သည်။ ယခုကဲ့သို့ အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍ ချိတ်ဆက်ပြီး လယ်ယာသုံး စက်ကိရိယာ ရောင်းချသူများနှင့် လက်တွဲ ဆောင်ရွက်မှုသည် စက်မှု အသွင်ပြောင်းမှုကို တွန်းအားပေးရန် ရည်ရွယ်ပါသည်။ LIFTနှင့် ရိုးမဘဏ်သည် AFP အစီအစဉ်မှ တဆင့် ငွေကြေး ပံ့ပိုး ဆောင်ရွက်ပါသည်။ ငွေချေးယူခွင့် လျှောက်လွှာများကို မြန်မာနိုင်ငံ တဝှမ်းရှိ AMD၏ ရုံးခွဲပေါင်း-၁၂၀တွင် တင်သွင်းကာ ရသင့်သည့် အချက်အလက်များ ပြည့်မီပါက ထို လျှောက်ထားသူများကို ချိတ်ဆက်ထားသည့် စက် ပစ္စည်း ရောင်းသူများထံသို့ စက်ဝယ်ယူနိုင်ရန် လွှဲပြောင်းပေးသည်။ ၁၀ရာခိုင်နှုန်းကို လက်ငင်း ငွေပေး ချေပြီး နှစ်ဝက် တကြိမ်စီ ပြန်လည် ပေးသွင်း ရသည့် သုံးနှစ် ချေးငွေဖြင့် ထောက်ပံ့ပေးသည်။ ၂၀၁၇ နှစ်ကုန် အထိ ကန်ဒေါ်လာ ၁၀.၄သန်း တန်ဖိုး ရှိသော လေးဘီးတပ်ထွန်စက် အစီးပေါင်း ၅၈၈စီး အတွက် ချေးငွေများ ပံ့ပိုးခဲ့သည်။

၆.၅

## ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဦးစီးဌာနသို့ နည်းပညာပံ့ပိုးမှု

၂၀၁၇ခုနှစ်တွင် LIFTသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(DRD)ကို ပြည်ထောင်စု အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ဆက်လက်ပံ့ပိုးလျက်ရှိသည်။ ၂၄ဦးပါ LIFT၏ နည်းပညာ အထောက်အကူ အဖွဲ့သည် နေပြည်တော်တွင် အခြေစိုက်ကာ ဦးစီးဌာနကို စွမ်းဆောင်ရည် တည်ဆောက်ရာတွင် လည်းကောင်း၊ မြို့နယ်စီမံကိန်း ရေးဆွဲရေး ကော်မတီများကို ရည်မှန်းချက်နှစ်ခု ရရှိစေရန် လည်းကောင်း ကူညီနေသည်။ ပထမ ရည်မှန်းချက်မှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာလူထုက ဦးဆောင်သည့်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ဦးစားပေးမည့် ဖော်ထုတ်မည့် နှစ်လတ် လူမှု-စီးပွားဖွံ့ဖြိုးရေး မူဘောင်တစ်ရပ် ရေးဆွဲပြုစုရန် ဖြစ်သည်။ ဒုတိယ ရည်မှန်းချက်မှာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် နှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက်များကို မြို့နယ်ဖွံ့ဖြိုးရေး စီမံကိန်းဘတ်ဂျက်နှင့် ပေါင်းစည်းပေးနိုင်သည့် အဖွဲ့အစည်းများနှင့် ယင်းတို့၏ လုပ်ငန်းစဉ်များကို အားဖြည့်ပေးမည့် ရေရှည် ရည်မှန်းချက်များ ပါဝင်သည်။

LIFTသည် DRD နှင့် ၂၀၁၄ခုနှစ် မှစ၍ အတူ လက်တွဲဆောင်ရွက်လျက် ရှိရာ ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရေးဆွဲခြင်း၊ ရွာလူထုကိုယ်တိုင် ဖော်ဆောင်သည့် အခြေခံ အဆောက်အအုံ အသေးစား စီမံကိန်း အကောင်အထည်ဖော်ခြင်း တို့တွင် ဖြစ်သည်။ ထိုဆောင်ရွက်မှုသည် နိုင်ငံတဝှမ်းရှိ ကျေးလက် မြို့နယ်ပေါင်း ၂၉၈ခု အနက် မြို့နယ် ၄၉ခု ကျေးရွာ ၇,၂၀၀ကျော်သို့ ရောက်ရှိခဲ့ရာ နိုင်ငံတဝှမ်းရှိ ကျေးရွာစုစုပေါင်း၏ ၁၁ရာခိုင်နှုန်း ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ၄၀၀ခန့်ကို ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲနည်း၊ ရွာလူထုက ဖော်ဆောင်သည့် လုပ်ငန်းများ၊စီမံချက်များကို စုစည်းဆောင်ရွက်နိုင်ရန် သင်တန်းပို့ချခဲ့သည်။ ဦးစီးအရာရှိများမှ ရွာခံစီမံချက်ရေးဆွဲသူ ၁၄,၅၁၀ ကို ဆင့်ပွား သင်တန်းပေးခဲ့သည်။ စီမံချက် ရေးဆွဲသူများကို ကိန်းဂဏန်း အချက်အလက်များ စုဆောင်းကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် နှစ်လတ် ရင်းနှီးမြှုပ်နှံမှု စီမံချက်များကို ရေးဆွဲနိုင်ရန် သင်တန်းများပေးခဲ့သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို နှစ်လတ်ဖွံ့ဖြိုးရေး စီမံချက်တွင် အကောင်အထည်ဖော်နိုင်မည့် အစီအစဉ် များအဖြစ် နှစ်စဉ်ဘတ်ဂျက်ခွဲဝေမှုနှင့် အတူတကွ ထည့်သွင်းရန်မှာ DRD၏ ပင်မလုပ်ငန်း ဆောင်တာ ဖြစ်ပါသည်။ လေးနှစ်တာကာလအတွင်း ကန်ဒေါ်လာ ၂၁.၇သန်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအတွက် ခွဲဝေပေးခြင်းက ဒေသခံတို့၏ လူမှု-စီးပွားဖွံ့ဖြိုးရေးအပေါ် ထားရှိသည့် အစိုးရ၏ ကတိကဝတ်ကို ပြသနေသည်။ အစီအစဉ်ရန်ပုံငွေ စုစုပေါင်း ၏ ၁၆ ရာခိုင်နှုန်းကို LIFTက လည်းကောင်း ၈၄ရာခိုင်နှုန်းကို DRD က လည်းကောင်း ထည့်ဝင် ခဲ့သည်။

ရှေ့ဆက်မည် ဆိုပါက အစိုးရသည် မြို့နယ်အဆင့်နှင့် ဒေသ အဆင့်တို့တွင် စီမံကိန်းရေးဆွဲရေးနှင့် ဘတ်ဂျက် ရေးဆွဲရေးတို့အတွက် မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။ မြို့နယ်အဆင့် စီမံကိန်း ရေးဆွဲရေးနှင့် ဘတ်ဂျက်ရေးဆွဲရေးမှာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ တာဝန်ဖြစ်သော်လည်း ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲမှုကိုဆပွားကာ ပူးပေါင်းပါဝင်မှု အခြေပြုထားသည့် မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာ ကို အကောင်အထည်ဖော်နိုင်မည့် နည်းနာများကို ပြုစုရန် DRDက စီမံဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ခုနှစ်တွင် ပူးပေါင်းပါဝင်မှု အခြေပြုထားသည့် မြို့နယ် ဖွံ့ဖြိုးရေး မဟာဗျူဟာ လုပ်ငန်းစဉ်ကို ၁၂ မြို့နယ်တွင် ရှေ့ပြေးဆောင်ရွက်နေသည်။

ပူးပေါင်းပါဝင်မှု အခြေပြုထားသည့် မြို့နယ်ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေးနှင့် ဘတ်ဂျက် ရေးဆွဲရေးအတွက် ဖွဲ့စည်းပုံပြောင်းရန်မှာ ပြည်ထောင်စုအစိုးရ၏မူဝါဒ အပြင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တို့၏ မူဝါဒပိုင်း နှင့် စီမံချက် ရေးဆွဲမှု အပိုင်းတို့တွင် ပေါင်းစပ်ညှိနှိုင်းမှုကိုလည်း လိုအပ်သည်။ LIFTသည် အဆိုပါ အစိုးရအဖွဲ့အစည်းများနှင့် မူဝါဒရေးရာ တွေ့ဆုံ ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေမည် ဖြစ်ပါသည်။ ဒေသအဆင့် စီမံကိန်းရေးဆွဲရေးနှင့် ဘတ်ဂျက် ရေးဆွဲရေးအတွက် ပိုမိုတိကျသော မူဝါဒ လမ်းညွှန်ချက်များ ရေးဆွဲရာတွင် ပံ့ပိုး ကူညီနိုင်ရန် ဖြစ်ပါသည်။

၉၈။ www.lift-fund.org/land-tenure-rural-lowland-myanmar-historical-perspectives-contemporary-realities-dry-zone-and-delta









၇

# ငွေကုန်ရကျိုးနပ်မှု

နွမ်းပါးသူများဘဝ ပိုမိုကောင်းမွန်ရေးအတွက် သုံးစွဲသည့် ငွေတစ်ဒေါ်လာတိုင်းမှ အကျိုးသက်ရောက်မှုအများဆုံးဖြစ်စေရေးမှာ LIFTနှင့် အလှူရှင်များအတွက် အရေးကြီးပါသည်။ ၂၀၁၆ခုနှစ်တွင် LIFTသည် ငွေကုန်ရကျိုးနပ်မှု (VFM) ဆိုင်ရာ မူဘောင်တစ်ရပ်ကို ပြုစုခဲ့သည်။ LIFTနှင့် မိတ်ဖက်အဖွဲ့များက စီမံကိန်းများ၊ စီမံချက်များ စီမံချက်၏ ချွေတာမှု၊ ထိရောက်မှု၊ ခရီးရောက်မှု၊ ညီမျှမှုတို့ကို ဆန်းစစ်ရာတွင် အသုံးပြုနိုင်သည့် စံနှုန်းများ၊ အတိုင်းအတာများ၊ မက်ထရစ်များ ပါဝင်သော လမ်းညွှန်ချက် တစ်စုံကိုပါ ဆက်လက်ပြုစုခဲ့ပါသည်။

၇.၁

## LIFT စီမံကိန်းများ နှင့် စီမံချက်များ သက်တမ်းတလျှောက်လုံး၏ ငွေကုန်ရကျိုးနပ်မှု (VFM)[၉၉]

LIFTသည် မိမိစီမံကိန်းများ နှင့် စီမံချက်များ သက်တမ်းတလျှောက်လုံးတွင် ငွေကုန်ရ ကျိုးနပ်မှု (VFM) ဆိုင်ရာ လုပ်ငန်းစဉ်ကို လိုက်နာ ဆောင်ရွက်ပါသည်။ စီမံကိန်းရေးဆွဲခြင်း ၊ စုစည်းပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် လုပ်ငန်း ပြီးစီး ပိတ်သိမ်းသည့် အဆင့်များ အားလုံးတွင် ဖြစ်သည်။

### ဒီဇိုင်း

ဒီဇိုင်းရေးဆွဲသည့် အဆင့်တွင်LIFT၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) သည် VfMကို အဆိုပြုလွှာ ခေါ်ယူခြင်း (CfP)၊ အဆိုပြုလွှာ ဆန်းစစ်ခြင်း လုပ်ငန်းစဉ် နှင့် စံနှုန်းများ၊ အဆိုပြုလွှာအကဲဖြတ်သည့် သတင်းအချက်များ နှင့် ရန်ပုံငွေဘုတ်အဖွဲ့သို့ တင်ပြသည့် အကြံပြုချက်များ အားလုံးတွင် ထည့်သွင်း ဆောင်ရွက်ပါသည်။

### အဆိုပြုလွှာ ခေါ်ယူခြင်း

LIFT သည် မိတ်ဖက်အဖွဲ့များကို အဆိုပြုလွှာများ ယှဉ်ပြိုင်တင်သွင်းရသည့် ပုံစံဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ပါသည်။ ရန်ပုံငွေ အများစုကိုလည်း အဆိုပြုလွှာ ဖွင့်လှစ်ခေါ်ယူကာ ခွဲဝေချထားပေးသည်။ LIFTက အဆိုပြုလွှာခေါ်ယူရာတွင် VfMကို ကိုင်တွယ်ဖြေရှင်းသည့်ပုံစံမှာ အချိန်နှင့်အမျှ တိတိကျကျ ဖြစ်လာသည်။ ဥပမာအားဖြင့် ၂၀၁၅ခုနှစ် မတ်လက မြစ်ဝကျွန်းပေါ် (၃) အစီအစဉ်အတွက် အဆိုပြုလွှာ ခေါ်ယူရာတွင် VfMဆိုင်ရာ မေးခွန်းများကို ထည့်သွင်းမထားခဲ့သေးသော်လည်း အဆိုပြုလွှာ ခေါ်ယူသည့် လုပ်ငန်းစဉ်တလျှောက်လုံးတွင်VfM ကို ထည့်သွင်း စဉ်းစားခဲ့သည်။ ၂၀၁၅ခုနှစ် နောက်ပိုင်းတွင် အပူပိုင်းဇုန်နှင့် တောင်တန်းဒေသ အစီအစဉ်တို့အတွက် အဆိုပြုလွှာ ခေါ်ယူရာတွင်မူ VfMနှင့်ပိုမို သက်ဆိုင်သည့် မေးခွန်း များကို ထည့်သွင်းလာသည်။ LIFTက အဆိုပြုလွှာအများစု ခေါ်ယူရာတွင် အောက်ပါ သတင်း အချက်အလက်လိုအပ်ကြောင်း ဖော်ပြပြီး ထိုအချက်များ ဖြင့် VfMကို ဆန်းစစ်နိုင်ရန် ဖြစ်ပါသည်-

- ကောင်းစွာ ဖွဲ့စည်းထားသည့် အကောင်အထည်ဖော်ရေး စီမံချက်၊ တိုင်းတာရေး မူဘောင်၊ ဘတ်ဂျက် တို့နှင့် ကိုက်ညီမှုရှိသည့် ပြောင်းလဲမှုဆိုင်ရာ သီအိုရီ
- ရှင်းလင်းစွာ ဖော်ပြထားသည့် အကျိုးခံစားရသူ အမျိုးအစား၊ အရေအတွက်၊ တည်နေရာ
- စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များ ဖော်ပြချက်၊ ဝယ်ယူရေး အစီအစဉ်များ
- အခြားသော ရွေးချယ်နိုင်သည့် ဒီဇိုင်းများ

အဆိုပြုလွှာခေါ်ယူရာတွင် မလိုအပ်သော်လည်းအချို့ အဆိုပြုလွှာများတွင် VfM တွက်ချက်မှုများကို ထည့်သွင်းကြသည်။ Mercy Corps၏ လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း အဆိုပြုလွှာတွင် ယခင်လုပ်ဆောင်ချက်များကို အခြေခံကာပြန်လည် ရင်းနှီးမည့် ခန့်မှန်းချက်များကို တင်ပြထားသည်။ Welthungerhilfe၏ မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေး အထောက်အပံ့ အဆိုပြုလွှာတွင် မျိုးစပါးနှင့် ငါးနှစ်အတွင်း စပါး ထုတ်လုပ်မှုတို့၏ ကုန်ကျစရိတ်-အကျိုးရှိမှု အချိုးကို တင်ပြထားသည်။ WorldFishကလည်း အဆိုပြု ထားသည့် ငါးမွေးမြူရေးနည်းပညာများ၏ စနစ် တစ်ခုချင်း နှင့် ထပ်မံထုတ်လုပ်မှုများအလိုက် စုစုပေါင်း အမြတ် တန်ဖိုးကို ခန့်မှန်းထားသည်။

### အဆိုပြုလွှာအကဲဖြတ်သည့် စံနှုန်းများ

နယ်မြေဒေသအလိုက် နှင့် အကြောင်းအရာအလိုက် စီမံကိန်း မန်နေဂျာများက အောက်ပါ VfM ဆိုင်ရာ စံနှုန်းများဖြင့် အဆိုပြုလွှာများကို အကဲဖြတ်ပါသည်-

- LIFT၏ မဟာဗျူဟာနှင့် စီမံကိန်းများ၏ ToC တို့တွင် အဆိုပြုစီမံချက်၏ ဖြည့်ဆည်းနိုင်မှု
- ToC၊ အကောင်အထည်ဖော်ရေး အစီအစဉ်၊ တိုင်းတာရေး မူဘောင် နှင့် ဘတ်ဂျက်များ ကိုက်ညီမှု၊ ကတိပြုထားသော ရလဒ်များ ဖော်ဆောင်နိုင်စွမ်းရှိမှု
- စရိတ်များ၏ သင့်လျော်မှု၊ မှန်ကန်မျှတမှု
- အကျိုးခံစားခွင့်ရှိသူတစ်ဦးအတွက် ကုန်ကျစရိတ်
- ဝန်ထမ်းဖွဲ့စည်းပုံ
- အဆိုပြုသည့် ဝယ်ယူရေး လုပ်ငန်းစဉ်များ
- ဆက်လက်စဆောင်းနိုင်မည့် နယ်ပယ်များ၊ ငွေကုန်ရကျိုးနပ်မှု ပိုမိုရရှိနိုင်မည့် နည်းလမ်းများ
- ဖြစ်နိုင်ခြေရှိသည့် ဆပွားထိရောက်မှု သို့မဟုတ်/နှင့် ဆင့်ပွားခြင်း တိုးချဲ့ခြင်း တို့ကြောင့် ထပ်မံ ရရှိလာနိုင်သည့် အကျိုးကျေးဇူးများ
- ထပ်မံတိုးချဲ့သည့် ရန်ပုံငွေများနှင့် ဘက်ချိန်ထိန်းညှိနိုင်မှု

စီမံကိန်း မန်နေဂျာများသည် စီမံချက်အတွက် သဘောတူ ဆောင်ရွက်မည့်အချက်များ ညှိနှိုင်းစဉ်တွင်လည်း VfMကို ထည့်သွင်း စဉ်းစားပါသည်။ ချွေတာမှု၊ ထိရောက်မှု၊ ခရီးရောက်မှု၊ ညီမျှမှုတို့ကို အများဆုံး ဖြစ်စေရန် အချို့ စီမံချက်များကို ပြန်လည်ပြုပြင်ရန် တောင်းခံခဲ့သည်။ ဥပမာ အားဖြင့် အချို့စီမံချက်များ၏ လုပ်ငန်းပုံစံ ခိုင်မာအောင် ပြန်လည်ပြုစုရန်၊ ရန်ပုံငွေများကို ပိုမို ဘက်ချိန်ထိန်းညှိနိုင်စေရန်၊ စီးပွားရေး အညွှန်းများ၊ ရည်ရွယ်ချက်များ ပိုမိုထည့်သွင်းကာ အထောက်အထား ပိုမိုခိုင်မာအောင် အားဖြည့်ရန် တောင်းခံခဲ့သည်။

### စုစည်းပြင်ဆင်ခြင်း

စီမံချက် လုပ်ငန်းစုစည်းပြင်ဆင်ခြင်း သို့မဟုတ် အစပျိုးခြင်း အဆင့်တွင် ငွေကုန်ရကျိုးနပ်မှုကိုရရှိရန်အတွက် ထိရောက်သော ဝယ်ယူရေး ပုံစံများဖြင့် လုပ်ငန်းများ၊ ရလဒ်များ၏ အရည်အသွေးနှင့်

၉၉။ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန VfM လမ်းညွှန်ချက်၊ စိုက်ပျိုးရေး၊ ၂၀၁၇ဇွန်လ။

အရေအတွက်များကိုရရှိစေခြင်း၊ စရိတ်ကို သတ်မှတ်ထိန်းချုပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်မှု ဆိုင်ရာ အစီအစဉ်များ၊ လုပ်ငန်းစဉ်များကို အပြီးသတ် ပြုစုခြင်း တို့ဖြင့် ဆောင်ရွက်နိုင်သည်။

## ဝယ်ယူရေး လုပ်ငန်းစဉ်များ

စရိတ်များ သင့်လျော်မှု၊ မှန်ကန်မျှတမှု ရှိစေရန် စီမံချက်တိုင်းသည် ဘတ်ဂျက်ဆွဲခြင်း၊ ဝယ်ယူခြင်း၊ သုံးစွဲခြင်း ဟူသော လုပ်ငန်းစဉ်များတွင် တင်းတင်းကျပ်ကျပ် ဆောင်ရွက်ကြရန် လိုအပ်သည်။ လုပ်ငန်းစဉ်များတွင် လစာ၊ ခရီးစရိတ် စသည့် အသုံးစရိတ်များကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြီး သင့်လျော်မှု၊ မှန်ကန်မျှတမှု ရှိနေစေရန် လိုအပ်သည်။ အခြား စီမံချက်များမှ အလားတူစရိတ်များ၊ မြန်မာနိုင်ငံ ဈေးကွက်ပေါက်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ရန်လည်း လိုအပ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် စီမံချက်၏ စရိတ်ကုန်ကျမှုများကို စီမံချက်အဆင့်တွင် ဦးစွာ ထိန်းချုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်း အဆင့်တွင် FMO က ကြီးကြပ်နိုင်မည်။

LIFT၏ လုပ်ငန်းလမ်းညွှန်များတွင် ဖော်ပြထားသည့်အတိုင်း FMO နှင့် စီမံချက် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များသည် UNOPS၏ ဝယ်ယူရေး စည်းမျဉ်းများကို လိုက်နာရမည်။ ယင်းတို့သည် ပြည်သူ့ ဝယ်ယူရေးမူများကို အခြေခံထားသည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည်-

- ငွေအကုန်အကျခံရကျိုး အနပ်ဆုံးဖြစ်မှု
- သတ်မှတ်ထားသည့် ဝယ်ယူမှုဆိုင်ရာ မှတ်တမ်းတင်ခြင်း အပါအဝင် မျှတမှု၊ ဖြောင့်မတ်မှု၊ ပွင့်လင်းမှု၊
- ထိရောက်စွာ ယှဉ်ပြိုင်မှု
- အဖွဲ့အစည်း၏ ရည်မှန်းချက်များနှင့် အသင့်လျော်ဆုံးဖြစ်မှု၊ LIFT နှင့် မိတ်ဖက်များအတွက်ဆိုပါက ထိုသို့သော ဝယ်ယူခြင်းသည် ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များအပေါ် တန်ဖိုးမြှင့်တင်ပေးခြင်း ဖြစ်သည်
- ရေရှည်တည်တံ့အကျိုးရှိသည့် ဝယ်ယူမှု

၂၀၁၇ခုနှစ်တွင် UNOPSသည် စီမံအုပ်ချုပ်ရေးကို ဖွင့်ခဲ့သည်။ ယင်းသည် UNOPS က စီမံခန့်ခွဲသော ရန်ပုံငွေ ၄ခုလုံး၏ အစီအစဉ်များ၊ စီမံချက်များမှ လူစွမ်းအား အရင်းအမြစ်၊ သတင်းအချက်အလက်များ၊ ဆက်သွယ်ရေး နည်းပညာများ၊ လုံခြုံဘေးကင်းမှု၊ အုပ်ချုပ်မှု၊ ဝယ်ယူမှု၊ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုနှင့် ငွေကြေး ဝန်ဆောင်မှုတို့ကို စုစည်းဆောင်ရွက်ပါသည်။ ထို့ကြောင့် UNOPSသည် စုစည်းထားသည့် လုပ်ငန်းစဉ်များဖြင့် အရည်အသွေးကို အာမခံကာ မိမိ၏ အစီအစဉ် အားလုံးတွင် ပွင့်လင်းမြင်သာမှုရှိပြီး ပိုမိုခရီးရောက်စွာ အကောင် အထည်ဖော်လာနိုင်ခဲ့သည်။ ထို့ပြင် ဝန်ထမ်းများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေကာ အသိအမြင်များ ကိုလည်း မျှဝေနိုင်သည်။ ထို့ကြောင့် ထိရောက်သော ငွေကုန်ရကျိုးနပ်မှုကို ဖြစ်ထွန်းစေသည်။

## လုပ်ငန်း စီမံချက်များ နှင့် တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (monitoring and evaluation for accountability and learning, MEAL) အစီအစဉ်များ

စီမံချက် အစပျိုးခြင်းအဆင့်တွင် မိတ်ဖက်အဖွဲ့များသည် အသေးစိတ်လုပ်ငန်းစဉ်များ၊ စောင့်ကြည့်အကဲဖြတ်ခြင်း အစီအစဉ်များ ကို ပြုစုရသည်။ ထိုအစီအစဉ် နှစ်ခုလုံးသည် စီမံချက် သက်တမ်းတလျှောက်လုံးတွင် စီမံခန့်ခွဲခြင်းနှင့် VfMကို အများဆုံး ရရှိစေရန်အတွက် အရေးကြီးသည့် နည်းလမ်းများကို ပေးပါသည်။ FMO သည် စီမံချက် အကောင်ထည်ဖော်သော မိတ်ဖက်အဖွဲ့အစည်းများအတွက် ပြုစုထားပြီးဖြစ်သည့် လမ်းညွှန်ချက်များ မျှဝေပေးခြင်း၊ စီမံချက်ဝန်ထမ်းများနှင့်တွေ့ဆုံခြင်း၊ လိုအပ်သည့်အခါတွင် M&E ကျွမ်းကျင်သူ၊ အကြံပေးများ ခန့်ပေးခြင်း တို့ဖြင့် စောင့်ကြည့်အကဲဖြတ် စီမံချက်များကို ပြုစုရာတွင် ပံ့ပိုး ကူညီပေးပါသည်။

## လုပ်ငန်းဆောင်ရွက်ခြင်း

လုပ်ငန်းဆောင်ရွက်သည့် သို့မဟုတ် အကောင်အထည်ဖော်သည့် အဆင့်တွင် မိတ်ဖက်အဖွဲ့များ နှင့် FMO ဝန်ထမ်းများသည် အကျိုးသက်ရောက်မှုကို ထိန်းသိမ်းထားရန် သို့မဟုတ် တိုးတက်စေရန်အတွက် ရေးဆွဲထားသည့် လုပ်ငန်းစဉ်ဖြင့် စီမံကိန်း သို့မဟုတ် စီမံချက်ကို စီမံခန့်ခွဲသည်။ LIFTသည် အောက်ပါအတိုင်း ဆောင်ရွက်ပါသည်-

- လုပ်ငန်းစဉ်ကို အနီးကပ် စောင့်ကြည့်လေ့လာပြီး စီမံချက်များကို အချိန်ဇယားနှင့် ကိုက်ညီစေခြင်း၊ လိုအပ်ပါက အချိန်ဇယားကို ချိန်ညှိပေးခြင်း
- အသုံးစရိတ်ကို ဘတ်ဂျက်နှင့် နှိုင်းယှဉ်ကာ သေချာစွာ စောင့်ကြည့်ခြင်း
- နှစ်ပတ်လည် နှင့် နှစ်ဝက် အစီရင်ခံစာများကို သုံးသပ်ကာ စီမံချက်၏ အကျိုးရလဒ်များကို စစ်ဆေးခြင်း၊ အနည်းဆုံး တနှစ် နှစ်ကြိမ် ကွင်းဆင်း လေ့လာခြင်း၊ မည်သည့် စီမံချက်သည် မျှော်မှန်းထားသည့် အကျိုး ရလဒ်များ၊ ရေရှည်တည်တံ့မှု၊ ကျား/မတန်းတူ ညီမျှရေး ဖော်ဆောင်မှုကို မည်မျှအထိ ကိုက်ညီ ထိရောက်စွာ ရရှိသည်ကို အကဲဖြတ်ရန် စီမံချက် ကာလဝက် သုံးသပ်ချက်များ ဆောင်ရွက်ခြင်း၊ စီမံချက် ကာလဝက် ပြန်လည်သုံးသပ်ချက်တွင် VfMဆိုင်ရာ မေးခွန်းများပါရှိပါသည်။
- ရေးသားထားသည့် အစီရင်ခံစာများ၊ သတ်မှတ်ချိန်အလိုက် သို့မဟုတ် ကျပန်း ကွင်းဆင်းကြည့်ရှုခြင်းများ၊ ကဏ္ဍအလိုက် စုဝေးဆွေးနွေးသည့် အလုပ်ရုံ အစည်းအဝေးများ၊ စီမံချက်ဆောင်ရွက်ဆဲ ကာလအတွင်း ပုံမှန်ဆက်သွယ်ဆောင်ရွက်ခြင်းများဖြင့် တွေ့ရှိချက်များကိုပြန်လည်တင်ပြကာ ချိန်ညှိဆောင်ရွက်နိုင်ရန် အားပေးခြင်း
- ကဏ္ဍအလိုက် စုဝေးဆွေးနွေးသည့် အစည်းအဝေးများ၊ သတ်မှတ်ချိန်အလိုက် သို့မဟုတ် ကျပန်း ကွင်းဆင်းကြည့်ရှုခြင်းများ ဖြင့် စီမံချက်တစ်ခုချင်းအတွင်း၊ စီမံချက်များ အတွင်းမှ ပြီးစီးအောင်မြင်မှုများ၊ ရည်မှန်းချက်မပြည့်မီမှုများ ကို လေ့လာခြင်း
- မူဝါဒပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုအတွက် လိုအပ်သည့် အထောက်အထားများကို စစ်တမ်းများ၊ ကဏ္ဍအလိုက် စုဝေးဆွေးနွေးသည့် အစည်းအဝေးများဖြင့် ဖော်ဆောင်ခြင်း
- စီမံချက်အလိုက် VfM အကဲဖြတ်မှု ဆောင်ရွက်ခြင်း

## လုပ်ငန်းပြီးစီး ပိတ်သိမ်းခြင်း

လုပ်ငန်းပြီးစီးပိတ်သိမ်းသည့်အဆင့်တွင် VfM လုပ်ငန်းစဉ် သည် အကျိုးရရှိမှု၊ ဖွံ့ဖြိုးရေး သက်ရောက်မှုများ ကိုသာ အလေးထားသုံးသပ်သည်။ ထို့ကြောင့် မျှော်မှန်းတွက်ချက်ထားသည့် စရိတ်နဲ့ ရလဒ် မကာမိ သည့်အခါမျိုးတွင် အချို့စီမံချက်များကို သတ်မှတ်ချိန်ထက် စော၍ ပိတ်သိမ်းနိုင်ခြင်းများ ရှိနိုင်သကဲ့သို့ စရိတ်ထက် ရလဒ်က ထူးခြားစွာ ပိုများသည့်

အချို့စီမံချက်များကို သတ်မှတ်ကာလထက် ထပ်မံတိုးချဲ့နိုင်ပါသည်။ ထိုသို့ ဆုံးဖြတ်နိုင်ရန် LIFTသည်-

- စီမံချက်အစီရင်ခံစာများ၊ ကြားဖြတ်ပြန်လည်သုံးသပ်ချက်များ၊ အခြား စီမံချက်စာရွက် စာတမ်းများကို သုံးသပ်ပါသည်
- စီမံချက် ပြီးစီးပိတ်သိမ်းမှု အကဲဖြတ်ချက် ပြုလုပ်ရာတွင် VfMနှင့် သက်ဆိုင်သည့် မေးခွန်းများ ထည့်သွင်းထားပါသည်
- စီမံချက်တစ်ခုချင်း နှင့် စီမံချက်များအတွင်း VfM အကဲဖြတ်မှုကို ဆောင်ရွက်ပါသည်

၇.၂

## VfM စံနှုန်းနှင့် မေထရစ်များ

LIFT သည် စီမံချက်သက်တမ်းတလျှောက် အောက်ပါစံနှုန်း ကို အသုံးပြု၍ VfM ကို တိုင်းတာသည် [၁၀၀]

*ချွေတာမှု*

ပစ္စည်းဖြစ်စေ ဝန်ဆောင်မှုဖြစ်စေ ဝယ်ယူရာတွင် အရည်အသွေးကို အလေးနက်ထားကာ ကုန်ကျသည့် စရိတ်ကို တိုင်းတာသည်။ LIFT၏ စီမံကိန်းများ၊ စီမံချက်များမှာ မတူညီသည့်ပြင် များပြားလှသဖြင့် ပစ္စည်းနှင့်ဝန်ဆောင်မှု ဝယ်သည့် စရိတ်ကို အားလုံးနှင့် အကျုံးဝင်အောင် စရိတ်တခုတည်းပုံစံဖြင့်ပေးပါက အဓိပ္ပာယ်မရှိပေ။ ထို့ကြောင့် LIFTသည်UNOPS၏ တိကျသော ဝယ်ယူမှု လုပ်ငန်းစဉ်များကို လိုက်နာသည့် စီမံချက်တို့၏ ရာခိုင်နှုန်းနှင့် အဓိက စရိတ်ကုန်ကျစေမှုများကို စောင့်ကြည့်လေ့လာသည်။

*ခရီးရောက်မှု*

လက်ငင်းထိရောက်မှု သို့မဟုတ် ရလဒ်ကို ရရှိအောင် သုံးရသည့် သွင်းအားစုကို တိုင်းတာ သည်။ အကျိုးခံစားခွင့်ရှိသူတစ်ဦးအတွက် ကုန်ကျစရိတ်ကို ပျမ်းမျှကုန်ကျစရိတ်နှင့် စီမံကိန်း အဓိက ကဏ္ဍများအလိုက် ကုန်ကျစရိတ်တို့ဖြင့် တွက်ချက တိုင်းတာသည်။

*ထိရောက်မှု*

မျှော်မှန်းထားသည့် ရလဒ်များ ရရှိမှုကို တိုင်းတာသည်။

*ညီမျှမှု*

အဆင်းရဲ နွမ်းပါးဆုံးသူများ၊ ရပ်ရွာလူထုများအားလုံး မကျန်ရစ်ခဲ့ရန် သေချာစေရမည် ဖြစ်သည်။ LIFT အတွက် မှာမူ ရပ်ရွာအတွင်း ထိခိုက်လွယ်ဆုံးသူများ ထံသို့ 'တောင့်ထားရန်'၊ 'ထွက်ခွာရန်'၊ 'တက်လှမ်းရန်' ပံ့ပိုးကူညီမည့် လုပ်ငန်းများကို ငွေကုန်ကျိုးနပ်စွာ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ 'လှမ်းတက်ရန်' ကူညီမည့် ဝန်ဆောင်မှုများကို ငွေကုန်ကျိုးနပ်စွာ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

LIFTသည် VfMကို ၂၀၁၆ခုနှစ်တွင် ပထမဆုံး အစီရင်ခံတင်ပြခဲ့သည်။ LIFT၏ ဒေသဆိုင်ရာ စီမံကိန်း ၄ခုတွင် ဆောင်ရွက်နေသော စီမံချက် ၃၇ ခုမှ မက်ထရစ်များကို ဆန်းစစ်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ဒေသဆိုင်ရာ စီမံကိန်း ၄ခု၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ရွှေ့ပြောင်းသွားလာရေး တို့မှ စီမံချက် စုစုပေါင်း ၆၆-ခုကို VfM ဆန်းစစ်ခဲ့သည်။

၂၀၁၆ခုနှစ်တွင် VfM ဆိုင်ရာ ဆန်းစစ်မှု တစ်ခု ပြုလုပ်ခဲ့သည်။ အပူပိုင်းဇုန် SEDNစီမံချက်၏ ဌာနတွင်း စရိတ်-အကျိုးရှိမှု ဆန်းစစ်ချက် ဖြစ်သည်။ ၂၀၁၈ခုနှစ်တွင် စစ်တမ်း ၈ခု ကောက်ယူရန် စီမံထားသည်။ ၂၀၁၇ခုနှစ်တွင် VfMကို အာရုံစိုက်မှုများပြားလာသဖြင့် စီမံချက် ၇ခုကို VfM ဆန်းစစ်ရန် စီမံခဲ့ရာ အာဟာရ နှင့် စိုက်ပျိုးစီမံချက်များဖြစ်သည့် မြစ်ဝကျွန်းပေါ်(၃)တွင် ၅ခု၊ အပူပိုင်းဇုန်တွင် ၂ခုတို့ ဖြစ်သည်။

LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်တွင် FMOသည် မိတ်ဖက်များ၏ ဘဏ္ဍာရေးရှင်းတမ်းကို စစ်ဆေးပါသည်။ ၂၀၁၇ခုနှစ်တွင် ထိုသို့ဆန်းစစ်မှု ၁၂ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ခုနှစ်တွင် ၁၃ကြိမ် ဆောင်ရွက်ရန် စီမံထားသည်။

ခရီးရောက်မှု။ LIFT၏ လက်လှမ်းမီမှု

၂၀၁၇ခုနှစ် အသုံးစရိတ် အစီရင်ခံစာများ နှင့် ၂၀၁၇ ခုနှစ် အတွင်း ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု အပါအဝင် LIFT၏ စီမံကိန်းများ အားလုံး၊ စီမံချက်များအားလုံးက လက်လှမ်းမီခဲ့သောအိမ်ထောင်စုများကို အခြေခံကာ ခန့်မှန်းခဲ့ရာ LIFT၏ မိတ်ဖက်အဖွဲ့များက ဝန်ဆောင်မှုပေးရန် စရိတ်အဖြစ် အိမ်ထောင်စု တစုလျှင် ကန်ဒေါ်လာ ၂၂.၇၆နှုန်း၊ အိမ်ထောင်စုဝင် တစ်ဦးလျှင် ကန်ဒေါ်လာ ၅.၁၇နှုန်း သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။

LIFTသည် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးမျိုးကို ထောက်ပံ့နေသဖြင့် လုပ်ငန်းဆောင်ရွက်သည့် စရိတ်ကို အဓိက အစီအစဉ်အစိတ်အပိုင်း တစ်ခုအဖြစ် ရှုမြင်ရန် အရေးကြီးသည်။

၂၀၁၇ခုနှစ်၏အသုံးစရိတ် အစီရင်ခံစာများ နှင့် လက်လှမ်းမီခဲ့သော အစီရင်ခံစာများအရ စိုက်ပျိုးရေး အတွက် ထောက်ပံ့သည့်စရိတ်မှာ တစ်အိမ်ထောင်လျှင် ကန်ဒေါ်လာ၁၅၁ ဖြစ်သည်။ ယင်းတွင် သင်တန်း များ နှင့် ပစ္စည်းသွင်းအားစုများ ပါဝင်သည်။ မိခင်နှင့်ကလေးများအား ငွေကြေး ထောက်ပံ့သည့် စရိတ်မှာ ကန်ဒေါ်လာ ၇၀ ဖြစ်သည်။ ယင်းတွင် ထောက်ပံ့ငွေနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်ပေးခြင်းများ ပါဝင်သည်။ အသေးစားချေးငွေ အတွက် လက်ရှိ ငွေချေးသူ တယောက်အတွက် LIFT၏စရိတ်မှာ ကန်ဒေါ်လာ ၂.၆၂ဖြစ်သည်။ ငွေချေးသူ တစ်ယောက်ကို တစ်အိမ်ထောင်ဟု ယူဆလျှင် အိမ်သားတစ်ဦး အတွက် ဆင့်-၆၀သာ ကျသင့်သည်။ သို့သော် ၂၀၁၇ခုနှစ် တွင် LIFT၏ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၀သန်း ခန့်သည် LIFTရန်ပုံငွေ ပံ့ပိုးသည့် MFIများက ကန်ဒေါ်လာ ၈၆-သန်းထိ ထုတ်ချေးအောင် ဘက်ချိန် ထိန်းညှိ ဩဇာသက်ရောက်စေခဲ့သည်။

ဇယားတွင် ဖော်ပြထားသည့်အတိုင်း LIFT ပံ့ပိုးမှုများ၏ အကျိုးခံစားရသူတဦးအတွက် ကုန်ကျစရိတ်မှာ ၂၀၁၆ ခုနှစ် ကတည်းက ကျဆင်းလျက်ရှိရာ ပျမ်းမျှသာမက အဓိက အစီအစဉ်ကဏ္ဍသုံးခုတွင်လည်း ဖြစ်သည်။ ၂၀၁၇ခုနှစ် စီမံချက်စရိတ်များကို ကြည့်ပါက ပျမ်းမျှ တစ်အိမ်ထောင် စရိတ်မှာ ကန်ဒေါ်လာ ၁၃.၂၄ နှင့် အိမ်သားတစ်ဦးလျှင် ကန်ဒေါ်လာ ၂.၈၃ လျော့နည်းသွားသည်။ စိုက်ပျိုးရေး စီမံချက် များတွင် ကန်ဒေါ်လာ ၃ နှင့် ၀.၆၈ အသီးသီး လျော့နည်း သွားသည်။ MCCT စီမံချက် များအတွက် တစ်အိမ်ထောင်လျှင် ကန်ဒေါ်လာ ၈ ထိ လျော့နည်းသည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက်များအတွက်မှာ ကန်ဒေါ်လာ ၁၁.၅ နှင့် ၂.၇၀ အသီးသီး ကျဆင်းသွားသည်။ ထိုသို့ကျဆင်းရခြင်းမှာ MFIများသည် လက်ရှိ ဖွဲ့စည်းပုံနှင့်ပင် ချေးငွေများကို ပိုမို ထုတ်ချေးနိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင် MFIများသည် လုပ်သက်ရင့်လာသည်နှင့်အမျှ ငွေကြေးဝန်ဆောင်ရာတွင် ပိုမို ခရီးရောက်လာသောကြောင့် ဖြစ်သည်။

[၁၀၀]။ နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန VfM လမ်းညွှန်ချက်၊ စိုက်ပျိုးရေး၊ ၂၀၁၇ဇွန်လ။

| စီမံချက်အဆင့် | VfM စံနှုန်း | အတိုင်းအတာ/မေထရစ် | ၂၀၁၆ခုနှစ် ပြီးစီးမှု[၁၀၁] | ၂၀၁၇ခုနှစ် ပြီးစီးမှု[၁၀၂] |
|---|---|---|---|---|
| စီမံချက် ဒီဇိုင်း | အသုံးစွဲကျစ်လျစ်မှု<br>ခရီးရောက်မှု<br>ထိရောက်မှု<br>ညီမျှမှု | ဒီဇိုင်းတွင်VfMဆိုင်ရာ အချက်အလက်ပေးသည့် စီမံချက် အရေ အတွက် | ၃၇၃ အနက် ၃၁၃ (၈၄%) ၂၀၁၅ခုနှစ်ကတည်းက ဆောင်ရွက်နေ/ တိုးချဲ့နေသော စီမံချက် အရေအတွက် | ၆၆၃ အနက် ၅၉၃ (၈၉%) ၂၀၁၅ခုနှစ်ကတည်းက ဆောင်ရွက်နေ/ တိုးချဲ့နေသော စီမံချက် အရေအတွက် |
| စုစည်း ပြင်ဆင်ခြင်း ဆောင်ရွက်ခြင်း | အသုံးစွဲကျစ်လျစ်မှု | စရိတ်ကုန်ကျစေမှုများ ထိန်းချုပ်မှုများကို ဖော်ထုတ်ထားသည့် စီမံချက် အရေအတွက် | ၂၀၁၆ခုနှစ်တွင် ဆောင်ရွက် နေသည့် စီမံချက် ၃၇၃ အနက် ၃၇၃ခုလုံး တွင် စရိတ်ကုန်ကျစေမှုများ၊ ထိန်းချုပ်မှုများကို ဖော် ထုတ်ထားသည် (၁၀၀%) | ၂၀၁၇ခုနှစ်တွင်ဆောင်ရွက် နေသည့် စီမံချက် ၆၆၃ အနက် ၆၆၃ခုလုံးတွင် စရိတ်ကုန်ကျစေမှုများ၊ ထိန်းချုပ်မှုများကို ဖော် ထုတ်ထားသည် (၁၀၀%) |
| လုပ်ငန်းဆောင်ရွက်ခြင်း | ခရီးရောက်မှု ထိရောက်မှု | မျှော်မှန်းထားသည့် နှစ်စဉ်စရိတ် လမ်းကြောင်းမှန်သည့် စီမံချက်% | ¦ ၁၉%က နှစ်စဉ် ဘတ်ဂျက်၏ ၉၀% ထက် ပို၍ သုံးထားသည်<br>¦ ၃၈%က နှစ်စဉ် ဘတ်ဂျက်၏ ၇၁မှ ၉၀% ထိ သုံးထား သည်<br>¦ ၄၃%က နှစ်စဉ် ဘတ်ဂျက်၏ ၇၀% အောက်သာ သုံးထား သည် | ¦ ၂၄%က နှစ်စဉ် ဘတ်ဂျက်၏ ၉၀% ထက် ပို၍ သုံးထား သည်<br>¦ ၃၉%က နှစ်စဉ် ဘတ်ဂျက်၏ ၇၁မှ ၉၀% ထိ သုံးထား သည်<br>¦ • ၃၆%က နှစ်စဉ် ဘတ်ဂျက်၏ ၇၀% အောက်သာ သုံးထား သည် |
| လုပ်ငန်းဆောင်ရွက်ခြင်း | ခရီးရောက်မှု ထိရောက်မှု | မျှော်မှန်းထားသည့်အတိုင်း အကောင်အထည် ဖော်နိုင်သော စီမံချက်% | ¦ ၃၆%က လုပ်ငန်းစဉ်၏ ၉၀% ထက် ပို၍ သုံးထားသည်<br>¦ ၂၅%က လုပ်ငန်းစဉ်၏ ၇၁ မှ ၉၀% ထိ သုံးထား သည်<br>¦ ၄၀%က လုပ်ငန်းစဉ်၏ ၇၀% ထက် ပို၍ သုံးထားသည် | ¦ ၂၄%က နှစ်စဉ် ဘတ်ဂျက်၏ ၉၀% ထက် ပို၍ သုံးထား သည်<br>¦ ၃၉%က နှစ်စဉ် ဘတ်ဂျက်၏ ၇၁မှ ၉၀% ထိ သုံးထား သည်<br>¦ ၃၆%က နှစ်စဉ် ဘတ်ဂျက်၏ ၇၀% အောက်သာ သုံးထား သည် |

▲ ဇယား ၇.၁
လုပ်ငန်းများတွင် VfM တိုင်းတာဆောင်ရွက်ချက်များ

| စီမံချက်အဆင့် | VfM စံနှုန်း | အတိုင်းအတာ/မေထရစ် | ၂၀၁၆ခုနှစ် ပြီးစီး | ၂၀၁၇ခုနှစ် ပြီးစီး |
|---|---|---|---|---|
| လုပ်ငန်း ဆောင်ရွက်ခြင်း<br>လုပ်ငန်း ပိတ်သိမ်းခြင်း | အသုံးစွဲကျစ်လျစ်မှု<br>ခရီးရောက်မှု<br>ထိရောက်မှု<br>ညီမျှမှု | VfM ဆန်းစစ်မှုများ ပြုလုပ်ခဲ့ သည့် စီမံချက် အရေအတွက | ၀ | ၁၂ |
| လုပ်ငန်း ဆောင်ရွက်ခြင်း<br>လုပ်ငန်း ပိတ်သိမ်းခြင်း | အသုံးစွဲကျစ်လျစ်မှု<br>ခရီးရောက်မှု<br>ထိရောက်မှု<br>ညီမျှမှု | VfM ဆန်းစစ်မှုများ စီမံထား သည့် စီမံချက် အရေအတွက် | ၈ | ၂၀ |
| လုပ်ငန်း ဆောင်ရွက်ခြင်း<br>လုပ်ငန်း ပိတ်သိမ်းခြင်း | အသုံးစွဲကျစ်လျစ်မှု<br>ခရီးရောက်မှု<br>ထိရောက်မှု<br>ညီမျှမှု | စီမံချက်များအကြား VfM ဆန်းစစ်မှုများ ပြုလုပ်ခဲ့သည့် အရေအတွက် | ၀ | ၂ |
| လုပ်ငန်း ဆောင်ရွက်ခြင်း<br>လုပ်ငန်း ပိတ်သိမ်းခြင်း | အသုံးစွဲကျစ်လျစ်မှု<br>ခရီးရောက်မှု<br>ထိရောက်မှု<br>ညီမျှမှု | စီမံချက်များအကြား VfM ဆန်းစစ်မှုများ စီမံထားသည့် အရေအတွက် | ၀ | ၄ |

◀ ဇယား ၇.၂
ဆောင်ရွက်ပြီး နှင့် စီစဉ်ထားသည့် VfM ဆန်းစစ်မှုများ

၁၀၁။ LIFT၏ နယ်မြေအလိုက် အစီအစဉ်လေးခုစလုံး ပါဝင်သည်။
၁၀၂။ LIFT၏ နယ်မြေအလိုက် အစီအစဉ်လေးခုစလုံး ပါဝင်သည့်ပြင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ရွှေ့ပြောင်းသွားလာရေး ဟူသော အကြောင်းအရာအလိုက် အစီအစဉ် နှစ်ခုလည်း ပါဝင်သည်။

| စီမံကိန်းကဏ္ဍ | စီမံချက် အရေအတွက် | ၂၀၁၇ ခုနှစ် လက်လှမ်းမီသော အိမ်ထောင်စု အရေအတွက် | ၂၀၁၇ခုနှစ် LIFT အသုံးစရိတ် | တစ်အိမ်ထောင် ကုန်ကျစရိတ် (ကန်ဒေါ်လာ) | လူတစ်ဦး ကုန်ကျစရိတ် (ကန်ဒေါ်လာ) |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | ၂၂ | ၁၀၄,၇၂၈ | ၁၅,၈၁၈,၈၃၉ | ၁၅၁.၀၄ | ၃၄.၃၂ |
| မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT) | ၅ | ၈၁,၃၃၃ | ၅,၆၈၆,၄၄၈ | ၇၀ | မရှိ |
| အသေးစားငွေရေးကြေးရေး (ဝန်ဆောင်မှု လက်ရှိအသုံးပြုနေသူ) | ၁၂ | ၂,၁၃၂,၄၄၇ | ၅,၅၉၆,၂၅၉ | ၂.၆၂ | ၀.၆၀ |

▲ ဇယား ၇.၃
၂၀၁၇ခုနှစ် LIFT၏ ယေဘုယျ လွှမ်းခြုံမှု နှင့် ရွေးချယ် တင်ပြလိုသည့် စီမံကိန်း ကဏ္ဍများရှိ VFM

| စီမံကိန်းကဏ္ဍ | တအိမ်ထောင် ကုန်ကျစရိတ် (ကန်ဒေါ်လာ) ၂၀၁၆ | တအိမ်ထောင် ကုန်ကျစရိတ် (ကန်ဒေါ်လာ) ၂၀၁၇ | လူတဦး ကုန်ကျစရိတ် (ကန်ဒေါ်လာ) ၂၀၁၆ | လူတဦး ကုန်ကျစရိတ် (ကန်ဒေါ်လာ) ၂၀၁၇ |
|---|---|---|---|---|
| LIFT စီမံချက်အားလုံး ပျမ်းမျှ | ၃၆ | ၂၂.၇၆ | ၈ | ၅.၁၇ |
| စိုက်ပျိုးရေး | ၁၅၄ | ၁၅၁ | ၃၅ | ၃၄.၃၂ |
| မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT) | ၇၈ | ၇၀ | မရှိ | မရှိ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုစီမံချက်များ | ၁၄.၅ | ၃ | ၃.၃ | ၀.၆၀ |

▲ ဇယား ၇.၄
၂၀၁၆ ခုနှစ် နှင့်၂၀၁၇ခုနှစ် အတွက် LIFT၏ ပံ့ပိုးမှုများရှိ VFM

## ထိရောက်မှု။ မျှော်လင့်ထားသည့် ရလဒ်များကို ရရှိခြင်း

LIFTသည်လက်လှမ်းမီသည့်ဒေတာတို့ကိုအသုံးပြုကာ ယုတ္တိဗေဒမူဘောင်အညွှန်းများကို တိုင်းတာခြင်းဖြင့် ထိရောက်မှုကို ဖော်ထုတ်သည်။ ယင်းဒေတာများကို မိတ်ဖက် အဖွဲ့များထံမှလည်းကောင်း၊ လူဦးရေ အများအပြားကို အခြေခံ သည့် အိမ်ထောင်စု စစ်တမ်းတို့မှ လည်းကောင်း ရရှိသည်။ ဤလက်ငင်း ရလဒ်များ အတွက် LIFTက အမည်ခံ နိုင်သော်လည်း၊ မျှော်မှန်း ထားသည့် အကျိုးရလဒ် များအတွက် လုံးဝတာဝန်ရှိသည်ဟုကား မပြောနိုင်ပေ။ သို့သော် LIFT၏ အရွယ်အစား၊ လုပ်ငန်း နေရာများ အပြင် အိမ်ထောင်စုစစ်တမ်း နမူနာကောက်မှု မဟာဗျူဟာ တို့ကို ထောက်ရှုလျက် LIFTသည် အခန်း(၂) ပါ ယုတ္တိဗေဒ မူဘောင်အညွှန်းများကို ထူးခြားစွာ ပြောင်းလဲစေခဲ့သည်ဟု ယူဆနိုင်သည်။ LIFT၏ ပင်မ အစီအစဉ်ကဏ္ဍသုံးခု၏ VfMကို ကြည့်ပါက LIFT၏ လွှမ်းခြုံ ထိရောက်မှုကို အောက်ပါ အတိုင်း ရှင်းပြနိုင်သည်-

### စိုက်ပျိုးရေး

- စမ်းသပ်မှုနှင့် ကျင့်သုံးမှုနှုန်းများ။ LIFT၏ ၂၀၁၇ခုနှစ် အိမ်ထောင်စုစစ်တမ်းတွင် ဖြေဆိုသူ ခုနစ်ရာခိုင်နှုန်းက ပိုကောင်းသည့် စိုက်နည်းများ၊ သွင်းအားစုများ၊ နည်းပညာများကို (တနှစ်အောက်) စမ်းသပ်ခဲ့ သို့မဟုတ် (တနှစ်အထက်) ကျင့်သုံး ခဲ့သည်ဟု တင်ပြခဲ့ကြသည်။ ယင်းကို၂၀၁၇ ခုနှစ်တွင် ပံ့ပိုးနိုင်ခဲ့သည့် လူဦးရေနှင့်တွက်ပါက အိမ်ထောင်စု ၆၀,၁၆၂သည် စိုက်နည်း အသစ်များကို စမ်းသပ်ခဲ့ သို့မဟုတ် ကျင့်သုံးခဲ့သည်ဟု ခန့်မှန်းနိုင်သည်။ ယင်းကို LIFT၏ ယခင်အောင်မြင်မှုများနှင့် ပေါင်းလိုက်ပါက LIFTသည် ယင်းအညွှန်းတွင် ၂၀၁၇ခုနှစ် မှတ်တိုင်၏ ၁၁၄ရာခိုင်နှုန်းကို အကောင်အထည် ဖော်ခဲ့သည်။
- စိုက်ပျိုးရေးဝင်ငွေတိုးခြင်း။ LIFT၏ ၂၀၁၇ခုနှစ် အိမ်ထောင်စုစစ်တမ်းတွင် အိမ်ထောင်စု ၁၆-ရာခိုင်နှုန်းက လွန်ခဲ့သည့်၁၂လအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းတို့မှ အမြတ် ပိုမို ရရှိလာသည်ဟု တင်ပြကြသည်။ ယင်းကို ၂၀၁၇ခုနှစ် တွင် ပံ့ပိုးနိုင်ခဲ့သည့် လူဦးရေနှင့် တွက်ပါက အိမ်ထောင်စု ၂၉၉,၁၇၁သည် အမြတ်ပိုမို ရရှိလာသည်။ ယင်းကို LIFT၏ ယခင်အောင်မြင်မှုများနှင့် ပေါင်းလိုက်ပါက LIFT သည် ယင်းအညွှန်းတွင် ၂၀၁၇ခုနှစ် မှတ်တိုင်၏ ၂၄၂ရာခိုင်နှုန်းကို အကောင်အထည် ဖော်ခဲ့သည်။

### မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း

- ကလေးများ အစားအစာ အမျိုးအမည်စုံလင်မှု။ LIFT၏ အိမ်ထောင်စုစစ်တမ်းများအရ အသက် ၆လမှ ၂၃လထိ ကလေးများ၏ လက်ခံနိုင်ဖွယ် အစားအစာ အမည်စုံလင်မှုသည် ၂၀၁၅ခုနှစ် တွင် ၂၆ရာခိုင်နှုန်းရှိရာမှ ၂၀၁၇တွင် ၄၃ ရာခိုင်နှုန်း ထိ တိုးတက်လာသည်။ LIFT၏ စီမံကိန်း နယ်မြေ အတွင်းရှိ ယင်းအသက်အုပ်စု ကလေး များနှင့် တွက်ချက်ပါက ၉,၃၁၃ဦးသည် လက်ခံ နိုင်ဖွယ်ရှိသော အစားအစာ အမည်စုံလင်မှုကို ရရှိခဲ့သည်။ ယင်းသည် ၂၀၁၇ခုနှစ် ရည်မှန်းချက် ၏ ၈၇ ရာခိုင်နှုန်း ဖြစ်သည်။
- မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း။ LIFT၏ အိမ်ထောင်စုစစ်တမ်းများအရ လွန်ခဲ့သည့် ၂၄နာရီ အတွင်း မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခံရသည့် ၀-လ မှ ၅-လထိ ကလေးများသည် ၂၀၁၅ခုနှစ် တွင် ၄၇ရာခိုင်နှုန်းရှိရာမှ ၂၀၁၇တွင် ၆၇ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ LIFT၏ စီမံကိန်း နယ်မြေအတွင်းရှိ ယင်းအသက်အုပ်စု ကလေးများနှင့် တွက်ချက်ပါက ၅,၀၈၀ဦးသည် မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခံရသည်။ ယင်းသည် ၂၀၁၇ခုနှစ် ရည်မှန်းချက်၏ ၇၆ ရာခိုင်နှုန်း ဖြစ်သည်။

### ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

အသေးစားငွေရေးကြေးရေးလုပ်ငန်း (MFI) တခု အတွက် ထိရောက်မှုကို ယင်း၏ ရလဒ်အရည်အသွေး၊ လုပ်ငန်း ရေရှည်တည်တံ့မှုတို့ဖြင့် တိုင်းတာသည်။ အဓိကအညွှန်းတို့မှာ စွန့်စားရနိုင်ခြေ၊ လုပ်ငန်းအရ နှင့် ငွေကြေး အရ မိမိဘာသာ ရပ်တည်နိုင်မှု တို့ ဖြစ်သည်။

- *စွန့်စားရနိုင်ခြေ။* LIFT MFIများ၏ စွန့်စား ရနိုင်ခြေ (PAR)— မပြေကျန်ငွေဖြစ်နေသဖြင့် ပြန်မဆပ်နိုင်မည့် အခြေအနေရှိနေသော ချေးငွေများ၏ အချိုးသည် တစ်ရာခိုင်နှုန်း အောက်တွင်သာ ရှိသည်။ ကမ္ဘာတဝန်းမှ အကောင်းဆုံးMFIများ၏ PARသည် တစ် နှင့် ခြောက် ရာခိုင်နှုန်း ကြားတွင် ရှိကြသည်။ ချေးငွေ လျှော်ပစ်မှု သည် တစ်ရာခိုင်နှုန်း၏ ဆယ်ပုံတပုံသာ ရှိသည်။
- *လုပ်ငန်းအရ နှင့် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်မှု။* LIFT၏ MFIများ အားလုံးသည် ၂၀၁၇ ခုနှစ် တွင် လုပ်ငန်းအရ မိမိဘာသာ ရပ်တည်နိုင်သည်။ ၉၀-ရာခိုင်နှုန်းခန့်သည် ငွေကြေးအရ မိမိဘာသာ ရပ်တည် နိုင်သည်။

## မူဝါဒ

၂၀၁၇ခုနှစ်အတွင်း LIFT၏ မူဝါဒ ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ ရွေးချယ်ထုတ်နုတ်ထားသည့် အပိုင်းများမှ VfMရလဒ်များကို အောက်တွင် အကျဉ်းချုပ် ဖော်ပြထားသည်။

## စိုက်ပျိုးရေး မူဝါဒ

LIFTသည် MoALI၏ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနသို့ နည်းပညာ အထောက်အကူ ပေးကာ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှုစီမံချက် ၂၀၁၈-၂၀၂၂ ပြုစုရာတွင် ထောက်ပံ့ခဲ့ သည်။ နိုင်ငံသား အကြံပေး ၂ဦး ကို အချိန်ပြည့် ငှားရမ်းကာ ADS/IPကို နည်းပညာနှင့် အုပ်ချုပ်မှု ပိုင်းဆိုင်ရာများတွင် ပံ့ပိုးခဲ့သည်။ ထိုအထောက်အပံ့ကြောင့် အဓိက ပတ်သက်ဆက်နွယ်သူများသည် ပြည်ထောင်စု၊ ပြည်နယ်/ တိုင်းဒေသကြီး၊ မြို့နယ်အဆင့်များတို့သည် ဤမဟာဗျူဟာ ပြုစုရာတွင် ပြောဆိုခွင့် ရှိလာကြသည်။ LIFT၏ မဟာဗျူဟာ မိတ်ဖက်အဖွဲ့များဖြစ်သည့် LCG နှင့် FSWG အပါအဝင် CSOများ သည်လည်း တက်ကြွစွာ ပါဝင်ကာ သက်ဆိုင်ရာ အပိုင်းများ၏ အမှန်တရားကို မဟာဗျူဟာတွင် ထင်ဟပ်စေခဲ့သည်။ အထူးသဖြင့် LIFT အကြံပေးများသည် MoALI၏ ဌာနအားလုံးနှင့် နီးကပ်စွာအတူ လက်တွဲဆောင်ရွက်ကာ ဌာနဆိုင်ရာ အထောက်အပံ့ပေးများ ပေးပြီး ပြည်ထောင်စု အဆင့်တွင် "ယုံကြည်လက်ခံမှု"ကို ပေးအပ်နိုင်ခဲ့သည်။ မဟာဗျူဟာကို မိမိတို့ကိုယ်တိုင် လက်ခံဆောင်ရွက်သည့် အခြေအနေသို့ အစိုးရက ခံယူလာအောင် ဤအကြံပေးများက အဓိက လုပ်ဆောင်နိုင်ခဲ့သည်။

## အမျိုးသားအဆင့် မွေးမြူရေးစစ်တမ်း

တိကျသော မွေးမြူရေးစစ်တမ်းသည် မွေးမြူရေးကဏ္ဍ မူဝါဒအတွက် အရေးပါသော အထောက်အထားကို ပေးအပ်ပါသည်။ LIFTသည် FAO၏ အပူပိုင်းဒေသ မွေးမြူရေး တိရိစ္ဆာန်တို့၏ ကျန်းမာရေး၊ အထွက်နှုန်း၊ ဈေးကွက်တင်မှု ကောင်းမွန်လာစေခြင်းစီမံချက်ကို ထောက်ပံ့ခဲ့သဖြင့် စီမံချက် သည် ဦးတည်ထားသည့် မြို့နယ်ခြောက်ခုတွင် တိရစ္ဆာန်ကောင်ရေ စာရင်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ရှစ်ခုတွင်လည်း တိရစ္ဆာန် ကောင်ရေ စာရင်းကောက်ယူနိုင်ရန် LBVD ကို ဤစီမံချက်က နည်းပညာ အထောက်အကူ ပေးအပ်ခဲ့သည်။ ထိုအောင်မြင်မှုများကြောင့် ၂၀၁၇တွင် အစိုးရသည် ပထမအကြိမ် မွေးမြူရေးကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် ကနဦးစစ်တမ်းကို ၂၀၁၈ နှစ်ဆန်းတွင် ကောက်ယူရန် ကန်ဒေါ်လာ၁သန်းကို ခွဲဝေပေးခဲ့သည်။ ယင်းစစ်တမ်းတွင် အိမ်ထောင်စုပေါင်း ၁.၅သန်းမှ ဒေတာများ ပါဝင်မည်။

## အားဖြည့်ဆန်

အစိုးရက ဝယ်ယူမှု။ LIFT၏ မိတ်ဖက်အဖွဲ့ PATHသည် အားဖြည့်ဆန်ဈေးကွက် ရေရှည် တည်တံ့အောင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ခုနှစ်တွင် DSW သည် နိုင်ငံတဝန်းရှိ နေ့ကလေးထိန်းကျောင်း ၅၀-ခန့် တွင် နေ့လယ်စာကျွေးရာ၌ သာမာန်ဆန်အစား အားဖြည့်ဆန်ဖြင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သည်။ ကလေးပေါင်း ၁၂,၀၀၀-ခန့်သည် အားဖြည့်ဆန် စားခြင်း၏ အကျိုးကျေးဇူးများကို ရရှိကြမည် ဖြစ်သည်။ ရခိုင်ပြည်နယ် အတွင်း လူသားချင်း စာနာမှုအကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)သည်လည်း အားဖြည့်ဆန်ကို ဝယ်ယူကာ ရခိုင်မြောက်ပိုင်းဒေသများမှ ပဋိပက္ခဒဏ်ခံလူထုကို ဖြန့်ဝေခဲ့သည်။

## ချင်းပြည်နယ် MCCT

LIFTသည် DSW၊ ချင်းပြည်နယ် အစိုးရတို့နှင့် ဆက်လက် လက်တွဲကာ ချင်းပြည်နယ် MCCT အစီအစဉ်ကို ဆောင်ရွက်နေသည်။ ယင်းသည် DSWက ဆောင်ရွက်သည့် ပထမဆုံးသော ပြည်နယ်လုံးကျွတ် MCCTအစီအစဉ် ဖြစ်သည်။ အကျိုးကျေးဇူးခံစားခွင့်ရှိသူ အရေအတွက်များသည့်ပြင် LIFTနှင့် ထိတွေ့ဆောင်ရွက်မှုသည် DSW၏ ဌာနတွင်းဖွံ့ဖြိုးရေးကိုလည်း သိသာစွာ ဖြစ်ထွန်းစေခဲ့သည်။ ဥပမာအားဖြင့် LIFTသည် ယူနီဆက်ဖ်၊ Save the Children တို့နှင့် ပူးပေါင်းကာ DSWကို အမူအကျင့်ပြောင်းလဲရေး သတင်း စကားပြောကြားမှုများ (SBCC) လုပ်ငန်းအဖွဲ့ကို ထူထောင်ရာတွင် ကူညီခဲ့ကြသည်။ ယင်းတွင် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာန (NNC)နှင့် ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာန (HLPU) တို့လည်း ပါဝင်သည်။ LIFTသည် ယူနီဆက်ဖ်၊ Save the Children နှင့် ပူးပေါင်းကာ MCCT၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းများကို ကူညီရန် စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းကော်မတီကို ထူထောင်ရာတွင် ပံ့ပိုးကူညီခဲ့သည်။ ဤတိုးတက်မှုများသည် DSWက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို တိုးချဲ့ရာတွင် ဌာနစွမ်းဆောင်ရည်ကို အားဖြည့်ပေးမည် ဖြစ်၍ အရေးကြီးပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး

လူမှုရေးပင်စင်အတွက် အစိုးရက ဘတ်ဂျက်ပိုမို ခွဲဝေပေးရာတွင် HelpAge International(HAI) စီမံချက်သည် ငွေအကုန်အကျခံရကျိုးနပ်စေခဲ့သည်။ LIFT၏ ကန်ဒေါ်လာ ၂သန်း ပံ့ပိုးမှု သည် အစိုးရ၏ ၂၀၁၇-၁၈ဘတ်ဂျက်နှစ်တွင် အားလုံး ကို လွှမ်းခြုံသည့် ပင်စင်အစီအစဉ် အတွက် ကန်ဒေါ်လာ ၃သန်းခွဲဝေပေးမှုကို ဆုံးဖြတ်ရာတွင် အထောက်အပံ့ ဖြစ်ခဲ့သည်။ ယင်းပင်စင်သည် အသက် ၉၀နှစ်နှင့် အထက်ရှိသူများသို့ လစဉ် ကျပ် ၁၀,၀၀၀ ပေးအပ်မည် ဖြစ်သည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေး နှစ်တွင် အစိုးရသည် အသက် သတ်မှတ်ချက်ကို ၈၅နှစ်သို့ လျှော့ချမည် ဖြစ်ရာ လူမှုရေး ပင်စင်အတွက် ဘတ်ဂျက်သည်လည်း တိုးချဲ့လာမည် ဖြစ်သည်။ HelpAgeက အစိုးရ၏ လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်နှင့် မူဝါဒများကို ထောက်ပံ့ခြင်းသည် ငွေကုန်ကျရကျိုးနပ်မှုကို များစွာ ဖြစ်စေပြီး အစိုးရနှင့် ပြည်သူတို့ကို ကိုယ်တိုင်ပိုင်ဆိုင်သည့် အစီအစဉ်အဖြစ် ဖြစ်ပေါ်စေသဖြင့် လူမှုရေး ပင်စင်အစီအစဉ်သည် စီမံချက် သက်တမ်းကို ကျော်လွန်ကာ ဆက်လက်တည်ရှိနေပေလိမ့်မည်။

## ညီမျှမှု

LIFT၏ လက်ရှိ ၂၀၁၄-၁၈ မဟာဗျူဟာသည် ကျေးလက် အိမ်ထောင်စုများကို ၎င်းတို့၏ စီးပွားရေး စွမ်းဆောင်ရည်များအလိုက် မိမိတို့ ဘ၀ တိုးတက်ရေးအတွက် 'တက်လှမ်း' ၊ 'ထွက်ခွာ'၊ 'တောင့်ထား' နိုင်စေရန် အရင်းအမြစ်များဖြင့် ထောက်ကူရန် ဖြစ်သည်။ မည်သူမျှ ကျန်မနေ စေရန်အတွက် ညီမျှမှုက အရေးပါ ပါသည်။ LIFT၏ အစီအစဉ် အားလုံးသည် ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးမှု အခွင့်အလမ်း၊ ဝင်ငွေနှင့် အာဟာရ တိုးတက်ရန် ဦးတည်ထားပါသည်။ ၂၀၁၇ ခုနှစ်တွင် LIFTသည် ထိခိုက်လွယ်ဆုံးသူများထံ ပံ့ပိုးမှုများ ရောက်ရှိအောင် တိုးချဲ့ခဲ့သည်။

၂၀၁၇ခုနှစ် တွင် LIFT၏ တောင်တန်းဒေသ အစီအစဉ်သည် ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တို့ရှိ ပဋိပက္ခဒဏ်ခံ နယ်မြေများသို့ တိုးချဲ့ခဲ့သည်။ တနင်္သာရီတွင် အသက်မွေးမှု သင်တန်းကျောင်းကို ဖွင့်လှစ်ကာ ပဋိပက္ခကြောင့် ပြောင်းရွှေ့လာရသည့် ကရင်တိုင်းရင်းသားများကို လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ပေးခဲ့သည်။

VisionFund Myanmarသည် တောင်တန်းဒေသ များတွင် အသေးစား ငွေရေးကြေးရေး ရုံးခွဲများကို ဖွင့်လှစ်ခဲ့ရာ ကချင်ပြည်နယ်ရှိ IDPစခန်းများလည်း ပါဝင်သည်။ ငွေစု/ငွေချေးသူများ၏ ၁၁-ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများ ဖြစ်သည်။

ရခိုင်ဒေသမှ မိတ်ဖက်အဖွဲ့များသည် IDPစခန်းများမှ မွတ်စ်လင်မ် များကို အသက်မွေးမှု သင်တန်းများကို ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိခဲ့သော်လည်း သင်တန်း များကို ဖြစ်မြောက်စေရန် ကြိုးစား ချိန်ညှိဆောင်ရွက်ခဲ့ရပါသည်။

အပူပိုင်းဇုန်မှ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူ များသည် LIFT၏ လူမှုကာကွယ် စောင့်ရှောက်ရေး မိတ်ဖက် HelpAge International ထံမှ အထောက် အပံ့များကို ဆက်လက်ရရှိနေသည်။ ဤစီမံချက်၏ သက်ကြီးရွယ်အိုများကို ရှေ့ပြေးထောက်ပံ့မှုသည် အစိုးရကို ၂၀၁၈ခုနှစ် တွင် အသက်၉၀ကျော်သူများကို လူမှုရေး ပင်စင်ပံ့ပိုးပေးမည့် အစီအစဉ်ကို ဆုံးဖြတ်ရာတွင် အထောက်အပံ့ဖြစ်စေခဲ့သည်။ LIFT သည် ရွှေ့ပြောင်း သွားလာရေးကဏ္ဍ ပံ့ပိုးမှု အစီအစဉ်ကို ၂၀၁၇ခုနှစ်တွင် စတင်ခဲ့သည်။ အထူးသဖြင့် အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများကို လုံခြုံ ဘေးကင်း၍ အကျိုးရှိစေရန် ကျွမ်းကျင်မှုနှင့် အာဟာရ၊ ငွေကြေး၊ အလုပ်သမား ရပိုင်ခွင့်ဆိုင်ရာ ပညာပေးသင်တန်းများကို ဖွင့်လှစ်ပေးသည်။ သို့မှသာ ကျေးလက် အိမ်ထောင်စုများအတွက် အရေးပါသော ဝင်ငွေဖြစ်သည့် ပြန်လွှဲငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည် ဖြစ်သည်။

၂၀၁၈ခုနှစ်တွင် LIFTသည် ၂၀၁၉-၂၀၂၃ အစီအစဉ် အတွက် မဟာဗျူဟာ အသစ်ကို ရေးဆွဲမည်ဖြစ်ပြီး အထိခိုက်လွယ်ဆုံးသူများထံသို့ ရောက်ရှိရန် ဦးတည် ဆောင်ရွက်မည် ဖြစ်သည်။ ပဋိပက္ခများမှ လွတ်မြောက်လာသော နယ်မြေတွင် နေထိုင်သူများ၊ IDPများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီးများဆီသို့ ပံ့ပိုးမှုများ ရောက်ရှိရန် အစီအစဉ်၏ မဏ္ဍိုင်များကို စီမံရေးဆွဲများသည်။

ရွှေ့ပြောင်းသွားလာသူများကို ဘေးကင်း၍ အကျိုးရှိစေရန် ကျွမ်းကျင်မှုနှင့် အာဟာရ၊ ငွေကြေး၊ အလုပ်သမား ရပိုင်ခွင့်ဆိုင်ရာ ပညာပေး သင်တန်းများ ဖွင့်ပေးသည်။ သို့ဖြင့် ကျေးလက် အိမ်ထောင်စုများ၏ အရေးပါသည့် ဝင်ငွေဖြစ်သည့် ပြန်လွှဲငွေများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပေမည်။

၂၀၁၈တွင် LIFTသည် ၂၀၁၉-၂၀၂၃အစီအစဉ် အတွက် မဟာဗျူဟာ အသစ်ကို ရေးဆွဲမည်။ ယင်းသည် အထိခိုက်လွယ်ဆုံး သူများထံသို့ ရောက်ရှိရန် ဦးတည်မည်။ ပဋိပက္ခမှ ထွက်မြောက်လာစ နယ်မြေတွင် နေထိုင်သူများ၊ IDPများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီးများကို ရောက်ရှိရန် အစီအစဉ်၏ မဏ္ဍိုင်များကို ဒီဇိုင်းထုတ်မည်။

၇.၃

## ၂၀၁၇ခုနှစ် အတွင်း VfM ရလဒ်များကို စီမံကိန်းများက အသုံးပြုမှု

မြစ်ဝကျွန်းပေါ်ရှိ Save the Children ၏ Bright Sun စီမံချက်ကို စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ရာတွင် ဝန်ထမ်းခန့်ထားမှု များပြားကြောင်း တွေ့ရှိရသည်။ သုံးသပ်ပြီးနောက် ဝန်ထမ်းစရိတ် လျှော့ချရေး နည်းလမ်းများကို ရှာဖွေကြည့်ရာ စီမံချက် သည် WAVE Money၏ မိုဘိုင်းလ် ငွေကြေးစနစ်ဖြင့် ငွေလွှဲပြောင်းပေးရန် ရှေ့ပြေး ဆောင်ရွက်ခဲ့သည်။ ဦးတည်ထားသည့် ကျေးရွာ ၃၀-ရာခိုင်နှုန်းရှိ အကျိုးခံစားခွင့်ရှိသူ ၈၀၀ထံသို့ Wave Money ဆောင်ရွက်ခဲ့သည်။ စီမံချက် ကာလလယ် ပြန်လည်သုံးသပ်ရာတွင် 3MDG၏ စီမံချက်က ပံ့ပိုးထားသည့် ဌာနဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းညှိနှိုင်းမှုကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ခဲ့သည်။ ဤစီမံချက်သည် SBCCကိုပါ ပေးအပ်နိုင်ရန် ကျန်းမာရေး ဝန်ထမ်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရေး မဟာဗျူဟာကို ပြန်လည် ပြုပြင်မှုများသည် SBCC အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် ပိုမို ခရီးရောက်စေမည်၊ ပိုမို ထိရောက်စေမည် ဖြစ်ပါသည်။

မြစ်ဝကျွန်းပေါ်စီမံကိန်း၏ စီမံချက်တစ်ခုဖြစ်သော ရတနာဧရာ၏ ပေါင်းစည်း စိုက်ပျိုးစီးပွားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံချက် သက်တမ်းဝက် ပြန်လည်သုံးသပ်ချက်တွင် ဈေးကွက်ဖော်ဆောင်မှုနှင့် သိုလှောင်ရုံ ဆောက်လုပ်မှုများ နှောင့်နှေးနေကြောင်း တွေ့ရသည်။ လက်ရှိသိုလှောင်ရုံများကို အမှန်တကယ် သုံးစွဲနေမှုကိုအခြေခံကာ သိုလှောင်ရုံကို လျှော့ချရန် သုံးသပ်ချက်က အကြံပြုခဲ့သည်။ ထိုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရန် သို့မဟုတ် ပိုမိုထိရောက်သည့် လုပ်ငန်းများသို့ ငွေများ လွှဲပြောင်းပေးရန် ဖြစ်နိုင်မဖြစ်နိုင်အတွက် ဘတ်ဂျက်ကို အသေးစိတ် ပြန်လည် သုံးသပ်ရန် FMOက တောင်းဆိုခဲ့သည်။ စီမံချက်သည် စီစဉ်ထားသည့် သိုလှောင်ရုံများ ကို လျှော့ချခဲ့ပြီး ကျန်ရှိသေးသည့် စီမံချက် သက်တမ်းအတွင်းတွင် ဈေးကွက် ဖော်ဆောင်သော လုပ်ငန်းများ ကိုသာ စီမံချက်က ပိုမို အားထုတ်မည် ဖြစ်သည်။ ဝယ်လိုအား ရောင်းလိုအား အပေါ် မူတည်ပြီး ဆောင်ရွက်မည့် မျိုးစပါး ဗဟို ဌာနတစ်ခု တည်ထောင်ရန် အဆိုပြုချက်ကိုလည်း စီးပွားရေး ပုံစံတွင် အားနည်းချက်များ တွေ့ရသဖြင့် FMO က ပယ်ချခဲ့သည်။

အပူပိုင်းဇုန်တွင် Terres de Homme (TdH) စီမံချက် သည် အိမ်ခြံခင်း မြေမဲ့စိုက်ပျိုးရေးေ ဆာင်ရွက်မှုပုံစံ ကို ပြန်လည် ချိန်ညှိခဲ့သည်။ ပထမအဆင့်တွင် အိမ်ထောင်စုများသည် စီမံချက်၏ အထောက်အပံ့မပါဲ ယင်းတို့ ကိုယ်ပိုင် မြေမဲ့စိုက်ပျိုးရေးကို မလုပ်ကြကြောင်း

တွေ့ခဲ့ရပြီး အဓိကအခက်အခဲမှာ မှန်လုံအိမ် နှင့် မြေမွှဲစနစ် ၏ အရွယ်အစားနှင့် ကုန်ကျစရိတ်ကြောင့် ဖြစ်သည်။ ဤစီမံချက်သည် စရိတ်ထပ်မံ မတောင်းခံဘဲ စီမံချက်ကာလကိုသာ တိုးချဲ့ခဲ့ကာ အိမ်ခြံဝင်း သေးငယ်သည့် အိမ်ထောင်စုများ တွက်ခြေ ကိုက်နိုင်မည့် မှန်လုံအိမ် အငယ်စားများကို ဒီဇိုင်းထုတ်ခဲ့သည်။ အိမ်ခြံဝင်း စိုက်ခင်း စနစ် ထူထောင်သည့် အိမ်ထောင်စုများသို့သာ အကန့်အသတ်ဖြင့် ပစ္စည်းထောက်ပံ့ခဲ့သည်။

ငွေအကုန်အကျခံရကျိုးနပ်မှုကို ထည့်သွင်းစဉ်းစားခြင်း ကြောင့် စီမံချက် ပိတ်သိမ်းခြင်း၊ လွှမ်းခြုံမှုကို လျှော့ချခြင်းလည်း ရှိလာသည်။ ၂၀၁၇ခုနှစ်တွင် LIFT၏ FMOရုံးသည် ရလဒ်များ မရရှိနိုင်သည့် ထောက်ပံ့ငွေတစ်ရပ်ကို ပိတ်သိမ်းခဲ့သည်။ နောက် တစ်ခု ကိုလည်း သိသိသာသာ လျှော့ချကာ စောစီးစွာ ပိတ်သိမ်းခဲ့သည်။ နောက်တခုကိုမူ စီမံချက် သက်တမ်းလယ် ပြန်လည်သုံးသပ်ချက်ကို အခြေခံကာ ရရှိနိုင်ဖွယ်ရှိသည့် ရလဒ်အနည်းစု ကိုသာ ဦးတည်စေခဲ့သည်။

LIFTသည် မဟာဗျူဟာအရွေ့ကို ထိခိုက်လွယ်ပြီး ဝေးလံ ခေါင်ဖျားသည့် ဒေသများသို့ ပံ့ပိုးမှုများပေးရန် ဦးတည်ထားပြီး လက်ရှိ ငွေကုန်ရကျိုးနပ်သည့် ဆောင်ရွက်မှုများအတိုင်း လုပ်ဆောင်ရန်မှာ အခက်အခဲများ ရှိနိုင်သည်။ အဆိုပါဒေသများသို့ ပံ့ပိုးမှုများပေးရန်မှာ ကုန်ကျစရိတ်ပိုမိုများပြားပြီး အများအားဖြင့် လူဦးရေလည်း ပိုမိုနည်းသွားမည် ဖြစ်သည်။
အကြောင်းမှာ

- လူဦးရေ သိပ်သည်းမှု နည်းပါးသွားခြင်း
- လူမှုအသိုက်အဝန်းများကြား သဟဇာတဖြစ်မှု အားနည်းခြင်း (ဝင်ချည် ထွက်ချည် ရွှေ့ပြောင်းသွားလာနေကြခြင်း - ယာယီ၊ နှစ်ရှည် အခြေချနေထိုင်ခြင်းများ)
- အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုအပိုင်းများတွင် အားနည်းခြင်း
- လုံခြုံရေးပိုင်းဆိုင်ရာတွင် ကုန်ကျစရိတ်များခြင်း
- ထိုဒေသများတွင် လုပ်နိုင်ရန် ပံ့ပိုးသည့် အနေဖြင့် လစာများကို မြင့်မားစွာပေးရခြင်း
- စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပိုမိုပေးရခြင်း

၇.၄

## LIFT၏ VfM ကို ၂၀၁၈နှင့် နောက်ပိုင်းတွင် ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်း

LIFT သည် မိမိ၏ စီမံကိန်းများ၊ စီမံချက်များကို စီမံခန့်ခွဲရာတွင် VfMကို ပိုမိုအားကောင်းစေမည့် နည်းလမ်းများကို ဆက်လက် ဆန်းစစ်နေသည်။ ၂၀၁၈ခုနှစ်တွင် မိတ်ဖက်အဖွဲ့များသည် လုပ်ဆောင်မှုများ၏အသုံးအစွဲကျစ်လျစ်မှု၊ ခရီးရောက်မှု၊ ထိရောက်မှု၊ ညီမျှမှုတို့ကို စောင့်ကြည့်ရန်၊ ပြုပြင်ရန်အတွက် ဒေတာများ၊ သတင်းအချက်အလက်များကို ကောက်ယူဆန်းစစ်ကာ အသုံးပြုရမည့် အပြင် LIFT၏ စီမံကိန်းများသို့လည်း ပုံမှန် တင်ပြရမည်။ ၂၀၁၈တွင် ရွေးကောက်စီမံချက်များတွင် VfMကို မည်သို့ ကိုင်တွယ်နေသည်ကို ဆန်းစစ်ရန် အမှုတွဲ လေ့လာမှု ၁၃ခုကို ဆောင်ရွက်မည်။ LIFT၏ စီမံကိန်းများ စီမံခန့်ခွဲရာတွင် VfMကို ထည့်သွင်းရာ၌ အားဖြည့်ရန် ယင်းဆန်းစစ်ချက်များကို အသုံးပြုမည် ဖြစ်သည်။ ရည်မှန်းချက်မှာ အကောင်ထည်ဖော်သည့် မိတ်ဖက်အဖွဲ့များကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေပဲ၊ စီမံချက်များ၊ နယ်မြေဒေသများ၊ စီမံကိန်းများ၊ မဏ္ဍိုင်များအတွင်း ခွဲခြမ်းကာ ဝေမျှနိုင်မည့် ဒေတာများကိုပေးမည့် အညွှန်းတစ်စုံကို ပြုစုရန် ဖြစ်ပါသည်။ ယင်းဒေတာများဖြင့် LIFT၏ အစီအစဉ်ကို အထက်အောက် အရှေ့အနောက်ထောင့်စုံ ဆန်းစစ်နိုင်မည်ဖြစ်သည်။ LIFTသည် VfMစံနှုန်းနှင့်မက်ထရစ်များကို ကောင်းမွန်အောင် ဆောင်ရွက်ကာ အကဲဖြတ်ခြင်း၊ဆန်းစစ်ခြင်း၊ အဆိုပြုလွှာ ခေါ်ယူခြင်း၊ စာချုပ် စည်းကမ်း သတ်မှတ်ခြင်း တို့တွင် ဆက်လက် ထည့်သွင်းမည် ဖြစ်ပါသည်။ ၂၀၁၈ခုနှစ်တွင် FMOရုံး နှင့် မိတ်ဖက်အဖွဲ့များကို ထောက်ပံ့ရန် VfM ကျွမ်းကျင်သူတစ်ဦးကို ခေါ်ယူမည် ဖြစ်သည်။









၈

# ရန်ပုံငွေစီမံခန့်ခွဲခြင်း

## LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့တွင် အစိုးရမှ ပါဝင်လာသည့် ပထမဆုံးနှစ်

NLD အစိုးရ ရွေးကောက်ခံရပြီးနောက် ၂၀၁၆ခုနှစ် မတ်လတွင် အစိုးရသည် LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့တွင် တရားဝင် ပါဝင်လာခဲ့သည်။ ဝန်ကြီးဌာနကို လက်ထောက်အတွင်းဝန် ဒေါက်တာ ထွန်းလွင်နှင့် ဒုညွှန်ချုပ် ဦးကျော်ဆွေလင်းတို့က ကိုယ်စားပြုကြသည်။ ၂၀၁၇ခုနှစ်သည် အစိုးရ ကိုယ်စားလှယ် အပြည့်အဝ ပါဝင်သည့် ပထမဆုံးနှစ် ဖြစ်သည်။ ယင်းတို့၏ တက်ကြွစွာ ထိတွေ့ဆောင်ရွက်မှု ကို ရန်ပုံငွေ ဘုတ်အဖွဲ့နှင့် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးတို့က တန်ဖိုးထားပြီး အဖွဲ့များအတွက် အကျိုးလည်း ဖြစ်ထွန်းစေပါသည်။ အစိုးရသည် သတင်း အချက်အလက် လမ်းညွှန်မှုများ ပေးသည့်အပြင် LIFT၏ စီမံကိန်း လုပ်ငန်းများကိုလည်း ပံ့ပိုးပေးပါသည်။

## အလှူရှင် ဥက္ကဋ္ဌများ နှင့် ကိုယ်စားလှယ် အပြောင်းအလဲ

၂၀၁၇ခုနှစ် တွင် ဒိန်းမတ်သည် LIFT၏ ရန်ပုံငွေ ဘုတ်အဖွဲ့မှ နုတ်ထွက်ကာ LIFT၏ အလှူရှင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်သာ ပါဝင်ပါသည်။ UKသည် ရန်ပုံငွေ ဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တနှစ်ပြည့်ခဲ့ပြီး EUသည်လည်း အလှူရှင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တနှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

## ရန်ပုံငွေ ညွှန်ကြားရေးမှူး အသစ်

၂၀၁၁ခုနှစ် ကတည်းက LIFT၏ ရန်ပုံငွေ ညွှန်ကြားရေးမှူး ဖြစ်ခဲ့သူ အင်ဒရူး ကာ့ခ်ဝုဒ်သည် UNOPS၏ ညွှန်ကြားရေးမှူး နှင့် ဌာနေ ကိုယ်စားလှယ် အဖြစ် ၂၀၁၇ခုနှစ် မတ်လတွင် ရာထူးသစ်ကို စတင်ခဲ့သည်။ ရန်ပုံငွေ ညွှန်ကြားရေးမှူး အသစ်အဖြစ် ကေတီ ဝက်ဘ်လေ က ၂၀၁၇ဇွန်လမှ စတင် ထမ်းဆောင်ခဲ့သည်။

## ၂၀၁၈နောက်ပိုင်းအဆင့် ဒီဇိုင်း

၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် ရန်ပုံငွေဘုတ်အဖွဲ့က တာဝန်ပေးခဲ့သည့် LIFT၏ ကြားဖြတ် ပြန်လည်သုံးသပ်ချက် သည် ၂၀၁၇ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုသုံးသပ်ချက်သည် LIFT၏ လုပ်ငန်းဆောင်ရွက်မှုကို လက်ရှိ မဟာဗျူဟာနှင့် ချိန်ထိုးကာ အကဲဖြတ် သုံးသပ်ခဲ့သည်။ အကြံပြုချက်များတွင် LIFTကို ဆက်ခံမည့် အစီအစဉ်ကို စီမံချက်ရေးဆွဲကာ ဒီဇိုင်း ထုတ်ရန် လိုအပ်ကြောင်းလည်းပါဝင်သည်။ LIFT၏ ပင်မ အလှူရှင် ငါးဦးက ဆက်ခံမည့် ရန်ပုံငွေကို စိတ်ဝင်စားကာ ဆက်လက်ပံ့ပိုးမည့် ကတိကဝတ်ကို အတည်ပြုခဲ့သည်။ ရန်ပုံငွေဘုတ်အဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲရေးရုံးတို့သည် ရန်ပုံငွေ နောက်အဆင့်ကို စဉ်းစားရန်၊ ဆွေးနွေး တိုင်ပင်ရန်၊ ဒီဇိုင်းထုတ်ရန် လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါ သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် LIFT နောက်အဆင့်၏ လွှမ်းခြုံမှုနှင့် အရွယ်အစား၊ အပြီးသတ် မဟာဗျူဟာ တို့ကို ၂၀၁၈ခုနှစ် တွင် သဘောတူကြမည်ဟု မျှော်မှန်းထားပါသည်။

## အစိုးရကို ရန်ပုံငွေ ပံ့ပိုးမှု ပထမနှစ်

LIFT ကို စတင်စဉ်က အစိုးရဌာနများသို့ တိုက်ရိုက် ရန်ပုံငွေ ပံ့ပိုးမှုများ မရှိခဲ့ပေ။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် အစိုးရ အပြောင်းအလဲ ဖြစ်ခဲ့ပြီး LIFTကလည်း အစိုးရ၏ အစီအမံများကို ပံ့ပိုးရန် စိတ်ဝင်စားမှုကြောင့် အလှူရှင်များ ကလည်း အခြေအနေများ သတ်မှတ်ကာ သဘောတူ ခဲ့ကြသည်။ ထို့ကြောင့် LIFT သည် မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးခြင်း MCCT အစီအစဉ် အတွက် MSWRRဝန်ကြီးဌာန DSW နှင့် စီမံချက် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤအစီအစဉ်ကို ချင်းပြည်နယ် တဝန်းလုံးတွင် အကောင်အထည် ဖော်မည် ဖြစ်ပြီး ကိုယ်ဝန်ဆောင်နှင့် ၎င်းတို့မှ မွေးဖွား လာသော ၂နှစ်အောက် ကလေးများအား ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် ပထမဆုံး အကြိမ် ပံ့ပိုးငွေများ ထုတ်ပေးနိုင်ခဲ့သည်။ အစီအစဉ်ကို ၂၀၁၉ခုနှစ် နှစ်လယ်အထိ ဆက်လက်ဆောင်ရွက်မည်။

## 3MDGနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၀၁၇ခုနှစ် တွင် LIFT နှင့် 3MDGသည် အထူးသဖြင့် အာဟာရဆိုင်ရာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၈ခုနှစ် တွင် ဤရန်ပုံငွေ နှစ်ခုသည် နည်းပညာ ကျွမ်းကျင်သူ တဦးကို ပူးတွဲ ခန့်အပ်ခဲ့ကာ အာဟာရဆိုင်ရာ မဟာဗျူဟာများ၊ အစီအစဉ်များကို ပြုစုလျက်ရှိသည်။ ထို့အတူ ရခိုင် ဒေသတွင်လည်း ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

## ရခိုင်ဒေသရှိ အခြေအနေများနှင့် လျော်ညီစွာ ဆောင်ရွက်ခြင်း

၂၀၁၇ခုနှစ် ဩဂုတ်လ ပဋိပက္ခများ နောက်ပိုင်းတွင် LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့သည် ရခိုင်ဒေသ ဖြစ်စဉ်များကို နီးကပ်စွာ လေလာစောင့်ကြည့်ကာ LIFT၏ မိတ်ဖက်အဖွဲ့များနှင့် ပုံမှန်ဆွေးနွေးနေခဲ့သည်။ ရန်ပုံငွေဘုတ်အဖွဲ့နှင့် မိတ်ဖက်အဖွဲ့များ အကြိမ်ကြိမ် စည်းဝေးဆွေးနွေးပြီးနောက်တွင် 'ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ လုပ်ငန်းဆောင်ရွက်ရေးမူများ'ကို အခြေခံကာ ရခိုင်ဒေသတွင် လုပ်ငန်းဆောင်ရွက်မည့်မူများကို ပြုစုခဲ့သည်။ ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် LIFTသည် စီမံချက် အဆိုပြုလွှာများကို ခေါ်ယူခဲ့သည်။ ယင်းခေါ်ယူမှုကို - ရခိုင်ပြည်နယ်ရှိ လူသားအားလုံး၏ လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို မုချ ဖြစ်ပေါ်စေမည့်၊ရေရှည် တည်ငြိမ်ရေး၊ အပြန်အလှန် မှီခိုရေး၊ သာယာဝပြော ရေး၊ တိုးပွားရေးကို ဖြစ်စေမည့် ပေါင်းစပ်ညှိနှိုင်း သည့် နည်းဖြင့် ဆောင်ရွက်ရန်ဟု အမည် ပေးထား သည်။ စီမံချက်မိတ်ဖက် များကို ရွေးချယ်ကာ ရန်ပုံငွေဘုတ်အဖွဲ့က အတည်ပြုပြီးဖြစ်၍ ၂၀၁၈ခုနှစ် နှစ်လယ်တွင် စီမံ ချက်များ စတင်နိုင်ရန် ညှိနှိုင်းလျက်ရှိသည်။


စီမံချက်အဆိုပြုလွှာများကို ခေါ်ယူရခြင်းမှာ ၂၀၁၅ ခုနှစ် မတ်လက သဘောတူညီခဲ့သော ရန်ပုံငွေ ထိန်ချုပ်ရေး မူဝါဒအရ လက်ရှိအလှူရှင်များ နှင့် အလှူရှင်များ အသစ်များအား ရန်ပုံငွေများထည့်ဝင်မှုကို ဆွဲဆောင်နိုင်ရန် ဖြစ်သည်။ ဤမူဝါဒအရ LIFTသည် အချို့ အခြေအနေများတွင် အလှူငွေများကို အကန့်အသတ်ဖြင့် လက်ခံခွင့်ရှိသည်။ ဤရည်ရွယ်ချက်၏ ရလဒ်များကို ၂၀၁၈တွင် တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

၉၈။ www.lift-fund.org/land-tenure-rural-low-land-myanmar-historical-perspectives-contemporary-realities-dry-zone-and-delta

## အစီအစဉ် အထောက်အပံ့ ချဉ်းကပ်ပုံ အပြောင်းအလဲ

မြန်မာနိုင်ငံရှိ UNOPSသည် အလှူရှင်အများပါဝင်သည့် ရန်ပုံငွေအဖွဲ့ကြီး သုံးဖွဲ့ကို စီမံခန့်ခွဲလျက်ရှိသည်။ JPF၊ 3MDG ၊ LIFT တို့ ဖြစ်ပြီး ထိုရန်ပုံငွေများသည် အစပျိုးချိန်မှစ၍ မိမိတို့ သက်ဆိုင်ရာ ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံးတစ်ခုချင်းစီ အလိုက် စီမံရေးရာဌာနများဖြင့် လုပ်ငန်း ဆောင်ရွက်လျက်သည်။ ၂၀၁၇ခုနှစ်တွင် ရန်ပုံငွေအဖွဲ့များသည် ဤသီးခြား စီမံရေးရာ ဌာနများ အစား ဘုံရုံးတခုဖြင့် ပြောင်းလဲရန် သဘောတူခဲ့ကြသည်။ ထိုရုံးသည် အစီအစဉ် အထောက်အပံ့ ပင်မ အလုပ်တာဝန် လေးရပ်ဖြစ်သည့် ထောက်ပံ့ငွေ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု၊ ဘတ်ဂျက်ရေးဆွဲခြင်း နှင့် အစီရင် ခံခြင်း၊ ကြီးကြပ်ခြင်းနှင့် စာရင်းစစ်ခြင်း တို့ကို ထမ်းဆောင်မည်ဖြစ်သည်။ တာဝန်ရပ်တစ်ခုစီကို ကျွမ်းကျင်သူတစ်ဦးက ခေါင်းဆောင်ကာ မိမိတာဝန်ခံရသည့် အဖွဲ့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရသည်။ ထိုဆောင်ရွက်မှုဖြင့် အကောင်းဆုံးနည်းနာများကို သင်ယူခြင်း ကျင့်သုံးခြင်း၊ သတင်းဖလှယ်ခြင်း၊ ရန်ပုံငွေများ အချင်းချင်းကြား သဟဇာတဖြစ်ခြင်း စံသတ်မှတ်ခြင်း စသည့် အကျိုးများကို ရရှိစေသည့်ပြင်၊ ပြောင်းလွယ် ပြင်လွယ်လည်း ရှိစေသည်။ ရန်ပုံငွေဘုတ်အဖွဲ့များ နှင့် အလှူရှင်များ၏ လိုအပ်ချက်အတိုင်းလည်း လိုက်နာ ဆောင်ရွက်နိုင်စေသည်။ အစီအစဉ် စီမံခန့်ခွဲရေးရုံး (Programme Management Office, PMO)အနေဖြင့် အရင်း

| အညွှန်းများ | ၂၀၁၇ ရည်မှန်းချက် | ၂၀၁၇ ပြီးစီးမှု | ပြီးစီးမှု % |
|---|---|---|---|
| သတ်မှတ်ချိန်အတွင်း ရန်ပုံငွေ မန်နေဂျာ (Fund Manager, FM) က ပြီးစီးသည့် ရန်ပုံငွေ ဘုတ်အဖွဲ့ (Fund Board, FB) ၏ အကြံပြုချက်များ % | ၁၀၀% | ၉၅%[၁၀၃] | ၉၅% |
| FM နှင့် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များ (Implementing partner, IP) များအတွက်ပါ စာရင်းစစ် နယ်ပယ် ရာခိုင်နှုန်းနှင့် အရေအတွက် | အားလုံးပေါင်း ၀ | အားလုံးပေါင်း ၇ [၁၀၄] | |




▲ ပုံ ၈.၁
၂၀၁၇ ရှိ မိတ်ဖက် အဖွဲ့အစည်း အမျိုးအစားနှင့် ထောက်ပံ့မှု အမျိုးအစား

| ရန်ပုံငွေ (စီမံကိန်း/အစီအစဉ်) | လက်မှတ်ထိုးပြီး စာချုပ် ၂၀၁၆ နှစ်ကုန် B | ၂၀၁၇ နှစ်ကုန် C | ပြီးဆုံး စီမံချက် D | ဆောင်ရွက်ဆဲ စီမံချက် E=C-D | စာချုပ် ပြင်ဆင်ချက် ၂၀၁၆ နှစ်ကုန် G | ၂၀၁၇ နှစ်ကုန် H |
|---|---|---|---|---|---|---|
| မြစ်ဝကျွန်းပေါ် ၁ | ၂၂ | ၂၂ | ၂၂ | ၀ | ၃၁ | ၃၁ |
| နိုင်ငံတဝန်း | ၁၉ | ၁၉ | ၁၉ | ၀ | ၄၉ | ၄၉ |
| မြစ်ဝကျွန်းပေါ် -၂ | ၁၀ | ၁၀ | ၁၀ | ၀ | ၂၅ | ၂၅ |
| အခြား (တိုက်ရိုက် ထောက်ပံ့မှုနှင့် QSEM) | ၄ | ၄ | ၃ | ၁ | ၆ | ၇ |
| သင်ယူမှုနှင့် တီထွင်ဆန်းသစ်မှု | ၂၇ | ၂၇ | ၁၇ | ၁၀ | ၅၇ | ၇၀ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၆ | ၁၆ | ၆ | ၁၀ | ၁၅ | ၂၀ |
| ရခိုင်ဒေသ | ၁၁ | ၁၂ | ၆ | ၆ | ၇ | ၁၂ |
| အပူပိုင်းဇုန် | ၁၂ | ၁၃ | ၂ | ၁၁ | ၅ | ၁၅ |
| မြစ်ဝကျွန်းပေါ် -၃ | ၉ | ၁၀ | ၀ | ၁၀ | ၃ | ၁၀ |
| တောင်တန်းဒေသ | ၁၁ | ၁၅ | ၄ | ၁၁ | ၀ | ၀ |
| ပုဂ္ဂလိကကဏ္ဍ | ၂ | ၂ | ၁ | ၁ | ၀ | ၂ |
| ရွှေ့ပြောင်းသွားလာရေး | ၄ | ၇ | ၀ | ၇ | ၁ | ၇ |
| အရပ်ဘက်လူမှုအဖွဲ့အစည်း | ၃ | ၆ | ၀ | ၆ | ၀ | ၄ |
| ရေဘေးသင့်ဒေသများ ပံ့ပိုးမှု | ၃ | ၃ | ၃ | ၀ | ၂ | ၂ |
| အာဟာရ | ၁ | ၂ | ၀ | ၂ | ၀ | ၀ |
| စုစုပေါင်း | ၁၅၄ | ၁၆၈ | ၉၃ | ၇၅ | ၂၀၁ | ၂၆၁ |

◀ ဇယား ၈.၂
၂၀၁၇ နှစ်ကုန်ရှိ LIFT၏ ရန်ပုံငွေ/ စီမံကိန်းအလိုက် စီမံချက် အခြေအနေ

၁၀၃။ ၂၀၁၇အတွင်း ဆောင်ရွက်ခဲ့သော ရန်ပုံငွေဘုတ်အဖွဲ့ အစည်းအဝေး သုံးခုတွင် အရေးယူရန် အကြံပြုချက် ၆၄ချက် ထွက်ပေါ်ခဲ့သည်။ ယင်းတို့အနက် ၆၁ချက်ကို သတ်မှတ်အချိန်အတွင်း ဆောင်ရွက် ပြီးစီးခဲ့သည်။

၁၀၄။ လုပ်ဖော်ကိုင်ဖက်များကို စာရင်းစစ်ရာတွင် 'အထူးဦးစားပေးအဆင့်' ၇ချက် တွေ့ရှိခဲ့သည်။ FMOတွင် အလတ်စားဦးစားပေး' ၁ချက် တွေ့ရှိခဲ့သည်။ ၂၀၁၇ အသုံးစရိတ်များကို ၂၀၁၈တွင် စာရင်းစစ်မည်။

◀ ဇယား ၈.၁
ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး
လုပ်ဆောင်ချက် အညွှန်းများ

အမြစ်များကို အကျိုးအရှိဆုံး သုံးစွဲရန်၊ အစီအစဉ်တွင်း ကြီးကြပ်ရန် နှင့် ထိန်းချုပ်ရန်ကိုလည်း ခွင့်ပြုမည်။ ဤဖွဲ့စည်းမှု အသစ်သည် ရန်ပုံငွေ ထောက်ပံ့မှု အဆင့်၊ ထောက်ပံ့မှု သို့မဟုတ် စီမံချက် အရေအတွက် တို့အရ တိုးချဲ့ခြင်း၊ လျှော့ချခြင်း တို့ကို ချောမွေ့စွာ ဆောင်ရွက်နိုင်စေလိမ့်မည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် LIFT နှင့် 3MDGတို့သက်တမ်း ကုန်ဆုံးတော့မည့် အခြေအနေများတွင် အထူး အရေးပါလှပါသည်။

၈.၂

## LIFT၏ ရန်ပုံငွေခွဲဝေမှု

LIFT သည် ရန်ပုံငွေဘုတ်အဖွဲ့ မူဝါဒများနှင့်အညီ မြင်သာစွာဖြင့် ရန်ပုံငွေများကို ခွဲဝေမှုကို ဆန်းစစ် လေ့လာရန် အညွှန်းနှစ်ခုကို အသုံးပြုပါသည်။ဇယား ၈.၁ တွင် ပါရှိသည့်အတိုင်း ရန်ပုံငွေ စီမံ ခန့်ခွဲရေးရုံး (FMO)သည် ငွေကြေးနှင့် စီမံ ခန့်ခွဲမှုကို ဆက်လက်၍ ခိုင်မာစွာ ထိန်းချုပ်ထားပြီး တသမတ်တည်း အကောင် အထည်ဖော်လျက်ရှိသည်။ LIFT၏ FMOအား ၂၀၁၆အတွက် နှစ်ပတ်လည် စာရင်းစစ်ခြင်း ကို ၂၀၁၇မေလတွင် ဆောင်ရွက်ခဲ့သည်။ စာရင်းစစ် များက အားလုံးခြုံ၍ ကျေနပ်ဖွယ် အဆင့်ရှိကြောင်း မှတ်ချက်ပေးခဲ့ကြသည်။ ထို့ပြင် ငွေကြေး၊ ဝယ်ယူခြင်း၊ လူစွမ်းအား အရင်းအမြစ်၊ အထွေထွေအုပ်ချုပ်မှု စသည့် လုပ်ငန်းကဏ္ဍ များတွင်လည်း ကျေနပ်ဖွယ် အဆင့် သတ်မှတ် ခဲ့ကြသည်။ စီမံချက် စီမံခန့်ခွဲမှုကိုမူ အလတ်စား ဦးစားပေး တွေ့ရှိချက်တစ်ခု ရှိသောကြောင့် တပိုင်းတစ ကျေနပ်ဖွယ် အဆင့် သတ်မှတ်ခဲ့ကြသည်။

မိတ်ဖက်အဖွဲ့များ(IP)ကို စာရင်းစစ်ရာတွင်မူ စီမံချက် ၆၆ခု ရှိသောကြောင့် အချိန်ပေးကာ ဆောင်ရွက်ခဲ့ ရသည်။ စီမံချက် အရေအတွက်မှာလည်း LIFT လုပ်ငန်း စတင်စဉ်ကနှင့် နှိုင်းယှဉ်ကြည့်လျှင် အများဆုံး ဖြစ်သည်။ (၂၀၁၆ခုနှစ် တွင် ၅၆ ခုသာ ရှိခဲ့ သည်)။ 'အထူး ဦးစားပေး အဆင့်' တွေ့ရှိချက်မှာ အနည်းငယ် လျော့သွားသည်။ ယခင်နှစ်က ၁၀-ချက် ရှိရာမှ ၂၀၁၇ ခုနှစ် တွင် ၇-ချက်သာ ရှိသည်။

၂၀၁၇ နှစ်ကုန်တွင် LIFT တွင် ဆောင်ရွက်ဆဲ စီမံချက် ၇၅ခု ရှိသည်။ LIFT လုပ်ငန်း စတင်စဉ် ကတည်းက အများဆုံး ဖြစ်သည်။ ၂၀၁၇တွင် မိတ်ဖက် တဦးသာ အပြောင်းအလဲရှိသည်။ အစိုးရသည် စီမံချက် အကောင်ထည်ဖော်သည့် မိတ်ဖက်အဖွဲ့ အဖြစ် ပါဝင် လာသောကြောင့် ဖြစ်သည်။ (ပုံ၈.၁ကိုကြည့်ပါ) ၂၀၁၆တွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ချင်းပြည်နယ်တွင် MCCT အစီအစဉ်ကို ရန်ပုံငွေ ထောက်ပံ့ရန် သဘောတူ ခဲ့သည်။ ယင်းကို MSWRR ဝန်ကြီးဌာန DSWက အကောင်အထည် ဖော်မည် ဖြစ်သည်။

၈.၃

## ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ လုပ်ဆောင်မှု

LIFTသည် ရန်ပုံငွေစီးဆင်းမှုကို တိုင်းတာရန် အညွှန်း၂ခုကို အသုံးပြုခဲ့သည်။ ဇယား ၈.၃ တွင် ပါဝင်သည့် အတိုင်း LIFT၏ မိတ်ဖက်အဖွဲ့များသည် LIFT၏ လုပ်ငန်းလမ်းညွှန်များကို လိုက်နာကြပြီး ငွေကြေး ထိန်းချုပ်မှုမှာ နေသားတကျရှိနေသည်။

စုစုပေါင်း ကန်ဒေါ်လာ ၁၉၂,၇၀၂ ကို မသင့်မလျော် အသုံးစရိတ် အဖြစ် တွေ့ရှိရသည်။ ယင်းသည် IPများ အသုံးစရိတ် စုစုပေါင်း၏ ၀.၅၃%သာရှိသည်။ (ယခင် နှစ်က ၂.၁% ရှိခဲ့သည်)

LIFTသည် ၂၀၁၂ခုနှစ် တွင် ဝါစိမ်းနီပုံစံကိုစတင် အသုံးပြုကာ မိတ်ဖက်အဖွဲ့များ၏ စီမံကိန်း စီမံ ခန့်ခွဲမှုကို စောင့်ကြည့်လေ့လာ မှတ်တမ်းတင် ခဲ့သည်။

၂၀၁၇ခုနှစ် စီမံချက်ရလဒ်များကို ဇယား၈.၄တွင် အကျဉ်းချုပ် ဖော်ပြထားသည်။ ယခုနှစ်တွင် စီမံချက် ၇၄-ခုကို စောင့်ကြည့်လေ့လာမှတ်တမ်းတင် ခဲ့သည်။ LIFTလုပ်ငန်းစတင်ချိန်မှစ၍ အများဆုံး ဖြစ်သည်။ ယင်းသည် ၂၀၁၇ခုနှစ်၏ လုပ်ငန်း ဆောင်ရွက်မှုကို ထင်ဟပ်နေသည်။ ၎င်းမှာ အစီအစဉ်များ အပြည့်အဝ အကောင်အထည်ဖော် နေသည်ကိုလည်း ညွှန်ပြနေသည်။


ယခုနှစ် ဝါစိမ်းနီရလဒ်မှာ ၂၀၁၆နှစ်ခုနှစ် နှင့် အလားတူပင် ဖြစ်သည်။ 'အထူးဦးစားပေး အဆင့်' အပိုင်း တွင် အနည်းငယ် တိုးလာခြင်းသာ ရှိသည်။ (၆ရာခိုင်နှုန်းမှ၁၀.၈ရာခိုင်နှုန်းသို့) ယင်း အချက်မှာလည်း အချို့IPများ အစီရင်ခံစာ တင်မှု နောက်ကျခြင်းကြောင့်သာ ဖြစ်သည်။ ယခင်နှစ် အတွင်း IPများ နှင့်နီးကပ်စွာ လက်တွဲ လုပ်ကိုင်ကာ ဘတ်ဂျက် ပြင်ဆင်ရာတွင် အမှန်တကယ် အသုံးပြုမှု အနီးဆုံးဖြစ်စေရန် ပြင်ဆင်နိုင်ခြင်း၊ အကောင်အထည်ဖော်မှု နှောင့်နှေးပါက သတိပေး ဆောင်ရွက်ခြင်း တို့ကြောင့် ၇၀ရာခိုင်နှုန်း အောက် သာ ဆောင်ရွက်နိုင်သည့် စီမံချက်ရာခိုင်နှုန်း လျော့ကျလာသည်။ (ဥပမာ- ၂၀၁၆ခုနှစ် အကောင် အထည်ဖော်နှုန်းမှာ အနီတွင် ၃၈ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ယခုနှစ်တွင် ၁၅ ရာခိုင်နှုန်း သာ ရှိခဲ့သည်၊) အသုံးစရိတ်လျော့ခြင်း၏ အကြောင်း ရင်းမှာ အမျိုးမျိုးရှိပါသည်။ IPများသည် ပထမနှစ် တွင် အကောင်အထည်ဖော်ရန် ရည်ရွယ်ချက် ကြီးမားလွန်းသဖြင့် စီမံချက်များ ထူထောင်ရာတွင် နှောင့်နှေးရသောကြောင့်လည်း ဖြစ်တတ်သည်။

IPများကို ယင်းတို့၏ ဝါစိမ်းနီအခြေအနေကို အကြောင်းကြားပေးမည်ဖြစ်ပြီး ယေဘုယျခြုံငုံ ရရှိသည့် ရလဒ်ကို FMO က အသုံးပြု၍ လက်ရှိ ထူထောင်ထားသည့် စနစ်များ၊ ဆောင်ရွက်မှုများ၊ ဖွဲ့စည်းပုံများကို ဆန်းစစ်မည် ဖြစ်သည်။

၈.၄

## ဘဏ္ဍာရေး

LIFTသည် လက်ရှိမဟာဗျူဟာကို အကောင်အထည် ဖော်မှု တွင် အမြင့်ဆုံး၌ ရောက်ရှိ နေပြီး အသုံးစရိတ် များ များပြားကာ ထောက်ပံ့မှု အများစုကို အကောင် အထည်ဖော်မှု မှာလည်း ကာလဝက်သို့ ရောက်ရှိ နေပါသည်။ LIFTသည် ၂၀၁၇ခုနှစ် အတွက် ကန်ဒေါ်လာ ၇၄.၉သန်းကို အသုံးပြုရန် ဘတ်ဂျက် ချမှတ်ခဲ့သော်လည်း ကန်ဒေါ်လာ ၇၅.၂သန်း အထိ အနည်းငယ် ပိုမို သုံးစွဲခဲ့သည်။ ယင်းပမာဏသည် ၂၀၁၀ခုနှစ် တွင် လုပ်ငန်း အစပျိုးခဲ့ပြီး ကတည်းက အများဆုံး ဖြစ်သည်။ ပိုမို သုံးစွဲခဲ့သည်မှာလည်း အကြောင်းရင်း များစွာရှိသည်။ အဓိကမှာ TCXဖြင့် ရင်းနှီးမြှုပ်နှံမှုကို လက်လှမ်းမီရန် လိုအပ်ချက်မှာ မျှော်လင့်ထားသည်ထက် ပိုမိုမြင့်မားလာရာအသေးစား ချေးငွေကဏ္ဍတွင် ပိုမို သုံးစွဲခဲ့ခြင်းကြောင့် ဖြစ်သည်။ (ဇယား ၈.၆ရှိ 'အလှူငွေ မဟုတ်သော - နည်းပညာ ပံ့ပိုးမှု စသည် - အထောက်အပံ့' ၁၆ရာခိုင်နှုန်း တိုးလာ သည်ကို ကြည့်ပါ)




▶ ဇယား ၈.၄
စီမံကိန်းစီမံခန့်ခွဲမှု
အညွှန်းချုပ်
ဝါစိမ်းနီပုံစံ(၂၀၁၇)

◀ ပုံ ၈.၂
၂၀၁၀-၂၀၁၇ LIFT ၏
စုစုပေါင်း အသုံးစရိတ်
ကန်ဒေါ်လာ




◀ ပုံ ၈.၃
၂၀၁၀-၂၀၁၇ LIFT ၏
နှစ်အလိုက် အသုံးစရိတ်
ကန်ဒေါ်လာ

| အညွှန်းများ | ၂၀၁၇ ရည်မှန်းချက် | ၂၀၁၇ ပြီးစီးမှု | ပြီးစီးမှု % |
|---|---|---|---|
| IPများ နှင့် ချုပ်ဆိုထားသည့် စာချုပ်များနှင့်အညီ FMOက ထုတ်ပေးသည့် ရန်ပုံငွေ ရာခိုင်နှုန်း | ၈၇% | ၉၉.၅% [၁၀၅] | ၁၁၂% |
| FMOက ဘဏ္ဍာရေး သုံးသပ်ချက်ပြီးစီးသည့် IP ရာခိုင်နှုန်း | ၁၀၀% | ၁၀၀% | ၁၀၀% |

◀ ဇယား ၈.၃
၂၀၁၇ ရန်ပုံငွေစီးဆင်းမှုနှင့်
မိတ်ဖက်များ၏
စွမ်းဆောင်ရည် ရလဒ်

▶ ဇယား ၈.၅
၂၀၁၇ ဒီဇင်ဘာလကုန်ထိ
အလှူငွေထည့်ဝင်မှု စုစုပေါင်း

၁၀၅။ ၂၀၁၆အသုံးစရိတ် စာရင်းစစ်ချက်များကို အခြေခံကာ သတ်မှတ်ချက်နှင့် မကိုက်ညီဟု ယူဆရသော လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့ များ၏ အသုံးစရိတ်များကို စုစုပေါင်း လုပ်ဖော်ကိုင်ဖက်များ၏ အသုံးစရိတ်များဖြင့် အချိုးချ ထားသည်။ (စုစုပေါင်း လုပ်ဖော်ကိုင်ဖက်များ၏ အသုံးစရိတ်များ၏ ၀.၅၃%) ။

| အညွှန်း | နည်း(စိမ်း) သတ်မှတ်နှုန်း | နည်း(စိမ်း) ထောက်ပံ့ငွေရာခိုင်နှုန်း | အလယ်အလတ်(အဝါ) သတ်မှတ်နှုန်း | အလယ်အလတ်(အဝါ) ထောက်ပံ့ငွေရာခိုင်နှုန်း | များ(အနီ) သတ်မှတ်နှုန်း | များ(အနီ) ထောက်ပံ့ငွေရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| အကောင်အထည်ဖော်နှုန်း | >၉၀% လမ်းကြောင်းမှန် | ၂၈% | ၇၁% - ၉၀% လမ်းကြောင်းမှန် | ၃၆% | <=၇၀% လမ်းကြောင်းမှန် | ၃၅% |
| နှစ်စဉ်အသုံးစရိတ် | >၉၀% သုံးပြီး | ၂၄% | ၇၁% - ၉၀% သုံးပြီး | ၃၉% | <=၇၀% သုံးပြီး | ၃၆% |
| အချိန်မှန်အစီရင်ခံမှု | ၀ ရက် နောက်ကျ | ၈၈% | ၁- ၇ရက် နောက်ကျ | ၈% | >၈ ရက် နောက်ကျ | ၄% |
| အစီရင်ခံစာပြည့်စုံမှု | ၁၀၀% ပြည့်စုံ | ၁၀၀% | ၇၁% - ၉၉% ပြည့်စုံ | ၀% | <=၇၀% ပြည့်စုံ | ၀% |
| စီမံခန့်ခွဲမှုနိုင်မှု* | ၀ ခု တွေ့ရှိ | ၃၈% | ၁ - ၃ ခု တွေ့ရှိ | ၄၉% | >၃ ခု တွေ့ရှိ | ၁၃% |

ယေဘုယျနှုန်း

| | နည်း(စိမ်း) | အလယ်အလတ်(အဝါ) | များ(အနီ) |
|---|---|---|---|
| ၂၀၁၇ | ၄၄.၆% | ၄၄.၆% | ၁၀.၈% |
| ၂၀၁၆ | ၄၉% | ၄၅% | ၆% |
| ၂၀၁၅ | ၄၁% | ၄၅% | ၁၄% |
| ၂၀၁၄ | ၅၁% | ၃၇% | ၁၂% |
| ၂၀၁၃ | ၄၈% | ၄၁% | ၁၂% |
| ၂၀၁၂ | ၃၂% | ၄၁% | ၃၂% |

*အညွှန်း၅ခု၏ တစ်ခုစီဆုံးရှုံးနိုင်မှု အနည်းအများအလိုက် ချိန်ညှိ တွက်ချက်ထားခြင်းဖြစ်သည်။

| အလှူရှင် | လက်မှတ်ထိုးပြီး ကတိကဝတ် *(ကန်ဒေါ်လာ) | စုစုပေါင်း၏ % |
|---|---|---|
| Australia | ၂၆,၂၇၈,၁၉၀ | ၅.၉% |
| Denmark | ၉,၉၉၁,၅၆၆ | ၂.၂% |
| European Union | ၁၃၃,၁၉၄,၈၉၅ | ၂၉.၇% |
| France | ၁,၃၁၉,၈၀၀ | ၀.၃% |
| Ireland | ၁,၄၈၁,၈၁၀ | ၀.၃% |
| Italy | ၈၅၂,၀၄၀ | ၀.၂% |
| Luxembourg | ၁,၁၄၇,၃၈၈ | ၀.၃% |
| Mitsubishi | ၂၀၀,၀၀၀ | ၀.၀% |
| Netherlands | ၂,၉၅၀,၀၀၀ | ၀.၇% |
| New Zealand | ၈၀၉,၆၅၀ | ၀.၂% |
| Sweden | ၂,၇၂၅,၇၇၆ | ၀.၆% |
| Switzerland | ၂၅,၂၁၄,၀၁၀ | ၅.၆% |
| United Kingdom | ၂၂၀,၀၄၆,၀၄၂ | ၄၉.၁% |
| United States | ၁၇,၄၃၀,၀၀၀ | ၃.၉% |
| UNDP/ PGMF | ၄,၆၈၁,၉၅၈ | ၁.၀% |
| အလှူထည့်ဝင်မှု စုစုပေါင်း | ၄၄၈,၃၂၃,၁၂၅ | ၁၀၀% |
| အတိုးရငွေ | ၂,၈၄၂,၈၅၄ | |
| စုစုပေါင်းချုပ် | ၄၅၁,၁၆၅,၉၇၉ | |

*ကတိကဝတ်ပြုမှုများမှာ ငွေလဲနှုန်းကြောင့် ၂၀၁၆ခုနှစ် ကိန်းဂဏန်းများနှင့်အနည်းငယ် ကွာခြားနိုင်သည်။

၈.၅

## တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (MEAL)

၂၀၁၇ခုနှစ် တစ်နှစ်လုံးတွင် LIFTသည် MEALမူဘောင်အသစ်ကို ဆက်လက် မွမ်းမံ ပြင်ဆင်ကာ အကောင်အထည်ဖော်ခဲ့သည်။ စီမံချက်အများအပြားကို အကဲဖြတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာ စစ်တမ်း အချို့ကောက်ယူခြင်း၊ မိတ်ဖက်အဖွဲ့များ၏ M&E စွမ်းဆောင်ရည် အားဖြည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

### MEAL မူဘောင်အသစ်ကို အချောသတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း

၂၀၁၇တွင် LIFTသည်-

- LIFT၏ အညွှန်းများ အကိုးအကားစာတမ်းများ ပထမတစုံကို ပြီးစီးခဲ့သည်။ ယင်းတွင် ယုတ္တိဗေဒမူဘောင်အညွှန်းတိုင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ အချက်အလက် အရင်းအမြစ်၊ အချက်အလက် ကောက်ယူနည်းများ၊ တွက်ချက်ခြင်း နှင့် အစီရင်ခံခြင်းတို့ ပါဝင်သည် ။
- LIFTယုတ္တိဗေဒမူဘောင်၏နှစ်စဉ်ရည်မှန်းချက်များ၊ စုစုပေါင်း ရည်မှန်းချက်များကို ယခင်လုပ်ငန်းပြီးစီးမှု၊ ပြင်ဆင်ထားသည့် ရန်ပုံငွေအဆင့်၊ စီမံကိန်းနယ်မြေ အသစ်များမှ ရလာသည့် ကနဦးစစ်တမ်း/ အခြေခံမျဉ်းရလဒ်များ တို့ကို အခြေခံကာ ပြင်ဆင်ခဲ့သည်။ ရည်မှန်းချက် အများစုမှာ သိသာစွာ တိုးတက်လာပါသည်။ ပြင်ဆင်ထားသည့် ရည်မှန်းချက်များကို ရန်ပုံငွေဘုတ်အဖွဲ့က မေလတွင် အတည်ပြုပေးခဲ့သည်။
- ပထမဆုံး အကြိမ်အဖြစ် LIFT၏ ငွေကုန်ရကျိုးနပ်မှု မူဘောင်အသစ်၏ အစိတ်အပိုင်းများကိုအစီရင်ခံခဲ့သည်။ LIFT၏ အကျိုးကျေးဇူးများကို လုပ်ငန်း၊ ထိရောက်မှု၊ ရလဒ်အဆင့်များဖြင့် တွက်ချက်ကြည့်ပါသည်။

- LIFT၏ အချက်အလက် အရည်အသွေး အလျင်အမြန် ဆန်းစစ်ချက်(rapid data quality assessment, RDQA)၊ စစ်ရမည့် စာရင်းများ၊ လုပ်ငန်းစဉ်များကို ပြင်ဆင်ကာ IPများ နှင့် ရှေ့ပြေး ဆောင်ရွက်ကြည့်ခဲ့သည်။

## M&E ဆိုင်ရာ လေ့လာမှုများ နှင့် စီမံချက် အကဲဖြတ်ခြင်းများ

၂၀၁၇ခုနှစ်တွင် LIFTသည် အောက်ပါ M&E ဆိုင်ရာ လေလာမှုများ နှင့် စီမံချက် အကဲဖြတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်-

### LIFT ကြားဖြတ် ပြန်လည်သုံးသပ်ချက်

LIFT၏ ရန်ပုံငွေဘုတ်အဖွဲ့ကိုယ်စား LIFTသည် Coffey International ကဆောင်ရွက်ခဲ့သည့် LIFT ကြားဖြတ် ပြန်လည်သုံးသပ်ချက်ကို ပြီးစီးသည်အထိ ကြီးကြပ်ခဲ့ပါသည်။

### အိမ်ထောင်စု အညွှန်းပြ စစ်တမ်း

LIFTသည် အိမ်ထောင်စု အညွှန်းပြစစ်တမ်းကို ပြန်လည် ရေးဆွဲခြင်း၊ အပြီးသတ်ခြင်းတို့ကို ကြီးကြပ်ခဲ့သည်။ ယင်းတွင် နမူနာကောက်ယူမှု နည်းလမ်းကို ကျင့်သုံးကာ နမူနာ ကောက်ယူသည့်နေရာများကိုလည်း နှစ်ဆ တိုးလိုက်သည်။ လျင်မြန်စွာတိုးတက်လာသော ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေရေး အစီအစဉ်ကြောင့် ဖြစ်သည်။ ၂၀၁၆ခုနှစ် နှစ်စဉ် အစီရင်ခံစာ၏ ယုတ္တိဗေဒမူဘောင် အညွှန်းရလဒ်များကို တွက်ချက်ရာတွင် အိမ်ထောင်စု အညွှန်းပြစစ်တမ်း ရလဒ်များကိုပါ ပင်မအစီအစဉ်နယ်မြေ (အဆင့်၁)နှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေရေး အစီအစဉ်နယ်မြေ (အဆင့်၂) တို့တွင် ထည့်သွင်း တွက်ချက်ခဲ့သည်။ LIFT အစီအစဉ်၏ ခြုံငုံထိရောက်မှုကို ပိုမို သိရှိနိုင်ရန် ဖြစ်သည်။

### လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) အစီရင်ခံစာ (၆)

LIFTသည် ဤအစီရင်ခံစာကိုမွမ်းမံခြင်း၊အပြီးသတ်ခြင်းတို့ကို ကြီးကြပ်ခဲ့သည်။ ဤသုတေသန နောက်ဆုံး အတွဲ - အစီရင်ခံစာ (၆) ကို ကမ္ဘာ့ဘဏ်က ပြုစုဆောင်ရွက်ခဲ့သည်။

### ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် ကနဦးစစ်တမ်း

LIFTသည် ဤကနဦးစစ်တမ်း၏ ဒီဇိုင်း နှင့် အကောင်အထည်ဖော်မှု ကို ကြီးကြပ်ခဲ့သည်။

| အမျိုးအမည် | ဘတ်ဂျက် (ကန်ဒေါ်လာ) | အမှန် (ကန်ဒေါ်လာ) | ပို/လို သုံးပြီး | % |
|---|---|---|---|---|
| စီမံကိန်း အကောင်အထည်ဖော်ခြင်း IP များသို့ ရန်ပုံငွေထောက်ပံ့ခြင်း | ၆၀,၀၁၉,၁၈၀ | ၅၉,၇၄၀,၄၇၃ | (၂၇၈,၇၀၇) | ၀% |
| အလှူငွေမဟုတ်သော အထောက်အပံ့* | ၆,၅၃၂,၈၈၃ | ၇,၅၇၅,၅၉၉ | ၁,၀၄၂,၇၁၆ | ၁၆% |
| သုတေသန | ၁,၃၈၀,၄၆၀ | ၁,၄၆၄,၁၁၂ | ၈၂,၆၅၂ | ၆% |
| FMO လုပ်ငန်းစရိတ် | ၅,၄၆၀,၂၉၄ | ၅,၀၁၉,၂၂၃ | (၄၄၁,၀၇၁) | -၈% |
| FB သို့ ထောက်ပံ့ခြင်း | ၆၅,၃၆၀ | ၁၉,၁၂၇ | (၄၆,၂၃၃) | -၇၁% |
| အုပ်ချုပ်မှု | ၁,၄၆၅,၉၉၂ | ၁,၄၁၃,၇၉၆ | (၅၂,၁၉၆) | -၄% |
| စုစုပေါင်း | ၇၄,၉၂၅,၁၆၉ | ၇၅,၂၃၂,၃၃၀ | ၃၀၇,၁၆၁ | ၀% |

▲ ဇယား ၈.၆
၂၀၁၇ LIFT၏ အသုံးစရိတ် စုစုပေါင်း

* TCX ငွေကြေးဝန်ဆောင်မှု နှင့် အစိုးရသို့ နည်းပညာ အထောက်အပံ့ စသော အစီအစဉ်စရိတ်များ ပါဝင်သည်။

### LIFT၏ အကဲဖြတ်သင်ယူသည့် မေးခွန်းများ (evaluation and learning question, ELQ) စစ်တမ်း

LIFTသည် ရလဒ်စစ်တမ်း ပထမတွဲကို အကောင်အထည်ဖော်ရာတွင် လမ်းညွှန်ခဲ့သည်။ယင်းသည် ဝင်ငွေနှင့်ပိုင်ဆိုင်မှုများ၊ထိခိုက်လွယ်မှုနှင့်ကြံ့ကြံ့ခံနိုင်မှုတို့ကို အသေး စိတ် စူးစမ်းလေ့လာပါသည်။ LIFT၏ လက်ရှိ စီမံချက်များစွာ၏ သက်ဆိုင်မှု၊ ရေရှည်တည်တံ့မှုကိုလည်း ဆန်းစစ်သည်။ မေလတွင် ဤစစ်တမ်းကို ဆောင်ရွက်နေသည့် အကြံပေးများက 'ကြံ့ကြံ့ခံနိုင်မှု ရက်သတ္တပတ်' ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ LIFT၏ FMOသို့ အခြေခံမျဉ်း/ကနဦး စစ်တမ်း၏ ပဏာမတွေ့ရှိချက်များကိုတင်ပြကာ အပြန်အလှန် ဆွေးနွေးချက်များကို လက်ခံကြသည်။ အကြံပေးများ နှင့် M&E ဌာနတို့ အတူလက်တွဲကာ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ပေါင်းစည်းရှင်းလင်းချက် တစ်စောင်ကို ပြုစုသည်။ ထို့နောက် နောက်ပိုင်းတွင် ဆောင်ရွက်မည့် အဆုံးသတ်မျဉ်း/စီမံချက်ပြီးစီးပိတ်သိမ်းမှု စစ်တမ်းများ အတွက် ကြောင်းကျိုးဖော်ပြချက် နှင့် သုံးသပ်မှု မူဘောင်ကို ဆက်လက် ပြုစုသည်။

၂၀၁၇ခုနှစ်တွင် LIFTသည် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက် ၂၂ခုနှင့် စီမံချက်ပြီးစီး ပိတ်သိမ်းမှု အကဲဖြတ်ချက်ခြောက်ခုကို ဆောင်ရွက်ခဲ့သည်။ စီမံကိန်းဌာနများက အကဲဖြတ်မှုများကို ကြီးကြပ်ခဲ့သည်။

▶ ဇယား ၈.၇
သက်တမ်းထက်ဝက် ပြန်လည်သုံးသပ်ချက်များ

## မိတ်ဖက်အဖွဲ့များ၏ M&E စနစ်များကို အားဖြည့်ခြင်း

FMOသည် IPများက MEALစနစ်များ အကောင်အထည်ဖော်ရာတွင် အောက်ပါအတိုင်း ဆက်လက်ကူညီပံ့ပိုးပါသည်-

- IP ၁၇ဖွဲ့ ကို LIFT၏ M&E အစီရင်ခံစာများ အသုံးပြုနည်းကို သင်တန်းများ ပေးခဲ့သည်။ နှစ်ပတ်လည် နှင့် နှစ်လယ်အစီရင်ခံရာတွင် M&E ဆိုင်ရာ အချက်အလက်များ လိုအပ်ပါသည်။ သင်တန်းကို တောင်တန်းဒေသနှင့် ရွှေ့ပြောင်း သွားလာရေး

| IP | စီမံချက်အမည် | အစီအစဉ် |
|---|---|---|
| Mercy Corps | လယ်ပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း | မြစ်ဝကျွန်းပေါ် |
| Myanmar Professional Social Workers Association | ထိခိုက်လွယ်သော ရပ်ရွာတို့၏ အာဟာရ အဆင့်အတန်းကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့် တိုးတက်စေခြင်း | အပူပိုင်းဇုန် |
| UN-Habitat | ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများမှ ပိုမိုကျန်းမာသော ရပ်ရွာများသို့ | အပူပိုင်းဇုန် |
| Myanmar Institute for Integrated Development | လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး | တောင်တန်းဒေသ |
| WorldFish | ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်တို့ တွင် ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးရေးအတွက် ရေရှည်တည်တံ့သော ငါးမွေးမြူရေး | မြစ်ဝကျွန်းပေါ် |
| World Vision | ဘိုကလေးတွင်အသက်မွေးဝမ်းကျောင်းမှုများ ကို ဖြစ်ထွန်းစေခြင်း | မြစ်ဝကျွန်းပေါ် |
| International Labour Organization | ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်အား ရွှေ့ ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး | ရွှေ့ပြောင်း သွားလာရေး |
| Welthungerhilfe | ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း | မြစ်ဝကျွန်းပေါ် |
| Karuna Mission Social Solidarity & civil society | အရပ်ဘက် လူမှုအဖွဲ့အစည်း လုပ်ကိုင်နိုင်စွမ်းရှိရေး အတွက် မဟာဗျူဟာ မိတ်ဖက်ပြုခြင်း | တောင်တန်းဒေသ |
| Metta Development Foundation | တောင်တန်းဒေသ စားနပ်ရိက္ခာဖူလုံရေးနှင့် ဈေးကွက်ဝင်ရောက်ခြင်း | တောင်တန်းဒေသ |
| Link Emergency Aid & Deleopment | ပြင်စလူမြို့နယ်ခွဲမှ လယ်မဲ့မြေမဲ့ အိမ်ထောင်စုများ အသက်မွေးမှု နှင့် ရိက္ခာ ဖူလုံရေးကို အခြားဝင်ငွေရလမ်းများဖြင့် ထောက်ပံ့ခြင်း | မြစ်ဝကျွန်းပေါ် |
| Radanar Ayar | ဘက်စုံစိုက်ပျိုး - စီးပွားရေးလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး | မြစ်ဝကျွန်းပေါ် |
| International Fertilizer Development Center | အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှု စီမံချက် | အပူပိုင်းဇုန် |
| Golden Plain | အပူပိုင်းဇုန်တွင် သစ်စိမ်းမြေသြဇာ အသုံးပြုခြင်း နှင့် သီးနှံစနစ်ကို ပြုပြင်ခြင်းဖြင့် မြေဆီလွှာကို ကောင်းမွန်စေကာ ရေရှည်တည်တံ့သော သီးနှံထွက်နှုန်းရရှိစေခြင်း | အပူပိုင်းဇုန် |
| Food and Agriculture Organization | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း | အပူပိုင်းဇုန် |

*Myanmar Monitoring and Evaluation Association (MMEA)

စီမံကိန်းများမှ IPအများစု တက်ရောက်ခဲ့ ကြပါသည်။

- LIFTသည် ဒေတာ အရည်အသွေး ပုံမှန် စစ်ဆေးရာတွင် ပါဝင်ရမည့် အချက်များကို စာရင်းအဖြစ် ပြုစုထားပြီး ထိုစာရင်းသစ် ဖြင့် IP ခြောက်ဖွဲ့၏ M&E စနစ်ကို ပြန်လည် သုံးသပ်ခဲ့သည်။
- ချင်းပြည်နယ် MCCT စီမံချက်အတွက် M&E အချက်အလက်များ စီမံခန့်ခွဲခြင်း အလုပ် ဆွေးနွေးပွဲကို DSW၊ GAD ဝန်ထမ်းများ နှင့် ယူနီဆက်ဖ်၊ UNICEF၊ MSR ၊ စီမံချက်များကို အကောင်ထည်ဖော်နေသည့် LIFT၏IPများ ဖြစ်သည့် Save the Children ၊DRC နှင့် IRC တို့က ဆောင်ရွက်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ M&E အချက်များကို ပြည့်စုံစွာ ပြင်ဆင်ရာတွင် DSW ကို ကူညီပံ့ပိုးရန်၊ MCCT စီမံချက် အတွေ့အကြုံရှိသည့် မိတ်ဖက်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်သည်။

မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း အသင်း (MMEA*)ကို ဆက်လက် ပံ့ပိုးပေးလျက် ရှိသည်။ MMEAသည် ကျွမ်းကျင်သူများအသင်း ဖြစ်ကာ မြန်မာနိုင်ငံ NGOများ၊ INGOများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ ပုဂ္ဂလိက အကြံပေး ကုမ္ပဏီများ၊ အစိုးရဌာနများမှ M&E တာဝန်ယူသူများ စုစုပေါင်း ၁၇၀ဦးခန့်ပါဝင်သည်။ ၂၀၁၇ခုနှစ် တွင် MMEA သည် သက်ဆိုင် သည့် သင်ယူလေ့လာခြင်းဆိုင်ရာ ဆွေးနွေးပွဲ ၇-ခု ကို ကျင်းပခဲ့သည်-The Use of Mobile Technology in Data Collection၊ The Use of Appreciative Enquiry in Evaluation၊ Basic M& Statistics၊ GIS and Spatial Data၊ the Progress out of Poverty Index (PPI) ခေါင်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ MMEA သည် မြန်မာအစိုးရထံတွင် တရားဝင်မှတ်ပုံတင်ထားသည့် အသင်းဖြစ်ရန် ဆောင်ရွက်ခဲ့ပြီး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲခဲ့ပြီး ဘဏ်စာရင်းလည်း ဖွင့်ထားသည်။ MMEAသည် အာရှ ပစိဖိတ် အကဲဖြတ်ရေးအသင်း (APEA)တွင်လည်း တရားဝင် အဖွဲ့ဝင် တစ်ဖွဲ့ ဖြစ်သည်။

၁.၆

# အသိပညာ စီမံခန့်ခွဲခြင်းနှင့် သင်ယူခြင်း

## အသိပညာစီမံခန့်ခွဲခြင်း

LIFT၏ အသိပညာစီမံခန့်ခွဲခြင်း ရည်ရွယ်ချက်မှာ LIFTက ဖန်တီးခဲ့သည့် အသိပညာများကို လုပ်ဆောင်ချက် အဖြစ် ပြောင်းလဲကာ LIFT စီမံကိန်း များအတွင်း နှင့် စီမံကိန်းပြင်ပ မူဝါဒများ၊ နည်းနာများကို ကောင်းမွန်စေရန် ဖြစ်ပါသည်။ ထို့ပြင် လက်ရှိ LIFT၏ စီမံကိန်းများ ပြီးစီးကာ ပိတ်သိမ်းတော့မည့် ၂၀၁၈ခုနှစ် နောက်ပိုင်း ကာလတွင်လည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး လိုအပ်ချက် များကို အသိပညာပေးကာ ပံ့ပိုးနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အတွက်ကြောင့် ပင်မနည်းပညာနယ်ပယ်များတွင် အသိပညာ ဖွံ့ဖြိုးရေးကို ပံ့ပိုးခြင်း နှင့် အသိပညာကို အသုံးပြုရန်၊ ဆက်သွယ်ရန်၊ ရည်ညွှန်းရန် အားပေးသည့် လုပ်ငန်းစဉ်များကို ပြုစုပါသည်။ လူထုဗဟိုပြု ချဉ်းကပ်နည်းကို အသုံးပြုကာ လူထုကို ကိုယ်တိုင်သင်ယူရုံသာမကာ သင်ယူမှုကို အသုံးချလာကာ ပြန်လည်ဝေမျှသူများအဖြစ် ဖြစ်ထွန်းရန် အလေးထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၆ခုနှစ်တွင် LIFTသည် မိမိ၏ အသိပညာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့် မဟာဗျူဟာကို ပိုမိုခိုင်မာစေရန်

ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် အသိပညာ စီမံခန့်ခွဲမှု ထွန်းကားရေးကို LIFT စီမံကိန်းများ အတွင်းတွင် ဖြစ်ထွန်းစေခဲ့သည်။ LIFT သက်တမ်း တလျှောက် ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ် စာတမ်း များ အစဉ်လိုက် ထုတ်ဝေသည့်ပြင်၊ LIFT၏ အဓိက မဟာဗျူဟာနယ်ပယ်များကို ပိုမိုစူးစမ်းရန် LIFT၏ ကြားဖြတ် ပြန်လည်သုံးသပ်ချက်များမှ တွေ့ရှိချက် များကို အသုံးပြုကာ အစပျိုးဆောင်ရွက်ခဲ့သည်။

## LIFTအတွင်း အသိပညာစီမံခန့်ခွဲမှု ထွန်းကားရေး

အသိပညာစီမံခန့်ခွဲခြင်းသည် LIFT၏ အစီအစဉ် အားလုံးတွင် ဦးစားပေး ဖြစ်လာသည်။ ကဏ္ဍအလိုက် စုဝေးဆွေးနွေးသည့် အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် အသိပညာမျှဝေသည့် အခမ်းအနားများသည် ပုံမှန် လုပ်ဆောင်မှုများအဖြစ် ဖြစ်ထွန်းလာသည်။ ပိုမို အရည်အသွေး မြင့်လာကာ သယံဇာတစီမံခန့်ခွဲမှု၊ အားလုံးပါဝင်သော တန်ဖိုးမြှင့်ကွင်းဆက်၊ မူဝါဒ စသည့် အဓိက အကြောင်းအရာ နယ်ပယ်များတွင် အသိပညာ ဖွံ့ဖြိုးရေး အတွက် အချင်းချင်း တက်ကြွစွာ ထိတွေ့ဆောင်ရွက်ရန် ပိုမို အာရုံစိုက် လာကြသည်။ စီမံကိန်းများအတွင်းရှိရှိ နည်းနာရပ်ဝန်း (ကဏ္ဍအလိုက် စုဝေးဆောင်ရွက်ခြင်း) များသာမက၊ မူဝါဒပိုင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ကြသည့် မိတ်ဖက် အဖွဲ့ များကလည်း မူဝါဒများကို ပံ့ပိုး ဆောင်ရွက်ခြင်း ပိုမို ကောင်းမွန် စေခြင်း တို့နှင့် ဆိုင်သည့် စိန်ခေါ်မှုများ၊ ယင်းတို့၏သက်ရောက် မှုများကို ဆွေးနွေးကြပါသည်။ စီမံကိန်းများမှ မိတ်ဖက်အဖွဲ့များသည် အာဟာရ စီမံချက်များကို ဆွေးနွေးရန်လည်း စုဝေးကြရာ LIFT၏ အာဟာရ စီမံချက် မိတ်ဖက်အဖွဲ့ LEARNက ပံ့ပိုးပေးခဲ့ပါသည်။

LIFTသည် အချိန်နှင့် အရင်းအမြစ်တို့ကို ရင်းနှီးမြှုပ်ကာ အသိပညာမျှဝေမှုကို ဌာနတွင်း၌လည်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ဇန်နဝါရီတွင် LIFT၏ မဟာဗျူဟာနှင့်အစီအစဉ်များနှင့် ပတ်သက်သည့် သုံးသပ်ဆွေးနွေးပွဲသည် စုပေါင်းဆောင်ရွက်ခြင်း ဖြစ်ထွန်းမှု အတွက် အကျိုးရှိသည်သာမက LIFT၏ဌာနတွင်း အသိပညာမျှဝေမှုကိုလည်း ဖြစ်ပေါ်စေသည်။ ယခင်နှစ်များမှ အတွေ့အကြုံများ သင်ခန်းစာများကို မျှဝေကာ LIFT၏ အနာဂတ်နှင့် ၂၀၁၇ခုနှစ် လုပ်ငန်း စီမံချက် တို့ကို ပုံဖော်ရန်အတွက် ဆွေးနွေးခဲ့ကြသည်။

LIFT သက်တမ်းတလျှောက် ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ်စာတမ်းများ (Legacy studies) ၂၀၁၇ခုနှစ် ပထမနှစ်ဝက်တွင် LIFTသည် စာတမ်း များကို ထုတ်ဝေကာ အောက်ပါ အကြောင်းအရာ ၄-ခုကို လေ့လာ စူးစမ်းခဲ့သည်-

*မူဝါဒပိုင်းဆိုင်ရာ ထိတွေ့ဆောင်ရွက်ခြင်း။* ပထမ စာတမ်းသည် Oxfamက ဆောင်ရွက်သည့် တက်လမ်း အစီအစဉ်၏ မူဝါဒဆိုင်ရာ စိန်ခေါ်မှုများ၊ အောင်မြင်မှုများကို လေ့လာခဲ့ကာ ဒေသခံ အစိုးရ နှင့် လူထုတို့၏ ဆက်သွယ်ရေး ကောင်းမွန်မှု၊ မြင်သာမှု၊ တာဝန်ခံမှုတို့ကို ထောက်ပံ့ရာတွင် ဒေသခံ မိတ်ဖက်များ နှင့် အတူလက်တွဲဆောင်ရွက်ခြင်း ပဋိပက္ခအလေးထားတုံ့ပြန်သည့် ချဉ်းကပ်နည်းကို

| IP | စီမံချက်အမည် | အစီအစဉ် |
|---|---|---|
| Save the Children | ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရ ပြည့်ဝရေး စုပေါင်းဆောင်ရွက်မှုတို့ကို တည်ဆောက်ခြင်း | မြစ်ဝကျွန်းပေါ် |
| HelpAge International | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး | အပူပိုင်းဇုန် |
| Save the Children | သင်ယူခြင်း၊ အထောက်အထားဖော်ထုတ်ခြင်း၊ မူဝါဒအပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်း ဆောင်ရွက်ခြင်း | အပူပိုင်းဇုန် |
| BBC Media Action | ကျပ်ချပ်၊ ရွှေ့ပြောင်းသွားလာရေး နှင့် ငွေကြေး တို့ကို အကျိုးအရှိဆုံး ဖြစ်စေခြင်း | ရွှေ့ပြောင်း သွားလာရေး |
| International Rescue Committee (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |
| Save the Children (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |
| Care (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |
| Care M&E (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |

| IP | စီမံချက်အမည် | အစီအစဉ် |
|---|---|---|
| Oxfam (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |
| Better Life Organisation (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |
| UNESCAP | အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်းမှု ကောင်းမွန် စေရေးအတွက် ကျေးလက် စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးမှု ပေါင်းစည်း အစီအစဉ် | အပူပိုင်းဇုန် |
| IERG | အောက်ခြေလူထု စွန့်ဦးတီထွင်လုပ်ငန်း ပညာပေးရေးနှင့် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေမှု | ငွေကြေးဆိုင်ရာ |
| HelpAge International | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး | အပူပိုင်းဇုန် |
| TAG | ပျားစီမံချက်။ ရှမ်းပြည်နယ်တောင်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခြင်း နှင့် ပျားရည်ထုတ်လုပ်ခြင်း | တောင်တန်းဒေသ |
| Oxfam (တက်လမ်း) | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း ၂ | ရခိုင် |

ကျင့်သုံးခြင်းသည် အဓိက ကျကြောင်း တွေ့ရှိခဲ့သည်။

*အာဟာရ။* LIFT၏ ဒုတိယစာတမ်းသည် LIFT၏ မြစ်ဝကျွန်းပေါ် ဒေသ စီမံကိန်းရှိ အာဟာရ စီမံချက်များတွင် အမျိုးသားများ၏ပါဝင် ပတ်သက်မှုကိုလေ့လာခဲ့သည်။ Welthungerhilfe နှင့် GRETက ဆောင်ရွက်သော စီမံချက်များတွင် အမျိုးသားများ ပါဝင်မှုနှုန်းသည် နိုင်ငံတကာပျမ်းမျှနှုန်းထက် မြင့်မားကြောင်း တွေ့ရှိသည်။ အမျိုးသားများ၏ ပါဝင်ပတ်သက်မှုကို တိုးတက်စေမည့် အကြံပြုချက်များလည်း ပါဝင်သည်။ ယင်းတို့တွင် အမျိုးသားများ အများစုပါဝင်သည့် လယ်ယာ စိုက်ပျိုးရေးကဲ့သို့သော လုပ်ငန်းများ နှင့် အာဟာရ သင်တန်းများကို ချိတ်ဆက်ပေးရန်လည်း ပါဝင်သည်။

◀ ဇယား ၈.၇ အဆက်

*ရွှေ့ပြောင်းသွားလာရေး။* တတိယစာတမ်းသည် မြန်မာနိုင်ငံဖွံ့ဖြိုးရေးတွင် ပြည်တွင်းပြည်ပ အလုပ်သမား ဥပဒေများက မည်သည့် နေရာမှ ပါဝင်သည်ကို လေ့လာခဲ့သည်။ လုံခြုံဘေးကင်းပြီး ကောင်းစွာ ထောက်ပံ့ထားသည့် ရွှေ့ပြောင်းသွားလာရေးသည် မြန်မာနိုင်ငံဖွံ့ဖြိုးရေးကို ထောက်ပံ့နိုင်ကြောင်း တွေ့ရှိသည်။ အကျိုးကျေးဇူးအများဆုံးရရှိရန်အတွက် မူဝါဒပိုင်းတွင် ပိုမို အလေးထားရန်၊ တက်ကြွစွာ မူဝါဒ ချမှတ်ရန် လိုအပ်ကြောင်းကိုလည်း အထူးပြု ဖော်ပြထားသည်။

*ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံဆောင်ရွက်ခြင်း။* စတုတ္ထစာတမ်းသည် ကျေးရွာဖွံ့ဖြိုးရေး နမူနာများကို ဆန်းစစ်လေ့လာခဲ့သည်။ ယင်း နမူနာများကိုDRD နှင့် LIFT၏ နည်းပညာအကြံပေးအဖွဲ့က နေပြည်တော်တွင် ပြုစုခဲ့ပြီး ရေ့ပြေးဆောင်ရွက်ခဲ့ကာ မြန်မာနိုင်ငံရှိ ကျေးလက်မြို့နယ် ၂၉၈မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုဆောင်ရွက်မှုပုံစံသည် အခြား ကျေးရွာဖွံ့ဖြိုးရေး ပုံစံများ နှင့် မည်သို့ ခြားနားကြောင်း ဤစာတမ်းတွင်ဖော်ပြထားသည်။ သီးခြားအလျှုငွေ၏ တစိတ်တဒေသအဖြစ် ဖွံ့ဖြိုးရေးစီမံရာတွင်ပြင်ပမှ ကျွမ်းကျင်သူများကို အသုံးပြုမည့် အစား ကျေးရွာလူထု ကို စီမံသူများအဖြစ် လေ့ကျင့်ပေးကာ၊ မြို့နယ်အဆင့်တွင် စီမံရေးစွမ်းဆောင်ရည် တည်ဆောက်ပေးကာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်တွင် ပေါင်းစည်းစေသည်။ ထိုကြောင့် ကျေးရွာတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီကာ ဤဆောင်ရွက်ပုံသည်လည်း ရေရှည် တည်တံ့စေပါ သည်။ စာတမ်းသည် ကနဦး ရရှိသည့် သင်ခန်းစာအချို့ကို ဖော်ပြသော်လည်း ဆက်လက်ဆန်းစစ်ကာ ထိုဆောင်ရွက်မှုပုံစံ၏ သက်ရောက်မှုကို အပြည့်အဝ လေ့လာစူးစမ်းရန် လိုအပ်နေသေးသည်။

◀ ဇယား ၈.၈ စီမံချက်ပိတ်သိမ်းပြီးဆုံးမှု အကဲဖြတ်ချက်

မြန်မာ့ကျေးလက်ဒေသအသွင်ကူးပြောင်းရေး နှင့် LIFT ၂၀၁၀-၂၀၁၇။ ဤစာတမ်းသည် ၂၀၁၀မှ ၂၀၁၇ထိ မြန်မာ့ကျေးလက်ဒေသ အသွင်ကူးပြောင်းရေးနှင့် ၎င်းကို LIFTအစီအစဉ်က မည်သို့ တုံ့ပြန်ဆောင်ရွက်သည်ကို လေ့လာသုံးသပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ တွင် LIFT၏ ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၅ အိမ်ထောင်စု စစ်တမ်းများ၊ ၊ QESM သုတေသနများ၊ LIFT၏ နှစ်စဉ် အစီရင်ခံစာများ၊ LIFT နှင့် အဓိက ပတ်သက်ဆက်နွယ်သူများ၏ အင်တာဗျူးများကို အသုံးပြုထားပါသည်။

ပထမ စာတမ်းနှစ်စောင်ကို ၂၀၁၇ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ကျန် စာတမ်း သုံးစောင်ကို ၂၀၁၈ခုနှစ်တွင် ထုတ်ဝေမည် ဖြစ်ပါသည်။

## LIFT၏ ကြားဖြတ်ပြန်လည်သုံးသပ်ချက် နှင့် အသိပညာ စီမံခန့်ခွဲခြင်း

LIFT၏ ကြားဖြတ်ပြန်လည်သုံးသပ်ချက်သည် LIFTက ပိုမို အားထုတ်သင့်သည့် နယ်ပယ်များကို အထူးပြု ဖော်ပြထားသည်။ ထို့ကြောင့် LIFTသည် ရာသီဥတုအပြောင်းအလဲကို မိမိ၏ အစီအစဉ်များအတွင်း ပူးပေါင်းခြင်း၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုများကို လေ့လာလျက်ရှိသည်။ ထိုလေ့လာမှုကို ၂၀၁၇ခုနှစ် ဒုတိယနှစ်ဝက်တွင် စတင်ခဲ့ကာ အနာဂတ် အစီအစဉ်များ အတွက် သင်ခန်းစာများကို ဖော်ထုတ်မည် ဖြစ်သည်။ ကျား/မရေးရာသည်လည်း LIFTက ပိုမို အားထုတ်နေသည့် အချက်အချာ ကဏ္ဍတစ်ခု ဖြစ်ကာ လေ့လာစရာ သင်ခန်းစာများကို ဖော်ထုတ်လျက်ရှိပါသည်။ ကျား/မရေးရာကျွမ်းကျင်သူ တစ်ဦး သည်လည်း IPများကို ပံ့ပိုးရန်ဆောင်ရွက်နေသည့်ပြင်၊ LIFT၏ ကျား/မရေးရာ ချဉ်းကပ်ဆောင်ရွက်နည်း မှ သင်ခန်းစာများကို စီမံကိန်း ရေးဆွဲမှုများတွင် ထည့်သွင်းနိုင်ရန် ကူညီဆောင်ရွက်ပါသည်။

၈.၇

# ဆက်သွယ်ရေး

## အစီအစဉ်သစ်များ နှင့် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ

အစီအစဉ်သစ်များ နှင့် မူဝါဒပိုင်းဆိုင်ရာဆောင်ရွက်မှုများကို ပိုမို နားလည်စေရန် LIFTသည် စီမံကိန်းတိုင်းအတွက် အတိုချုပ် ရှင်းလင်းချက်များ၊ အာဟာရ၊ MCCT၊ ကျေးလက် ငွေကြေးဆိုင်ရာ မူဝါဒ ဆိုင်ရာ အနှစ်ချုပ် စာစောင်များကို ပြုစုခဲ့သည်။ ယင်းတို့ကို ဝက်ဘ်ဆိုက်၊ အခမ်းအနားများတွင်သာမကအစိုးရသို့လည်း မျှဝေခဲ့သည်။ ၂၀၁၇ခုနှစ်တွင် စီမံကိန်း အသစ်များဖြစ်သည့် ရွှေ့ပြောင်းသွားလာရေး၊တောင်တန်းဒေသ စီမံကိန်းများနှင့် ချင်းပြည်နယ်ရှိ အစီအစဉ်များ စသည်တို့ အတွက်လည်း လိုအပ်သည့်ဆက်သွယ်ပြန်ကြားရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ စာရွက်စာတမ်းများကို ပြုစုခဲ့သည်။

၂၀၁၇တွင် EU၊ USAID ၊ DFID တို့က LIFT၏ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသ စီမံချက်များကို ကွင်းဆင်းလေ့လာရာ ခရီးစဉ်များ၊ စီမံချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက်များကိုလည်း ဆက်သွယ်ရေး အဖွဲ့များက ပြုစုပေးခဲ့သည်။

### စာအုပ်စာတမ်းများ

၂၀၁၇ခုနှစ် တွင် ၂၀၁၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ၂၀၁၅ခုနှစ် အိမ်ထောင်စု စစ်တမ်း အပါအဝင် စာအုပ်စာတမ်း အသစ် ၁၅ခုကို ထုတ်ဝေခဲ့သည်။ ၂၀၁၆ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အပြည့်အစုံ နှင့် အကျဉ်းချုပ် အစီရင်ခံစာနှစ်စောင်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ယင်းတို့ကို စာအုပ်ဖြင့် ဖတ်ရှုနိုင်သည့် အပြင် ဝက်ဘ်ဆိုက်တွင်လည်း ဖတ်ရှုနိုင်သည်။

### ဝက်ဘ်ဆိုက်

၂၀၁၇ခုနှစ်တွင် ဝက်ဘ်ဆိုက်ပေါ်၌ ဆောင်းပါး ၃၂-စောင် ကို မျှဝေထားသည်။ ယင်းတို့တွင်နောက်ဆုံးရသတင်းများ၊ နည်းနာကောင်းများ၊ အခမ်းအနားများ အကြောင်း ပါဝင်သည်။ ဝက်ဘ်ဆိုက်ကို ကြည့်ရှုသူ

| နည်းနာရပ်ဝန်း | ရက်စွဲ | လုပ်ငန်းစဉ်နှင့် ခြုံငုံမှု |
|---|---|---|
| အာဟာရ<br>(တောင်တန်းဒေသ) | ၂၀၁၇ ဧပြီ | LIFT၏တောင်တန်းဒေသ မိတ်ဖက်အဖွဲ့များ၏ အာဟာရကဏ္ဍကို ဆွေးနွေးမှု CoP တွင် အောက်ပါတို့ ပါဝင်သည်-<br>¦ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ခင်းကျင်းပြသခြင်း<br>¦ အာဟာရဆိုင်ရာ အတားအဆီးများ သုံးသပ်ရန် နည်းလမ်းများ၊ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို တင်ပြခြင်း၊<br>¦ အုပ်စုဆွေးနွေးပွဲ နှစ်ကြိမ် - ပထမတစ်ခုမှာ အာဟာရတွင် ကျား/မရေးရာကို ဆွေးနွေးခြင်း၊ ကျန်တစ်ခုမှာ LIFT၏ IPများ အထောက်အထားအခြေပြု အာဟာရ အစီအစဉ်ရေးဆွဲခြင်း အတွက် ရင်းမြစ်များ နှင့် အဟန့်အတားများကို ဆွေးနွေးခြင်း၊ |
| သယံဇာတ စီမံခန့်ခွဲမှု (Natural Resource Management, NRM) စူးစမ်းရေး နှင့် စီမံရေး နည်းလမ်းများ (တောင်တန်းဒေသ) | ၂၀၁၇ ဧပြီ | LIFT၏တောင်တန်းဒေသ မိတ်ဖက်များ သယံဇာတစီမံခန့်ခွဲမှုကို ဆွေးနွေးမှုCoP ဆွေးနွေးမှုများတွင် အောက်ပါတို့ ပါဝင်သည်<br>¦ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ခင်းကျင်းပြသခြင်း<br>¦ ပါဝင်ဆောင်ရွက်သည့် ကျား၊ မ ရေးရာ အလေးထားသည့် NRMစီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း<br>¦ မြေအသုံးချမှု နှင့် သယံဇာတအရင်းမြစ်များကို လေ့လာခြင်း နှင့် နည်းလမ်းများ ဆွေးနွေးခြင်း<br>¦ NRM လေ့လာမှု အတွက် GIS နည်းကိရိယာများ အသုံးချမှု၏ အကျိုးကျေးဇူးများ နှင့် ကောက်ယူရမည့် ဓလေ့ထုံးတမ်း စနစ်များကို စီမံခန့်ခွဲမှုဆိုင်ရာ ပင်မသတင်းအချက်များကို ဆွေးနွေးမည့် အုပ်စုဆွေးနွေးပွဲ နှစ်ကြိမ် |
| LIFT နှင့် မူဝါဒ | ၂၀၁၇ မေ | ပထမအကြိမ်ဆောင်ရွက်သည့် မူဝါဒ CoPကို အခြေခံကာ ဒုတိယအကြိမ် မူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲကို ဒီဇင်ဘာလတွင် ကျင်းပခဲ့ရာ ဆွေးနွေးမှုများတွင်<br>¦ အုပ်စုလိုက်နှင့် ဝိုင်းဖွဲ့ဆွေးနွေးပွဲများ - IPများ ၏ အတွေ့အကြုံများကို မျှဝေဆွေးနွေးခြင်း<br>¦ 'ကျရာ မူဝါဒအလိုက် သရုပ်ဖော် ဆွေးနွေးရခြင်း'<br>¦ တကယ့်လက်ရှိ မူဝါဒ အခြေအနေများကို သရုပ်ဖော်ထားသည့် အခြေအနေကို ကျပန်းရွေးချယ်ကာ အသင်းများက ထိုအခြေအနေတွင် မည်သို့ဆောင်ရွက်မည်ဟု ဆွေးနွေးခြင်း၊<br>¦ အစိုးရနှင့် လက်တွဲ အလုပ်လုပ်ခြင်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူများက ဆွေးနွေးတင်ပြခြင်း |
| စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက် ရွေးချယ်ခြင်းနှင့် သုံးသပ်ခြင်း တန်ဖိုးမြှင့်ကွင်းဆက် (တောင်တန်းဒေသ) | ၂၀၁၇ မေ | LIFT၏တောင်တန်းဒေသ မိတ်ဖက်အဖွဲ့များမှ စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် ကို ဆွေးနွေးမှု CoP။ ဆွေးနွေးမှုများတွင် အောက်ပါတို့ ပါဝင်သည်-<br>¦ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ခင်းကျင်းပြသခြင်း<br>¦ တန်ဖိုးမြှင့်ကွင်းဆက် ရွေးချယ်ခြင်း နှင့် သုံးသပ်ခြင်းကို ဆွေးနွေးခြင်း<br>¦ ဖာလာစေ့ တန်ဖိုးမြှင့် ကွင်းဆက်ကို SNV၏ ချဉ်းကပ်နည်းဖြင့် ဆန်းစစ်မှု ကိုဆွေးနွေးခြင်း<br>¦ စိုက်ပျိုးရေးတန်ဖိုးမြှင့်ကွင်းဆက်ကို ရွေးချယ်မည့် စံနှုန်း နှင့် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် ဆန်းစစ်မှု အတွက် ဒေတာနှင့် ကောက်ယူမည့် စစ်တမ်းတို့နှင့် ပတ်သက်ပြီး ဆွေးနွေးသည့် အုပ်စုဆွေးနွေးပွဲ နှစ်ကြိမ် |
| ရပ်ရွာလူထုကို စည်းရုံးခြင်း အရပ်ဘက် လူမှုအဖွဲ့အစည်း (အပူပိုင်းဇုန်) | ၂၀၁၇ မေ | အပူပိုင်းဇုန်ရှိ စီမံချက်ကျေးရွာများတွင် ရပ်ရွာလူထုကို စုစည်း စည်းရုံးဆောင်ရွက်သည့် နည်းလမ်းများကို မျှဝေခြင်း |
| အာဟာရ သတင်း အချက်အလက်၊ ပညာပေးခြင်း၊ ဆက်သွယ်ရေးနှင့် အာဟာရ<br>(အပူပိုင်းဇုန်) | ၂၀၁၇ ဇွန် | အပူပိုင်းဇုန်တွင် အာဟာရဆိုင်ရာ ထိရောက်သော သတင်း အချက်အလက်၊ ပညာပေးခြင်း၊ ဆက်သွယ်ရေး စာရွက်စာတမ်းများ စာစောင်များ ပြုစုရန် ဆွေးနွေးခဲ့ကြသည်။ |
| အာဟာရ စီမံချက်များ၏ ဆောင်ရွက်ပုံနည်းလမ်းများ အာဟာရ<br>(မြစ်ဝကျွန်းပေါ်) | ၂၀၁၇ ဇွန် | CoP တွင် တက်ရောက်သူများသည်-<br>¦ LIFT၏IPများက မိမိတို့ စိတ်ဝင်စားသည့် သီးခြားကဏ္ဍခွဲအလိုက် စဉ်ဆက်မပြတ် သင်ယူရေး နေရာ/ အခြေအနေတစ်ခု ထူထောင်ရန် ဆွေးနွေးခဲ့ကြသည်။<br>¦ မဟာဗျူဟာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်း များ၊ အချိတ်အဆက်များကို ဖော်ထုတ်ရန် နှင့် လက်ရှိစီမံချက်များကို မည်သို့ တန်ဖိုးမြှင့်မည်၊ မည်သို့ ပေါင်းစပ်ညှိနှိုင်းမည်ကို LIFT၏ မိတ်ဖက်များက ဆွေးနွေးခဲ့ကြသည်။<br>¦ လိုအပ်ချက်များ၊ နည်းပညာများရှိ အပြောင်းအလဲများနှင့် လိုက် လျောညီထွေဖြစ်ရန် အဖွဲ့အစည်းများက မိမိတို့၏ ဆောင်ရွက်မှု နည်းလမ်းများကို အသွင်ပြောင်းလဲရာတွင် ပံ့ပိုးကူညီရန် အသိပညာသစ်များ မည်သို့ ဖန်တီးမည်ကို ဆွေးနွေးခဲ့ကြသည်။<br>¦ မြစ်ဝကျွန်းပေါ်အစီအစဉ်၏ အာဟာရကဏ္ဍ အကဲဖြတ်မှု နှင့် လေ့လာသင်ယူရေးဆိုင်ရာ မေးခွန်းများတွင် ထည့်သွင်းရန် သတင်းအချက်အလက်များကို မည်သို့ စုဆောင်းမည်ကို ဆွေးနွေးခဲ့ကြသည်။ |
| သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းသည့် စိုက်ပျိုးရေး<br>(အပူပိုင်းဇုန်) | ၂၀၁၇ ဇူလိုင် | စိုက်ပျိုးရေးဌာနမှ အရာရှိများ၊ အဖွဲ့ အစည်း ၅ဖွဲ့မှ ကိုယ်စားလှယ် များပါဝင်ပြီး တက်ရောက်သူ စုစုပေါင်း ၂၃ဦးသည် အပူပိုင်းဇုန်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းသည့် စိုက်ပျိုးရေးကို ဆွေးနွေးခဲ့ကြသည်။ |
| အာဟာရဆိုင်ရာ အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်သည့် ဆန်းစစ်ချက်နှင့် အတားအဆီးများနှင့် ပတ်သက်သည့် ဆန်းစစ်ချက် များအတွက် ချဉ်းကပ် ဆောင်ရွက်ပုံ နည်းလမ်းများ<br>(တောင်တန်းဒေသ) | ၂၀၁၇ ဩဂုတ် | KAPစစ်တမ်းပါ အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများ/ အတားအဆီးများ နှင့် ပတ်သက်သည့် ဆန်းစစ်ချက်များ ဆိုင်ရာ တွေ့ရှိချက်များ၊ ရလဒ်များကို လုပ်ဖော်ကိုင်ဖက် မိတ်ဖက်အဖွဲ့များ အချင်းချင်း မျှဝေခဲ့ကြသည်။ |

◀ ဇယား ၈.၉
၂၀၁၇ ရှိ နည်းနာရပ်ဝန်းများ (CoP)

| နည်းနာရပ်ဝန်း | ရက်စွဲ | လုပ်ငန်းစဉ်နှင့် ခြုံငုံမှု |
|---|---|---|
| တန်ဖိုးမြှင့် ကွင်းဆက်စီမံချက် အကောင်အထည်ဖော်ရေး မဟာဗျူဟာများ (တောင်တန်းဒေသ) | ၂၀၁၇ ဩဂုတ် | LIFTရန်ပုံငွေ ပံ့ပိုးသည့် INGOများ၊ LIFT၏ မိတ်ဖက်မဟုတ်သည့် INGOများက မြန်မာနိုင်ငံတွင် တန်ဖိုးမြှင့် ကွင်းဆက်စီမံချက် အကောင်အထည်ဖော်သည့် အတွေ့အကြုံကို မျှဝေခဲ့သည်။ ယင်းတို့၏ အတွေ့အကြုံဆိုင်ရာ လေ့လာမှုများကို MEDA၊ Mercy Corps၊ Greenovator၊ SNV၊ Win Rock၊ GIZ တို့က တင်ပြခဲ့ကြသည်။ |
| ပထဝီဝင် သတင်း အချက်အလက်စနစ်များ သယံဇာတ စီမံခန့်ခွဲရေး (NRM) (တောင်တန်းဒေသ) | ၂၀၁၇ ဩဂုတ် | ဤCoPသည် Q-GIS၊ Google Earth ၊ GPS တို့ကို စမတ်ဖုန်း များဖြင့် သုံးကာ NRMမြေပုံများ ဖန်တီးရန် အသိအမြင် တိုးပွားရေး အတွက် ရည်ရွယ်သည် |
| မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ရပ်ရွာတိရစ္ဆာန်ကျန်းမာရေး လုပ်သားများ (အပူပိုင်းဇုန်) | ၂၀၁၇ စက်တင်ဘာ | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ အရာရှိများ၊ အဖွဲ့အစည်း ရှစ်ခုမှ ကိုယ်စားလှယ် များပါဝင်သည့် တက်ရောက်သူ ၂၂-ဦး သည် မွေးမြူရေး နှင့် ရပ်ရွာတိရစ္ဆာန်ကျန်းမာရေး လုပ်သားများဆိုင်ရာများကို တရက်တာ ဆွေးနွေးခဲ့သည် |

၃၂,၀၀၀ခန့်ရှိပြီး ကြည့်ရှုမှု အကြိမ် ၄၈,၀၀၀ခန့် ရှိခဲ့သည်။ ယင်းတို့ အနက် ၁၄,၀၀၀ခန့်သည် ဝက်ဘ်ဆိုက်ကို ပုံမှန် ကြည့်ရှုကြပါသည်။တစ်ကြိမ်လျှင် စာမျက်နှာ ၂.၅မျက်နှာ ခန့်ကို ကြည့်ရှုကြကြောင်း တွေ့ရသည်။ တစ်နေ့ လျှင် ကြည့်ရှုမှု ပျမ်းမျှ ၁၃၈-ကြိမ်ခန့် ရှိသည်။ ဝက်ဘ်ဆိုက်၏ ဆောင်းပါးများ၊ လမ်းညွှန်ချက်များ၊ ဝက်ဘ်စာမျက်နှာများကိုကြည့်ရှုသူ များမှ လွယ်ကူစွာ နားလည်စေရန် အတွက် ဝက်ဘ်ဆိုက်ကို ပြန်လည် မွမ်းမံခဲ့သည်။ ရာသီဥတု အပြောင်းအလဲ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ကျား၊မ ရေးရာ၊ အားလုံးပါဝင် စေသောတန်ဖိုးမြှင့် ကွင်းဆက်၊ ရွှေ့ပြောင်း သွားလာရေး၊ အာဟာရ၊ မြေယာ လုပ်ပိုင်ခွင့် လုံခြုံမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကို အားဖြည့်ခြင်း စသည့် ဦးတည်ချက်/အကြောင်းအရာ အလိုက် ပြန်လည် ဖွဲ့စည်းခဲ့သည်။ ၂၀၁၈ခုနှစ်တွင် LIFT၏ ဝက်ဘ်ဆိုက်ကို ပိုမိုလွယ်ကူစွာ ရှာဖွေကြည့်ရှုနိုင်တော့မည် ဖြစ်သည်။

၂၀၁၇ခုနှစ်တွင် UNOPS၏ ဝက်ဘ်ဆိုက်ပင်မ စာမျက်နှာတွင် မြစ်ဝကျွန်းပေါ်၌ စက်မှု အသွင်ပြောင်းခြင်း ၏ သက်ရောက်မှုကို ခံရသည့် လယ်သမားမိသားစုအကြောင်း ဓာတ်ပုံ ဇာတ်လမ်းတစ်ခုကို တင်ခဲ့သည်။ ယင်းဆောင်းပါးကို LIFT၏ ဝက်ဘ်ဆိုက်တွင်လည်း တင်ထားသည်။

## လူမှုကွန်ယက်စာမျက်နှာ

မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်သည် အရေးကြီးသော အပြန်အလှန်ဆက်သွယ်ရေး နေရာတစ်ခု ဖြစ်သည်။ LIFT က မိမိ၏ ဆောင်ရွက်မှုများကို စိတ်ဝင်စားသူများ၊သက်ဆိုင်သူများ သိစေရန်အတွက် ဖေ့စ်ဘုတ်ကို အသုံးပြုပါသည်။ LIFT သည် နိုင်ငံတကာမှ စိတ်ဝင်စားသူများသို့ လက်လှမ်းမီစေရန် တွစ်တာကိုလည်း အသုံးပြုပါသည်။ ၂၀၁၇ ခုနှစ်တွင် တွစ် ၄၅ခုကို တင်ခဲ့သည်။ နှစ်ကုန်တွင် LIFT၏ ဖေ့စ်ဘုတ်ကို like လုပ်ထားသူပေါင်း ၂၄,၀၀၀ ခန့် ရှိခဲ့သည်။ နှစ်ဆန်းပိုင်းက အရေအတွက်ထက် ၂၀ရာခိုင်နှုန်း တက်လာသည်။ ၂၀၁၇တွင် လူကြိုက်အများဆုံး ပို့စ်များတွင် ဖေဖော်ဝါရီလတွင် တင်ခဲ့သော ချင်းပြည်နယ် အစီအစဉ်၊ ဇန်ဝါရီလတွင် တင်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပခုက္ကူမြို့နယ် ကြီးရွာသို့ အာဟာရဆိုင်ရာလေ့လာရေးခရီးစဉ် (ဖေ့စ်ဘုတ် အသုံးပြုသူ ၄၃,၀၀၀ထံသို့ ရောက်ခဲ့သည်) GRET၏ မြေယာလုပ်ပိုင်ခွင့် သုတေသန စာတမ်း( ဖေ့စ်ဘုတ် အသုံးပြုသူ ၂၅,၀၀၀ထံသို့ ရောက်ခဲ့သည်) ပျမ်းမျှအားဖြင့် တစ်လလျှင် သတင်း ခုနစ်ပုဒ်ခန့် ဖေ့စ်ဘုတ်တွင် တင်ပေးခဲ့ပါသည်။

## အခမ်းအနားများနှင့် သတင်းများ

ဆက်သွယ်ရေးအဖွဲ့က ပံ့ပိုးခဲ့သော အခမ်းအနားများတွင် ဟားခါး၌ ကျင်းပခဲ့သော ချင်းပြည်နယ် အစီအစဉ် စတင်မိတ်ဆက်ခြင်း အခမ်းအနား၊ ဇန်နဝါရီလတွင် တင်ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပခုက္ကူမြို့နယ် အာဟာရဆိုင်ရာ လေ့လာရေးခရီးစဉ်၊ စစ်တွေတွင် ကျင်းပခဲ့သည့် LIFTနေ့အခမ်းအနား၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သည့် ရွှေ့ပြောင်းသွားလာရေး စီမံချက် နှစ်ခု နှင့် ပတ်သက်သည့် အခမ်းအနားများ၊ LIFTက ပံ့ပိုးပြီး ဆောင်ရွက်ခဲ့သည့် မျိုးစပါးဆိုင်ရာ လေ့လာမှုစစ်တမ်း၊ ရန်ကုန်တွင် ကျင်းပခဲ့သည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ သုတေသန များ နီးနှောဖလှယ်ဆွေးနွေးပွဲ၊ ပုသိမ်တွင် ကျင်းပခဲ့ သည့် ဆန်စပါးကဏ္ဍစုံညီ ဆွေးနွေးပွဲ၊ လားရှိုး၌ ကျင်းပခဲ့သည့် VisionFund အသေးစား ငွေကြေးဌာနခွဲ ဖွင့်လှစ်သည့် အခမ်းအနား၊ GRET၏ မြေယာလုပ်ပိုင်ခွင့် သုတေသနစာတမ်း မိတ်ဆက်အခမ်းအနားများ ပါဝင်သည်။ ဤအခမ်း အနားများနှင့် ပတ်သက်သည့် သတင်းများကို ရုပ်မြင်သံကြားဌာနများ နှင့် သတင်းစာ တို့တွင်ဖော်ပြ ခဲ့သည်။ ဂါဒီးယန်းသတင်းစာ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ ပခုက္ကူ အာဟာရ ဆိုင်ရာ အစည်းအဝေး အကြောင်းကိုလည်း ဖော်ပြခဲ့သည်။ https://www.theguardian.com/global-development/2017/jan/30/aung-san-suu-kyi-launches-campaign-to-tackle-widespread-stunting-in-myanmar.

ဩဂုတ်လတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ဥယျာဉ်၌ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အတွင်း LIFT နှင့် 3MDGတို့က 'ဘဝအစ ပထမရက်တထောင်' အာဟာရ နှင့် ပတ်သက်သည့် အသိပညာပေး လှုပ်ရှားမှုကို ပူးတွဲဆောင်ရွက်ခဲ့သည်။ ထိုအခမ်းအနားတွင်မိခင်နို့တိုက်ကျွေးရေး ဆွေးနွေးပွဲလည်း ပါဝင်သည်။ကစားပွဲများ၊ လှုပ်ရှားမှုများတွင် မိခင်များနှင့် မိသားစုဝင် များ တက်ရောက်ခဲ့ကြသည်။ ဩဂုတ်လအတွင်း တွင် MRTV-4သည် ပွဲစီစဉ်သူများနှင့် ပထမရက်တထောင် အတွင်း အာဟာရ၏ အရေးပါပုံ ဆွေးနွေးမှုကို ထုတ်လွှင့်ခဲ့သည်။

၂၀၁၇ခုနှစ်တွင် LIFT သည် Frontier သတင်းမဂ္ဂဇင်း (ရခိုင် တက်လမ်းအစီအစဉ်တွင် လစဉ် ဖော်ပြမှုများ)၊ မြန်မာတိုင်းမ်၊ The Voice ၊ Farmer ဂျာနယ်၊ မြန်မာ့ရုပ်မြင်သံကြား၊ DVB၊ ရိုက်တာ၊ ဒေသတွင်း သတင်းစာများတွင် သတင်းဖော်ပြခံရသည်။ ၂၀၁၇ခုနှစ်တွင် များစွာဖော်ပြခံရသည့် အဓိက သတင်းတို့မှာ ဟားခါး၌ ချင်းပြည်နယ် စီမံကိန်း စတင်ခြင်း အခမ်းအနား၊ ယူနက်စ်ကို၏ ရေရှည်တည်တံ့သောအသက်မွေးမှု နှင့် ရိက္ခာဖူလုံရေး ဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှု မိတ်ဆက် အခမ်းအနား၊ ရန်ကုန်တွင် ကျင်းပခဲ့သည့် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အတွင်း 'ဘဝအစ ပထမ ရက်တထောင်' အသိပညာပေး လှုပ်ရှားမှုများ ပါဝင်သည်။

၉

# နောက်ဆက်တွဲများ

၉.၁

## LIFT ဆောင်ရွက်သော စီမံချက်များ နှင့် နေရာဒေသများ

၂၀၁၇ ခုနှစ်တွင် LIFT သည် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊ တိုင်း၁၄ ခုရှိ ခရိုင် ၅၆ ခုမှ ၂၁၆ မြို့နယ်တွင် လုပ်ငန်း ဆောင်ရွက်ခဲ့သည်။ တနိုင်ငံလုံးတွင် ဆောင်ရွက်နေသော စီမံချက် ၂၁ -ခု ရှိသည်။

| | မြို့နယ် အရေအတွက် | ခရိုင် အရေအတွက် | တိုင်း/ပြည်နယ် အရေအတွက် |
|---|---|---|---|
| LIFT ဆောင်ရွက်ခဲ့သည့် လုပ်ငန်း စုစုပေါင်း | ၂၄၆ | ၆၀ | ၁၄ |
| ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် လုပ်ငန်းဆောင်ရွက်ဆဲ | ၂၁၆ | ၅၆ | ၁၄ |

| ပြည်နယ်/တိုင်း | ခရိုင် | မြို့နယ်များ |
|---|---|---|
| ဧရာဝတီ | ၁ ဟသ်ာတ | ကြံခင်း၊ ဇလွန်၊ ဟသ်ာတ၊ မြန်အောင်၊ လေးမျက်နှာ၊ အင်္ဂပူ (၆) |
| | ၂ လပွတ္တာ | မော်လမြိုင်ကျွန်း၊ လပွတ္တာ (၂) |
| | ၃ မအူပင် | ဒနုဖြူ၊ ညောင်တုံး၊ ပန်းတနော်၊ မအူပင် (၄) |
| | ၄ မြောင်းမြ | မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ (၃) |
| | ၅ ပုသိမ် | ကန်ကြီးထောင့်၊ ကျုံပျော်၊ ငပုတော၊ ပုသိမ်၊ သာပေါင်း၊ ကျောင်းကုန်း၊ ရေကြည် (၇) |
| | ၆ ဖျာပုံ | ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး (၄) |
| ပဲခူး | ၇ ပဲခူး | ကဝ၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင် (၈) |
| | ၈ တောင်ငူ | တောင်ငူ၊ ထန်းတပင်၊ ဖြူး၊ ရေတာရှည် ၊ အုတ်တွင်း (၅) |
| | ၉ ပြည် | ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊ သဲကုန်း (၄) |
| | ၁၀ သာယာဝတီ | ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ မိုးညို၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီ၊ အုတ်ဖို (၈) |
| ချင်း | ၁၁ ဖလမ်း | တီးတိန်၊ တွန်းဇံ ၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး (၅) |
| | ၁၂ မင်းတပ် | ကန်ပက်လက်၊ ပလက်ဝ၊ မတူပီ၊ မင်းတပ် (၄) |
| ကချင် | ၁၃ ဗန်းမော် | ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေကူ (၄) |
| | ၁၄ မိုးညှင်း | မိုးကောင်း၊ မိုးညှင်း (၂) |
| | ၁၅ မြစ်ကြီးနား | မြစ်ကြီးနား၊ ဝိုင်းမော်၊ အင်ဂျန်းယန် (၃) |
| | ၁၆ ပူတာအို | ဆွမ်ပရာဘုံ၊ နောင်မွန်း၊ ပူတာအို၊ မချန်းဘော (၄) |
| ကယား | ၁၇ လွိုင်ကော် | ဒီမောဆို၊ ဖရူဆို၊ လွိုင်ကော် (၃) |
| ကရင် | ၁၈ ဖားအံ | ဖားအံ၊ ဘောဂလိ၊ လိပ်သို၊ လှိုင်းဘွဲ့၊ သံတောင်ကြီး (၅) |
| | ၁၉ ကော့ကရိတ် | ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး (၂) |
| | ၂၀ ဖာပွန် | ဖာပွန် (၁) |
| | ၂၁ မြဝတီ | မြဝတီ (၁) |
| မကွေး | ၂၂ မကွေး | ချောက်၊ တောင်တွင်းကြီး၊ မကွေး၊ နတ်မောက်၊ ရေနံချောင်း မြို့သစ် (၆) |
| | ၂၃ မင်းဘူး | စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ မင်းဘူး (၄) |
| | ၂၄ ပခုက္ကူ | ဆိပ်ဖြူ၊ ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ရေစကြို (၅) |
| | ၂၅ သရက် | ကမ္မ ၊ ဆင်ပေါင်ဝဲ၊ အောင်လံ (၃) |

| ပြည်နယ်/တိုင်း | ခရိုင် | မြို့နယ်များ |
|---|---|---|
| မန္တလေး | ၂၆ ကျောက်ဆည် | ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား (၄) |
| | ၂၇ မန္တလေး | ချမ်းအေးသာစံ၊ ဇေယျာသီရိ၊ ဇမ္ဗူသီရိ၊ တပ်ကုန်း၊ ပုသိမ်ကြီး၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ လယ်ဝေး၊ ဝက်ထီးကန်၊ သာစည်၊ အမရပူရ၊ အောင်မြေသာဇံ၊ ဥတ္တရသီရိ (၁၅) |
| | ၂၈ မိတ္ထီလာ | မလှိုင်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း (၄) |
| | ၂၉ မြင်းခြံ | ကျောက်ပန်းတောင်း၊ ငါန်းဇွန် ၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ (၅) |
| | ၃၀ ညောင်ဦး | ညောင်ဦး (၁) |
| | ၃၁ ပြင်ဦးလွင် | မတ္တရာ, ပြင်ဦးလွင် (၂) |
| | ၃၂ ရမည်းသင်း | ပျော်ဘွယ်၊ ရမည်းသင်း (၂) |
| မွန် | ၃၃ မော်လမြိုင် | ကျိုက်မရော၊ ချောင်းဆုံ ၊ မုဒုံ ၊ မော်လမြိုင်၊ ရေး၊ သံဖြူဇရပ် (၆) |
| | ၃၄ သထုံ | ကျိုက်ထို၊ ဇင်းကျိုက်၊ ပေါင် ၊ ဘီးလင်း၊ သထုံ (၅) |
| ရခိုင် | ၃၅ ကျောက်ဖြူ | ကျောက်ဖြူ ၊ ရမ်းဗြဲ၊  အမ်း (၃) |
| | ၃၆ မောင်တော | မောင်တော (၁) |
| | ၃၇ စစ်တွေ | ကျောက်တော်၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ၊ မင်းပြား၊ မြေပုံ၊ မြောက်ဦး၊ ရသေ့တောင် (၈) |
| | ၃၈ သံတွဲ | ဂွ၊ တောင်ကုတ်၊ သံတွဲ (၃) |
| စစ်ကိုင်း | ၃၉ ကလေး | ကလေး |
| | ၄၀ မော်လိုက် | ဖောင်းပြင် |
| | ၄၁ မုံရွာ | ချောင်းဦး၊ ဆားလင်းကြီး၊ ပုလဲ၊ ဘုတလင်၊ မုံရွာ၊ ယင်းမာပင်၊ အရာတော် (၈) |
| | ၄၂ စစ်ကိုင်း | စစ်ကိုင်း၊ မြင်းမူ၊ မြောင် (၃) |
| | ၄၃ ရွှေဘို | ခင်ဦး၊ ရေဦး၊ ရွှေဘို၊ ဝက်လက် (၄) |
| ရှမ်း | ၄၄ ကျိုင်းတုံ | ကျိုင်းတုံ (၁) |
| | ၄၅ မိုင်းဖြတ် | မိုင်းဖြတ် (၁) |
| | ၄၆ တာချီလိတ် | တာချီလိတ်၊ တာလေ (၂) |
| | ၄၇ ကွမ်းလုံ | ကွမ်းလုံ (၂) |
| | ၄၈ ကျောက်မဲ | ကျောက်မဲ၊ နောင်ချို၊ နမ္မတူ၊ သီပေါ (၄) |
| | ၄၉ လားရှိုး | လားရှိုး (၁) |
| | ၅၀ လောက်ကိုင် | လောက်ကိုင် (၁) |
| | ၅၁ လွိုင်လင် | လွိုင်လင် (၁) |
| | ၅၂ မူဆယ် | ကွတ်ခိုင် (၁) |
| | ၅၃ တောင်ကြီး | ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်လောင်း၊ ပင်းတယ၊ဖယ်ခုံ၊ ရပ်စောက်၊ ရွာငံ၊ ဟိုပုံး၊အောင်ပန်း (၁၁) |
| တနင်္သာရီ | ၅၄ ထားဝယ် | ထားဝယ်၊ သရက်ချောင်း၊ ရေဖြူ (၃) |
| | ၅၅ မြိတ် | ပုလော၊ မြိတ် (၂) |

| ပြည်နယ်/တိုင်း | ခရိုင် | မြို့နယ်များ |
|---|---|---|
| ရန်ကုန် | ၅၆ ရန်ကုန် (အရှေ့) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒဂုံမြို့သစ်(မြောက်)၊ ဒဂုံမြို့သစ်(တောင်)၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ ၊ ဗိုလ်တထောင်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ တာမွေ (၁၃) |
| | ၅၇ ရန်ကုန် (မြောက်) | တိုက်ကြီး၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ အင်းစိန် (၇) |
| | ၅၈ ရန်ကုန် (တောင်) | ကော့မှူး၊ ကျောက်တန်း၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဒလ၊ သန်လျင်၊ သုံးခွ (၇) |
| | ၅၉ ရန်ကုန် (အနောက်) | အလုံ၊ ဘုရင့်နောင်၊ ကျောက်တံတား၊ လမ်းမတော်၊ မရန်းကုန်း၊ စော်ဘွားကြီးကုန်း၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ (၉) |

၉.၂

## LIFT၏ ယုတ္တိဗေဒမူဘောင်

တာဝန်။ မြန်မာ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာ အဆင့်အတန်းကိုမြှင့်တင်ရန်အတွက် ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့်ရိက္ခာဖူလုံမှုတို့ကိုဖြစ်ထွန်းအောင်ဆောင်ရွက်ပေးရန်

### တာဝန်အဆင့်အညွှန်းများ

တာဝန်အဆင့်အကျိုး (Purpose-level Outcome, PO)၁။ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

PO၁.၁—ဝင်ငွေတိုးလာသောLIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေတိုးလာသည်ဟု တင်ပြကြသော LIFT အိမ်ထောင်စု စုစုပေါင်း၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၁.၂— ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင်ရောက်နေသောLIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် LIFT ကျေးရွာများရှိ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မှု မျဉ်းအောက်တွင် ရှိနေသော အိမ်ထောင်စု%ကို တိုင်းတာသည်။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းမှာ တစ်နေ့လျှင် ကန်ဒေါ်လာ ၁.၂၅ ဖြစ်သည်။ ၎င်းမှာ ၂၀၁၁ အခြေခံ မျဉ်းစစ်တမ်းမှ စားသုံးသူ ဈေးနှုန်းအညွှန်း (Purchasing Power Parity PPP ) နှင့် ငွေဖောင်းပွမှုနှုန်းတို့နှင့် ညှိထားသည့် စားသုံးမှုနှင့် သုံးစွဲမှု အသေးစိတ်အကဲဖြတ်မှုကို အခြေခံထားသည်။(ကိန်ဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

တာဝန်အဆင့်အကျိုး(PO)၂။ဆင်းရဲနွမ်းပါးသာ ကျေးလက် အိမ်ထောင်စုများ ချောက်ချားမှု၊ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါက ကြံ့ကြံ့ခံနိုင်ခြင်း

PO ၂.၁—ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းကို လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေရလမ်း တိုးလာသည့် LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်ဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

PO၂.၂—ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းကို လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေရလမ်း တိုးလာသည့် LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၂.၃—ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူဦးရေ

ဤအညွှန်းကို ဝင်ငွေ တိုးလာခြင်း၊ ပစ္စည်းပိုမို ပိုင်ဆိုင်လာခြင်း၊ ရိက္ခာဖူလုံလာခြင်းတို့ကြောင့် ကြံ့ကြံ့ခံနိုင်မှု တိုးတက်လာသော လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကိုပေါင်းစပ်ဖော်ပြထားသောအညွှန်းဖြစ်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

တာဝန်အဆင့်အကျိုး PO၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း

PO ၃.၁—လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုး အမည်စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လက်ခံနိုင်ဖွယ် အမျိုးအမည်စုံလင်စွာ စားသုံးနိုင်မှု ရမှတ် ၆မှတ် အထက်ရရှိသော LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာသည်။ (ကိန်ဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၃.၂—၁၂ လတာ အစားအစာ လုံလောက်မှုရှိသော LIFT အိမ်ထောင်စု အရေအတွက်

ဤရိက္ခာဖူလုံမှု အညွှန်းသည် ၁၂လအပြည့် ရိက္ခာ ဖူလုံမှုရှိခဲ့သော LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်ဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

PO ၃.၃— LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညှက်မှု ရာခိုင်နှုန်း

ဤအညွှန်းသည် အသက် ၅နှစ်အောက်ရှိ အတန်အသင့် သို့ အလွန်အမင်း ပုညှက်သော ကလေးများ ရာခိုင်နှုန်းကို တိုင်းတာသည်။

(ကိန်ဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၃.၄—လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ်အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား

ဤအညွှန်းသည် လွန်ခဲ့သော ရက်သတ္တပတ် ၂ပတ်အတွင်း ဝမ်းလျှောဝမ်းပျက်ဖြစ်ခဲ့သည့် အသက် ၅နှစ်အောက် ကလေးများ အချိုးအဆကို တိုင်းတာသည်။ (ကိန်ဂဏန်း အရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

တာဝန်အဆင့်အကျိုး(PO)၄။ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထု အသုံးစရိတ်များ

PO ၄.၁—LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား

ဤအညွှန်းသည် မိတ်ဖက်အဖွဲ့များနှင့် LIFT ၏ ရန်ပုံငွေမန်နေဂျာရုံးတို့က ထောက်ပံ့သော အစိုးရကဏ္ဍ မူဝါဒ နှင့်အစီအစဉ်အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- FMOနှင့် IP)

PO ၄.၂—LIFT က ထောက်ပံ့သော လူထုကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက်ခွဲဝေမှု/သုံးစွဲမှုအပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား

ဤအညွှန်းသည် မိတ်ဖက်အဖွဲ့များမှဖြစ်စေ၊ LIFT၏ ရန်ပုံငွေမန်နေဂျာရုံးမှ ဖြစ်စေ ထောက်ပံ့သော အစိုးရကဏ္ဍ ဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲမှု အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- FMOနှင့် IP)

စီမံကိန်းအဆင့်အညွှန်းများ

စီမံကိန်းအဆင့်ရလဒ် (Programme -level Outcome, Pr) ၁။လုပ်ကွက်ငယ်တောင်သူ များ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်း နှင့် လယ်ယာအခြေပြု ထုတ်လုပ်မှုများ

Pr ၁.၁—အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် LIFT၏ အထောက်အပံ့ပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်း ဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့် ကျေးလက်အိမ်ထောင်စုများ၏ အရေအတွက်ကို တိုင်းတာသည်။ IPများက တိုက်ရိုက်ပေးသော (ဥပမာ-တောင်သူ သင်တန်းကျောင်းများ)၊ IPများ၏ မိတ်ဖက်များ (ဥပမာ- ပုဂ္ဂလိက ပညာပေးသူများ) တို့မှတစ်ဆင့်သွယ်ဝိုက်၍ ပေးသော ဝန်ဆောင်မှု အားလုံး ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ် -IP)

Pr ၁.၂—နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဆိုင်ရာ လုပ်နည်းလုပ်ဟန် နှင့် သွင်းအားစု နှင့်/သို့ နည်းပညာများအသစ်များကိုကျင့်သုံးခဲ့သော အိမ်ထောင်စုအရေအတွက် စုစုပေါင်းကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFTအိမ်ထောင်စု စစ်တမ်း)

Pr ၁.၃—သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက်

ဤအညွှန်းသည် သီးနှံအထွက် တိုးတက်လာသည်ဟု သတင်းပို့သော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်ဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr၂။ လုပ်ကွက်ငယ်တောင်သူများ ဈေးကွက် လက်လှမ်းမီမှု နှင့် ဈေးကွက် အခြေအနေ တိုးတက်လာခြင်း

Pr ၂.၁—ထုတ်လုပ်သူ အုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အိမ်ထောင်စုဝင်များက ထုတ်လုပ်မှု အုပ်စုတွင် ပါဝင်နေသော အိမ်ထောင်စု အရေအတွက်ကို ရေတွက်သည်။ ထုတ်လုပ်သူ အုပ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေး၊ ငါးဖမ်းခြင်း၊ စီးပွားရေး၊ ဈေးကွက်တင်ခြင်း၊ကြိတ်ခွဲ ပြင်ဆင်ခြင်း၊ ဝယ်ခြင်းရောင်းခြင်း စသည်တို့ကို လုပ်ကိုင်သည့် အုပ်စုတို့ ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- IP)

Pr ၂.၂—ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် စိုက်ပျိုးရေး ထုတ်ကုန်များကို ဈေးကောင်းရရန် ဈေးကွက်တင်သည့်လုပ်နည်း လုပ်ဟန် အသစ်များကို သုံးစွဲသော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်ဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

Pr ၂.၃—စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လွန်ခဲ့သာတစ်နှစ်အတွင်း စိုက်ပျိုးရေး/မွေးမြူရေး/ရေလုပ်ငန်းတို့မှ အမြတ်ပိုရလာသည်ဟု သတင်းပို့သောLIFTကျေးရွာများမှ စုစုပေါင်း အိမ်ထောင်စု အရေအတွက်ဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr ၃။ လုပ်ကွက်ငယ် တောင်သူများ နှင့် လယ်မဲ့မြေမဲ့များ အတွက် လယ်ယာ ပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း

Pr ၃.၁—စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးအတွက် အထောက်အပံ့ရရှိသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လယ်ယာကို အခြေမခံသော လုပ်ငန်းကျွမ်းကျင်မှုများ၊ အသက်မွေးပညာ ကျွမ်းကျင်မှု သင်တန်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ၊လူမှုဆက်ဆံရေးများ၊ ရွှေ့ပြောင်း သွားလာရေး အကြံဉာဏ်များ၊ စသည်တို့ဖြင့် ထောက်ပံ့ခံခဲ့ရသောLIFTကျေးရွာမှ စုစုပေါင်း အိမ်ထောင်စုအရေအတွက်ဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

Pr ၃.၂—လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ

ဤအညွှန်းသည် သင်တန်းဆင်းပြီးသူများထဲမှ မိမိကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သူ သို့မဟုတ် ဒေသတွင်း သို့မဟုတ် ရွှေ့ပြောင်းသွားလာခြင်းဖြင့် လယ်ယာပြင်ပ အလုပ်များ ဖြစ်သည့် စီးပွားရေးဖြင့် သို့ အလုပ်ရသွားသူ စုစုပေါင်းအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

Pr ၃.၃—စိုက်ပျိုးရေး မဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် ယခင်နှစ် ဝင်ငွေဖြင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် စိုက်ပျိုးရေး မဟုတ်သောအလုပ်ဖြင့် ဝင်ငွေတိုးတက်လာသည်ဟု ယင်းတို့ကထင်မြင်သော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ်Pr၄။ အတိုးနှုန်း သက်သာပြီး လိုအပ်ချက်နှင့် ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း

Pr ၄.၁—ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက်

ဤအညွှန်းသည် LIFT က ထောက်ပံ့နေသော MFIများမှ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သောအရေအတွက်ကိုတိုင်းတာသည်။ နှစ်စဉ်ဝင်ငွေသည် နှစ်စဉ် ဘဏ္ဍာရေးနှင့် လုပ်ငန်း လည်ပတ်မှု ကုန်ကျစရိတ်များကို ကျော်လွန်မှသာ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

Pr ၄.၂—ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသောLIFT အိမ်ထောင်စု အရေအတွက် (လက်ရှိ ဝန်ဆောင်မှုအသုံးပြုသူများ)

ဤအညွှန်းသည် LIFT အထောက်အပံ့ရရှိသည့် ဘဏ်များနှင့်/သို့ သမဝါယမများ၊ MFI များတွင် မှတ်ပုံတင်ထားသည့် အိမ်ထောင်စုဝင်တဦး အနည်းဆုံးရှိနေသော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- IP)

စီမံကိန်းအဆင့်ရလဒ် Pr ၅။ အာဟာရ၊ ရေနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း

Pr ၅.၁။ အာဟာရဆိုင်ရာ သတင်းအချက်အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အာဟာရဆိုင်ရာ အသိပညာများကို LIFT ၏ IP များက ဆောင်ရွက်သည့် လုပ်ငန်းများဖြင့် တိုက်ရိုက် ပံ့ပိုးမှုရရှိသည့်အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာသည်။၎င်းတွင် ရပ်ရွာအဆင့် ဆောင်ရွက်သည့် အသိပညာပေးမြှင့်တင်မှုများ မပါဝင်ဘဲ အုပ်စုအဆင့် နှင့် အိမ်ထောင်စုအဆင့် လုပ်ဆောင်များပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- IP)

Pr ၅.၂—အမျိုးသမီး နှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ

ဤအညွှန်းသည် ကလေးဘဝ၏ ပထမရက် ၁၀၀၀ အတွင်း ကိုယ်ဝန်ဆောင်များ စားရမည့် အစားအသောက်များ၊ ကလေးများကို သင့်လျော်သော ကျွေးမွေးမှု ပုံစံများ အပါအဝင် မိခင်နှင့် ကလေးတို့၏ အာဟာရ လိုအပ်ချက်ကို သိမြင်သော LIFT ကျေးရွာများမှလူဦးရေ (၂နှစ်အောက် ကလေးများကို စောင့်ရှောက်ပေးကြသူ အမျိုးသား၊ အမျိုးသမီးများ) စုစုပေါင်းဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

Pr ၅.၃—လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည် စုံလင်စွာရရှိသည့် ၆လမှ ၂၃လ အရွယ် ကလေးဦးရေ

ဤအညွှန်းသည် လက်ခံနိုင်ဖွယ် အမည်စုံလင်သည့် အစားအစာများကို စားရသော ၆လ မှ ၂၃ လအရွယ် ကလေးဦးရေကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်-အိမ်ထောင်စုစစ်တမ်း)

Pr ၅.၄—လွန်ခဲ့သော ၂၄ နာရီအတွင်း မိခင်နို့ သက်သက်ကိုသာ သောက်သုံးရသော နို့စို့ ကလေး (မွေးစ မှ ၅လ) ဦးရေ

ဤအညွှန်းသည် စစ်တမ်းမကောက်မီနေ့ (၂၄ နာရီအတွင်း) က မိခင်နို့သက်သက်ကိုသာ သောက်သုံးခဲ့သော အသက် ၅လ အတွင်း ကလေးများ၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

Pr ၅.၅—စိတ်ချရသော သန့်ရှင်းရေး အဆောက်အအုံ /အသုံးအဆောင်များ သုံးစွဲ နေသော LIFT အိမ်ထောင်စုအရေအတွက်

ဤအညွှန်းဖြင့် ကောင်းမွန်သော ရေနှင့် သန့်ရှင်းရေးစနစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ ယင်းတွင် ရေဆိုးကန်စနစ်၊ မိလ္လာကန်စနစ် တို့ရှိသည့် ရေလောင်း/ရေဆွဲ အိမ်သာ၊ ရိုးရိုးကျင်းအိမ်သာ၊လေဝင်လေထွက် ကောင်းမွန်အောင် လုပ်ထားသည့် ကျင်းအိမ်သာ၊ အဖုံးပါသည့် ကျင်းအိမ်သာ စသည်တို့ ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

Pr၅.၆—စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် နွေရာသီတွင် လုံခြုံစိတ်ချရသော သို့ အရည်အသွေး ကောင်းမွန်သော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက် စုစုပေါင်းကို တိုင်းတာသည်။ ယင်းတို့တွင် အိမ်တိုင်ရာရောက် ရေသွယ်ခြင်း၊ အများသုံးရေဘုံပိုင်၊ ရေတွင်း၊ အကာအကွယ်ရှိသည့် လက်တူးရေတွင်း၊ အကာအကွယ်ရှိသည့် စမ်းရေထွက်နှင့် မိုးရေသိုလှောင်မှု၊ အကာအကွယ်ရှိသည့် ရေကန်များ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr ၆။ လုပ်ကွက်ငယ် တောင်သူများနှင့်လယ်မဲ့မြေမဲ့များအနေဖြင့် သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

Pr ၆.၁—အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော ကျေးရွာ အရေအတွက်

ဤအညွှန်းသည် အများပိုင် မြေယာအရင်းအမြစ်သို့မဟုတ် သယံဇာတ(သစ်တော၊ စားကျက်မြေ၊ သဘာဝ အင်းအိုင်၊ဒီရေတော၊ တာရိုး)တို့ကို စီမံခန့်ခွဲနေသည့် LIFTကျေးရွာအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

Pr ၆.၂—ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အိမ်ထောင်စုဝင်တစ်ဦးက ကာကွယ်ထားသော/ စီမံခန့်ခွဲထားသော သယံဇာတ များ (သစ်တော၊စားကျက်မြေ၊ သဘာဝ အင်းအိုင်၊ ဒီရေတော၊ တာရိုး)မှ အကျိုးခံစားရသည့် အိမ်ထောင်စု အရေအတွက်ကိုတိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr ၇ ။ ရိက္ခာနှင့် အသက်မွေးမှု ဖူလုံရေးအတွက် ကူညီ ထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက်လူမှု အဖွဲ့အစည်း နှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း

Pr ၇.၁—ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေ သော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း

ဤအညွှန်းသည် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်းကို တိုင်းတာသည်။ယင်းတို့သည် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ ဖြစ်နိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- FMO)

Pr ၇.၂—ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများ ရရှိသော ဒေသခံ အဖွဲ့အရေအတွက် နှင့် အမျိုးအစား

ဤအညွှန်းသည် ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် အထောက်အပံ့ခံရသော ဒေသခံ အုပ်စုများနှင့် အဖွဲ့အစည်းများ အရေအတွက်ကို တိုင်းတာသည်။ ယင်းအဖွဲ့တို့တွင် ကျေးရွာအဖွဲ့အစည်းများ၊ ထုတ်လုပ်သူအဖွဲ့အစည်းများ၊ ငွေစုငွေချေးအုပ်စုများ၊ ဒေသခံ အစိုးရဌာနများ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

စီမံကိန်းအဆင့်ရလဒ် Pr ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း

Pr ၈.၁—LIFT ကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက်

ဤအညွှန်းသည် LIFT သို့ မိတ်ဖက်အဖွဲ့တို့က ကျင်းပခဲ့သော မူဝါဒ အပြောင်းအလဲကို ထောက်ပံ့သည့် ဆွေးနွေးပွဲများ၏အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- FMOနှင့် IP)

Pr ၈.၂—ပတ်သက်ဆက်နွယ်သူများ ထံသို့ LIFTက ထုတ်ဝေ ဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ

ဤအညွှန်းသည် LIFT၏ FMOရော မိတ်ဖက်အဖွဲ့များကပါ မူဝါဒပြောင်းလဲရေးအတွက် ထောက်ပံ့ရန် ရည်ရွယ်သည့်ထုတ်ဝေခဲ့သော စာအုပ်စာတမ်း အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- FMOနှင့် IP)

၉.၃

# ၂၀၁၇ခုနှစ်အတွင်း ဆောင်ရွက်ဆဲ စီမံချက်များ

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သော စီမံကိန်း | ဘတ်ဂျက်(ကန်ဒေါ်လာ) | စီမံချက်အမည် |
|---|---|---|---|
| ActionAid-Social Economic Development Network for Regional Development (SEDN) | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၁,၉၁၃,၇၂၇ | ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားရေး ကွန်ရက် (SEDN) |
| BBC Media Action | ရွှေ့ပြောင်းသွားလာရေး | ၁,၉၇၅,၆၀၂ | ကျပ်ချပ်၊ ရွှေ့ပြောင်းသွားလာရေး နှင့် ငွေကြေးတို့ကို အကျိုးအရှိဆုံး ဖြစ်စေခြင်း |
| CARE | ရခိုင် | ၉၆၄,၄၆၃ | M&E နှင့် တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ |
| CARE | ရခိုင် | ၂,၃၇၀,၁၃၄ | ရသေ့တောင်မြို့နယ်ရှိရပ်ရွာများ၊ အိမ်ထောင်စု များတွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ စည်းလုံးရေးအတွက် ထောက်ပံ့ခြင်း |
| Catholic Relief Services | တောင်တန်းဒေသ | ၁,၈၁၃,၂၀၃ | ရပ်ရွာလူထုနှင့်ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး |
| CCA | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၃,၀၀၀,၀၀၀ | သမဝါယမ အဖွဲ့အစည်းများဖြင့် အားလုံးလက်လှမ်းမီသော ငွေရေးကြေးရေး ကဏ္ဍကိုတိုးချဲ့ခြင်း |
| CDN/Stichting ZOA | တောင်တန်းဒေသ | ၃,၆၄၀,၀၀၀ | ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေတိုးရေးနှင့် အာဟာရ ရရှိမှုမြင့်မားရေး |
| Choklei Organization for Rural and Agricultural Development (CORAD) | တောင်တန်းဒေသ | ၂,၂၀၄,၂၁၂ | ချင်းပြည်နယ် မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံ ဖြစ်ထွန်းရေးကိုမြှင့်တင်ပြီး ဘက်စုံစီးပွားဖြစ်ထွန်းရေး |
| Cordaid Foundation | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၁,၀၀၀,၀၀၀ | LIFT/Cordaid တို့၏ မိတ်ဖက်အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား နည်းပညာ အထောက်အပံ့ပေးခြင်း |
| Danish Refugee Council | ရခိုင် | ၂,၆၄၈,၂၂၃ | ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် စခန်းပြင်ပမှ လူငယ်များအတွက်သက်မွေးမှုပညာ သင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးခြင်း |
| FAO Livestock | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့်ဈေးကွက်တင်ခြင်း တို့ကိုတိုးတက် ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း။ |
| Food Security Working Group (FSWG) | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၁,၆၂၂,၉၅၈ | မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရင်းအမြစ်များနှင့် မိတ်ဖက်များ ကိုစုစည်းခြင်း- ၂ |
| Gender Equality Network (GEN) | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၁,၉၇၂,၁၆၅ | မြန်မာနိုင်ငံတွင် ကျား/မ တန်းတူညီမျှရေး အတွက် ကတိကဝတ်ကို နက်ရှိုင်းစေခြင်း |
| Golden Plain Livelihood Development Services Co-operative Ltd. | အပူပိုင်းဇုန် | ၇၂၉,၆၃၆ | အပူပိုင်းဇုန်တွင် သစ်စိမ်းမြေဩဇာအသုံးပြုခြင်း နှင့် သီးနှံစနစ်ကို ပြုပြင်ခြင်းဖြင့် မြေဆီလွှာကို ကောင်းမွန်စေကာ ရေရှည်တည်တံ့သောသီးနှံထွက်နှုန်း ရရှိစေခြင်း |
| GRET | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၃,၄၆၃,၆၀၀ | အပူပိုင်းဇုန်တွင် အသေးစားငွေရေးကြေးရေးအဖွဲ့တစ်ခု ဖန်တီးခြင်း |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သော စီမံကိန်း | ဘတ်ဂျက်(ကန်ဒေါ်လာ) | စီမံချက်အမည် |
| --- | --- | --- | --- |
| GRET | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၁,၃၂၀,၁၇၆ | ချင်း အသေးစားငွေကြေးအဖွဲ့၏ ဖွဲ့စည်းပုံခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသငွေကြေးဈေးကွက်ကို တိုးချဲ့ခြင်း |
| GRET | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၁,၀၅၃,၈၆၄ | မူဝါဒဆွေးနွေးနိုင်ရေးအတွက် မြန်မာနိုင်ငံ ကျေးလက် မြေယာကိစ္စများကို နားလည်ခြင်း |
| GRET (Small Grants) | မြစ်ဝကျွန်းပေါ်-၃ | ၂,၁၁၉,၈၉၈ | မြို့နယ်အခြေစိုက် CSOများအား ထောက်ပံ့ငွေ အသေးစား နှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း |
| HelpAge | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၃,၀၉၇,၆၁၂ | လူမှုကာကွယ် စောင့်ရှောက်ရေးတိုးချဲ့ရာတွင် ဝန်ကြီးဌာနကို အားဖြည့်ခြင်း |
| HelpAge | အပူပိုင်းဇုန် | ၄,၂၀၀,၀၀၀ | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး |
| IFC | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၃,၆၁၉,၅၅၂ | အားလုံးပါဝင်သောငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးမှု အစီအစဉ် |
| International Fertilizer Development Centre (IFDC) | အပူပိုင်းဇုန် | ၄,၄၆၀,၀၀၀ | အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက် |
| International Labour Organisation (ILO) | ရွှေ့ပြောင်းသွားလာရေး | ၁,၉၉၉,၇၅၄ | ပြည်တွင်း နှင့် နိုင်ငံတကာလုပ်အား ရွှေ့ပြောင်းခြင်းဆိုင်ရာစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး |
| International Organisation of Migration (IOM) | မြစ်ဝကျွန်းပေါ်-၃ | ၇၄၉,၁၀၀ | ရွှေ့ပြောင်းသွားလာမှုကိုအသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင်အသုံးပြုခြင်း (MILDAS) |
| International Organisation of Migration (IOM) | ရွှေ့ပြောင်းသွားလာရေး | ၁,၉၉၉,၂၁၇ | မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး အတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီး မတည်ခြင်း (CHIME) |
| IRC | ရခိုင် | ၁၀,၅၀၀,၀၀၀ | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ |
| IWMI | အပူပိုင်းဇုန် | ၁,၁၀၀,၀၁၅ | ပျော့ရွှာ မြစ်ရေတင် စီမံချက် အကောင်အထည်ဖော်ခြင်း |
| Karen Development Network (KDN) | တောင်တန်းဒေသ | ၁,၈၃၇,၄၁၄ | နေရပ်စွန့်ခွာနေထိုင်သူများ၏အသက်မွေးမှုများ ပိုမိုကောင်းမွန်လာရေး |
| Land Consulting Group Co., Ltd. | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၁,၆၉၉,၄၆၆ | မြန်မာနိုင်ငံ မြေနှင့် ဆက်စပ် သယံဇာတများ တန်းတူညီမျှ လက်လှမ်းမီရေး |
| Link Emergency Aid & Development (LEAD) | မြစ်ဝကျွန်းပေါ်-၃ | ၄၀၇,၃၀၅ | လယ်မဲ့မြေမဲ့ တောင်သူတို့၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကို ထောက်ပံ့ခြင်း |
| Lodestar Company Ltd./ SPPRG | အပူပိုင်းဇုန် | ၈၇၉,၂၈၇ | ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ - ကနဦးစီမံချက်၏ ထိရောက်မှု |
| Mercy Corps | မြစ်ဝကျွန်းပေါ်-၃ | ၄,၃၃၈,၁၉၇ | လယ်ပွတ္တာကို ဈေးကွက်နှင့်ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေး လုပ်ငန်း ကျွမ်းကျင်မှု အလုပ်အကိုင်တို့ဖြင့်ဝင်ငွေ တိုးစေခြင်း |
| Mercy Corps (in partnership with Swisscontact) | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၄,၀၀၀,၀၀၀ | နွမ်းပါးသူများအတွက်ဟင်းသီးဟင်းရွက် ဈေးကွက် ပြုလုပ်ပေးခြင်း |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သော စီမံကိန်း | ဘတ်ဂျက်(ကန်ဒေါ်လာ) | စီမံချက်အမည် |
|---|---|---|---|
| Metta Development Foundation | မြစ်ဝကျွန်းပေါ် ၃ | ၈၀၃,၉၄၂ | အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှုနှင့် ရေရှည်ခံသောဖွံ့ဖြိုးမှုအတွက် တောင်သူများစီမံခန့်ခွဲသော စီမံချက်များကို ဖြစ်ထွန်းစေခြင်း |
| Metta Development Foundation | တောင်တန်းဒေသ | ၂,၁၂၃,၁၆၈ | တောင်ပေါ်ဒေသစားနပ်ရိက္ခာဖူလုံရေးနှင့် ဈေးကွက်ဝင်ရောက်ခြင်း |
| Michigan State University | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၄,၀၄၂,၃၅၄ | မြန်မာနိုင်ငံ၏ စိုက်ပျိုး-ရိက္ခာတန်ဖိုး ကွင်းဆက် ဖွံ့ဖြိုးရေး။ ကျေးလက်ဒေသ နွမ်းပါးသူများ အသက်မွေးမှု ကို သက်ရောက်ခြင်း |
| Myanmar Institute for Integrated Development (MIID) | တောင်တန်းဒေသ | ၁,၆၇၅,၄၁၀ | လယ်ယာ အကြံပေးလုပ်ငန်းများ၊ အာဟာရမြှင့်တင်ရေး အသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေးချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး |
| Myanmar Professional Social Workers Association (MPSWA) | အပူပိုင်းဇုန် | ၇၈၂,၄၃၂ | ထိခိုက်လွယ်သော ရပ်ရွာတို့၏အာဟာရ အဆင့်အတန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တိုးတက်စေခြင်း။ |
| PATH | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၄,၆၅၉,၄၂၆ | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက် |
| PGMF | အပူပိုင်းဇုန် | ၁,၈၂၄,၆၃၁ | Legacy စီမံချက်တွင် ငွေကြေးပံ့ပိုးသည့် အပိုင်းကို ဆောင်ရွက်ခြင်း |
| PGMF | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၈,၃၂၃,၄၉၇ | ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်သော ငွေရေးကြေးရေး စီမံချက် (RAFIN) |
| Proximity Designs | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၅,၀၉၇,၁၆၄ | အားလုံးပါဝင်သောငွေရေးကြေးရေး ကဏ္ဍ - ရှေ့သို့ ဆက်လက်ဆောင်ရွက်ခြင်း |
| Radanar Ayar | မြစ်ဝကျွန်းပေါ် ၃ | ၇၂၉,၂၈၁ | ဘက်စုံစိုက်ပျိုး - စီးပွားလုပ်ငန်း နှင့်ကျေးလက် ဖွံ့ဖြိုးရေး |
| Radanar Ayar | ပုဂ္ဂလိကကဏ္ဍ | ၂၁၆,၃၂၅ | အစားအသောက်ဘေးကင်းရေး စီမံချက် (Heineken) |
| Save the Children | မြစ်ဝကျွန်းပေါ် ၃ | ၃,၂၅၃,၃၉၀ | ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝရေးစုပေါင်းဆောင်ရွက်မှုတို့ကို တည်ဆောက်ခြင်း |
| Save the Children | အပူပိုင်းဇုန် | ၄,၂၁၆,၄၀၃ | သင်ယူခြင်း အထောက်အထားဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေး တိုက်တွန်းဆောင်ရွက်ခြင်း။ |
| Save the Children | ရခိုင် | ၁၀,၃၀၀,၀၀၀ | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ |
| Save the Children (LEARN II) | အာဟာရ | ၁,၁၇၅,၇၉၀ | အာဟာရချို့တဲ့မှုလျှော့ချရန်အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအားအားဖြည့်ခြင်း (LEARN) - ၂ |
| SWISSAID (Small Grants) | တောင်တန်းဒေသ | ၃,၄၉၉,၉၂၉ | တောင်တန်းဒေသ လူမှုအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေ အသေးစား ရန်ပုံငွေ |
| TAG | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၁,၈၆၉,၉၈၇ | Plan Bee: ရှမ်းပြည်နယ် တောင်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းနှင့် ပျားရည်ထုတ်လုပ်ခြင်း |
| Terre des Hommes | သင်ယူခြင်း တီထွင် ဆန်းသစ်ခြင်း | ၁,၃၁၈,၅၁၉ | ဟင်းသီးဟင်းရွက်မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာသော နည်းပညာအသစ်များ |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သော စီမံကိန်း | ဘတ်ဂျက်(ကန်ဒေါ်လာ) | စီမံချက်အမည် |
|---|---|---|---|
| UNESCO | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၁,၅၀၀,၀၀၀ | ရေရှည်တည်တံ့သော အသက်မွေးမှုနှင့် ရိက္ခာဖူလုံရေး အတွက် ဆက်သွယ်ရေး |
| UN-HABITAT | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ | ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ မှ ပိုမို ကျန်းမာသော ရပ်ရွာများသို့ |
| Welthungerhilfe | မြစ်ဝကျွန်းပေါ် ၃ | ၄,၆၀၂,၃၂၉ | ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း။ |
| World Bank (Study II) | QSEM | ၁,၁၀၀,၀၀၀ | စိုက်ပျိုးရေး မူဝါဒ ဆွေးနွေးမှုများ |
| WorldFish | သင်ယူခြင်း တီထွင်ဆန်းသစ်ခြင်း | ၃,၂၈၄,၅၉၂ | အသေးစားငါးမွေးမြူရေးလုပ်ငန်း ရေရှည် ဖြစ်ထွန်းစေခြင်း |
| World Vision International Myanmar | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၄,၅၀၀,၀၀၀ | တောင်တန်းဒေသရှိ အားလုံးပါဝင်လက်လှမ်းမီသော ငွေရေးကြေးရေး စီမံကိန်း |
| World Vision International Myanmar | မြစ်ဝကျွန်းပေါ် ၃ | ၁,၅၆၀,၁၃၈ | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း |
| Yoma Bank | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၁၈,၀၇၀,၀၀၀ | ရိုးမဘဏ်စိုက်ပျိုး - စီးပွား ငွေကြေးပံ့ပိုးမှု စီမံကိန်း (AFP) |
| IOM Consortium | ရွှေ့ပြောင်းသွားလာရေး | ၆,၄၇၅,၈၃၉ | နိုင်ခံ့သော အုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သားရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များကို တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်) |
| CARE International in Myanmar | ရွှေ့ပြောင်းသွားလာရေး | ၃,၉၈၅,၆၄၃ | အောင်မြင်မှုစီမံချက် - လုံခြုံစိတ်ချပြီး နိုင်မာသော အလုပ်အကိုင် ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း |
| EDEN | ရွှေ့ပြောင်းသွားလာရေး | ၁၉၉,၅၀၈ | ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေးနှင့် မြို့ပြဒေသရှိ ရွှေ့ပြောင်းအမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ခြင်း |
| Pact Institute, Inc. | အပူပိုင်းဇုန် | ၂,၁၉၉,၅၀၀ | အပူပိုင်းဇုန်ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေထောက်ပံ့မှု |
| The Border Consortium (TBC) | တောင်တန်းဒေသ | ၂,၉၆၆,၉၃၉ | တောင်တန်းဒေသ အာဟာရ၊ ဖွံ့ဖြိုးရေး နှင့် စိုက်ပျိုးရေး အတွက် ရေရှည်တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP) |
| Department of Social Welfare | တောင်တန်းဒေသ | ၁,၅၀၀,၀၀၀ | LIFTက မြန်မာနိုင်ငံအတွက် ရန်ပုံငွေပံ့ပိုးမှု တစ်ခုကို အကောင်အထည်ဖော်ခြင်း |
| Department of Social Welfare | တောင်တန်းဒေသ | ၆,၉၉၃,၉၁၈ | ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် |
| International Labour Organisation (ILO) | ရခိုင် | ၁,၄၉၄,၉၈၃ | အသက်မွေးမှု၊ စီးပွားရေး အခွင့်အလမ်း နှင့် လုံခြုံမှုတို့ ပိုမိုကောင်းမွန်ရေးအတွက် ကျွမ်းကျင်မှုများ |
| VisionFund International | ရွှေ့ပြောင်းသွားလာရေး | ၈၀၀,၀၀၀ | အထည်ချုပ်လုပ်ငန်းကဏ္ဍအတွက် ဆောင်ရွက်သည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု |
| Karuna Mission Social Solidarity (KMSS) | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၉၉၉,၉၉၂ | အရပ်ဘက် လူမှုအဖွဲ့အစည်းများ လုပ်ကိုင်နိုင်စွမ်း ရှိရေးအတွက် မဟာဗျူဟာ မိတ်ဖက်ပြုခြင်း |
| Metta Development Foundation | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၉၉၂,၉၃၇ | မဟာဗျူဟာ မိတ်ဖက်ပြုမှု အဆိုပြုလွှာ |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သော စီမံကိန်း | ဘတ်ဂျက်(ကန်ဒေါ်လာ) | စီမံချက်အမည် |
|---|---|---|---|
| NAG | အရပ်ဘက်<br>လူမှုအဖွဲ့အစည်း | ၉၉၉,၈၃၁ | မဟာဗျူဟာ မိတ်ဖက်ပြုမှု-ဧရာဝတီရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး |
| Save the Children | တောင်တန်းဒေသ | ၃,၉၅၄,၆၁၈ | ချင်းပြည်နယ် အာဟာရ နှင့် မိခင်ကလေးငွေကြေး ထောက်ပံ့ရေး (MCCT) အစီအစဉ် အတွက် DSW သို့ နည်းပညာ အထောက်အကူပေးခြင်း(TEAM MCCT) |
| Welthungerhilfe | မြစ်ဝကျွန်းပေါ် ၃ | ၂,၇၁၉,၆၄၂ | မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝဒေသ မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့ခြင်း |
| WFP | အာဟာရ | ३၈၇,३၈၀ | မြန်မာနိုင်ငံတဝှမ်း အားဖြည့်ဆန်ထုတ်လုပ်ရေးနှင့် စားသုံးမှု တိုးချဲ့ခြင်း |
| Pact (MARC) | ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု | ၇,၃၂၇,၃၂၄ | ဖွဲ့စည်းပုံ အားကောင်းစေခြင်းဖြင့် ကျေးလက်ချေးငွေကို လက်လှမ်းမီစေခြင်း (MARC) |
| | စုစုပေါင်း (အမေရိကန်ဒေါ်လာ) | ၂၂၂,၀၂၅,၅၁၉ | |

၉.၄
# စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ

## ၉.၄.၁ ၂၀၁၇ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသရှိ စီမံချက် ၁၁ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | GRET<br><br>မြို့နယ်အခြေစိုက် CSO များအား ထောက်ပံ့ငွေ အသေးစား နှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၁၁၉,၈၉၈<br>၁/၁၀/၂၀၁၆ မှ ३၀/၀၆/၂၀၁၉ အထိ<br>*အစပျိုးကာလ* | ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် အခြေပြု CSOများသို့ ငွေအသေးစား နှင့် စွမ်းဆောင်ရည် ထောက်ပံ့ပေးသည်-<br><br>¦ ဦးတည်ထားသည့် ၆-မြို့နယ်တွင် လူမှု -မနုသ ဆန်းစစ်ချက် ကောက်ယူပြီး၊ တွေ့ရှိချက်များကို CSOများနှင့်သက်ဆိုင်ရာ ဌာနများသို့ မျှဝေပြီးဖြစ်ပါသည်။<br>¦ CSOများကို နည်းပညာထောက်ကူပေးရန်၊ လူမှုရေး စည်းရုံးရန် အတွက် မဟာဗျူဟာ၊ ရန်ပုံငွေ လုပ်ငန်း လမ်းညွှန်ချက်များ ကို အပြီးသတ်ခဲ့ပါသည်။<br>¦ CSOများကို အဆိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထောက်ပံ့ရန် မြို့နယ် ၅-ခုတွင် မြို့နယ်လုပ်ငန်းအဖွဲ့ (TWG)များ ဖွဲ့စည်းခဲ့သည်။<br>¦ မြို့နယ် ၄-ခုတွင် အသက်မွေးမှု ဆောင်ရွက်နေသော CSO ၅၂-ဖွဲ့မှာ ထောက်ပံ့ငွေ လျှောက်ထားရန် အရည်အချင်းပြည့်မီခဲ့ရာ ၎င်းCSOများ အဆိုပြုလွှာ ရေးရန် GRET က ဆွေးနွေးပေးခဲ့သည်။<br>¦ ထောက်ပံ့ငွေအသေးစား (SGF) ဘုတ်အဖွဲ့များ ဒေသကြီးအဆင့်တွင် ဖွဲ့စည်းခဲ့ပြီး ထို CSOများ၏ အဆိုပြုလွှာများကို အတည်ပြုခဲ့သည်<br>¦ အဆိုပြုလွှာ३३စောင် ရွေးချယ်ခဲ့ပြီး ၁၇စောင်ကို ရန်ပုံငွေချထားပေးပြီးဖြစ်ပါသည်။ |
| ၂ | IOM<br><br>ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုခြင်း (MILDAS)<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၇၄၉,३၀၀<br>၁၅/၁၂/၂၀၁၅မှ ३၁/၀၈/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ရွှေ့ပြောင်းသွားလာရေး အစီအစဉ်ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ရွှေ့ပြောင်းသွားလာရေး နှင့် ဖွံ့ဖြိုးရေးအကြောင်းကို လေ့လာမည်။ အဆိုပါလေ့လာမှုသည် ရွှေ့ပြောင်းသွားလာသူရှိသည့်အိမ်ထောင်စုများအား ဘေးကင်းလုံးခြုံသော ရွှေ့ပြောင်းသွားလာရေးအစီအစဉ် ရေးဆွဲသည့် LIFT ၏ ပတ်သက်သူများကို အထောက်အကူပြုမည်ဖြစ်သည်။<br><br>¦ ဘေးကင်း အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာရေး သင်တန်း နည်းပြ လမ်းညွှန်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ပြုစုကာ CSOမိတ်ဖက်များက စမ်းသပ်အသုံးပြုခဲ့ကြပြီး MoLIPဝန်ကြီးဌာနက သုံးသပ်ခဲ့သည်။<br>¦ CSOများနှင့် LIFTမြစ်ဝကျွန်းပေါ် IPများသို့ နည်းပြသင်တန်းပေးခဲ့သည်။<br>¦ သင်တန်း အသေးစိတ်စီမံချက်များ ပြုစုကာ MoLIPဝန်ကြီးဌာန နှင့် မြို့နယ် ३ခုရှိ အလုပ်သမားရုံး၊ မြို့နယ် ထွေ/အုပ်ရုံးတို့သို့ တင်ပြခဲ့ကာ သင်တန်း ပေးပြီးဖြစ်ပါသည်။<br>¦ ရွာပေါင်း ၁၄၂ရွာမှ ရွှေ့ပြောင်းသွားလာမည့်သူပေါင်း ၅,၆၅၆ဦး အား စိတ်ချရသော ရွှေ့ပြောင်းသွားလာရေး သင်တန်းတက်ပြီးဖြစ်ပါသည်။ ၂,၉၄၂ ရွှေ့ပြောင်းသွားလာသူ မိသားစုများမှာ ရွှေ့ပြောင်းသွားလာရေးမှ အကျိုးဖြစ်ထွန်းရေး သင်တန်းကို တက်ရောက်ခဲ့ကြသည်။<br>¦ မန္တလေး၊ ရခိုင်၊ ရှမ်း၊ ဧရာဝတီတို့တွင် နည်းပေါင်းစုံ စစ်တမ်းအတွက် ဒေတာ နှစ်ကြိမ် ကောက်ယူခဲ့သည်။<br>¦ ပဏာမတွေ့ရှိချက်များကို MOLIP၊ LIFTရန်ပုံငွေဘုတ်အဖွဲ့၊ FMO နှင့် IPများသို့ တင်ပြခဲ့သည် ။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၃ | Link Emergency Aid and Development (LEAD)<br><br>လယ်မဲ့မြေမဲ့ တောင်သူတို့၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကိုထောက်ပံ့ခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄၀၇,၃၀၅<br>၀၆/၀၄/၂၀၁၆မှ ၃၁/၀၃/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ကျေးလက်ဒေသ လယ်ယာပြင်ပစီးပွားရေးကို ဝင်ငွေရလမ်းများပြားစေခြင်းဖြင့် အဓိက ထောက်ပံ့လျက်ရှိသည်။ ၎င်းကိုစီးပွားရေးလုပ်ငန်းငယ်များကို ထောက်ပံ့ပေးခြင်း နှင့် ကျေးရွာလည်ပတ်ရန်ပုံငွေ (village revolving fund, VRF) ထူထောင်ခြင်း တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။<br><br>¦ ၂၀၁၇ခုနှစ် တွင် ကျေးရွာ ၁၅ရွာ၌ VRF ကော်မတီများဖွဲ့စည်းခဲ့ပြီး VRFထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။<br>¦ ၆၁၁ဦးမှာ VRFမှ ချေးငွေရရှိထားပြီး ငါးလုပ်ငန်း၊ မွေးမြူရေး၊ စီးပွားရေး လုပ်ငန်းငယ်များ စတင်ခဲ့ကြပါသည်။<br>¦ VFR အဖွဲ့ဝင် ၅၇ဦးတို့သည် ဘိုကလေး၊ ထန်းတပင်၊ ကျိုက်ထိုသို့ လေ့လာရေးခရီးများသွားခဲ့ပြီး WHH နှင့် World Vision တို့၏ VRF ဆောင်ရွက်ပုံ လေ့လာခဲ့ကြပါသည်။<br>¦ VRF အသင်းဝင် ၁၁၀ယောက် စာရင်းကိုင် သင်တန်းတက်ခဲ့ကြပါသည်<br>¦ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူ ၆၀ဦးသည် လပွတ္တာမြို့နယ် LBVDနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် မွေးမြူရေး အခြေခံသင်တန်းကို တက်ရောက်ခဲ့ပါသည်။<br>¦ စီမံချက် ပြန်လည်သုံးသပ်ရေး နှင့် သင်ခန်းစာ အလုပ်ဆွေးနွေးပွဲများကို VRFကော်မတီများ၊ အကျိုးခံစားရသူများ၊ စီမံချက်ဝန်ထမ်းများနှင့် ကျင်းပခဲ့ပါသည်။<br>¦ ၂၀၁၇ခုနှစ် အောက်တိုဘာလတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |
| ၄ | Mercy Corps - Ar Yone Oo, Swiss Contact<br><br>လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊စိုက်ပျိုးရေး လုပ်ငန်းကျွမ်းကျင်မှုအလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုးစေခြင်း လပွတ္တာကို ဈေးကွက်နှင့်ချိတ်ဆက်ခြင်း- စိုက်ပျိုးရေး၊ ကျွမ်းကျင်မှု၊ အလုပ် အကိုင် ရရှိရေးဖြင့် ဝင်ငွေ တိုးစေခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၃၃၈,၁၉၇<br>၀၁/၁၀/၂၀၁၅မှ ၃၀/၀၉/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်သည် တောင်သူထုတ်လုပ်သူအုပ်စုများ (FarmerProducers Enterprises, FPE) တို့ကို ဝန်ဆောင်မှု ပေးခြင်း(သွင်းအားစုထောက်ပံ့ခြင်း၊ ပညာပေး ခြင်း၊ ကိရိယာငှားရမ်းခြင်း၊ ချေးငွေလက်လှမ်းမီနေခြင်း၊ စက်ပိုင်ရှင်များနှင့် အကျိုးတူ လယ်ယာဆောင်ရွက်ခြင်း)၊ လယ်မဲ့မြေမဲ့တို့ကို အသက်မွေးမှု၊ စီးပွားရေး၊ ဘဝသက်တာ ကျွမ်းကျင်မှုများ၊ ရွှေ့ပြောင်းသွားလာရေး သတင်းများ၊ရန်ကုန်မှ အလုပ်ရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် ထောက်ပံ့မည်။<br><br>¦ FPE၈ဖွဲ့မှ စက်ပိုင်ရှင် နှင့် ကုန်သည်၇-ဦးက မျိုးကောင်း မျိုးစပါး ၄၁၀-တင်းကို တောင်သူ ၁၉၈ဦးသို့ အကြွေးဝယ်ယူသည့် ပုံစံဖြင့် ထုတ်ပေးထားပြီး LLM စတင် ကတည်းက စက်ပိုင်ရှင် နှင့် ကုန်သည်၂၁-ဦးတို့က စုစုပေါင်း ၁,၈၉၁တင်းကို FPE ၃၁ဖွဲ့မှ လယ်သမား၇၉၁ဦးကို ထုတ်ပေးခဲ့သည်။ (၂၀၁၇ခုနှစ် ရည်မှန်းချက်မှာ ၃,၂၆၀တင်း၊ တောင်သူ ၈၁၆ဦး ဖြစ်သည်)<br>¦ အရောင်းသမား၂ဦးမှ ၇ဦးထိ တိုးတက်ခဲ့ပါသည်၊ FPE၂၁ဖွဲ့ (တောင်သူ ၃၂၀)ထံ မြေသြဇာ ၃,၆၇၅ အိတ် (ကန်ဒေါ်လာ ၉၀,၂၂၀တန်)ကို အကြွေးဖြင့် ရောင်းချပေးထားပါသည်။<br>¦ FPE ၅၆-ဖွဲ့ (တောင်သူ ၁,၂၈၈ဦး)က မိမိတို့စရိတ်ဖြင့် စပါးသိုလှောင်ရုံ များ ဆောက်လုပ်ကာ ကျပ်၂၅၈,၈၈၀,၀၀၀ (ကန်ဒေါ်လာ ၁၉၇,၆၂၀)တန်ဖိုးရှိသော စပါး၄၂,၅၇၉တင်းကို စုပေါင်း သိုလှောင်ထားခဲ့သည်။ နောက် ၆-လမှ ရောင်းပါက ကျပ်၃၂,၈၇၇၃,၇၀၀ (ကန်ဒေါ်လာ၂၅,၉၇၅)ကို ရရှိမည်ဖြစ်ပြီး ၂၇ရာခိုင်နှုန်းခန့် တိုးတက်လာမည် ဖြစ်သည်။<br>¦ နောက်ထပ် FPE နှစ်ဖွဲ့ မျိုးစပါး ထုတ်လုပ်ခဲ့ပြီး ထိုသို့ထုတ်လုပ်နိုင်ခဲ့သည့် အဖွဲ့ပေါင်း သုံးဖွဲ့ရှိပြီဖြစ်သည်။အဖွဲ့ ၃-ဖွဲ့လုံးမှာ မျိုးသန့်မျိုးပွား မျိုးစေ့များ ကို ဒေသခံ စက်ပိုင်ရှင်/ကုန်သည်များနှင့် အကျိုးတူစာချုပ်ချုပ်ဆိုခဲ့သည်။<br>¦ သွင်းအားစုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာလက်လှမ်းမီမှု ကောင်းမွန်ရေး ဘက်စုံလုပ်ငန်းအုပ်စုများက ဦးစားပေးများနှင့် နောက်တဆင့် လုပ်ငန်းများကို ဖော်ထုတ်ခဲ့သည်။ ထိုလုပ်ငန်းအုပ်စုများမှာ LLM ဆန်စပါးကဏ္ဍ ဆွေးနွေးပွဲများ နောက်ပိုင်း ဖြစ်ထွန်းလာမှုများ ဖြစ်သည်။<br>¦ လယ်မဲ့မြေမဲ့ ၅၀၀ဦးသည် ကျွမ်းကျင်မှု သင်တန်းများတက်ခဲ့ပြီး စုစုပေါင်း၈၀၄ဦး ရှိပြီဖြစ်သည်။ ၎င်းတို့ထဲမှ ၄၈၉ဦး (၆၁ရာခိုင်နှုန်း) အလုပ်ရရှိနေပြီ ဖြစ်သည်။<br>¦ ဇူလိုင်လတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |
| ၅ | Metta Development Foundation<br><br>အားလုံးပါဝင်စေသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အတွက် လယ်သမားများ စီမံခန့်ခွဲသည့် စီမံကိန်းများ ဖြစ်ထွန်းစေခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၈၀၃,၉၄၂<br>၀၇/၀၄/၂၀၁၆မှ ၂၈/၀၂/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | အသေးစား၊ အလတ်စား တောင်သူများ ရင်ဆိုင်နေရသောအခက်အခဲဖြစ်သည့် လယ်ယာထွက်ကုန် အရည်အသွေးနှင့် တန်ဖိုးများမြင့်တက်ပြီး ဝင်ငွေတိုးလာရေးကို ကိုင်တွယ်ဆောင်ရွက်မည်။ လယ်ယာအကြံပေးခြင်း၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ တောင်သူအသင်းများစုပေါင်းသိုလှောင်မှု တို့ဖြင့် အကောင်အထည်ဖော်မည်။<br><br>¦ မျိုးစပါးထုတ်လုပ်သူ ၄၈ဦး မော်လမြိုင်ကျွန်း နှင့် လပွတ္တာ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနမှ မျိုးစပါးထုတ်လုပ်ရေး သင်တန်းတက်ခဲ့သည်။<br>¦ ၂၀၁၇မိုးရာသီတွင် မျိုးစပါးထုတ်လုပ်သူ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ နှင့် မျိုးသန့်မျိုးပွား မျိုးစေ့ ၃,၁၉၈-တင်း ထုတ်လုပ်ခဲ့သည်။<br>¦ တောင်သူ သင်တန်းကျောင်း (Farmer Field School, FFS) များကို မော်လမြိုင်ကျွန်း နှင့် လပွတ္တာ တောင်သူ ၄၁၆ဦး တက်ရောက်ခဲ့ကြသည်။<br>¦ စပါးစုပေါင်း သိုလှောင်သည့်အဖွဲ့ ၁၄-ဖွဲ့ ထူထောင်ခဲ့သည်၊ မော်လမြိုင်ကျွန်း နှင့် လပွတ္တာ ကျေးရွာအဆင့်တွင် စပါးသိုလှောင်ရုံ ၁၂လုံး ထူထောင်ခဲ့သည်။<br>¦ အဖွဲ့ ၁၂-ဖွဲ့မှ ကော်မတီဝင်များကို စွမ်းဆောင်ရည် တည်ဆောက်ရေး သင်တန်းပေးခဲ့ပါသည်။<br>¦ အောက်တိုဘာလတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၆ | ရတနာဧရာ<br><br>ဘက်စုံစိုက်ပျိုး - စီးပွားလုပ်ငန်း နှင့် ကျေးလက် ဖွံ့ဖြိုးရေး<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၇,၂၉,၂၈၁<br>၀၆/၀၄/၂၀၁၆မှ ၂၈/၀၂/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ရိတ်သိမ်းချိန်လွန်နည်းနာများ ကောင်းမွန်စေခြင်း၊ တောင်သူဦးဆောင်သည့် ပညာပေးလုပ်ငန်းများပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍနှင့်အကျိုးတူလယ်ယာ ဆောင်ရွက်ကာ စုပေါင်း ဈေးကွက်တင်ခြင်း တို့ကို ဆောင်ရွက်ပေးကာ ဒေသခံ မျိုးစပါးထုတ်လုပ်မှုကို ထောက်ပံ့သည်။<br><br>¦ ၂၀၁၇ ခုနှစ် မိုးရာသီအတွင်း ထုတ်လုပ်သူ လေးဦးမှ လယ် ၅ ဧကတွင် မျိုးသန့်မျိုးပွား မျိုးစေ့ ၂၂၂ တင်းကို ထုတ်လုပ်ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ် မိုးရာသီတွင် စုစုပေါင်း စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ၅,၉၁၈တင်း ထုတ်လုပ်ခဲ့ရာ ၁၀၆.၇ တင်းကို အရည်အသွေး အာမခံနိုင်ခဲ့ပြီး တောင်သူအချင်းချင်းအကြား ရောင်းချနိုင်ခဲ့သည်။<br>¦ အရည်သွေးမြင့် မျိုးစေ့ တင်းပေါင်း၂၀,၀၀၀ကို စုပေါင်းရောင်းချရာ ၁တင်းလျှင် ပေါက်ဈေးထက် ကျပ်၂,၀၀၀နှုန်း ပိုရရှိခဲ့သည်။<br>¦ အောက်တိုဘာလတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |
| ၇ | Save the Children<br><br>ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝရေး စုပေါင်းဆောင်ရွက်မှု တို့ကို တည်ဆောက်ခြင်း<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၃,၂၅၃,၃၉၀<br>၁၁/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | မိခင်ဝမ်းတွင်းမှ စ၍ ကလေးအသက် ၂နှစ်မြောက်မွေးနေ့အထိ ဘ၀အစရက်ပေါင်း ၁,၀၀၀အတွင်း မိခင်နှင့် ကလေးများ ကို ငွေကြေးပံ့ပိုးပေးမည်၊ အမူအကျင့်ပြောင်းလဲရေး သတင်းစကားများပြောကြားမည်။ လက်ရှိ 3MDG စီမံကိန်းနှင့် ပေါင်းစည်းပြီး မြို့နယ်ကျန်းမာရေး လုပ်သားများမှတစ်ဆင့် ငွေကြေးပံ့ပိုးမှု (MCCT)ကို ဆောင်ရွက်မည်၊ အာဟာရကောင်းမွန်ရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှု ကောင်းမွန်ရေး ဖြစ်ထွန်းစေမည်၊ လပွတ္တာမြို့နယ်ကျေးလက် ကျန်းမာရေး စနစ်အတွင်းရှိ ကျန်းမာရေး လုပ်သားများအား ပင်မ ကျန်းမာရေးစောင့်ရှောက်မှုအပြင် အာဟာရဆိုင်ရာ ကိုပါဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ပေးမည်။<br><br>¦ စီမံချက် ကာလလယ် ပြန်လည်သုံးသပ်ချက် အလုပ်ရုံဆွေးနွေးပွဲကို အခြေခံကျန်းမာရေး လုပ်သားများ၊ SBCC နှင့် MCCT တာဝန်ခံများ၊ စီမံချက်ဝန်ထမ်းများနှင့် သီးခြားစီ ဆောင်ရွက်ခဲ့သည်။ အခြေခံကျန်းမာရေး လုပ်သားများက ကျေးရွာအဆင့် ငွေထုတ်ပေးမှု၊ ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်များကို ကျန်းမာရေး ပညာပေးမှု များတွင် ပါဝင်ခဲ့ကြသည်။<br>¦ အခြေခံကျန်းမာရေး လုပ်သားများကို IYCF ၊ ရက် ၁၀၀၀၊ လူထု စုရုံးခြင်း သင်တန်းများ ပေးခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်တွင် ကိုယ်ဝန်ဆောင်၂,၃၅၉ဦးမှ စာရင်းသွင်းခဲ့ကြရာ စုစုပေါင်း ၄,၆၀၇ ရှိပြီဖြစ်သည်။ ငွေကြေး ထောက်ပံ့မှု ၃၇,၆၄၆ကြိမ် ထုတ်ပေးခဲ့ပြီး စုစုပေါင်း ၄၉,၇၂၄ကြိမ်ရှိခဲ့ပြီ ဖြစ်သည်။<br>¦ ၂၀၁၇ခုနှစ် တွင် ထောက်ပံ့ငွေကို ကျပ် ၁၀,၀၀၀မှ ကျပ်၁၅,၀၀၀သို့ တိုးမြှင့်ခဲ့သည်။<br>¦ ဦးတည်ထားသည့် ၃၂ရွာမှ အကျိုးခံစားရသူ အမျိုးသမီး ၈၀၀သို့ Wave Moneyဖြင့် ငွေကြေးပံ့ပိုးမှုများ ထုတ်ပေးခဲ့သည်။<br>¦ ၂၀၁၇ခုနှစ် တွင် IYCF၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု နှင့် မွေးဖွားပြီး စောင့်ရှောက်ပေးမှု ၊ WASH ၊ ကျန်းမာရေး လိုက်စားမှု ဆိုင်ရာ SBCCဆွေးနွေးမှုပေါင်း ၁,၇၄၆ကြိမ် (စုစုပေါင်း၂၆၂၁) ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ခုနှစ် တွင် စုစုပေါင်း ၁၇,၀၃၇ဦး (မိခင် ၄,၆၀၇ နှင့် အခြားကျေးရွာသူ၊သားများ ၁၂,၄၃၀) တက်ရောက်ခဲ့ရာ စုစုပေါင်း ၂၅,၉၂၁ ရှိခဲ့သည်။<br>¦ အာဟာရ ရက်သတ္တပတ်၊ လက်ဆေးနေ့ ဆိုင်ရာ အခမ်းအနားများကို မြို့နယ် ကျေးလက်ကျန်းမာရေးဌာနများ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။<br>¦ မေလတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |
| ၈ | Welthungerhilfe (WHH)<br><br>ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် မြစ်ဝကျွန်းပေါ် ကျေးလက် ဒေသအား အလေးထားခြင်း။<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၃,၈၉၆,၅၆၄<br>၀၁/၁၀/၂၀၁၅ မှ ၃၀/၀၉/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ထုတ်လုပ်သူအဖွဲ့(Producer Organisations - PO)များကို စွမ်းဆောင်ရည် တည်ဆောက်မှု၊ ဖွဲ့စည်းပုံ တည်ဆောက်မှုတို့ဖြင့်ထောက်ပံ့မည်။ ယင်းအဖွဲ့တို့သည် အရည်အသွေးကောင်း မျိုးစပါး၊သွင်းအားစု၊ စုပေါင်းသိုလှောင်မှု၊ စက်ကိရိယာ ငှား-ဝယ်စနစ်၊ရိတ်သိမ်းချိန်လွန်နှင့် ဈေးကွက် နှင့်ဆိုင်သော သတင်းများကို တောင်သူတို့ကို ပေးမည်။ လယ်မဲ့မြေမဲ့နှင့် ထိခိုက်လွယ် သောမိသားစုတို့ကိုလည်း လယ်ယာပြင်ပ အသက်မွေးမှု (ဥယျာဉ်ခြံစိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေး) တို့နှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် ထောက်ပံ့မည်။ အာဟာရနှင့်အခြေခံ သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေးပြန့်ပွားရေးကိုလည်း ဆောင်ရွက်မည်။ အထူးသဖြင့် မိခင်နှင့် ကလေးတို့ကို ဘ၀အစ ရက်၁၀၀၀အတွင်းတွင် လည်းကောင်း၊ ချို့တဲ့သောအိမ်ထောင်စုများကို လည်းကောင်း ဦးစားပေးမည်။<br><br>¦ တောင်သူ နှင့် မြေမဲ့ယာမဲ့ ၂,၉၂၄ဦး ကို PO များဖွဲ့ပေးခဲ့သည်။<br>¦ ဒေသတွင်း အဆင့်မြင့်စပါး ၆၄.၂၆တန် ကို ထုတ်လုပ်ခဲ့သည်။<br>¦ စိုက်ပျိုးပညာပေးရေးလုပ်ငန်းဖြင့် တောင်သူ ၄၁၁၈ဦးကို အကြံပေးနိုင်ခဲ့သည်။<br>¦ ဆန်စပါးပြင်ပ လုပ်ငန်းဖြင့် အိမ်ထောင်စုပေါင်း ၉၃၁-စု မှာ ဝင်ငွေတိုးခဲ့သည်။<br>¦ စီးပွားရေးလုပ်ငန်းငယ်များမှ လုပ်ငန်းရှင် ၄,၈၉၃မှာ ငွေကြေးဝန်ဆောင်မှုကို သုံးစွဲလျက်ရှိသည်။<br>¦ ထုတ်လုပ်သူ အသေးစားချေးငွေ ဖြင့် ကျပ် ၂၀၆,၇၃၀,၀၀၀ ပမာဏ ရှိသော ချေးငွေပေါင်း ၁,၂၇၅ကို မြေမဲ့ယာမဲ့များမှ လက်လှမ်းမီခဲ့ကြသည်။<br>¦ VRFမှ ကျပ်၃၃၆,၈၁၇,၇၈၃ကို ကျေးရွာ ၅၂-ရွာမှ တောင်သူ နှင့် မြေမဲ့ယာမဲ့ များကို ထုတ်ချေးခဲ့သည်။<br>¦ အိမ်ထောင်စု၂,၇၁၇ အာဟာရဆိုင်ရာ သတင်းအချက်အလက်များကို (LANN နည်းနာဖြင့်) တိုက်ရိုက် ရရှိခဲ့သည်။ ၂,၂၁၈-စုမှာ အသိပညာပေးလှုပ်ရှားမှုများမှ တဆင့် ရရှိခဲ့ကြသည်။<br>¦ ဩဂုတ်လတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၉ | WorldFish<br><br>ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန် တို့တွင် ရိက္ခာဖူလုံရေးနှင့် ဝင်ငွေ တိုးရေး အတွက် ရေရှည် တည်တံ့သော ငါးမွေးမြူရေး(MYFC)<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၂၈၄,၀၀၀<br>၂၁/၀၉/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်မှ လုပ်ကွက်ငယ် တောင်သူ ၅,၀၀၀တို့ကို လယ်ယာအခြေပြုသုတေသနနှင့် အိမ်ထောင်အခြေပြုအသေးစားငါးမွေးမြူရေး (SSA) (ကန်၊ လှောင်အိမ်၊ လယ်ကွင်း) ကိုတိုးချဲ့ရန်အတွက် ထောက်ပံ့မည်။ ဦးတည် ကျေးရွာများ၊ ပြည်တွင်းမိတ်ဖက်များ (အထူးသဖြင့် အသေးစား ငွေရေးကြေးရေး မိတ်ဖက်များ၊အစိုးရ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ) မှ အသိအမြင် မျှဝေခြင်း၊ သင်ထောက်ကူ စာရွက် စာတမ်းများ ထုတ်လုပ်ခြင်းဖြင့် နောက်ထပ် အိမ်ထောင်စု ၅,၀၀၀သို့လည်း တိုးချဲ့ မွေးမြူမည့်အဆင့်တွင် ရောက်ရှိမည် ဖြစ်သည်။<br><br>¦ မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန် ၁၅၂-ရွာမှ တောင်သူ ၁,၅၇၂-ဦး ပါဝင်သည့် တောင်သူ အဖွဲ့ ၇၉ဖွဲ့ ကို ဖွဲ့စည်းခဲ့သည်။<br>¦ အသေးစားငါးမွေးမြူသူ(SSA)များကို ချေးငွေအသေးစားကို လက်လှမ်း မီအောင် ဆောင်ရွက်ပေးခဲ့ပြီး GRETက စုစုပေါင်း စုငွေ ရန်ပုံငွေ ၁၃-ခုကို ထူထောင်ပေးခဲ့သည်။ PACTအုပ်စုများက ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ချိတ်ဆက်ထား၊ပြီး NAG၏ အကျိုးခံစားခွင့်ရှိသူများက Proximity Designs၊ သမဘဏ်တို့ဖြင့် ချိတ်ဆက်ထားသည်။<br>¦ စီမံချက်က အဆင့်မြှင့်ထားသည့် ဒေးဒရဲ ငါးသားဖောက်စခန်းမှ ငါးခုံးမ သားပေါက် ၅၀၀,၀၀၀ကို ထုတ်လုပ်ကာ ငါးသားပေါက်မွေးမြူထုတ်လုပ်သူ တောင်သူများ နှင့် SSA ငါးမွေးမြူသူများကို ဖြန့်ဝေခဲ့သည်။<br>¦ စုစုပေါင်း ငါးသားပေါက် ၁၃၆,၀၀၅ ကောင်ကို ငါးသားပေါက် မွေးမြူထုတ်လုပ်သူ လူသစ်၊လူဟောင်းများက ထုတ်လုပ်ခဲ့ရာ SSA ငါးမွေးမြူသူ ၃၅၂ဦးက မွေးမြူခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်တွင် ငါးစာစက် သုံးခု အသစ်ကို ဆောက်လုပ်ခဲ့ရာ စုစုပေါင်း ၃၂စက် ရှိပြီ ဖြစ်သည်။ ထိုထဲမှ ၂၈ရုံ မှာ အင်အားပြည့် လည်ပတ်နေပြီး အစာတောင့် ၈၅,၃၂၀ ကီလို ထုတ်လုပ်ကာ ငါးမွေးတောင်သူ ၁,၅၈၁ဦးကို ငါးစာများ ရောင်းချခဲ့သည်။<br>¦ ဇွန်လတွင် စီမံချက် ကာလလယ် ပြန်လည် သုံးသပ်ချက်ကို LIFTက ခေါ်ယူခဲ့သည့် အကြံပေးတစ်ဦးက ဆောင်ရွက်ခဲ့ပါသည်။ |
| ၁၀ | World Vision International Myanmar<br><br>ဘိုကလေးတွင်အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၅၆၀,၁၃၈<br>၀၈/၀၉/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | လယ်မဲ့မြေမဲ့နှင့် ထိခိုက်လွယ် အိမ်ထောင်စုများကို ဈေးကွက်၊လုပ်အား၊ တန်ဖိုးမြှင့် ကွင်းဆက် လက်လှမ်းမီမှုဆိုင်ရာ သတင်းများပေးခြင်း၊ ငွေစု/ချေးအား လက်လှမ်းမီ စေခြင်းတို့ဖြင့် ဖွံ့ဖြိုးရေး၊ အသက်မွေးမှု နည်းလမ်း တိုးလာရေးတို့ကို ထောက်ပံ့မည်။စီမံချက် သည် ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေသူများကို အထောက်အပံ့ပေးပြီး ၎င်းတို့မှတဆင့် ဦးတည်ထားသည့်ရပ်ရွာလူထုတို့ အနေဖြင့် အာဟာရနှင့် အခြေခံ သန့်ရှင်းမှုဆိုင်ရာအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေးကို ဆောင်ရွက်ရန်၊ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ သဘာဝဘေးစီမံခြင်းအပါဝင်လုပ်ငန်းစီမံချက်များ ကိုလည်း အထောက်အပံ့ပေးရန်အတွက်လုပ်ဆောင်မည်။<br><br>¦ လူငယ် ၂၄၀ကို ရွေးကာ (IOM၏ သင်ရိုးဖြင့်)ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေး အပါအဝင် အသက်မွေးမှု သင်တန်းများ ပေးခဲ့သည်။ တက်ရောက်သူပေါင်း ၁၈၈ဦး (ကျား-၈၇၊ မ-၁၀၁) သည် စက်ချုပ်၊ စက်ပြင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ယာဉ်မောင်း နှင့် သူနာပြု သင်တန်းများ တက်ရောက်ခဲ့ကြသည်။<br>¦ မိမိတို့၏ စီးပွားရေးကို တိုးတက်အောင် လုပ်ပါ (Improve your business, IYB) နည်းပြသင်တန်းကို CBO အဖွဲ့ဝင်များသို့ ပို့ချခဲ့ပြီး ကျေးရွာအဆင့်တွင် အမျိုးသမီးများ၏ စွန့်ဦးတီထွင်လုပ်ငန်းများ နှင့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးနိုင်ရန်ဖြစ်သည်။<br>¦ ရွာပေါင်း ၃၀မှ မြေမဲ့ယာမဲ့နှင့် ဝမ်းစာဖူလုံရုံ အိမ်ထောင်စုများမှ အမျိုးသမီး၂၀၃ဦးက (IYB) သင်တန်းတက်ရောက်ခဲ့ကာ စီးပွားရေး စီမံချက်များ ပြုစုခဲ့ကြသည်။ အမျိုးသမီး ၁၁၅ဦး မှာ သတ်မှတ်ထားသော စံနှုန်းနှင့် ကိုက်ညီကြသဖြင့် ချေးငွေများ ရရှိခဲ့သည်။<br>¦ ရွာပေါင်း ၃၀မှ အဖွဲ့ဝင် ၅၀၀ ပါဝင်သော ဝက်မွေးမြူရေး အဖွဲ့ ၇၂-ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။<br>¦ ငွေစု/ငွေချေး အဖွဲ့ ၆၈ဖွဲ့ခဲ့ပြီး အဖွဲ့ဝင် ၁,၁၃၅-ဦး ပါဝင်ရာ ၈၉ရာခိုင်နှုန်းမှာ အမျိုး သမီး ဖြစ်ကြသည်။ စုငွေ စုစုပေါင်း ကျပ်-၇၇သန်းခန့် ရှိပြီဖြစ်သည်။<br>¦ လူထု ကျန်းမာရေးလုပ်သား ၃၃ဦးသည် ရပ်ရွာအခြေပြု IYCF နှင့် WASH သင်တန်းများ တက်ရောက်ခဲ့သည်။<br>¦ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးလုပ်သားများ၊ လူထုကျန်းမာရေးလုပ်သားများ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြို့နယ်နှင့် ကျေးရွာများတွင် အာဟာရ မြှင့်တင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။<br>¦ လူပေါင်း ၂,၁၄၀ဦးထံသို့ အာဟာရဆိုင်ရာ သတင်းအချက်အလက်များနှင့် လုပ်ဆောင်မှုများ ရောက်ရှိခဲ့သည်။<br>¦ သဘာဝဘေးနှင့် အလွန်နီးသော ကျေးရွာ ၁၁-ရွာတွင် ရပ်ရွာဘေးအန္တရာယ် အသင့်ပြင်ဆင်မှု စီမံချက်များ အပြီးသတ်ခဲ့သည်။ |
| ၁၁ | NAG<br><br>မဟာဗျူဟာ မိတ်ဖက်ပြုမှု-ဧရာဝတီ ရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၉၉၉,၈၃၁<br>၂၀၁၇ မေပြီ မှ ၂၀၁၉ ဇွန် အထိ<br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်သည် ရေချိုငါးလုပ်ကွက် ပူးတွဲစီမံခန့်ခွဲမှု ပုံစံများကို ဖြစ်ထွန်းစေပြီး ငါးမွေးမြူသည့် ပြည်သူများ၏ အခွင့်အရေးများ၊ သယံဇာတ ထိန်းသိမ်းမှု၊ မြေအသုံးချမှု၊ အသက်မွေးမှု ဖွံ့ဖြိုးရေး စသော မူဝါဒနယ်ပယ်များကို အလေးထားဆောင်ရွက်မည်။<br><br>¦ ဧရာဝတီ တိုင်းဒေသကြီးရှိ မြို့နယ် ၁၁မြို့နယ်ရှိ ရေချိုငါးမွေးမြူရေး လုပ်ကွက် ၁၇ခုကို ပူးတွဲစီမံခန့်ခွဲရန် ကျေးရွာ ၁၀၁ရွာအား ရွေးချယ်ခဲ့သည်။<br>¦ ၁၁မြို့နယ်ရှိ ရွာ ၂၈-ရွာ မှ အိမ်ထောင်စု ၃၇၈-စု ကို ကနဦးစစ်တမ်း ကောက်ယူခဲ့သည်။<br>¦ ပင်လယ်ငါးလုပ်ငန်းဥပဒေ နှင့် ဧရာဝတီရေချိုငါးလုပ်ငန်းဥပဒေ တို့ အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်တို့တွင် အစည်းအဝေးများ ကျင်းပခဲ့သည်။<br>¦ ဧရာဝတီရေချိုငါးလုပ်ငန်းဥပဒေကို ဧရာဝတီတိုင်းဒေသကြီး ၄-မြို့ နယ်တွင် လူထုဆွေးနွေးတိုင်ပင်မှု၊ ပြန်လည်သုံးသပ်မှု နှင့် မျှဝေမှုများ ပြုလုပ်ကျင်းပခဲ့သည်။<br>¦ ဖျာပုံငါးလုပ်ငန်းသင်တန်းကျောင်းနှင့်အတူလက်တွဲကာ သင်ရိုးကို မွမ်းမံရန် ငါးလုပ်ငန်း သုတေသနဌာန နှင့် သဘောတူညီမှု ရရှိခဲ့သည်။ |

၉.၄.၂
## ၂၀၁၇ ခုနှစ်အတွင်း အပူပိုင်းဇုန်ဒေသရှိ စီမံချက် ၁၄ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ActionAid Myanmar<br><br>ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှု စီးပွားရေး ကွန်ရက် (SEDN)<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၁,၉၁၃,၇၁၇<br>၀၈/၀၃/၂၀၁၃ မှ ၂၈/၀၂/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ အမျိုးသမီးထုတ်လုပ်သူများအသင်း ၏ ဖွဲ့စည်းပုံ ကို အပြီးသတ်ပြင်ဆင်ရန်နှင့် လူမှု-စီးပွားလုပ်ငန်းကို တည်ထောင်မှုကို ပံ့ပိုးရန်အတွက် SEDN စီမံချက်ကို ဘတ်ဂျက်နှင့် သက်တမ်း နှစ်နှစ်ထပ်တိုးခဲ့ပါသည်။<br>¦ ပခုက္ကူ နှင့် မြိုင်မြို့နယ်များမှ ၅၂-ရွာမှ ထုတ်လုပ်သူ ၂၀၉တို့ လုပ်ကိုင်လျက်ရှိသည်။<br>¦ မြိုင်မြို့နယ် ကျစ်တီးရွာတွင် နိုင်ငံခြား ပို့ကုန်အဆင့် ထုတ်လုပ်လျက်ရှိပြီး နိုင်ငံခြား အမှာစာ လေးခု အတွက် လက်ရွေးစင် ထုတ်လုပ်သူ ၁၅ဦးက ထုတ်လုပ်လျက်ရှိပါသည်။<br>¦ ပခုက္ကူနှင့်မြိုင်မြို့နယ်များရှိ စီမံချက်ရန်ပုံငွေ ပံ့ပိုးသည့် အမျိုးသမီး ထုတ်လုပ်သူ များအတွက် မြန်မာ အမျိုးသမီးလက်မှုပစ္စည်းထုတ်လုပ်ရေးအသင်း (Women craft producer association, WCPA)ကို တရားဝင် မှတ်ပုံတင်ခဲ့သည်။<br>¦ အမျိုးသမီးထုတ်လုပ်သူများအသင်းသည် ပုဂံမြို့သစ်တွင် မြေတစ်နေရာကို ၁၀နှစ်ငှားရမ်းကာ MBoutik ဈေးဝယ်စင်တာတစ်ခုကို တည်ဆောက်လျက်ရှိသည်။<br>¦ MBoutikဆိုင်ခွဲတစ်ခုကို ရန်ကုန်တွင် ဖွင့်လှစ်ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်၏ စုစုပေါင်း အရောင်းပမာဏမှာ ကျပ်၉၀,၀၀၀,၀၀၀ (ကန်ဒေါ်လာ ၆၆,၄၂၁)ရှိခဲ့ရာ စီစဉ်ထားသည်ထက် ၁၂ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ |
| ၂ | Food and Agriculture Organization of the United Nations (Livestock)<br><br>မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက် တင်ခြင်းတို့ကို တိုးတက် ကောင်းမွန် စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း။<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br>၃၀/၁၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | FAO သည် မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ၊ ကုန်သွယ်မှု ရလဒ်များအတွက် အမျိုးသား အဆင့် မူဝါဒရေးရာ လုပ်ငန်းရပ်များကို အဓိက ဆောင်ရွက်ပါသည်။<br>¦ ရပ်ရွာတိရိစ္ဆာန်ကျန်းမာရေးလုပ်သား(CAHW) စည်းမျဉ်းများကို ကျွမ်းကျင်မှု သင်တန်း၊ လုပ်ထုံးလုပ်နည်းမူဘောင်တို့ နှင့်တကွ အတည်ပြုကာ စီမံချက် အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။<br>¦ အစိုးရသည် စီမံချက်၏ လုပ်ဆောင်ချက်ကို အခြေခံကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိရိစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမှု ကို နိုင်ငံတဝန်းတွင် ဆောင်ရွက်လျက်ရှိပါသည်။<br>¦ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ကာ ကုန်သွယ်ရေးမူဝါဒ၏ အတား အဆီးများကို လျှော့ချရန် ထောက်ပံ့လျက်ရှိသည်။<br>¦ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် နှင့် လက်တွဲဆောင်ရွက်မှုကို တိုးချဲ့လျက်ရှိရာ ကျောင်းသားများကို စီမံချက် ကွင်းဆင်းစစ်တမ်း ကောက်ယူမှုများတွင် ပါဝင်နိုင်ရန် ဆောင်ရွက်ခဲ့သည်။<br>¦ LBVD ဝန်ထမ်းများ တိရိစ္ဆာန်ကောင်ရေစာရင်း စာရင်းကောက်ယူရာတွင် တက်ဘလက်ကို သုံးကာ အွန်လိုင်းဒေတာ စီမံခန့်ခွဲရန် ဤစီမံချက်က စတင်ပေးခဲ့သည်။<br>¦ နွားမွေးမြူရေး၊ နွားသိုးသားတင် မှတ်တမ်းတင်ခြင်း၊ ဆိတ်အသားတိုး၊ ဆိတ်မွေးမြူရေး၊ ဝက်သိုးသားတင်မှုများကို မြို့နယ် ၆ခုရှိ မွေးမြူရေး တောင်သူများနှင့် ရှေ့ပြေးဆောင်ရွက်ခဲ့ပါသည |
| ၃ | ရွှေလွင်ပြင် အသက်မွေးမှုဖွံ့ဖြိုးရေး ဝန်ဆောင်မှု သမဝါယမ လီမိတက်<br><br>အပူပိုင်းဇုန်တွင် သစ်စိမ်းမြေဩဇာ အသုံးပြုခြင်းနှင့် သီးနှံစနစ်ကို ပြုပြင်ခြင်း ဖြင့် မြေဆီလွှာကို ကောင်းမွန် စေကာ ရေရှည်တည်တံ့သော သီးနှံထွက်နှုန်း ရရှိစေခြင်း<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၇၂၉,၆၃၆<br>(၀၉/၀၅/၁၆)မှ (၃၁/၁၀/၁၈) အထိ<br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်သည် ပခုက္ကူ နှင့် ရေစကြိုမြို့နယ်များရှိ ရွာပေါင်း ၄၂-ရွာတွင် စီမံချက်များ ဆောင်ရွက်နေသည်။<br>¦ ၂၀၁၇ မိုးရာသီတွင် စံပြစိုက်ကွက် ၁၆ကွက် (တစ်မြို့နယ်လျှင် ၈-ကွက်စီ) ကို ထူထောင်ကာ သစ်စိမ်းမြေဩဇာများကို နှိုင်းယှဉ်ပြသခဲ့သည်။ ယင်းစိုက်ကွက်များတွင် တောင်သူကွင်းဆင်းနေ့ ၃၅ကြိမ်ပြုလုပ်ခဲ့သည်။<br>¦ မျိုးစေ့အခက်အခဲများရှိခဲ့ခြင်းသည် တောင်သူများအား မျိုးစေ့ထုတ်လုပ်ရန် တွန်းအားဖြစ်ခဲ့ရာ ၁၃၄ဦးက မျိုးစေ့ထုတ်လုပ်ခဲ့သည်။ စီမံချက်က ၁၈ဦးကို ထောက်ပံ့ခဲ့သည်။<br>¦ ပိုက်ဆံလျှော် မျိုးစေ့ ပြတ်လပ်မှုကြောင့် တောင်သူ ၂,၉၃၅ဦးက သစ်စိမ်းမြေဩဇာအတွက် အခြားသီးနှံများကို စိုက်ပျိုးခဲ့ကြသည်။ |
| ၄ | HelpAge International<br><br>အပူပိုင်းဇုန် လူမှုကာကွယ် စောင့်ရှောက်ရေး<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄,၂၀၀,၀၀၀<br>၁၇/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်ကျေးရွာ ၁၈၀တွင် ဖွံ့ဖြိုးရေးကော်မတီ (Village development committee, VDC)နှင့် လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီ(Social protection committee, SPC) တို့ကို ဖွဲ့စည်းခဲ့သည်။<br>¦ စီမံချက်ကျေးရွာ ၁၈၀မှ အသက်၈၅နှစ်အထက်ရှိသူ ၆၈၈ဦးကို ၂၀၁၇ ဧပြီ လထိ ထောက်ပံ့ခဲ့သည်။ မေလတွင် အစိုးရက အသက်၉၀အထက်ရှိသူများကို လူမှုရေးပင်စင်များ စတင်ပေးအပ်ခဲ့ရာ စီမံချက်ထောက်ပံ့မှုကိုလည်း အသက် ၈၅-၉၀အတွင်း ရှိသူများကို ပေးအပ်ခဲ့သည်။<br>¦ ၂၀၁၇ ဇန်နဝါရီမှစကာ မသန်စွမ်းသူများကို ငွေကြေးထောက်ပံ့ခဲ့ရာ ၂,၃၃၉ဦးမှ ထောက်ပံ့မှုများ ရရှိခဲ့သည်။<br>¦ လူမှုစောင့်ရှောက်ရေး စေတနာ့ ဝန်ထမ်း ၃၆၀ တရွာလျှင် နှစ်ဦး)ကို လေ့ကျင့်ပေးခဲ့သည်။ သက်ကြီးများ၊ မသန်စွမ်းသူများကို စောင့်ရှောက်ရန် ဖြစ်သည်။<br>¦ ကျေးရွာ ၁၈၀က လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက် တင်ပြခဲ့ပြီး ရွာပေါင်း ၁၅၉ရွာက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။<br>¦ အကူပစ္စည်း လေးမျိုးဖြစ်သည့် မျက်မှန်၊ တုတ်ကောက်၊ လေးချောင်း ထောက်၊ ချိုင်းထောက်များကို သက်ကြီးနှင့် မသန်စွမ်းသူ ၈,၀၅၂ဦး (ကျား-၃,၀၆၇၊ မ-၄,၉၈၅) ကို ထောက်ပံ့ပေးခဲ့သည်။<br>¦ စီမံချက်ကျေးရွာ ၁၈၀ သည် ရေရှည် ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး အတွက် ရန်ပုံငွေများ ရရှိခဲ့ရာ (၁) အရေးပေါ်ချေးငွေ (၂) ကျေးရွာ လည်ပတ်ရန်ပုံငွေ / ထိခိုက်လွယ် အိမ်ထောင်စုများ အသက်မွေးမှု လုပ်ငန်း အတွက် အတိုးနည်း ချေးငွေ တို့ ဖြစ်ကြသည်။ ၂၀၁၇ခုနှစ် တွင် အရေးပေါ် ချေးငွေ ကို အိမ်ထောင်စု ၅၇-စု၊ အတိုးနည်း ချေးငွေကို ၁၇,၂၈၄ စုတို့မှ ရရှိခဲ့သည်။<br>¦ ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များ၊ ဖွဲ့စည်းပုံများ ဆိုင်ရာ စစ်တမ်းကို ထုတ်ဝေခဲ့ပြီး ရန်ပုံငွေ ထောက်ပံ့မှု စစ်တမ်း ဆောင်ရွက်ဆဲ ဖြစ်သည်။<br>¦ ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် အစိုးရဝန်ထမ်းများကို လူမှုကာကွယ် စောင့်ရှောက်ရေး၊ ငွေကြေးထောက်ပံ့ရေးဆိုင်ရာ သင်တန်းများ ပေးခဲ့သည်။ သင်တန်းသည် VDC နှင့် SPC များက သက်ကြီး နှင့် မသန်စွမ်းသူများ ငွေကြေးထောက်ပံ့ရာတွင် အထောက်အပံ့ဖြစ်ခဲ့သည်။<br>¦ ငွေကြေး ထောက်ပံ့ရေးဆိုင်ရာ လက်စွဲ စာအုပ်ကို ပြုစုခဲ့သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၅ | နိုင်ငံတကာမြေဩဇာ ဖွံ့ဖြိုးမှုဌာန (IFDC)<br><br>အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှုစီမံချက်<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄၄၆,၀၀၀<br>၀၁/၁၂/၂၀၁၅မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ မြို့နယ် ၆-ခုတွင် တောင်သူသင်တန်း ၁၉၆-ကြိမ်ဖြင့် တောင်သူ ၁၂,၀၂၈ဦးကို သင်တန်းပေးခဲ့သည်။<br>¦ စံပြစိုက်ကွင်း ၁၅၃၃ (မိုးကြို-၂၀၊ မိုး-၄၅၊ ဆောင်း-၈၈ )ကို ထူထောင်ခဲ့သည်။<br>¦ စံပြစိုက်ကွင်း ရိတ်သိမ်းချိန် နှင့် တိုက်ကာ တောင်သူလေ့လာရေးနေ့ ၆၁-ရက် ကျင်းပခဲ့သည်။<br>¦ ကန်ဒေါ်လာ ၃၉၆,၀၀၀ကို သွင်းအားစု နှင့် ဝန်ဆောင်မှုပေးသူ ၅၅ဦးကို စီးပွားရေးလုပ်ငန်း တိုးတက်ရေး အထောက်အပံ့အဖြစ် ပေးအပ်ခဲ့သည်။<br>¦ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ပညာပေး ဝန်ထမ်း နှင့် ကျောင်းသား/ သူ ၁၄၆-ဦးသည် သက်ဆိုင်ရာ မြို့နယ်များတွင် ကျင်းပသည့် တောင်သူ သင်တန်းများ၊ သရုပ်ပြပွဲများတွင် ပါဝင်ခဲ့ကြသည်။<br>¦ တောင်သူသင်တန်း တက်ရောက်ခဲ့ကြသည့် တောင်သူ စုစုပေါင်း ၁၂,၀၂၈ဦး (အမျိုးသမီး ၃,၉၅၀)သည် တဦးလျှင် ကျပ် ၁၃၀၀၀ (ကန်ဒေါ်လာ၁၀)နှုန်း ရရှိခဲ့ကြသည်။ သွင်းအားစု ဘောက်ချာ စုစုပေါင်း ကျပ် ၁၅၆,၄၀၀,၀၀၀ (ကန်ဒေါ်လာ ၁၁၅,၄၂၄) ဖိုး ထုတ်ပေးခဲ့သည်။<br>¦ သွင်းအားစု နှင့် ဝန်ဆောင်မှုပေးသူ (Inputs and services providers, ISP) အစည်းအဝေးများကို မြို့နယ် ၆-ခု တွင် ကျင်းပခဲ့ပြီး ISP အဖွဲ့ခွဲများ၊ ISP သမဝါယမအသင်း ဖွဲ့စည်းခဲ့သည်။<br>¦ မြို့နယ် ၃-ခု မှ ISP ၇ဖွဲ့သည် New Holland ကွင်းဆင်း ဝန်ဆောင်မှုပေးခြင်း သင်တန်းကို တက်ရောက်ခဲ့သည်။<br>¦ မြို့နယ် ၆-ခုတွင် ဓာတ်မြေဩဇာ ဆန်းစစ်ချက် ပြုလုပ်ခဲ့သည်။ |
| ၆ | Lodestar Co., Ltd. / Social Policy and Poverty Research Group (SPPRG)<br><br>ရပ်ရွာအခြေပြုလူမှုကာကွယ် စောင့်ရှောက်ရေး စနစ်များ - ကနဦး စီမံချက်၏ ထိရောက်မှု<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၈၇၉,၂၈၇<br>၃/၆/၂၀၁၅ မှ ၂/၆/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၇ တွင် စုစုပေါင်း အမျိုးသမီး/၂ နှစ်အောက် ကလေး ၁၆၆၈ဦးသည် MCCT ပံ့ပိုးမှုများ ရရှိခဲ့ကြသည်။<br>¦ ကျေးရွာ ၂၀-ရွာသည် လူမှုကာကွယ်စောင့်ရှောက်ရေးသင်တန်း နှင့် မတည်ငွေများ ရရှိခဲ့သည်။<br>¦ မတည်ငွေများမှ ကျပ်-၅၂သန်း (ကန်ဒေါ်လာ ၃၈,၃၇၆) တန်ဖိုးရှိ လူမှုရေး အထောက်အပံ့များ ပေးအပ်နိုင်ခဲ့သည်။<br>¦ ကိုယ်ဝန်ဆောင်နှင့် ၂နှစ်အောက် ကလေးများအား MCCT ထောက်ပံ့မှုကို ရွာ၄၀တွင် စတင်နိုင်ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ် ဒီဇင်ဘာတွင် မြောင်မြို့နယ်၌ စီမံချက် ပြန်လည်သုံးသပ်သည့် အခမ်းအနားကို ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ နှင့် CBအဖွဲ့ ၄၀-ဖွဲ့တို့က တက်ရောက်ခဲ့ကြသည်။ |
| ၇ | Myanmar Professional Social Worker Association (MPSWA)<br><br>ထိခိုက်လွယ်သော ရပ်ရွာတို့၏ အာဟာရ အဆင့်အတန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တိုးတက်စေခြင်း။<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၇၈၂,၄၃၂<br>၇/၄/၂၀၁၆ မှ ၃၀/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ရပ်ရွာအခြေပြု အာဟာရ တိုးတက်ရေးအဖွဲ့ (Community-based nutrition promotion groups, CBNPGs) ၉၀ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။<br>¦ CBNPG ၉၀ဖွဲ့မှ အဖွဲ့ဝင် ၄၂၆ဦးသည် စီမံချက်၏ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များကို မိတ်ဆက်ပေးသည့် သင်တန်းများ တက်ရောက်ခဲ့သည်။ CBNPG များကို မိမိကိုယ်မိမိ ထောက်ပံ့နိုင်ရန်၊ အာဟာရ အလေ့အကျင့်ကောင်း များကို ရပ်ရွာက အတုယူနိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ရေး သင်တန်းများ ပေးခဲ့သည်။<br>¦ အာဟာရ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ ကို စီမံချက်ရွာ ၉၀-ရွာ လုံး တွင် ပြုလုပ်ခဲ့သည်။ အတက်ကြွဆုံးပါဝင်ခဲ့သည့် CBNPG အဖွဲ့ ၂၀ကို ရွေးကာ အသေးစား အာဟာရ ဆိုင်ရာ ဖွံ့ဖြိုးမှု စီမံချက်များ အကောင်အထည်ဖော်စေခဲ့သည်။<br>¦ ၂၀၁၇ခုနှစ် တွင် MPSWAမှ အာဟာရမြှင့်တင်ရေး စည်းရုံးသူများက ရပ်ရွာအာဟာရ အသိ ပညာပေးရေး လှုပ်ရှားမှု ၉၇၃-ကြိမ် ပြုလုပ်ခဲ့ရာ အကျိုးခံစားခွင့်ရှိသူ ၄၃,၃၂၁ တက်ရောက်ခဲ့ပြီး ကလေး အာဟာရ အသိပညာပေးရေး ၄၄၄-ကြိမ် ပြုလုပ်ရာ စုစုပေါင်း ကလေး ၂၈,၉၈၃ဦး တက်ရောက်ခဲ့သည်။<br>¦ CBNPGများသည် အသက် နှစ်နှစ်အောက်ကလေး ၁,၄၉၄ဦး၏ ကိုယ်အလေးချိန်/ ကြီးထွားမှုကို လေ့လာစောင့်ကြည့်ခဲ့သည်။ အာဟာရချို့တဲ့ပါက အပိုဆောင်း အစားအစာများ ကျွေးမွေးခဲ့သည်။ အခြေအနေမတိုးတက်ပါက အခြေခံကျန်းမာရေးလုပ်သားများနှင့် တိုင်ပင်ရန် တိုက်တွန်းခဲ့သည်။<br>¦ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင် နှင့် အသက်နှစ်နှစ်အောက်ကလေး မိခင် ၂,၉၅၇ဦးသည် အဖွဲ့ငယ် ၄၀၆ဖွဲ့ ဖွဲ့ကာ အတွေ့အကြုံများကို မျှဝေခဲ့ကြသည်။ |
| ၈ | Save the Children<br><br>သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒအပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်း ဆောင်ရွက်ခြင်း။<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၉၄၂,၈၄၂<br>၁၁/၁၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၇ခုနှစ်တွင် PGMF ပုံစံဖြင့် ဆောင်ရွက်သည့် ထပ်တိုးရွာ ၅၀ကို စီမံချက်လုပ်ငန်းများ တိုးချဲ့ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ် မေလတွင် အစားအသောက်ကုန်ကျစရိတ်များနှင့်ပတ်သည့် ဆန်းစစ်မှုကို ပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာလတွင် MCCT ပံ့ပိုးမှုကို ကျပ် ၁၀,၀၀၀ (ကန်ဒေါ်လာ ၇) မှ ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၁) သို့ တိုးမြှင့်ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ် ဇူလိုင်လတွင် စီမံချက်ဝန်ထမ်းများကို အသက် ၂နှစ်အောက် ကလေးသူငယ်များအား အစာကျွေးခြင်း (ရပ်ရွာအဆင့်) သင်တန်းများပေးခဲ့ပြီး ၂၀၁၇ခုနှစ် ဩဂုတ်လတွင် စီမံချက် ဝန်ထမ်းများမှတဆင့် SBCC နှင့် MCCT ကျေးရွာများမှ စေတနာ့ဝန်ထမ်း ၄၈၂ ဦး (မ-၄၂၀၊ ကျား-၆၂) ဦး များကို ဆင့်ပွားသင်တန်း ပေးခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်တွင် စီမံချက် ကာလလယ်သုံးသပ်ချက်ကို IPA နှင့် LIFT က ဆောင်ရွက်ခဲ့သည်။<br>¦ IPA က ဆောင်ရွက်ခဲ့သည့် စီမံချက် ကာလာလယ် စစ်တမ်းအရ အမျိုးသမီး ၉၉ ရာခိုင်နှုန်းကျော်က ငွေအသုံးပြုမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်ဟု တင်ပြကြသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၉ | Terre des Hommes (TdH)<br><br>ဟင်းသီးဟင်းရွက်မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာသော နည်းပညာအသစ်များ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၁,၃၁၈,၅၁၉<br>၁/၂/၂၀၁၄ မှ ၃၁/၇/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်သည် ၂၀၁၇ ဖေဖော်ဝါရီမှ ၂၀၁၈ ဇူလိုင်ထိ ၁၈လအတွက် ဘတ်ဂျက်ထပ်မံတိုးခြင်းမရှိဘဲ စီမံချက်သက်တမ်းကိုသာ တိုးချဲ့ခဲ့သည်။<br>¦ တောင်သာ နှင့် မြင်းခြံမှ ၁၄ရွာကို ရွေးချယ်ခဲ့သည်။<br>¦ ဖန်လုံအိမ် (အမိုးလုံ) ဆောက်လုပ်မှု နှင့် သင်တန်း၉၇ကြိမ်ဖြင့် တောင်သူ စုစုပေါင်း ၄၁၆ဦး ( အမျိုးသမီး ၇၂ဦး) ကို သင်ပြပေးခဲ့သည်။<br>¦ သုံးရက်သင်တန်းပေးပြီးနောက် ဦးတည်ထားသည့် ရွာတိုင်းတွင် မြေမဲ့စိုက်စနစ်၊ ရေပေးရေးစနစ်များကို ထူထောင်ခဲ့သည်။<br>¦ ရေအသုံးပြုရမှုနည်းသည့် ဒီဇိုင်းသစ်(ချိတ်ဆက်ကွေ့ကောက် - zig zag)ကို စတင်ခဲ့သည်။<br>¦ ဦးတည်ထားသည့် ရွာတိုင်းတွင် ထုတ်လုပ်သူ အဖွဲ့များ ဖွဲ့စည်းခဲ့သည်။<br>¦ ရောင်းချရန်အတွက် ၀.၈၈ဧက ကျယ်သည့် ရေအစက်ချစိုက်ပျိုးနည်း ပညာပေး စိုက်ကွက်ကို မြင်းခြံမြို့နယ်တွင် ထူထောင်ခဲ့သည်။<br>¦ အထက်ပါ စိုက်ကွက်မှ ဟင်းသီး ဟင်းရွက် ၃,၈၅၃ ကီလိုကို ရောင်းချသဖြင့် ကျပ် ၉၄၅,၀၉၅ (ကန်ဒေါ်လာ ၆၉၇) ရရှိခဲ့သည်။ |
| ၁၀ | United Nations Economic and Social Commission for Asia and the Pacific (UNESCAP)<br><br>ဘက်စုံကျေးလက် စီးပွား လူမှုဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၁,၁၀၄,၉၀၅<br>၁/၂၀၁၄ မှ ၆/၂၀၁၇ အထိ<br>*ဆောင်ရွက်ဆဲ* | အစီရင်ခံကာလအတွင်း ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများ<br>¦ ပဲတီစိမ်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှု ဆိုင်ရာ အကောင်းဆုံး နည်းနာများ<br>¦ မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းမှု၏ စီးပွားရေး စီမံခန့်ခွဲမှု<br>¦ မြန်မာနိုင်ငံ အပူပိုင်းဇုန်ရှိ ရာသီဥတုဒဏ်ခံ စိုက်ပျိုးစိုက်ပျိုးရေးအတွက် ဒေသခံများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆိုင်ရာ ပတ်သက်သူပေါင်းစုံ ပါဝင်သော တွေ့ဆုံဆွေးနွေးပွဲ<br>¦ မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးမှု တိုးချဲ့ ဆောင်ရွက်ရေးဆိုင်ရာ ပတ်သက်သူပေါင်းစုံ ပါဝင်သော တွေ့ဆုံဆွေးနွေးပွဲ<br>¦ အားလုံးပါဝင်ရေးဆွဲသည့် ကျေးလက်ဒေသ အကဲဖြတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ<br>¦ ရာသီဥတုဒဏ်ခံ စိုက်ပျိုးရေးအတွက် ဒေသဆိုင်ရာ စီမံချက်ရေးဆွဲရန် ထောက်ပံ့မှု |
| ၁၁ | UN-Habitat<br><br>ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ မှ ပိုမို ကျန်းမာသော ရပ်ရွာများသို့<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br>၁၅/၀၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ရေနှင့်သန့်ရှင်းရေး ကော်မတီ ၂၁၂ (ကော်မတီဝင် ၂,၁၃၂)ကို သင်တန်းပေးခဲ့သည်။<br>¦ ၁၅၇ရွာအတွက် သောက်ရေထောက်ပံ့ရေးအတွက် ကန်ဆောက်လုပ်/ ပြင်ဆင်ခြင်း၊ တန်ဖိုးနည်း ယင်လုံအိမ်သာ စံပြဆောက်လုပ်ခြင်းများ စတင်ဆောင်ရွက်ခဲ့သည်။<br>¦ ယင်လုံအိမ်သာ ဆောက်လုပ်ရေး သင်တန်း ၆ကြိမ် ဖွင့်လှစ်ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်တွင် လက်ဆေးနေ့ ၂၁၂ပွဲ၊ ကမ္ဘာ့အိမ်သာနေ့ ၂၁၂ပွဲ ကို ကျေးရွာများတွင် ကျင်းပခဲ့သည်။<br>¦ ၂၀၁၇နှစ်ကုန်တွင် စီမံချက်မှ အရည်အသွေးပြည့်မီသည့် သောက်သုံးရေကန်များ၊ သင်တန်းများ၊ အိမ်သာများ ပံ့ပိုးမှုသည် အကျိုးခံစားရသူ ၁၃၈,၀၅၃ဦးကို ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ |
| ၁၂ | PACT<br><br>အပူပိုင်းဇုန်ရှိ အရပ်ဘက် လူမှု အဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေ ထောက်ပံ့မှု<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၂,၁၉၉,၅၀၀<br>၁/၀၃/၂၀၁၇မှ ၃၀/၀၆/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ အဆိုပြုလွှာ ၃ကြိမ်ခေါ်ယူရာတွင် ကျောက်ပန်းတောင်း၊ စလင်း၊ ဆိပ်ဖြူ၊ ညောင်ဦး၊ တောင်သာ ၊ ပခုက္ကူ၊ ရေစကြို တို့မှ တင်ပြခဲ့သည်။<br>¦ Pact သည် စရိတ်ပြန်ထုတ်ပေးထောက်ပံ့ငွေ အတွက် အဆိုပြုလွှာ ၄၉စောင်၊ ပံ့သေထောက်ပံ့ငွေ အတွက် အဆိုပြုလွှာ ၁၀၇စောင် လက်ခံရရှိခဲ့သည်။<br>¦ Pact သည် စရိတ်အတွက် ၂၂စောင်နှင့် ပံ့သေအတွက် ၂၃စောင် ကို ရွေးချယ်ခဲ့ပြီး ၂၀၁၈မတ်လတွင် ထောက်ပံ့ငွေ ထုတ်ပေးမည် ဖြစ်သည်။<br>¦ တတိယအသုတ်အတွက် အဆိုပြုလွှာများကို ရွေးချယ်ဆဲဖြစ်ပြီး မတ်လဆန်းပိုင်းတွင် ရွေးချယ်ပြီးစီးမည် ဖြစ်သည်။ |
| ၁၃ | IWMI<br><br>ပျော့ရွှာ မြစ်ရေတင် စီမံချက် ပြင်ဆင်မွမ်းမံ အကောင်ထည်ဖော်ခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၁၂၂,၃၁၅<br>၆/၁၂/၂၀၁၆ မှ ၃၁/၀၃/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် စီမံချက် ကနဦး အစည်းအဝေးကို ကျင်းပခဲ့ရာ စီမံ ခန့်ခွဲရေးအဖွဲ့၊ အစိုးရ အရာရှိများ၊ တောင်သူများ စသည့် ပတ်သက်ဆက်နွယ်သူ ဒေသခံ ၄၅ဦးဖြင့် နေရာတွင် ကျင်းပခဲ့သည်။<br>¦ လက်ရှိ စိုက်ပျိုးနည်းစနစ်များ၊ မြေပိုင်ဆိုင်မှု၊ အခြား ရေအရင်းအမြစ်များ၊ စီမံကိန်း လက်လှမ်းမီမှု၊ လုပ်ငန်း နှင့် စိန်ခေါ်မှုများ စသည်ကို နားလည်ရန် အကြို ကနဦး စစ်တမ်း နှင့် အိမ်ထောင်စုစစ်တမ်းကို ကောက်ယူခဲ့သည်။ စီမံချက်ရွာတိုင်းမှ ရေသွင်း/ မသွင်း စိုက်ပျိုးသူ တောင်သူ ၄၉၃ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။<br>¦ နေပြည်တော်တွင် ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှု ဦးစီးဌာန (Irrigation and Water Utilization Management Departmentယ IWUMD) နှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို နှစ်ကြိမ်ပြုလုပ်ခဲ့သည်။<br>¦ လယ်ကြားမြောင်းများ၊ ရေတံခါးများကို မြေပုံတင်ရန် IWUMDနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။<br>¦ ၂၀၁၇မေလတွင် ပျော့ရွာ၌ နွေစပါးအတွက် မြေသြဇာတောင့် အသုံးပြုမှု စမ်းသပ် ဆောင်ရွက်ခဲ့သည်။<br>¦ WHHအဖွဲ့သည် အခြား သီးနှံများဖြစ်သည့်- ကြက်ဟင်းခါးသီး၊ နနွင်း၊ သခွော်၊ ကျောက်ဖရုံ၊ ခရမ်း၊ ငရုတ်တို့ကို စတင်စိုက်ပျိုးစေခဲ့ရာ ကနဦး ရလဒ်ကောင်းများရှိသဖြင့် တောင်သူများက ဆက်လက်စိုက်ပျိုးမည် ဖြစ်သည်။ |
| ၁၄ | UNOPS<br>ပျော့ရွှာ မြစ်ရေတင် စီမံချက် ပြင်ဆင်မွမ်းမံ အကောင်ထည်ဖော်ခြင်း<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၃,၉၀၀,၀၀၀<br>၂၀၁၇ ဇူလိုင်မှ၂၀၁၈ ဒီဇင်ဘာ ၃၁ ရက် အထိ<br>*ဆောင်ရွက်ဆဲ* | ၂၀၁၇ တွင် အောက်ပါတို့ကို ဆောင်ရွက်ခဲ့သည်-<br>¦ မြေသားအသစ်ဖို့ပြီး ပင်မမြောင်း ကို ပြုပြင်ခြင်း<br>¦ ပင်မမြောင်း အချို့နေရာများ၌ ကွန်ကရစ်လောင်းခြင်း<br>¦ ပင်မမြောင်း ကျောက်စီခြင်း<br>¦ ပင်မမြောင်းစနစ်တွင် ရေစီး၊ ရေကျ စနစ်များများ တည်ဆောက်ခြင်း<br>¦ ရေတံခါးများ ပြင်ခြင်း၊ နေရာ ပြန်လည်ချထားခြင်း<br>¦ ရေတင်စက်များကို အဆင့်မြှင့်တင်ခြင်း<br>¦ |

၉.၄.၃

## ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ဒေသရှိ စီမံချက်ခြောက်ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | CARE Myanmar<br><br>ရသေ့တောင်မြို့နယ်ရှိရပ်ရွာများ၊ အိမ်ထောင်စု များတွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ စည်းလုံးရေးအတွက် ထောက်ပံ့ခြင်း<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၃,၅၁၉,၁၄၇<br>၁/၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ဆိတ်ဘဏ်/စုပေါင်း ဆိတ်မွေးမြူရေးလုပ်ငန်း တစ်ခုဖွင့်ကာ ရခိုင် ၉၀ဦး နှင့် မွတ်စ်လင်မ် ၇၀ဦး တို့က ဒေသဆိတ်များကို LIFT၏ အထောက်အပံ့ဖြင့် ဝယ်ယူခဲ့ကြသည်။<br>¦ ရခိုင် ၁၀၅ဦး နှင့် မွတ်စ်လင်မ် ၉၂ဦး တို့က မွေးမြူရေး သင်တန်းများ တက်ခဲ့ကြသည်။<br>¦ သင်တန်းကို LIFT၏ ပံ့ပိုးမှုဖြင့် မြို့နယ် မွေးမြူရေး နှင့် ကုသရေး ဦးစီးဌာနက ပို့ချခဲ့သည်။<br>¦ ဤစီမံချက်လုပ်ငန်းများတွင် အမျိုးသမီး ပါဝင်မှုနှုန်း မြင့်မားပါသည်။<br>¦ ၂၀၁၇ခုနှစ် ဩဂုတ်လအတွင်း ပဋိပက္ခများကြောင့် စီမံချက်လုပ်ငန်းများ ရပ်တန့်ခဲ့ရသည်။ မြန်မာအစိုးရက ထိုနယ်မြေသို့ ဝင်ခွင့်တားမြစ်ထားခဲ့သည်။<br>¦ |
| ၂ | Danish Refugee Council DRC and Norwegian Refugee Council NRC<br><br>ရခိုင်ပြည်နယ်ရှိနေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့်စခန်းပြင်ပမှ လူငယ်များအတွက် အသက်မွေးမှု ပညာသင်တန်းများနှင့် အသက်မွေး ဝမ်းကျောင်းမှု အခွင့်လမ်းများ ပံ့ပိုးခြင်း<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၂,၆၄၈,၂၂၃<br>၁/၆/၂၀၁၆ မှ ၃၁/၅/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စစ်တွေ IDPစခန်း ၄ခုတွင် ရခိုင် နှင့် မွတ်စ်လင်မ် ရွာသားများ အတွက် အသက်မွေးမှု သင်တန်းများကို ၂၀၁၆ တွင် စတင်ခဲ့ပြီး ၂၀၁၇ တွင် တိုးတက်မှုများ ရရှိခဲ့သည်။<br>¦ လူငယ်ပညာပေးဌာန နှစ်ခုကို ဆေးသမားကြီး နှင့် မိုးသီးညာ စခန်းများတွင် ဖွင့်လှစ်ခဲ့သည်။<br>¦ စခန်းများ၏ ဈေးကွက်အခြေအနေကို ဆန်းစစ်ချက်အရ ပန်းရံ၊ ရေရှည်အထားခံသည့် အစားစာများ ထုတ်လုပ်ခြင်း၊ စက်ကိရိယာအငယ်စား ထိန်းသိမ်းရေး၊ လက်သမား၊ ပန်းထိုးကျွမ်းကျင်မှုများကို သင့်လျော်လိုအပ်ကြောင်း တွေ့ရသည်။<br>¦ ၂၀၁၇နှစ်ကုန်တွင် ဘဝနေထိုင်မှုဆိုင်ရာ ရက်တိုသင်တန်းများမှ သင်တန်းသား ၁,၆၄၇ဦး (အမျိုးသမီး၅၃%) သင်တန်းဆင်းခဲ့သည်။<br>¦ IDPစခန်းမှ လူငယ်များသည် ခက်ခဲသည့် အခြေအနေဆိုးများနှင့် တွေ့ကြုံခဲ့ရသော်လည်း ဤသင်တန်းက အထောက်အကူ ပေးနိုင်ခဲ့သည်။ ထို့ပြင် အပြည့်အဝ အသက်မွေးမှု အတတ်သင်တန်း အစီအစဉ်တခုကို မည်သို့ ဆောင်ရွက်ရမည်ကိုပါ လမ်းညွှန် နိုင်ခဲ့၊<br>¦ ရွေ့လျားအသက်မွေးမှုအတတ်သင်တန်းမှ လူငယ် ၄၁၀ ဦး သင်တန်း ဆင်းခဲ့ရာ တက်ရောက်ခဲ့သူ ထက်ဝက်မှာ အမျိုးသမီးဖြစ်ကြသည်။<br>¦ သင်တန်းတက်လိုကြောင်း၊ လုပ်ငန်းထူထောင်လိုကြောင်း မွတ်စ်လင်မ် အမျိုးသမီးများက ပို၍ ဖွင့်ဟပြောဆိုကြသည်။<br>¦ ရခိုင်မြောက်ပိုင်းဒေသမှ ရခိုင် နှင့် မွတ်စ်လင်မ် ရွာသားများ အသက်မွေးမှုအတတ်သင်တန်းမှာ တစ်ကြိမ်သာ ပြီးမြောက်ခဲ့သည်။<br>¦ ၂၀၁၇ဩဂုတ်လ ပဋိပက္ခများကြောင့် ရခိုင်မြောက်ပိုင်း ဒေသ မှ ဤစီမံချက်လုပ်ငန်းများ ရပ်တန့်ခဲ့သည်။ မြန်မာအစိုးရက ထိုနယ်မြေသို့ ဝင်ခွင့်တားမြစ်ထားခဲ့သည်။ |
| ၃ | PACT<br><br>ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်သော ငွေရေးကြေးရေးစီမံချက် (RAFIN)<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၈,၃၀၀,၀၀၀<br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ နွမ်းပါးသူ အကျိုးပြု၊ နွမ်းပါးသူများကို ဦးတည်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးချေးငွေ၊ အသေးစား စီးပွားရေးချေးငွေ၊ စုငွေ စသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စီမံချက်က ဆက်လက်ဆောင်ရွက်ခဲ့သည်။<br>¦ ၁,၉၁၇ရွာမှ အိမ်ထောင်စု ၅၉,၀၇၄-စု (၉၈%အမျိုးသမီး)ထံ သို့ ရောက်ရှိခဲ့သည်။<br>¦ ၂၀၁၇တွင် ကန်ဒေါ်လာ ၁၀.၄သန်းကို ထုတ်ချေးခဲ့ရာ အများစုမှာ အသေးစား စီးပွားရေး လုပ်ငန်း စတင်/တိုးချဲ့ရန်ဖြစ်ကြသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | Save the Children, IRC, Oxfam/ Scholar Institute, BLO, CARE for M&E<br><br>တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း -၂<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂၃,၇၁၆,၄၄၀<br><br>၁/၁/၂၀၁၆မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ LIFTရန်ပုံငွေဘုတ်အဖွဲ့သည် တက်လမ်း-၂ကို ဘတ်ဂျက် ကန်ဒေါ်လာ ၂၄သန်းခန့်ဖြင့် ၂၀၁၆ဇန်နဝါရီမှ ၂၀၁၈ ဒီဇင်ဘာလ အထိ ဆောင်ရွက်ရန် အတည်ပြုခဲ့သည်။<br>¦ မိတ်ဖက်များမှာ တက်လမ်း-၁များမှ မိတ်ဖက်များ ဖြစ်ကြပြီး IRC၊ Save the Children၊ Oxfam၊ Better Life Organisation တို့ဖြစ်ပြီး Care International မှ M&E ကို ဆောင်ရွက်ပါသည်။<br>¦ ရွာအသစ်များ၊ ကဏ္ဍအသစ်များ ထပ်တိုးကာ MCCT နှင့် WASH လုပ်ငန်းများကို ပေါက်တော၊ မင်းပြား နှင့် မြေပုံတို့တွင် တိုးချဲ့မည်။<br>¦ ထိခိုက်လွယ်သော ၂၅၉-ရွာ တွင် လယ်ဧက ၃၃,၂၀၃ကို ကာကွယ် ရန် တာရိုး ၂၆၀ ကီလိုမီတာကို တည်ဆောက်ခဲ့ပြီး စိုက်ပျိုးနည်းသစ်များကိုလည်း သင်တန်းပေးခဲ့သည်။<br>¦ မင်းပြား နှင့် မြေပုံမှ ၇၇%သော တောင်သူများ စိုက်နည်းသစ်များ ကို သင်တန်းတက်ခဲ့ကြပြီး တက်လမ်းမှ သင်ယူလာသော စိုက်နည်းသစ် တစ်ခု သို့မဟုတ် တစ်ခုထက်မက အသုံးပြုနေကြောင်း ပြောပြကြသည်။<br>¦ ကန်ဒေါ်လာ ၅.၂သန်းကို တာရိုးများအတွက် ရင်းနှီးမြှုပ်နှံခဲ့သည်။ ပျမ်းမျှအားဖြင့် ရခိုင်တောင်သူတစ်ယောက်သည် လယ်မြေ ၃-ဧကမှ ၅-ဧကကို ပိုင်ဆိုင်သောကြောင့် တာရိုးများဖြင့် ကာကွယ်ထားသော ဧရိယာသည် အိမ်ထောင်စု ၆,၆၄၀မှ ၁၁,၀၆၈ကို အကျိုးပြုပြီး ထိုအိမ်ထောင်စုများသည် တစ်ဧကလျှင် ဝင်ငွေ ကန်ဒေါ်လာ ၁၀၀မှ ၃၀၀ထိ ရရှိကြသည်။ ဧက ၃၂,၈၉၀အတွက် ရခိုင်ကျေးရွာများ၏ ပျမ်းမျှဝင်ငွေတိုးမှုမှာ ကန်ဒေါ်လာ ၆.၆သန်း ဖြစ်သည်။ တာရိုးများမှာ ၁၀နှစ်ထိ တာရှည်ခံသဖြင့် ငွေကြေးကုန်ကျရကျိုးနပ်ပါသည်။<br>¦ အလုပ် နှင့် ငွေ ဖလှယ်ခြင်းဖြင့် တာရိုးများ တည်ဆောက်ရာတွင် လုပ်သား ၃၇,၁၇၀ကျော် အလုပ်ရရှိခဲ့ကြသည်။ ယင်းတွင် ၅၅%ကျော်မှာ အမျိုးသမီးများဖြစ်ပြီး အမျိုးသားများနှင့် တန်းတူ လုပ်ခရရှိခဲ့သည်။<br>¦ LIFTသည် ၂၀၁၃ခုနှစ် ကတည်းက ရခိုင်တွင် ကျေးရွာ ငွေစုငွေချေးအသင်းများ (Village saving and loan association, VSLA) များကို ထောက်ပံ့လျက်ရှိသည်။<br>¦ ရွာပေါင်း ၂၀၃ရွာတွင် VSLA ၃၇၁ဖွဲ့ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကန်ဒေါ်လာ ၁.၃သန်းကိုစုကာ ကန်ဒေါ်လာ ၂.၃သန်းခန့် ထုတ်ချေးခဲ့သည်။<br>¦ ပြန်ဆပ်နှုန်းမှာ ၈၇%ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူ ၈၂%မှာ အမျိုးသမီးဖြစ်သည်။<br>¦ အကျိုးခံစားခွင့်ရှိသူ ၁၁,၃၅၃ (ကျား၃,၃၀၃၊ မ ၈,၀၅၀)ရှိသည့် VSLA တွင် ငွေရေးကြေးရေးပညာပေးခြင်းသည်လည်း ဦးစားပေးတခုအဖြစ် ပါဝင်သည်။ ကလေးများ၊ လူငယ်များအတွက် ရုပ်ပြဝတ္ထု နှင့် ဇာတ်လမ်းစာအုပ်များကို သီးခြား ထုတ်လုပ်ကာ ပညာပေးခဲ့သည်။<br>¦ အစီရင်ခံသည့် အချိန်အတွင်း အထူးခြားဆုံးမှာ တက်လှမ်း၏ အာဟာရကဏ္ဍ ဖြစ်ပါသည်။<br>¦ MCCT ပံ့ပိုးမှုများတွင် မင်းပြား၊ မြေပုံမြို့နယ်တို့မှ ၁၀၂ရွာ ထပ်မံ ပါဝင်ခဲ့သည်။ လက်ရှိအချိန်ထိဆိုလျှင် ရခိုင်ဒေသမှ ကိုယ်ဝန်ဆောင်နှင့် မိခင် ၁၀,၇၄၃ကျော်မှာ MCCT ထောက်ပံ့ငွေ ကျပ်၁၅၀၀၀ကို လစဉ် ရရှိခဲ့ကြသည်။<br>¦ ကိုယ်ဝန်ဆောင်စဉ် နှင့် မွေးဖွားပြီးနောက် အစားအသောက် နှင့် အာဟာရဆိုင်ရာ ပညာပေးလှုပ်ရှားမှုများသည် အမျိုးသမီးများနှင့် နှစ်နှစ် အောက်ကလေးငယ်မိခင်များ ၂၈,၀၄၆ဦးထံသို့ ရောက်ရှိခဲ့သည်။<br>¦ တက်လမ်း၏ အာဟာရ လုပ်ဆောင်ချက်များကြောင့် ခြောက်လထိ ကလေးငယ်များကို မိခင်နို့သက်သက် တိုက်ကျွေးမှု၏ အရေးပါပုံ ကို ပိုမိုသိရှိလာကြသည်။ အသက်အလိုက် ကျွေးမွေးမှုကို သိသည့် အိမ်ထောင်စုမှာ ၂၈ မှ ၅၉%ထိ တိုးတက်လာခဲ့သည်။ |
| ၅ | ILO<br><br>အသက်မွေးမှု၊ စီးပွားရေး အခွင့်အလမ်း၊ လုံခြုံမှုတို့ ကောင်းမွန်ရေးအတွက် ကျွမ်းကျင်မှု<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၄၉၄,၉၈၃<br>၀၄/၀၇/၂၀၁၇မှ ၃၀/၀၆/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်၏ ပထမခြောက်လတွင် စီမံချက် မိတ်ဖက်များ၊ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအရာရှိများနှင့် မိတ်ဆက်ခြင်း၊ တိုင်ပင်ခြင်းစသည့်တိုကို အလေးထားဆောင်ရွက်ခဲ့သည်။<br>¦ စီမံချက်မန်နေဂျာ ခေါ်ယူခဲ့သည်။ နိုင်ငံသား စီမံချက် ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ အုပ်ချုပ်မှု/ဘဏ္ဍာရေး ဝန်ထမ်းများ ခေါ်ယူရေးကို စတင်ခဲ့သည်။<br>¦ လုပ်အားဈေးကွက် ဆန်းစစ်ချက်၊ အစိုးရနည်းပညာကျောင်းများ ဆန်းစစ်ချက် ခေါ်ယူရန် ရည်ညွှန်းအချက်အလက်ပြင်ဆင်မှုများ ပြီးစီးခဲ့သည်။<br>¦ ဆန်းစစ်ချက်များအတွက် တင်ဒါလုပ်ငန်းစဉ် ပြီးစီးပြီး ရခိုင် အစိုးရ ပုဂ္ဂလိက ကဏ္ဍများနှင့် မိတ်ဖက်ပြုရေး စစ်တမ်းဆောင်ရွက်ရန် အကြံပေး လုပ်ငန်းနှစ်ခုကို ရွေးချယ်ခဲ့ကာ ၂၀၁၈နှစ်ဆန်းတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ |
| ၆ | Mercy Corps (in partnership with Swiss Contact)<br><br>နွမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက်ဈေးကွက် ပြုလုပ်ပေးခြင်း (MVMW)<br><br>၆/၂၀၁၆ မှ ၃၁/၀၃/၂၀၁၇ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၇ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ဟင်းသီးဟင်းရွက်ကဏ္ဍ ဈေးကွက်အခြေနေရေးဆွဲခြင်းများ ပြီးစီးခဲ့သည်။ ဘောက်ချာစနစ်သည် တောင်သူ ၂၅၄ဦးကို စိုက်နည်းသစ်၊ အရည်သွေးကောင်း သွင်းအားစုသစ်များ အသုံးပြုရန် တွန်းအားပေးနိုင်ခဲ့ကာ တောင်သူ ၇၄ဦး နှင့် စံပြစိုက်ကွက် ၈၉ကွက် ထူထောင်ခဲ့သည်။<br>¦ ဘူးသီးတောင်၊ မောင်တော အပါအဝင် စိုက်ပျိုးရေး ဦးစီးဌာနမှ ပညာပေးဝန်ထမ်း ၁၁၃ဦးကို စိုက်နည်းကောင်းများနှင့် ဆိုင်သည့် သင်တန်းများ ပေးနိုင်ခဲ့သည်။ |

၉.၄.၄
## ၂၀၁၇ ခုနှစ်အတွင်း တောင်တန်းဒေသရှိ စီမံချက် ၁၂ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ICRAF (World Agroforestry Centre)<br><br>ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးမည့်သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်းနည်း<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄၀၀,၄၇၀<br>၂၂/၁၀/၂၀၁၄ မှ ၂၈/၂/၂၀၁၇ အထိ<br>*ပိတ်သိမ်းပြီး* | ¦ နိုက်ထရိုဂျင်ထိန်းသိမ်းသော အပင်များဖြင့် စံပြစိုက်ကွက်နစ်ကွက်ကို ချင်း နှင့် ရှမ်း ပြည်နယ်တို့တွင် ထူထောင်ခဲ့သည်။ ဒေသခံမိတ်ဖက် အရုဏ်ဦး(AYO) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရပ်ရွာ ဖွံ့ဖြိုးရေး စီမံချက် (ECCDI) တို့က စံပြကွက်များ ထိန်းသိမ်းလျက်ရှိသည်။<br>¦ စံပြစိုက်ကွက်များကို ဒေသခံ သစ်တောအသုံးပြုသူများအုပ်စုသို့ တရားဝင် လွှဲအပ်ပေးခဲ့သည်။<br>¦ ICRAF က စိုက်ကွက်များမှ မှိုရိုင်းများကို ဖော်ထုတ်ကာ စားသုံးနိုင်မှု၊ ဈေးကွက်ဝင်နိုင်မှု လေ့လာမှု အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။<br>¦ ဒေသတွင်း မှိုမျိုးများကိုဖော်ထုတ်ရန် ဒေသခံများကို လေ့ကျင့်ပေးပြီး မှိုထုတ်လုပ်မှုကို မိတ်ဆက်ခဲ့သည်။ |
| ၂ | TAG International<br><br>Plan Bee: ရှမ်းပြည်နယ်တောင်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းနှင့် ပျားရည် ထုတ်လုပ်ခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၁,၈၆၉,၉၆၇ (သက်တမ်းတိုး)<br>၂၃/၁၀/၂၀၁၃မှ ၃၀/၅/၂၀၁၉ထိ<br>*ဆောင်ရွက်ဆဲ* | ¦ Plan Bee TVETအစီအစဉ် ဖွဲ့စည်းရန်၊ ပြည်ပသို့ ပျားရည် တိုးချဲ့ ရောင်းချနိုင်ရန်၊ ပျားမွေးမြူရေး ရင်းမြစ်နှင့် စီးပွားရေးဌာန (Apiculture and Resource Business Center, ARBC)ကို ဒေသခံတို့မှ မိမိတို့ကိုယ်ပိုင်အဖြစ် ဖြစ်ထွန်းလာစေရန်၊ အုပ်ချုပ်လာစေရန်အတွက် ဤစီမံချက်ကို နှစ်နှစ် တိုးချဲ့ခဲ့သည်။<br>¦ ARBCကိုပြန်လည်ဖွဲ့စည်းကာ Plan Bee လူမှုစီးပွားရေးလုပ်ငန်း (Plan Bee social enterprise, PBSE) အဖြစ် အမည်ပြောင်းခဲ့သည်။<br>¦ ပျားမွေးမြူသူ ၁၃၅ဦးကို သင်ကြားပေးခဲ့ပြီး ထိုပျားမွေးတောင်သူများမှာ ပျားအုံ ၁,၉၇၈အုံကို ပိုင်ဆိုင်နေကာ PBSEကို အဓိက ပျားရည်သွင်းသူများ ဖြစ်နေပြီ ဖြစ်သည်။<br>¦ သင်တန်းဆင်း ပျားမွေးမြူတောင်သူများက ၂၀၁၇နှစ်ကုန်ထိ စုစုပေါင်း ပျားရည် ၃၉.၈တန်ကို ထုတ်လုပ်ကာ ကျပ် ၇,၁၈၉,၄၃၀ (ကန်ဒေါ်လာ ၅၃၀၆)ရရှိခဲ့ကြသည်။<br>¦ ၂၀၁၇ခုနှစ်တွင် အသေးစား စီးပွားရေးအစီအစဉ်မှ ထုတ်ကုန်ရောင်းရငွေ ကျပ် ၁,၆၆၁,၀၀၀ (ကန်ဒေါ်လာ ၁၂၆၆)ရရှိခဲ့သည်။<br>¦ အကျိုးခံစားခွင့်ရှိသူ ၃၂၆ဦး (အမျိုးသမီး ၁၃၇ဦး) ပျားမွေးမြူရေးနှင့် ပတ်သက်သည့် လုပ်ငန်းများမှ ဝင်ငွေတိုးလာခဲ့သည်။<br>¦ PBSEသည် မြန်မာနိုင်ငံအတွင်း ပျားရည် လက်လီဖြန့်ဖြူးရန် တော်ဝင် ဇာမနီကုမ္ပဏီ နှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။<br>¦ PBSEသည် ဂျပန်သို့ ပျားရည် ၁၀.၉၂တန်၊ တရုတ်သို့ ၅.၄၂တန်၊ ဟောင်ကောင်သို့ ၀.၅တန် တင်ပို့ခဲ့သည်။ |
| ၃ | Catholic Relief Services (CRS)<br><br>ရပ်ရွာလူထုနှင့်ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၁,၈၁၃,၂၀၃<br>၇/၆/၂၀၁၆ မှ ၃၁/၅/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စိုက်ပျိုးရေး နှင့် အာဟာရ ဆိုင်ရာ အမူအကျင့်များအတွက် အတားအဆီးများကို လေ့လာသုံးသပ်ခြင်း။ စီမံချက်သည် စိုက်ပျိုးရေးနှင့် အာဟာရဆိုင်ရာ အဓိက အလေ့အကျင့် လေးမျိုး၏ အတားအဆီးများ နှင့် အားပေးမှုများကို သုံးသပ်သည့် သုတေသနပြုစုခဲ့ပြီး အစီရင်ခံစာ ထုတ်ဝေခဲ့သည်။<br>¦ ပြောင်းနှင့် ပဲထုတ်လုပ်ရေး၊ အိမ်ခြံဝင်း စိုက်ပျိုးရေး သတင်း စကားပေးရန် ကွင်းတာဝန်ခံ ၁၇ဦးသည် နည်းပြသင်တန်းများ တက်ရောက်ခဲ့ကြသည်။<br>¦ မျိုးစေ့ကောင်း ရွေးချယ်ရေး၊ စိုက်ပျိုးရေး၊ သိုလှောင်ရေး သရုပ်ဖော် သင်တန်းစာအုပ် ၁၅မျိုးပြုစုခဲ့သည်။<br>¦ ရွာပေါင်း ၆၀ တွင် ပဲနှင့် ပြောင်း စမ်းသပ်ရေးကို ဦးဆောင်ရန် ထုတ်လုပ်သူ စံပြအဖွဲ့ ၆၅ဖွဲ့ကို ထူထောင်ခဲ့သည်။<br>¦ ပဲနှင့် ပြောင်း သင်တန်းကို တောင်သူ ၃,၆၁၂ဦးက တက်ရောက်ခဲ့ကြသည်။<br>¦ မိခင် ၁၇၄ ဦး၏ ဦးဆောင်ပါဝင်မှုဖြင့် ကရုဏာမိခင်အဖွဲ့ ၂၅ဖွဲ့ ထူထောင်ခဲ့သည်။<br>¦ ဦးဆောင်ပါဝင်သည့် မိခင်များသည် မရှိမဖြစ်လိုအပ်သော အာဟာရနှင့် သန့်ရှင်းရေး လုပ်ဆောင်ချက် အပိုင်း ၁နှင့်၂ကို တက်ရောက်ခဲ့ကာ အုပ်စုတစ်ခု လျှင် သင်တန်း ၈ချိန်ရှိသည်။<br>¦ တက်ရောက်ခဲ့သော မိခင်များသည် အိမ်နီးချင်း မိခင် ၁,၄၉၃ဦးကို ဆွေးနွေးပေးခဲ့သည်။<br>¦ မရှိမဖြစ်လိုအပ်သော အာဟာရနှင့် သန့်ရှင်းရေး လုပ်ဆောင်ချက် ဆိုင်ရာ သတင်းစကားများ မိမိရပ်ရွာများတွင် ဖြစ်ထွန်းစေရန် ရပ်ရွာ ခေါင်းဆောင် ၈၂ဦးသည် အာဟာရပညာပေး အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်ခဲ့ကြသည်။<br>¦ အာဟာရပြည့်ဝသည့် ဆန်ပြုတ် ချက်ပြုတ်နည်း သရုပ်ပြ လမ်းညွှန် ချက်ကို ပြုစုပြီး မိခင်အဖွဲ့များမှ မိခင်များက ယင်းလမ်းညွှန်ကို အသုံးပြုခဲ့ကြသည်။ |
| ၄ | Choklei Organisation for Rural and Agricultural Development (CORAD)<br><br>ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံဖြစ်ထွန်းရေး ကိုမြှင့်တင်ပြီး ဘက်စုံစီးပွားဖြစ်ထွန်းရေး<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၂,၂၀၄,၂၁၂<br>၁၄/၆/၂၀၁၆ မှ ၃၁/၅/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ကျေးရွာအကျိုးဆောင် ၂၁၅ဦး (အမျိုးသမီး ၆၇ဦး)ကို ကျေးရွာ စိုက်ပျိုး ရေး ပညာပေးရေးအတွက် သင်တန်းများပေးခဲ့သည်။<br>¦ တောင်သူသင်တန်း ၇၄ ခု နှင့် စံပြစိုက်ကွက်များကို အကောင်း ဆုံးစိုက်နည်း စမ်းသပ်ဖော်ထုတ်ရန် ကျေးရွာအကျိုးဆောင်များက ထူထောင်ခဲ့သည်။ သင်တန်းများမှာ စပါးမျိုး စမ်းသပ် (၂၁)၊ SRI (၂၁)၊ မြေသြဇာနှင့် မြေဖုံး(၁၅)၊ မြေသြဇာ စီမံခန့်ခွဲမှု (၁၇) တို့ ဖြစ်ကြသည်။<br>¦ တောင်သူ ၃,၄၄၆ဦး (အမျိုးသမီး၁,၃၆၃ဦး)ကို မျိုးစေ့ ရွေးချယ်ခြင်း နှင့်မျိုးပွားခြင်း၊IPM၊ SRI၊ မြေဆွေး၊ သဘာဝပိုးသတ်ဆေးထုတ်လုပ်မှု နှင့် သီးနှံ သစ်တော ရောနှောစိုက်ပျိုးခြင်း တို့ကို သင်တန်းပေးခဲ့သည်။<br>¦ တန်ဖိုးမြှင့် ကွင်းဆက်သုတေသနရလဒ်များ အတည်ပြုရန် ကြက်သွန်၊ စပျစ်၊ ဝဥ၊ မျောက်ငိုသီး တို့နှင့် ဆိုင်သည့် တန်ဖိုးမြှင့် ကွင်းဆက်များအတွက် လုပ်ငန်းအချင်းချင်း အလုပ်ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။<br>¦ အထက်ပါ အလုပ်ဆွေးနွေးပွဲများ ရလဒ်များ၊ ဈေးကွက် ဆန်းစစ် ချက်များကို အခြေခံကာ တန်ဖိုးမြှင့် ကွင်းဆက်လုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်လုပ်သူ ၁၁ဖွဲ့ ထူထောင်ခဲ့သည်။<br>¦ ရွာ ၃၀တွင် အိမ်ခြံ နှင့် စိုက်ကွင်းများမှ အာဟာရရှိသော သီးနှံများ ရနိုင်မှု၊ တောင်သူ အိမ်ထောင်စု ၉၀၀-စု တို့ကို အာဟာရ၊ အမူအကျင့် နှင့် အစား အသောက်အမည်စုံမှု စစ်တမ်းကောက်ယူခဲ့ကာ အတားအဆီးများကို လေ့လာ သုံးသပ်ခဲ့သည်။<br>¦ အမျိုးသမီး ၁၁၀သည် ဟင်းသီးဟင်းရွက်မျိုးသစ်များ စမ်းသပ်ထုတ်လုပ်ရန် မျိုးစေ့များ ရရှိခဲ့သည်။<br>¦ အမျိုးသမီး ၁,၉၁၀ အခြေခံ အာဟာရဆိုင်ရာ နည်းလမ်းများကို သင်တန်းတက်ခဲ့ကြသည်။ ရွာ ၅၉-ရွာတွင် လူ ၁,၉၄၆ဦး (အမျိုးသမီး၁၂,၅၁ဦးသည်) အစားအသောက် သရုပ်ပြ ချက်ပြုတ်ပွဲ တက်ရောက်ခဲ့ကြသည်။<br>¦ တောင်သူ ၁၁၄ဦး (အမျိုးသမီး ၄၆ဦး)သည် မလစကနည်း/ မိသားစု လုပ်ငန်းများအတွက် စီမံခန့်ခွဲမှု အကြံပေးခြင်း ဖြင့် ငွေစာရင်းများ ပြုစုထားရှိကြသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၅ | Consortium of Dutch NGOs (CDN) including Cordaid and World Concern Myanmar<br><br>ကျေးလက်နေ ဆင်းရဲသူများအတွက် ဝင်ငွေနှင့်အာဟာရ ရလဒ်ကောင်းမွန်စေခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၆၄၀,၀၀၀<br>၆/၇/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်နယ်မြေ သံတောင်ကြီးတွင် အာဟာရဆိုင်ရာ အကြောင်းအကျိုး ဆန်းစစ်ချက် ကောက်ယူခဲ့ကာ အစီရင်ခံတင်ပြခဲ့သည်။<br>¦ အခြေခံအာဟာရ၊ သန့်ရှင်းရေးမှုများ ဟောပြောမှုပေါင်း ၂၀၉ကြိမ်ပြုလုပ်ခဲ့ရာ တက်ရောက်သူ ၃၈၆ဦး (အမျိုးသမီး ၃၂၄ဦး)ရှိသည်။ အချက်အပြုတ် ပြိုင်ပွဲလည်း ပါဝင်သည်။<br>¦ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စု တာဝန်ခံ ၅၀ဦး နှင့် အာဟာရ တာဝန်ခံ ၅၀ဦးတို့မှာ သင်တန်း နှစ်ကြိမ်တက်ရောက်ခဲ့ကြရာ ယင်းတို့ရပ်ရွာများတွင် အာဟာရသင်တန်းများ ပြန်လည်ပို့ချနိုင်မည်ဖြစ်သည်။<br>¦ ရွာ-၄၀တွင် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စု ဆွေးနွေးပွဲ ၃၆၅ကြိမ် ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးမှုများမှာ ရပ်ရွာ အာဟာရ သင်တန်းများမှ ပို့ချခဲ့သည့် သတင်းများကို ပြန်လည်မျှဝေကြခြင်း ဖြစ်ကာ ငါးနှစ်အောက် ကလေးများ၏ ကိုယ်အလေးချိန် ကိုလည်း လစဉ်တိုင်းတာခဲ့သည်။<br>¦ ဦးတည်ထားသည့် ရွာများ၊ ကျောင်းများ၊ ဘုရားကျောင်းများသို့ အိမ်သာ ၁၁၀လုံး၊ ရေသန့်စင်စက် ၂၂၇ခု တို့အတွက် ပစ္စည်းများ ဖြန့်ဝေခဲ့သည်။<br>¦ အိမ်ခြံဝင်း လက်စွဲစာစောင် ၅၈၁စောင်၊ ဗီနိုင်းပိုစတာ ၄၀ခုတို့ကို အိမ်ခြံဝင်း သင်တန်းအတွက် သင်ထောက်ကူအဖြစ် ထုတ်ပေးခဲ့သည်။<br>¦ စိုက်ပျိုးရေး ဦးစီးဌာန ပညာပေးဝန်ထမ်း ၃၀ဦး (အမျိုးသမီး၁၀ဦး)ကို အိမ်ခြံဝင်း စိုက်နည်း သင်တန်းပေးခဲ့သည်။<br>¦ အိမ်ထောင်စုပေါင်း ၂၀၀ကို အိမ်ခြံဝင်း စိုက်နည်း သင်တန်းပေးခဲ့ပြီး မျိုးစေ့နှင့် ဥယျာဉ်ခြံသုံး ကိရိယာများ ပံ့ပိုးခဲ့သည်။<br>¦ ရွေးချယ်ထားသည့် ရွာ ၃၀တွင် သဘာဝရေဆင်းနည်းဖြင့် ရေပေးရန် ရေအရင်းအမြစ် မြေပုံထုတ်ခြင်း၊ မြေတိုင်း၊ တိုင်းတာ၊ စရိတ်တွက်ခြင်းများ ပြီးစီးခဲ့သည်။<br>¦ WASHကော်မတီ ၈ခုဖွဲ့၊ ဆောက်လုပ်ရေးကို ကြီးကြပ်ရန် နှင့် ထိန်းသိမ်းရေးအတွက် တာဝန်ခံများကို သင်တန်းများပေးခဲ့သည်။<br>¦ ၉၆ရွာမှ ပျိုးဥယျာဉ် စီမံမှု၊ အပင်စိုက်နည်း သင်တန်းတက်ထားသည့် အိမ်ထောင်စု ၂,၉၇၉အား စီမံချက်က ရွေးချယ်ထားသည့် အပင်ပေါက်များ ဝယ်ပေးခဲ့သည်။<br>¦ ဖာလာစေ့တန်ဖိုးမြှင့်ကွင်းဆက်ဆန်းစစ်ချက် ဆောင်ရွက်ခဲ့ပြီး ပတ်သက်သူများပါဝင်တက်ရောက်သည့် ဆွေးနွေးပွဲတွင် တင်ပြခဲ့သည်။<br>¦ ဖာလာစေ့တန်ဖိုးမြှင့်ကွင်းဆက်ကို ထောက်ပံ့ရန် ပတ်သက်သူအများ ပါဝင်သည့် အနေထားတစ်ခုကို ဖွဲ့စည်းခဲ့ပြီး ၊ ထုတ်လုပ်သူ၊ ကုန်သည်နှင့် အစိုးရအရာရှိများ ပါဝင်သည့် အစည်းအဝေး၊ ဆွေးနွေးပွဲ ၉ကြိမ်ပြုလုပ်ခဲ့သည်။<br>¦ အခြားရပ်ရွာများမှ ပြန်လာသူ အိမ်ထောင်စု ၄၀သည် မြေပြင်ရန် နှင့် စပါးရိတ်သိမ်းမှုများတွင် အသုံးပြုရန်အတွက် လက်တွန်းထွန်စက် ငါးစီးရရှိခဲ့သည်။<br>¦ မော်တော်ဆိုင်ကယ်လမ်း ၁.၅၇ကီလိုမီတာ ဖောက်လုပ်ခဲ့သည်။ |
| ၆ | Karen Development Network (KDN)<br><br>နေရပ်စွန့်ခွာနေထိုင်သူများ၏ အသက်မွေးမှုများ ပိုမိုကောင်းမွန်လာရေး<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၈၃၇,၄၁၄<br>၄/၇/၂၀၁၆ မှ ၃၀/၆/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ဦးတည်ထားသည့် ရွာ ၉ရွာမှ အိမ်ထောင်စု ၂၅၄စုနှင့် ထိခိုက်လွယ်မှုဆိုင်ရာ ဆန်းစစ်ချက်ကို ဆောင်ရွက်ခဲ့သည်။<br>¦ လုပ်အားဈေးကွက် ဆန်းစစ်ခဲ့ကာ ရလဒ်များကို ထုတ်ဝေခဲ့သည်။<br>¦ သရက်ချောင်းတွင် ရပ်ရွာအသက်မွေးမှု သင်တန်းကျောင်း ဆောက် လုပ်ခဲ့ပြီး၊ ၂၀၁၈ခုနှစ်တွင် ပန်းရံ၊ လက်သမား၊ စက်ပြင်၊ မုန့်ဖုတ်၊ ရက်ကန်း၊ စက်ချုပ်- သင်တန်းသစ် ၆ခုဖွင့်ရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။<br>¦ ဦးတည်ထားသည့် ၃၃ရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများဖွဲ့ပြီး၊ ၁၇ရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်များ ရေးဆွဲခဲ့သည်။<br>¦ ၈ရွာတွင် စပါးဘဏ် ဖွဲ့ပြီး၊ သိုလှောင်ရုံ ၆လုံး ဆောက်လုပ်ဆဲ ဖြစ်သည်။<br>¦ ၁၀ရွာမှ ငွေစုငွေချေးအဖွဲ့ ၁၁ဖွဲ့တွင် ၂၁၅ဦး (အမျိုးသမီး ၁၉၁)မှာ ငွေများ စတင် စုနေကြပြီဖြစ်သည်။ |
| ၇ | မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း<br><br>တောင်ပေါ်ဒေသ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဈေးကွက် ဝင်ရောက်ခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၁၂၃,၁၆၈<br>*ဆောင်ရွက်ဆဲ* | ¦ ကချင် နှင့် ရှမ်းပြည်နယ်များတွင် ထုတ်လုပ်သူ ၆၁ဖွဲ့ ထူထောင်ခဲ့ရာ တောင်သူ ၁,၇၆၂ဦး (အမျိုးသမီး၅၆၈ဦး) မှာ သြဂဲနစ်မြေပဲ၊ မုန်ညင်းဆီ ထုတ်လုပ်ရေး တောင်သူသင်တန်းများ တက်ခဲ့ကြသည်။<br>¦ တောင်သူ ၉၃၂ဦး(အမျိုးသမီး၃၁၈) မြေပဲ၊ မုန်ညင်း၊ ပဲပိစပ် စိုက်ပျိုးရန် အရည်အသွေးကောင်း မျိုးစေ့များနှင့် တန်းကြားရိတ်စက်များ ရရှိခဲ့ကြသည်။<br>¦ ဆီစက် ၆စက် ဆောက်လုပ်ခဲ့ပြီး၊ ကြိတ်ခွဲလျက်ရှိသည်။ ထုတ်လုပ်ရေးကော်မတီ ၇ဖွဲ့ ဖွဲ့ခဲ့ကာ ဆီစက်များ ကြီးကြပ်ရန် နှင့် ဈေးကွက်တင်ရန် ဖြစ်သည်။<br>¦ သစ်တော သုံးစွဲသူ ၂၆ဖွဲ့သည် ဘုံသစ်တော မှတ်ပုံတင် လျှောက်ထားလျက်ရှိပြီး ပျိုးဥယျာဉ် ၁၀ခု ထူထောင်ခဲ့သည်။<br>¦ ၂၆ရွာမှ သစ်တောသုံးစွဲသူ ၅၇၄ဦးသည် သီးနှံ-သစ်တော စိုက်ပျိုးနည်း သင်တန်းကို တက်ရောက်ခဲ့သည်။ တောင်သူ ၃၈၁ဦး (အမျိုးသမီး ၁၅၂) သည် ဝဥမျိုးများ ရရှိခဲ့သည်။ အများပိုင် သစ်တော ၁၁၇ ဧကတွင် ချင်းနှင့် နနွင်းကို စိုက်ပျိုးထားသည်။<br>¦ ၁၄ရွာတွင် မြေယာလုပ်ပိုင်ခွင့် စိတ်ချရရန်၊ ပိုမိုအားကောင်းစေရန် သယံဇာတစီမံအဖွဲ့ ဖွဲ့စည်းထားသည်။ |
| ၈ | Myanmar Institute for Integrated Development (MIID)<br><br>လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရမြှင့်တင်ရေး အသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၆၇၅,၄၁၀<br>၁၄/၀၆/၂၀၁၆ မှ ၃၁/၅/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ချင်းပြည်နယ် ငါးမွေးမြူရေး ဆန်းစစ်ချက်ကို ထုတ်ဝေခဲ့သည်။<br>¦ ချင်းပြည်နယ် ကျား/မရေးရာ နှင့် အာဟာရ ဆိုင်ရာ အသိအမြင်၊ သဘောထား၊ နည်းနာကို လေ့လာသုံးသပ်ထားသည့် စာတမ်းကို ထုတ်ဝေခဲ့သည်။<br>¦ ရွာပေါင်း ၂၄ရွာတွင် လစဉ် အစားအစာ ထုတ်လုပ်မှု၊ စားသုံးမှု ပြက္ခဒိန်များကို ပြုစုခဲ့သည်။<br>¦ လယ်ယာစနစ် ဆန်းစစ်ချက်တစ်ခုကို ပြုလုပ်ခဲ့သည်။<br>¦ ရွာပေါင်း ၂၄ရွာတွင် ဟင်းသီးဟင်းရွက် ထုတ်လုပ်ရေး၊ အာဟာရ အမူအကျင့်ကောင်း၊ အာဟာရရှိသော ဟင်းချက်နည်းများအတွက် နည်းပြသင်တန်းများ ပေးခဲ့သည်။<br>¦ ချင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း (လုံပီး) တွင် ကျောင်းသားများလေ့လာနိုင်ရန် သီးနှံစံပြကွက် တစ်ခုကို ဖော်ဆောင်ခဲ့သည်။<br>¦ ရွာတရွာ၏ ငါးမွေးနည်း ပြန်လည်သုံးသပ်ကာ ရွာ ၂၅ရွာ တွင် သင်တန်း ပေးခဲ့သည်။ စံပြငါးကန် တစ်ကန် တူးဖော်ခဲ့သည်။<br>¦ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် ပြည်နယ်နှင့်တိုင်း ၁၄ခုမှ ဆရာနှင့် ကျောင်းသားများသို့ အာဟာရကို ဖေါင်းပေး စိုက်ပျိုးရေး နှင့် ပညာပေးရေး သင်တန်းများ ပေးခဲ့သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၉ | SWISSAID<br><br>တောင်တန်းဒေသ အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် အသေးစားရန်ပုံငွေ ထောက်ပံ့မှု<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၃,၄၉၉,၉၂၉<br>၂၉/၀၇/၂၀၁၆ မှ ၃၀/၁၁/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ မြို့နယ် CSO ကနဦးစစ်တမ်း ဆောင်ရွက်ခဲ့သည်။<br>¦ ဦးတည်ထားသည့် မြို့နယ် ၅-ခုတွင် ထောက်ပံ့ငွေ အတည်ပြုရေး ကော်မတီဖွဲ့ကာ သင်တန်းများပေးခဲ့သည်။<br>¦ မြို့နယ်တိုင်းတွင် ရန်ပုံငွေ အခွင့်အလမ်းများကို အသိပေးမှုဝေသည့် အစည်းအဝေးများ ကျင်းပခဲ့သည်။<br>¦ အဆိုပြုလွှာ ၁၁၈စောင်ကို သက်ဆိုင်ရာ ဒေသ ရန်ပုံငွေတာဝန်ခံ အဖွဲ့များက စိစစ်လျက်ရှိသည်။<br>¦ မြို့နယ် ၁၅ခု တွင် CSO ၅၁ဖွဲ့ကို ထောက်ပံ့ငွေ ၅၄ခုကို ခွင့်ပြုပေးခဲ့သည်။<br>¦ အလားလာရှိသည့် အဆိုပြုသူများကို အဆိုပြုလွှာ ဒီဇိုင်း နှင့် ငွေကြေး စီမံမှု စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့သည်။ |
| ၁၀ | လူမှုဝန်ထမ်း ဦးစီးဌာန(DSW)<br><br>ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်<br><br>ဘတ်ဂျက်။<br>လုပ်ငန်းစရိတ်-<br>ကန်ဒေါ်လာ ၁,၅၀၀,၀၀၀<br>ထောက်ပံ့ငွေ- ကျပ် ၉,၃၇၁,၈၅၀,၀၀၀<br><br>၀၉/၀၃/၂၀၁၇မှ ၃၀/၀၆/၂၀၁၉အထိ<br>*ဆောင်ရွက်ဆဲ* | ¦ DSWသည် ချင်းပြည်နယ် မြို့နယ်တိုင်းအတွက် တာဝန်ခံ မန်နေဂျာ ၂၄ဦး၊ အစီအစဉ်အတွက် ခရိုင်ညှိနှိုင်းရေးမှူး တစ်ဦး၊ ပြည်နယ် ညှိနှိုင်းရေးမှူး တစ်ဦး နှင့် နေပြည်တော်တွင် စီမံခန့်ခွဲမှု အဖွဲ့များကို ဖွဲ့စည်းခဲ့သည်။<br>¦ ကော်မတီနှင့် လုပ်ငန်းအဖွဲ့ကို လူမှုဝန်ထမ်းဦးစီးဌာန၊ အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲ၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာန၊ Save the Children ၊ LIFT နှင့် ယူနီဆက်ဖ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ အာဟာရဆိုင်ရာ SBCC မဟာဗျူဟာကို ဦးဆောင်ရန်ဖြစ်သည်။<br>¦ M&E ကော်မတီနှင့် လုပ်ငန်းအဖွဲ့ကို DSW တွင် ထူထောင်ထားသည်။<br>¦ ငွေကြေးပံ့ပိုးမှုများ မစတင်ခင် စက်တင်ဘာ-အောက်တိုဘာလတွင် ကနဦးစစ်တမ်းကို Myanmar Survey Research ကောက်ယူခဲ့သည်။<br>¦ အထွေထွေအုပ်ချုပ်ရေးနှင့် ကျန်းမာရေးဌာနမှ ၅၂ဦး၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူး ၁,၁၆၃ဦးကို MCCT လက်စွဲ သင်တန်းပေးခဲ့သည်။<br>¦ ကျေးရွာ/ရပ်ကွက်ပေါင်း ၁,၄၃၀ တွင် လူမှုကာကွယ်ရေး ကော်မတီများ ဖွဲ့စည်းခဲ့သည်။<br>¦ မြို့နယ် ၉မြို့နယ်လုံးမှ သားဖွား နှင့် အရံသားဖွား ၁,၁၂၄ဦးကို မြို့နယ်အဆင့် အသက် ၂နှစ် အောက် ကလေးသူငယ်များအား အစာကျွေးခြင်း နှင့် ဆိုင်သည့် နည်းပြသင်တန်း နှင့် ဆင့်ပွား သင်တန်းများ ပေးခဲ့ပြီး ကျေးရွာအဆင့် သင်ကြားရန် စာရွက်စာတမ်းများ ပေးအပ်ခဲ့သည်။<br>¦ နှစ်ကုန်တွင် ကျေးရွာနှင့် ရပ်ကွက် အချို့တွင် လစဉ်ပုံမှန် အာဟာရ အသိပညာပေး သင်တန်းများ စတင်ခဲ့သည်။<br>¦ ၂၀၁၇ ဇွန်လတွင် အကျိုးခံစားခွင့်ရှိသူ မှတ်ပုံတင်ခဲ့သည်။ အောက်တိုဘာလတွင် မိခင် ၈,၅၁၅ဦးမှာ ပထမဆုံးအကြိမ် ထောက်ပံငွေ လက်ခံရရှိခဲ့ပြီး နိုဝင်ဘာတွင် ၁၀,၆၇၈ဦး ၊ ဒီဇင်ဘာတွင် ၁၃,၃၈၃ဦး လက်ခံ ရရှိခဲ့ကြသည်။<br>¦ ပထမဆုံး အကြိမ် ငွေကြေးထောက်ပံမှုပြီး နောက်ပိုင်း စောင့်ကြည့်လေ့လာမှု ကို ဒီဇင်ဘာတွင် စတင်ခဲ့သည်။ |
| ၁၁ | Save the Children<br><br>ချင်းပြည်နယ်MCCTအစီအစဉ်အတွက် DSWသို့နည်းပညာ အထောက်အကူ ပေးခြင်း (TEAM MCCT)<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၃,၉၅၄,၆၁၈<br>(၁၁/၀၇/၂၀၁၇)မှ(၃၀/၀၆/၂၀၁၉)<br>*အစပျိုးကာလ* | ¦ Save the Children သည် ချင်းပြည်နယ် အာဟာရ MCCT ကြားဖြတ် မဟာဗျူဟာ ပြုစုရာတွင် DSWမှ SBCCကော်မတီ (DSW ချင်ပြည်နယ် MCCT စီမံချက်တွင် ဖော်ပြထား) ကို ပံ့ပိုးကူညီခဲ့သည်။<br>¦ စောင့်ကြည့်လေ့လာရေး နည်းလမ်း နှင့် မေးခွန်း၁၀စုံကို ပြုစုကာ ဘာသာပြန်ခဲ့ပြီး DSWက သဘောတူညီခဲ့သည်။<br>¦ စီမံချက် M&E အဖွဲ့ အားလုံးကို ထိုနည်းလမ်းများ၊ မေးခွန်းများ အသုံးပြုနိုင်ရန် သင်တန်းများ ပေးခဲ့သည်။<br>¦ ဤစီမံချက်သည် ပထမအကြိမ် DSW၏ ငွေကြေးထောက်ပံမှုပြီး နောက်ပိုင်း စောင့်ကြည့်လေ့လာမှု၊ ဒေတာသွင်းခြင်း နှင့် ဆန်းစစ်ခြင်းကို ပံ့ပိုးလျက်ရှိသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၂ | The Border Consortium (TBC)<br><br>တောင်တန်းဒေသ အာဟာရနှင့် ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး ရေရှည် အသွင်ပြောင်းရေး (STAND UP)<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၉၆၆,၉၃၉<br>၁/၅/၂၀၁၇ မှ ၃၀/၆/၂၀၁၉<br>*ဆောင်ရွက်ဆဲ* | ¦ TBCသည် ကရင်၊တနင်္သာရီ၊မွန် ဒေသများရှိ မြို့နယ် ၁၀ခု မှ အာဟာ ရ၊ သယံဇာတစီမံမှု၊ စိုက်ပျိုးရေး ဝန်ဆောင်မှု ဆောင်ရွက်နေသော ဒေသခံ မိတ်ဖက် ၈-ဖွဲ့ကို ငွေကြေးနှင့် နည်းပညာ ထောက်ပံ့လျက်ရှိသည်။ စီမံချက်သည် ကျေးရွာ ၄၉-ရွာ တွင် လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်သည်။<br>¦ ဖွဲ့စည်းပုံအားကောင်းရေး အစီအစဉ်များ ရေးဆွဲရန် ဒေသခံ မိတ်ဖက် ၈-ဖွဲ့မှ အဖွဲ့တစ်ခုချင်းစီ၏ စီမံခန့်ခွဲရေး နှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို TBCက လေ့လာဆန်းစစ်ခဲ့သည်။<br>¦ KDHW၊ BPHWT၊ KWO ဝန်ထမ်းများကို အာဟာရေး ပညာပေးရေး သင်တန်းများ ပေးခဲ့သည်။<br>¦ HURFOMသည် မြေစာရင်း ဦးစီးဌာန နှင့် မြေယာ ပြန်လည် စွန့်လွှတ် လွှဲပြောင်းခြင်း နှင့် ဆိုင်သည့် လုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့သည်။ ဘိုးဘွားအစဉ်အဆက် ရိုးရာမြေများကို သိမ်းယူခြင်း နှင့် ပတ်သက်၍ ကျေးရွာအုပ်စု ၂-စုမှ ရပ်ရွာခေါင်းဆောင်များနှင့် ဆွေးနွေး တိုင်ပင် ခဲ့သည်။ အစိုးရ မြေယာအုပ်ချုပ်မှု စနစ် အကြောင်းကို ရွာ ၄-ရွာမှ ရွာသား ၂၂၃ဦးကို သင်တန်းပေးခဲ့သည်။ မြေလုပ်ပိုင်ခွင့် လက်မှတ် လျှောက်ထားရာတွင် ယင်းတို့၏ မြေယာများကို တိုင်းတာရန် ကျေးရွာကော်မတီများကို ထောက်ပံ့ခဲ့သည်။<br>¦ HURFOMသည် ဘုံသစ်တောကော်မတီဖွဲ့ရန်၊ ပျိုးဥယျာဉ် ထူထောင် ရန်၊ မြို့နယ် သစ်တောဦးစီးဌာနသို့ အစဉ်အလာမြေများကို ပြန်လျှောက်ထားရန်အတွက် ကျေးရွာအုပ်စု ၁စုမှ ရပ်ရွာ ခေါင်းဆောင်များကို ထောက်ပံ့ခဲ့သည်။<br>¦ KESANသည် အစဉ်အလာမြေပိုင်ဆိုင်သူများကွန်ရက် ထူထောင်ရန်အတွက် မြို့နယ်နှစ်ခုမှ ရပ်ရွာခေါင်းဆောင်များ နှင့် KNUအရာရှိများဆွေးနွေးရာတွင် ပံ့ပိုးကူညီခဲ့သည်။<br>¦ KESANသည် ကျေးရွာ ၆ရွာမှ ရေဝေရေလဲကော်မတီများ ငါးထိန်းသိမ်းရေးဇုန် ထူထောင်ရန် ထောက်ပံ့ခဲ့သည်။<br>¦ KESANသည် မြို့နယ်နှစ်ခုမှ ရွာ ၄-ရွာတွင် အသေးစား ရေအား လျှပ်စစ်စက်ရုံများ ထူထောင်ရန် ထောက်ပံ့ခဲ့သည်။<br>¦ KESANသည် ရွာ ၅-ရွာတွင် စိုက်ပျိုးရေးအတွက် ရေပေးဝေမှုစနစ် ထူထောင်ရန် ထောက်ပံ့ခဲ့သည်။<br>¦ KORDသည် အိမ်ထောင်စု၂၂၅-စုနှင့် သက်ဆိုင်သည့် ဘုံသစ်တော ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။<br>¦ KORDသည် ရွာ-၃ရွာတွင် အိမ်ထောင်စု ၇၇၂ကို အကျိုးပြုမည့် တူးမြောင်း ပြုပြင်မှုကို ထောက်ပံ့လျက်ရှိသည်။<br>¦ KORDသည် ရွာ ၃-ရွာတွင် ရေဝေရေလဲကော်မတီများ ဖွဲ့စည်းခဲ့ပြီး စမ်းချောင်းများကို တာရှည် သုံးစွဲကာ ငါးဘေးမဲ့ကွက်များ ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့သည်။<br>¦ TRIPNETသည် ကျေးရွာအုပ်စု ၂-စုတွင် ရေဝေရေလဲထိန်းသိမ်းရေး စီမံရန် ဆောင်ရွက်လျက်ရှိသည်။<br>¦ KDHWသည် ကျေးရွာအုပ်စု ၉-စုရှိ လူ ၂,၅၆၃ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့် ကျန်းမာရေးဌာနများတွင် အာဟာရစောင့်ကြည့်မှု နှင့် ဖြည့်စွက် အစာကျွေးမှု ဆောင်ရွက်ခဲ့သည်။<br>¦ BPHWTသည် IYCF ဦးတည်သည့် အာဟာရ အသိပညာပေး ဆွေးနွေးပွဲ ၅ကြိမ် ပြုလုပ်ခဲ့သည်။<br>¦ BPHWTသည် ၂၈၆ရွာတွင် WASHအသိပညာပေး ဆွေးနွေးပွဲ များ ပြုလုပ်ခဲ့သည်။<br>¦ KWOသည် IYCFအသိပညာပေး စာရွက်စာတမ်းများကို ကလေး ၂,၀၂၉ဦးရှိသည့် ကလေးထိန်းကျောင်း ၄၅ကျောင်းတွင် ဖြန့်ဝေပေးခဲ့သည်။<br>¦ KWO ကျား/မရေးရာ အသိပညာပေး ဆွေးနွေးပွဲ ၄ကြိမ် ပြုလုပ်ခဲ့ရာ တက်ရောက်သူ ၉၅ဦးရှိခဲ့ပြီး အမျိုးသမီး ၆၂ဦးပါဝင်ခဲ့သည်။ |

## ၉.၄.၅
## ၂၀၁၇ ခုနှစ်အတွင်း ရွှေ့ပြောင်းသွားလာရေး စီမံချက် ၆ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | BBC Media Action<br><br>ကျပ်ချပ်၊ ရွှေ့ပြောင်းသွားလာရေး နှင့် ငွေကြေး တို့ကို အကျိုးအရှိဆုံး ဖြစ်စေခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁,၉၇၅,၆၀၂<br>၁/၁၀/၂၀၁၆ မှ ၃၁/၃/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ရွှေ့ပြောင်းသွားလာရေး၊ ငွေကြေး စီမံခန့်ခွဲရေးတို့ကို ဆုံးဖြတ်ရာတွင် မီဒီယာက မည်သို့ သတင်းပေးနိုင်ကြောင်းကို ရေဒီယို အစီအစဉ် ဒီဇိုင်းထုတ်ခဲ့သည်။<br>¦ နိုင်ငံတဝန်းရောက်သည့် ရေဒီယိုမှ အပတ်စဉ် ဇာတ်လမ်းတွဲ ၄၈-ခု ကို ထည့်သွင်းခဲ့သည်။ ပင်မအကြောင်းအရာများမှာ ငွေစုခြင်း၊ လွှဲပို့ငွေများကို ရင်းနှီးမြှုပ်နှံခြင်း၊ ရွှေ့ပြောင်းသွားလာရေး၏ ဘေးအန္တရာယ်များ၊ အခွင့်အလမ်းများကို ဇာတ်လမ်းပုံစံဖြင့် မိသားစုများအား ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှုများကို အထူးပြုထား တင်ဆင်ထားခြင်းများ ဖြစ်သည်။<br>¦ လက်ရှိအချိန်ထိဆိုလျှင် ဇာတ်လမ်းတွဲ ၁၆ခုကို ထုတ်လွှင့်ခဲ့သည်။ |
| ၂ | ILO<br><br>ပြည်တွင်း နှင့် နိုင်ငံတကာလုပ်အား ရွှေ့ပြောင်းသွားလာရေး အုပ်ချုပ် စီမံမှု ဖွံ့ဖြိုးရေး<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၁,၉၉၉,၇၅၄<br>၀၁/၀၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ နိုင်ငံတကာ အလုပ်အကိုင် စံချိန်စံညွှန်းများ တိုးတက် ကောင်းမွန် စေရန်၊ အထူးသဖြင့် ဝန်ထမ်းများခေါ် ယူခြင်း၊ တိုင်တန်းမှု ယန္တရား၊ လူမှုဖူလုံရေး စနစ်များက ရွှေ့ပြောင်းသွားလာသူနှင့် မိသားစုများကို အလိုအပ်ဆုံး အခြေအနေများတွင် ကာကွယ်ပေးနိုင်ရန်အတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်ထဲရေး ဝန်ကြီးဌာန နှင့်အတူ လက်တွဲ ဆောင်ရွက်ခဲ့သည်။<br>¦ ပြင်ဆင်ထားသော ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို အစိုးရ၊ ပုဂ္ဂလိက နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း တို့အကြား တွေ့ဆုံဆွေးနွေးနိုင်ရန် ILOက ဆောင်ရွက်ခဲ့သည်။<br>¦ လွှတ်တော်ကိုယ်စားလှယ် ၁၀၀ကျော် သည် ပြည်တွင်း ပြည်ပ လုပ်အား ရွှေ့ပြောင်းမှု နှင့် ပတ်သက်၍ တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲများ ထပ်မံ ပြုလုပ်ပေးရန်လည်း အကြံပြုတောင်းဆိုခဲ့ကြသည်။<br>¦ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ မူကြမ်းတစောင်ကို ပြုစုပြီး ဥပဒေချုပ်ရုံးသို့ ပေးပို့ထားခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်တွင် ကျိုင်းတုံ၊ စစ်တွေ၊ နေပြည်တော်၊ ပုသိမ်၊ မန္တလေး နှင့် ရန်ကုန်တို့တွင် အစိုးရ အရာရှိများ၊ ဒေသခံ CSOများမှ အဖွဲ့ဝင် ၄၃၇ဦး ( မ-၂၇၈၊ ကျား-၁၅၉)သည် ဝန်ထမ်းခေါ်ယူသည့် လုပ်ငန်းစဉ်များ၊ ပြည်တွင်း ရွှေ့ပြောင်းသွားလာရေး၊ အိမ်တွင်း လုပ်သားများ/အိမ်အကူများ၏ ဥပဒေအကာအကွယ် စသည်တို့နှင့် ပတ်သက်၍ သင်တန်းတက်ခဲ့ကြသည်။<br>¦ ဝန်ကြီးဌာန၏ တောင်းဆိုမှုဖြင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများ ကို ထောက်ပံ့ရန်၊ အကာကွယ်ပေးနိုင်ရန်အတွက် အလုပ်သမား ရေးရာ သံမှူးများကို ပို့ချမည့် ရှေ့ပြေး ရက်တိုသင်တန်းတစ်ခုကို ဒီဇိုင်းရေးဆွဲခဲ့သည်။<br>¦ ဤစီမံချက်သည် အမျိုးသားအဆင့် လုပ်အား ရွှေ့ပြောင်းသွားလာ ရေး လုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၃) ရေးဆွဲရာတွင် မြန်မာနိုင်ငံ အစိုးရကို ထောက်ပံ့လျက်ရှိသည်။<br>¦ ၂၀၁၇ခုနှစ်တွင် ပြီးစီးခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်များ အကာအကွယ်ပေးရေးနှင့် ရရှိရေးဆိုင်ရာ အာဆီယံ သဘောတူညီချက်တွင် မြန်မာအစိုးရ အရာရှိများ တက်ကြွစွာ ပါဝင်ပြုစုနိုင်ရန်လည်း ဤစီမံချက်က ပံ့ပိုးပေးနိုင်ခဲ့သည်။ |
| ၃ | IOM, Metta Development Foundation, University of Sussex<br><br>မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီးမတည်ခြင်း (CHIME)<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၁,၉၉၉,၂၁၈<br>၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ အရေအတွက် အရည်အသွေး စစ်တမ်းကောက်ယူသည့် အဖွဲ့များသည် ဖေဖော်ဝါရီလ နှင့် မတ်လတွင် မန္တလေး၊ ရခိုင်၊ ရှမ်း၊ ဧရာဝတီ ဒေသကြီးများတွင် ပထမအကျော့ ဒေတာကောက်ယူခဲ့သည်။<br>¦ မေလနှင့် ဇူလိုင်လတို့တွင် ဒုတိယအကျော့ ဒေတာကောက်ယူခဲ့သည်။<br>¦ IOMသည် တောင်ကြီး၊ ပုသိမ်၊ မန္တလေး တက္ကသိုလ်များတွင် စစ်တမ်းကို မိတ်ဆက်တင်ပြကာ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။<br>¦ နိုဝင်ဘာလတွင် IOMသည် သုတေသန၏ ပဏာမတွေ့ရှိချက်များကို အလုပ်သမား၊ လူဝန်မှု ကြီးကြပ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ချုပ်တို့ကို တင်ပြခဲ့သည်။<br>¦ ဒီဇင်ဘာလတွင် အဖွဲ့သည် ပဏာမတွေ့ရှိချက်များကို LIFT ရန်ပုံငွေ ဘုတ်အဖွဲ့၊ FMO၊ LIFT ရွှေပြောင်းသွားလာရေး အစီအစဉ်၏ မိတ်ဖက်အဖွဲ့များကို တင်ပြခဲ့သည်။<br>¦ အဖွဲ့သည် ဒီဇင်ဘာလတွင် ဦးတည်ထားသည့် ပြည်နယ်/တိုင်းများ၌ စစ်တမ်း အပြီး အလုပ်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ ဒေတာကောက်ယူရာတွင် ပါဝင်ခဲ့သူ အများအပြားကို ဖိတ်ကြားခဲ့သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | IOM, PGMF, Mon Women's Organization, Parami Development Network, Chin Human Rights Organization<br><br>ခိုင်ခံ့သောအုပ်ချုပ်မှုနှင့် ပူပေါင်းလုပ်ဆောင်မှုများဖြင့် လုပ်သားရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များကို တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်)<br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၆,၄၇၅,၈၃၉<br>၁/၁/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉<br>*ဆောင်ရွက်ဆဲ* | ¦ မိတ်ဖက်အားလုံး (PGMFမှအပ) သက်ဆိုင်ရာဒေသများတွင် ရုံးများ ဖွင့်လှစ်ပြီး ဖြစ်သည်။ မိတ်ဖက်များနှင့်လက်မှတ်ထိုးထားသော စာချုပ် အားလုံးသည်လည်း ၂၀၁၇ ဖေဖော်ဝါရီတွင် စတင် အသက်ဝင်လာခဲ့သည်။<br>¦ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပြည်နယ်နှင့် တိုင်း ၇-ခုရှိ၊ မြို့နယ် ၃၀၊ ရွာပေါင်း ၆၅၆ရွာကို စီမံချက်အတွက် ရွေးချယ်ခဲ့သည်။ ယနေ့ထိဆိုလျှင် ချင်း၊ မွန်၊ ရှမ်း အပူပိုင်းဇုန်တို့တွင် ၃၁၄ရွာတွင် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ ဒေသခံ CSO ၃၃-ဖွဲ့နှင့်အတူ ကျေးရွာအဆင့်တွင် အကောင်အထည်ဖော်လျက်ရှိသည်။<br>¦ စီမံချက်အရ စုစုပေါင်း ဝန်ထမ်း ၈၇-ဦး (ကျား၃၅၊ မ ၅၂) ကို ခန့်အပ်ခဲ့သည်။<br>¦ စီမံချက်၏ အရင်းအမြစ်စီမံမှု နှင့် အကြောင်းအရာအလိုက် ကိစ္စရပ်များ အတွက် စီမံချက်ဝန်ထမ်း နှင့် မိတ်ဖက်များကို စွမ်းဆောင်ရည် တည်ဆောက်ပေးခဲ့သည်။<br>¦ မတ်လ ၁၅-ရက်တွင် နေပြည်တော်၌ တွဲလက်စီမံချက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်ပေါင်း ၈၀ကျော် တက်ရောက်ခဲ့ကြသည်။<br>¦ IOMသည် ရွှေ့ပြောင်းသွားလာရေးမတိုင်မီ သိရှိထားရမည့် အကြောင်းအရာများအတွက် သင်ရိုး၊ နည်းပြလမ်းညွှန်များ ပြုစုရာ တွင် ဦးဆောင်လျက်ရှိသည်။ ၎င်းအကြို ရွှေ့ပြောင်းသွားလာရေးနှင့် ဆိုင်သည့် နည်းပြသင်တန်းကြီးတခုနှင့် ဦးတည်ထားသည့် နယ်မြေများတွင် နည်းပြသင်တန်း၄-ခုကို ဖွင့်ခဲ့သည်။ နိုဝင်ဘာလ တွင် ကျေးရွာအဆင့် အကြိုသင်တန်းများ မွန်၊ ရှမ်း အပူပိုင်းဇုန် တို့တွင် စတင်ခဲ့သည်။ ဦးတည်ထားသည့် ကျေးရွာများမှ လူပေါင်း ၄,၄၂၄ကို သင်တန်း ၁၆၅ခု ဖြင့် အကျိုးပြုခဲ့ကာ CHROက ဆောင်ရွက်ခဲ့သည့် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်း သွားလာရေး သင်တန်းများ၊ ကျွမ်းကျင်မှု သင်တန်းသားများ အတွက် ရွှေ့ပြောင်း သွားလာရေး အသိပညာပေး သင်တန်းများတွင် စုစုပေါင်း၂၀၈ဦး တက်ရောက်ခဲ့သည်။ CHROသည် ပြဇာတ်များကိုလည်း ဟားခါးမြို့နယ် ၁၃ရွာတွင် ကပြခဲ့ရာ လူပေါင်း ၂,၀၅၀ဦးထံသို့ ရောက်ရှိပျံ့နှံ့ခဲ့သည်။<br>¦ PGMFသည် လွှဲပို့ငွေ စုဆောင်းရေး နှင့် ဝင်ငွေတိုးလုပ်ငန်းများ၏ အရေးပါမှုအကြောင်း သင်ရိုးနှစ်စောင်ကို ပြုစုကာ မိတ်ဖက်များသို့ နည်းပြသင်တန်းနှစ်ကြိမ် ပေးခဲ့သည်။ ကွင်းဆင်း နည်းပြ စုစုပေါင်း ၁၄၀ ဦး (ကျား ၈၂၊ မ ၅၈) တက်ရောက်ကာ လွှဲပို့ငွေ စုဆောင်းရေးအရေးကြီးမှုကို လေ့လာခဲ့ကြသည်။ ၂၀၁၇တွင် မိတ်ဖက်များက ရွာများတွင် လွှဲပို့ငွေစီမံရေး နှင့် ငွေစုဆောင်းရေး သင်တန်းများ ဖွင့်ခဲ့ရာ စုစုပေါင်း ၇,၅၈၅ဦး ထံသို့ အသိအမြင်နှင့် ကျွမ်းကျင်မှု မျှဝေနိုင်ခဲ့သည်။<br>¦ ဦးတည်ထားသည့် ဒေသများတွင် စက်တင်ဘာ နှင့် အောက်တိုဘာလ များ၌ ကျွမ်းကျင်မှုသင်တန်းများ စတင်ခဲ့သည်။ ၂၀၁၇ခုနှစ် တွင် ၃၆၅ဦး (မ-၁၆၈၊ ကျား-၁၉၇)သည် ကျွမ်းကျင်မှု သင်တန်း ၁၀မျိုးကို တက်ရောက်ခဲ့ကြသည်။ သင်တန်းများကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းရှိ အစိုးရ GTIကျောင်းများ နှင့် ပုဂ္ဂလိက သင်တန်းနည်းပြများက ပို့ချခဲ့သည်။<br>¦ စက်တင်ဘာလတွင် ရွှေ့ပြောင်းသွားလာရေး အုပ်ချုပ်မှု စစ်တမ်း စတင်ခဲ့သည်။ ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းသွားလာရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ လက်ရှိ မူဝါဒများ၊ ဖွဲ့စည်းပုံ/စနစ်များ၊ ဆောင်ရွက်သူများကို သေချာစွာ စူးစမ်းကာ ဟာကွက်များကို လေ့လာဖော်ထုတ်ပြီး၊ ပြီးပြည့်စုံသည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အုပ်ချုပ်မှု နှင့် ဖွဲ့စည်းပုံ အနေထားတစ်ခုကို အစိုးရက ဖော်ဆောင်ရာတွင် လိုအပ်သော အချက်အလက်များကို ပေးအပ်နိုင်ရန်ဖြစ်သည်။ |
| ၅ | CARE, Pyoe Pin, Business Kind Myanmar<br><br>အောင်မြင်မှုစီမံချက် - လုံခြုံစိတ်ချပြီး ခိုင်မာသော အလုပ်အကိုင် ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၃,၉၈၅,၆၄၃<br>၁/၃/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်ဖွင့်ပွဲအခမ်းအနားကို လှိုင်သာယာမြို့နယ်တွင် ကျင်းပခဲ့သည်။<br>¦ မိတ်ဖက်များ အထူးသဖြင့် BKM နှင့် CARE မှ စီမံချက်ဝန်ထမ်းများအတွက် ကို စီမံချက်စီမံခန့်ခွဲမှု သင်တန်းပေးခဲ့သည်။<br>¦ ကျား/မ ရေးရာ ဆန်းစစ်ချက် ပြုစုပြီး မိတ်ဖက်များနှင့်မျှဝေခဲ့သည်။<br>¦ အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်းများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး (National Occupational Competency Standards, NOCS) ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည်။<br>¦ ၁၈/၀၇/၂၀၁၇ တွင် ပျိုးပင်သည် အထည်ချုပ်လုပ်ငန်းအတွက် အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်းများ ကို တည်ဆောက်ရန်နှင့် အထည်ချုပ် ကျွမ်းကျင်မှု စံပြသင်တန်း ဖွင့်ရန် MOLIPနှင့် MOUကို လက်မှတ်ရေးထိုးခဲ့သည်။<br>¦ ၁၆/၀၇/၂၀၁၇ တွင် ပျိုးပင်သည် အသိအမှတ်ပြု သင်တန်းဖွင့်ရန် အတွက် Bogart Lingerie နှင့် MOUကို လက်မှတ်ရေးထိုးခဲ့သည်။<br>¦ ၁၈/၀၇/၂၀၁၇ တွင် ပျိုးပင်သည် အသိအမှတ်ပြု သင်တန်းဖွင့်ရန် အတွက် Eurogate နှင့် MOUကို လက်မှတ်ရေးထိုးခဲ့သည်။<br>¦ ၂/၁၂/၂၀၁၇ တွင် အထည်ချုပ်လုပ်ငန်းများအတွက် NOCS အဆင့် ၁နှင့် ၂တွင် လုပ်ငန်း နှင့် အခြေခံကျွမ်းကျင်မှု ၃၃%ပါဝင်ရေးကို အစိုးရ၊ ကုန်အမှတ်တံဆိပ်များ၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ နှင့် စက်ရုံများအကြား သဘောတူညီမှု ရရှိခဲ့သည်။ NOCS အသစ်ဖြင့် လေ့ကျင့်ခဲ့သည့် လုပ်သားတိုင်း လုပ်ငန်းကျွမ်းကျင်မှု (အလုပ်သမားဥပဒေ၊ အလုပ်သမား ရပိုင်ခွင့်၊ တာဝန် များ) နှင့် အခြေခံ ကျွမ်းကျင်မှု ( အသိအမြင် နှင့် ငွေကြေး စီမံမှုစသော ကျွမ်းကျင်မှု) တို့ကို သင်တန်းပေးမည်ဖြစ်သည်။ |
| ၆ | Eden Ministry Ltd.<br><br>ဘေးကင်းလုံခြုံသောရွှေ့ပြောင်း သွားလာရေးနှင့် မြို့ပြဒေသရှိ ရွှေ့ပြောင်း အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁၉၉,၅၀၈<br>၁/၀၃/၂၀၁၇ မှ ၃၁/၀၅/၂၀၁၉<br>*ဆောင်ရွက်ဆဲ* | ¦ ဘေးကင်းရာ နေရာတစ်ခု (ခိုနားရာအိမ်) ထပ်မံငှါးရမ်းကာ ပြန်လည်ပြင်ဆင်ခဲ့သည်။ ၂၀၁၇ မေလ၁ရက်နေ့တွင် အကျိုးခံစားရသူများကို နေရာသစ်သို့ ပြောင်းရွှေ့ခဲ့သည်။<br>¦ အမျိုးသမီး ၂၉ဦးကို Eden ခိုနားရအိမ်တွင် ကြိုဆိုခဲ့ပြီး လက်ဆောင်များ ပေးအပ်ခဲ့သည်။<br>¦ လိင်လုပ်သားများအများဆုံးတွေ့ရလေ့ရှိသည့် နေရာများတွင် တပတ်လျှင် ပျမ်းမျှ လူ၄၁ဦးကို ရောက်ရှိဆွေးနွေးနိုင်ခဲ့သည်။<br>¦ Eden၏ ညွှန်းပို့ လွှဲပြောင်းပေးသူ ၂၃%သည် Eden မှ တပတ်တကြိမ် သွားရောက်ဆွေးနွေးနိုင်မှုများမှ ဖြစ်သည်။<br>¦ လူကုန်ကူးခံရသူ ၃၂ဦးကို Edenမှ သင်တန်းပေးကာ အလုပ်ခန့်ပေးထားသည်။<br>¦ Edenသည် လက်ဝတ်ရတနာ လုပ်နည်း၊ ဆံပင်အလှပြင်နည်း၊ အလှပြင် နည်း၊ အခြေခံကွန်ပျူတာ၊ ကော်ဖီဖျော်နည်း၊ မုန့်ဖုတ်နည်း၊ လက်လီ အရောင်း၊ အခြေခံအင်္ဂလိပ်စာ သင်တန်းများ ပေးနေသည်။<br>¦ တွေ့ကြုံခဲ့ရသည့် ဘေးဒုက္ခများအပေါ် ဆွေးနွေးနှစ်သိမ့်ပေးသည့် ကုထုံး သင်ကြားပေးရာတွင် သင်တန်းသား အခြေအနေ တိုးတက်လျက်ရှိသည်။<br>¦ Eden၏ ညွှန်းပို့သူ ၃၂-ဦး လုံးသည့် စိတ်အားတက်ကြွစေသည့်/ လုပ်ကိုင်နိုင်စွမ်းရှိစေသည့် ဆွေးနွေးမှုများကို လက်ခံရရှိခဲ့သည်။<br>¦ လူကုန်ကူးခံရသူ ၃၀ဦးသည် အနုပညာဖြင့် ကုသခြင်း ကုထုံးကို ရရှိခဲ့ကြသည်။ အနုပညာ ကုထုံး နှစ်ကြိမ်အပါအဝင် စုစုပေါင်း ၃၉ချိန် ဆောင်ရွက်ခဲ့သည်။ |

၉.၄.၆

## ၂၀၁၇ ခုနှစ်အတွင်း မြေယာဆိုင်ရာ စီမံချက် ၂ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | GRET<br><br>မြန်မာနိုင်ငံ၏ မူဝါဒဆွေးနွေးပွဲတွင် ပါဝင် ဆောင်ရွက်ရန်အတွက် ကျေးလက် မြေယာ ကိစ္စရပ်များကို နားလည်ခြင်း<br><br>၂၃/၅/၂၀၁၃ မှ ၁၀/၄/၂၀၁၉ အထိ ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁,၀၅၃,၈၆၄<br>*ဆောင်ရွက်ဆဲ* | ¦ ၀၃/၁၀/၂၀၁၇ တွင် မြန်မာ့မြေပြန့်ကျေးလက်ဒေသ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် စာအုပ်ကို ဖြန့်ဝေခဲ့သည်။ မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်တို့ တွင် ၂နှစ်တာမျှ သုတေသနပြုခဲ့ပြီး စာအုပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။<br>¦ အသေးစိတ်ကောက်ယူခဲ့သည့် ကွင်းဆင်းသုတေသနတွင်-<br>¦ ရန်ကုန် ဆင်ခြေဖုံး မြေယာကဏ္ဍကို ပြောင်းနိုင်သူများ (ထန်းတပင်)၊<br>¦ ချင်းပြည်နယ် ဟားခါး ဆင်ခြေဖုံး မြေယာကဏ္ဍကို ပြောင်းနိုင်သူများ၊<br>¦ မန္တလေး ဆင်ခြေဖုံး မြေယာကဏ္ဍကို ပြောင်းနိုင်သူများ (မူကြမ်း) တို့ ပါရှိသည်။<br>¦ မန္တလေး ဆင်ခြေဖုံးမြို့နယ်များဖြစ်သည့် ပုသိမ်ကြီး နှင့် အမရပူရ တို့တွင် အရေအတွက်အထူးပြု မြေယာ စစ်တမ်းကောက်ယူခဲ့သည်။<br>¦ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီ တိုင်းဒေသကြီးများတွင် အစိုးရက ဦးဆောင်သည့် မြေယာ ပြန်လည် ခွဲဝေချထားရေးအစီအစဉ်အတွက် အပြည့်အဝ ဆန်းစစ်မှု ၆ခု၊ အကြို ဆန်းစစ်မှု ၁၀ခု ဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာ မူကြမ်းများ ရေးသားခဲ့သည်။<br>¦ မအူပင်ခရိုင် ဆန်းစစ်မှုမှ တွေ့ရှိချက်များကို ဧရာဝတီဒေသကြီး အစိုးရရုံးတွင် တစ်ကြိမ်၊ နေပြည်တော်တွင် တစ်ကြိမ်၊ အလုပ်ဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။<br>¦ တနင်္သာရီတွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် တောင်တန်းဒေသ မြေယာစစ်တမ်း အတွက် အခြေအနေသုံးသပ်လေ့လာမှုတစ်ခုကို ဆောင်ရွက်ခဲ့သည်။<br>¦ လယ်ယာမြေဥပဒေများ ပြန်လည်သုံးသပ်ရာမှ သုတေသန တွေ့ရှိချက်များကို ADS ပြုစုရာတွင် တင်ပြပေးခဲ့သည်။<br>¦ မြန်မာနိုင်ငံ၏ အလုပ်အကိုင် အဓိက အရင်းအမြစ် နှင့် ဖွံ့ဖြိုးရေးတွန်းအား ဖြစ်သည့် အသေးစား လယ်ယာ- မူဝါဒ မှတ်စုကို လွှတ်တော်နှစ်ရပ်လုံးမှ မြေယာကိစ္စရေးရာ ကော်မတီများထံသို့ တင်ပြခဲ့သည်။ |
| ၂ | မြေယာမဏ္ဍိုင်အုပ်စု<br><br>မြန်မာနိုင်ငံရှိ မြေနှင့်ဆက်စပ် သယံဇာတများ တန်းတူညီမျှစွာ လက်လှမ်းမီ ထိန်းချုပ်နိုင်ရေး ဖြစ်ထွန်းစေခြင်း<br><br>၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁,၆၉၉,၄၆၆<br>*ဆောင်ရွက်ဆဲ* | ¦ ဤစီမံချက်သည် မြစ်ဝကျွန်းပေါ်ဒေသရှိ မြေယာ ပြန်လည်ခွဲဝေပေးနိုင်သည့် နေရာနှစ်ခုကို သီးခြား ဆန်းစစ်ခဲ့ပြီး တွေ့ရှိချက်များကို ဧရာဝတီ ဒေသကြီး အစိုးရနှင့် နေပြည်တော်သို့ တင်ပြထားခဲ့သည်။<br>¦ CSO ၉-ဖွဲ့မှ ဝန်ထမ်း ၄၄-ဦးကို မြေယာဥပဒေ အသိပညာပေးရေး နည်းပြဆရာ အဖြစ် သင်တန်းပေးခဲ့ပြီး သင်တန်းတက်ရောက်ခဲ့သူများမှ တောင်သူ ၁၁,၀၀၀ကျော် ( အမျိုးသမီး ၂,၅၀၀)ကို ဆက်လက် သင်တန်းပို့ချခဲ့သည်။<br>သုတေသနများတွင်<br>¦ အကျိုးတူလယ်ယာသုတေသန အစီရင်ခံစာ ထုတ်ဝေခဲ့သည်။<br>¦ ဒေသ ၄-ခုမှ အင်တာဗျူး ၄၀၀ကျော်ကို အခြေခံကာ မြေယာ နှင့် ကျား/မရေးရာသုတေသန ထုတ်ဝေခဲ့သည်။<br>¦ နာဂဒေသ ရိုးရာ မြေပိုင်ခွင့် သုတေသနမှာ ဆောင်ရွက်ဆဲဖြစ်သည်။<br>¦ သစ်တောတက္ကသိုလ်က မြေအသုံးချမှု ပြောင်းလဲလာပုံ သုတေသနကို ဆောင်ရွက်ပြီးစီးခဲ့သည်။<br>¦ အမျိုးသမီး တောင်သများ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို မန္တလေးတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတဝန်းရှိ တောင်သူကွန်ရက် ၁၆-ခုမှ အမျိုးသမီး၃၄ဦး တက်ရောက်ကာ ယင်းတို့၏ အမြင်ကို တင်ပြခဲ့ပြီး မူဝါဒ ရှင်းလင်းချက်တစောင် ထုတ်ဝေခဲ့သည်။<br>¦ အမျိုးသားမြေယာအသုံးချမှု မူဝါဒ ၁၇,၀၀၀စောင်ကို ရိုက်နှိပ်ကာ အစိုးရ အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် CSOများကို ဖြန့်ဝေပေးခဲ့သည်။<br>¦ The Voluntary Guidelines on the Responsible Governance of Tenure (FAO)ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။<br>¦ ကော့သောင်း၊ ထားဝယ်၊ မကွေး၊ မော်လမြိုင်၊ မြိတ်မှ မြေယာ ပြန်လည် စုံစမ်းရေး ကော်မတီများသည် ၃ရက်ကြာ စွမ်းဆောင်ရည် တည်ဆောက်ရေး ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည်။<br>¦ FLL ပြင်ဆင်ချက်ကို အင်္ဂလိပ်ဘာသာပြန်ကာ MyLAFFတွင် တင်ထားခဲ့သည်။ ဥပဒေ ကျွမ်းကျင်သူနှစ်ဦးက လယ်ယာမြေဥပဒေများ ပြင်ဆင်ရေးအတွက် အကြံပြု ချက်များကို ပြုစုခဲ့သည်။<br>¦ လယ်ယာမြေဥပဒေ နှင့် LCG၏ ပြင်ဆင်ချက်များကို CSOများ၊ ပတ်သက်သူ များနှင့် ဆွေးနွေးရန် နှစ်ရက်ကြာ အလုပ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။<br>¦ LCGသည် ဥပဒေများနှင့် ပတ်သက်သည့် မှတ်ချက်များကို အစိုးရသို့ မျှဝေရန် တောင်သူ နှီးနှောဖလှယ်ပွဲ ကော်မတီ(FFC)ကို ထောက်ပံ့ခဲ့သည်။<br>¦ မြေယာသိမ်းဆည်းရေးအက်ဥပဒေ သီးခြားပြန်လည်သုံးသပ်ချက်မှ ပြီးစီးခဲ့သည်။<br>¦ ဥပဒေပြုရေး၊ လယ်ယာမြေဥပဒေများ၊ စီမံရေးနှင့် ဘတ်ဂျက်ပြုစုနည်းများကို စစ်ကိုင်းနှင့် ရန်ကုန်လွှတ်တော်ကိုယ်စားလှယ်များကို သင်တန်းပေးခဲ့သည်။<br>¦ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ မူကြမ်းကို ဒေသခံ ပတ်သက် ဆက်နွယ်သူ များနှင့် ဆွေးနွေးနိုင်ရန်အတွက် မွန်နှင့် ရန်ကုန်တို့တွင် အလုပ်ရုံ ဆွေးနွေးပွဲ များ ကျင်းပခဲ့သည်။ LCG နှင့် အခြားပတ်သက်သူများထံမှ ADSကို ကောင်းမွန်စေရန် အကြံပြုချက်များကို MoALIသို့ တင်ပြခဲ့ကြသည်။<br>¦ MyLAFF တွင် ယခုအခါ အဖွဲ့ဝင် ၆၄၀-ဦး ရှိပြီဖြစ်ပြီး မြန်မာမြေယာနှင့် သယံဇာတ ဆိုင်ရာ မှတ်တမ်း ၁၃၀၀-ကျော်ကို ဒေါင်းလုတ်ချယူနိုင်ပါသည်။ |

၉.၄.၇
## ၂၀၁၇ခုနှစ်အတွင်း ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက် ၁၄ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | Canadian Co-operative Association (CCA)<br><br>သမဝါယမ အဖွဲ့အစည်းများဖြင့် အားလုံးလက်လှမ်းမီသော ငွေရေးကြေးရေး ကဏ္ဍကို တိုးချဲ့ခြင်း (MyFINANCE)<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၃,၀၀၀,၀၀၀<br>၁၀/၂၀၁၆ မှ ၆/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ MyFINANCEသည် အပူပိုင်းဇုန် မြို့နယ်သမဝါယမ အသင်း နှစ်သင်း၏ ငွေကြေး လုပ်ငန်းကို ရေရှည်တည်တံ့အောင် ထောက်ကူမည့် စီမံချက်ဖြစ်ပါသည်။<br>¦ CCA သည် နွားထိုးကြီးတွင် အသင်းဝင် ၁၃,၂၅၃-ဦး နှင့် မြင်းခြံတွင် အသင်းဝင် ၂၈,၀၁၇ဦး တို့ကို ဦးတည်ထားသည့် မြို့နယ်များအဖြစ် အတည်ပြုရွေးချယ်ခဲ့သည်။<br>¦ CCAသည် ပြည်ထဲရေးဝန်ကြီးဌာနမှ INGOအဖြစ် မှတ်ပုံတင် ရရှိခဲ့သည်။<br>¦ သမဝါယမ ဦးစီးဌာန နှင့် မြို့နယ်များနှင့် MoU လက်မှတ်ရေးထိုးခဲ့ပြီး မြို့နယ် စုငွေ၊ချေးငွေ သမဝါယမ အသင်းများကို စတင်ဆောင်ရွက်ခဲ့သည်။<br>¦ CCA သည် နွားထိုးကြီး နှင့် မြင်းခြံ တို့တွင် ဈေးကွက် စစ်တမ်းကောက်ယူခဲ့သည်။ မြို့နယ်သမအသင်းများ မှတဆင့် ထုတ်ပေးမည့် ချေးငွေ စုငွေ ဒီဇိုင်းများကို ရေးဆွဲခဲ့သည်။ စစ်တမ်းများမှ အောက်ပါဈေးကွက် တောင်းဆိုချက်များကို သိရှိခဲ့သည်။<br>  ¦ ရပ်ရွာလူထုအနေဖြင့် သီးနှံရာသီ၊ လုပ်ငန်းအမျိုးအစားတို့ နှင့် လိုက်လျောသည့် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ချေးငွေမျိုးကို လိုအပ်လျက်ရှိကြောင်း<br>  ¦ ယခင်က ဘဏ်လုပ်ငန်း နှင့် သမဝါယမတို့၏ သမိုင်းကြောင့် တရားဝင် ငွေစုဆောင်းသည့် အလေ့အကျင့် မရှိခဲ့သော်လည်း စုငွေဝန်ဆောင်မှုများကို ရရှိလိုကြကြောင်း<br>¦ CCAသည် ဈေးကွက် တောင်းဆိုချက်နှင့်အညီ ချေးငွေဒီဇိုင်းများကို ပြုစုလျက်ရှိသည်။<br>¦ မြို့နယ် ငွေစု/ငွေချေး အသင်းနှစ်ခုသည် အိမ်ထောင်စု ၄၃,၈၈၉-စုထံသို့ ကျပ် ၈.၉ဘီလီယံ ထုတ်ချေးခဲ့သည်။ ၈၇%မှာ စိုက်ပျိုးရေး၊ ၁၂.၆%မှာ စီးပွားရေး/လုပ်ငန်း၊ ၀.၄%မှာ မွေးမြူရေး အတွက် ဖြစ်ကြသည်။ |
| ၂ | Cordaid Foundation<br><br>LIFT/Cordaid တို့၏ မိတ်ဖက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား နည်းပညာ အထောက်အပံ့ပေးခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၁,၀၀၀,၀၀၀<br>၀၃/၂၀၁၆ မှ ၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ CordAidသည် PGMF၊ CARD Myanmar၊ VisionFund နှင့် Proximity Designs တို့သို့ သဘောတူညီချက်အတိုင်း ကန်ဒေါ်လာ ၁၀.၄သန်းကို ထုတ်ချေးခဲ့<br>¦ CordAid သည် အဆိုပါ MFIများနှင့် နည်းပညာ ထောက်ကူပေးရန် ညှိနှိုင်းလျက်ရှိသည်။<br>¦ CordAid သည် ပြည်တွင်း MFIများ ဖြစ်သည့် ECLOF၊ Unique Quality၊ ပြည်မဟာ တို့နှင့် နိုင်ငံတကာ MFI ဖြစ်သည့် Entrepreneur Dumonde တို့ကို နည်းပညာ ထောက်ကူပေးရန် လေ့လာလျက်ရှိသည်။ |
| ၃ | GRET<br><br>အပူပိုင်းဇုန်တွင် အသေးစား ငွေရေးကြေးရေးအဖွဲ့တစ်ခု ဖန်တီးခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၃,၄၆၃,၆၀၀<br>၀၁/၁၂/၂၀၁၃ မှ ၃၀/၀၆/၂၀၁၉ အထိ<br>*ဆောင်ရွက်ဆဲ* | GRETသည် ဤအပူပိုင်းဇုန် အသေးစားငွေကြေးလုပ်ငန်း စီမံချက်ကို မိမိဌာန၏ ပံ့ပိုးမှုအရိပ်မှ လွတ်စေရန်အတွက် သစ္စာဥယျာဉ် ကုမ္ပဏီသို့ လွှဲပြောင်းပေးရန်၊ စရိတ်တိုးချဲ့ပေးရန် တောင်းခံရာ ရရှိခဲ့သည်။<br><br>¦ LIFT၏ ခွင့်ပြုချက်အရ GRETသည် ချေးငွေများအပါအဝင် မိမိ၏ ပိုင်ဆိုင်ခွင့်များကို စာရင်းစစ်ချက်နှင့်အတူ သစ္စာဥယျာဉ် သို့ လွှဲပြောင်းခဲ့သည်။<br>¦ စီမံချက်သည် ဝန်ထမ်းအားလုံး၏ ကန်ထရိုက်စာချုပ်များ၊ လူမှုဖူလုံရေး မှတ်ပုံတင်များကိုပါ သစ္စာဥယျာဉ် သို့ လွှဲပြောင်းခဲ့သည်။<br>¦ MIS software အတွက် Kredits ကို ရွေးချယ်ခဲ့သည်။<br>¦ သစ္စာဥယျာဉ် အတွက် IT စက်ပစ္စည်းပိုင်း နှင့် ဆော့ဖ်ဝဲပိုင်း အားလုံးကို မွမ်းမံပေးခဲ့သည်။<br>¦ မြို့နယ် ရုံးတိုင်းတွင် ဒေသခံကွန်ရက်ကို ထူထောင်ထားသည်။<br>¦ စီမံချက်သည် ရည်မှန်းထားသည့်အတိုင်း အပူပိုင်းဇုန်ရှိ ဘုတလင်၊ မုံရွာ၊ ယင်းမာပင်တို့၌ ရုံးခွဲများ ဖွင့်လှစ်ခဲ့သည်။<br>¦ စီမံချက် အမှုဆောင်အဖွဲ့တွင် စီမံချက်မန်နေဂျာ (PM)၊ လက်ထောက် စီမံချက်မန်နေဂျာ၊ အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေး မန်နေဂျာတို့ပါဝင်ပြီး စီမံချက်အဖွဲ့တွင် မြန်မာ ဝန်ထမ်း ၃၂ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။<br>¦ ပထမဆုံး ချေးငွေများကို ၂၀၁၄ ဖွန်လတွင် ထုတ်ပေးခဲ့၊ ၂၀၁၇ နိုဝင်ဘာလ ကုန်တွင် စီမံချက်သည် အဖွဲ့ဝင် ၁၁,၃၇၂-ဦးကို ဝန်ဆောင်မှု ပေးလျက်ရှိပြီး အဖွဲ့ဝင် ၉၉%ကျော် သည် ကျေးရွာများတွင် နေထိုင်ကြသူများ ဖြစ်ကြသည်။<br>¦ စုစုပေါင်း ထုတ်ချေးငွေမှာ ကန်ဒေါ်လာ ၁.၃၂သန်းရှိသည်။ ချေးငွေ ၆၀%ကို မွေးမြူရေး၊ ၁၅%ကို စိုက်ပျိုးရေး၊ ၂၅%ကို ထုတ်လုပ်ရေး နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုခဲ့ကြသည်။ |
| ၄ | GRET<br>ချင်း အသေးစားငွေကြေးအဖွဲ့၏ ဖွဲ့စည်းပုံခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသငွေကြေး ဈေးကွက်ကို တိုးချဲ့ခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁,၃၂၀,၁၇၆<br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | GRET ၏ ပြင်ပမှ ခေါ်ယူထားသည့် ကျွမ်းကျင်ပညာရှင်များနှင့် ချင်း MFI ကို နည်းပညာထောက်ကူပေးမှုသည် ဥပဒေရေးရာနှင့် စီမံရေး၊ လုပ်ငန်းဆောင်ရွက်ရေး စွမ်းဆောင်ရည် အားဖြည့်ရာတွင် အချက်အချာကျစေမည် ဖြစ်သည်။ ချင်း MFIသည် ကလေးမြို့နယ်သို့လည်း လုပ်ငန်း တိုးချဲ့ခဲ့သည်။ စီမံချက်သည် ကျေးလက် အိမ်ထောင်စုများကို ချေးငွေ/စုငွေ ဝန်ဆောင်မှုအသစ်များဖြင့် ရှေ့ပြေးဆောင်ရွက်ကာ အခြားမြို့နယ်များသို့လည်း ဆက်လက် တိုးချဲ့မည်ဖြစ်သည်။<br><br>¦ ချင်းMFIစီမံချက်သည် သစ္စာဥယျာဉ် ကုမ္ပဏီ လီမိတက်အမည်ဖြင့် ကုမ္ပဏီ မှတ်ပုံတင်ရန် လျှောက်ထားခဲ့ရာ ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှု ဦးစီးဌာနမှ (၁၅/၇/၂၀၁၆) ရက်စွဲပါ စာအမှတ် 301FC/2016-2017(YGN) ဖြင့် ခွင့်ပြုခဲ့သည်။<br>¦ GRETသည် VDB Loi Law Firm ၏ အကူအညီဖြင့် သစ္စာဥယျာဉ်သို့ ပိုင်ဆိုင်မှုများ ကို လွှဲပြောင်းပေးခဲ့၊<br>¦ အကြီးတန်း ဝန်ထမ်းများအား အသေးစားငွေကြေးဆိုင်ရာကို အီတလီနိုင်ငံ ဘိုလဒါဌာနမှ ပို့ချပေးခဲ့ပြီး၊ ခေါင်းဆောင်မှုနှင့် စီမံရေးကို ဒေသခံ ဌာနတခုမှ ပို့ချခဲ့ကာ ရပ်ရွာအခြေပြု ငွေကြေးဆိုင်ရာ နှင့် အသေးစားငွေကြေးဆိုင်ရာကို ဘန်ကောက်မှ အသီးသီး သင်တန်းများ ပို့ချပေးခဲ့သည်။<br>¦ GRETသည် လူစွမ်းအား ရင်းမြစ် ၊စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ၊ ငွေကြေးစသည့် အခြား စီမံရေးရာများကို အထက်တန်းမန်နေဂျာများနှင့် အစည်းအဝေးများပြုလုပ်ခဲ့သည်။<br>¦ ကလေးမြို့နယ်သို့ ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၅ | နိုင်ငံတကာ<br>ငွေကြေးကော်ပိုရေးရှင်း(IFC)<br><br>အားလုံးပါဝင်သော<br>ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးမှု<br>အစီအစဉ်<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၃,၆၁၉,၅၅၂<br>၁/၇/၂၀၁၄ မှ ၃၀/၆/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ဤအစီအစဉ်သည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေရန်အတွက် ကဏ္ဍအဆင့် အဖွဲ့အစည်းအဆင့်တို့တွင် ထောက်ပံ့လျက်ရှိသည်။<br><br>¦ စီးပွားရေးပုံစံရေးဆွဲခြင်း၊ ဌာနတွင်း စာရင်းစစ်ခြင်း စသည့် သင်တန်းများကို ရန်ကုန်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ခဲ့သည်။ MFIများ၊ FRD နှင့် CBM တို့မှ သင်တန်းသား ၁၀၅ဦး တက်ရောက်ခဲ့ရာ ၅၇ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။<br>¦ သင်တန်းသား ၈-ဦးကို စီးပွားရေးအစီအစဉ်ဆွဲခြင်း၊ ငွေကြေးနှင့် စာရင်းကိုင်၊ လူ့စွမ်းအားအရင်းမြစ်၊ အဆုံးအရှုံး စီမံခန့်ခွဲမှု၊ ဌာနတွင်း စာရင်းစစ် စသည့် ဘာသာရပ်တို့ တွင် နည်းပြသင်တန်းပေးခဲ့သည်။ ယင်းသင်တန်းများကို ရန်ကုန်တွင် မြန်မာ အသေးစား ငွေကြေးအသင်း (MMFA)၏ ပူးပေါင်းမှုဖြင့် ဖွင့်လှစ်ခဲ့သည်။<br>¦ MMFA၏ အကြံပေး (ADA)နှင့် စီမံရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အစည်းအဝေးများ ကျင်းပခဲ့သည်။ အထွေထွေတိုးတက်မှု၊ ဌာနတွင်း စီမံခန့်ခွဲမှု နှင့် အုပ်ချုပ်မှု၊ မဟာဗျူဟာ ငါးနှစ်စီမံကိန်း တို့ကို ဆွေးနွေးတိုင်ပင်ခဲ့သည်။<br>¦ IFCသည် တာဝန်ခံမှုရှိသော သင်တန်း အစီအစဉ်ကို ဒီဇိုင်း ထုတ်ခဲ့ပြီး ငွေရေးကြေးရေးကြီးကြပ်ကွပ်ကဲသူများ နှင့် MFIများမှ တက်ရောက်သူပေါင်း ၉၂ဦးကို သင်တန်းပေးခဲ့သည်။ သင်တန်းသား ၆၅%မှာ ပြည်နယ်တိုင်း အသီးသီးမှ ငွေရေးကြေးရေး ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများဖြစ်ကြသည်။<br>¦ IFC သည် PACT Global Microfinance Fund (PGMF)၊ Proximity Finance (PF)၊ VisionFund Myanmar (VFM)၊ Fullerton တို့ကို အောက်ပါ နယ်ပယ်တို့တွင် အကြံပေးခဲ့သည်။<br>¦ PGMF။ အကြံပေးစီမံချက်ကို ၂၀၁၆ဇွန်လကုန်ထိ ဆောင်ရွက်ခဲ့သည်။<br>¦ Proximity Finance။ Proximityတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။<br>¦ VisionFund။ IFC သည် VFM၏ အထက်တန်းနှင့် အလယ်တန်း မန်နေဂျာများ၏ စီမံချက် စီမံခန့်ခွဲမှု ကျွမ်းကျင်ရေးကို အားဖြည့်သည့် သင်တန်း ဆောင်ရွက်ခဲ့သည်။<br>¦ Fullerton Myanmar (FFMCL)။ ဤစီမံချက်သည် FFMCL၏ ရည်ရွယ်ချက်ပြည့်မီအောင် ကျေးလက်ဒေသနှင့် ဆင်ခြေဖုံးဒေသများတွင် အသေးစားငွေကြေးလုပ်ငန်းများ တိုးချဲ့ရာတွင် လုပ်ငန်းစရိတ်များ ထောက်ပံ့ခဲ့သည်။ |
| ၆ | PACT Global Microfinance Fund (PGMF)<br><br>မြန်မာ့ကျေးလက်ချေးငွေ လက်လှမ်းမီရေး (MARC)<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၇,၃၂၇,၃၂၄<br>၁၆/၇/၂၀၁၂ မှ ၁၅/၇/၂၀၁၇ အထိ<br>*ဆောင်ရွက်ဆဲ* | PGMFသည် ဒေသခံ ငွေရေးကြေးရေးအဖွဲ့ ၉ဖွဲ့ကို လုပ်ငန်းနှင့် ငွေကြေးတို့အရ မိမိဘာသာ ရပ်တည်နိုင်ရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး ထောက်ပံ့ခဲ့သည်။<br><br>¦ အသေးစားငွေရေးကြေးရေး အဖွဲ့ ၉ခုလုံးသည် လုပ်ငန်းအရနှင့် ငွေကြေးအရပါ မိမိဘာသာ ရပ်တည်နေနိုင်ပြီ ဖြစ်သည်။ ချန်ထား ဝင်ငွေဖြင့် လုပ်ငန်းလည်ပတ်မှုနှင့် ငွေကြေး စရိတ်အားလုံးကို ကျခံနေနိုင်ပြီ ဖြစ်သည်။<br>¦ ငွေရေးကြေးရေး အဖွဲ့ ၉-ခု လုံး လိုင်စင်သစ်များလျှောက်ထားခဲ့ပြီး ၂၀၁၈ ဇွန်လတွင် ရမည်ဟု မျှော်လင့်ထားသည်။ ထိုကြောင့် စီမံချက်သည် ၂၀၁၈ဇွန်လကုန်ထိ ဘတ်ဂျက်မတိုးပဲ သက်တမ်းကိုသာ တိုးချဲ့မည် ဖြစ်သည်။<br>¦ ဝန်ဆောင်မှုများကို အသုံးပြုသူ စုစုပေါင်း ၇၀,၈၂၄ (၉၈% အမျိုးသမီး) ရှိသည်။<br>¦ ၂၀၁၇ခုနှစ်တွင် ထုတ်ချေးငွေ စုစုပေါင်း ကန်ဒေါ်လာ ၁၃.၇သန်းရှိခဲ့သည်။<br>¦ ချေးငွေ အမျိုးအစားများမှာ သီးနှံထုတ်လုပ်ရေး ၃၉%၊ မွေးမြူရေး ၂၉%၊ ကုန်သွယ် ၂၇% တို့ ဖြစ်ကြသည်။<br>¦ စီမံချက်ပြီးစီးပိတ်သိမ်းမှု အကဲဖြတ်ချက်ကို ဆောင်ရွက်ဆဲဖြစ်သည်။ |
| ၇ | PACT Global Microfinance Fund (PGMF)<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေး စီမံချက် (MAFIN)<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁,၇၀၀,၀၀၀<br>၁/၀၉/၂၀၁၅ မှ ၃၁/၈/၂၀၁၇ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်အဆုံးတွင် PGMFသည် အပူပိုင်းဇုန် ၃-မြို့နယ်တွင် ဌာနခွဲ အသစ် ၆-ခုဖြင့် အိမ်ထောင်စု ၃၃,၃၆၃ ထံသို့ ရောက်ရှိခဲ့သည်။ ကန်ဒေါ်လာ ၁၀.၂သန်းကို ထုတ်ချေးခဲ့ပြီး ၇၅%မှာ မွေးမြူရေးနှင့် စီးပွားရေး လုပ်ငန်းငယ်များ၊ ၂၅%မှာ သီးနှံအတွက် ဖြစ်သည်။<br>¦ စီးပွားရေးချေးငွေမှာ MADBက ငွေချေးမပေးသည့် ပဲမျိုးစုံ အတွက် ဖြစ်သည်။<br>¦ စီမံချက်ပြီးစီးပိတ်သိမ်းမှု အကဲဖြတ်ချက်ကို ဆောင်ရွက်ဆဲဖြစ်သည်။ |
| ၈ | PACT Global Microfinance Fund (PGMF)<br><br>ရခိုင်ပြည်နယ်တွင် အားလုံး ပါဝင်သော ငွေရေးကြေးရေး စီမံချက် (RAFIN)<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၈,၃၂၃,၄၉၇<br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | PGMFသည် ရခိုင်ပြည်နယ် ၈-မြို့နယ်၌ MFIအသစ်များဖွင့်လှစ်ရန် ရည်ရွယ် ထားပြီး LIFT ၏ ရခိုင်ဒေသစီမံကိန်းတွင် ပါဝင်သည့် မြို့နယ်များ အပါအဝင်ဖြစ်သည်။<br><br>¦ PGMF။ RAFIN ဒေတာ (၂၀၁၇ ဒီဇင်ဘာ)<br>¦ ဝန်ဆောင်မှု အသုံးပြုသူ စုစုပေါင်း ၅၉,၀၇၄ (၉၈% အမျိုးသမီး)<br>¦ ရွာ စုစုပေါင်း ၁,၉၁၇ရွာ<br>¦ ၂၀၁၇ခုနှစ်တွင်း ချေးငွေ စုစုပေါင်း ကန်ဒေါ်လာ ၁၀.၄သန်း<br>¦ ချေးငွေရာခိုင်နှုန်း ၉၂% မှာ စီးပွားရေးနှင့် မွေးမြူရေးအတွက် ဖြစ်သည် |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၉ | Proximity Designs<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေး ကဏ္ဍ - ရှေ့သို့ ဆက်လက်ဆောင်ရွက်ခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၅,၀၉၇,၁၆၄<br>၁/၁၀/၂၀၁၅ မှ ၃၀/၆/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | Proximityသည် Proximity Finance Microfinance Company Limited အဖြစ် မှတ်ပုံထားပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ အကြံပြုချက်ကို စောင့်ဆိုင်းလျက်ရှိသည်။ Proximity Finance သည် ရွှေ့ပြောင်းသွားလာသူ မိသားစုများ၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် စျေးကွက်လိုအပ်ချက်ဖြည့်စွမ်းနိုင်သော ချေးငွေအသစ်များ ဒီဇိုင်း ထုတ်ထားခဲ့သည်။<br><br>¦ ၂၀၁၆ခုနှစ် တွင် ချေးငွေ ၁၅,၀၇၁ ခုကို ထုတ်ချေးထား (အပူပိုင်းဇုန်တွင် ၆,၇၀၀၊ တောင်တန်းဒေသတွင် ၂,၉၇၁၊ ရေဘေးဒဏ်ခံအိမ်ထောင်စုများ ၅,၃၃၀) သည်။<br>¦ ကျောက်ဆည်၊ မလှိုင်၊ မုံရွာ၊ ရွှေဘို၊ ဝေါ မြို့နယ် တို့တွင် ဌာနခွဲအသစ် ၅-ခု ဖွင့်ခဲ့သည်။<br>¦ မြင်းခြံ၊ မကွေး၊ မုံရွာ၊ ပခုက္ကူ နှင့် မလှိုင်မြို့နယ်များရှိ ရွှေ့ပြောင်းသွားလာသူ မိသားစုများသို့ ချေးငွေ ၁,၉၆၁-ခုကို ကနဦး ထုတ်ချေးခဲ့သည်ပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်မည် ဖြစ်သည်။<br>¦ မိသားစု ၄၄၆၃-စု သို့ စီးပွားရေး လုပ်ငန်းချေးငွေ ထုတ်ချေးခဲ့သည်။<br>¦ စုစုပေါင်း အရင်းအနှီး ၁၈.၅သန်းဖြင့် မြို့နယ် ၅၅-ခုတွင် ဝန်ဆောင်မှု အသုံးပြုသူ ၉၂,၃၈၄ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ |
| ၁၀ | UNCDF<br><br>မြန်မာနိုင်ငံတွင်းသို့ စုငွေဦးတည် အသေးစား ငွေရေးကြေးရေး စျေးကွက် ခေါင်းဆောင်များ ဝင်ရောက်လာရန် ထောက်ပံ့ခြင်း။ (Microlead Expansion Programme)<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၇,၀၀၆,၂၆၂<br>၃၁/၁၀/၂၀၁၂ မှ ၃၀/၁၂/၂၀၁၇ အထိ<br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်သည် ဒေသခံ MFIများကို စုငွေဖြင့် အသေးစားငွေကြေး ဝန်ဆောင်မှုများ ဖြစ်ထွန်းစေရန် ဆောင်ရွက်ခဲ့သည်။ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု မူဝါဒ နှင့် ဥပဒေမူဘောင် ဖြစ်ထွန်းအောင် ပံ့ပိုးခဲ့သည်။<br><br>¦ Microlead ၏ မိတ်ဖက် ASA Myanmarနှင့် Alliance Myanmar တို့သည် စီမံချက် ပြီးဆုံးချိန်တွင် လုပ်ငန်းဆိုင်ရာတွင် မိမိဘာသာ ရပ်တည်နိုင်လာနိုင်ခဲ့သည်။<br>¦ စုငွေ ချေးငွေ သမဝါယမများသည် လုပ်ငန်းဆိုင်ရာတွင် မိမိဘာသာ မရပ်တည်နိုင် သေးသဖြင့် ရေရှည်ရပ်တည်နိုင်မှုမှာ စဉ်းစားဖွယ် ဖြစ်နေသေးသည်။ |
| ၁၁ | Vision Fund International<br><br>အထည်ချုပ်ကဏ္ဍမှ ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၈၀၀,၀၀၀<br>၂၀၁၇ ဒီဇင်ဘာလမှ ၂၀၁၉ ဖွန်လအထိ<br>*ဆောင်ရွက်ဆဲ* | ¦ VFM သည် လှိုင်သာယာ နှင့် တောင်ဒဂုံတို့တွင် လုပ်ငန်းခွဲနှစ်ခုကို ဖွင့်လှစ်ခဲ့သည်။ |

၉.၄.၈

## ၂၀၁၇ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှု စီမံချက် ၄ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| 1 | Entrepreneurship & Innovation Research Group (IERG) - University of Sydney<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၂,၀၀၇,၂၉၀<br>၁၆/၁၂/၂၀၁၃ မှ ၃၁/၃/၂၀၁၇ အထိ<br>*ပိတ်သိမ်းပြီး* | ¦ စီမံချက်သည် လက်တွဲခေါ်ယူသင်ပြပေးသူ ၁၁၉ဦးကို သင်တန်းပေးခဲ့ပြီး EDNAက လက်ရှိနှင့် နောင်တွင်ဆောင်ရွက်မည့် သင်တန်းများအတွက် ၁၀၄ဦး တို့ကို ခန့်အပ်ခဲ့သည်။<br>¦ သင်တန်းအားလုံး ပြီးစီးခဲ့ (အပတ်စဉ် ၁မှ၆ အထိ၊ ၁ကြိမ်မှ ၃ကြိမ်အထိ)ပြီး စွန့်ဦးတီထွင်သူ စုစုပေါင်း ၉,၃၁၃ဦးကို သင်တန်းပေးခဲ့သည်။<br>¦ မြန်မာနိုင်ငံ ဒေသ ၉-ခုရှိ (နယ်ရုံးခွဲ - ၁၁ရုံးဖြင့်) စာသင်ခန်းပေါင်း ၃၁၅ခန်းတွင် သင်တန်းပေးခဲ့သည်။<br>¦ ဤစီမံချက်က ရရှိခဲ့သော ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ပြုမှုကြောင့် EDNAက ကွန်ရက်ကို ကျယ်ပြန့်စွာ ဖြန့်ကျက်နိုင်ခဲ့သည်။<br>¦ 'စွန့်ဦးတီထွင်သူများနေ့' အခမ်းအနားကို ရန်ကုန်မြို့ MCC ၌ ၂၀၁၇ ဖေဖော်ဝါရီ ၁၁ရက်နေ့တွင် ကျင်းပခဲ့သည်။ |
| 2 | Michigan State University<br><br>မြန်မာနိုင်ငံ၏ စိုက်ပျိုး-ရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးရေး။ ကျေးလက်ဒေသ နွမ်းပါးသူများ၏ အသက်မွေးမှုများအတွက် သက်ရောက်မှုများ<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၂,၁၉၉,၁၇၈<br>၂၀၁၅ ဇူလိုင်လမှ ၂၀၁၈ ဇွန်လအထိ<br>*ဆောင်ရွက်ဆဲ* | ¦ ဤစီမံချက်သည် MoALI ဝန်ကြီးဌာန၏ မူဝါဒရုံးက မူဝါဒရေးဆွဲရေး၊ အကောင်အထည်ဖော်ရေး ဆွေးနွေးလှုံ့ဆော်ရာတွင် ဆက်လက်ပံ့ပိုးခဲ့သည်။<br>¦ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၏ ပဲမျိုးစုံ မဟာဗျူဟာကို ပြန်လည်သုံးသပ်မှု နှင့် အိန္ဒိယ ပဲရောင်းချမှု ပိတ်ပင်ခြင်း၏ သက်ရောက်မှုနှင့် ကာလတို/လတ်/ရှည် ဖြေရှင်းချက် ကို ဆန်းစစ်ရာတွင် ပါဝင်ခဲ့သည်။<br>¦ အပူပိုင်းဇုန် ကျေးလက်စီးပွားရေး နှင့် စိုက်ပျိုးရေးစစ်တမ်း အတွက် စာရင်းကောက်ယူသူ ၅၅-ဦး နှင့် ဒေတာသွင်းသူ ၁၁-ဦးကို သင်တန်းပေးခဲ့သည်။ ပွင့်ဖြူ၊ ဘုတလင်၊ မကွေး၊ မြစ်သား ၄-မြို့နယ်မှ ရွာ၁၀၀ မှ အိမ်ထောင်စု ၁,၆၀၀ကို စစ်တမ်း ကောက်ယူခဲ့သည်။ သုတေသန၏ ထူးခြားတွေ့ရှိချက် မူကြမ်း ၃စောင်ကို LIFT ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များကို မျှဝေခဲ့သည်။<br>¦ အပူပိုင်းဇုန် ကျေးလက်စီးပွားရေး နှင့် စိုက်ပျိုးရေး ရပ်ရွာအဆင့် စစ်တမ်းကို စစ်ကိုင်း၊ မကွေး၊ မန္တလေး တိုင်း ၁၄မြို့နယ်မှ ရွာ ၃၀၀တွင် ကောက်ယူခဲ့သည်။ လယ်ယာသုံး စက်ကိရိယာငှားရမ်းသူ ၂၂ဦး၊ မြို့နယ် စက်မှုလယ်ယာ အရာရှိ ၃-ဦး၊ ဆီစက်ပိုင်ရှင် ၉-ဦးတို့ကို တွေ့ဆုံမေးမြန်းကာ လယ်ယာပြင်ပ တန်ဖိုးကွင်းဆက် စစ်တမ်းမေးခွန်းလွှာကို ပြုစုခဲ့သည်။<br>¦ မြို့ပြနှင့် ကျေးလက် စစ်တမ်း ၄-ခုကို ပခုက္ကူ၊ မကွေး၊ မန္တလေး၊ မုံရွာ၊ ရွှေဘို တို့တွင် လုပ်ငန်းပေါင်း ၇၇၀ အတွက် စာရင်းကောက်ယူသူ ၇၀-ဦးဖြင့် ကောက်ယူခဲ့သည်။<br>¦ သုတေသီများသည် ဆောင်ရွက်မှုများ ကျယ်ပြန့်စေရန် အတွက် တွေ့ရှိချက်များကို ဖိုရမ်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ငါးလုပ်ငန်း အဖွဲ့ ချုပ် စသည့် ပြည်တွင်း ပြည်ပ နီးနောဖလှယ်ပွဲ အများအပြားတွင် မျှဝေခဲ့သည်။<br>¦ မြန်မာ့ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေး နီးနောဖလှယ်ပွဲတွင် ပြောကြားခဲ့သော အဓိက မိန့်ခွန်းကို မြန်မာတိုင်းမ်တွင် ဖော်ပြခဲ့ https://www.mmtimes.com/news/new-aquaculture-economy-emerged-rising-fish-demand.html#. Wg8b5WsyVLo.email<br>¦ ထုတ်ဝေပြီး သုတေသနအစီရင်ခံစာများကို LIFTဝက်ဘ်ဆိုက်http://www.lift-fund.org နှင့် MSU ဝက်ဘ်ဆိုက် http://foodsecuritypolicy.msu.edu/news?countries=burma&components=&themes= တို့မှတဆင့် မျှဝေပေးမည် ဖြစ်သည်။ |
| 3 | The Currency Exchange Fund (TCX)<br><br>ငွေလဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သော စွန့်စားရမှုများအတွက် တစ်စိတ် တစ်ပိုင်း အထောက်အကူ ပေးခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ၁၀,၀၀၀,၀၀၀<br>၁၇/၁၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ TCXသည် LIFTက ထည့်ဝင်သည့် ကန်ဒေါ်လာ၁၀သန်းကြောင့် ငွေချေးသူ၁ဦးအား မြန်မာMFI၁၂ဖွဲ့ကို ချေးငွေ ၄၀ ထုတ်ချေးနိုင်ခဲ့သည်။<br>¦ TCXသည် ကျပ်ငွေ ၁၀၉.၃ဘီလျံနှင့် ညီသော ကန်ဒေါ်လာ သန်း၈၀အကြွေးကို ကာထားခဲ့သည်။<br>¦ ကျပ်ငွေဖြင့် ချေးငွေများရလာသဖြင့် မြန်မာMFIများသည် ငွေချေးသူ ၃၃၇,၆၄၂ဦးကို ထုတ်ချေးပေးနိုင်ခဲ့သည်။ ပျမ်းမျှချေးငွေမှာ ကန်ဒေါ်လာ ၂၃၇ဖြစ်ပြီး ချေးငွေ ဝန်ဆောင်မှုပေးသူ ၈၄%မှာ အမျိုးသမီးများ ဖြစ်ပြီး ၆၄%မှာ ကျေးလက်နေသူများဖြစ်သည်။ ထို့ကြောင့် TCXသည် သွယ်ဝိုက်သောအားဖြင့် ငွေချေးသူ ၃၃၇,၆၄၂ (အမျိုးသမီး၂၈၃,၆၁၉အပါအဝင်)ကို ငွေချေးပေးနိုင်ခဲ့သည်။<br>¦ LIFT၏ ဆောင်ရွက်မှုကြောင့် MFI ၁၂ဖွဲ့သည် ၂၁%ခန့် လုပ်ငန်းများ တိုးတက်လာသည်။ (MFI များအတွင်း အလုပ်နေရာအသစ် ၁,၀၂၇ ပေါ်ပေါက်လာခဲ့သည်) |
| 4 | Yoma Bank<br>ရိုးမဘဏ်စိုက်ပျိုး -စီးပွား ငွေကြေးပံ့ပိုးမှု စီမံကိန်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁၈,၀၇၀,၀၀၀<br>၁၈/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၇နှစ်ကုန်ထိ ဤငှား-ဝယ်အစီအစဉ်သည် ကန်ဒေါ်လာ ၁၀၂သန်း တန်သော (ငှား/ဝယ် ချေးငွေ ကန်ဒေါ်လာ၈၄သန်း) လယ်ယာသုံးစက်ကိရိယာများအတွက် ငှား/ဝယ်မှု ၅,၁၂၈ခုကို နေပြည်တော် အပါအဝင် ပြည်နယ်/တိုင်း ၁၂ခုရှိ ဌာနခွဲ ၄၂ခုတွင် စက်ကိရိယာရောင်းချသူ ၁၇ဦး နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။<br>¦ စုစုပေါင်း လယ်ထွန်စက် ၂,၉၂၃-စီး၊ ချွေလှေ့စက် ၇၀၂-စီး၊ သယ်ပို့ယာဉ် ၁,၂၃၅-စီး၊ ကောက်ရိတ်စက် ၁၃-စီး၊ လက်တွန်းထွန်စက် ၂၂၅-စီးကို ရရှိစေခဲ့သည်။ ဤအစီအစဉ်သည် ၂၄လအတွင်း ရိုးမဘဏ်ကို ကန်ဒေါ်လာ ၈၇သန်းဖိုး ပူးတွဲ ငွေချေးနိုင်စေခဲ့၊<br>¦ ၂၀၁၇တွင် ပြောင်းကုန်သည်၃၇ဦးကို ကန်ဒေါ်လာ ၃.၃သန်း (ကျပ် ၄.၃ဘီလျံ)ကို ထုတ်ပေးခဲ့၊ တောင်သူ ၆၈,၀၀၀ခန့်ကို ရောက်ရှိခဲ့သည်။<br>¦ LIFT သည် တစ်ဦးချင်းစာရင်းဖွင့်လှစ်မှု ပြင်ဆင်ခြင်းများကို ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် သဘောတူခဲ့သည်။ စီမံချက်သည် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ အကြီးအကဲတစ်ဦးကို ခေါ်ယူခဲ့ပြီး တစ်ဦးချင်းစာရင်းများကို ဆောင်ရွက်လျက်ရှိသည်။ စာရင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အခက်အခဲများ အပေါ်ကိုင်တွယ်ဖြေရှင်းရန်အတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။<br><br>မှတ်ချက်။ ကန်ဒေါ်လာ ၁= ကျပ်၁၃၀၀ |

၉.၄.၉

## ၄.၉။ ၂၀၁၇ ခုနှစ်အတွင်း ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စိုက်ပျိုးရေး စီမံချက်၂ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| 1 | Mercy Corps (in partnership with Swisscontact)<br><br>နွမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက် ပြုလုပ်ပေးခြင်း<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၄,၀၀၀,၀၀၀<br>၂၀၁၄ ဇွန်လမှ ၂၀၁၈ မတ်လအထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်သည် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးအတွက် East-West Seed (EWS) နှင့် Asiantic Industries ဟူသော ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ပညာပေးရေးကို ထောက်ပံ့ခဲ့သည်။ သွင်းအားစုနှင့် ထုတ်ကုန် အသစ်များကို ဘောက်ချာစနစ်ဖြင့် ဆက်လက်ထောက်ပံ့ခဲ့သည်။ ပုဂ္ဂလိက ကဏ္ဍအား ၎င်းတို့ကိုယ်ပိုင်အဖြစ် ခံယူလာရန် နှင့် လျှော့ဈေးများကို ဝေမျှရန်အတွက် မိတ်ဖက်အသစ်ဖြစ်သည့် မာလာမြိုင် နှင့်အတူ ဘောက်ချာစနစ်ကို ဒီဇိုင်း အသစ်ထုတ်ခဲ့သည်။<br>¦ ၂၀၁၇ခုနှစ်တွင် တောင်သူ ၁၀,၆၉၅ဦး ကို East-West Seed (EWS) နှင့် Asiantic Industriesမှတဆင့် သင်တန်းပေးခဲ့သည်။<br>¦ ရခိုင်ဒေသတွင် တောင်သူများနှင့်အတူ ဟင်းသီးဟင်းရွက်ကဏ္ဍ ဈေးကွက်ရေးဆွဲမှု ကို ဆောင်ရွက်ပြီးစီးခဲ့သည်။ စီမံချက်၏ ဘောက်ချာစနစ်ဖြင့် တောင်သူ၂၅၄ဦးကို နည်းပညာ/ မျိုးစေ့အသစ်များ အသုံးပြုစေခဲ့သည်။ EWSနှင့် တောင်သူ ၇၄ဦးတို့ ပူးပေါင်းကာ စံပြ စိုက်ကွက် ၈၉ကွက်ကို ထူထောင်ခဲ့သည်။ ၂၀၁၈နှစ်ဆန်းတွင် ရခိုင်၌ ဟင်းသီးဟင်းရွက် ပြပွဲကျင်းပမည် ဖြစ်သည်။ မောင်တော နှင့် ဘူးသီးတောင် စိုက်ပျိုးရေး ဦးစီးဌာနမှ စိုက်ပျိုးရေး ပညာပေးဝန်ထမ်းများ အပါအဝင် ၁၁၃ဦးကို စိုက်ပျိုးနည်းကောင်းများနှင့်ပတ်သက်သော သင်တန်းများ ပို့ချပေးခဲ့သည်။<br>¦ ရှမ်းပြည်နယ်တောင်ပိုင်းတွင် AgroBioနှင့် ချိတ်ဆက် ဆောင်ရွက်ကာ ပျိုးခြံနှစ်ခု ကို ဖွင့်လှစ်ခဲ့သည်။ တောင်သူ ၃၄၅ဦးနှင့် အသိပညာပေးဆောင်ရွက်ခဲ့သည်။ မာလာမြိုင်နှင့် ချိတ်ဆက်ကာ တောင်သူ ၆-ဦးနှင့်အတူ ဘောက်ချာစနစ်ဖြင့် အစက်ချ ရေပေးနည်း စံပြ စိုက်ကွက် ၆-ကွက် ထူထောင်ခဲ့သည်။ Agrobioမှတပါး ရှမ်းပြည်နယ် တောင်ပိုင်းတွင် စီမံချက် ပြီးစီးပိတ်သိမ်းခဲ့သည်။ ရှမ်းပြည်နယ် တောင်ပိုင်းသို့ ရခိုင်ပြည်နယ်မှ တောင်သူများ၊ ကုန်သည်များ၊ စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများကို လေ့လာရေးခရီးစဉ် စီစဉ်ထောက်ပံ့ခဲ့သည်။<br>¦ "မြန်မာ့ဟင်းသီးဟင်းရွက်များဈေးကွက်လက်လှမ်းမီမှု ကောင်းမွန်ရေး" ဆွေးနွေးပွဲကျင်းပခဲ့ရာ ၎င်းမှာ ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ (VSAT)နှင့် ပူးပေါင်းဆောင်ရွက်သည့် တတိယအကြိမ်မြောက် မူဝါဒဆွေးနွေးပွဲဖြစ်သည်။ |
| 2 | PRIME-SPE<br><br>လုပ်ကွက်ငယ်တောင်သူများ ကြီးပွားရေး နှင့် အသက်မွေးမှု လုပ်ငန်းများ အတွက်ရေ<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၂,၂၉၆,၉၁၅<br>၂၀၁၅ ဒီဇင်ဘာလ မှ၂၀၁၇ ဒီဇင်ဘာလ အထိ<br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်ကို ပြန်လည်သုံးသပ်ခဲ့ကာ သက်တမ်းကို ၃နှစ်မှ ၂.၁နှစ်ထိ (၂၀၁၅ ဒီဇင်ဘာလမှ ၂၀၁၇ဒီဇင်ဘာလထိ) လျှော့ချခဲ့သည်။ ဘတ်ဂျက်မှာ ကန်ဒေါ်လာ ၂.၂၉သန်းဖြစ်သည်။<br>¦ ဤစီမံချက်သည် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ်တွင် ရေပေးရေးနည်းပညာများ မိတ်ဆက်ပေးခဲ့ပြီး ရေအရင်းအမြစ် ဖွံ့ဖြိုးစေခဲ့သည်။ သင်တန်းများပေးခဲ့ကာ မျိုးကောင်းများကို လုပ်ကွက်ငယ် တောင်သူများထံ ရောက်စေပြီး အထွက်တိုးစေခဲ့သည်။ (၂၀၁၇ ခုနှစ်တွင် တောင်သူ ၄၉၅ဦး/၉၉၀ဧက)<br>¦ ၂၀၁၆-၂၀၁၇တွင် တောင်သူ ၉၇ဦးကို G.A.P ဆိုင်ရာ သင်တန်းပေးခဲ့ပြီး ဈေးချိုသော ရေဖျန်းစနစ်သစ်ကို ဈေးကွက်တင်ခဲ့သည်။<br>¦ ဤစီမံချက်သည် ရေပေးဝေရေး စနစ်သစ်ကို တောင်သူ ၁၄၇ဦး၊ လယ်မြေဧက ၂၄၈သို့ ရောက်ရှိစေခဲ့သည်။၊ နွေစပါးစိုက်နိုင်ရန် ဘုံအဝီစိတွင်း ၃တွင်း တူးပေးခဲ့သည်။<br>¦ ဤစီမံချက်သည် နိုင်ငံခြားသို့ ကြက်သွန်တင်ပို့ရန် တောင် ၉၉ဦးကို PRIME နှင့် အကျိုးတူလယ်ယာ စာချုပ်ချုပ်ဆိုခဲ့ရာ အဓိက သွင်းအားစုများ ကြိုတင်ထုတ်ယူမှုများအတွက်လည်း သီးနှံရိတ်သိမ်းပြီးမှ ပေးချေနိုင်ခြင်းများလည်း ပါဝင်သည်။<br>¦ စီမံချက် ပြီးစီးပိတ်သိမ်းမှု အကဲဖြတ်ချက်ကို ၂၀၁၈ ဇန်နဝါရီလတွင် ဆောင်ရွက်မည် ဖြစ်သည်<br>¦ (အစီရင်ခံစာ မူကြမ်းကို ရရှိပြီး FMO နှင့် PRIMEက ကနဦးတွေ့ရှိချက်များကို ပြန်လည်သုံးသပ်ခဲ့သည်။ အဝီစိတွင်းဖြင့် ဘုံရေပေးရေးစနစ် အောင်မြင်ခဲ့ပြီး ၂၄၈ဧကသော လွှမ်းခြုံနိုင်သဖြင့် ရည်ရွယ်ထားသည့် လုပ်ကွက်ငယ်တောင်သူများ၏ ၉၉၀ဧကကို မရောက်ရှိခဲ့ပေ။ ကြက်သွန်တင်ပို့ရန် အကျိုးတူချုပ်ဆိုထားကာ သွင်းအားစုများ ထုတ်ပေးခဲ့သော တောင်သူများသည် ၂၀၁၈ မတ်လလယ်တွင် သီးနှံပေါ်မည် ဖြစ်သည်။ |

၉.၅

## LIFT၏ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်များ၏ ဆောင်ရွက်ပြီးစီးမှု(၃၁/၁၂/၁၇)

| | OSS | | FSS | | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | | အားလုံး | | အမျိုးသမီး အားလုံး | | ကြွေးကျန် (ကန်ဒေါ်လာ) | | ၂၀၁၇ စာရင်းစိတ်စုငွေ (ကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | |
| **Local Microfinance Institutions** | | | | | | | | | | | | | |
| Ar Yone Oo | ၁၇၉% | ၁၆၀% | ၁၃၉% | ၁၁၉% | ၇၉၈,၇၃၀ | ၉၆၀,၆၀၇ | ၇,၁၆၀ | ၈,၃၇၈ | ၇,၁၁၂ | ၈,၁၁၇ | ၃၇၉,၄၃၈ | ၄၆၀,၂၉၁ | ၁၉၇,၃၈၉ |
| Border Development Association | ၁၉၆% | ၂၀၁% | ၁၅၁% | ၁၄၃% | ၈၄၉,၁၉၀ | ၁,၀၁၈,၇၃၀ | ၆,၉၃၄ | ၇,၅၃၃ | ၆,၉၃၀ | ၇,၅၂၆ | ၆၂၀,၆၄၆ | ၈၇၇,၂၇၇ | ၁၈၉,၃၆၅ |
| Enviromental Conservation and Livelihood outreach Foundation - ECLOF | ၁၅၈% | ၁၅၉% | ၁၂၈% | ၁၂၁% | ၈၀၅,၅၆၀ | ၉၆၉,၁၃၇ | ၇,၅၉၆ | ၈,၂၇၃ | ၇,၅၄၅ | ၈,၂၁၅ | ၇၀၁,၈၆၄ | ၉၂၈,၆၈၂ | ၂၆၂,၈၃၆ |
| Myanmar Heart Development Orgasnization | ၁၅၆% | ၁၅၂% | ၁၃၂% | ၁၁၇% | ၆၈၀,၈၃၅ | ၈၁၃,၀၃၂ | ၇,၃၃၅ | ၈,၃၇၅ | ၇,၁၅၂ | ၈,၁၃၇ | ၅၄၂,၃၀၄ | ၇၀၉,၄၈၄ | ၁၇၉,၃၇၃ |
| Ratana Metta Organization | ၁၆၀% | ၁၈၆% | ၁၂၉% | ၁၃၁% | ၈၀၀,၆၀၁ | ၉၅၇,၀၄၁ | ၇,၁၉၅ | ၇,၈၉၉ | ၇,၀၅၉ | ၇,၇၆၀ | ၇၁၃,၀၀၂ | ၉၀၁,၅၃၇ | ၁၇၈,၁၈၀ |
| Social Vision Service | ၁၄၉% | ၁၅၉% | ၁၂၉% | ၁၂၀% | ၆၄၀,၈၅၇ | ၇၇၈,၆၀၀ | ၆,၈၇၁ | ၇,၇၄၇ | ၆,၈၁၉ | ၇,၆၇၁ | ၅၀၆,၇၂၀ | ၆၉၂,၈၂၀ | ၁၆၀,၄၀၁ |
| The Sun Institute | ၁၄၇% | ၁၃၆% | ၁၃၂% | ၁၀၆% | ၆၁၃,၆၂၃ | ၇၃၃,၅၀၀ | ၇,၂၃၀ | ၈,၁၁၂ | ၇,၁၀၅ | ၇,၉၇၀ | ၄၉၆,၁၆၉ | ၆၁၈,၄၂၈ | ၁၅၈,၅၈၆ |
| Wan Lark | ၁၅၀% | ၁၆၂% | ၁၃၅% | ၁၁၉% | ၅၈၄,၉၉၁ | ၇၀၅,၆၄၂ | ၆,၀၄၉ | ၇,၁၅၆ | ၅,၈၂၃ | ၆,၉၁၅ | ၅၁၅,၁၈၈ | ၆၉၂,၄၆၀ | ၁၂၅,၃၆၈ |
| YMCA Microfinance | ၁၆၂% | ၁၄၉% | ၁၃၄% | ၁၁၀% | ၆၄၃,၉၅၈ | ၇၆၄,၀၈၉ | ၆,၂၀၇ | ၇,၃၅၁ | ၆,၁၁၀ | ၇,၂၂၂ | ၄၀၉,၄၆၄ | ၅၃၅,၇၀၂ | ၁၅၄,၈၁၀ |
| Myanmar Finance* | | ၁၂၃% | | ၁၂၂% | | ၈,၈၀၃,၅၇၇ | | ၅၂,၅၀၆ | | ၄၄,၉၁၉ | | ၇,၈၆၉,၃၉၂ | ၁,၄၂၅,၄၄၁ |
| **Cooperatives** | | | | | | | | | | | | | |
| 38 Saving and Credit Cooperatives | ၁၀၂% | ၁၄၆% | | ၁၄၆% | ၇၂၅,၈၉၃ | ၉၇၀,၉၆၀ | ၁၉,၀၂၉ | ၂၅,၅၀၀ | ၉,၅၁၄ | ၁၅,၀၄၅ | ၄၇၃,၆၃၈ | ၉၁၇,၉၀၀ | ၅၉၃,၁၄၃ |
| CCA-Myingyan TSC | | ၁၆၉% | | ၁၄၇% | | ၂,၉၆၉,၇၆၇ | | ၃၆,၀၁၉ | | ၁၄,၀၂၁ | | ၂,၈၈၁,၉၃၁ | ၂,၁၀၅,၆၈၂ |
| CCA-Natogyi TSC | | ၂၆၅% | | ၁၄၇% | | ၁,၈၀၆,၁၁၃ | | ၁၆,၂၃၁ | | ၅,၃၉၁ | | ၁,၅၅၉,၀၅၅ | ၆၁၂,၁၆၂ |
| **International Microfinance Institutions** | | | | | | | | | | | | | |
| Alliance Myanmar | ၉၄% | ၁၂၂% | ၈၇% | ၁၁၀% | ၅,၀၄၆,၁၈၀ | ၁၄,၇၉၀,၀၇၅ | ၂၁,၈၅၇ | ၁၄၈,၀၀၅ | ၁၈,၄၂၇ | ၁၂၂,၁၃၄ | ၄,၇၃၈,၉၇ | ၁၃,၉၁၆,၄၈၆ | ၂,၆၈၉,၈၂၂ |
| ASA Myanmar | ၉၉% | ၁၅၇% | ၉၈% | ၁၁၉% | ၉,၈၀၈,၄၇၀ | ၁၉,၆၇၅,၉၀၄ | ၆၇,၄၃၃ | ၁၁၄,၄၀၁ | ၆၇,၄၃၃ | ၁၁၃,၇၈၆ | ၈,၆၆၉,၁၁၃ | ၁၇,၁၆၆,၂၀၀ | ၂,၂၂၈,၅၇၄ |
| Fullerton Myanmar | ၁၂၆% | ၁၂၆% | ၈၁% | ၈၆% | ၁၇,၂၉၅,၀၁၇ | ၂၅,၅၉၀,၁၅၆ | ၅၈,၄၆၉ | ၉၂,၁၀၉ | ၅၃,၂၀၇ | ၈၂,၃၇၅ | ၁၁,၁၄၅,၈၆၀ | ၂၁,၃၂၁,၃၉၂ | ၇၇၂,၃၉၁ |

| | OSS | | FSS | | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | | အားလုံး | | အမျိုးသမီး အားလုံး | | ကြွေးကျန် (ကန်ဒေါ်လာ) | | ၂၀၁၇ စာရင်းစိတ် စုငွေ (ကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၆ | ၂၀၁၇ | |
| Gret Microfinance (Chin) - Thitsar Oo Yin | ၁၆၁% | ၁၄၇% | ၁၀၉% | ၁၀၇% | ၁,၉၈၁,၁၆၇ | ၂,၁၃၁,၉၆၁ | ၁၀,၀၆၅ | ၁၀,၁၂၆ | ၆,၂၃၆ | ၆,၄၈၄ | ၁,၉၁၃,၇၄၉ | ၁,၉၇၃,၂၇၄ | - |
| Gret Microfinance (Dryzone) - Thitsar Oo Yin | ၁၀၈% | ၁၂၁% | ၉၅% | ၁၀၈% | ၁,၆၀၀,၄၄၀ | ၁,၆၄၁,၉၃၄ | ၈,၆၅၆ | ၁၁,၃၇၀ | ၆,၉၈၃ | ၉,၁၇၃ | ၈၈၁,၈၂၆ | ၁,၄၁၀,၂၉၀ | - |
| Pact Global Microfinance Fund | ၁၃၆% | ၁၆၅% | ၁၀၆% | ၁၄၅% | ၁၆၅,၅၀၂,၆၃၅ | ၂၀၁,၆၇၅,၁၈၈ | ၁,၂၀၁,၅၀၇ | ၈၅၈,၀၉၃ | ၁,၁၇၇,၄၇၇ | ၈၅၀,၀၆၉ | ၁၄၄,၄၃၅,၆၅၀ | ၁၈၁,၃၀၄,၆၈၆ | ၆၃,၈၇၃,၀၀၃ |
| Proximity Designs | ၁၁၉% | ၁၂၇% | ၁၀၄% | ၁၀၉% | ၁၃,၃၇၆,၆၆၀ | ၂၄,၆၂၈,၁၇၄ | ၇၉,၁၉၈ | ၉၁,၂၀၉ | ၄၁,၄၂၃ | ၅၄,၇၂၅ | ၁၁,၆၉၈,၆၄၄ | ၁၈,၀၅၀,၀၀၇ | - |
| VisionFund Myanmar | ၇၁% | ၁၀၂% | ၆၇% | ၉၆% | ၁၈,၉၇၀,၀၇၃ | ၃၁,၇၅၀,၇၀၅ | ၁၀၄,၁၅၇ | ၁၇၄,၈၇၄ | ၉၀,၃၉၇ | ၁၄၇,၀၆၅ | ၁၄,၉၉၆,၀၄၆ | ၂၈,၃၄၆,၆၉၇ | ၃,၄၇၅,၄၅၂ |
| ACLEDA* | | ၂၈၃% | | ၂၇၀% | | ၂၆,၀၂၃,၀၀၁ | | ၆၃,၁၇၀ | | ၄၁,၈၀၄ | | ၂၂,၇၇၇,၉၄၈ | ၁,၇၈၆,၆၂၈ |
| BRAC* | | ၁၀၁% | | ၈၈% | | ၉,၉၉၆,၁၆၀ | | ၅၀,၉၇၇ | | ၅၀,၉၁၅ | | ၈,၉၅၁,၉၁၂ | ၈၂၄,၉၆၀ |
| CARD* | | ၁၁၉% | | ၁၀၈% | | ၁,၂၀၃,၃၁၀ | | ၁၀,၆၆၂ | | ၁၀,၆၅၇ | | ၇၅၇,၄၉၁ | ၁၇၄,၆၃၂ |
| Early Dawn* | | ၁၀၉% | | ၆၆% | | ၅၂,၅၄၂,၄၄၁ | | ၁၂၅,၉၃၉ | | ၁၂၅,၉၃၀ | | ၂၃,၉၅၆,၈၉၄ | ၁,၂၉၃,၆၅၂ |
| LOLC* | | ၁၃၀% | | ၁၂၃% | | ၂၇,၉၃၁,၈၁၁ | | ၆၇,၈၉၄ | | ၆၄,၈၃၀ | | ၁၈,၃၃၃,၉၃၆ | ၃,၃၄၁,၁၂၂ |
| Sathapana* | | ၁၈၇% | | ၁၄၄% | | ၂၄,၈၄၃,၅၉၃ | | ၁၀၇,၆၄၇ | | ၈၁,၁၃၀ | | ၂၂,၄၆၆,၉၆၅ | ၁,၇၁၆,၅၁၃ |
| **Private Bank** | | | | | | | | | | | | | |
| Yoma Bank's Agri Finance Program (Hire purchase of agricultural equipment and machines) | | | | | | | ၂,၉၇၄ | ၄,၈၇၁ | ၂၂၃ | ၃၂၈ | ၂၀၈,၁၀၃,၈၂၈ | ၅၆,၉၁၀,၃၉၈.၆၉ | - |
| Total for all LIFT financial inclusion (65 partners) | | | | | ၂၄၀,၇၂၄,၈၈၁ | ၄၈၆,၆၉၅,၂၁၈ | ၁,၆၃၅,၉၃၃ | ၂,၁၃၂,၄၄၇ | ၁,၅၃၂,၉၇၅ | ၁,၉၁၀,၅၂၅ | ၄၁၁,၉၄၃,၀၄၆ | ၅၇,၂၉၀,၅၅၆ | ၈၈,၅၁၀,၄၈၄ |

လုပ်ငန်းဆိုင်ရာ ရပ်တည်မှု (OSS = Operational self-sufficiency)
ငွေကြေးဆိုင်ရာ ရပ်တည်မှု (FSS = Financial self-sufficiency)

* Currency Hedging Facility နှင့် မိတ်ဖက်ပြုခဲ့သော အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ

၉.၆

# ၂၀၁၇ ခုနှစ် မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများ

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

| | |
|---|---|
| အကြောင်းအရာ။<br><br>ပုဂ္ဂလိကဘဏ်လုပ်ငန်းမှ ကျေးလက်ချေးငွေများကို ဖန်တီးခြင်း<br><br>ဆောင်ရွက်သူ။ ရိုးမဘဏ် | ရိုးမဘဏ်၏ AFPအစီအစဉ် သည် ကျေးလက် စိုက်ပျိုး-စီးပွားရေးလုပ်ငန်းရှင်များကို ရေရှည် ငှား-ဝယ်စနစ်ဖြင့် ချေးငွေ ထုတ်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးကုန်ထုတ် တိုးစေရန် ရည်ရွယ်ပါသည်။ LIFT ၏ အရင်းအမြစ်ဖြင့် ချေးငွေဆုံးရှုံးမှု အရန်ငွေထားရှိထားသည်။ သို့မဟုတ်ပါက လက်ရှိအမြင့်ဆုံးအတိုးနှုန်း သတ်မှတ်ချက်ကြောင့်အပြင်ဘဏ်တွင်လည်း ကျေးလက်စိုက်ပျိုးရေး စီးပွားရေးသမားများ နှင့် မထိတွေ့ဖူးသောကြောင့် ဤငှား-ဝယ် အစီအစဉ်မှာ စီးပွားရေးအရ အလားအလာမရှိပေ။ ထိုသို့ဆောင်ရွက်ချက်ကြောင့် 'ခေတ်မီစက်မှုလယ်ယာစနစ် အသွင်ပြောင်းရေးအတွက် အရည်အသွေး ကောင်းမွန်သော လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲရေးကို ကူညီထောက်ပံ့ရန်'ဟူသော ဝန်ကြီးဌာန၏ စက်မှုလယ်ယာ နှင့် သွင်းအားစုဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရာ ရောက်သည်။<br><br>စီမံချက်ကာလ သုံးနှစ်အတွင်းတွင် ရိုးမဘဏ်သည် ဈေးကွက်အသစ် နှင့် ပိုမို ရင်းနှီးလာကာ ကိန်းဂဏန်း အချက်အလက်များကိုလည်း ပိုမိုစုဆောင်းမိလာမည် ဖြစ်သည်။ ဤသို့ဖြင့် မြန်မာ့ ကျေးလက်လူထု ကို ငွေထုတ်ချေးရာတွင် ဖြစ်နိုင်ခြေရှိသည့် အဆုံးအရှုံးကို မိမိဘာသာ ချိန်ဆ လာနိုင်မည်ဟု မျှော်လင့်ထားပြီး ငှား-ဝယ် အစီအစဉ်မှာ ရေရှည်တည့်တံ့လာမည် ဖြစ်သည်။ လုပ်အားရှားပါးမှုကို စက်မှုလယ်ယာ အသွင်းပြောင်းကာ ကျော်လွှားလာနိုင်မည်ဖြစ်သည်။ အထွက်လည်းတိုးကာ အမြတ်အစွန်း ပိုမိုလာမည် ဖြစ်သည်။ |

ရိက္ခာဖူလုံရေး

| | |
|---|---|
| အကြောင်းအရာ။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မူဝါဒနှင့် မဟာဗျူဟာ ရေးဆွဲခြင်း<br><br>ဆောင်ရွက်သူ။ LIFT ၏ စိုက်ပျိုးရေး အကြံပေးများ<br><br>ပူးပေါင်းသူများ။<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစီးဌာနများ၊ အထူးသဖြင့် စီမံကိန်းဦးစီးဌာန၊ပြည်နယ်/တိုင်း အစိုးရများ၊ပုဂ္ဂလိကကဏ္ဍ၊ CSOများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ | စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက် (၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂)ရေးဆွဲခြင်း ။ ဤလုပ်ငန်းစဉ်တွင် ဝန်ကြီးဌာနရုံးတွင် အခြေစိုက်ရုံးထိုင်သည့် LIFTမှ စိုက်ပျိုးရေး အကြံပေး နှစ်ဦးသည် DOPကို နည်းပညာ အထောက်အကူပေးခဲ့သည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုနှင့် ရိက္ခာဖူလုံရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP) ထံမှ ထောက်ပံ့ငွေ အဆိုပြုလွှာကို တင်သွင်းရန် ဖြစ်သည်။ GAFSPသည် ADSသာမက ရင်းနှီးမြှုပ်နှံမှုစီမံချက်ကိုပါ တင်ပြရန် ဖြစ်သည်။ ၂၀၁၇ နှစ်ဆန်းတွင် ဝန်ကြီးဌာနသည် GAFSP ထံမှ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၂၇သန်းကို ရရှိခဲ့သည်။ မြန်မာနိုင်ငံ အပူပိုင်းဇုန် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ် ၃-ခုတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးရန်နှင့် ရိက္ခာဖူလုံစေရန် ဖြစ်သည်။<br><br>ဤမဟာဗျူဟာသည် အရှင် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် စိုက်ပျိုးရေးအကြံပေးနှစ်ဦးသည် ဝန်ကြီးဌာန နှင့် ဆက်လက် လက်တွဲလုပ်ကိုင်လျက်ရှိပြီး မေလ နှင့် ဇွန်လအတွင်းတွင် မဟာဗျူဟာနှင့် ပတ်သက်၍ ပြည်နယ်/တိုင်း အစိုးရများ၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ CSOများ (တောင်သူအုပ်စု များ အပါအဝင်)၊ ပြည်နယ်၊ တိုင်း အားလုံးမှ ဖွံ့ဖြိုးမှုမိတ်ဖက်များ နှင့် ကျယ်ပြန့်စွာ ဆွေးနွေး တိုင်ပင်ခဲ့သည်။ ဩဂုတ်လတွင် ယင်း ဆွေးနွေးပွဲရလဒ်များကို မူကြမ်းတွင် ထည့်သွင်းခဲ့သည်။ ထို့နောက် စာတမ်းကို ပညာရှင်များက သုံးသပ်ကြကာ ပြည်ထောင်စု ဝန်ကြီး ထံသို့ အတည်ပြုရန် တင်ပြခဲ့သည်။ အတည်ပြုပြီး ADSစာတမ်း အကျဉ်းကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ တွင် ထုတ်ဝေခဲ့သည်။ စာတမ်းအပြည့်အစုံနှင့် ရင်းနှီးမြှုပ်နှံမှုစီမံချက်ကို ၂၀၁၈မတ်လတွင် ထုတ်ဝေမည် ဖြစ်သည်။ |
| အကြောင်းအရာ။ စားနပ် ရိက္ခာဖူလုံရေး အတွက် ပိုမို ကောင်းမွန်သော မူဝါဒ အကောင်အထည်ဖော်မှု<br><br>ဆောင်ရွက်သူ။ FSWG<br><br>ပူးပေါင်းသူများ။<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ LIFT၊ FAO၊ LCG၊ ဒေသခံCSOများ၊အလှူရှင်များ၊ INGOများ | မြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် အရင်းအမြစ်များနှင့် မိတ်ဖက်ပြုမှုများကို ထိန်းညှိ အသုံးပြုခြင်း စီမံချက် အဆင့်၂ သည် FSWG အဖွဲ့ဝင်များ၏ ဆွေးနွေးလှုံ့ဆော်နိုင်စွမ်း၊ မူဝါဒ ရေးဆွဲသူများနှင့် ထိတွေ့ဆောင်ရွက် နိုင်စွမ်းတို့ကို အားဖြည့်ပေးကာ မြန်မာနိုင်ငံတွင် ထိရောက်သည့် ရိက္ခာ ဖူလုံရေး မူဝါဒများကို ပြုစုပြီး အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ရန်အတွက် ရည်ရွယ်ပါသည်။ ထို့ကြောင့် ဤစီမံချက်သည် ဝန်ကြီးဌာန၊ LIFT၏ ကျွမ်းကျင်ပညာရှင် နှစ်ဦး၊ CSO/NGOများ၊ အထူးသဖြင့် မြေယာမဏ္ဍိုင်တို့နှင့် နီးကပ်စွာ လက်တွဲ လုပ်ဆောင်ကာ ADSမူကြမ်းအား ဧပြီလနှင့် ဇွန်လတို့တွင် လူထုဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြ သည်။ ဤစီမံချက်သည် ပြည်နယ် နှင့် တိုင်းဒေသကြီးအားလုံးတွင် လူထုတိုင်ပင်ဆွေးနွေးပွဲများ ပြုလုပ်ရန် နည်းပညာ နှင့် ငွေကြေး ထောက်ပံ့ခဲ့သည်။<br><br>FSWG အဖွဲ့သည် ADS တိုင်ပင်ဆွေးနွေးပွဲဒီဇိုင်း နှင့် အဆိုပြုလွှာ ပြုစုရန် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ လ ၂၅-၂၆ ရက်များတွင် ဆောင်ရွက်ခဲ့ရာ ဧပြီလကုန်တွင် ဝန်ကြီးဌာနက လက်ခံအတည်ပြု ခဲ့သည်။ ယင်းဒီဇိုင်းတွင် ဝန်ကြီးဌာနက ဦးဆောင်သော ADSဖြစ်မြောက်ရေး အဖွဲ့ ဖွဲ့ခြင်း၊ ယင်းအဖွဲ့ကို တိုင်ပင်ဆွေးနွေးပွဲများမတိုင်မီ သင်တန်းပေးခြင်း၊ လိုအပ်သည့် စာရွက်စာတမ်းများ၊ ဆွေးနွေးပွဲ အစီအစဉ်များ၊ ဆွေးနွေးပွဲများကို နယ်မြေအလိုက် တာဝန်ခံကျင်းပမည့် အဖွဲ့အစည်းများ၊ ဒေသ ၁၇ခု အတွက် တိုင်ပင်ဆွေးနွေးပွဲများ စရိတ် ( ပြည်နယ်/တိုင်း ၁၄ခု၊ ရှမ်းပြည်နယ်အပိုင်း ၃ခု၊ နေပြည်တော်) တို့ ပါဝင်သည်။ ယင်းတို့ကို ဆွေးနွေးပွဲလုပ်ငန်းစဉ် တလျှောက်လုံး၏ လမ်းညွှန်အဖြစ်သုံးကာ လူထု၏ အမြင်များကို ADSတွင် ပေါင်းစပ်ပါဝင်ခဲ့သည်။<br><br>စီမံချက်အဖွဲ့သည် အချို့ပြည်နယ်/တိုင်းများတွင် လူထုတိုင်ပင်ဆွေးနွေးပွဲများ ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြသည်။ FSWG၏ အဖွဲ့ဝင် CSOများသည် အဓိကအုပ်စု တိုင်ပင်ဆွေးနွေးပွဲ များတွင် ပါဝင်ခဲ့ကြသည်။ FSWG၏အဖွဲ့ဝင်များသည် ရိက္ခာဖူလုံရေး မူဝါဒအများအပြားနှင့် ပတ်သက်၍ မိမိတို့၏ အမြင်များကို တင်ပြခဲ့ကြသည်။ အကန့်အသတ်များရှိသော်လည်း ပြည်နယ်/တိုင်းအဆင့် လူထုတိုင်ပင်ဆွေးနွေးပွဲများသည် ဝန်ကြီးဌာန မူဝါဒရေးဆွဲရာတွင် အောင်မြင်သည့် လူထုထိတွေ့ဆောင်ရွက်မှုဟု ရှုမြင်သုံးသပ်ကြသည်။ |

| | |
|---|---|
| အကြောင်းအရာ။ ကျေးလက်စိုက်ပျိုးရေးအတွက် IEC ကဏ္ဍဖွံ့ဖြိုးရေး<br><br>LIFT၏ IP။ UNESCO<br><br>ပူးပေါင်းသူများ။<br>ပြန်ကြားရေးဝန်ကြီးဌာန၊<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန၊<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊<br>ABCID၊Thomson Reuters Foundation, Myanmar Now, Dant Da Lun Management and Consulting Services | ရေရှည်တည်တံ့သော အသက်မွေးမှုနှင့် ရိက္ခာဖူလုံရေးအတွက် ဆက်သွယ်ရေး စီမံချက် သည် ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှု ဆိုင်ရာ သင်ခန်းစာများနှင့် အသိအမြင်များကို ရယူရန်၊ စုဖွဲ့ရန်၊ ဝေမျှရန် အတွက် ဤစီမံချက်သည် ပတ်သက်ဆက်နွယ်သူ အမြောက်အမြားကို စွမ်းဆောင်ရည် တည်ဆောက်ပေးသည်။ ယင်းတို့တွင် သက်ဆိုင်ရာ အစိုးရဌာနများမှ သတင်း/ပညာပေး ဝန်ထမ်း များ၊ ရပ်ရွာ တာဝန်ခံများ၊ အသိအမြင် စီမံခန့်ခွဲသူများ ပါဝင်သည်။<br><br>၂၀၁၇တွင် ဤစီမံချက်သည် MRTVနှင့်ရေဒီယိုမှ အစီအစဉ် ၅၄-ခုကို ဘာသာစကား ၁၈-မျိုးဖြင့် (မြန်မာနှင့် တိုင်းရင်းသာ ဘာသာစကား ၁၇ခု ) တနိုင်ငံလုံးမှ လယ်သမား သန်း၂၀ထံသို့ ထုတ်လွှင့်ခဲ့သည်။ IEC စာရွက်စာတမ်းများ ထုတ်လုပ်ရာတွင် ဤစီမံချက်သည် တောင်သူများ၊ အခြားပတ်သက်သူများ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် တောင်သူတို့၏အမြင်များသည် ရေဒီယို၊ တီဗီ၊ ပုံနှိပ်မီဒီယာများတွင် ပိုမို ပါဝင်လာခဲ့သည်။ မူဝါဒပြုစုသူတို့သည်လည်း တောင်သူများ ရင်ဆိုင်နေရသည့် ကိစ္စရပ်များကို ပိုမို ကိုင်တွယ် ဖြေရှင်းဆောင်ရွက်လာနိုင်သည်။ |
| အကြောင်းအရာ။ ဧရာဝတီ တိုင်းဒေသကြီးတွင် အသေးစား ငါးလုပ်ငန်း ဖွံ့ဖြိုးရေး<br><br>LIFT၏ IP။ NAG<br><br>ပူးပေါင်းသူများ။ ဧရာဝတီ တိုင်းဒေသကြီးအစိုးရ၊ ငါးလုပ်ငန်း ဦးစီးဌာန၊ Ayeyarwady Regional Fisher Network(ARFN) | ဧရာဝတီ စိမ့်မြေ/ရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး စီမံချက် သည် ဧရာဝတီ တိုင်းဒေသကြီးရှိ ရေတိမ်ဒေသများကို ပူးတွဲစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်အတွက် ရပ်ရွာများမှ ပိုမိုပူးပေါင်းပါဝင်လာရေး၊ ရပ်ရွာများ လက်လှမ်းမီစေမည့် ဥပဒေမူဘောင်များကို ပြန်လည် တည်ဆောက်ရေး၊ သယံဇာတ ထိန်းသိမ်းရေး၊ ဌာနဆိုင်ရာများ (ငါးလုပ်ငန်းဦးစီးဌာန)၏ စွမ်းဆောင်ရည်များ ပိုမို ကောင်းမွန်ရေး၊ ထိရောက်သည့် ငါးလုပ်ငန်းဆိုင်ရာ မိတ်ဖက်ပြုရေး၊ ကွန်ရက်တည်ဆောက်ရေး တို့ဖြင့် ဆောင်ရွက်မည်။<br><br>၂၀၁၇ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ၁၁မြို့နယ်မှ နေရာ ၁၇ခု အတွက် ရွာပေါင်း ၁၀၁ရွာတွင် ရေချိုငါး လုပ်ကွက်များကို ပူးတွဲစီမံခန့်ခွဲရန် ရွေးချယ်ခဲ့ပြီး၊ ယင်းရွာများမှ ကျေးရွာ ငါးလုပ်ငန်းလုပ်ကိုင်သူ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သင်တန်းများ ပေးခဲ့သည်။ ယင်းတို့အနက်မှ ၉၀-ဖွဲ့ သည် တိုင်းဒေသကြီးအစိုးရ၏ တင်ဒါပေးမှုကြောင့် ငါးဖမ်းကွက်များကို ရရှိခဲ့သည်။ ပူးတွဲစီမံခန့်ခွဲမှုကို ပိုမိုဆောင်ရွက်နိုင်ရန် အတွက် တိုင်းဒေသကြီးအစိုးရက ၂၀၁၂ခု ဧရာဝတီရေချိုငါးလုပ်ငန်း ဥပဒေနှင့် နည်းဥပဒေများကို ဥပဒေအသစ်ဖြင့် အစားထိုးရန် ဆောင်ရွက်ရာတွင် ဤစီမံချက်က နည်းပညာ ပံ့ပိုးပေးခဲ့သည်။ ရေလုပ်သားငယ်များက ငါးဖမ်းကွက်များကို ပိုမို လက်လှမ်းမီနိုင်စေရန် ဖြစ်သည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရသည် တိုင်းဒေသကြီး လွှတ်တော်သို့ ဧရာဝတီ ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းကို တင်ပြခဲ့ရာ ၂၀၁၈ခုနှစ် မတ်လ၃၀ရက် လွှတ်တော် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။<br><br>ဤစီမံချက်သည် ငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းဒေသကြီးအဆင့်တွင်ရော ပြည်ထောင်စု အဆင့်တွင်ပါ နီးကပ်စွာ လက်တွဲလုပ်ဆောင်ကာ ဝန်ထမ်းများကို စွမ်းဆောင်ရည် တည်ဆောက် ပေးသည်။ ဤသို့ဖြင့် ဝန်ထမ်းများသည် မြေပြင်တွင် ပူးတွဲစီမံခန့်ခွဲရေးအဖွဲ့များကို ထိရောက်စွာ ပညာပေးနိုင်၊ သင်တန်းပေးနိုင်မည် ဖြစ်သည်။ ဤစီမံချက်သည် ဧရာဝတီတိုင်း ရေလုပ်သား ကွန်ရက် (ARFN)ကိုလည်း ထောက်ပံ့ကာ ပူးတွဲစီမံခန့်ခွဲရေးအတွက် ပညာပေးမည့် IECများကို ပြင်ဆင်ခဲ့သည်။ ယင်းပညာပေးမှုများကို ၂၀၁၈ခုနှစ်တွင် ပြုလုပ်မည် ဖြစ်သည်။ ဤစီမံချက်သည် အခြားတိုင်းဒေသကြီးများမှ ပတ်သက်သူများနှင့်လည်း အတွေ့အကြုံ ဖလှယ်ပွဲများ ကျင်းပပေးခဲ့သည်။ |
| အကြောင်းအရာ။ ငါးမွေးမြူရေး ဖွံ့ဖြိုးမှု<br><br>LIFT၏ IP။ WorldFish<br><br>ပူးပေါင်းသူများ။ ငါးလုပ်ငန်းဦးစီးဌာန၊ GRET၊ NAG နှင့် PACT | အသေးစားငါးမွေးမြူရေးလုပ်ငန်း ရေရှည် ဖြစ်ထွန်းစေခြင်း စီမံချက်သည် ဒေသခံ ငါးမွေးမြူရေး ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အဓိကအဖွဲ့အစည်းများကို စွမ်းဆောင်ရည် တည်ဆောက်ပေးရန် ရည်ရွယ်သည်။ ယင်းတို့တွင် ငါးမွေးမြူရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို ခွဲခြမ်းစိတ်ဖြာရန်၊ ဒီဇိုင်းထုတ်ရန်၊ စမ်းသပ်ရန်၊ လက်တွေ့ စမ်းသပ်အောင်မြင်ပြီးစီးသည့် နည်းပညာတို့ကို ပြန့်ပွား စေရန်တို့ ပါဝင်သည်။ ဤစီမံချက်သည် ရေရှည်တည်တံ့သော ငါးမွေးမြူရေး၊ ရိက္ခာဖူလုံရေး အတွက် အသေးစားငါးမွေးမြူရေးဆိုင်ရာ မူဝါဒထိတွေ့ဆောင်ရွက်မှုအတွက် သင်ခန်းစာများ နှင့် ဆန်းသစ်တီထွင်မှုများတို့ကို မှတ်တမ်းတင်မည်။<br><br>၂၀၁၇ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့မှ ရွာပေါင်း ၁၅၂-ရွာတွင် တောင်သူအုပ်စုများကို ဖွဲ့စည်းခဲ့သည်။ စတင်ဆောင်ရွက်သည့် လေ့လာသင်ယူဆဲအချိန်အတွင် စုစုပေါင်း အသေးစားငါးမွေးမြူရေးစနစ် ၅-ခု အတွက် မတူညီသော ငါးမွေးမြူမှု ပုံစံအမျိုးမျိုး (ကန်၊ ခြံမြောင်း၊ ကန်ငယ်)ကို ရေရှိမှုအမျိုးမျိုး ( တနှစ်လုံး ဆည်ရေရခြင်း၊ ရာသီအလိုက် ဆည်ရေရခြင်း၊ မိုးရေရခြင်း)တို့တွင် စမ်းသပ်ခဲ့သည်။ |

| | |
|---|---|
| အကြောင်းအရာ။ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေး<br><br>LIFT၏ IP။ FAO<br><br>ပူးပေါင်းသူများ။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ တိရိစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း) | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း စီမံချက်သည် မွေးမြူရေးကဏ္ဍတွင် အောက်ပါနယ်ပယ်များ၌ ထူးခြားသော တိုးတက်မှုများရှိခဲ့သည်-<br><br>(၁) တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ခြင်း၊ မွေးမြူရေးကနဦးစစ်တမ်း အမျိုးသားအဆင့် ကောက်ယူခြင်း ရှေ့ပြေးတိရစ္ဆာန်ကောင်ရေစာရင်းကို အပူပိုင်းဇုန် မြို့နယ် ၆-ခုတွင် ကောက်ယူ ခဲ့သည်။ ထိုအတွေ့အကြုံကို အခြေခံကာ အစိုးရသည် အမျိုးသား အဆင့် မွေးမြူရေး ကနဦးစစ်တမ်း ကောက်ယူခြင်း ကို ၂၀၁၈ခုနှစ် နှစ်ဆန်းတွင် ဆောင်ရွက်ရန်ဖြစ်သည်။ မွေးမြူရေးကဏ္ဍ၏ မူဝါဒချမှတ်ရေးတွင် အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်ရနိုင်ရန်နှင့် တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေကို ခန့်မှန်းနိုင်ရန် ဖြစ်သည်။ ဤစီမံချက်သည် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဝန်ထမ်း ၈၈၉-ဦးကို သင်တန်းပေးကာ စစ်တမ်းကောက်ယူရန်အတွက် တက်ဘလက်စသည့် ပစ္စည်းများကို ထောက်ပံ့ခဲ့သည်။<br>(၂) ရပ်ရွာတိရစ္ဆာန်ကျန်းမာရေးလုပ်သားမူဝါဒ နှင့် လမ်းညွှန်ချက်။ မွေးမြူရေးလုပ်ငန်းငယ်များကို ရပ်ရွာတိရစ္ဆာန်ကျန်းမာရေးလုပ်သားများဖြင့် မွေးမြူရေးဝန်ဆောင်မှုပေးရန်ဟူသည့် အမျိုးသား အဆင့်မူဝါဒနှင့် အကောင်အထည်ဖော်ရေး လမ်းညွှန်ချက်ကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ တိရိစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း) တို့က လက်ခံကာ အတည်ပြုခဲ့သည်။ ဤစီမံချက်သည် မူဝါဒပြုစုရေးတွင် နည်းပညာ အထောက်အကူပေးခဲ့သည်။<br>(၃) နွားသားဖောက်ရေး တိုးတက်မှု မူဝါဒ<br>ဤစီမံချက်သည် နွားသားဖောက်ရေး တိုးတက်မှု နှင့် ပတ်သက်၍ လုပ်ငန်းအဖွဲ့ကို ထူထောင် ထားသည်။ စီမံချက်နယ်မြေတွင်း နွားသားဖောက်ရေး နှင့် ပြင်ပမြို့နယ်များတွင် မေထုံမဲ့ မွေးမြူရေးကိုလည်း ကနဦးစစ်တမ်း ကောက်ယူထားသည်။ နွားသားဖောက်ရေး တိုးတက်မှု အမျိုးသားအဆင့် မူဝါဒ ပြုစုရန် ဖြစ်သည်။<br>(၄) ဘတ်ဂျက် ပိုမိုခွဲဝေပေးရေး<br>အစိုးရသည် NLBSအတွက် အထူးဘတ်ဂျက်ကျပ် ၁.၄ဘီလျံကို ခွဲဝေပေးခဲ့သည်။ ယင်းတွင် အိမ်ထောင်စု ၁၄၆၅၁၇၏ ဒေတာများကို ထည့်သွင်းရန် ဝန်ထမ်းစရိတ် နှင့် ပစ္စည်းစရိတ်လည်း ပါဝင်သည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် အမျိုးသား အဆင့် မွေးမြူရေး ကနဦးစစ်တမ်း ကောက်ယူခြင်း အတွက် ကွန်ပျူတာများ၊ တက်ဘလက်များ ဝယ်ယူရန်၊ ဝန်ထမ်းများကို Excel သင်တန်းပေးရန် ငွေအမြောက်အမြားကို သုံးစွဲခဲ့သည်။ |

ကျား၊ မ ရေးရာ

| | |
|---|---|
| အကြောင်းအရာ။ ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု<br><br>LIFT၏ IP။ GEN<br><br>ပူးပေါင်းသူများ။ MSWRR | မြန်မာနိုင်ငံ ကျား၊မတန်းတူညီမျှမှုကို အလေးအနက်ကတိကဝတ်ပြုခြင်း စီမံချက် သည် မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု ဖြစ်ထွန်းစေရန် ကြိုးပမ်းသည်။<br><br>၂၀၁၇ခုနှစ်တွင် GENသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ (MNCWA) ၏ အဖွဲ့ဝင်သစ် ဖြစ်လာသည်။ ဇူလိုင်လတွင် ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ဤအဆင့်မြင့် ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် GENသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) နှင့် ရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက် အမှတ်စဉ် - ၅ အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့သည်။ CSOများကိုယ်စား GENသည် ကျား၊မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းမှု မိတ်ဖက်အုပ်စုတွင်လည်း ပါဝင်ခဲ့သည်။ ဤစီမံချက်သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး (PoVAW) ဥပဒေ ဖြစ်ပေါ်စေရန် အကြံဉာဏ်ပေးခဲ့သည်။ PoVAW ဥပဒေ အကြံပေးအဖွဲ့ကိုလည်း ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး လွှဲ့ဆော်ဆွေးနွေးရေး နှင့် အုပ်စု အစည်းအဝေးများအတွက် ထိရောက်သော မဟာဗျူဟာများကို ပြုစုရန်အတွက် ဖြစ်သည်။ GENသည် အခြားအမျိုးသမီးကွန်ရက်များ နှင့်အတူ ဤဥပဒေကို စုပေါင်းလှုံ့ဆော်ဆွေးနွေးရန် ဆောင်ရွက်လျက်သည်။<br><br>ဤစီမံချက်သည် အဆင့်မြင့်အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ခုကို ဇန်နဝါရီ နှင့် ဖေဖော်ဝါရီလတို့တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ (၁) အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် (စီဒေါ/CEDAW) ပါဝင်မှု စောင့်ကြည့်ရေး အကောင်အထည်ဖော်သည့် စီမံချက်ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ပြုစုရေးကို စဉ်းစားရန် (၂) IDEA အဖွဲ့နှင့်အတူ ဆန်းစစ်မည့် အမျိုးသမီး တန်းတူညီမျှရေး တို့ကို ဆွေးနွေး ခဲ့သည်။ ဇွန်လတွင် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှုသည် အမှန်တကယ် အသွင် ကူးပြောင်းရေး ကို ဖြစ်စေသည် ဟူသော ပတ်သက်သူတို့ ဆွေးနွေးပွဲကို နေပြည်တော်တွင် လွှတ်တော်အမတ် ၁၂၀-ဦး တို့နှင့် ကျင်းပခဲ့သည်။ အမျိုးသမီးများကို အုပ်ချုပ်ရေးအဆောက်အအုံတွင် နေရာပေးရေး အသိအမြင်ကို ရရှိစေမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။ ဤစီမံချက်သည် ကျား၊မ ရေးရာနှင့် သက်ဆိုင်သည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ အများအပြားကို တစ်နှစ်ပတ်လုံး ကျင်းပခဲ့သည်။ |

## အားလုံးပါဝင်စေသော တန်ဖိုးမြှင့်ကွင်းဆက်

| | |
|---|---|
| အကြောင်းအရာ။<br>ဟင်းသီးဟင်းရွက် ကဏ္ဍ ဖွံ့ဖြိုးရေး<br><br>LIFT၏IP။ Mercy Corps Europe<br><br>ပူးပေါင်းသူများ။ Swisscontact နှင့် East-West Seed International | နွမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက်စျေးကွက် ပြုလုပ်ပေးခြင်း(MVMW) စီမံချက် သည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တွင် ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့(VSAT)က ဟင်းသီးဟင်းရွက်ကဏ္ဍ အခြေအနေကောင်းမွန်ရေးကို ဖြစ်ပေါ်စေရန် အထောက်အကူပြု ဆောင်ရွက်လျက်ရှိသည်။ VSATသည် မြန်မာစိုက်ပျိုးရေးကွန်ရက်၏ လုပ်ငန်းအဖွဲ့ဖြစ်သည်။ မြန်မာ့ စိုက်ပျိုးရေးကွန်ရက်သည် ကမ္ဘာ့စီးပွားရေးဖိုရမ်က ဖန်တီးထားသော Grow Asia စီမံချက်၏ အစိတ်အပိုင်းဖြစ်သည်။ MVMW က VSAT၏ အတွင်းရေးမှူးတစ်ဦး၏ လစာနှင့် လုပ်ဆောင်ချက်အများအပြားကို ငွေကြေးထောက်ပံ့ပေးသည်။<br><br>၂၀၁၇ခုနှစ်အတွင်း စီမံချက်သည် မြစ်ဝကျွန်းပေါ်အောက်ပိုင်း ဆန်စပါးကဏ္ဍနှင့်ပတ်သက်သော မူဝါဒ စုပေါင်းလှုံ့ဆော်ဆွေးနွေးသည့် အစည်းအဝေးပွဲကို ကျင်းပခဲ့ကာ ပုသိမ်တွင် လုပ်နိုင်စွမ်း ရှိသည့် ပတ်ဝန်းကျင် တစ်ရပ်ကို ဖန်တီးခဲ့သည်။ မေလ ၁၆-၁၇ရက်တွင် ကျင်းပသည့် ဤအစည်းအဝေးသည် မြစ်ဝကျွန်းပေါ်အောက်ပိုင်း ဆန်စပါးကဏ္ဍ ရေရှည်တိုးတက်ရေးကို ဦးတည်သည်။ ယင်းသို့ ၉-မြို့နယ်မှ ၁၀၉ဦး တက်ရောက်ခဲ့သည်။ တောင်သူများ၊ ဆန်စက်ပိုင်များ၊ မြို့နယ် စိုက်ပျိုးရေးဌာန ကိုယ်စားလှယ်များ၊ ဆန်ကုန်သည် ကိုယ်စားလှယ်များ၊ ထုတ်ကုန် တင်ပို့သူများ၊ ဆန်ထုတ်လုပ်သူများ၊ မျိုးစပါးထုတ်လုပ်သူများ သွင်းအားစု ပေးသွင်းသူများ၊ CSOများ၊ LNGO၊ INGOများ တက်ရောက်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်အောက်ပိုင်း ရေရှည် တည်တံ့မည့် ဆန်စပါးကဏ္ဍအတွက် သဘောတူထားသည့် အစီအစဉ်ကို အတူဆောင်ရွက်ကြရန် အစိုးရ၊ ပုဂ္ဂလိက၊ စေတနာ့ ဝန်ထမ်းများ ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။ |
| အကြောင်းအရာ။ စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက်<br><br>LIFT၏IP။ မီချီဂန် ပြည်နယ်တက္ကသိုလ်<br><br>ပူးပေါင်းသူများ။ CESD၊ IFPRI၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန | မြန်မာနိုင်ငံ၏စိုက်ပျိုး-ရိက္ခာတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေး။ ကျေးလက်ဒေသ နွမ်းပါးသူများ၏ အသက်မွေးမှုကို သက်ရောက်ခြင်း စီမံချက်။ ဤစီမံချက်တွင် အပိုင်း၄-ပိုင်း ပါဝင်သည်။ ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး မူဝါဒ ဌာန (Agriculture Policy Unit, APU) ကို မဟာဗျူဟာ အကြံဉာဏ်ပေးရန် နှင့် APUမှ မူဝါဒဆိုင်ရာ ဝန်ထမ်းများကို စွမ်းဆောင်ရည် တည်ဆောက်မှုဖြင့် ထောက်ပံ့ရန် ဖြစ်သည်။<br><br>ဒုတိယအပိုင်းမှာ စိုက်ပျိုးရေးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက် နှင့် သက်ဆိုင်သည်။ ဆောင်ရွက်ဆဲ ဖြစ်သည့် အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေး စစ်တမ်းသည် လုပ်ကွက်ငယ် တောင်သူများ သီးနှံအထွက်တိုးရေး၊ အမြတ်စွန်းများရရှိရေး၊ စျေးကွက်တွင် ပါဝင်ရေးတို့အတွက် စိုက်ပျိုးရေး နည်းနာများ၊ တန်ဖိုးမြှင့်ကွင်းဆက်၊ ရေပေးသွင်းရေး၊ ကျေးလက်စီးပွားရေး တို့၏ ကနဦးအချက်အလက်များကို စတင်ဖော်ထုတ်ပေးသည်။<br><br>တတိယအပိုင်းမှာ အိမ်ထောင်စုများ နှင့် ရပ်ရွာတို့၏ အသက်မွေးမှုနှင့် သက်ဆိုင်သည်။ ၂၀၁၇ခုနှစ် တွင် ဤစီမံချက်သည် မြန်မာစိုက်ပျိုးရေး-ငါးမွေးမြူရေးစစ်တမ်း (Myanmar Aquaculture-Agriculture Survey , MAAS)ကို ကောက်ယူကာ အစီရင်ခံစာ ကို ထုတ်ဝေပြီး ယင်းနှင့်အတူ မူဝါဒမှတ်စုကိုပါ ဝန်ကြီးဌာနသို့ တင်ပြခဲ့သည်။<br><br>စတုတ္ထအပိုင်းမှာ စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး နှင့် ကွန်ရက်တည်ဆောက်ရေး တို့ ဖြစ်သည်။ ဇွန်လ၃၀ ရက်နေ့တွင် MAAS ကို ဖြန့်ချီသည့် နေ့ဝက်အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ဖွံ့ဖြိုးရေးမိတ်ဖက် များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ငါးမွေးမြူရေးမှ တွေ့ရှိချက်များ၊ ကျေးလက် စီးပွားရေးသို့ သက်ရောက်မှုများ၊ အလျင်အမြန် စက်မှုအသွင်ပြောင်းမှု၊ အထွက်တိုးမှု၊ အမြတ်အစွန်းရှိမှု၊ သီးနှံစီမံခန့်ခွဲမှု တို့ကို မျှဝေခဲ့သည်။ |
| အကြောင်းအရာ။ စိုက်ပျိုးရေး မူဝါဒဌာန ( Agriculture Policy Unit , APU)<br><br>LIFT၏IP။ မီရှီဂန် ပြည်နယ်တက္ကသိုလ်<br><br>ပူးပေါင်းသူများ။ CESD၊ IFPRI၊ DOP MOALI | ၂၀၁၇ခုနှစ်ဆန်းတွင် APUကို ထူထောင်ကာ လက်ရှိ စီမံကိန်းဦးစီးဌာနရုံး၏ စောင့်ကြည့်လေ့လာရေး နှင့် အကဲဖြတ်သုံးသပ်ရေး ဌာနခွဲတွင် ဖွင့်လှစ်ထားသည်။ MSU စီမံချက်အဖွဲ့ခေါင်းဆောင်သည် ပြည်ပအကြံပေးတဦးဖြစ်ပြီး APUတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်း၁၂-ဦး နှင့်အတူ လုပ်ဆောင်နေသည်။ ယင်းသည် အမြဲတမ်း အတွင်းဝန်၏ လမ်းညွှန်မှုအောက်တွင် APUအဖွဲ့ နှင့်အတူ နီးကပ်စွာ လက်တွဲလုပ်ဆောင်နိုင်ပါသည်။<br><br>ဤဌာန၏တာဝန်မှာ ဗဟိုဦးဆောင်မှုမပါပဲ တောင်သူတို့က ဦးဆောင်သည့် အထွက်တိုးရေး သုတေသန စီမံရေးစနစ်ကို ကျင့်သုံးရန်အတွက် သုတေသန နှင့် ပညာပေးရေး ပြုပြင်ပြောင်းလဲမှုကို ဆန်းစစ်ရန် ဖြစ်သည်။ ကနဦးတွေ့ရှိချက်များကို မေလတွင် ကျင်းပသည့် နှစ်စဉ်သုတေသန ပညာရေးအစည်းအဝေးတွင် တင်ပြခဲ့သည်။ APUသည် APU/MoALI ဝန်ထမ်းများကို GAFSP အဆိုပြုလွှာကို ဒီဇိုင်းရေးဆွဲရန် ထောက်ပံ့ခဲ့သည်။ ဝန်ထမ်းများသည် အာဟာရ နှင့် ရိက္ခာဖူလုံမှု၊ အသက်မွေးမှု နှင့် မြေယာတို့၏ အပြန်အလှန် သက်ရောက်ပုံကို သင်ယူခဲ့ကြသည်။ ထို့ကြောင့် GAFSP အဆိုပြုလွှာတွင် မြေယာဆိုင်ရာနှင့် အာဟာရကို အလေးမူသော ဆောင်ရွက်ချက်များကို ထည့်သွင်းနိုင်ခဲ့သည်။ နိုဝင်ဘာလတွင် ဤစီမံချက်သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(YAU)၊ စီမံကိန်းဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ၅ရက်ကြာ မူဝါဒဆန်းစစ်ချက်သင်တန်းတစ်ခုကို ဖွင့်ခဲ့သည်။ MoALI၊ YAU၊ LIFTတို့မှ သင်တန်းသား ၃၀-ဦး တက်ရောက်ခဲ့သည်။ နောက်ဆက်တွဲ သင်တန်း ကို ၂၀၁၈ခုနှစ် မတ်လတွင် ဖွင့်မည်။ |

မြေယာ

| | |
|---|---|
| အကြောင်းအရာ။ မြေယာလုပ်ပိုင်ခွင့်<br><br>LIFT၏IP ။ LCG<br><br>ပူးပေါင်းသူများ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ FSWG၊ အခြား CSOs များနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ | မြန်မာနိုင်ငံရှိ မြေ နှင့် ဆက်စပ်သယံဇာတများ တန်းတူညီမျှစွာ လက်လှမ်းမီ ထိန်းညှိနိုင်ရေး ဖြစ်ထွန်းစေခြင်း စီမံချက်သည် အမျိုးသားမြေအသုံးချမှုမူဝါဒ(NLUP) ဖြစ်ထွန်းအောင် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် ယင်းကို အစိုးရက အတည်ပြုခဲ့သည်။ သို့သော် ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ ကော်မရှင်က အစိုးရကို NLUP တွင် ထပ်နေသည်များရှိသည်ဟုဆိုပြီး ပြန်လည်သုံးသပ်ရန် တင်ပြခဲ့သည်။ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်နှင့် ကျား/မရေးရာတို့နှင့် သက်ဆိုင်သည့် အဓိကကျသော ပြဋ္ဌာန်းချက်အချို့ကို ဖယ်ရှားရန် အကြံပြုခဲ့သည်။ ထိုကြောင့် အမျိုးသားမြေအသုံးချမှုကောင်စီ ကို ၂၀၁၈ ဇန်နဝါရီလမှ ဖွဲ့စည်းနိုင်ခဲ့သည်။<br><br>၂၀၁၇ခုနှစ်အတွင်း လယ်ယာမြေဥပဒေ နှင့် သစ်တောဥပဒေ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခဲ့သည်။ မြေယာမဏ္ဍိုင်အဖွဲ့( LCG )သည် အမျိုးသားလွှတ်တော် တောင်သူရေးရာကော်မတီ နှင့် လယ်ယာမြေဥပဒေ ပြင်ဆင်ချက်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင် သစ်တောဥပဒေနှင့် သစ်တော မူဝါဒကို ပြန်လည်သုံးသပ်ရန် သစ်တောဦးစီးဌာနနှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်လျက် ရှိသည်။ နောင်ဖြစ်လာမည့် နည်းဥပဒေများကို ပုံသွင်းနိုင်ရန် ဘုံသစ်တော ဆိုင်ရာ စကားရပ်များကို ထည့်သွင်းနိုင်ရန် အားထုတ်လျက်ရှိသည်။<br><br>မြေသိမ်းဥပဒေအသစ် (Land Acquisition Act, LAA)ကိုလည်း မူကြမ်းရေးသားကာ ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် လွှတ်တော်သို့ တင်ပြခဲ့သည်။ LCGသည် LAAကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ အခြား CSOများနှင့်အတူ လူထု အသိအမြင်များစေရေး လုပ်ဆောင်လျက်ရှိသည်။ LCGသည် LAAကို သီးခြားလွတ်လပ်စွာ ပြန်လည်သုံးသပ်ရန် ADBမှ ကျွမ်းကျင်သူများကို တောင်းခံခဲ့သည်။<br><br>၂၀၁၇တွင် ဤစီမံချက်သည် နိုင်ငံတဝန်းတွင် ADSမူကြမ်းကို ဆွေးနွေးတိုင်ပင်မှုများ ကျင်းပရန် ဝန်ကြီးဌာနကို စည်းရုံးခဲ့ရာ ဝန်ကြီးဌာနမှ လက်ခံခဲ့သည်။ FSGWသည် ဆွေးနွေးတိုင်ပင်မှု အလုပ်ရုံဆွေးနွေးပွဲများဒီဇိုင်းနှင့် အဆိုပြုလွှာ ပြုစုရာတွင် ဦးဆောင်ရန် သဘောတူခဲ့သည်။ ဤစီမံချက်သည် ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းစဉ် တလျှောက်လုံးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ မြေယာနှင့်သက်ဆိုင်သည့် အကြံပြုချက်များကို အထူးသဖြင့် တင်ပြခဲ့သည်။ LCGသည် မွန်ပြည်နယ်တွင် ADSမူကြမ်းကို လူထု ဆွေးနွေး တိုင်ပင်မှု နစ်ကြိမ်ဆောင်ရွက်ခဲ့သည်။ တကြိမ်မှာ မဟာဗျူဟာ၏ မြေယာဆိုင်ရာ သက်သက်ဖြစ်ပြီး မိမိအဖွဲ့ဝင်များ အချင်းချင်းအတွင်း ဖြစ်ကာ၊ နောက်တစ်ခုမှာ ဝန်ကြီးဌာနများ၊ ဒေသအစိုးရ၊ CSOများ၊ အခြားသူများ ပါဝင်သည်။ ထိုကြောင့် မြေယာဆိုင်ရာတွင် ခိုင်မာလာကာ မွေးမြူရေး နှင့် ငါးမွေးမြူရေး အတွက် မြေယာလုပ်ပိုင်ခွင့်ကို ကိုင်တွယ်သည့် ရလဒ် နစ်ချက် ပါဝင်လာသည်။ |
| အကြောင်းအရာ။ အစိုးရ၏ မြေယာ ခွဲဝေရေး အစီအမံများကို ပံ့ပိုးပေးခြင်း<br><br>LIFT၏IP။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ MOALI<br><br>ပူးပေါင်းသူများ။ GRET၊ Landesa ၊ WHH | NLD ကိုယ်စားလှယ်များ၊ Landesa၊ MoALI၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရတို့နှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် LIFTသည် ၂၀၁၇ခုနှစ် ဧပြီလတွင် Welthungerhilfe စီမံချက်ကို တိုးချဲ့ရန် သဘောတူခဲ့သည်။ ဖျာပုံမြို့နယ်တွင် အစိုးရထံမှ မြေရရှိခဲ့သည့် တောင်သူများကို ငွေကြေး နှင့် ပညာပေးဝန်ဆောင်မှု ထောက်ပံ့ပေးရန် ဖြစ်သည်။ LIFTသည် GRETစီမံချက်ကို တိုးချဲ့ရန်လည်း သဘောတူခဲ့သည်။ ပဲခူး၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရများက ဧရာဝတီတိုင်း ဒေသကြီးအတွင်း မြေမဲ့ယာမဲ့များကို မြေယာခွဲဝေပေးနိုင်မည့် နေရာများကို လွတ်လပ်စွာ ဆန်းစစ်ပေးရန် တောင်းဆိုခဲ့ကြသည်ကို ဆောင်ရွက်ပေးရန်ဖြစ်သည်။ မန္တလေး၊ ဧရာဝတီ တိုင်းဒေသကြီးများအတွင်း ဆန်းစစ်ချက် ၆-ခု၊ အကြိုဆန်းစစ်ချက် ၁၁-ခုကို ဆောင်ရွက်ခဲ့သည်။<br><br>၂၀၁၇ခုနှစ် မေလတွင် LIFTရန်ပုံငွေဘုတ်အဖွဲ့ရှိ ဝန်ကြီးဌာန၏ ကိုယ်စားလှယ်များသည် ဝန်ကြီးဌာန၏ ဦးစားပေးကဏ္ဍများကို တင်ပြကာ မြေယာကဏ္ဍတွင် LIFTက ထောက်ပံ့ပေးရန် တောင်းခံလာသည်။ ထိုနောက် မြေလွတ်မြေလပ်မြေရိုင်းဥပဒေအရ ချထားပေးသည့် အသုံးမပြုသည့် မြေများကို မြေမဲ့ယာမဲ့များနှင့် လုပ်ကွက်ငယ်တောင်သူများကို ပြန်လည်ချထားပေးနိုင်မည့် အကြောင်းအရာဖော်ပြချက်ကို စီမံကိန်းဦးစီးဌာနက LIFTကို တင်ပြခဲ့သည်။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် LIFTက GRETကို ဝန်ကြီးဌာနက အဆိုပြုခဲ့သော စစ်ကိုင်း နှင့် မကွေးတိုင်း ဒေသကြီးတို့ရှိ မြေနေရာများကိုပါ ဆန်းစစ်ရန် တောင်းခံခဲ့သည်။ GRETသည် မကွေးတိုင်း ဒေသကြီးအတွင်းရှိ နေရာများကို ပဏာမဆန်းစစ်ပြီး ရလဒ်ကို ဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး အစိုးရတို့နှင့် ဆွေးနွေးခဲ့သည်။ ယင်းတွေ့ရှိချက်များကို အခြေခံကာ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြေယာပြန်လည်ခွဲဝေမှုကို ရှေ့ပြေးဆောင်ရွက်ရန် ဝန်ကြီးဌာနက ဆုံးဖြတ် ခဲ့သည်။ ရှေ့ပြေးအစီအစဉ်ကို ဒီဇိုင်းထုတ်ရာတွင် ဝန်ကြီးဌာနနှင့် အတူလုပ်ကိုင်မည့် အကြံပေးတစ်ဖွဲ့ကို ခေါ်ယူပေးရန် LIFTက သဘောတူခဲ့သည်။ |

ရွှေ့ပြောင်းသွားလာရေး

| | |
|---|---|
| အကြောင်းအရာ။<br>ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေမူဘောင်<br><br>LIFT၏IP။ ILO<br><br>ပူးပေါင်းသူများ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်အား ရွှေ့ပြောင်းသွားလာရေး အုပ်ချုပ်စီမံမှု ဖွံ့ဖြိုးရေး စီမံချက်သည် အမျိုးသမီး၊အမျိုးသားများ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာကာ နောင်အချိန်တွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးကို ဖြည့်ဆည်းပေးစေနိုင်မည့် ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာရေး ဆိုင်ရာ ဥပဒေပြုရေးနှင့် မူဝါဒရေးဆွဲရေး ကောင်းမွန်စေရန် ရည်ရွယ်သည်။ ၂၀၁၇ခုနှစ်တွင် အရေးပါသော မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်အချို့ ဖြစ်ထွန်းခဲ့သည်-<br><br>မူဝါဒ ဆွေးနွေးလှုံ့ဆော်မှုများ အတွက် မူဝါဒ ရှင်းလင်းချက် များပြုစုခြင်း<br>ဤစီမံချက်သည် တိုင်တန်းချက်အရေးယူမှု ပုံစံများ၊စနစ်များဆိုင်ရာ မူဝါဒရှင်းလင်းချက်များကို ပြုစုကာ ဖြန့်ဝေခဲ့သည်။ ရွှေ့ပြောင်းသူများ ရနိုင်မည့် တိုင်တန်းချက်အရေးယူမှုပုံစံများ၊စနစ် အမျိုးမျိုးကို အလေးအနက် ဆွေးနွေးနိုင်ခဲ့သည်။<br><br>ဝန်ထမ်းခန့်အပ်မှု၊စုဆောင်းမှု မူဝါဒရှင်းလင်းချက်စာတမ်းကို မူကြမ်းရေးဆွဲပြီးဖြစ်သည်။ ယင်းကို ဝန်ထမ်းစုဆောင်းမှု လုပ်ငန်းစဉ် သင်တန်း၏ သင်ရိုးပြုစုရာတွင် အသုံးပြုသည့်ပြင် ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေ(၁၉၉၉)ကို ပြန်လည်သုံးသပ်ဆွေးနွေးရာတွင်လည်း အကိုးအကား အဖြစ် အသုံးပြုလျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စာတမ်းမူကြမ်းကိုလည်း အလားတူ အသုံးပြုလျက်ရှိသည်။ ဤစာတမ်းကို အမျိုးသားအဆင့် ပြင်ဆင်ရေးအစည်းအဝေး နှင့် လုပ်အားရွှေ့ပြောင်းသွားလာရေး အာဆီယံဖိုရမ်မှ အကြံပြုချက်များ ပါဝင်စေရန် ပြန်လည် မွမ်းမံ ထားသည်။<br><br>ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲခြင်း<br>ILOသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ(၁၉၉၉)ကို ပြန်လည်သုံးသပ်ရန် ဝန်ကြီးဌာန ရွှေ့ပြောင်းသွားလာရေးဌာနကို နည်းပညာ အထောက်အကူပေးခဲ့ပြီး ပထမမူကြမ်းကို ပြုစုပြီးစီးခဲ့သည်။ |

အာဟာရဆိုင်ရာ

| | |
|---|---|
| အကြောင်းအရာ။<br>အာဟာရ ကောင်းမွန်ရေး ဆွေးနွေးလှုံ့ဆော်ရေး အမျိုးသားမူဝါဒ<br><br>LIFT IP။ Save the Children<br><br>ပူးပေါင်းသူများ။<br>အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲ (NNC)၊ Myanmar Multi-Stakeholder Platform (M-MSP)၊ UN REACH | အာဟာရချို့တဲ့မှုလျှော့ချရန်အဓိကကျသောအာဟာရဆိုင်ရာလုပ်ဆောင်မှုများအား အားဖြည့်ခြင်း စီမံချက်သည် SUN Civil Society Alliance (CSA) အတွင်းရေးမှူးအဖွဲ့ရုံးကို စီမံချက်ရုံးတွင် လက်ခံဖွင့်လှစ်ထားသည်။ ၂၀၁၇ခုနှစ်တွင် SUN CSA မှတဆင့် LEARNသည် အဓိကကျသော အမျိုးသားအဆင့် မူဝါဒလှုံ့ဆော်ဆွေးနွေးမှု ၃-ခုတို့တွင် ပါဝင်ခဲ့သည်။ ပထမအချက်မှာ UN REACHက ဦးဆောင်သော အမျိုးသားအဆင့် အာဟာရစာရင်းကောက်ယူမှုကို CSAက ထောက်ပံ့ခဲ့သည်။ ယင်းသည် အာဟာရဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အစိုးရကို အထောက်အထားများကို ပေးအပ်မည် ဖြစ်သည်။ CSAသည် မည်သည့် မြို့နယ်တွင် မည်သည့် အာဟာရလှုပ်ရှားမှုများ လုပ်ဆောင်နေသည်ကို အဖွဲ့ဝင်များထံမှ ဒေတာများ ကောက်ယူခဲ့သည်။<br><br>ဒုတိယအချက်မှာ LEARNသည် အခြား ပတ်သက်ဆက်နွယ်သူများနှင့်အတူ အမျိုးသားအဆင့် ကဏ္ဍစုံအာဟာရဆိုင်ရာလုပ်ငန်းစီမံချက်(MS-NPAN) ရေးဆွဲရာတွင်လည်း ထောက်ပံ့ခဲ့သည်။ LEARN နှင့် SUN-CSAတို့မှ မန်နေဂျာများက မူကြမ်းရေးဆွဲရာတွင် မဟာဗျူဟာမူဘောင်တွင် ထည့်သွင်းမည့် အာဟာရကို အလေးမူသော ယုတ္တိဗေဒမူဘောင်များကို MoALI နှင့် MSWRR တို့ကို နည်းပညာအထောက်အကူ ပေးခဲ့ကြသည်။ NNC သည် ယင်းမူဘောင်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ခေါင်းဆောင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးဌာန(DACU)သို့ MoHS မှတဆင့် ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် တင်သွင်းလိမ့်မည်။<br><br>တတိယအချက်မှာ မြန်မာနိုင်ငံကို ‘မိခင်နို့တိုက်ကျွေးလာရေး’တွင် ပါဝင်လာစေရန် အစိုးရကအားထုတ်မှုတွင်လည်း LEARN နှင့် SUN CSA တို့က ထောက်ပံ့သည်။ ယေးလ်တက္ကသိုလ်မှ သုတေသီများက ဆောင်ရွက်ခဲ့သည့် ဤအစီအစဉ်နှင့် နည်းလမ်းများကို NNC နှင့် CSA အတွင်းရေးမှူးအဖွဲ့က ဦးဆောင်သည်။ သုတေသီများ၏ အစီအစဉ်နှင့် နည်းလမ်းများသည် မိခင်နို့တိုက်ကျွေးမှုကို တိုးချဲ့၍ ကာကွယ်ရန်၊ ဖြစ်ထွန်းစေရန်၊ ထောက်ပံ့ရန် နိုင်ငံများက အသင့်ရှိမှုကို အကဲဖြတ်နိုင်စေရန်ဖြစ်သည်။ နိုင်ငံသား ကျွမ်းကျင်သူများ၏ တွေ့ရှိချက်များကို အခြေခံကာ NNC နှင့် SUN CSAတို့က မြန်မာနိုင်ငံတွင် တိုးချဲ့ရန် အခွင့်အလမ်းများကို အကြံပြုမည် ဖြစ်သည်။ |

| | |
|---|---|
| အကြောင်းအရာ။ ဘ၀အစ ရက်၁၀၀၀အတွက် MCCT<br><br>LIFT၏IP။ လူမှုဝန်ထမ်းဦးစီး ဌာနနှင့် SBCC မိတ်ဖက်အဖွဲ့များ - Save the Children International၊ DRC၊ NRC<br><br>ပူးပေါင်းသူများ။<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊<br>အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ ကျန်းမာရေး အသိပညာမြှင့်တင်ပေးမှုဌာန၊<br>အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ၊UNICEF | ချင်းပြည်နယ် MCCTသည် အစိုးရက တိုက်ရိုက်အကောင်အထည်ဖော်သည့် ပထမဆုံးသော LIFT ရန်ပုံငွေ ပံ့ပိုးသည့် အစီအစဉ်ဖြစ်သည်။ ပြည်ထောင်စု အစိုးရက ၂၀၁၄ခုနှစ်တွင် ချမှတ်ခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) ၏ ပင်မ အစီအစဉ် ရှစ်ခုအနက် ပထမဆုံး အကောင်အထည်ဖော်သည့် အစီအစဉ်လည်း ဖြစ်သည်။ ကလေးများအားလုံး ကိုယ်ဝန်ဆောင်ချိန်မှစ၍ ပထမရက်၁၀၀၀အတွင်း အာဟာရ ကောင်းမွန်ရေး ကို ဤအစီအစဉ်က ဦးတည်သည်။ ဤအစီအစဉ်တွင် ငွေထောက်ပံ့ခြင်း နှင့် အာဟာရဆိုင်ရာ SBCC သတင်းစကားပါးခြင်းတို့ ပါဝင်သည်။<br><br>၂၀၁၇ခုနှစ် အောက်တိုဘာလတွင် ပထမ နှစ်လစာအတွက် ကျပ် ၃၀,၀၀၀ကို ချင်းပြည်နယ် တဝန်းလုံးရှိ ကိုယ်ဝန်ဆောင် နှင့် အသက်၂နှစ်အောက်ကလေးများ၏ မိခင်တိုင်းကို ထောက်ပံ့ သည်။ ယင်းထောက်ပံ့မှုနှင့်အတူ ရပ်ကွက်နှင့် ကျေးရွာအဆင့်၌ ကျန်းမာရေး၊ အာဟာရ၊ ရေ နှင့် သန့်ရှင်းရေး၊ တကိုယ်ရည်သန့်ရှင်းရေး စသည်တို့တွင် အသိအမြင် တိုးတက်ရေးနှင့် ချိတ်ဆက်ရန် စီမံထားသည်။ SBCC ဆိုင်ရာ သတင်းစကားများပေးခြင်းတို့အတွက် ယခင်အချိန်က မရှိခဲ့ဖူးသည့် ဝန်ကြီးဌာနပေါင်းစုံ ပါဝင်သည့် SBCCကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဧပြီလတွင် ကျင်းပခဲ့သည့် ပထမအကြိမ် အစည်းအဝေးကို DSW၊ HLPU၊ NNC၊ LIFT၊ ယူနီဆက်ဖ်၊ Save the Children နှင့် 3MDGတို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ငွေနှင့် တကွ ပေးမည့် အာဟာရ ပညာပေးရေး အစီအစဉ်များကို တင်ပြခဲ့သည်။ SBCC စာစောင်များကို HLPUက ဦးစီး၍ ပြုစုရန်ကို သဘောတူခဲ့ကြသည်။ HLPUကလောလောဆယ်ပြုစုထားသော IYCF စာစောင်များကို အာဟာရပညာပေးရာတွင် ပထမအကြိမ် အသုံးပြုမည် ဖြစ်သော်လည်း ကျယ်ပြန့်သည့် SBCC မဟာဗျူဟာကို ပြုစုသွားမည် ဖြစ်သည်။ ယင်းကို မြန်မာတနိုင်ငံလုံးတွင် ရေရှည်ဆောင်ရွက်မည့် MCCT အစီအစဉ်နှင့်အတူ ဆောင်ရွက်မည် ဖြစ်သည်။<br><br>LIFTသည် ချင်းပြည်နယ် MCCTကို ၂နှစ်တာ ရန်ပုံငွေထောက်ပံ့ရန် MSWRRနှင့် သဘောတူခဲ့သည်။ နောက်တွင် အစိုးရ ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။ ဝန်ကြီးဌာနသည် ဤသဘောတူညီချက် ရရှိပြီးနောက် ရခိုင်နှင့် နာဂဒေသ MCCT အတွက်ကိုလည်း အစိုးရထံမှ ရန်ပုံငွေများ ရရှိလာသည်။ ချင်းMCCT အတွက် LIFT၏ ရန်ပုံငွေ ထောက်ပံ့မှုသည် မြန်မာနိုင်ငံရှိ ပုညက်မှုနှုန်း အများဆုံးရှိသော ဒေသတို့တွင် MCCTကို ဆောင်ရွက်ရန် အစိုးရ၏ ရန်ပုံငွေကို ရရှိစေလာသည်။ DSW သည် မြန်မာနိုင်ငံ တဝန်းလုံးကို လွှမ်းခြုံဆောင်ရွက်ရန် ရည်ရွယ်ထားသည်။ |

| | |
|---|---|
| အကြောင်းအရာ။ ဆန်တွင် အာဟာရဖြည့်ခြင်း<br><br>LIFT၏IP။ PATH<br><br>ပူးပေါင်းသူများ။<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊<br>အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသနဌာနခွဲ၊<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>ဆေးသုတေသနဦးစီးဌာန၊<br>စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊<br>မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊<br>မြန်မာနိုင်ငံ စားသုံးသူများအသင်း၊<br>အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု၊ PSI၊ MMBDC | မြန်မာနိုင်ငံသို့ အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက်သည် မြန်မာနိုင်ငံတွင် အဏုအာဟာရ ချို့တဲ့မှုကို လျှော့ချရန် ယခင်က မရှိခဲ့သေးသည့် ဆန်ကိုအားဖြည့်မည့် မူဝါဒကို ရေးဆွဲရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ခုနှစ် မတိုင်မီက ဤစီမံချက်သည် NNC နှင့် အခြား အစိုးရဌာနများ၊ အခြား ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံကာ RFWG နှင့် RFFTကို ထူထောင်ခဲ့သည်။ ယင်းတို့သည် မူဝါဒဆိုင်ရာအတွက် အရေးပါသည်။ RFWG သည် ပိုမိုမြင့်မားသည့် ဖွဲ့စည်းမှု ဖြစ်ကာ အစိုးရဌာနများ အပါအဝင် ပတ်သက်ဆက်နွယ်သူ အများအပြား ပါဝင်ကြသည့် အဆုံးအဖြတ်ပေးသည့် အဆင့် ဖြစ်သည်။ RFFTမှာမူ NNC နှင့် NGOများတို့ နှင့်သာ အဓိက ဆက်ဆံကာ မူဝါဒပြုစုရေးကို ပင်တိုင် ဆောင်ရွက်သည်။ ၂၀၁၇တွင် ဤစီမံချက်သည် အခြား RFFT အဖွဲ့ဝင်များနှင့်အတူ နှင့် ဆန်ကို အားဖြည့်ခြင်းမူဝါဒ ပထမမူကြမ်းကို ပြုစုနိုင်ခဲ့ကာ RFWGက အတည်ပြုခဲ့သည်။<br><br>၂၀၁၇ခုနှစ်တွင် အာဟာရဆိုင်ရာ မူဝါဒ အမြန်ပြုစုရန် အသစ်ဖွင့်လှစ်ခဲ့သည့် NSCGနှင့် ထိတွေ့ ဆောင်ရွက်ခဲ့သည်။ NSCGကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးက ခေါင်းဆောင်ကာ RFWG ကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒု-ညွှန်ချုပ်က ဦးဆောင်ကာ၊ RFFTကို NNC၏ ညွှန်မှူးက ဦးဆောင်သည်။ အဖွဲ့သည် အဆင့်မြင့် NSCGတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကာ မူဝါဒ မူကြမ်းကို ဝန်ကြီး၏ အတည်ပြုမှုကို ရရှိအောင် ကြိုးပမ်းမည်။ ယခုထိမူ PATHသည် NSCGတွင် ပါဝင်ဆောင်ရွက်ကာ အမျိုးသားအဆင့် ကဏ္ဍ စုံအာဟာရဆိုင်ရာလုပ်ငန်းစီမံချက်(MS-NPAN) ၂၀၁၈-၂၀၂၂ ရေးဆွဲရာတွင်လည်း ပါဝင်ခဲ့သည်။ ယင်းတွင် အားဖြည့်ဆန်သည် အရေးကြီးကြောင်း ဖော်ပြထားသည်။<br><br>PATHသည် NUDI FFIတို့၏ နည်းပညာ အထောက်အပံ့ဖြင့် အခြေအနေ ဆန်းစစ်ချက်နှစ်စောင်ကို ထုတ်ဝေခဲ့သည်-(၁) မြန်မာဆန်စပါးကဏ္ဍ ဆန်းစစ်ချက် (၂) အားဖြည့်ဆန် ထောက်ပံ့ရေး ဆန်းစစ်ချက် နှင့် မြန်မာနိုင်ငံတွင်း အလားအလာများတို့ ဖြစ်သည်။ ယင်းတို့သည် ကျန်းမာရေး ဝန်ကြီးဌာနက ဆန်ကိုအားဖြည့်ခြင်းမူဝါဒကို အပြီးသတ်နိုင်ရန် အထောက်အကူပြုမည် ဖြစ်သည်။ ဤဆန်းစစ်ချက်များတွင် အားဖြည့်ဆန် ထောက်ပံ့ရေးနည်းများကို အထူးသဖြင့် ဖော်ပြထားပြီး၊ မူဝါဒ သက်ရောက်မှုများကိုလည်း ဆန်းစစ်လိမ့်မည်။ ယင်းတို့တွင် ကျား/မ၊ ရိက္ခာဖူလုံမှု၊ အသက်မွေးမှု၊ အာဟာရတို့ကို မူဝါဒ အမျိုးမျိုးတို့၏ သက်ရောက်နိုင်မှုများကို ဖော်ပြထားသည်။ PATHသည် ဆန်းစစ်ချက်ကို ၂၀၁၈ခုနှစ် ဒုတိယ သုံးလပတ်အတွင်း ပြီးစီးရန် ဝါရှင်တန် တက္ကသိုလ်နှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်နေသည်။ ထိုနှစ် တတိယ သုံးလပတ်တွင် အချောသတ်မူကြမ်းကို ဝန်ကြီးသို့ တင်ပြကာ အတည်ပြုနိုင်ရန် စီမံထားသည်။ PATHသည် FDAကို တိုက်တွန်းအားပေးကာ ဆန်အားဖြည့်မှု ဆိုင်ရာ နည်းပညာ လမ်းညွှန်ချက်ပထမမူကြမ်းကို ပြုစုခဲ့သည်။ |

လူမှုကာကွယ်စောင့်ရှောက်ရေး

| | |
|---|---|
| အကြောင်းအရာ။ ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး<br><br>LIFT၏IP။ HelpAge International (Myanmar)<br><br>ပူးပေါင်းသူများ ။ မန္တလေး YMCA၊ DSW၊ နယ်မြေအစိုးရများ | အပူပိုင်းဇုန်လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်သည် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက် ရေးယန္တရားများကို တည်ဆောက်ကာ ထိခိုက်လွယ်မှုကို ကိုင်တွယ်မည်၊ အမျိုးသားအဆင့် လူမှု ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်(NSPSP)ကို တဖြည်းဖြည်း အကောင်အထည် ဖော်ရန် DSW နှင့် ဒေသအစိုးရ၏ စွမ်းဆောင်ရည်ကို တည်ဆောက်မည်၊ ဤစီမံချက်သည် LIFT၏ ဦးတည်ထားသည့် မြို့နယ်-၆ခု တွင် လုပ်ငန်းဆောင်ရွက်နေသည်။<br><br>၂၀၁၇တွင် ဤစီမံချက်သည် ရေရှည်တည်တံ့သည့် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက် ရေးအတွက် ဦးတည်ထားသည့် ကျေးရွာများရှိ ဒေသခံCSOများသို့ စွမ်းဆောင်ရည် တည်ဆောက်ရေး သင်တန်းပေးခဲ့သည်။ ယင်းCSOများသည် ဤစီမံချက်မှ ဆောင်ရွက်သည့် အိမ်ထောင်စု ထိခိုက်လွယ်မှု စစ်တမ်းမှ အတွေ့အကြုံကောင်းများ ရရှိထားကြသည်။ ထို့နောက် ကျေးရွာများသည် ဤစီမံချက်ထံမှ လူမှုကာကွယ်စောင့်ရှောက်ရေး အရေးပေါ်ရန်ပုံငွေကို ရရှိကြသည်။ ကျေးရွာအခြေပြု လူမှု ကာကွယ်စောင့်ရှောက်ရေး ယန္တရားများကို တည်ဆောက်ရန် ဖြစ်သည်။<br><br>ဤစီမံချက်သည် ဦးတည်ထားသည့် မြို့နယ်-၆ခုမှ ဒေသအစိုးရများကိုလည်း လူမှု ကာကွယ်စောင့် ရှောက်ရေး စွမ်းဆောင်ရည်ကို တိုးတက်စေခဲ့သည်။ ဤစီမံချက်သည် လူမှုကာကွယ်စောင့် ရှောက်ရေး အသိပညာပေးရေး၊ မသန်စွမ်းမှု၊ ရန်ပုံငွေထောက်ပံ့ရေး ယန္တရားများတို့ကို ၂ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာအဆင့် ထွေ/အုပ်ဝန်ထမ်း ၂၀၃ဦး တက်ရောက်ခဲ့သည်။ ထို့နောက် စီမံချက်ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ ပူးပေါင်းကာ သက်ကြီးပင်စင်များနှင့် မသန်စွမ်းများကို ထောက်ပံ့ခဲ့ကြသည်။ ထို့နောက် နေပြည်တော်တွင် စီမံချက်အတွေ့အကြုံ ကို ပြည်ထောင်စုအစိုးရသို့ မျှဝေပေးခဲ့သည်။ ဤစီမံချက်သည် ပြည်နယ်/တိုင်းဒေသကြီး DSWသို့ ငွေထောက်ပံ့မှု အလုပ်ရုံ ဆွေးနွေးပွဲ အတွက်လည်းကောင်း၊ နေပြည်တော်တွင် GAD ကို လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်း အတွက် လည်းကောင်း နည်းပညာ အထောက်အကူ ပေးခဲ့သည်။ |

| | |
|---|---|
| အကြောင်းအရာ။ သက်ကြီးများ အတွက် လူမှုရေးပင်စင်<br><br>ဆောင်ရွက်သူ။ HelpAge International Myanmar<br><br>ပူးပေါင်းသူများ။ မန္တလေး YMCA၊ DSW၊ နယ်မြေအစိုးရများ | လူမှုကာကွယ်စောင့်ရှောက်ရေးတိုးချဲ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာ ချထားရေး ဝန်ကြီးဌာန၏ အခန်းကဏ္ဍကို အားဖြည့်ပေးခြင်း စီမံချက်သည် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ခိုင်မာသော မူဝါဒများ နှင့် ထိရောက်သော အသုံးစရိတ်တို့ကို ရရှိစေရန် အားဖြည့်ပေးသည်။<br><br>၂၀၁၇အတွင်းတွင် ဤစီမံချက်သည် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို အတည်ပြုခဲ့သည်။ ဤစီမံချက်မှ ရရှိသော နည်းပညာအထောက်အကူဖြင့် DSWသည် အဓိကပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမှု များလုပ်ဆောင်ကာ မူကြမ်းကို ပြုစုပြီး လွှတ်တော်သို့ တင်ပြခဲ့သည်။ ၂၀၁၇ဩဂုတ်လတွင် အမျိုးသားသက်ကြီးရွယ်အိုကော်မတီ ထူထောင်ရာတွင်လည်း ဤစီမံချက် သည် ပင်မနည်းပညာ မိတ်ဖက် အဖြစ် ပါဝင်ခဲ့သည်။<br><br>ဤစီမံချက်သည်NSPSP၏ သက်ကြီးပင်စင်အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ဤစီမံချက်သည် DSW၏ ပင်မနည်းပညာ မိတ်ဖက် အဖြစ် ပါဝင်ခဲ့သည်။ DSWနှင့် GADတို့၏ အားလုံးကို လွှမ်းခြုံသော လူမှုရေးပင်စင်ပေးရေးစနစ်ကို ရေးဆွဲ အကောင်အထည် ဖော်ရာတွင် ပါဝင်ခဲ့သည်။ ထို့ကြောင့် အသက်၉၀နှစ်နှင့်အထက် သက်ကြီးများကို ဇွန်လတွင် ၃၅၄၀၅ဦး၊ စက်တင်ဘာလတွင် ၄၀၇၀၀ဦး ထောက်ပံ့ခဲ့သည်။ |
| အကြောင်းအရာ။ အထောက်အထား အခြေခံသည့် မူဝါဒချမှတ်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး သုတေသန<br><br>LIFT၏IP။ SPPRG<br><br>ပူးပေါင်းသူများ။ DRD၊DSW၊ DSS၊ The Leprosy Mission Myanmar ၊ ActionAid Myanmar ၊ HelpAge International (Myanmar)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အစိုးရများ၊ PAO၊ PYN | ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ရွေ့ပြောင်းအစီအစဉ်၏ ခရီးရောက်မှု။ ဤစီမံချက် သည် စစ်ကိုင်းဒေသကြီးအစိုးရက အစဉ်အလာရပ်ရွာလူမှုရေး အဖွဲ့များနှင့် နီးကပ်စွာ လုပ်ဆောင်ကာ လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒများ အကောင်အထည်ဖော်မှုကို ရွေ့ပြောင်း ဆောင်ရွက်သည်။ မြောင်မြို့နယ်တွင် အစဉ်အလာရပ်ရွာလူမှုရေး အဖွဲ့များကို စွမ်းဆောင်ရည် တည်ဆောက်ပေးကာ သုံးနှစ်ကြာမျှ လူမှုကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်မည်။<br><br>၂၀၁၇တွင် ဤစီမံချက်သည် မြောင်မြို့နယ်တွင် နောက်ထပ် ၂၁ရွာသို့ ရောက်ရှိခဲ့သဖြင့် စုစုပေါင်း ရွာ-၄၀ရှိပြီ ဖြစ်သည်။ ယင်းရွာများသည် တစ်ရွာလျှင် မတည်ငွေ ကျပ် ၄၅၀,၀၀၀ကို ရရှိကြသည်။ တာဝန်ခံနိုင်သော ကျေးရွာအဖွဲ့အစည်းများက ယင်း မတည်ငွေကို တိုးပွားရန် ရင်းနှီးထားကြသည်။ လူတစ်ဦးချင်းနှင့် ဒေသမှ စီးပွားရေးလုပ်ငန်းငယ်များကို အတိုးဖြင့် ချေးထားကြသည်။ ထိုနောက် ရလာသော အတိုးဖြင့် လိုအပ်နေသည့် အိမ်ထောင်စုများသို့ ငွေ /ပစ္စည်းဖြင့် ထောက်ပံ့ကြသည်။ တစ်နှစ်လည်သော အခါ စုစုပေါင်း မတည်ငွေ ကျပ်၁၇၂သန်းမှာ လျော့မသွားပဲ အတိုး ကျပ် ၅၂သန်းကို လူပေါင်း ၁,၆၄၉ဦးသို့ လူမှုရေး ထောက်ကူပေးနိုင်ခဲ့သည်။ ဤစီမံချက်သည် MCCT ရက်တထောင် ထောက်ပံ့မှုကိုလည်း လက်ရှိလူမှုစောင့်ရှောက်ရေးစနစ်များကို အခြေခံကာ စမ်းသပ်ဆောင်ရွက်ခဲ့သည်။ |

ကျေးလက်ဒေသဖွံ့ဖြိုးရေး

| | |
|---|---|
| အကြောင်းအရာ။ DRDသို့ နည်းပညာ အထောက်အကူပေးခြင်း<br><br>ဆောင်ရွက်သူ။LIFT နည်းပညာ အထောက်အကူပေးရေးအဖွဲ့<br><br>ပူးပေါင်းသူ။ DRD | ၂၀၁၃နှစ်ကုန်ပိုင်းတွင် ကျေးရွာဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် ရေးဆွဲရန် DRD ကို အစိုးရက တာဝန်ပေးခဲ့သည်။ အောက်ခြေမှ အထက်သို့ ပုံစံဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရန် ဖြစ်သည်။ DRDသည် LIFTထံမှ နည်းပညာအထောက်အကူကို တောင်းခံခဲ့သည်။ ထို့ကြောင့် LIFT၏ နည်းပညာအထောက်အကူအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ရေးဆွဲရန် စံပြပုံစံတစ်ခုကို ပြုစုရာတွင် ထောက်ကူခဲ့သည်။ ထိုနောက် ယင်းပုံစံကို ပြည်နယ် နှင့် တိုင်းဒေသကြီးတိုင်းတွင် ရွေ့ပြောင်းဆောင်ရွက်ရန် DRDနှင့် ကျေးရွာများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့သည်။ DRDက ယင်းပုံစံကို စံပြုခဲ့သည်။<br><br>၂၀၁၇ခုနှစ်တွင် LIFT၏ နည်းပညာအထောက်အကူအဖွဲ့သည် အောက်မှ အထက်သို့ ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရာတွင် DRDကို ဆက်လက်ထောက်ကူပေးနေသည်။ DRDသည် ၄၉-မြို့နယ်မှ ရွာပေါင်း ၈,၆၀၀ကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(Village development plan, VDP) နှင့် နှစ်စဉ်ရင်းနှီးမြှုပ်နှံရေး စီမံချက်များ (Annual village investment plan, AVIP) ရေးဆွဲရာတွင် ထောက်ကူခဲ့သည်။ AVIPထံမှ ကျေးရွာ၏ ရင်းနှီးမြှုပ်နှံရေး အစီအစဉ်များကို သိရှိရပြီး၊ VDPမှ ကျေးရွာ၏ လူမှု-စီးပွား အခြေအနေများ၊ လူဦးရေ၊ အိမ်ထောင်စု သတင်းများကို သိရှိရသည်။ ကျေးရွာများ၏ ဖွံ့ဖြိုးရေးစီမံချက်များ နှင့် နှစ်စဉ်ရင်းနှီးမြှုပ်နှံရေး စီမံချက်များကို စုစည်းကာ မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံချက် နှင့် နှစ်စဉ်ရင်းနှီးမြှုပ်နှံရေး စီမံချက်တွင် ပေါင်းစည်း နိုင်မည့် လည်ပတ်ဆောင်ရွက်နိုင်မည့် ပုံစံတခု ဖြစ်ထွန်းစေရန် DRDကို LIFT၏ နည်းပညာ အထောက်အကူအဖွဲ့က ဆက်လက်ကူညီဆောင်ရွက်လျက်ရှိသည်။ |

၉.၇

# ၂၀၁၇ခုနှစ်တွင် တင်ပြခဲ့သော LIFT၏ လေ့လာမှုများ

အာဟာရ

| | |
|---|---|
| LIFT သက်တမ်းတလျှောက် ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ် စာတမ်း- ၁။ အာဟာရဆိုင်ရာ တွင် အမျိုးသားများ၏ အခန်းကဏ္ဍ<br><br>LIFT<br><br>အကြောင်းအရာ။ ကျား/မ ရေးရာ၊ အာဟာရ၊ | တာဝန်။ ဤစာတမ်းသည် Delta RISE စီမံချက်တွင် အမျိုးသားများ၏ ပါဝင် ပတ်သက်မှုက အဘယ်ကြောင့် များပြားသည်ကို စူးစမ်းလေ့လာထားသည်။ အာဟာရ စီမံချက်များတွင် အမျိုးသားများ ပါဝင်ဆောင်ရွက်မှု၏ အရေးပါမှု နှင့် ယင်းကို အဟန့်အတား ဖြစ်နေသည်များကိုပါ စူးစမ်းလေ့လာထားသည် ။<br><br>တွေ့ရှိချက်များ။ ဤသုတေသနတွင် အာဟာရဆိုင်ရာ သင်တန်းများ လှုပ်ရှားမှု များသည် မိမိတို့ စိတ်ဝင်စားသည့် အကြောင်းအရာ ၊ မိမိတို့၏ တာဝန်ဟု ခံယူ ထားသည့် နယ်ပယ် တို့နှင့် ချိတ်ဆက်နေပါက အမျိုးသားတို့၏ စိတ်ဝင်စားမှုက သိသိသာသာ တိုးလာသည်ဟု ဖော်ပြထားသည်။ ယင်းနယ်ပယ်များမှာ သယံဇာတ စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးနည်းနာ စသည်တို့ ဖြစ်သည်။ သင့်လျော်သော အာဟာရသည် အိမ်ထောင်စု၏ ရေရှည်ကျန်းမာရေးအတွက် အရေးကြီးသည်ဟု အသိအမြင် တိုးလာအောင် လုပ်ခြင်းဖြင့်သာ အမျိုးသားများ အာဟာရလှုပ်ရှားမှုများတွင် ပိုမို ပါဝင်လာအောင် အားပေးနိုင်မည်ဖြစ်သည်။ ။ ဗီဒီယို၊ ရေဒီယိုတို့သည် သတင်း စကားကို ပို့ဆောင်ပေးရာတွင် အလွန်ထိရောက်သည့် နည်းလမ်းများ ဖြစ်နိုင်သည်။ |
| ရိက္ခာနှင့် အာဟာရဖူလုံရေးအတွက် လိုအပ်ချက်များကို ဆန်းစစ်ခြင်း အယူအဆကို စူးစမ်းသည့် သုတေသန<br><br>MIID, Cornell University<br><br>အကြောင်းအရာ။ ရိက္ခာဖူလုံရေး၊ ဝင်ငွေဖန်တီးရေး၊ အကောင်းဆုံး နည်းနာများ | တာဝန်။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ၂၄ရွာ၌ ရိက္ခာနှင့် အာဟာရ ဖူလုံရန် လိုအပ်ချက်များကို အယူအဆ စူးစမ်းဖော်ထုတ်သည့်နည်း ဖြင့် ဆန်းစစ်ခြင်းသည် ရှေ့ပြေး သုတေသနတစ်ခု ဖြစ်ပြီး၊ 'ချင်းပြည်နယ်ကျေးလက်ဒေသ၌ စိုက်ပျိုးရေး ပညာပေးခြင်း၊ အာဟာရ ပညာပေးခြင်း၊ အဖွဲ့အစည်း တည်ဆောက်ပေးခြင်း တို့ဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများကို စွဲမြဲစေခြင်း' စီမံချက်၏ အစိတ်အပိုင်း ဖြစ်သည်။ ဤစီမံချက်သည် ချင်းပြည်နယ် ကျေးလက်ဒေသ ရပ်ရွာများရှိ အိမ်ထောင်စုများ ဝင်ငွေတိုးစေရန်၊ ထိခိုက်လွယ်ဆုံးသူများ အထူးသဖြင့် မိန်းမသားများ နှင့် ကလေးများအား ရိက္ခာ နှင့် အာဟာရ ပိုမို ဖူလုံစေရန် ရည်ရွယ်သည်။ ယင်းသို့ ဖြစ်စေရန် အာဟာရဖောင်းပေး စိုက်ပျိုးရေး၊ အစားအစာ ထုတ်လုပ်ရေး၊ တောင်တန်းဒေသ စိုက်နည်းများ၊ အစားအစာ ဘေးကင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရည် သန့်ရှင်းရေး နည်းနာများ၊ ကောင်းမွန်သည့် အာဟာရ နည်းနာများကို ပညာပေးခြင်း နှင့် သတင်းပေးခြင်း၊ ဒေသခံအဖွဲ့အစည်းများကို အားဖြည့်ခြင်းတို့ဖြင့် ဆောင်ရွက်မည်။<br><br>တွေ့ရှိချက်များ။ စီမံချက်ရွာများရှိ အိမ်ထောင်စုများ ရိက္ခာရရှိမှု လက်လှမ်းမီမှု တိုးလာ ရန်အတွက် အရေးပါသော အချက်နှစ်ချက် ရှိကြောင်း ဤစစ်တမ်းက တင်ပြထားသည်။ ပထမအချက်မှာ တောင်သူများသည် ရိက္ခာထုတ်လုပ်သည့် နည်းနာကောင်းများကို ပိုမို သိရန်လိုကြောင်း၊ (သီးနှံ၊ မွေးမြူရေး၊ ငါးမွေးမြူရေး)၊ သီးနှံမျိုးစုံ စိုက်ပျိုးခြင်း၊ ခေတ်မီ တောင်တန်းဒေသ စိုက်ပျိုးနည်းနာများ၊ စိုက်ပျိုးရေ နှင့် မြေဆီလွှာကို စီမံခန့်ခွဲခြင်း၊ မျိုးကောင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အပါအဝင် သွင်းအားစုများကို လက်လှမ်းမီခြင်းတို့ ဖြစ်ကြောင်း၊ ဒုတိယ အချက်မှာ ရိတ်သိမ်းချိန် လွန် ကိစ္စရပ်များကို ပိုမိုသိရန်လိုကြောင်း၊ ယင်းတို့တွင် သိုလှောင်ခြင်း၊ ကြိတ်ခွဲ ပြုပြင်ခြင်း၊ တန်ဖိုးမြှင့်ခြင်း၊ ဈေးကွက်လက်လှမ်းမီခြင်းတို့ အပါအဝင်ဖြစ်ကြောင်း။ အစားအသောက်စားသုံးခြင်း နှင့် စပ်လျဉ်းပါက တောင်သူများ၊ ရပ်ရွာလူထုများသည် အာဟာရအကြောင်း၊ အမည်စုံစားသောက်ခြင်း၊ အစားအသောက်ဘေးကင်းမှု၊ ကျန်းမာရေး အမူအကျင့်ကောင်းများ စသည်တို့နှင့် ပတ်သက်၍ အနည်းအကျဉ်းသာ သိရှိကြသည်။ ပညာပေးရေး၊ လှုံ့ဆော်ဆွေးနွေးရေး ဝန်ဆောင်မှုများကို အလွန် လိုအပ်လျက်ရှိသည်။ |
| ချင်းပြည်နယ် စိုက်ပျိုးရေး နှင့် အာဟာရ အမူအကျင့်များ ၏ အတားအဆီးများ နှင့် စွမ်းဆောင်စေသူများ<br><br>Catholic Relief Services, KMSS<br><br>အကြောင်းအရာ။ ပုညက်မှုအမူအကျင့် အပြောင်းအလဲ | တာဝန်။ Catholic Relief Services (CRS) မြန်မာသည် Productive Agriculture through Community Engagement (PACE) အမည်ရှိ LIFT ရန်ပုံငွေ ပံ့ပိုးသည့် သုံးနှစ် (၂၀၁၆-၂၀၁၉) စီမံချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ PACEသည် အာဟာရဆိုင်ရာရလဒ်ကို တိုးတက်စေရန် အားထုတ်နေသည်။ အထူးသဖြင့် ငါးနှစ်အောက် ကလေးများ ပုညက်မှုနှုန်းကို လျှော့ချရန် ဖြစ်သည်။ ဦးတည် ထားသည့် ကျေးရွာများတွင် ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးရေရှည် အထွက်တိုးတက်ရန်၊ လုပ်ကွက်ငယ် တောင်သူများ၊ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ ၂၃လအောက်ကလေးငယ်များ အစားအစာ အမည်စုံစေရန် ရည်ရွယ်ပါသည်။ ဤရည်ရွယ်ချက်များ အထမြောက်စေရန် PACEသည် အမျိုးသမီးများ၊ ၆လ နှင့် ၂၃လကြား ကလေးများ အာဟာရပြည့်ဝစွာ စားသောက်သည့် အလေ့အထကို ရှိလာစေရန် ဆော်ဩလျက်ရှိသည်။ ယင်း အာဟာရ အလေ့အထများကို ထောက်ပံ့ရန် PACEသည် ရိတ်သိမ်းချိန် အလေအလွင့်ကိစ္စ နှင့် အာဟာရရှိသော အစားအစာများ တစ်နှစ်ပတ်လုံး လက်လှမ်းမီရေးတို့ကို ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ ဤကိစ္စရပ် နှစ်ခုလုံး တွင် အမူအကျင့် ပြောင်းလဲရေးသည် အခြေခံဖြစ်သည်။ ယင်းသို့ ပြောင်းလဲရန်မှာ SBCCသည် အခရာကျသည်။<br><br>တွေ့ရှိချက်များ။ နို့တိုက်မိခင်များ နေ့စဉ် ထမင်းနှစ်ပန်းကန် ပို၍စားရန် မှာ ဖူလုံမှု၊ အလေ့အကျင့်စတင်ဖြစ်မှု၊ လက်လှမ်းမီမှု၊ လူမှုရေး စံနှုန်းများက သတ်မှတ် နေကြောင်း တွေ့ရသည်- ဤစီမံချက်သည် ဒေသတွင် ရနိုင်သည့် အာဟာရ ပြည့်ဝသည့် အမည်များဖြင့် မိခင်များ နှစ်သက်မည့် ဟင်းလျာများ ချက်ပြုတ်တတ်လာစေရန်၊ အသားသည်သာ ကောင်းသည် သို့မဟုတ် အရသာရှိသည် ဟူသော အမြင်ကို လျှော့ချရန်၊ နို့တိုက်မိခင်များ တစ်နေ့ ထမင်းနှစ်ပန်းကန် ပိုစားရေးကို တိုက်တွန်းရန်၊ ပင်မအစားအစာ နှင့် အာဟာရပြည့်ဝသည့် သီးနှံများကို တစ်နှစ်ပတ်လုံး ပိုမို လက်လှမ်းမီလာစေရန်၊ အိမ်ထောင်ဖက် အမျိုးသားများက မိမိမိသားစု၏ အာဟာရကိစ္စတွင် ပိုမိုပါဝင် ပတ်သက်လာရန် ရည်ရွယ်သည်။ |

| | |
|---|---|
| ကရင်ပြည်နယ်မြောက်ပိုင်းကျေး လက်နေ သူဆင်းရဲများ ဝင်ငွေနှင့် အာဟာရ ရလဒ် ကောင်းမွန်စေခြင်း။ အာဟာရ ရှောင်တခင် ဆန်းစစ်ချက်<br><br>World Concern Myanmar၊ CDN-ZOA၊ CORAD၊ SNV<br><br>အကြောင်းအရာ။ စားသောက်မှု၊ ရောဂါ | တာဝန်။ World Concern Myanmarသည် CDN-ZOA (lead)၊CORDAID၊ SNV တို့နှင့် မိတ်ဖက်ပြုကာ LIFT၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ကရင်ပြည်နယ် မြောက်ပိုင်း သံတောင်ကြီးဒေသမှ ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေနှင့် အာဟာရ ရလဒ် ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည်။ စီမံချက် အစပျိုးကာလအတွင်းတွင် အာဟာရဆိုင်ရာ အကြောင်းရင်းများ၊ အကျိုးရလဒ်များ ဆန်းစစ်ချက်တစ်ခုကို ဆောင်ရွက်ခဲ့သည်။ ရည်ရွယ်ချက်မှာ ဤဒေသတွင် အာဟာရ မပြည့်ဝရသည့် အကြောင်းရင်းများကို ပိုမိုတိကျစွာ နားလည်ရန် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ သံတောင်ကြီးဒေသတွင် အာဟာရမပြည့်ဝမှုနှုန်း မှာ အထူးမြင့်မား သည်။ ကလေး ၅၃.၇%သည် ပုညက်နေသည်၊ ၁၅.၁%မှာ ချည့်နဲ့နေသည်၊ ၃၃.၃၅မှာ ရှိသင့်ရှိထိုက်သည့် အလေးချိန်အောက်တွင် ရောက်နေသည်။ ပုညက်မှုအဆင့်မှာ မြို့နယ်ခွဲတိုင်းတွင် မြင့်မားနေသည် (၄၀%အထက်)ကို ဝင်ငွေအုပ်စုတိုင်းတွင် တွေ့ရ သည်။ မိန်းကလေးနှင့် ယောကျာ်းလေး အတူတူပင် မြင့်ကြသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ဝလင် လုံလောက်အောင် မစားရခြင်းနှင့် ရောဂါများကြောင့် ဖြစ်သည်။ |
| ချင်းပြည်နယ် ကျေးလက်ဒေသ အာဟာရ ရလဒ် ကောင်းမွန်စေရန် စိုက်ပျိုးပညာပေးရေး နှင့် အဖွဲ့အစည်း တည်ဆောက်ရေးဖြင့် ဆောင်ရွက်ခြင်း<br><br>MIID – Dawt Hlei Tial<br><br>အကြောင်းအရာ။ ငါးမွေးမြူရေး၊ အာဟာရ | တာဝန်။ ဟားခါးမြို့နယ် ကျေးလက်လူထုသည် ပရိုတိန်းဓာတ်များကို အကန့်အသတ် ဖြင့်သာ ရရှိကြသည်။ ငါးလုပ်ငန်းကို တိုးတက်အောင်လုပ်လျှင် ဈေးသက်သာသော ပရိုတိန်းရင်းမြစ်ကို ရနိုင်မည်၊ အာဟာရ တိုးတက်မည် ဖြစ်သည်။ MIIDသည် ဟားခါးမြို့နယ် ၆-ရွာတွင် ငါးမွေးမြူရန် ဖြစ်နိုင်ခြေကို ဆောင်ရွက်ခဲ့သည်။<br><br>တွေ့ရှိချက်များ။ တွေ့ဆုံခဲ့သည့် ငါးမွေးသူတိုင်းသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေ၊ အလယ်အလတ်ဖြစ်စေ မွေးမြူကြပြီး ဖြည့်စွက်အစာ အနည်းငယ်သာ ကျွေးမွေးသည် သို့မဟုတ် မကျွေးမွေးကြပေ။ ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းတက်ဖူးသော်လည်း ငါးမွေးမြူခြင်းနှင့် ပတ်သက်၍ များစွာ မသိကြပေ။ စီးပွားဖြစ် မွေးမြူရန်ထက် အငယ်စားသာ မွေးမြူလိုကြသည်။ ရန်ပုံငွေထောက်ပံ့သည့်တိုင် ငါးမွေးမြူရန် အချိန်နှင့် ငွေကို ရင်းနှီးလိုစိတ်များစွာ မရှိကြသေးချေ။ |

စိုက်ပျိုးရေး

| | |
|---|---|
| စိုက်ပျိုးရေး အသုံးစရိတ် ပြန်လည် သုံးသပ်ခြင်း<br><br>စိုက်ပျိုးရေးတိုးတက်ရန် ပြည်သူ့ဘဏ္ဍာ သုံးစွဲမှုကို ထိရောက်စေခြင်း<br><br>IBRD, World Bank<br><br>အကြောင်းအရာ။ပြည်သူ့ဘဏ္ဍာသုံးစွဲမှု | တာဝန်။ ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်သည့် ဤစိုက်ပျိုးရေးအသုံးစရိတ် ပြန်လည်သုံးသပ်မှုသည် စိုက်ပျိုးရေး နှင့်တကွ အခြား ဖွံ့ဖြိုးရေးရည်မှန်းချက်များကို တိုးတက်ရန်အတွက် သုံးစွဲသည့် ပြည်သူ့ဘဏ္ဍာကို ထိရောက်စေရန် မူဝါဒဆိုင်ရာ ပြောဆိုဆွေးနွေးမှုများအတွက် အရေးကြီးသော ခြေလှမ်းဖြစ်သည်။ ယင်းသည် ၂၀၀၉/၁၀မှ ၂၀၁၆/၁၇ထိ စိုက်ပျိုးရေးဝန်ကြီးဌာန၊ ပြည်နယ်တိုင်းအချို့၊ မြန်မာ လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေကြေးထောက်ပံ့မှုများ၊ အလှူရှင်များ၏ ဘတ်ဂျက်များ အကျုံးဝင်သည်။ ဤသုံးသပ်ချက်သည် ပြည်သူ့ဘဏ္ဍာအသုံးစရိတ် ခွဲဝေမှု၊ အကောင်အထည်ဖော်နိုင်မှု စွမ်းဆောင်ရည်ကို အလေးထား အာရုံစိုက်ထားသည်။<br><br>တွေ့ရှိချက်များ။ လက်ရှိဘတ်ဂျက်အနေအထားတွင် ပထမဦးစားပေးမှာ လက်ရှိ ရန်ပုံငွေများကို ပိုမိုကောင်းမွန်စေရန် အသုံးပြုခြင်း၊ ရန်ပုံငွေခွဲဝေရရှိမှု အလွန်အမင်း နည်းနေသည့် အစီအစဉ်များသို့ အလှူရှင်များကို ဆွဲဆောင်ခြင်းဖြင့် မြန်မာ့ စိုက်ပျိုးရေး ပြည်သူ့ဘဏ္ဍာ အသုံးစရိတ်ကို ထိရောက်စေရန် ဤသုံးသပ်ချက်က အကြံပြုထားသည်။ (၁) ADS နှင့် IP အရ မဟာဗျူဟာ မူဘောင်ကို ထူထောင်ကာ စိုက်ပျိုးရေး အသုံးစရိတ်၏ တာဝန်နှင့် စီးပွားရေးကို ပြန်လည် ချိန်ညှိရန်၊ (၂) ဆည်မြောင်း နှင့် စက်မှုလယ်ယာကဏ္ဍတို့မှ ငွေလုံးငွေရင်း ဘတ်ဂျက်အချို့ကို အခြား အစီအစဉ်များသို့ ပြန်လည်ခွဲဝေပေးရန်၊ (၃) အချို့ရန်ပုံငွေများကို ငွေလုံး ငွေရင်းမှ သာမန်ဘတ်ဂျက်သို့ ပြောင်းရွှေ့ရန်၊ အထူးသဖြင့် ဆည်မြောင်း လုပ်ငန်းသုံးစရိတ် နှင့် ပညာပေးအစီအစဉ်များအတွက် ဖြစ်သည်၊ (၄) ရန်ပုံငွေများကို ပြန်လည်ခွဲဝေရန် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ရန်တို့ ဖြစ်သည်။ |
| ရေဆင်းတက္ကသိုလ် နှင့် စိုက်ပျိုးရေး သိပ္ပံများရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် စိုက်ပျိုး-စီးပွားရေး သင်ရိုးများကို ပြန်လည်သုံးသပ်ခြင်း<br><br>MIID, Cornell University<br><br>အကြောင်းအရာ။ ပညာရေး | တာဝန်။ ဤစစ်တမ်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးသိပ္ပံ၁၄ကျောင်းတွင် လက်ရှိ အသုံးပြုနေသည့် သင်ရိုးများကို စဉ်းစားသုံးသပ်ကာ သင်တန်းဆင်းများ အကျိုးရှိစေ မည့် အပြောင်းအလဲများကို အကြံပြုရန် ဖြစ်သည်။ သို့မှသာ သင်တန်းသားများသည် တစ်နိုင်ငံလုံးရှိ ပြည်နယ်တိုင်းတွင် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ပညာရေး၊ NGOများ၊ စိုက်ပျိုးထုတ်လုပ်ရေးများ အားလုံးတွင် တာဝန်ထမ်းဆောင်နိုင်စွမ်း ရှိလာ မည် ဖြစ်သည်။ အထူးသဖြင့် ချင်းပြည်နယ်တွင် လုပ်ကိုင်မည့်သူများ၏ လိုအပ်ချက်ကို ဤသင်ရိုးက ဖြည့်ဆည်းပေးနိုင်မှုရှိမရှိကို စဉ်းစားနိုင်ရန် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ အများအားဖြင့် ယင်းသင်ရိုးများသည် ကောင်းမွန်ကြောင်း ဆန်းစစ်တွေ့ရှိရ သည်။ သင်ရိုးများကို သေချာစွာ စီမံထားသဖြင့် သုံးနှစ်ကြာ သင်တန်းမှ တက်ရောက်ပြီးသူများသည် စိုက်ပျိုးရေးတွင် အလုပ်လုပ်ရန် သို့မဟုတ် ရေဆင်းတက္ကသိုလ် သို့ လွှဲပြောင်းရန် ပြင်ဆင်ပြီး ဖြစ်သည်။ သို့သော် ဟာကွက်များလည်း ရှိနေသေးသည်။ အသုံးပြုထားသော ဥပမာများမှာလည်း မြေပြန့် ဒေသမှသာ များသည်။ သင်ရိုးများသည် ကောင်းသည်ဟု ယေဘုယျအားဖြင့် ဆိုရမည်။ |

| | |
|---|---|
| အပူပိုင်းဇုန်စိုက်ပျိုးရေးတွင် နည်းပညာ အပြောင်းအလဲ ဆယ်နှစ်တာ<br><br>FSP Research – MSU, CESD, IFPRI<br>Co-funded by USAID<br><br>အကြောင်းအရာ။<br>နည်းပညာခေတ်မီရေး၊ အထွက်တိုးရေး | တာဝန်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အပူပိုင်းဇုန်၌ ၂၀၁၇အတွင်း စိုက်ပျိုးရေး နည်းနာ အပြောင်းအလဲများကို ဖော်ပြသည်။ အပူပိုင်းဇုန် ကျေးလက် စီးပွားရေးနှင့် စိုက်ပျိုးရေး (READZ) စစ်တမ်းမှ ရရှိသော ဒေတာများကို အခြေခံသည်။ ဤစစ်တမ်း၏ ရည်ရွယ်ချက်တစ်ခုမှာ ဆန်စပါး၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း သီးနှံများ စိုက်ပျိုးမှု ပုံစံများ၊ နည်းနာများ၊ အလားအလာများကို ဆန်းစစ်ရန် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ လွန်ခဲ့သည့် ၁၀နှစ်အတွင်း စိုက်ပျိုး နည်းနာ အပြောင်းအလဲများကို ဆန်းစစ်ရာတွင် အောက်ပါ အရေးကြီးသည့် အလားအလာများကို တွေ့ရသည် (၁) စိုက်ပျိုးရေးကဏ္ဍသည် ခေတ်မီတိုးတက်လာနေသည်၊ ရေပေးသွင်းမှုသည် မှန်မှန်တိုးချဲ့နေသလို စက်မှုလယ်ယာမှာ အလျင်အမြန် ဖြစ်ထွန်းနေသည်။ (၂) နည်းပညာ အပြောင်းအလဲ နှင့်အတူ ရာသီအလိုက် စိုက်နည်း ပုံစံသည်လည်း အနည်းငယ် ပြောင်းလာသည်။ မြေပဲ နှင့် ပဲတီစိမ်းကို မိုးကြိုရာသီ၏ အဓိက သီးနှံအဖြစ် ပို၍ စိုက်ပျိုးလာသည်။ ဆည်များမှအပ အခြားရေ အရင်းအမြစ်များကို ပိုမို လက်လှမ်းမီလာကြောင်းကို ထင်ဟပ်နေသည်။ (၃) အထွက်တိုးမှုမှာ ယင်းပုံစံအတိုင်း မဟုတ်ပေ။ ဆန်စပါးမှာ အသင့်အတင့် အထွက်တိုးသော်လည်း မြေပဲ နှင့် ပဲတီစိမ်းမှာ ထူးထူးခြားခြား မပြောင်းလဲသေးပေ။ နှမ်းအထွက်မှာ ၂၀၀၇နှင့် နှိုင်းယှဉ်ပါက ၂၀၁၇ခုနှစ် တွင် သိသာစွာ ကျဆင်းလာသည်။ (၄) ဒေသနှင့် ပိုမို ကိုက်ညီသော အထွက်တိုးသည့် အဓိကသီးနှံမျိုးများအတွက် ရင်းနှီးမြှုပ်နှံရန် နှင့် ကောင်းမွန်သည့် သီးနှံစီမံခန့်ခွဲမှုကို ဖြန့်ဝေရန်လိုအပ်သည်။ သို့မှသာ သွင်းအားစုများ ပိုမို ခရီးရောက်မည်၊ အထွက်တိုးမည်၊ ပိုမို မြတ်စွန်းမည် ဖြစ်သည်။ |
| ရန်ကုန်နှင့် ဧရာဝတီတို့တွင် သီးနှံ ထုတ်လုပ်မှု နှင့် မြတ်စွန်းမှု<br><br>Feed the Future – Ame Cho, Ben Belton, Duncan Boughton<br><br>Co-funded by USAID<br><br>အကြောင်းအရာ။ သီးနှံစိုက်ပျိုးရေး၊ ရေရရှိရေး | တာဝန်။ စိုက်ပျိုးရေးသည် မြန်မာ့ကျေးလက်စီးပွားရေး၏ အချက်အချာ ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် ရန်ကုန်တိုင်းဒေသကြီးကို နိုင်ငံ၏ 'ထမင်းပန်းကန်'ဟု မှတ်ယူကြသည်။ သို့ဖြစ်စေကာမူ အရေးပါသည့် ဤဒေသ စိုက်ပျိုးရေး၏ ထူးခြားချက်များနှင့် ပတ်သက်သည့် ဒေတာများကို အနည်းအကျဉ်းမျှသာ ရရှိနိုင်သည်။ မြန်မာငါးမွေးမြူရေး-စိုက်ပျိုးရေးစစ်တမ်း သည် ဤအသိအမြင် ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းထားသည်။ ခရမ်း၊ ညောင်တုံး၊ တွံတေး၊ မအူပင် မြို့နယ်များမှ တောင်သူ အိမ်ထောင်စု ၃၂၉စုမှ စာရင်းအင်းများကို စစ်တမ်း ကောက်ယူသည်။ ယင်းသည် အိမ်ထောင်စု ၁,၁၀၂ကို ကောက်ယူသည့် စစ်တမ်း၏ အစိတ်အပိုင်းဖြစ်သည်။<br><br>တွေ့ရှိချက်များ။ အောက်ပါတို့ကို အကြံပြုသည်- (၁) မိုးရာသီတွင် ရေဝပ်သည့် နေရာများတွင် စပါးစိုက်ပျိုးနိုင်ရန် ရေနုတ်မြောင်းများ ကောင်းမွန်ရေးအတွက် အကျိုး- ကုန်ကျစရိတ် ဆန်းစစ်ရန်၊ (၂) နွေသီးနှံများအတွက် စိုက်ပျိုးရေ ပိုမို ရရှိစေရန်၊ (၃) အဓိကသီးနှံအားလုံးအတွက် မျိုးကောင်းများ ပိုမို လက်လှမ်းမီစေရန် (၄) စက်ဖြင့်ရိတ်သိမ်းနိုင်မည့် ပဲမျိုးများကို ဖော်ထုတ်ရန် (၅) သီးနှံ နှင့် မွေးမြူရေး အမည်စုံဖြစ်ထွန်းမှုကို အားပေးတိုက်တွန်းရန် (၆) ပဲတီစိမ်း အထွက်တိုးရေး မြတ်စွန်းရေး ဆောင်ရွက်ရန် (မျိုးများ၊ ရေရရှိရေး၊ ပိုးမွှားနှိမ်နင်းရေး) |
| မြန်မာနိုင်ငံ ငါးမွေးမြူရေး ။ ငါးမွေးမြူရေး နည်းပညာ၊ ထုတ်လုပ်မှု၊ စီးပွားရေး၊ စီမံခန့်ခွဲရေး<br><br>Feed the Future – Ben Belton, Mateusz Filipski and Chaoran Hu<br><br>Co-funded by USAID<br><br>အကြောင်းအရာ။ ငါးမွေးမြူရေး | တာဝန်။ လွန်ခဲ့သည့် အနှစ်၂၀အတွင်း မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးသည် လျင်မြန်စွာ တိုးပွားလာလျက်ရှိသည်။ နိုင်ငံ၏ ငါးလိုအပ်ချက် ဖြည့်ဆည်းရေးတွင် အရေးကြီးသော အခန်းမှ ပါဝင်နေသည်။ သို့သော် ယင်း၏ နည်းပညာနှင့် စီးပွားရေး အရ ထူးခြားချက်များကို အနည်းငယ်သာ လေ့လာထားသည်။ ဤအစီရင်ခံစာသည် အဆိုပါ အသိအမြင် ကွာဟချက်ကို ကိုင်တွယ်ဖြေရှင်းထား သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် မြန်မာ့ငါးကန်များကို စာရင်းအင်းဆိုင်ရာ စစ်တမ်းကောက်ယူ ခဲ့သည့်အပြင် မြန်မာ့ ငါးမွေးမြူရေး-စိုက်ပျိုးရေး စစ်တမ်း (MAAS)မှ ဒေတာများကို တင်ပြထားသည်။<br><br>တွေ့ရှိချက်များ။ စစ်တမ်းရလဒ်များသည် မြန်မာ့ကုန်းတွင်း ငါးမွေးမြူရေး၏ ထူးခြား ချက်များကို 'စုံ'အဖြစ် ဖော်ပြသည်။ ဆန်းစစ်သည့် အချက်များမှာ- ငါးထွက်ရှိမှု နှင့် မြတ်စွန်းနိုင်မှု၊ ကန်အရွယ်အစား၊ ထုတ်လုပ်မှု ရာသီ၊ အစာ၊ ငါးမျိုး၊ အခြား သွင်းအား စုများ၊ လုပ်အားလိုအပ်ချက်၊ ကန်ဖော်ပုံ နှင့် ဈေးကွက်တင်ပုံ၊ နည်းပညာ အပြောင်း အလဲ၊ ငါးမွေးသူ အိမ်ထောင်စုများ၏ စီးပွား-လူမှုထူးခြားချက်များ၊ မြေယာ လက်လှမ်းမီမှု နှင့် လုပ်ပိုင်ခွင့်တို့ ပါဝင်သည်။ |

| | |
|---|---|
| မြန်မာနိုင်ငံ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသမှ မျိုးစပါးတောင်းခံမှု နှင့် ထောက်ပံ့မှု စနစ်များ<br><br>Abishkar Subedi, Marja Thijssen, Genevieve Audet-Bélanger, Tin Maung Shwe, and Naing Lin Oo.<br><br>အကြောင်းအရာ။ မျိုးစပါး တန်ဖိုးမြှင့်ကွင်း ဆက် | တာဝန်။ ဤစစ်တမ်းသည် မျိုးစပါးကဏ္ဍဆောင်ရွက်မှု တိုးတက်စေရန် ၊ တောင်သူ များ မျိုးကောင်းမျိုးသန့်များကို ပိုမို လက်လှမ်းမီကာ ရိက္ခာဖူလုံမှု နှင့် စီးပွားရေး ဖွံ့ဖြိုးရန်အတွက် LIFTက နောင် ရင်းနှီးမြှုပ်နှံရာတွင် အကြံပေးနိုင်ရန် ရည်ရွယ်သည်။ စစ်တမ်းတွင် အပိုင်း သုံးပိုင်းပါဝင်သည်- (၁) မျိုးစပါး အသုံးပြုပုံ စစ်တမ်း ၊(၂) မျိုးစပါး ထောက်ပံ့ပုံ စစ်တမ်း၊ (၃) မျိုးစပါးကဏ္ဍ ဆန်းစစ်ချက်။ ယင်းတို့ကို အခြေခံကာ စစ်တမ်းအဖွဲ့သည် မျိုးကွဲများ၊ မျိုးစပါးအသုံးပြုပုံ၊ ထောက်ပံ့ပုံတို့ကို ချိတ်ဆက်ကာ မျိုးစပါးလိုအပ်ချက်ကို ခန့်မှန်းနိုင်မည့် အနေအထားတရပ်ကို ပြုစုမည် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ မြစ်ဝကျွန်းပေါ် အောက်ပိုင်းမှ တောင်သူ ၈၂%၊ အထက်ပိုင်းမှ ၉၅%တို့ သည် စပါးတစ်ရာသီတွင် စပါးတစ်မျိုးမှ နှစ်မျိုးကို သုံးတတ်ကြောင်း စစ်တမ်းက တွေ့ရသည်။ သီးနှံတစ်မျိုးမျိုးကို စီးပွားဖြစ်စိုက်မည်ဆိုပါက တောင်သူ တစ်ဦးချင်းက အသုံးပြုသော မျိုးအရေအတွက် နည်းသွားတတ်မြဲ ဖြစ်သည်။ မျိုးစပါး ရွေးရာတွင် အထွက်ကောင်းခြင်း၊ မြေ နှင့် ကိုက်ခြင်း၊ ပေါက်စျေး၊ သက်တမ်းတို့ကို အဓိကထားကြသည်။ မြစ်ဝကျွန်းပေါ် အောက်ပိုင်းမှ တောင်သူ ၉၆%၊ အထက်ပိုင်းမှ ၇၀%တို့ သည် မိမိတို့လယ်မှ သော်လည်းကောင်း အခြား ရင်းမြစ်တခုခုမှ သော်လည်းကောင်း မျိုးစပါးများကို အသုံးပြုကြသည်။ ၉၀%သော တောင်သူတို့က မျိုးစပါးကို လယ်ထဲတွင် /ရိတ်သိမ်းသည့်အခါတွင် တွေ့ရသည့် အသွင်အပြင်ကို ကြည့်ကာ ရွေးချယ်ကြသည်။ မျိုးစပါးကဏ္ဍ ဆန်းစစ်ချက်အရ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသရှိ မျိုးစပါးစနစ်များကို အောက်ပါအတိုင်း ၃-အုပ်စု ခွဲနိုင်သည်- (၁) ပြင်ပ မျိုးစပါးစနစ်၊ (၂) တရားဝင် မျိုးစပါးစနစ် (၃) တရားဝင် မျိုးစပါးစနစ်နှင့် လျော့လျော့ရဲရဲ သို့မဟုတ် ယာယီ ချိတ်ဆက်ထားသည့် ကြားမျိုးစပါးစနစ် တို့ ဖြစ်သည်။ တွေ့ရှိချက်များကို အခြေခံကာ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသရှိ မျိုးစပါး စနစ်များကို အားဖြည့်ရန် အကြံပြုချက်များကို အုပ်စု ၅-ခု ခွဲထားသည်။ (၁) တောင်းခံအားကို အားဖြည့်ခြင်း (၂) ထုတ်လုပ်မှု အခြေခံကို ဖွံ့စည်းခြင်း (၃) ဝန်ဆောင်မှု ကဏ္ဍကို ဖွံ့စည်းခြင်း (၄) အစိုးရကဏ္ဍ အုပ်ချုပ်မှု (၅) လမ်းမှန်မှုနှင့် တာဝန်ခံမှု။ |
| ကရင်ပြည်နယ် ဖာလာစေ့ တန်ဖိုးမြှင့် ကွင်းဆက် ဆန်းစစ်ချက် အစီရင်ခံစာ<br><br>SNV Netherlands Development Organisation<br><br>အကြောင်းအရာ။ တန်ဖိုးမြှင့် ကွင်းဆက်၊ အာဟာရ | တာဝန်။ ဖာလာစေ့တန်ဖိုးမြှင့်ကွင်းဆက် ဆန်းစစ်ချက် သည် SNVက ဒတ်ချ် NGOများ အဖွဲ့ (CDN)သို့ ဆောင်ရွက်ပေးသော နည်းပညာ အထောက်အကူ ဖြစ်သည်။ ကရင်ပြည်နယ်မြောက်ပိုင်း ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေနှင့် အာဟာရရလဒ် ကောင်းမွန်စေရေး စီမံချက်အရ ဖြစ်သည်။ ဤစစ်တမ်းကို ၂၀၁၇ မတ်လမှ မေလ အတွင်း ဆောင်ရွက်ခဲ့သည်။ ကရင်ပြည်နယ်မှ ရွေးချယ်ထားသည့် အချို့မြို့နယ်များရှိ ထုတ်လုပ်မှု နှင့် ကုန်သွယ်မှုကို ဆန်းစစ်လေ့လာထားသည်။<br><br>တွေ့ရှိချက်များ။ ဖာလာစေ့တန်ဖိုးမြှင့်ကွင်းဆက် ဆန်းစစ်ချက်တွင် အခွင့်အလမ်းများကိုသာမက အဟန့်အတားများကိုပါ ဖော်ထုတ်ထားသည်။ ပထမအချက်မှာ တောင်သူ အများစုသည် ဖာလာ စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေကို လက်လှမ်းမီကြသည်။ ပုံမှန် ဝယ်ယူမည့် စျေးကွက်လည်း ရှိသည်။ ကျေးရွာအဆင့်မှ တိုင်းဒေသကြီးအဆင့်ထိ ကုန်သည်များလည်း အလုံအလောက် ရှိသည်။ ထုတ်လုပ်ပြုပြင်ရန် နည်းပညာများလည်း ရှိနှင့်ပြီးဖြစ်သည်။ သို့သော် အဟန့်အတားများလည်း ရှိနေသေးသည်။ အစိတ်စိတ်အမြွှာမြွှာကွဲနေသော ထုတ်လုပ်မှု၊ စျေးကွက်တင်မှု တို့ကြောင့် စျေးကောင်းရရေး ညှိနှိုင်းရန် မဖြစ်နိုင်ပေ။ ထွက်ကုန်မှာလည်း အခြောက်ခံပုံ နှင့် ရိတ်သိမ်းချိန်လွန် ကိုင်တွယ်ပုံ စနစ်မကျခြင်းကြောင့် အရည်အသွေးနိမ့်သည်။ အရည်အသွေး ကောင်းသော်လည်း ကုန်သည်များက စျေးကောင်း မပေးလိုကြ။ နောက်ဆုံးရ စျေးကွက် သတင်းကိုလည်း လက်လှမ်း မမီကြပေ။ တောင်သူများ၊ ကုန်သည်များသည် လမ်းပန်း၊ အကောက်ခွန်၊ သစ်တော စသည့် အစိုးရဌာန အရာရှိများကို မြင့်မားသည့် ဝန်ဆောင်ခများပေးကာ သယ်ယူ ပို့ဆောင်ရေး လျင်မြန်အောင် လိုအပ်သည့် စာရွက်စာတမ်းများ ရရှိအောင် လုပ်ကိုင်နေရသည်။ ယင်းတို့သည် ဖာလာစေ့ကုန်သွယ်ရေး နှင့် ထုတ်ကုန်မူဝါဒများ အားနည်းခြင်း၊ ထိရောက်စွာ အကောင်အထည်မဖော်ခြင်းကြောင့်လည်း ဖြစ်သည်။ |

| | |
|---|---|
| ကချင် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တောင်တန်းဒေသရိက္ခာဖူလုံရေး နှင့် ဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခြင်း (UFS- PM)<br><br>Metta Development Foundation<br><br>အကြောင်းအရာ။ တန်ဖိုးမြှင့်ကွင်းဆက် ဆန်းစစ်ချက်၊ ရိက္ခာဘေးကင်းမှု | တာဝန်။ ဤဈေးကွက် စစ်တမ်း၏ ရည်ရွယ်ချက်မှာအုပ်စု စီမံခန့်ခွဲရေး ကော်မတီတိုင်း၏ စီးပွားရေး စီမံချက်များ၊ ဈေးကွက် စီမံချက်များ ပြုစုရန်၊ ဖြစ်နိုင်ခြေရှိသည့် ဝယ်သူများ ဖော်ထုတ်ရန်အတွက် အကိုးအကားဒေတာများ ပေးရန် ဖြစ်သည်။ ဤစစ်တမ်းသည် ကချင်ပြည်နယ် တောင်ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက် အချို့ကို ဆန်းစစ်ထားသည်။ ယင်းတို့တွင် ဝဥ၊ ချင်း၊ နနွင်းတို့ ပါဝင်သည်။ ထို့ပြင် စိုက်ပျိုးသူများ၊ ဒေသခံနှင့် ဒေသတွင်း ဈေးကွက်ကို မည်သို့ အကောင်းဆုံး ချိတ်ဆက်နိုင်မည်ကိုလည်း စစ်ဆေးထားသည်။<br><br>တွေ့ရှိချက်များ။ စားသုံးဆီများဆိုင်ရာ တွေ့ရှိချက်များတွင် ဈေးကွက်တင်ခြင်း စားသုံးသူများအတွင်း အစားအစာဘေးကင်းမှု ကြော်ငြာခြင်းတို့သည် တန်ဖိုးမြှင့်ကွင်းဆက် တိုးပွားအောင် ကူညီမည် ဖြစ်ကြောင်း ဖော်ထုတ်ထားသည်။ ဈေးကွက် မဟာဗျူဟာကို ပြုစုရာတွင် စားသုံးသူတို့၏ လူမျိုးစု၊ ယဉ်ကျေးမှု၊ လူမှုရေး မတူညီမှုများကို အလေးထားသင့်သည်။ ပဲပိစပ်၊ ဝဥ၊ ချင်း၊ နနွင်းတို့ကို ကုန်ကြမ်း အတိုင်းရောင်းခြင်း နှင့် တပိုင်းတစ ကုန်ချောအဖြစ် ရောင်းခြင်းတို့၏ ဈေးကွာခြားမှု၊ လွှဲပြောင်းစရိတ် အပါအဝင် လက်ကား ဒိုင်ကြီးများ နှင့် ဒေသခံဈေးကွက်တို့ထံမှ ဈေးကွက်သတင်းများကို မျှဝေကာ ရောင်းချသည့်အခါ ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။ |

မြေယာလုပ်ပိုင်ခွင့်

| | |
|---|---|
| မြန်မာနိုင်ငံ မြေပြန့် ကျေးလက်ဒေသ မြေယာလုပ်ပိုင်ခွင့်<br><br>GRET<br><br>အကြောင်းအရာ။ မြေယာအာမခံချက် မရှိမှု၊ ဥပဒေပြုမှု၊ ကိုလိုနီပြုမှု | တာဝန်။ ဤစစ်တမ်းသည် မြေယာအာမခံချက်မရှိမှု၊ မြေယာတွင် ရင်းနှီးမြှုပ်နှံမှု၊ ကျေးလက် လူထုက မြေယာကို ရေရှည်သုံးစွဲနိုင်မှုတို့ကို ဖြစ်စေသည့် လူမှုရေး ဖြစ်စဉ်များကို မှတ်တမ်းတင်ရန် လိုအပ်ချက်အရ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပင်မ စပါးထုတ်လုပ်သည့် မြစ်ဝကျွန်းပေါ်ဒေသ နှင့် အပူပိုင်းဇုန်တို့ကို ဦးတည်သည်။ ဤဆန်းစစ်ချက်သည် ကျေးလက်အိမ်ထောင်စုများ နှင့် မြေယာ ဆက်သွယ်မှုကို ပုံသွင်းနေသည့် အင်အားများကို ဖော်ပြထားသည်။ ဗြိတိသျှ ကိုလိုနီခေတ်မှ ၂၀၁၂ခုနှစ် ပြုပြင်ပြောင်းလဲရေးကာလ အထိ မြေမဲ့ယာမဲ့ဖြစ်စေသည့် ဒေသတွင်းအင်အားစုများ၊ တမင် ဖယ်ချန်ထားသည့် ဖြစ်စဉ်များ၊ ဒေသတွင်း အင်အားပြိုင်ဆိုင်မှုများ၊ တောင်သူတို့၏ မြေယာလုပ်ပိုင်ခွင့်ကို ကန့်သတ်ထားသည့် အချက်များ၊ နိုင်ငံတော်က ဆန်စပါးကိုသာ အလွန်အကျူး ဦးတည်မှု စသည့် အချက်ပေါင်းများစွာမှာ ပြောင်းလဲမှု မရှိလှပေ။ ဥပဒေပြုရေး အပြောင်းအလဲအလွန် မြန်ဆန်နေသည့် အချိန်တွင် ဤစစ်တမ်းသည် တောင်သူ နှင့် မြေမဲ့ယာမဲ့ အမျိုးအစား အမျိုးမျိုးကို ဖော်ပြသည်။ ကျေးလက် အိမ်ထောင်စုအမျိုးမျိုး မြေမဲ့ယာမဲ့ အမျိုးမျိုးကို နားလည်စေရန် ပိုမို အလေးထား ဂရုပြုရန်ကိုလည်း တိုက်တွန်း ထားသည်။<br><br>တွေ့ရှိချက်များ။ မြေမဲ့ယာမဲ့ဖြစ်မှုသည် စစ်တမ်းကောက်သည့် ဒေသများ၏ သမိုင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအချက်များနှင့် များစွာ သက်ဆိုင်သည်။ အပူပိုင်းဇုန် သည် မြန်မာ့လူဘောင် စတင်ရာ ဒေသ ဖြစ်သည်။ ကာလတာရှည်စွာ ထူထောင် ခဲ့သော ရွာများ၊ ခိုင်မာသော လူမှုရေး အဖွဲ့အစည်းများ တည်ရှိသည်။ မြစ်ဝကျွန်းပေါ် ဒေသမှာမူ နယ်စပ်ဆန်သော ဒေသဖြစ်ပြီး စပါးကို ခွဲတမ်းကျ ရောင်းချရသည့် မူဝါဒမျိုး၏ သက်ရောက်မှု ကို ခံခဲ့ရသည်။ ထို့ကြောင့် မြေမဲ့ယာမဲ့နှုန်းမှာ အပူပိုင်းဇုန် မှာထက် မြစ်ဝကျွန်းပေါ်ဒေသမှာ ပိုမို မြင့်မားတတ်သည်။ ထို့ပြင် နယ်မြေ တစ်ခုတည်းမှ ကျေးရွာများအချင်းချင်းတွင်ပင် အကြီးအကျယ် ကွာခြား နေတတ်သည်။ မြေယာ လက်လှမ်းမီရေးတွင် စိုက်ပျိုးမြေ မတူညီမှု၊ ဒေသခံ အဆင့်တွင် အာဏာနှင့် အဆက်အသွယ်၏ အရေးပါပုံစသည့် အချက်အလက် အမျိုးမျိုးတို့၏ ရှုပ်ထွေးစွာ ဆက်နွှယ်နေပုံကို ဖော်ပြနေသည်။ ဤကွာခြားချက်များသည် အကြီးစား စစ်တမ်းများနှင့် 'တစ်ခုတည်းနှင့်အားလုံးပြည့်စုံ' ဖြေရှင်းမှုပုံစံများက ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဖြစ်ပေါ်နေသော မြေယာပြဿနာများကို ထိရောက်စွာ မကိုင်တွယ်နိုင်ကြောင်းကို ပြသနေသည်။ မြေယာပြန်လည် ခွဲဝေပေးရာတွင် ဥပမာအားဖြင့် အသက်ကြီးသည့် တောင်သူ အိမ်ထောင်စုများ (အသက်၄၀ကျော်သည့် အိမ်ထောင်ဦးစီး)၊ လယ်လုပ်သား အဖြစ်သာ အသက်မွေးကြသည့် မြေမဲ့ယာမဲ့အိမ်ထောင်စုများကို ဦးစားပေးသင့်သည်။ |

| | |
|---|---|
| မြန်မာအပူပိုင်းဇုန် စိုက်ပျိုးမြေ<br>FSP Research – Aung Hein, Isabel Lambrecht, Kyaw Lwin& Ben Belton<br><br>Co-funded by USAID<br><br>အကြောင်းအရာ။ အုပ်ချုပ်မှု၊ စိုက်နည်းစနစ်များ | တာဝန်။ မြန်မာနိုင်ငံသည် ဒေသတွင်း အခြားနိုင်ငံများနှင့် စာလျှင် လူဦးရေ နှင့် မြေယာရရှိမှု အချိုးကြီးမားသော်လည်း မြေမဲ့ယာမဲ့မှုများပြားနေပြီး မြေပိုင်သူများ တွင်လည်း မြေခွဲဝေပုံ မမျှတပေ။ ၂၀၁၆နောက်ပိုင်း မူဝါဒရေးရာတွင် မြေယာသည် ပင်မကိစ္စရပ်တခုပင် ဖြစ်သည်။ ထို့ပြင် စစ်တပ်အုပ်ချုပ်စဉ်က သိမ်းယူခဲ့သည့် နေရာအနှံ့အပြားမှ မြေများကို ပြန်လည်ချထားရန်မှာ လက်ရှိအစိုးရ၏ အုပ်ချုပ်မှု အစီအစဉ်တွင် အဓိကမဏ္ဍိုင်တခု ဖြစ်သည်။ ဤသုတေသနစာတမ်းတွင် စိုက်ပျိုးမြေ အသုံးချမှု သုတေသန၊ ဖြန့်ဝေမှု၊ လက်လှမ်းမီမှု၊ လုပ်ပိုင်ခွင့်၊ မြေယာဈေးကွက်၊ ပိုင်ဆိုင်မှုပုံစံ၊ စွန့်လွှတ်မှုတို့ကို တင်ပြထားသည်။<br><br>တွေ့ရှိချက်များ။ (၁) မျှော်မှန်းထားသည့်အတိုင်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန် တွင် မြေမဲ့ယာမဲ့နှုန်းမှာ ၄၀%ရှိသဖြင့် မြင့်မားသည်။ (၂) စစ်တမ်းကောက်ယူသည့် ရပ်ရွာများ တွင် မိုးရေသောက် ကုန်းမြင့်လယ်မြေက အများစုဖြစ်သည်။ (၃) နိုင်ငံ၏ ကျန်နေရာများ နှင့် မတူဘဲ တရားဝင် မြေအသုံးပြုခွင့်လက်မှတ် (ပုံစံ၇) ပိုင်ဆိုင်မှုမှာ စံဖြစ်သည်။ (၄) အကြွေးတင်နေမှုသည် မြေယာဆုံးရှုံးရခြင်း၏ အများဆုံးအကြောင်းရင်းဖြစ်သည်၊ အမှု အားလုံး ၏ ၃၉%ရှိသည်။ (၅) မျိုးဆက် တစ်ဆက် နှင့် တဆက် မြေယာဆုံးရှုံးမှု တိုးလာသည်။ မြေကွက်အရွယ်အစား သေးငယ် လာသည်။ (၆) မြေယာပိုင်ဆိုင်မှ လွှဲ၍ မြေယာ လက်လှမ်းမီအောင် စီစဉ်မှု နည်းပါးသည်။ မြေယာဝေမျှခြင်း၊စုပေါင်းငှားရမ်းခြင်း ပေါင်နှံခြင်းစသည်တို့သည် လက်ရှိ လုပ်ကိုင်နေသော မြေယာစုစုပေါင်း၏ ၃.၄%သာ ရှိသည်။ |
| မြေပြန်လည်ချထားရေး ဆန်းစစ်ချက်။ ရေလဲကြီးရွာ၊တော်တလဲ့ ကျေးရွာအုပ်စု၊ မအူပင်မြို့နယ်<br><br>GRET<br><br>အကြောင်းအရာ။ မြေပြန်လည်ချထားရေး | တာဝန်။ GRET၏ မြေယာလုပ်ပိုင်ခွင့်စီမံချက်၏ တစိတ်တဒေသဖြစ်သည့် ဤစစ်တမ်း သည် မြန်မာ့ကျေးလက်မြေယာကိစ္စများကို နားလည်ရန် အကူညီပေးသည်။ ပင်မ သတင်းပေးသူများနှင့် လူတွေ့မေးမြန်းခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းတို့ဖြင့် ဒေသသမိုင်း၊ အသက်မွေးမှု၊ မြေယာအသုံးချမှု၊ မြေချထားမှု လုပ်ငန်းစဉ်တို့နှင့် သက်ဆိုင်သည့် သတင်းများကို စုဆောင်းခဲ့သည်။<br><br>တွေ့ရှိချက်များ။ မြေပြန်လည်ချထားရေးလုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက် ခဲ့သည်။ အကြောင်းမှာ လုပ်ထုံးလုပ်နည်းအဆင့်များကို ရှင်းလင်းစွာ ချမှတ် ထားခြင်း၊ အကျိုးခံစားရမည့်သူများကို ရွေးချယ်ရမည့် စံနှုန်း၊ မြေကွက်များကို တိကျစွာ တိုင်းတာခြင်း၊ မြေကွက်များကို မဲဖောက်ကာ ချထားမည့် စနစ်ကို ရှင်းလင်းစွာ အသိပေးထားခြင်း တို့ကြောင့် ဖြစ်သည်။ |
| မြေပြန်လည်ချထားရေး ဆန်းစစ်ချက်။ ရွှေလှေသောင်ကျေးရွာအုပ်စု၊ မအူပင်မြို့နယ်<br><br>LIFT<br><br>အကြောင်းအရာ။ မြေပြန်လည်ချထားရေး | တာဝန်။ GRET၏ မြေယာလုပ်ပိုင်ခွင့်စီမံချက်၏ တစိတ်တဒေသဖြစ်သည့် ဤစစ်တမ်းသည် မြန်မာ့ကျေးလက်မြေယာကိစ္စများကို နားလည်ရန် ကူညီသည်။ ရွှေလှေသောင် ကျေးရွာအုပ်စုတွင် ရွာခြောက်ရွာ ပါဝင်သည်။ ရေကြီးခြင်း ကမ်းပြိုခြင်း မကြာခဏ ဖြစ်သောကြောင့် မြေယာပြဿနာများ ဖြစ်ခဲ့ရသည်။ ဤစစ်တမ်းတွင် ယခင်နှင့် ယခု မြေပြန်လည်ချထားရေး လုပ်ငန်းစဉ်များကို စစ်ဆေးထားသည်။<br><br>တွေ့ရှိချက်များ။ မြေအများစုမှာ နုံးတင်မြေနုများဖြစ်သောကြောင့် ရွေ့ပြောင်း နေသည့် သဘာဝကြောင့် စီမံခန့်ခွဲရန် ခဲယဉ်းသည်၊ ထိုကြောင့် မြေယာလုပ်ပိုင်ခွင့် စိတ်မချရ ဖြစ်လာသည်။ ကျွန်းမြေအသစ်များ နှင့် စပ်လျဉ်း၍ ဒေသတွင် ကျင့်သုံး နေသည့် အလေ့အထမှာ ၂၀၁၂ခုနှစ် လယ်ယာမြေ နည်းဥပဒေများနှင့် ပဋိပက္ခဖြစ်နေသည်။ ထိုကြောင့် ရွာများ အချင်းချင်း မကျေလည်မှုများကို ဖြစ်စေသည်။ နှစ်စဉ် မြေယာခွဲဝေရာတွင် ကျေးရွာအုပ်စု အာဏာပိုင်များ၏ အာဏာ အလွဲသုံးမှုကြောင့် ပိုမို ရှုပ်ထွေးရသည်။ စနစ်တကျတိုင်းတာရေး၊ ကျွန်းမြေအသစ်၊ မြေဟောင်း သေချာစွာ သတ်မှတ်ရေးတို့သည် ပိုမိုမျှတသည့် မြေယာခွဲဝေမှုကို ဖြစ်စေမည်။ |
| ဟားခါးတွင် အစဉ်အဆက် တင်းခံနေမှုနှင့် မပြောင်းလဲမှု၊ ချင်းဒေသ မြေယာနှင့် သယံဇာတ လုပ်ပိုင်ခွင့်<br><br>GRET<br><br>အကြောင်းအရာ။ ဆင်ခြေဖုန်းဒေသ မြေယာလုပ်ပိုင်ခွင့်၊ မြေယာ လက်လှမ်းမီမှု | တာဝန်။ ဤသုတေသနသည် ချင်းလူမျိုးများ ရင်ဆိုင်နေရသော ကိစ္စရပ်များကို နားလည်နိုင်စေရန် ဟားခါး မြေယာလုပ်ပိုင်ခွင့် စနစ်များနှင့် ဗြိတိသျှ ကိုလိုနီ ခေတ်မှ ယနေ့ထိ အဆင့်ဆင့် ပြောင်းလဲမှုကို မှတ်တမ်းတင်ရန် ရည်ရွယ်သည်။ ဆင်ခြေဖုံးဒေသ မြေယာလုပ်ပိုင်ခွင့်ကို ဦးတည်လေ့လာသော စစ်တမ်းများတွင် ပါဝင်သည်။ ဟားခါးနှင့် ပတ်ဝန်းကျင်ရွာများတွင် ဆောင်ရွက်ခဲ့သည်။ ဆင်ခြေဖုံး ဒေသသည် မြေယာလုပ်ပိုင်ခွင့်ကို ထိခိုက်နိုင်သည့် လက်ရှိ အပြောင်းအလဲများ နှင့် အနာဂတ် အပြောင်းအလဲများကို ဆန်းစစ်ရန် ကောင်းမွန်သည့် နယ်ပယ် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ၁၉၉၀ပြည့်လွန်နှစ်များမှစကာ ချင်းဒေသသို့ နိုင်ငံတော်က ပိုမို ပေါက်ရောက်လာသော်လည်း ချင်းမြေယာလုပ်ပိုင်ခွင့်မှာ ယခင်အတိုင်း ကျင့်သုံး နေဆဲ ဖြစ်ကြောင်း တွေ့ရသည်။ သို့သော် အလျင်အမြန်ပြောင်းလဲနေသော ခေတ်တွင် အကန့်အသတ်များ အားနည်းချက်များ ရှိနေသည်။ ဤအစီရင်ခံစာတွင် ရိုးရာဟုခေါ်သော မြေယာလုပ်ပိုင်ခွင့် မူဘောင်ကို ဆန်းစစ်ထားသည်။ မြန်မာ နိုင်ငံရှိ ရိုးရာမြေယာလုပ်ပိုင်ခွင့် စနစ်များကို တရားဝင်ဖြစ်အောင် ပြုသင့်သည် ဆိုသည့် အဝေဖန်မခံရသည့် အယူအဆကို ထင်မြင်ချက်များကိုလည်း ဖော်ပြထားသည်။ နောက်ဆုံးအနေဖြင့် ချင်းအိမ်ထောင်စု အများစုထံသို့ မြေယာလက်လှမ်းမီစေမည့် လမ်းစများကို ဖော်ပြထားသည်။ |

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

| | |
|---|---|
| မြန်မာအပူပိုင်းဇုန်ရှိ စိုက်ပျိုးရေးချေးငွေ လက်လှမ်းမီမှု နှင့် သုံးစွဲမှု<br><br>FSP Research – ခွန်မိုးထွန်း နှင့် မြတ်စုတင်<br><br>Co-funded by USAID<br><br>အကြောင်းအရာ။ စိုက်ပျိုးရေးချေးငွေ၊ အသေးစားငွေကြေးလုပ်ငန်း | တာဝန်။ ဤသုတေသနသည် မြန်မာ့ အပူပိုင်းဇုန် တောင်သူအိမ်ထောင်စုများ စိုက်ပျိုးရေးချေးငွေ လက်လှမ်းမီမှု၊ သုံးစွဲမှုများကို အထူးပြု တင်ပြထားသည်။ စစ်တမ်းမတိုင်မီ ၁၂လအထက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB) နှင့် အခြားရင်းမြစ်များမှ ချေးငွေ လက်လှမ်းမီမှု၊ စည်းကမ်းများ၊ အသုံးပြုပုံများကို ဆန်းစစ်ထားသည်။<br><br>တွေ့ရှိချက်များ။ (၁) ယခင် သီးနှံဝင်ငွေပြီးလျှင် ချေးငွေသည် ဒုတိယ အရေးကြီးဆုံးသော ငွေကြေးရင်းမြစ်ဖြစ်သည်၊ (၂) ကျေးလက်ချေးငွေကဏ္ဍတွင် အစိုးရသည် ပင်မ လုပ်ဆောင်သူဖြစ်သည်၊ (၃) MADBချေးငွေလက်လှမ်းမီမှုမှာ မညီမမျှ ဖြစ်နေသည်၊ (၄) စပါးစိုက်သူများ၏ မြေယာပိုင်ဆိုင်မှုမှာ ပျမ်းမျှပိုင်ဆိုင်မှု အောက် လျော့နည်းသည့်တိုင် ရရှိသည့် ပျမ်းမျှ MADBချေးငွေမှာ စပါး မစိုက်သူများ ရရှိသည်ထက် သုံးဆခန့်ပိုသည်၊(၅) စစ်တမ်းကောက်ယူခဲ့သည့် မြို့နယ်များတွင် မိုးစပါးအတွက်မှအပ MADB ချေးငွေများ မရသလောက်ဖြစ်သည်၊ (၆) MFIများမှ ထုတ်ပေးသော ချေးငွေများအနက် အရေအတွက်အရရော ပမာဏ အရပါ အနည်းငယ်ကိုသာ သီးနှံ စိုက်ပျိုးရာတွင် ရင်းနှီးကြသည်၊ (၇) အဓိက သီးနှံအများစု၏ စိုက်ပျိုးစရိတ်အနက် အများစုမှာ လယ်လုပ်သာ လုပ်အားခနှင့် စက်ငှားခ အတွက် ကုန်ကျသည်။ |
| ရွေးချယ်ထားသည့် LIFT၏ MFI မိတ်ဖက်များ၏ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိစေမှု စစ်တမ်း<br>Joan Hall & Myanmar Survey Research<br><br>အကြောင်းအရာ။ ကျား/မ ရေးရာ၊ အသေးစားငွေကြေးလုပ်ငန်း | တာဝန်။ ဤစစ်တမ်းသည် ရွေးချယ်ထားသည့် LIFT၏ MFI မိတ်ဖက်သုံးဖွဲ့၏ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း သက်ရောက်မှုကို အဖြေရှာမည်။ ထို့အတူ LIFT၏ ကျား/မရေးရာ မဟာဗျူဟာကို ခိုင်မာကြောင်း သက်သေပြရန်လည်း ကူညီမည်။ ဤဘာသာရပ်နှင့် ပတ်သက်၍ နောင်တွင် အရည်အသွေး စစ်တမ်းကောက်ယူရန် မျှော်လင့်သည်။ LIFT၏ MFI လုပ်ဆောင်ချက်များ၊ အမျိုးသမီးများ၊ လုပ်ကိုင်နိုင်စွမ်းကို သက်ရောက်မှုကို ပိုကောင်းစေရန် အကြံပြုချက်များလည်း ပါဝင်သည့်ပြင် အလျှုရှင် အခြားလုပ်ဆောင်ချက်များကိုလည်း ကမ်းလှမ်း ထားသည်။<br><br>တွေ့ရှိချက်များ။ အသေးစားငွေကြေးလုပ်ငန်းသည် အဖွဲ့ဝင်များ မိမိကိုယ်မိမိ ယုံကြည်စိတ်နှင့် တန်ဖိုးထားစိတ်ကို ဖြစ်စေသည်။ ငွေကြေးဆိုင်ရာ လုပ်ရှားမှု သာမက အုပ်စု အစည်းအဝေးများကလည်း အရေးကြီးသည်။ ဆုံးဖြတ်ချက် ချမှတ်မှု အများစုမှာ အသေးစားငွေကြေးကို လက်လှမ်းမမီစဉ်ကအတိုင်း ဖြစ်သည်။ အိမ်ထောင်စုတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့် လွှမ်းမိုးမှုတွင် အချက်များစွာ ပါဝင်သည်။ အသေးစားငွေကြေးလုပ်ဆောင်ချက်များက ယင်းတို့ကို မကျော်နိုင်ပေ။ သို့သော် ဝင်ငွေပိုကောင်းလာသောကြောင့် သူတို့၏ ညှိနှိုင်းနိုင်စွမ်း အားကောင်းလာကြောင်း တင်ပြသည့် အမျိုးသမီးအချို့လည်း ရှိသည်။ |

ကျား၊ မ ရေးရာ

| | |
|---|---|
| မြန်မာ့လူ့ဘောင်မှအသွင်ပြောင်းလဲရေး အမျိုးသမီးခေါင်းဆောင်များ<br><br>Gender Equality Network<br><br>Co-funded by CARE Myanmar and Trócaire<br><br>အကြောင်းအရာ။ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း | တာဝန်။ မြန်မာ့လူ့ဘောင်ရှိ အလုပ်အကိုင်အမျိုးမျိုးမှ အမျိုးသမီးများ၏ စွမ်းရည်နှင့် လုပ်ကိုင်နိုင်စွမ်းကို ဤစာတမ်းဖြင့် မှတ်တမ်းတင် ဂုဏ်ပြုထားပြီး မဖျှမ မီဒီယာနှင့် ပူးပေါင်းပြုစုထားသည်။<br><br>တွေ့ရှိချက်များ။ အမျိုးသမီးခေါင်းဆောင်တို့၏ ဘဝအတွေ့အကြုံမှ သင်ယူခြင်းဖြင့် ယင်းတို့၏ စွမ်းဆောင် ရည်၊ စိတ်ထား၊ ဆောင်ရွက်မှု တို့ကို နားလည်နိုင်မည် ဖြစ်သည်၊ ယင်းတို့၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်မှုသည် ကဏ္ဍများစွာတွင် အရေးပါကြောင်း၊ အသုံးဝင်ကြောင်း လူတိုင်းကို သိရှိစေမည် ဖြစ်သည်။ ယင်းကဏ္ဍတို့မှာ နိုင်ငံရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ အားကစား၊ စီးပွားရေး၊ ကျန်းမာရေး တို့ဖြစ်သည်။ ယင်းတို့ကိုယ်တိုင် လုပ်ကိုင်နိုင်စွမ်း ကို သာမက စွမ်းဆောင်ရည်ကို အကုန်ထုတ်သုံးနိုင်မည့် ပတ်ဝန်းကျင်တစ်ခုကိုလည်း ဖန်တီးနိုင်လိမ့်မည် ဖြစ်သည်။ |
| မြန်မာနိုင်ငံ ကျား၊ မ ရေးရာ နှင့်နိုင်ငံရေး ၂၀၁၅ခု ရွေးကောက်ပွဲမှ အမျိုးသမီး အမျိုးသား ကိုယ်စားလှယ်လောင်းများ<br><br>Gender Equality Network<br><br>Co-funded by Trócaire, Pyoe Pin, and CARE Myanmar<br><br>အကြောင်းအရာ။ နိုင်ငံရေးတွင် ပါဝင်ခြင်း ၊ ခေါင်းဆောင်မှု | တာဝန်။ ၂၀၁၅ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများ အပြီးတွင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံ၏ ခေါင်းဆောင်ဖြစ်လာသည်၊ အမျိုးသမီးတစ်ဦးအနေဖြင့် ဤရာထူးကို ပထမဆုံး ရရှိခြင်း ဖြစ်သည်။ သို့သော် မြန်မာ့လွှတ်တော်၏ ကိုယ်စားလှယ်များသည် ကျား၊ မ ရေးရာအရ မညီမျှသေးပေ။ ကိုယ်စားလှယ် ၁၀ဦးတွင် အမျိုးသမီး တစ်ဦးသာ ပါဝင်သည်။ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် အချိုးအစားတွင် မြန်မာသည် နိုင်ငံ ၁၉၁နိုင်ငံအနက် ၁၅၉-နေရာတွင် ရောက်နေသည်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံများအနက် အောက်ပိုင်း ၂၀%တွင် ပါဝင်နေသည်။<br><br>တွေ့ရှိချက်များ။ မြန်မာနိုင်ငံတွင် အမျိုးသားများထက် အမျိုးသမီးများသည် အိမ်ပြင်ပ တွင် အလုပ်လုပ်လိုစိတ် နည်းပါးကြသည်၊ ထိုကြောင့် အမျိုးသမီး ပါလီမန်ကိုယ်စားလှယ် လျော့နည်းရခြင်း ဖြစ်သည်။ သို့သော် ပါလီမန် ကိုယ်စားလှယ်များ ထွက်ပေါ်လာသော အလုပ်အကိုင်များတွင် လုပ်ကိုင်နေသည့် အမျိုးသမီး အမြောက်အမြားရှိသည်။ ထိုကြောင့် အလုပ်အကိုင် ပုံစံများတွင် ကျား၊မ ကွဲပြားခြင်းကြောင့် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုနည်းပါးသည်ဟု ပြောရန်မသင့်ပေ။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ အထက်တန်း အောင်မြင်ကြပြီး ဘွဲ့ဒီဂရီ ရရှိကြသည်က ပိုများသည်။ အစိုးရ ပညာရေး တတ်မြောက်မှုတွင် ကျား၊ မ ကွာခြားမှု ကြောင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် နည်းပါးသည်ဟု ရှင်းပြ၍ မရနိုင်ပေ။ |

| | |
|---|---|
| မြန်မာနိုင်ငံ အမျိုးသမီး တောင်သူများ ပထမအကြိမ် နီးနောဖလှယ်ပွဲ။ အမျိုးသမီးလယ်ယာ အုပ်ချုပ်မှုအတွက် ထင်ဟပ်မှုများ ရှာဖွေတွေ့ရှိချက်များ<br><br>LCG<br><br>အကြောင်းအရာ။ မြေယာပိုင်ဆိုင်ခွင့်၊ နိုင်ငံရေးကိုယ်စားပြုမှုများ | တာဝန်။ လက်ရှိ မြန်မာနိုင်ငံ၏ ဥပဒေ နှင့် နိုင်ငံရေးမူဘောင် အပြောင်းအလဲကြောင့် မြန်မာ့ အမျိုးသမီး တောင်သူများ/ လယ်သူမများ နှင့် စိုက်ပျိုးရေးတွင် ယင်းတို့၏ အခန်းကဏ္ဍကို မည်သို့ အသိ အမှတ်ပြုရမည်၊ ဥပဒေများ မူဝါဒများဖြင့် မည်သို့ ထောက်ပံ့ရမည်ကို စဉ်းစားရမည့် အခိုက်အတန့်သို့ ရောက်နေပြီ ဖြစ်သည်။ မြန်မာနိုင်ငံလယ်သူမများ ပထမအကြိမ် နီးနောဖလှယ်ပွဲတွင်တင်ပြခဲ့သည့် မြန်မာလယ်သူမများ ရင်ဆိုင်နေရသည့် ပင်မ ကိစ္စရပ်များကို ဤရှင်းလင်းချက်စာတမ်းတွင် ဖော်ပြထားသည်။ ပိုမို သာတူညီမျှသော အမျိုးသား မူဘောင်တရပ်ကို တည်ဆောက်ရန် မူဝါဒချမှတ်သူများသို့ အကြံပေးထားသည်။<br><br>တွေ့ရှိချက်များ။ နယ်မြေအလိုက် ကွဲလွဲမှုများ အနည်းငယ်ရှိသည့်တိုင် မြန်မာ လယ်သူမများ တင်ပြခဲ့သည့် အကြောင်းအရာများ၊ စိန်ခေါ်မှုအချို့သည် တူညီကြ သည်။ ယင်းတို့တွင် လုပ်ငန်းဘဝတွင် ယဉ်ကျေးမှု ထုံးစံများ၏ ဩဇာ သက်ရောက်မှု၊ ဥပဒေကျင့်သုံးရာတွင် ကျား၊ မ အရ မတူညီမှုများ၊ ဆုံးဖြတ်ချက် ချမှတ်ရာတွင် မပါဝင်နိုင်ရန် ဟန့်တားမှုများ၊ သင်တန်း၊ သတင်း၊ အထောက်အပံ့ စသည်တို့အတွက် အခွင့်အလမ်း မရှိမှုတို့ ပါဝင်သည်။ လယ်သူမများ၏ အသံများ၊ လိုအပ်ချက်များကို ဥပဒေမူဘောင်နှင့် အစိုးရအဖွဲ့အစည်းများက အသိအမှတ်ပြု ကာကွယ်ပေးရန်အတွက် မူဝါဒချမှတ်သူများနှင့် စီမံကိန်းမန်နေဂျာများက- အမျိုးသမီးများ၏ မြေယာလုပ်ပိုင်ခွင့် ဖြစ်ထွန်းစေရန်အတွက် မှတ်ပုံတင်ရေး လုပ်ငန်းစဉ်များ ပြန်ပြင်ရန်၊ လယ်ယာ မြေ စီမံခန့်ခွဲရေးအဖွဲ့များတွင် အမျိုးသမီး ကိုယ်စားပြုမှု ၃၀%ခွဲတမ်း ပါဝင်စေရန်၊ အမျိုးသမီးများကို ဦးတည်သည့် သင်တန်းများ ဖွင့်ရန်၊ တစ်နိုင်ငံလုံးတွင် အမျိုးသမီးများ မြေယာအသုံးချမှုကို သုတေသနပြုရန် သင့်သည်။ |
| ဟားခါးမှ ကျား၊ မ ရေးရာ၊ ရိက္ခာ၊ အာဟာရဆိုင်ရာ အသိအမြင်၊ သဘောထား၊ အလေ့အကျင့်များကို လေ့လာမှု<br><br>LIFT<br><br>အကြောင်းအရာ။ အာဟာရ၊ ကျား/မ ရေးရာ၊ အမူအကျင့် ပြောင်းလဲမှု | တာဝန်။ အသိအမြင်၊ သဘောထား၊ အလေ့အကျင့်များကို လေ့လာမှုသည် ကျား၊ မ ရေးရာ၊ ရိက္ခာ၊ အာဟာရ တို့နှင့် ပတ်သက်သည့် အမျိုးသမီး အမျိုးသားတို့၏ ရှုပ်ထွေးသည့် အဖြစ်မှန်များကို နားလည်နိုင်ရန် ရည်ရွယ်သည်။ ဤစစ်တမ်းသည် ရိက္ခာ ထုတ်လုပ်ရေး၊ ပြင်ဆင်ရေး၊ စားသုံးရေးတို့နှင့် ပတ်သက်သည့် လူတို့၏ အသိအမြင်ကို ဦးတည်သည်။ ဖြစ်နိုင်သည့် နားလည်မှုလွဲခြင်း၊ အယူအဆလွဲခြင်း၊ သတင်းအချက်လက် လွဲမှားခြင်းတို့ကို ရှာဖွေသည်။ ထိုနောက် ရိက္ခာနှင့် အာဟာရနှင့် သက်ဆိုင်သည့် အကြိုက်များ၊ အလိုများ၊ ယုံကြည်မှုများ စသည့် လူတို့၏ သဘောထားကို စစ်ဆေး သည်။ နိဂုံးချုပ်အနေဖြင့် ရိက္ခာနှင့် အာဟာရတို့နှင့် သက်ဆိုင်သည့် လူတို့၏ နေ့စဉ် အလေ့အကျင့် နှင့် ကျား၊ မတို့၏ အခန်းကဏ္ဍကို ဆန်းစစ်သည်။<br><br>တွေ့ရှိချက်များ။ အနာဂတ် စီမံချက်များ၏ ဖြစ်နိုင်သော အတားအဆီးများကို ဤစစ်တမ်းက ထောက်ပြသည်။ အထူးသဖြင့် အမူအကျင့် ပြောင်းလဲရေး၊ ကျား၊ မ ရေးရာ၊ အာဟာရနှင့်ဆိုင်သည့် မသုံးစွဲရသေးသည့် သယံဇာတများတို့နှင့် ပတ်သက်သည်။ ယင်းအတားအဆီးများကို ကျော်လွှားနိုင်မည့် မဟာဗျူဟာ များကိုလည်း တင်ပြထားသည်။ အမျိုးသမီး နှင့်အမျိုးသား တန်းတူညီမျှမှု ပိုမို ကောင်းမွန်လာစေမည့် တီထွင်ဆန်းသစ်သည့် စီမံချက်ဒီဇိုင်းများကိုလည်း အဆိုပြုထားသည်။ |

အသက်မွေးမှု

| | |
|---|---|
| LIFT၏ အိမ်ထောင်စုစစ်တမ်း ၂၀၁၅<br><br>LIFT FMO<br><br>အကြောင်းအရာ။ ရိက္ခာဖူလုံရေး၊ အာဟာရ၊ စာရင်းအင်း အချက်အလက် | တာဝန်။ LIFTသည် ၂၀၁၁ နှစ်ကုန်ပိုင်းတွင် ၂၅၂-ရွာကို လွှမ်းခြုံသော အခြေခံမျဉ်း ကနဦး အိမ်ထောင်စု စစ်တမ်းတရပ်ကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ၂၀၁၃တွင် ရွာ-၂၀၀၊ ၂၀၁၅တွင် ရွာ-၃၀၀ကို စစ်တမ်းကောက်ယူခဲ့သည်။ LIFT စီမံကိန်း နယ်မြေတိုးချဲ့လာသောကြောင့် ဖြစ်သည်။ ဤအစီရင်ခံစာသည် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသတို့မှ LIFT စီမံချက်များ ဆောင်ရွက်နေသည့်ပြင် စစ်တမ်း သုံးကြိမ်လုံးတွင် ပါဝင်ခဲ့သည့် ရွာ-၆၀၏ အလားအလာ စစ်တမ်းကောက်ယူမှု ဆန်းစစ်ချက် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ LIFT၏ အိမ်ထောင်စုစစ်တမ်း ၂၀၁၅ခုနှစ်သည် LIFT ကျေးရွာ များ၏ အကြီးအကျယ် အလျင်အမြန် ပြောင်းလဲမှုကို ဖော်ပြနေသည်။ အညွှန်း အားလုံး နီးပါးသည် ၂၀၁၁မှ ၂၀၁၃အတွင်း တဟုန်ထိုး တိုးတက်လာခဲ့သည်။ ယခင်နှစ်များကထက် နည်းသော်လည်း ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ်တွင်လည်း တိုးတက်ခဲ့သည်။ ၂၀၁၅ခုနှစ်အရောက်တွင် LIFT ကျေးရွာများမှ အိမ်ထောင်စုများ သည် ရိက္ခာများစွာ ဖူလုံနေကြပြီ၊ ပစ္စည်းများ ပိုမို ပိုင်ဆိုင်နေကြပြီ၊ ချေးငွေ ကိုလည်း များစွာ လက်လှမ်းမီ နေကြပြီ၊ အာဟာရမပြည့်ဝမှုနှုန်း ပုညက်မှု နှုန်းများကို လျှော့ချနိုင်ပြီ ဖြစ်သည်။ ဤအစီရင်ခံစာတွင် တင်ပြထားသည့် တွေ့ရှိချက်များသည် ဤအချိန်ကာလအတွင်း မြန်မာနိုင်ငံတဝန်း ဖြစ်ပေါ်နေသည့် အပြောင်းအလဲများ နှင့် ယှဉ်ကာ နားလည်ရမည် ဖြစ်သော်လည်း အိမ်ထောင်စု စစ်တမ်းများနှင့် အစီရင်ခံစာသည် အစီအစဉ်၏ ထိရောက်မှုကို နားလည်စေမည့် မူဘောင်နှင့် နောက်ခံအခြေအနေကို ဖြည့်ဆည်းပေးလျက်ရှိသည်။ |

| | |
|---|---|
| မြန်မာ့ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲ (QSEM) စီးရီးများ<br><br>အကြောင်းအရာ။ ကျေးလက်ဒေသ အသွင်ပြောင်းလဲရေး | တာဝန်။ လူတို့၏ အသက်မွေးမှု မဟာဗျူဟာများ ဆောင်ရွက်ချက်များ၊ ယင်း မဟာ ဗျူဟာများကို ပုံဖော်ပေးသည့် အချက်အလက်များ၊ ရပ်ရွာတို့၏ လူမှုရေး နှင့် အဖွဲ့ အစည်းဆိုင်ရာ ထူးခြားချက်များက အသက်မွေးမှု ရွေးချယ်ရာတွင် ဖြစ်စေ ရလဒ်များ ကို ဖြစ်စေ မည်သို့ သက်ရောက်နိုင်ကြောင်းတို့ကို စစ်ဆေးသည့် သုတေသန အစီအစဉ်၏ ဆဋ္ဌမနှင့် နောက်ဆုံးအကျော့ဖြစ်သည်။ ဤသုတေသနသည် ပြည်နယ် ၄-ခု (ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်း) နှင့် တိုင်းဒေသကြီး ၃-ခု( မကွေး၊ မန္တလေး၊ ဧရာဝတီ)တို့မှ ၆၃-ရွာကို လွှမ်းခြုံသည်။ ၂၀၁၂ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့သည့် ဤသုတေသနသည် အကြီးမားဆုံးသော အရှည်ဆုံးသော စစ်တမ်း ဖြစ်နေသည်။ ကျေးလက်ဒေသတို့တွင် မြန်မာ့အသွင် ကူးပြောင်းရေး မည်သို့ ဖြစ်ပေါ်နေသည်၊ လူတို့ အသက်မွေးမှုကို မည်သို့ သက်ရောက်နေသည်၊ ဖိစီးမှုများကို မည်သို့ ရင်ဆိုင်နေသည်၊ မည်သို့ လိုက်လျောညီထွေဖြစ်အောင် နေထိုင်သည်၊ ကျေးရွာ အဖွဲ့ အစည်းများ၊ နိုင်ငံတော်တို့ကို မည်သို့ ထိတွေ့ ဆောင်ရွက်နေသည်တို့ကို ထင်ရှားစွာ သိနားလည်စေနိုင်မည် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ၂၀၁၂ခုနှစ်တွင် စတင်စဉ်ကပင် QSEMရွာများမှ အိမ်ထောင်စု များသည် ထူးခြားသည့် အပြောင်းအလဲများ၊ မရေရာမှုများကို တွေ့ကြုံခဲ့ကြသည်။ ၂၀၁၂ခုနှစ် နှင့် ၂၀၁၅ခုနှစ် ကြားတွင် အစိုးရသည် မြေနှင့် ကျေးရွာ အုပ်ချုပ်မှု ဥပဒေသစ်များကို ပြဋ္ဌာန်းခဲ့ သည်၊ ဆက်သွယ်ရေးကို လွတ်လပ်ခွင့်ပြုလိုက်သည်၊ အခြေခံ အဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုများတွင် ပိုမို ရင်းနှီးမြှုပ်နှံခဲ့သည်၊ ကျေးလက်ဒေသတွင် ချေးငွေ လက်လှမ်းမီမှု တိုးတက်လာသည်၊ ပုဂ္ဂလိကကဏ္ဍ မှလည်း စိုက်ပျိုးရေးတွင် တိုးချဲ့မြှုပ်နှံလာသည်။ ၂၀၁၅ခုနှစ်တွင် အစိုးရသည် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးကို လူမျိုးစု လက်နက်ကိုင်အဖွဲ့ အချို့နှင့် သဘောတူနိုင်ခဲ့ပြီး၊ ဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ကာ အတိုက်အခံ ပါတီသို့ ငြိမ်းချမ်းစွာ အာဏာ လွှဲပြောင်းပေးခဲ့သည်။ ဤအပြောင်းအလဲများသည် ကျေးလက်အိမ်ထောင်စုများသို့ အခွင့်အလမ်းများ ပေးနိုင်ခဲ့သည်။ သို့ဖြစ်စေကာမူ အိမ်ထောင်စုများသည် ရာသီဥတု နှင့် ကျေးလက် စီးပွားရေးတို့ ကြောင့် ဖြစ်ပေါ်လာသည့် ဖိစီးမှုများ၊ မရေရာမှုများကို အတော်အတန် ရင်ဆိုင်ခဲ့ရသည်။ |
| မြန်မာနိုင်ငံ အပူပိုင်းဇုန် ကျေးလက် လယ်ယာပြင်ပ ဝင်ငွေများ<br><br>FSP Research – ဒေါ်မဥ္ဇူ၊ ထက်ထက်ခိုင်၊ ခင်ဇော်ဝင်း၊ စည်သူကျော်<br><br>Co-funded by USAID<br><br>အကြောင်းအရာ။လယ်ယာပြင်ပ အလုပ်အကိုင်များ | တာဝန်။ ဤသုတေသနစာတမ်း အကျဉ်းသည် မြန်မာနိုင်ငံ အပူပိုင်းဇုန်မှ ကျေးလက်ဒေသ လယ်ယာပြင်ပ ဝင်ငွေများ၏ အဓိက ထူးခြားမှုများကို တင်ပြထားသည်။ သုတေသနသည် ၂၀၁၇ခုနှစ်တွင် ကောက်ယူခဲ့သော အပူပိုင်းဒေသ ကျေးလက်စီးပွားရေးနှင့် လူမှုရေးစစ်တမ်းမှ ဒေတာ ဆန်းစစ်ချက်များကို အခြေခံထားသည်။<br><br>တွေ့ရှိချက်များ။ အပူပိုင်းဇုန်တွင် လယ်ယာပြင်ပဝင်ငွေ အမျိုးအစား များပြားသည်၊ ကျေးလက်နေ မိသားစုများသည်လည်း လယ်ယာပြင်ပဝင်ငွေကို မှီခိုမှုလည်း တိုးလာနေသည်။ ဤအစီရင်ခံစာသည် အပူပိုင်းဇုန်မှ လယ်ယာပြင်ပဝင်ငွေများကို ခြုံငုံ ဖော်ပြသည့်ပြင် ကျေးလက် အလုပ်အကိုင် နှင့် ကိုယ်ပိုင်အလုပ် ပုံစံများ ကိုလည်း ဆန်းစစ်ထားသည်။ |
| တနင်္သာရီတိုင်းဒေသကြီး လုပ်အား ဈေးကွက် စစ်တမ်း<br><br>Covenant Consult<br><br>အကြောင်းအရာ။ အလုပ်အကိုင်၊ ကျွမ်းကျင်မှု လိုအပ်ချက်နှင့် ထောက်ပံ့မှု | တာဝန်။ ပြောင်းရွှေ့ပြည်သူများ အသက်မွေးမှု ကောင်းမွန်ရေး (ELDP) စီမံချက် သည် ၂၀၁၆ခုနှစ်ကုန်တွင် လုပ်အား ဈေးကွက်စစ်တမ်းကို တနင်္သာရီတိုင်း ဒေသကြီးရှိ ထားဝယ်၊ ပုလော၊ သရက်ချောင်းမြို့နယ်များတွင် ကောက်ယူခဲ့သည်။ ပြည်တွင်း ပြောင်းရွှေ့ သွားလာသူ ကရင်လူမျိုးများအတွက် ဖြစ်သည်။ တွေ့ရှိချက် များအရ ကရင် အသက်မွေးမှု သင်တန်းကျောင်း အတွက် ဖြစ်နိုင်မည့် အသက်မွေးမှု သင်တန်းများကို အကြံပြု ထောက်ခံထားသည်။ ယင်းကို LIFT ရန်ပုံငွေ ပံ့ပိုးသည့် ၃နှစ်တာ စီမံချက်အဖြစ် ထူထောင်မည် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ကောင်းစွာ အသက်ဝင်နေသည့် လုပ်အားဈေးကွက်က လိုအပ်သည့် အခြေခံ တကိုယ်ရည် ကျွမ်းကျင်မှုများ မရှိသေးကြောင်း ဤလုပ်အား ဈေးကွက်စစ်တမ်း က ဖော်ပြထားသည်။ လူငယ်များ စိတ်တက်ကြွမှု မရှိမှု မှာလည်း ထိတ်လန့်ဖွယ် ဖြစ်သည်။ လူတွေ့မေးခဲ့သူများ၏ ၁၅%မှာ ယခင်က အလုပ်ကောင်းကောင်းရရန် အခြား နိုင်ငံတစ်ခု အဓိကအားဖြင့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာဖူးကြသည်။ သို့သော် ၆%ကသာ အလုပ်ကောင်းကောင်းရရန် အတွက် ဤဒေသကြီးမှ ထွက်သွားရန် ရည်ရွယ်ထားကြောင်း ပြောပြကြသည်။ အများစုက ဤဒေသကြီး၏ စီးပွားရေး အခြေအနေမှာ မကြာမီအတွင်းတွင် ပိုကောင်းမွန်လာမည်ဟု စိတ်ချယုံကြည်နေကြသည်။<br>ဒုတိယ နှင့် တတိယအဆင့် အသက်မွေးမှုသင်တန်းများကို တောင်းခံမှုမှာ မြင့်မား သည်။ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ ဟိုတယ်နှင့်ခရီးသွား စသည့် သင်တန်းများကို အထူး လိုအပ်နေသည့်ပြင် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ စီးပွားရေး စသည့် ရေတို သင်တန်းများကိုလည်း ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ဤသင်တန်းများသည် ကရင်လူမျိုးများကို တပိုင်းတစ ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင် လုပ်သားများ အဖြစ် ဝင်ငွေကောင်းစေပြီး တိုးတက်နေသည့် ဒေသခံ စီးပွားရေးတွင် ပါဝင်လာနိုင်မည် ဖြစ်သည်။ |

ပဋိပက္ခ

| | |
|---|---|
| LIFT သက်တမ်းတလျှောက် ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ် စာတမ်းများ - ၂။ ကျောက်ဖြူ နှင့် တက်လမ်း (၂)တို့မှသင်ယူခြင်း<br><br>အကြောင်းအရာ။ ယုံကြည်မှု တည်ဆောက်ခြင်း၊ မဟာဗျူဟာ မိတ်ဖက်ပြုခြင်း | တာဝန်။ ရခိုင်ဒေသရှိ LIFT၏ တက်လမ်းစီမံချက်တစ်ခုသည် ၂၀၁၇နှစ်ဆန်းတွင် ပြီးစီးခဲ့သည်။ ထို့ကြောင့် စီမံချက်မှ သင်ခန်းစာများကို ဖော်ထုတ်ခွင့် ရရှိခဲ့သည်။ ဤစာတမ်းသည် ပတ်သက်ဆက်နွယ်သူများ အချင်းချင်း မည်သို့ ယုံကြည်မှုကို တည်ဆောက် ထိန်းသိမ်းခဲ့သည်ကို ဦးတည်ထားသည်။ ယုံကြည်မှုသည် လူမှုရေး တာဝန်ခံမှုကို တည်ဆောက်ရာတွင် ပါဝင်ရမည့် အခန်းကဏ္ဍကိုပါ ဖော်ပြ ထားသည်။<br><br>တွေ့ရှိချက်များ။ ဤစီမံချက် အောင်မြင်မှု၏ သော့ချက်မှာ လုပ်ငန်းသဘော ဆက်ဆံရေးများကို အခိုင်အမာ တည်ဆောက်ကာ မဟာဗျူဟာ မိတ်ဖက်များပြုရန် ဖြစ်သည်။ Oxfam နှင့် Scholar Institute အဖွဲ့တို့သည် ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ဒေသဆိုင်ရာ အသိအမြင်တို့ကို အချင်းချင်း ဖြည့်ဆည်းကာ ဒေသခံ ပတ်သက်ဆက်နွယ်သူများနှင့် ယုံကြည်မှုတည်ဆောက်ကာ လူမှုရေးအရ တာဝန်ခံမှု ပိုရှိသည့် လူမှုရေးအကျိုးတူ ပူးပေါင်းမှု တခု ထူထောင်ရန် ထောက်ပံ့မည် ဖြစ်သည်။ ပဋိပက္ခကို အလေးထားတုံ့ပြန်သော အစီအစဉ် ရေးဆွဲခြင်းသည် ယုံကြည်မှုတည်ဆောက်ရာတွင် အရေးကြီးသည်။ အခြေအနေကို အဆက်မပြတ် ဆန်းစစ်နေရန် လိုအပ်သည့်ပြင် အခြေအနေနှင့် စီမံချက်များသည် မည်သို့ ကူးလူးဆက်နွယ်နေသည်ကိုလည်း ဆန်းစစ်ရန် လိုအပ်သည်။ ပြောင်းလဲ နေသည့် အခြေအနေနှင့် လိုက်လျောစွာ တုန့်ပြန် ကျင့်သုံးရန်မှာ သော့ချက် ဖြစ်သည်။ |

အရပ်ဘက် လူမှု အဖွဲ့အစည်း

| | |
|---|---|
| စုပေါင်းအစီရင်ခံစာ။ မြန်မာကွန်ရက် သုံးခုကို အကဲဖြတ်ခြင်း<br><br>Mary-Jane Rivers, Don Clarke, Win Win Myint, Nan Ma Ma Myo<br><br>အကြောင်းအရာ။ ကွန်ရက်ဖွံ့ဖြိုးရေး၊ ရိက္ခာဖူလုံရေး<br><br>မှတ်ချက်။ မူရင်းစာတမ်းကို ၂၀၁၆ခုနှစ် တွင် ပြုစုခဲ့ပြီး ၂၀၁၇ခုနှစ် ဧပြီလတွင် တရားဝင် ထုတ်ဝေခဲ့သည်။ | တာဝန်။ ဤအစီရင်ခံစာသည် Food Security Working Group (FSWG)၊ Gender Equality Network (GEN)၊ Land Core Group (LCG)ဟူသော ကွန်ရက်သုံးခုကို အကဲဖြတ်ချက် ဖြစ်သည်။ အစီရင်ခံစာတွင် ဤကွန်ရက်တို့၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို ဆန်းစစ်ထားသည်။ မြန်မာနိုင်ငံတွင် ကွန်ရက်မည်သို့ ဖွံ့မည့် အကြံပေးချက် များကိုပါ LIFT သို့ တင်ပြထားသည်။<br>တွေ့ရှိချက်များ။ ဤအစီရင်ခံစာသည် ကွန်ရက်များ၏ တည်နေရာ၊ တန်ဖိုး၊ ထူးခြားချက် တို့ကို ကြည့်ရှုသုံးသပ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် လူမှုအဖွဲ့အစည်း နှင့် ရိက္ခာဖူလုံမှုကိုပါ အကျဉ်း အစီရင်ခံသည်။ ထိုနောက် ကွန်ရက်များ၏ တူညီချက်၊ ကွဲလွဲချက်များကို ဖော်ထုတ်ထားသည်။ FSWG နှင့်LCGတို့က ကျား၊မ ရေးရာကို ထည့်သွင်းမှု၊ ယင်းတို့ ၏ အင်အား၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို ဖော်ထုတ်ထားသည်။ |


ကြံ့ကြံ့ခံနိုင်မှု

| | |
|---|---|
| ကျေးလက်ရပ်ရွာများရှိ ဆုံးရှုံးနိုင်ခြေ ၊ ဆုလဒ်၊ ကြံ့ကြံ့ခံနိုင်မှု<br><br>Dr. Mike Griffiths<br><br>အကြောင်းအရာ။ ဆုံးရှုံးနိုင်ခြေ လျှော့ချခြင်း၊ ထိခိုက်လွယ်မှု၊ အရေးယူ မှုများ | တာဝန်။ ဤစစ်တမ်းသည် ဒေသကြီး၆-ခုမှ အိမ်ထောင်စု ၁၅၀ကို ကောက်ယူ ထားခြင်း ဖြစ်သည်။ ဆုံးရှုံးနိုင်ခြေ၏ အပြောင်းအလဲ၊ မကြုံဘူးသေးသည့် ဘေးအန္တရာယ်များ ပေါ် ပေါက်ခြင်း၊ ဘေးအန္တရာယ်များ ထပ်ကာထပ်ကာ ဖြစ်ခြင်း တို့ကို ဖော်ပြထားသည်။ ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ နှင့် ဆုံးရှုံးနိုင်ခြေကို ပြန်ပြောင်းခြင်းတို့၏ ရှုပ်ထွေးသည့် ဆက်စပ်မှုများသည် ကျေးလက်ရပ်ရွာများအတွက် စိန်ခေါ် မှုကြီးများ ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ဤစစ်တမ်းအရ ကြံ့ကြံ့ခံနိုင်မှုကို သဘောပေါက်ခြင်းသည် ကြံ့ကြံ့ခံနိုင်မှုကြောင့် လုပ်ဆောင်မှုများကို ဖော်ထုတ်ကာ တိုင်းတာခြင်း၏ တန်ဖိုးကို ထောက်ပြနေသည်။ ရင်ဆိုင်ခြင်း၊ ဘေးမကြုံမီ နှင့် ဘေးကြုံပြီး လက်ခံနိုင်စွမ်း နှင့် တုံ့ပြန်နိုင်စွမ်းတို့သည် ထိန်းသိမ်းမှုကို ဖြစ်စေမည်။ နောင်တွင် ယင်းစွမ်းရည်ကို အားဖြည့်ပေးမည်။ ထို့ပြင် ထိခိုက်လွယ်မှု၏ ဘက်စုံပုံစံများသည် ကျေးလက်နယ်မြေ ရှိ ထိခိုက်လွယ်မှုကို နားလည်ခြင်း၊ အုပ်စုအသီးသီး၏ ထိခိုက်လွယ်မှု ဖော်ပြချက်ကို နားလည်ခြင်း၊ ကျား၊မ ရေးရာစသည့် ဒေသနှင့် လူရေးဆိုင်ရာ အချက်များက ဩဇာသက်ရောက်ခြင်း တို့ပါဝင်သည်။ |
| မြန်မာ့ကျေးလက်မှ ကြံ့ကြံ့ခံနိုင်မှု အယူအဆ ဆန်းစစ်ချက်<br><br>Dr. Mike Griffiths<br><br>အကြောင်းအရာ။ ရှုပ်ထွေးသည့် အလိုက်သင့် စနစ်များ၊ ကြံ့ကြံ့ခံနိုင်မှု ပုံစံများ | တာဝန်။ ဤစာတမ်းသည် ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ စာအုပ်စာတမ်းများကို ကျယ်ကျယ် ပြန့်ပြန့်လေ့လာမှု၏ ရလဒ်များကို တင်ပြထားသည်။ ထို့ပြင် မြန်မာ့ကျေးလက် ရပ်ရွာတို့၏ ကြံ့ကြံ့ခံနိုင်မှုကို သုတေသနပြုမှု၏ ရလဒ်များလည်း ပါဝင်သည်။ ဤအကြောင်းအရာ၏ ဘောင်မှာ ကျယ်ဝန်းလှသည့်ပြင် ဖတ်သူတို့၏ စိတ်ဝင်စားမှုမှာလည်း အတိမ်အနက် အမျိုးမျိုးရှိနေသောကြောင့် ဤစာတမ်းကို အထောက်အထားများ စုထည့်ထားသည့် 'စာစု'သဖွယ် ပြုစုထားသည်။ ခေါင်းစဉ်များ အသီးသီးအောက် တွင် အထောက်အထားများ၊ ဆန်းစစ်ချက်များကို တင်ပြထားသည်။ ထို့ကြောင့် ပိုမို အသေးစိတ်ကျသည့် ပညာရပ်ပိုင်းဆန်သည့် အကိုးအကားနှင့်တကွ ဆွေးနွေးမှုများကို ပြုနိုင်သည်။ ထို့ပြင် လက်တွေ့ သုတေသန တွေ့ရှိချက်များကိုလည်း တင်ပြနိုင်သည်။<br><br>တွေ့ရှိချက်များ။ ကြံ့ကြံ့ခံနိုင်မှုပုံစံများသည် နောက်ခံအကြောင်းအရာ အလိုက် ဖြစ်သင့်သည်။ ယခင်တွေ့ကြုံဖူးသော သို့မဟုတ် ဒေသအလိုက် ထင်မြင်ယူဆထားသော ခြိမ်းခြောက်မှု / အနှောင့်အယှက်များ၊ ယင်းကို ထိန်းကျောင်းနေသည့် နောက်ခံ အကြောင်းအရာအလိုက် ဘောင်များကို ထည့်သွင်းစဉ်းစားရန် လိုသည်။ ဤနေရာ တွင် မြန်မာ့ကျေးလက်ရပ်ရွာများ ဖြစ်သည်။ ထိခိုက်လွယ်မှုကို လျှော့ချရန် ဆောင်ရွက်ချက်များသည် ဝင်ငွေနှင့် ဝင်ငွေ အမျိုးအမည်တို့ကို တိုးစေသည်။ ထို့ပြင် ရပ်ရွာ၏ လုပ်ငန်းစဉ်များ၊ ကျား၊ မ တန်းတူညီမျှမှုများ၊ ငွေကြေး လက်လှမ်းမီမှုများတို့ကို အားဖြည့်ပေးသည်။ ယင်းတို့အားလုံးသည် တိုင်းတာ၍ ရနိုင်သည့် အိမ်ထောင်စု ကြံ့ကြံ့ခံနိုင်မှု ရှိလာခြင်းနှင့် ချိတ်ဆက်နေသည်။ |

| | |
|---|---|
| ထိခိုက်လွယ်မှုမှသည် မှ ကြံ့ကြံ့ခံနိုင်မှုဆီ သို့၊LIFT၏ အိမ်ထောင်စု ဒေတာများကို ဆန်းစစ်ခြင်း<br><br>Dr. Mike Griffiths<br><br>အကြောင်းအရာ။ ထိခိုက်လွယ်မှု၊ အလိုက်သင့်နေနိုင်စွမ်း | တာဝန်။ ဤအစီရင်ခံစာ၏ တာဝန်မှာ LIFTက 'ဆင်းရဲနွမ်းပါးသော ကျေးလက် အိမ်ထောင်စုများ၏ စိတ်ဖိစီးမှုများ၊ အကျိုးမဲ့မည့်အခြေအနေများနှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်မှုရှိခြင်း' ဟူသော အကျိုးကို ရရှိရန် ထည့်ဝင်မှုများကိုလည်းကောင်း၊ အထူးသဖြင့် "ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ရိက္ခာဖူလုံမှု တို့ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန်"ဟူသော LIFT၏တာဝန်အရ ထိခိုက်လွယ်မှု နှင့် ပတ်သက်၍ မည်မျှပြောင်းလဲသွားသည်ကို လည်းကောင်း တိုင်းတာရန်၊ ဆန်းစစ်ရန် အတွက် အုတ်မြစ်များကို ချပေးရန် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ LIFT၏ စီမံချက် ဆောင်ရွက်မှုများ အထူးသဖြင့် ကျန်းမာရေး၊ အသက်မွေးမှု၊ ရေ နှင့် ပတ်ဝန်းကျင်၊ ရိက္ခာဖူလုံမှု၊ စီးပွားရေး အမှီအခို လျှော့မှုတို့သည် ထိခိုက်လွယ်မှုကို လျှော့ချခြင်းနှင့် ဆက်စပ်နေသည်။ လက်ရှိ အခြေအနေတွင် အကောင်အထည်ဖော်နေသည့် နေရာများတွင် ယင်းလုပ်ငန်းများ၏ သက်ရောက်မှုကို သက်သေ မပြနိုင်သေးပေ။ ခြုံ၍ပြောရလျှင် ဤအစီရင်ခံစာသည် ထိခိုက်လွယ်မှုကို တိုင်းတာရန်၊ ဆန်းစစ်ရန်အတွက် ရှုပ်ထွေးသော ပုံစံတစ်ခု၏ အဖိုးတန်ပုံ နှင့် လုပ်ဆောင်မှု စတင်ရမည့် နေရာများကို ဖော်ထုတ်ရန်၊ ရေရှည်ဆိုပါက လုပ်ဆောင်မှုများ၏ သက်ရောက်မှုကို တိုင်းတာရန် ထိခိုက်လွယ်မှု ပုံစံများ၏ အကျိုးရှိနိုင်ပုံ တို့ကို ရှင်းလင်းပြသည်။ |
| LIFT၏ သက်ဆိုင်မှု နှင့် ရေရှည်တည်တံ့မှု စစ်တမ်း။ သက်ဆိုင်မှု နှင့် ရေရှည် တည်တံ့မှု ဆိုင်ရာ LIFTအဆင့် အကဲဖြတ် ရေး နှင့် သင်ယူလေ့လာရေး မေးခွန်းများကို ပထမ ဆန်းစစ်ချက်၊ (အစီရင်ခံစာ မူကြမ်း)<br><br>Steve Gossage<br><br>အကြောင်းအရာ။ ရေရှည်တည်တံ့မှု၊ သက်ဆိုင်မှု | တာဝန်။ ဤအစီရင်ခံစာသည် သက်ဆိုင်မှု နှင့် ရေရှည် တည်တံ့မှုဆိုင်ရာ LIFTအဆင့် အကဲဖြတ်ရေးနှင့် သင်ယူလေ့ရေး မေးခွန်းများ(ELQ)ကို ပထမဆန်းစစ်ချက်၏ အကြံဉာဏ် မူဘောင်၊ ပြုစုထားသော နည်းလမ်းများ၊ တွေ့ရှိချက်များကို တင်ပြထားသည်။ ဤစစ်တမ်းသည် စီမံချက်အဆင့် သက်ဆိုင်မှု နှင့် ရေရှည်တည်တံ့မှုကိုသာ ဦးတည်သော်လည်း LIFT၏ အဓိက ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းကာ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်လျက် LIFTအဆင့် သက်ဆိုင်မှု နှင့် ရေရှည်တည်တံ့မှုကိုလည်း စဉ်းစားထားသည်။<br><br>တွေ့ရှိချက်များ။ LIFT၏ စီမံချက် အားလုံးနီးပါး၊ LIFTအဆင့်စီမံချက်များ၊ ရလဒ်များ၊ LIFTတစ်ဖွဲ့လုံးတွင် သက်ဆိုင်မှုကို အခိုင်အမာ တွေ့ရသည်။ LIFTသည် စည်းကမ်းချက် အားလုံးအရ အထူးသက်ဆိုင်ကြောင်း သုံးသပ်ရသည်။ စီမံချက်၂၃-ခုအနက် တစ်ခုမှလွဲ၍ ကျန်အားလုံးသည် အထူးသက်ဆိုင်မှု ၃၀%၊ အများဆုံး သက်ဆိုင်မှု ၆၅% ရှိသဖြင့် ကျေနပ်ဖွယ် ဖြစ်သည်။ အားနည်းချက် အတွေ့ရများသည့် နယ်ပယ်မှာ ရည်ရွယ်ချက် နောက်ခံအခြေအနေတို့နှင့် မသက်ဆိုင်သည့် စီမံချက်ဒီဇိုင်း၊ ပြောင်းလဲနေသော အခြေအနေ သို့မဟုတ် အားနည်းသော ဒီဇိုင်းကို လိုက်လျောညီထွေဖြစ်အောင် စီမံခန့်ခွဲနိုင်စွမ်း၊ အကျိုးခံစားခွင့် ရှိသူများထံသို့ ထိရောက်စွာ မရောက်ရှိခြင်းတို့ ပါဝင်သည်။ ရေရှည် တည်တံ့မှုမှာ အတော်အသင့် အားနည်းသည်ကို တွေ့ရသည်။ စီမံချက်၂၃ခု အနက် ၂၆%သာ ကျေနပ်ဖွယ်ရှိသည်။ (အားလုံးမှာ "အထူး"ထက် "အများဆုံး" ရေရှည် တည်တံ့ဖွယ် ဖြစ်သည်) ကျန်စီမံချက်တို့မှာ အသင့်အတင့် အားနည်းသည်။ ("အချို့အဝက်" ရေရှည်တည်တံ့ဖွယ် ဖြစ်သည်) ဆောင်ရွက်ဆဲ စီမံချက်များ၏ အားနည်းချက်ကို သင့်တော်သော ပြင်ဆင်မှုများ ဆောင်ရွက်ကာ ကိုင်တွယ်ခြင်းဖြင့် ရေရှည်တည်တံ့မှုကို လက်ခံနိုင်ဖွယ် အဆင့်သို့ ပြုပြင်နိုင်သည်။ |

၉.၈

# LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ






အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉
အီးမေးလ် ။ ။ lift@unops.org
lift-fund.org | facebook.com/liftfund | twitter.com/liftfund



LIFT ကို ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံးမှ စီမံခန့်ခွဲသည်။

UNOPS